ရန်ကုန်တိုင်း

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း

ကံကြီးကံငယ်ဆိုင်ရာ

ကမ္မကမ္မဘာသာ

နိဒ်ဒေါပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ဒုတိယပါမောက္ခချုပ်ဆရာတော်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်

မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်

ပဓာနနာယကဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ကုမာရဇေဋ္ဌ

(ရေးသား,စုစည်း,ထုတ်နှတ်,တင်ပြထားပါသည်)

သာသနာ - ၂၅၅၃ ကောဇာ - ၃၃၇၁ ခရစ် - ၂၀၀၉

သဗ္ဗဒါန် ဓမ္မဒါန် ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ။
သဗ္ဗရတိ ဓမ္မရတီ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

* အလှူခပ်သိမ်းတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏
* အရသာခပ်သိမ်းတို့တွင် တရားအရသာသည် အမြတ်ဆုံးဖြစ်၏။
* မွေ့လျော်ခြင်း ခပ်သိမ်းတို့တွင် တရားဖြင့်မွေ့လျော်ခြင်းသည်
အမြတ်ဆုံးဖြစ်၏။ * တဏှာကုန်ခြင်း၏ အဆုံးဌဖြစ်သော
အရဟတ္တဖိုလ်သည်ကား (ခပ်သိမ်းသော ဝဋ်ဒုက္ခ၏
ကုန်ခြင်း ငြိမ်းခြင်း) သို့
ရောက်စေတတ်သောကြောင့်
ဇကန်အမြတ်ဆုံးဖြစ်၏။

GRAPHIC DESIGN : SHWEMYAY-NANDA



သို့

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တကုမာရထေရ၏

မှ

မေမ္မဒါနပြု လှူဒါန်းပါသည်။

GRAPHIC DESIGN : SHWEMYAY-NANDA

ကမ္ဘာအေး၊ ရန်ကုန်။

ရန်ကုန်တိုင်း

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း

ကံကြီးကံငယ်ဆိုင်ရာ

ကမ္မာကမ္မဝိဘာသာ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ဒုတိယပါမောက္ခချုပ်ဆရာတော်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
ပဓာနနာယကဆရာတော်

အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဂုဏမာရဏေရ်

(ရေးသား၊ စုစည်း၊ ထုတ်နှုတ်၊ တင်ပြထားပါသည်)

၁၀၀၄ - ခရစ် - ၂၀၀၉ ကောဇာ - ၁၃၇၁ သာ - ၂၅၅၃

ကမ္ဘာ့ကမ္ဘာသာ - ပုံနှိပ်ဖြတ်တမ်း

စာမူနှင့်ပြုချက်အမှတ်	----------
မျက်နှာဖုံးနှင့်ပြုချက်အမှတ်	----------

ပုံနှိပ်မြှင်း	ပထမအကြိမ်၊ အောက်တိုဘာ၊ ၂၀၀၉၊
အုပ်ရေ	၁၅၀၀
တန်ဖိုး	ဓမ္မဒါန

စီစဉ်ကြီးကြပ်	ဒေါက်တာအရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)
မျက်နှာဖုံးနှင့်အပြင်အဆင်	အရှင်နန္ဒသိရီ(ရွှေမြေ-နန္ဒ)
ကွန်ပျူတာစာစီ	ဆရာ့တပည့် (မြစ်ကျိုး)
အတွင်းဖားလင်	ကိုဦးနှင့်ညီများ၊ ၃၉-လမ်း
မျက်နှာဖုံးဖလင်	EAGLE Color Separation
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်	ရွှေခြေသဲ့အော့ဖ်ဆက်(၀၅၆၉၈)
	အမှတ်(၁၂)၊ အနောက်စောရန်ပိုင်လမ်း
	အလုံမြို့နယ်၊ ရန်ကုန်။
ထုတ်ပေသူ	ဦးကျော်ဟင်း၊ (မြို-၁၉၁၀)
	ယုံကြည်ချက်စာပေ၊ အမှတ်(၁၁၁)
	၃၃-လမ်း၊ ရန်ကုန်။
ဖြန့်ချိလှူဒါန်း	ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)
	ပဓာနနာယကဆရာတော်
	မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
	ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
	ဖုန်း-၀၁-၃၇၀၉၆၁



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဒုတိယပါဠိမောက္ခချုပ်
မဟာသီမံတော်ကြီးပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တဉာဏမာရဇေဋ္ဌ

ကမ္မာကမ္မဘာသာ
မာတိကာ

===

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ	(က)
၂။	ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့် သင်ကြားသည့်ဘာသာရပ်	(ဂ)
၃။	ပဏာမနှင့်ပဋိညာဉ်	(ဆ)
၄။	ကိုယ်တိုင်ရေးခြင်းမဟုတ် စုစည်းထုတ်နှုတ် တင်ပြခြင်းသာ	(ဈ)
၅။	ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ရန်ကုန်တိုင်း) သင်ရိုးမာတိကာဘာသာရပ်နှင့် ပြဋ္ဌာန်းကျမ်းစာများ	(တ–ဗဗ)

သိမှတ်ဖွယ်ရာ ကမ္မာကမ္မဘာသာ

၁။	သံဃာ့ကံလေးမျိုး	၁
၂။	အပလောကနကံ	၂
၃။	နိဿာရဏာ အပလောကနကံပြုပုံ	၃
၄။	အပလောကနကမ္မကထာ	၃
၅။	မတသန္တကပစ္စည်းကို အပလောကနကံပြုပုံ	၄
၆။	ဉတ္တိကံဖြင့် ပြုအပ်သောဌာန	၄
၇။	(က) သြသာရဏာကံပြုပုံ	၅
၈။	(ခ)နိဿာရဏာကံပြုပုံ	၅
၉။	သမ္မုတိကံ	၆
၁၀။	နိဿဂ္ဂိပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း	၆
၁၁။	အာပတ်ကိုခံယူခြင်း	၇
၁၂။	ပဝါရဏာကိုငင်ခြင်း	၇
၁၃။	ပဝါရဏာသင်္ဃ	၈

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄။	ကမ္မလက္ခဏာ	၉
၁၅။	ဆန္ဒမပေးရ	၁၁
၁၆။	ဥတ္တိဒုတိယကံ	၁၁
၁၇။	ဥတ္တိစတုတ္ထကမ္မနိဋ္ဌာပက	၁၂
၁၈။	(က) တဇ္ဇနီယကံ	၁၂
၁၉။	(ခ) နိယသကံ	၁၃
၂၀။	(ဂ) ပဗ္ဗာဇနီယကံ	၁၃
၂၁။	(ဃ) ပဋိသာရဏီယကံ	၁၃
၂၂။	(င) အာပတ္တိအဒဿနိယဥက္ခေပနီယကံ	၁၄
၂၃။	(စ) အာပတ္တိအပ္ပဋိကမ္မဥက္ခေပနီယကံ	၁၄
၂၄။	(ဆ) ပါပိကာဒိဋ္ဌိ အပ္ပဋိနိဿဂ္ဂ ဥက္ခေပနီယကံ	၁၄
၂၅။	ဩသာရဏာကံ	၁၄
၂၆။	သမ္မုတိကံ	၁၄
၂၇။	ဒါနကံ	၁၅
၂၈။	နိဂ္ဂဟကံ	၁၅
၂၉။	ကံပျက်စီး (မအောင်မြင်)ခြင်း	၁၅
၃၀။	ဝတ္ထုလွဲမှားမှု (လုပ်ထုံးလုပ်နည်း)ကြောင့် ပျက်စီးခြင်း	၁၆
၃၁။	မျက်ကွယ်ပြုနိုင်သောကံများ	၁၇
၃၂။	မျက်မှောက်၌ကံပြုခြင်း = သမ္မုခါဝိနယ	၁၇
၃၃။	ဥတ်ကြောင့်ကံပျက်ခြင်း	၁၈
၃၄။	ကမ္မဝါစာကြောင့် ကံပျက်ခြင်း	၁၉

သင်္ကန်းစသည့်အကြောင်း သိကောင်းစရာ

၁။	သင်္ကန်းအကြောင်း သိကောင်းစရာ	၂၁
၂။	သိမှတ်ဖွယ်ရာ သင်္ကန်းဖြတ်ချုပ်ပုံများ	၂၉-၃၀-၃၁
၃။	သင်္ကန်းအဓိဋ္ဌာန်တင်နည်း	၄၄
၄။	သင်္ကန်းဝိကပ္ပနာပြုနည်း	၅၃

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅။	သင်္ကန်းဟူသောမှိရာနိသယ	၅၅
၆။	သပိတ်အပြား ခွက်အပြား	၅၆
၇။	အကပ်ခံနည်း	၅၉
၈။	အတိရိတ်ဝိနည်းကံပြုနည်း	၆၂
၉။	ကာလိကလေးပါး	၆၄
၁၀။	အကပ်ဝိယအသားမျိုး	၆၈
၁၁။	အကပ်ဝိယပစ္စည်းမျိုး	၇၀
၁၂။	ကပ်ဝိခြင်းငါးပါး	၇၁
၁၃။	ကျောင်းဟူသော မှိရာနိသယ	၇၃
၁၄။	ဒေသနာဂါမ်အာပတ်ကုစားနည်း	၈၄
၁၅။	နိသယမုတ္တကအင်္ဂါ	၈၆
၁၆။	ဥပစ္ဆာယ်နိသယည်းယူပုံ	၈၈

ဥပေါသထကမ္မ - ဥပုသ်ပြုပုံအစီအစဉ်များ

၁။	ဥပေါသထကံ အဆင့်ဆင့်ဖြစ်ပေါ်လာပုံ	၉၁
၂။	ဥပုသ်ကံလေးမျိုး	၉၅
၃။	ပုဗ္ဗကရဏ ပုဗ္ဗကိစ္စ	၁၀၈
၄။	ပတ္တကလ္လအင်္ဂါလေးပါး	၁၁၃
၅။	ဝဇ္ဇနီယပုဂ္ဂိုလ်နှစ်ကျိပ်တစ်ယောက်	၁၁၅
၆။	ဥပုသ်အပြား	၁၁၅
၇။	ဥပုသ်ပြုပုံ	၁၁၇
၈။	ဥပုသ်အမေးအဖြေ	၁၂၅

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဝါဆိုခြင်းဆိုင်ရာ ဝဿူပနာယိကကထာ	
၁။	ဝါဆိုဝါကပ်ခြင်း (၂)မျိုး	၁၃၀
၂။	ဝါထပ်ရက်ငင်ကိစ္စ	၁၃၁
၃။	ဝါကျိုးဝါပြတ်ခြင်း အကြောင်းကိစ္စ	၁၃၄
၄။	ဝါမပန်ဘဲခရီးထွက်ခြင်း	၁၃၈
၅။	ဝါဆိုစည်း	၁၃၉
၆။	ဝါဆိုပြီးလျှင် ဝါဆိုခွင့်ရှိ/မရှိ	၁၃၉
၇။	ဝါဒတစ်မျိုး	၁၄၀
၈။	ဝါတွင်း၌ ရဟန်းဖြစ်သောသာမဏေ	၁၄၀
၉။	ဝါကျွတ်သည့်အချိန်	၁၄၁
၁၀။	ပဝါရဏာနေ့၌ ပါရိသုဒ္ဓိဥပုသ်ပြုရမည့်ရဟန်းများ	၁၄၁
၁၁။	ရဟန်းတော်များအတွက် မုချအားဖြင့်ဝါကျွတ်သောရက်	၁၄၂
၁၂။	အဋ္ဌကထာ,ဋီကာတို့အလို အကျဉ်းချုပ်အဓိပ္ပါယ်	၁၄၃

---oo0oo---

ဝါဆိုသင်္ကန်းဆိုင်ရာ သိမှတ်ဖွယ်

၁၃။	ဝါဆိုသင်္ကန်းအစိအရင် လျှောက်ထားလွှာ	၁၄၄
၁၄။	အဘယ်ကို ဝါဆိုသင်္ကန်းဟု ခေါ်ဆိုအပ်, သိထိုက်ပါသနည်း	၁၅၀
၁၄။	ဝါဆိုသင်္ကန်း (၂)မျိုး	၁၅၁

---oo0oo---

ပဝါရဏာကွန်မက – ပဝါရဏာပြုမူဆိုင်ရာ

၁။	ပဝါရဏာပြုမူဆိုင်ရာ သိမှတ်ဖွယ်	၁၆၁
၂။	ပဝါရဏာအပြား	၁၆၄
၃။	ပဝါရဏာအမေးအဖြေ	၁၆၅

---oo0oo---

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ကထိနကမ္မ – ကထိန်ဆိုင်ရာ သိမှတ်ဖွယ်များ	၁၇၇
	= ကထိန်ဆိုင်ရာကို စာမျက်နှာအညွှန်းများဖြင့် လေ့လာရန်	၁၇၉
၁။	ကထိန်အမြွက်	၁၈၃
၂။	ကထိန်ခင်းထိုက်ရာ အင်္ဂါရှစ်ပါး	၁၈၆
၃။	အဘယ်ကို ကထိန်ဟု ခေါ်ပါသနည်း	၁၉၀
၄။	အဘယ့်ကြောင့် ကထိန်ဟု ခေါ်ပါသနည်း	၁၉၀
၅။	ကထိန်အာနိသင်ငါးပါး	၁၉၄
၆။	ကထိန်၏အရင်းအမြစ်	၁၉၅
၇။	ကထိန်၏တည်ရာဝတ္ထု	၁၉၅
၈။	ဝတ္ထု၏ဖြစ်ရာဘူမိ	၁၉၅
၉။	ကထိန်၏ အာဒိ, မဇ္ဈ ပရိယောသာန	၁၉၆
၁၀။	ကထိန်သင်္ကန်းအလျှူရှင်	၁၉၇
၁၁။	ကထိန်သင်္ကန်းစိမ်ခွင့်	၁၉၇
၁၂။	သံဃိက အဘယ်မျှရှိပါသနည်း	၁၉၈
၁၃။	အာဂတာနာဂတဝါဒ	၁၉၉
၁၄။	အာဂတာနာဂတဝါဒကို စိစစ်ချက်	၂၀၀
၁၅။	အာဂတာနာဂတနှင့် အာဂတာဂတသံဃိက	၂၀၂
၁၆။	ရဟန်းတစ်ပါးသာရှိသောကျောင်း၌ ဖြစ်ပေါ်လာသော သံဃိကသင်္ကန်း	၂၀၃
၁၇။	အာဂတာနာဂတဝါဒီ အယူအဆ (၃)ချက်	၂၀၅
၁၈။	အလားတူ ဝိနည်းထုံးတစ်ခုပြဆိုချက်	၂၀၇
၁၉။	ကမ္မဝါစာသံသန္ဒန	၂၁၀
၂၀။	ဝိနယာလင်္ကာရဋ္ဌီကာ	၂၁၀
၂၁။	ဋ္ဌီကာဆရာ၏အာဘော်ကျ အဖြောင့်အဓိပ္ပါယ်	၂၁၁
၂၂။	ဒုတိယအယူ	၂၁၂

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၃။	အာရာမိကသံဃိကဝါဒီ ဆရာမြတ်တို့၏ အယူကို ပြဆိုချက်	၂၁၄
၂၄။	ဆင်ခြင်အပ်သော ဆရာမြတ်တို့အဆုံးအဖြတ်	၂၁၆
၂၅။	မိမိကြိုက်နှစ်သက်သောအဖြေ	၂၁၆
၂၆။	အဘယ်သံဃာ၌ ကထိန်ခင်းအပ်သနည်း	၂၁၇
၂၇။	အာရာမိကဝိဟာရ	၂၂၀
၂၈။	ပုဂ္ဂလိကသက်နှံး ကထိန်ခင်းထိုက်/မခင်းထိုက်	၂၂၁
၂၉။	ကထိန်မြောက်/မမြောက်	၂၂၃
၃၀။	ကထိန်မခင်းကောင်းသောပုဂ္ဂိုလ်	၂၂၄
၃၁။	ဝိနယသမူဟဝိနိစ္ဆယ	၂၂၄
၃၂။	ကြောင့်ကြမစိုက်မူ အနာဒရိယ	၂၂၅
၃၃။	မီးခိုးမဆုံး မိုးမဆုံး	၂၂၆
၃၄။	ဒုတိယပုစ္ဆာအဖြေ အပြစ်ရှိ/မရှိ၊ ကထိန်မြောက်/မမြောက်	၂၂၇
၃၅။	တတိယပုစ္ဆာအဖြေ	၂၂၈
၃၆။	ဥပစာရသိမ်	၂၂၉
၃၇။	ပညတ်အာဏာတော် သက်/မသက်	၂၃၀
၃၈။	အသီးအသီး ဝါဆိုဝါကပ်ခြင်း မပြုအပ်	၂၃၁
၃၉။	ဥပစာရသိမ်သည် ကထိန်ခင်းရာသိမ်	၂၃၂
၄၀။	ဝိဟာရဥစာရ	၂၃၃
၄၁။	ပဌမစောဒနာ	၂၃၄
၄၂။	ဒုတိယစောဒနာ	၂၃၅
၄၃။	စလင်းဂဏ္ဌိဆရာတော်	၂၃၇
၄၄။	ဂရဟိတဗ္ဓ အယူဝါဒသာ	၂၃၇
၄၅။	ကထိနဒါနကံဆောင်ရာဝယ်	၂၃၈
၄၆။	ကထိန်သက်နှံးခံယူမည့်ရဟန်း ကမ္မပတ္တာဖြစ်ရမည်	၂၃၉
၄၇။	ကထိန်ကို တဖန်ထပ်၍ ခင်းကောင်းသလော	၂၄၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၈။	ကထိန်သင်္ကန်း လှူဒါန်းပုံ	၂၄၇
၄၉။	ကထိန်အာနိသင်ပစ္စည်းများ	၂၅၀
၅၀။	လှူဖွယ်ပစ္စည်းများ ခွဲခြားခြင်း	၂၅၀
၅၁။	ပုဂ္ဂလိကလှူလာလျှင်	၂၅၁
၅၂။	ကထိန်သင်္ကန်းကို မြွက်ဆို၍လှူပုံ	၂၅၂
၅၃။	ကထိန်လျာသင်္ကန်း	၂၅၃
၅၄။	အလှူရှင် များနေခဲ့သော်	၂၅၄
၅၅။	ကထိန်နှုတ်ရမည့်ကာလ	၂၅၅
၅၆။	ကထိန်ခင်းပုံအစီအစဉ်	၂၅၆
၅၇။	အာနိသင်ပစ္စည်း	၂၅၇
၅၈။	မြို့ရွာတွင်း၌ ကထိန်သင်္ကန်းလှူလာလျှင်	၂၅၈
၅၉။	ပင့်သံဃာများ လှူဒါန်းရန်ကိစ္စ	၂၅၉
၆၀။	သာမဏေ	၂၆၀
၆၁။	အနုမောဒနာပြုခွင့်	၂၆၂
၆၂။	ကထိန်လှူသောရဟန်း	၂၆၂
၆၃။	အနုမောဒနာ မပြုသောရဟန်း	၂၆၃
၆၄။	အနုမောဒနာ မပြုလျှင်	၂၆၃
၆၅။	ကျောင်းတိုက်တစ်တိုက်တည်းအတွင်း၌ရှိသော ကျောင်းအသီးသီး	၂၆၄
၆၆။	ကသိမ/နာနာသိမ	၂၆၄
၆၇။	အာနိသင်သင်္ကန်းတို့ကို ဤသို့ဝေဖန်ရာ၏	၂၆၇
၆၈။	ကထိန်မခင်းမီ ကျောင်း၌ ကထိန်းသင်္ကန်းထားခြင်း	၂၆၈
၆၉။	အလှူရှင်ရဟန်း	၂၆၈
၇၀။	ကထိန်ခင်းမှူ	၂၆၉
၇၁။	ကထိန်သင်္ကန်းပေးရာနှင့် ခင်းရမည့်ဌာန	၂၆၉
၇၂။	မျက်မှောက်၌ရှိသင့်	၂၇၀
၇၃။	ကထိန်ခံသောရဟန်း	၂၇၀

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၎။	သက်နှံးဝေဘန်ခြင်း ၂၎၁	
၎၅။	ကထိန်အမေး/အဖြေ	၂၎၄
၎၆။	ကထိန်အနုမောဒနာ ပန်ကြားလွှာ	၂၉၄
၎၎။	ကထိန်အစီအရင် လျှောက်ထားလွှာ	၂၉၅
၎၈။	ကထိန်အနုမောဒနာ တိုက်တွန်းလွှာ	၃၀၁
၎၉။	ကထိန်သင်္ကန်းလှူဒါန်းပုံ အဆုံးအဖြတ်	၃၀၃

ရဟန်းခံ/ရှင်ပြုဆိုင်ရာ ဥပသမ္ပဒကံ

၁။	ဥပသမ္ပဒမာတိကာ	၃၁၂
၂။	ရှင်ရဟန်းမပြုပေးထိုက်သူများ	၃၁၃
၃။	ရှင်ပြုပေးသင့်သောအရွယ်	၃၁၅
၄။	ရှင်ပြုပေးရာ၌	၃၁၇
၅။	ပုဂ္ဂလဝိသေသ	၃၁၈
၆။	အကျိုးကျေးဇူးများ	၃၁၈
၇။	ရှောင်ရန်	၃၁၈
၈။	လိုက်နာပြုလုပ်ရန်	၃၁၉
၉။	ဥပသမ္ပဒကထာ	၃၁၉
၁၀။	ပဓာနကိစ္စတစ်ပါး	၃၂၁
၁၁။	ဂဇ္ဈဝိသ	၃၂၃
၁၂။	ကမ္မဝါစာ လူမဖတ်ရ	၃၂၆
၁၃။	ဥပဇ္ဈာယ်ဆရာမပါဘဲ ကမ္မဝါစာဖတ်ခြင်း	၃၂၈
၁၄။	ကမ္မဝါစာ (၃)ပါးဖတ်ခြင်း	၃၃၂
၁၅။	ရဟန်းလောင်းကို အပသို့ထုတ်ရာ၌	၃၃၃
၁၆။	ဒွန္ဒဥပသမ္ပဒ	၃၃၄
၁၇။	ရဟန်းလောင်းကို ဒွန်တွဲရာ၌	၃၃၇

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈။	ဒုတိယသမုစ္စယဒွန္ဒဝါဒ စိစစ်ချက်	၃၄၃
၁၉။	တတိယသမုစ္စယဒွန်ဝါဒ စိစစ်ဝေဖန်ချက်	၃၄၃
၂၀။	စတုတ္ထဣန္ဒြ သမုစ္စယဒွန်ဝါဒ စိစစ်ဝေဖန်ချက်	၃၄၄
၂၁။	ရဟန်းလောင်းဆုံးမခန်း	၃၄၅
၂၂။	အနုသာသက ဉတ်ထားပါ	၃၄၉
၂၃။	အဇ္ဈာနဉတ်ရွတ်ဖတ်ခြင်း	၃၅၆
၂၄။	ပုစ္ဆနဉတ်ရွတ်ဖတ်ခြင်း	၃၅၇
၂၅။	ဩဝါဒခန်း	၃၆၀
၂၆။	တောင်းပန်လျှောက်ထားခြင်း	၃၆၃

သိမ်နှုတ်/သိမ်သမုတ်ဆိုင်ရာ – သီမာကမ္မ

၁။	ဘုရားမြတ်စွာ သာသနာတော်	၃၆၇
၂။	အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခြင်း	၃၆၇
၃။	ဆရာဒကာ လက်တွဲညီညာ	၃၆၈
၄။	သာသနာတော်တည်တံ့ရေးအတွက် သိမ်သည်အရေးအကြီးဆုံး	၃၆၈
၅။	သိမ်	၃၆၉
၆။	သိမ်အမျိုးအစားများ	၃၆၉
၇။	သိမ် (၂)မျိုး	၃၇၂
၈။	ဗဒ္ဓသိမ်	၃၇၂
၉။	ဗဒ္ဓသိမ်သမုတ်ခြင်း	၃၇၃
၁၀။	အဝိပ္ပဝါသသိမ်သမုတ်ခြင်း	၃၇၄
၁၁။	သီမန္တရိုက်	၃၇၅
၁၂။	ဝိသုံကံသိမ်	၃၇၅
၁၃။	ဝိသုံကံအဂီလေးပါး	၃၇၆

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၅။	ပကတိဂါမနှင့် ဝိသုံဂါမ	၃၇၈
၁၆။	ခဏ္ဍသိမ်သမုတ်ရခြင်းအကျိုး	၃၇၈
၁၇။	ခဏ္ဍသိမ်နှင့်စပ်၍ သိမုတ်ဖွယ်	၃၇၉
၁၈။	အဗဒ္ဓသိမ်	၃၇၉
၁၉။	ဂါမသိမ်နှင့် ဗဒ္ဓသိမ်	၃၈၁
၂၀။	သတ္တဗ္ဘန္တရသိမ်	၃၈၁
၂၁။	ဥဒကုက္ခေပသိမ်	၃၈၂
၂၂။	ရေသိမ်ဆောက်၍ တံတားပြုလုပ်ရာ၌	၃၈၃
၂၃။	ဥဒကုက္ခေပသိမ်၌ ဒေါသသုံးပါး	၃၈၄
၂၄။	အချင်းချင်းစပ်ကောင်းသောသိမ်များ	၃၈၄
၂၅။	အချင်းချင်း မစပ်ကောင်းသောသိမ်များ	၃၈၅
၂၆။	ပြာသာဒ်နှစ်ထပ်ကျောင်းတိုက်အပေါ်ထပ်၌ သမုတ်အပ်သော သိမ်အမျိုးအစားများ	
	အောက်ထပ်သို့ မသက်သောသိမ်	၃၈၆
၂၇။	အောက်ထပ်သို့ သက်သောသိမ်	၃၈၆
၂၈။	အထက်သို့မတက်သောသိမ်	၃၈၇
၂၉။	အထက်ထပ်သို့ တက်သောသိမ်	
၃၀။	နှစ်ထပ်လုံးသိမ်	၃၈၇
၃၁။	သိမ်ပျက် (၁၁)မျိုး	၃၈၇
၃၂။	သမ္မတ္တိသိမ်	၃၈၉
၃၃။	သိမ်နိမိတ်ရှစ်မျိုး ဆောင်ပုဒ်	၃၈၉
၃၄။	ကျောက်နိမိတ်	၃၉၀
၃၅။	ကျောက်ဖျာပေါ်၌ သမုတ်သောသိမ်	၃၉၀
၃၆။	ရေနိမိတ်	၃၉၁
၃၇။	ရှေးဆရာတော်ကြီးများ အသုံးများသောသိမ်နှုတ်နည်း	၃၉၂
၃၈။	အကွက်ချ၍ သိမ်နှုတ်နည်း	၃၉၃
၃၉။	ကလျာဏီကျောက်စာလာ သိမ်နှုတ်နည်း	၃၉၄

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၀။	ဝိနယာလင်္ကာရဋ္ဌီကာလာ သိမ်နှုတ်နည်း	၃၉၄
၄၁။	သိမ်ပုံကျမ်းလာ သိမ်နှုတ်နည်း	၃၉၅
၄၂။	(၉)ဌာနသံသယသိမ်နှုတ်နည်း	၃၉၆
၄၃။	အခြားနည်းများဖြင့် သိမ်နှုတ်ရန်ပြဆိုခြင်း	၃၉၈
၄၄။	ကြက်ခြေခတ်ဖတ်၍နှုတ်နည်း	၃၉၈
၄၅။	ထောင့်တန်းဖတ်၍နှုတ်နည်း	၃၉၈
၄၆။	ရင်ဘောင်တန်းဖတ်၍နှုတ်နည်း	၃၉၉
၄၇။	ခရုပတ်ခွေဖတ်၍နုတ်နည်း	၃၉၉
၄၈။	ပျားကြီးစွဲဖတ်၍နှုတ်နည်း	၃၉၉
၄၉။	မဏ္ဍပ်ဆောက်၍ သိမ်နုတ်အပ်/မနုတ်အပ်နှင့်	
	သမုတ်အပ်/မသမုတ်အပ် ဝိနိစ္ဆယအဆုံးအဖြတ်များ	၄၀၅
၅၀။	ပိုလ်အဆုံးအဖြတ်များ	၄၀၇
၅၁။	သိမ်သစ်သမုတ်ရာ/နုတ်ရာ၌ ကြေးနန်းကြိုးဖြတ်သန်း	
	သွားလျှင် အပ်/မအပ် ဝိနိစ္ဆယအဆုံးအဖြတ်များ	၄၁၃
၅၂။	နာနာဂါမခေတ်ကို အတွင်းသွင်း၍ သိမ်သမုတ်ပုံ	၄၁၄
၅၃။	ခဏ္ဍသိမ်ပမာဏ	၄၁၅
၅၄။	ဗဒ္ဓသိမ်သမုတ်နိုင်သော တည်ရာဌာနများ	၄၁၆
၅၅။	ကျောင်းငယ်၌သမုတ်အပ်သောသိမ်	၄၁၆
၅၆။	မင်းပြောင်းမှုရှိပါက ဝိသုံဂါမပျက်/မပျက်	၄၁၇
၅၇။	ဥပစာရသိမ် ဘုရားဝတ္ထုကံမြေ/ကျောင်းမြေများ	
	ဝိသုံဂါမ ဖြစ်/မဖြစ် ဝိနိစ္ဆယအဆုံးအဖြတ်များ	၄၁၈
၅၈။	ပျော်ဘွယ်မြို့၊ သာယာကုန်းကျောင်း ဘုန်းတော်ကြီး	
	ဦးနာဂိန္ဒလျှော်ထားသော သီမာသမ္ဘေဒ	
	ဝိနိစ္ဆယကထာ	၄၂၉
၅၉။	သိမ်နိမိတ်ကြားရာ၌	၄၂၀
၆၀။	သိမ်နိမိတ်ကြားနည်း	၄၂၁
၆၁။	ပုပ္ပါးမြို့။ ကုမာရာရာမတိုက်သစ် အမှတ်(၈)	
	ပြည်အောင်စံကျောင်းတိုက် သိမ်နှုတ်မှတ်တမ်းလွှာ(၁)	၄၂၇

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၁။	သိမ်နှုတ်ရာ၌ နှုတ်သိမ်းသောနည်းများနှင့် ရွတ်ဖတ်သည့် ကမ္မဝါစာအကြိမ်အရေအတွက်	၄၃၃
၆၂။	ပုပ္ပါးမြို့။ ကုမာရာရာမတိုက်သစ် အမှတ်(၈) ပြည်အောင်စံကျောင်းတိုက် သိမ်နှုတ်မှတ်တမ်းလွှာ(၂)	၄၃၄
၆၃။	သိမ်အောင်စာ	၄၃၈
၆၄။	သိမ်အောင်စာ (မြန်မာပြန်)	၄၄၀
၆၅။	ဝိသုဂါမသိမ်သမုတ်ရန်	၄၄၃
၆၆။	သိမ်အမိန့်ပေးပုံစံများ	၄၄၅
၆၇။	ကမ္မာကမ္မဆိုင်ရာ ကမ္မဝါစာဖတ်နည်း (ကမ္မဝါစာရွတ်ဖတ်ရာ၌ အသံထွက်နည်းများ)	၄၅၃
၆၈။	ကမ္မဝါစာကြောင့် ကံပျက်ခြင်း	၄၅၅
၆၉။	ညှိနှိုင်းပြဆိုချက်	၄၆၆
၇၀။	ယျ-သံယုတ်	၄၆၇
၇၁။	သမ္ဘဟနေယျ, သော ဘာသေယျ, ဥပသမ္ပာဒေယျ စသည် ဖတ်ပုံဖတ်နည်းများ	၄၆၈
၇၂။	ကမ္မဝါစာရွတ်ဖတ်နည်း အကျဉ်းချုပ်	၄၇၃
၇၃။	ဝဂ်,အက္ခရာ (၂၅)လုံးတို့၏ ဌာန်,ကရိယာ်း,ပယတ်	၄၇၆
၇၄။	အဝဂ် အက္ခရာ (၈)လုံးတို့၏ ဌာန်,ကရိယာ်း,ပယတ်	၄၇၇
၇၅။	သရ (၈)လုံးတို့၏ ဌာန်,ကရိယာ်း,ပယတ်	၄၇၇
၇၆။	အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထေရ်၏ ရေးသား ပြုစု, ထုတ်နှုတ်တင်ပြ, ပြန်လည်ကူးယူဖော်ပြ၍ ဓမ္မဒါနအဖြစ် ရိုက်နှိပ်လှူဒါန်းပြီးသော ကျမ်းစာအုပ်များ စာရင်းမှတ်တမ်း	၄၇၉

---oOo---

ရန်ကုန်တိုင်းကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း

ကျောင်းအုပ်ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒထေရ်၏

ကမ္မာကမ္မဘာသာ အမှာစာ

♦ ♦ ♦

ဤ"**ကမ္မာကမ္မဘာသာ**"ကျမ်းစာအုပ်ကို ပြုစုရေးသားသူသည် ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ကမ္မာကမ္မဘာသာရပ်ကို နှစ်ပေါင်း (၂၀)ကျော်တိုင်အောင် သင်တန်းပို့ချပေးနေသူ ဖြစ်သည်။

ထိုအရှင်သည် "ကမ္မာကမ္မာဘာသာ"၏ ပြဌာန်းကျမ်းစာဖြစ်သော ဝိနယကောသလ္လ၊ ဝိနယသံခိပ်၊ ဝိနယမဟာဝါ၊ စူဠဝါ၊ ပရိဝါကျမ်းစာများမှ ကမ္မာကမ္မဆိုင်ရာ အခန်းများကို ရွေးချယ်ထုတ်နှုတ် စီစစ်၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်းသား သံဃာတော်များအား ပို့ချ သင်ကြားပေးနေဆဲ ဖြစ်ပါသည်။ ထိုသို့ နှစ်ပေါင်း (၂၀)ကျော်မျှ သင်ကြားပို့ချပေးခဲ့သော ကမ္မာကမ္မဆိုင်ရာ မှတ်ချက်များကို ရွေးချယ်စုစည်း၍ စာအုပ်အဖြစ် ရိုက်နှိပ်ပြီး "**ကမ္မာကမ္မဘာသာ**"ကျမ်းစာဟူ၍ အမည်တပ်ခဲ့ပါသည်။

ထိုကမ္မာကမ္မကျမ်းစာသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အဓိကကျသော ကျမ်းစာဖြစ်၍ သာသနာ့ဝန်ထမ်းရဟန်းတော်များအားလုံး လိုက်နာကျင့်ဆောင်ရမည့် ကျမ်းစာဖြစ်ပါကြောင်းကို ကျမ်းစာရှင်ဖြစ်သော အရှင်ကုမာရအား ဂုဏ်ပြုအမှာစာတစ်စောင်ဖြင့် ရေးသား ချီးမြှင့်လိုက်ရပါသည်။

ဘဒ္ဒန္တကောဝိဒ

အဂ္ဂမဟာပဏ္ဍိတ

ကျောင်းအုပ်ဆရာတော်

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ရန်ကုန်တိုင်း)

(၀၅၊ ၁၀၊ ၂၀၀၉)

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း
(ရန်ကုန်တိုင်း)

ကံကြီးကံငယ်ဆိုင်ရာ

ကမ္မာကမ္မဝိဘင်္ဂသာ

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ

၁၃၄၂-ခုနှစ်၊ နယုန်လ၌ ကျင်းပသော ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ချမှတ်ခဲ့သော ပရိယတ္တိပညာသင်ကြားရေးမူ ၄-ချက်နှင့်အညီ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့က ပရိယတ္တိပညာရေး စီမံကိန်းတစ်ရပ်ကို ရေးဆွဲပြီး တစ်နိုင်ငံလုံးရှိ စာချစာသင် သံဃာတော်အရှင်မြတ်များအား ရှင်းလင်း လျှောက်ထား၍ သံဃဆန္ဒခံယူခဲ့ရာ ၉၈-ရာခိုင်နှုန်းက ထောက်ခံချက် ပေးခဲ့ပါသည်။

၂။ ထိုပရိယတ္တိပညာရေး စီမံကိန်းကို ၁၃၄၃-ခုနှစ်၊ နယုန်လ၌ ကျင်းပခဲ့သော နိုင်ငံတော်သံဃာ့ဗဟိုဝန်ဆောင် နှစ်ပတ်လည် အစည်းအဝေးက တတိယ(မူကြမ်း)အဖြစ် တညီတညွတ်တည်း မှတ်တမ်းတင် အတည်ပြုပေးခဲ့ပြီးနောက်၊ ၎င်းနှစ် တန်ဆောင်မုန်းလ၌ ကျင်းပသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၅-ပါးစုံညီ ဆဋ္ဌမ အစည်းအဝေးက မူချောအဖြစ်ဖြင့် ဖြည့်စွက်ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပါသည်။ ထိုပရိယတ္တိ ပညာရေးစီမံကိန်းတွင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် မျိုးစေ့ချမှတ် ပေးထားပါသည်။

၃။ ပစ္စက္ခ သာသနာ့အခြေအနေအရ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ လိုအပ်လာပြီ ဖြစ်ပါသည်။ နိုင်ငံတော်တဝန်းလုံးရှိ ရပ်ကွက်/ကျေးရွာ အသီးသီးတို့တွင် အရည်အချင်းပြည့် ကျောင်းထိုင် ဘုန်းကြီးများ ပြည့်ပြည့်စုံစုံရရှိရန် အခြေအနေက တောင်းဆိုလျက် ရှိပါသည်။ ယခုအခါတွင်မူ များသောအားဖြင့် ကျေးလက် ကျောင်း ထိုင်ဘုန်းကြီး များစွာတို့၌ ခေတ်အလျောက် လိုအပ်သော အရည် အချင်းများ နည်းပါးနေသည့်အပြင် ပြင်ပမှ လောကဓံအမျိုးမျိုးတို့၏

ရိုက်ခတ်မှုတို့ကြောင့် မိမိတို့၏ရပ်ရွာ၌ ဩဇာအရှိန်အဝါ ကျဆင်းကာ ကျောင်းသားများပင် ရှားပါးလာသည်ကို တွေ့ရပါသည်။

၄။ အမှန်စင်စင် ဘုန်းကြီးကျောင်းများသည် သာသနာ့ပျိုးပင်များ သာသနာ့ရေသောက်မြစ်များပင် ဖြစ်ပါသည်။ ဘုန်းကြီးကျောင်းများ၌ ကျောင်းသားမရှိလျှင် သာသနာ့ဝန်ထမ်းလိုသော သာမဏေများ ဖြစ်မလာနိုင်ပါ။ သာမဏေတည်းဟူသော မျိုးစေ့မရှိလျှင် ရဟန်းသံဃာများ ဖြစ်လာဖို့အခွင့်အရေး လွန်စွာ နည်းပါးသွားမည် ဖြစ်ပါသည်။ သစ်ပင်တစ်ပင်၌ အခြေခံရေသောက်မြစ် ခြောက်သွားလျှင် မရှင်သန်နိုင်သကဲ့သို့ သာသနာ့လောကတွင်လည်း ဘုန်းကြီးကျောင်းသားများ မရှိလျှင် သာသနာတော်တည်းဟူသော ပင်စည်ကြီးသည် တာရှည် ဆက်လက်ရှင်သန်ရန် ခဲယဉ်းသွားမည် ဖြစ်ပါသည်။

၅။ သီဟိုဠ် သာသနာပြုပုဂ္ဂိုလ်ကျော် ရှင်မဟိန္ဒထေရ်မြတ်က ဒေသခံကိုင်းရင်းသားများ၏ ရင်သွေးများ သာသနာ့ဘောင်သို့ ဝင်ရောက်လာမှသာ သာသနာတည်သည် မည်ကြောင်းကို ဒေဝါနံပိယတိဿ မင်းကြီးအား မိန့်ကြားတော်မူခဲ့လေသည်။

၆။ တစ်နည်းဆိုရသော် ဘုန်းကြီးကျောင်းသားများသည် သာသနာ့အမွေကို ဆက်ခံမည့် အမွေခံများပင် ဖြစ်ပါသည်။ ဘုန်းကြီးကျောင်းဘဝမှ ရှင်ရဟန်းအဖြစ်သို့မရောက်ဘဲ ကျောင်းထွက်၍ လူဘဝ လူဝတ်ကြောင်အဖြစ်ဖြင့် နေသွားစေကာမူ ဘုရား အဆုံးအမ သာသနာ ကိုယ်ဝယ်တည်သော ဗုဒ္ဓဘာသာဝင် လူကောင်း သူကောင်းများ ဖြစ်လာနိုင်ပါသည်။

၇။ ထို့အပြင် အရည်အချင်းပြည့်သော ကျောင်းထိုင်ဘုန်းကြီးများသည် သာသနာ့အညွန့်အညောက်ဖြစ်သော ကလေးသူငယ်များကို စည်းရုံးသိမ်းသွင်းနိုင်ရုံမျှမက မိမိတို့ဆက်ဆိုင်ရာ ဒါယကာ ဒါယိကာမများ အားလည်း –

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊
အသစ်ဟောကျူး၊ နားဘူးထပ်မံ၊
နတ်ထံတင်ရာ၊ မေတ္တာလည်းပြု
ရဟန်းမှူ၊ ခြောက်ခု လွန်သေချာ ...။ ဟူသော

ရဟန်းဝတ္တရားများနှင့်အညီ ပစ္စုပ္ပန်သံသရာ စွယ်စုံအကျိုး ရှိအောင် ဦးဆောင်ညွှန်ပြ ဆုံးမသွားနိုင်ကြမည် ဖြစ်ပါသည်။ ဤကဲ့သို့ အရည်အချင်းပြည့် ကျောင်းထိုင်ဆရာတော်များက ရပ်ကွက်/ကျေးရွာများကို ဦးဆောင်လာနိုင်သောအခါ နောင်ဘဝ ကောင်းစားရေး၊ လောကုတ္တရာ ချမ်းသာသုခ ရရှိစေရေးသာမက ရပ်ရွာငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စည်ပင်သာယာ ဝပြောရေးတို့သည်လည်း **'ကျွဲကူးရေပါ'** သဘောကဲ့သို့ အလိုလို ရောက်ရှိလာကြလိမ့်မည် ဖြစ်ပါသည်။

၈။ ဤကဲ့သို့ လောကီလောကုတ္တရာ ပစ္စုပ္ပန်သံသရာ နှစ်ဘက် နှစ်လမ်း အကျိုးရှိစေနိုင်သည့် အရည်အချင်းပြည့် ကျောင်းထိုင် ဘုန်းကြီးများ ပေါက်ပွားလာအောင် ပြုစုပျိုးထောင်ရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်သင့်သည်မှာ ကြာပြီဖြစ်ပါသည်။ သို့ရာတွင် **"လောကဓံအဋ္ဌ၊ သဘာဝကြောင့်၊ ဂေါတမဘုန်းခေါင်၊ သာသနာရောင်လည်း၊ မပြောင်မလင်း၊ အမှောင်ချဉ်းခဲ့**–ဟူသော ဆီးဘန်နီဆရာတော်၏ မှတ်ချက်ကဲ့သို့ပင် ယခင်အခါက သာသနာတော်ကြီးအဖို့ အခွင့်အလမ်းကောင်းများ မပေါ်ပေါက်သေးသည့်အတွက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြပါ။ ဆုတ်ယုတ်မှေးမှိန်လာခဲ့ရပါသည်။ ယခုအခါတွင်မူ "သံဃကိစ္စများကို သံဃာတော်များကသာ ကြိုက်သလို စီစဉ်ဆောင်ရွက်နိုင်သော အခွင့်အရေးများ ရရှိထားပြီးဖြစ်၍ လုပ်သင့်လုပ်ထိုက်သော အရည်အချင်းပြည့် ကျောင်းထိုင်ဘုန်းကြီးများ ဖော်ထုတ်ရေးလုပ်ငန်းကို အကောင်အထည် ပေါ်လာအောင် စိတ်အားတက်ကြွစွာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၉။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နောင်အခါတွင် ဘုန်းကြီးကျောင်းသားများသည် သာသနာ့ပျိုပင်ကောင်းများ ဖြစ်လာပြီး ၎င်းတို့မှ တစ်ဆင့် သာမဏေများ၊ ရဟန်းတော်များအဖြစ်ဖြင့် အခြေခံစာသင်တိုက်များသို့ ဝင်ရောက်သွားကြလိမ့်မည် ဖြစ်ပါသည်။ ထိုအခြေခံ စာသင်တိုက်များမှ တစ်ဆင့် ပရိယတ္တိပညာရေးတက္ကသိုလ်သို့ ရောက်သည် အထိ ထွန်းပေါက်သော သာသနာပြု သာသနာ့အာဇာနည်များ အများအပြား ပေါ်ထွန်းလာမည် ဖြစ်ပါသည်။ ထိုအခါတွင် မြန်မာနိုင်ငံတော် အတွင်း၌သာမက ကမ္ဘာသို့တိုင်အောင်ပင် ဗုဒ္ဓသာသနာတော်၏ အရှိန်အဝါသည် ကျယ်ပြန့်ကြီးမား ထွန်းကားလာလိမ့်မည် ဖြစ်ပါသည်။

၁၀။ သို့ဖြစ်သောကြောင့် ဗုဒ္ဓသာသနာတော်၏ ရေသောက်မြစ်လည်းဖြစ်၊ ပရိယတ္တိပညာရေးတက္ကသိုလ်နှင့် ပရိယတ္တိစာသင်တိုက်များ၏ အခြေခံလည်းဖြစ်သော ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများကို တည်ထောင်ဖွင့်လှစ်ရန် အမှန်တကယ်လိုအပ်ကြောင်း ထင်ရှားလှပါသည်။ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ် သင်ကြားပို့ချသွားရေးနှင့်ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၅–ပါးစုံညီ ဆဋ္ဌမအစည်းအဝေးက စီမံချက်အကျဉ်းချုပ်ကို ချမှတ်ပေးခဲ့ပြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဖြစ်မြောက်ရေးကော် မတီကိုလည်း ဖွဲ့စည်းပေးခဲ့ပါသည်။

ထိုကော်မတီက ၁၉၈၂–ခုနှစ်၊ မတ်လတွင် စီမံချက်အကျယ်ကို ရေးသားပြုစုပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) သို့ တင်ပြခဲ့ပါသည်။ ယင်းတင်ပြချက်ကို အခြေခံလျက် ဤစည်းမျဉ်းကို ပြုစုပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၅–ပါးစုံညီ အဋ္ဌမအစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးက အတည်ပြုလက်ခံ၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တတိယအကြိမ်နှစ်ပတ်လည် အစည်းအဝေးကြီးသို့ တင်ပြခဲ့ပါသည်။ သို့ဖြစ်၍ ဗဟို ဝန်ဆောင်အစည်းအဝေးကြီးက စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် အလို့ငှါ ဤ"ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများဆိုင်ရာ စီမံချက်စည်းမျဉ်း"ကို ၁၃၄၄-ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်၊ ၁၉၈၂-ခုနှစ်၊ ဇွန်လ (၄)ရက်၊ သောကြာနေ့၌ အတည်ပြု ပြဋ္ဌာန်းလိုက်ပါသည်။

(အညွှန်း- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများဆိုင်ရာ စီမံချက်စည်းမျဉ်း နာ. ၄-၈)

===000===

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့် သင်ကြားသည့် ဘာသာရပ်

၁၁။ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ သင်တန်းသားများအား သင်ကြားပေးသော ဘာသာရပ်မှာ (၁၁)မျိုးထိ ရှိခဲ့ပါသည်။ ကျောင်းအုပ်ဆရာတော်က မိမိအား အမှတ်စဉ် (၄)မှစ၍ "**ကမ္မာကမ္မဘာသာ**"ကို သင်ကြားပေးရန် တာဝန်တစ်ရပ်အံ့နေဖြင့် ပေးအပ်ခဲ့ပါသည်။

ရှေ့ပိုင်း၌ ကမ္မာကမ္မဘာသာနှင့် ဆက်စပ်၍ မဟာဝဂ်၊ စူဠဝဂ်၊ ဝိနယသံခိပ်ကျမ်း၊ သီမာဝိနိစ္ဆယကျမ်း၊ သိမ်မျိုးစုံဒီကာကျမ်း၊ ဝိနယပကိဏ္ဏကဒီပနီကျမ်းတို့မှ ထုတ်နှုတ် သင်ကြားပေးပါသည်။ နောက်ပိုင်း၌ အလုပ်တာဝန်များကြောင့် သင်ကြားရေးပိုင်း၌ လျော့နည်းလာသည့် အတွက် သင်တန်းသားများ လေ့လာနိုင်စေရန် "**ကမ္မာကမ္မ သိမ်သင်တန်း အကျဉ်းချုပ် စာအုပ်ငယ်**"နှင့် "**ဥပသမ္ပဒက် စာအုပ်ငယ်**" တို့ကို စိစဉ်ဖြန့်ဝေလှူဒါန်း၍ သင်ခန်းစာအဖြစ် လမ်းညွှန်မှုပေးခဲ့ပါသည်။

"ယင်းစာအုပ်ငယ်နှင့် အခြားသော သာသနာတော်အတွက် မရှိမဖြစ် လုပ်ဆောင်ရမည့် ကံကြီးကံငယ်ဆိုင်ရာ စာအုပ်များသည်

သာသနာတော်အတွက် အကျိုးများလှသည့်အတွက် ဆရာတော်အနေဖြင့် တစ်အုပ်တည်းဖြစ်အောင် ပြန်လည် ပြုစုရေးသားစေလိုကြောင်း၊ စာအုပ်တစ်အုပ်အဖြစ် ရိုပ်နိုပ်၍ ဖြန့်ဝေလိုကြောင်း'' တပည့်ဖြစ်သူ ဒေါက်တာအရှင်ဥက္ကဋ္ဌက လျှောက်ထားလာသဖြင့် မိမိသည် ယခင်ရေးသားထားပြီးဖြစ်သည့် သိမ်သင်တန်းနှင့်ပတ်သက်သော စာအုပ်များကို အခြေခံပြီး စာအုပ်ငယ်များ၌ လိုအပ်သော သိမှတ်ဖွယ်ရာများကို ညောင်ရမ်းဝိနိစ္ဆယ၊ မိုးကုန်း တိပိဋကပကိဏ္ဏကဒီပနီ၊ ဝိမတိစ္ဆေဒနီ၊ အရှင်ဇောတာလင်္ကာရမှတ်စု– အစရှိသော ကျမ်းစာအုပ် များစွာတို့မှ ဖြည့်စွက်စုစည်းကာ အကောင်းဆုံးနှင့် အခြေခံအကျဆုံးလည်းဖြစ်၊ တပေါင်းတစ်စုတည်းလည်းဖြစ်သော ဤ''**ကမ္မာကမ္မဘာသာ**''ကို စီစဉ်ထုတ်နှုတ်၍ ဓမ္မဒါနအဖြစ် ထုတ်ဝေလှူဒါန်းခြင်းသာ ဖြစ်ပါသည်။

ဤစာအုပ်နှင့်ပတ်သက်၍ အကျိုးပြုပေးကြသော တပည့်ဖြစ်သူ အရှင်နန္ဒသီရိ (ရွှေမြေနန္ဒ)၊ ဒေါက်တာအရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)နှင့် တပည့်–ကပ္ပိယမောင်ညို စသော ဆရာ့တပည့်များ (မဟာသိမ်–ကွန်ပျူတာဌာန) တို့အားလည်းကောင်း၊ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဓမ္မဒါနပြုလှူဒါန်းကြသော ဓမ္မဒါနအလှူရှင် အပေါင်းတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ ကျေးဇူးရှင် ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း များစွာပင် ကျေးဇူးတင်ရှိပါကြောင်း ဤစာအုပ်ဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဘဒ္ဒန္တကုမာရ
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယပါမောက္ခချုပ်ဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ပမာဏနှင့် ပဋိညာဉ်

၁။ မဟန္တံ ခုဒ္ဒကံ ကမ္မံ၊
ဒေသေန္တံ ဝိသုဒ္ဓံ ဇိနံ။
ဝိနယံ ဝိသုဒ္ဓါပေန္တံ၊
ဝိသုဒ္ဓံ ဝန္ဒာမိ သာဒရံ။

မဟန္တံ ခုဒ္ဒကံ ကမ္မံ = သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းရွက်
ကာပျော် ရဟန်းတော်တို့ဆိုင်ရာ ပြုလုပ်ရ
မည့် ကံကြီးကံငယ် အသွယ်သွယ်ကို။

ဒေသေန္တံ = သာသနာတော် သက်တမ်းတစ်လျှောက်
မပျောက်မပျက် သာသနာတော်သက်
အဆက်ဆက်တည်တံ့ သန့်ရှင်းပြန့်ပွားစေ
ရန် ဟောကြားတော်မူသော။

ဝိသုဒ္ဓံ = ဝါသနာနှင့်တကွ ကိလေသာအညစ်
အကြေးတို့မှ အထူးအာ့းဖြင့် ကင်းဝေး
စင်ကြယ်တော်မူသော။

ဇိနံ = ဒေဝပုတ္တ ကိလေသနှင့် ဘိသင်္ခါရ ခန္ဓ
မစ္စု မာရ်ဝင်းခုကို တွန်းလှန်ပယ်ခွင်း အောင်
ပွဲကျင်းတော်မူပြီးသော မြတ်စွာဘုရားရှင်
ကိုလည်းကောင်း။

ဝိသုဒ္ဓါပေန္တံ = လွန်ကျူးဆူပွက်မျိုးမပျက်သည့် သုံးချက်
ကိလေ အညစ်တွေမှ အထူးအာ့းဖြင့်
သန့်ရှင်း စင်ကြယ်စေတော်မူထသော။

ဝိနယံ = ဥာဘတောဝိဘင်္ဂ၊ နှစ်ဆယ့်နှစ်ပါးသော

မဟာဝဂ်,စူဠဝဂ်ခန္ဓက,တစ်ဆယ့် ခြောက် ပါးသော ပရိဝါရဟူသော ဝိနယပိဋကတရားတော်မြတ်ကိုလည်းကောင်း။

ဝိနယံ = ငါးပါးသော ပါတိမောက္ခုဒ္ဒေသ, ပါရာဇိကအစရှိသော အာပတ္တိကွန္ဓက, မာတိကာ ဝိဘင်္ဂ်အစရှိသော အထူးထူးသော နည်း,ဒဋ္ဌိကမ္မ, သိထိလကရဏာ, ပယောဇန,အနုပညတ္တိ,–ဟူသော ထူးခြားသော နည်း, ကိုယ်နှုတ်နှစ်ဖြာ လွန်ကျူးဖွယ်ရာတို့ကို ပယ်ခွါမြစ်တား လေးစားကြည်ညို့နှစ်လိုဖွယ်ရှိအောင် ဆုံးမတော်မူတတ်သော ဝိနည်း တရားတော်မြတ်ကိုလည်းကောင်း။

ဝိသုဒ္ဓံ = ကိလေသာအာသဝတို့မှ အထူးအားဖြင့် ကင်းဝေးစင်ကြယ်တော်မူသော သမ္မုတိအရိယာ နှစ်ဖြာသော သံဃာတော်၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် အစရှိသော ဂုဏ်တော်အပေါင်းကိုလည်းကောင်း။

အဟံ = ခန္ဓာငါးဝ သမူဟကို 'အရှင်ကုမာရ'ဟု နာမသမုတ် အကျွန်ုပ်သည်။

သာဒရံ = ဂုဏ်တော်အစွမ်း ပညာမွှမ်း၍ လေးမြတ်ပိုမို ရှိသေလှစွာ။

ဝန္ဒာမိ = ဘယ, လာဘ, သမ္မောဟနှင့် ကုလ, အာစာ မိစ္ဆာကျင့်ရန်း မမြော်ကိုးဘဲ ရှိခိုးဦးချပါ၏။

၂။ ဝိနယေ ပါရမိပပ္ပတ္တံ၊
ဝိနယေ နိစ္ဆယံ ဒေန္တံ။
ဝိနယေ သောဓနံ ကရံ၊
ဝိနယံ သာဒရံ နမေ။

ဝိနယေ = သူတော်ကောင်းဓာတ် တရားမြတ်၏ မပြတ်ရှည်ကြာ သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ဟောကြားတော်မူအပ်သော အာဏာဒေသနာ,ယထာပရာဓသာသနာဟုဆိုအပ်သော အဓိသီလသိက္ခာ၌။

ပါရမိပပ္ပတ္တံ = နှစ်ဖြာရှေ့နောက် အခေါက်ပေါင်းများစွာ သင်ကြားကြိမ်မေး, ဆွေးနွေး ဆောင်ငြား လုံ့လအားကြောင့် ယုံမှားကင်းပျောက် တစ်ဖက်ကမ်းရောက် တတ်မြောက်တော်မူသည့် ဉာဏ်ပညာရှိတော်မူသော။

ဝိနယေ = ကြောင်းစုံဖြစ်လာ ကမ္မာကမ္မ ဝိနယဖြတ်ထုံးလုပ်ထုံးလုပ်နည်း နိဿယညှိုး၌။

နိစ္ဆယံ ဒေန္တံ= သို့လုပ်, သို့ပြော ဤသို့ဖြစ်စေ အထွေထွေအရပ်ရပ် အဆုံးအဖြတ်ကို ပေးတော်မူတတ်သော။

ဝိနယေ = ရှုပ်ထွေးခဲကပ် ဝိနယပုစ္ဆာအရပ်ရပ်၌။

သောဓနံကရံ= လဇ္ဇီသူမွန် သီလဝန်တို့ ကြည်ရွှင်နှလုံး အစဉ်အသုံးပြုနိုင်အောင် သုဓံသင်ဖြေရှင်း ပေးတော်မူတတ်သော။

ဝိနယဓရ –
သီဟာနံ = ဝိနယပိဋကဟု ပါဠိ,အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိယောဇနာညှိလျက် ဝိနယ ပညတ် အရပ်ရပ်ကို

(ည) ကမ္ဘာကမ္ဘာဘာသာ ပဋိညာဉ်လွှာ

ဆောင်ထားနိုင်ဘို ပညာရှိလတ် မထေရ်မြတ်တို့၏။။

ဝိနယံ = သူတော်ကောင်းဓာတ် တရားမြတ်ဒေသနာ ဝိနယသာသနာတော်ကို။။

သာဒရံ = ကိုယ်နှုတ်နှလုံး သုံးပါးပျော်ပျော့ မာန်ကိုလျော့၍ လေးမြတ်ပိုမို ရှိသေစွာ။။

နမေ = သဒ္ဓါဖြူဆွတ် ကုသိုလ်ဝတ်ဖြင့် ဦးညွတ်ခါခါ ရှိခိုးပါ၏။။

===OOO===

၃။ သောတာရာနံ ဟိတတ္ထာယ၊
နာနာဂန္ဆေ သုပသိယ။
ထေရာနံ ထိရသီလာနံ၊
ကရိသံ ကမ္မကမ္မိကံ။

ထေရာနံ ထိရသီလာနံ = မြေကြီးထုပမာ ကြီးမားစွာလှ ထူထဲခိုင်ခန့်သော သီလရှိတော်မူကြကုန်သော လယ်တီဆရာတော်၊ မဟာဝိသုဒ္ဓါရာမဆရာတော်၊ တောင်သာဆရာတော်၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ – အရှင်ပညာမဟာထေရ၊ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊အမရပူရဆရာတော်၊ ဒေးဝန်းဆရာတော်၊ အမရပူရ မဟာဂန္ဓာရုံဆရာတော်၊ အစရှိကုန်သော ဆရာသခင် အရှင်မြတ်တို့၏။

နာနာဂန္ဆေ = သိလို, နာလို, ဆောင်မှတ်လိုသော ဝိနယမာမက အရှင်မြတ်တို့အကျိုးငှါ ရေးသားဖြေကြားအပ်သော အထူးထူးသော ကျမ်းဂန်တို့ကို။

သုပသိယ = သိမှတ်ဖွယ်ရာ ကောင်းနိုးရာရာကို ဖန်ခါကြည့်ရှု ထုတ်နှုတ်စု၍။

သောတာရာနံ = ရန်ကုန်တိုင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ (၂)နှစ်တိုင်တိုင် အခြေခိုင်အောင်

(၄)　　ကမ္မာကမ္မဘာသာ ဟိုဠိညာဉ်လွှာ

တနိုင်တပိုင် လေ့လာသင်ကြား သင်တန်း
သားတို့၏။။

ဟိတတ္ထာယ　=　အတ္ထ,ပရာ ကျိုးနှစ်ဖြာနှင့် ဗုဒ္ဓမြတ်စွာ
သာသနာကို သဒ္ဓါမည်သို့ သည်ပိုး ဆောင်ရွက်
နိုင်ပါစေခြင်းအကျိုးငှါ။

ကမ္မာကမ္မိကံ　=　"ကမ္မာကမ္မ"ဝိနယဘာသာ သင်ခန်းစာကို။

ကရိဿံ　=　သဒ္ဓါရှေသွား ပညာအားဖြင့် ရေးသားသမှု
ပြုပါတော့အံ့။

===OOO===

ကိုယ်တိုင်ရေးခြင်းမဟုတ်
စုစည်း ထုတ်နှုတ် တင်ပြခြင်းသာ

=======

"ဤကမ္မာကမ္မကျမ်းစာအုပ်" သည် ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ၂၇-နှစ်သင်တန်းတွင် ဒုတိယနှစ် သင်တန်းဌ "ကမ္မာကမ္မဘာသာရပ်" တွင်ပါဝင်သည့် သိမ်သင်တန်းကို မိမိအနေဖြင့် ပို့ချပေးရပါသည်။ ထိုသင်တန်းဌ လက်တွေ့နည်းကျကျ သိမ်အကွက်ချုပ်၊ သိမ်နှုတ်ပုံ၊ သိမ်သမုတ်ပုံ အကြောင်းများမှ အစပြု၍ သိမ်အကြောင်းအရာတို့ကို သင်တန်းသား ရဟန်းတော်များအား ပို့ချပေးရပါသည်။ ထိုမျှမက သာသနာတော်တွင် မရှိမဖြစ်၊ မသိမဖြစ် အရေးပါသော ကံကြီးကံငယ်ဆိုင်ရာ ဥပုသ်အကြောင်း၊ ဝါဆိုအကြောင်း၊ ပဝါရဏာအကြောင်း၊ ကထိန်အကြောင်း၊ ဥပသမ္ပဒ(ရဟန်းခံ, ရှင်ပြု)အကြောင်း၊ သင်္ကန်းအကြောင်း သပိတ်, ခွက် စသည့် အကြောင်း အခန်းများကိုလည်း တစ်စုတည်း, တပေါင်းတည်း သိစေချင်သည့်အတွက် ရှေးရှေးသော ဆရာတော်ကြီးများ ရေးသားပြုစုတော်မူသော ဝိနည်းကံဆိုင်ရာ စာအုပ်များမှ ထုတ်နှုတ်၍ ကွန်ပျူတာစာမူအဖြစ် စုစည်း ထုတ်နှုတ်၍ တင်ပြထားခြင်းသာ ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိကိုယ်တိုင် ရေးသားထားခြင်းသည်ကား နည်းပါးပြီး ဆရာတော်ကြီးများ၏ စာအုပ်များမှ စုစည်း, ထုတ်နှုတ် တင်ပြထားခြင်းသည်က များသည့်အတွက် မိမိကိုယ်တိုင် ရေးသားခြင်း မဟုတ် စုစည်း, ထုတ်နုတ်, တင်ပြထားခြင်းသာဖြစ်ကြောင်း ဝန်ခံ ပြောကြား အမှာပါးလိုက်ရပါသည်။ သိမှတ်ဖွယ်ရာ ဝိနယဝိနိစ္ဆယများကား များစွာပင် ကျန်ရှိနေပါသေးသည်။

ဘဒ္ဒန္တကုမာရ
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယပါမောက္ခချုပ်ဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း

(ရန်ကုန်တိုင်း)

စာသင်နှစ် (၂)နှစ်သင်တန်းအတွက်

သင်ရိုးမာတိကာ

နှင့်

သင်ရိုးညွှန်းတမ်း

သီဟိုဠ်မဟာဝိဟာရ ပြဋ္ဌာန်းကျမ်းစာ

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း
(ရန်ကုန်တိုင်း)
သင်ရိုးမာတိကာ, ဘာသာရပ်နှင့်
ပြဋ္ဌာန်းကျမ်းစာများ

စဉ်	ဘာသာရပ်	စာမျက်နှာ
၁။	ဥဘတောဝိဘင်း	-------
၂။	ကမ္မာကမ္မ	-------
၃။	ခန္ဓကဝတ်နှင့်အခြားကျင့်ဝတ်ဆိုင်ရာ	-------
၄။	ကိုယ်ကျင့်အဘိဓမ္မာ	-------
၅။	ပိဋ္ဌကတ်သမိုင်း	-------
၆။	သာသနာ့သမိုင်း	-------
၇။	သာသနာပြုနည်းအတတ်ပညာ	-------
၈။	စီမံအုပ်ချုပ်မှုပညာ	-------
၉။	မြန်မာစာပေအရေးအသား	-------
၁၀။	စကားပြောနှင့် တရားဟောအတတ်ပညာ	-------
၁၁။	အခြေခံမူလတန်းပညာ	-------

(၁) ဥဘတောဝိဘင်္ဂ်

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
ဥဘတောဝိဘင်း	(က) ဘိက္ခုပါတိမောက် (ခ) ဘိက္ခုနီပါတိမောက်

(၂) ကမ္မာကမ္မဘာသာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
ကမ္မာကမ္မဘာသာ	(က) ဝိနယကောသလ္လ (ခ) ဝိနယသံခိပ် (ဂ) မဟာဝါပါဠိတော်မြန်မာပြန် (ဃ) စူဠဝါပါဠိတော် မြန်မာပြန် (င) ပရိဝါရပါဠိတော်မြန်မာပြန်

(၃) ခန္ဓကဝတ်နှင့်အခြားကျင့်ဝတ်ဆိုင်ရာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
ခန္ဓကဝတ်နှင့် အခြားကျင့်ဝတ်ဆိုင်ရာ	(က) စူဠဝါဝဂ္ဂ၊ ဝတ္တက္ခန္ဓက (ခ) ဝိနယသံခိပ် (ဂ) နရသာသန (ဃ) ပရာဘဝသုတ် (င) ဥတ္တမပုရိသဒီပနီ

(၁) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(၄) ကိုယ်ကျင့်အဘိဓမ္မာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
ကိုယ်ကျင့်အဘိဓမ္မာ	(က) ပရမတ္ထစကၡုဒီပနီ (ဒီပဲယင်းဆရာတော်) (ခ) အဘိဓမ္မတ္ထသင်္ဂဟပမာလာ (ပွင့်လှသိမ်ကုန်း-ပြည်) (ဂ) ကိုယ်ကျင့်အဘိဓမ္မာ (ဆရာတော် အရှင်ဇနကာဘိဝံသ)

(၅) ပိဋကတ်သမိုင်း

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
ပိဋကတ်သမိုင်းဘာသာ	ပိဋကတ်တော်သမိုင်း (ဦးယံ)

(၆) သာသနာ့သမိုင်း

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
သာသနာ့သမိုင်းဘာသာ	(က) သာသနာလက်ာရစာတမ်း (အစ-အဆုံး၊ မဟာဓမ္မသင်္ကြန်) (ခ) သာသနာ့ဗဟုသုတပကာသနီ (ဘုရားဖြူဆရာတော်) (ဂ) ဆဋ္ဌသင်္ဂါယနာမှတ်တမ်း (စ-ဆုံး) (ဃ) ကလျာဏီကျောက်စာ (အစ-အဆုံး) (င) ဗုဒ္ဓသာသနိကပထဝီဝင် အထောက် အကူပြုကောက်နှုတ်ချက်များ

(၇) သာသနာပြုနည်းအတတ်ပညာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
သာသနာပြုနည်း အတတ်ပညာ	(က) ဇိနတ္ထပကာသနီကျမ်း (ခ) တထာဂတဥဒါနဒီပနီ (ဂ) မဟာဗုဒ္ဓဝင် (ဃ) မဟာဝင်ဝတ္ထု

(၈) စီမံအုပ်ချုပ်မှုပညာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
စီမံအုပ်ချုပ်မှုပညာ	(က) ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ (အစ–အဆုံး) (ခ) ၎င်းလုပ်ထုံးလုပ်နည်းများ (အစ–အဆုံး) (ဂ) ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း (အစ–အဆုံး) (ဃ) ၎င်းလုပ်ထုံးလုပ်နည်းများ (အစ–အဆုံး) (င) သံဃနာယကလက်စွဲ (အစ–အဆုံး) (စ) ခေါင်းဆောင်မှုပညာ (အစ–အဆုံး) (ဦးမောင်မောင်)

(နှ) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(၉) မြန်မာစာပေအရေးအသား

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
မြန်မာစာပေ အရေးအသား	(က) ဂမ္ဘီရကဗျာ (လယ်တီ) (ခ) တေမိယဇာတ်ဝတ္ထုတော်ကြီး (မင်းဘူး ဦးသြဘာသ) (ဂ) မြန်မာစကားပြေ လက်ရွေးစင်

(၁၀) စကားပြောနှင့် တရားဟောအတတ်ပညာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
စကားပြောနှင့် တရားဟော အတတ်ပညာ	(က) ခုံတော်မောင်ကျော်ဘမ်းဝတ္ထု (ခ) ဦးပေါ်ဦးလျှော်ကံထုံး (ဂ) သင်္ဂဇာစကားပုံပေါင်းချုပ် (ဃ) ဦးပုည၀တ္ထုပေါင်းချုပ်

(၁၁) အခြေခံမူလတန်းပညာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
အခြေခံမူလတန်းပညာ	(က) မြန်မာစာ (ခ) သခ်ၤာ (ဂ) အင်္ဂလိပ်စာ

(၁) ဥဘတောဝိဘင်္ဂ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
ဥဘတောဝိဘင်း	(က) ဘိက္ခုပါတိမောက်
	(ခ) ဘိက္ခုနီပါတိမောက်

= သင်ရိုးညွှန်းတမ်း

(က) ဘိက္ခုပါတိမောက်မှ –

(၁) နိဒါနုဒ္ဒေသအကုန်၊

(၂) ပါရာဇိကုဒ္ဒေသအကုန်၊

= သံဃာဒိသေသုဒ္ဒေသမှ –

(က) သုက္ကဝိဿဋ္ဌိသိက္ခာပဒ၊

(ခ) ကာယသံသဂ္ဂသိက္ခာပဒ၊

(ဂ) ဒုဋ္ဌုလ္လဝါစာသိက္ခာသိက္ခာပဒ၊

(ဃ) အတ္တကာမပါရိစရိယသိက္ခာပဒ၊

(င) သဉ္စရိတ္တသိက္ခာပဒ၊

(စ) ဒုဋ္ဌစသိက္ခာပဒ၊

(ဆ) ကုလဒူသကသိက္ခာပဒ၊

= ဝိတ္ထာရုဒ္ဒေသ နိဿဂ္ဂိ ၃၀ –မှ

(က) ကထိနသိက္ခာပဒ၊

(ခ) ဥဒေါသိတသိက္ခာပဒ၊

(ဖ) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(၇) ရာဇသိက္ခာပဒ၊
(ဃ) ရူပိယသိက္ခာပဒ၊
(င) ရူပိယသံဝေါဟာရသိက္ခာပဒ၊
(စ) ကယဝိက္ကယသိက္ခာပဒ၊
(ဆ) ပတ္တာသိက္ခာပဒ၊
(ဇ) ဥိနပဗ္ဗဇန္ဓနသိက္ခာပဒ၊
(စျ) ဘေသဇ္ဇသိက္ခာပဒ၊
(ည) ပရိဏာတသိက္ခာပဒ၊

= သုဒ္ဓပါစိတ် (၉၂) မှ-
(က) မုသာဝါဒဝဂ်အကုန်၊
(ခ) ဘူတဝါဒဝဂ်အကုန်၊
(ဂ) ဘောဇနဝဂ်အကုန်၊

= အစေလကဝဂ်မှ-
(က) ရဟောပဋိစ္ဆန္နသိက္ခာပဒ၊
(ခ) ရဟောနိသဇ္ဇသိက္ခာပဒ၊

= သုရာပါနဝဂ်မှ-
(က) သုရာပါနသိက္ခာပဒ
(ခ) အင်္ဂုလိပတောဒကသိက္ခာပဒ၊
(ဂ) ဟသဓမ္မသိက္ခာပဒ၊
(ဃ) အနာဒရိယသိက္ခာပဒ၊
(င) ဘီသာပနသိက္ခာပဒ၊

= သပ္ပါဏကဝဂ်မှ-
(က) သဉ္စိစ္စသိက္ခာပဒ၊
(ခ) သပ္ပါဏကသိက္ခာပဒ၊

(ဂ) ဥက္ကောဋ္ဌနသိက္ခာပဒ၊
(ဃ) ဒုဋ္ဌုလ္လသိက္ခာပဒ၊
(င) ဥိနဝီသတိဝဿသိက္ခာပဒ၊
(စ) ထေယျသတ္ထသိက္ခာပဒ၊
(ဆ) သံဝိဓာနသိက္ခာပဒ၊

= သဟဓမ္မိကဝဂ်မှ –

(က) အမူလကသိက္ခာပဒ၊
(ခ) ပရိဏာမနသိက္ခာပဒ၊
(ဂ) ပဟာရသိက္ခာပဒ၊
(ဃ) တလသတ္တိကသိက္ခာပဒ၊

= ရတနဝဂ်မှ –

ဂါမပ္ပဝေသနသိက္ခာပဒ၊

(စျ) သေခိယသိက္ခာပုဒ် (၇၅)ပုဒ်အကုန်၊

(ခ) ဘိက္ခုနီပါတိမောက်

(၁) သံဃာဒိသေသုဒ္ဒေသမှ –
ဥဿယဝါဒိကသိက္ခာပဒ၊

= သုဒ္ဓပါစိတ် လသုဏဝဂ်မှ –

(က) လသုဏသိက္ခာပဒ၊
(ခ) သမ္ဘာဓေလောမသိက္ခာပဒ၊
(ဂ) နစ္စဂီတသိက္ခာပဒ၊

---oOo---

(ဘ) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(၂) ကမ္မာကမ္မဘာသာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
ကမ္မာကမ္မဘာသာ	(က) ဝိနယကောသလ္လ (ခ) ဝိနယသံခိပ် (ဂ) မဟာဝါပါဠိတော်မြန်မာပြန် (ဃ) ပရိဝါရပါဠိတော်မြန်မာပြန်

= သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ

(က) ဝိနယကောသလ္လ

= သင်ရိုးညွှန်းတမ်း-

= စီဝရ၊

= ပတ္တ၊

= ထာလက၊

= ပဋိဂ္ဂဟ၊

= ပဝါရိတ၊

= ကာလိက

= ဥပေါသထ၊

= ပဝါရဏာ၊

= သဆန္ဒ၊

= ပါရိသုဒ္ဓိ၊

(ခ) ဝိနယသံခိပ်-

= သင်္ကန်းအဓိဋ္ဌာန်တင်နည်း၊

= သင်္ကန်း ဝိကပ္ပနာပြုနည်း၊

= သက်ိန်းဟူသော မှိရာနိသယ၊
= သပိတ်အပြား၊
= ခွက်အပြား၊
= အကပ်ခံနည်း၊
= အတိရိတ်ဝိနည်းကံပြုနည်း၊
= ကာလိကလေးပါး၊
= အကပ်ိယအသားမျိုး၊
= အကပ်ိယ ပစ္စည်းမျိုး၊
= ကပ်ိခြင်းငါးမျိုး၊
= ကျောင်းဟူသောမှိရာ နိသယ၊
= ဒေသနာဂါမ် အာပတ်ကုစားနည်း၊
= နိသယမုတ္တကအဂါ၊
= ဥပဇ္ဈာယ်နိသျှည်း၊
= ပုဗ္ဗကရဏ၊
= ပုဗ္ဗကိစ္စ၊
= ပတ္တကလ္လအဂါလေးပါး၊
= ဥပုသ်အပြား၊
= ပဝါရဏာအပြား၊
= ဥပုသ်, ပဝါရဏာပြုပုံ၊
= ဝါဆိုခန်း၊
= ရှင်ပြုခန်း၊
= ရဟန်းခံခန်း၊

---ooo---

(ဃ) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(ဂ) မဟာဝါပါဠိတော် မြန်မာပြန်
မဟာဝါပါဠိ+မြန်မာပြန်မှ –

(က) မဟာခန္ဓက၊ + (ဝိ၊၃။၁၃၆–၁၃၈ထိ)

(ခ) ဥပေါသထက္ခန္ဓက (၁၃၉–၁၉၀။/ ၁၄၃–၁၉၁)

(ဂ) ဝဿူပနာယိကက္ခန္ဓက၊
(၁၉၂–၂၁၉။/ ၁၉၃–၂၁၆။)

(ဃ) ပဝါရဏာက္ခန္ဓက၊ (၂၂၀–၂၆၃။/၂၁၉–၂၆၁)

(င) စီဝရက္ခန္ဓက၊ (၃၇၇–၄၂၈။/၃၈၁–၄၃၁။)

(ဃ) ပရိဝါရပါဠိ+မြန်မာပြန်မှ –

(က) ဘိက္ခုဝိဘင်း

(၁) ကတ္ထပညတ္တိဝါရ၊

(၂) ကတာပညတ္တိဝါရ၊

(၃) ဝိပတ္တိဝါရ၊

(၄) သင်္ဃာဒိတဝါရ၊

(၅) သမုဋ္ဌာနဝါရ၊

(၆) အဓိကရဏဝါရ၊

(၇) သမထဝါရ

(၈) သမုစ္စယဝါရ

မှတ်ချက်။ ။

ဤပရိဝါရကျမ်းသည် အကျဉ်းဆောင်လိုသူတို့အတွက် ဝိနည်းသိက္ခာပုဒ်များကို ပြန်လည်၍ ပြုစုထားသည်။ ''ကျွဲကူး ရေပါ'' ဆိုသည့်အတိုင်း ရှေ့တွင် ပါဝင်ပြီးဖြစ်၍ သဘောလောက်သာ သင်ကြားရန် ဖြစ်သည်။

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများဆိုင်ရာ စီမံချက် စည်းမျဉ်း အပိုဒ် (၂)၊ အခန်း(၂)၊ အပိုဒ်–(၄၂)၊ (၄၃)၊ (၄၄)၊ (၄၅)တို့နှင့် အညီ သင်ကြားရမည်။

– သင်ကြားနည်းအထောက်အကူပြု ပစ္စည်းများနှင့် လက် တွေ့လုပ် ဆောင်ပြ၍ သင်ယူစေခြင်း။

– သင်ယူပြီးသည့်အတိုင်း သင်တန်းကျောင်းတွင် လိုက်နာ ဆောင် ရွက်စေခြင်း။

– တွေ့ကြုံလာသော ''ကမ္မာကမ္မ''များကို စုပေါင်းညှိနှိုင်း၍ ဆုံးဖြတ် ဆောင်ရွက်စေခြင်း စသော ခေတ်မီသင်ကြားနည်းများဖြင့် သင်ကြားပေးရမည်။

===ooo===

(၃) ခန္ဓကဝဂ်နှင့်အခြားကျင့်ဝတ်ဆိုင်ရာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
ခန္ဓကဝဂ်နှင့် အခြားကျင့်ဝတ်ဆိုင်ရာ	(က) စူဠဝဂ္ဂ၊ ဝတ္တက္ခန္ဓက (ခ) ဝိနယသံခိပ် (ဂ) နရဿာသန (ဃ) ပရာဘဝသုတ် (င) ဥတ္တမပုရိသဒီပနီ

(လ) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

= သင်ရိုးညွှန်းတမ်း –

(က) စူဠဝဂ္ဂ–

(၁) အနုမောဒနဝတ္ထုကထာ၊
(၂) ဘတ္တဂ္ဂဝတ္ထုကထာ
(၃) ပိဏ္ဍာစာရိကဝတ္ထုကထာ
(၄) သေနာသနဝတ္ထုကထာ
(၅) ဝစ္စကုဋီဝတ္ထုကထာ
(၆) ဥပဇ္ဈာယဝတ္ထုကထာ
(၇) သဒ္ဓိဝိဟာရိကဝတ္ထုကထာ

(ခ) ဝိနယသံခိပ်–

(၁) ပံသုကူလိကဓုတင်၊
(၂) တေစီဝရိကဓုတင်
(၃) ပိဏ္ဍပါတိကဓုတင်၊
(၄) သပဒါနစာရိကဓုတင်၊
(၅) ဧကာသနိကဓုတင်၊
(၆) ရုက္ခမူလိကဓုတင်၊
(၇) ခလုပစ္ဆာဘတ္တိက

(ဂ) နရဿာသန–

(၁) ပထမ ဒုစ္စရိတကဏ္ဍ
(၂) ဒုတိယ သုစရိတကဏ္ဍ

(ဃ) ပရာဘဝသုတ္တ–

ဂုင်းသုတ် မြန်မာပြန်အကုန်

(င) ဥတ္တမပုရိသဒီပနီ–

(၁) ပထမခဏ်း၊
(၂) စတုတ္ထခဏ်း၊

(၃) ပဋ္ဌမခဏ်း၊
(၄) ဆဋ္ဌခဏ်း၊
(၅) သတ္တမခဏ်း၊

မှတ်ချက်။ ။

- သင်တန်းကျောင်းများဆိုင်ရာ စီမံချက် စည်းမျဉ်း အပိုင်း (၂)၊ အခန်း (၂)၊ အပိုဒ်-(၄၆-၄၇)အတိုင်း သင်ကြား ရမည်။

- ဝတ္တကထာတစ်ခုကို သင်ကြားပြီးတိုင်း ၎င်း ဝတ္တကထာလာသည့်အတိုင်း ပြုမူ,ပြောဆို နေထိုင် တတ်စေရန် သဒ္ဓါတရားမြင့်မားစေသော သင်ပြ ညွှန်ပြမှုမျိုး ဖြစ်စေရမည်။

===ooo===

(၄) ကိုယ်ကျင့်အဘိဓမ္မာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
ကိုယ်ကျင့်အဘိဓမ္မာ	(က) ပရမတ္ထစကျဒီပနီ (ဒီပဲယင်းဆရာတော်) (ခ) အဘိဓမ္မတ္ထသင်္ဂဟပမာလာ (ပွင့်လှသိမ်ကုန်း-ပြည်) (ဂ) ကိုယ်ကျင့်အဘိဓမ္မာ (ဆရာတော် အရှင်ဇနကာဘိဝံသ)

(သ) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(၃) သင်ရိုးညွှန်းတမ်း-

(က) ပရမတ္ထစကဒုဒီပနီ (ဒီပဲယင်းဆရာတော်)

= ပရမတ္ထ, ပညတ်ကို အကျဉ်းပြခြင်း၊
= ဒေသနာအမျိုးမျိုးရှိသည်ကိုပြခြင်း၊
= ပရမတ်မျက်စိရှိမှ ရတနာသုံးပါးမြင်နိုင်သည်ကိုပြခြင်း၊
= ရုပ်တရား နာမ်တရားတို့ကို ခွဲခြားပြခြင်း၊
= ခန္ဓာငါးပါးကိုပြ၍ ရူပက္ခန္ဓာအရ ရုပ်အရေအတွက်ကိုပြခြင်း၊
= ဓာတ်လေးပါးတို့၏ သဘော လက္ခဏာနှင့်တကွ အဝိနိဗ္ဘောက ရုပ်ကိုပြခြင်း၊
= အထည်ကိုယ် ရုပ်ဆယ့်နှစ်ခုတို့၏ တစ်ကိုယ်လုံး၌ ရပ်ကို ဥပမာဖြင့်ထင်စွာပြခြင်း၊
= အချယ်ရုပ် ခြောက်ပါးတို့၏ သဘောကိုပြခြင်း၊
= အမှုရုပ်ငါးပါး၊ ရန်သူရုပ်လေးပါးဟူဆိုအပ်သော ရုပ်များကို ပြခြင်း၊
= အခြားရုပ်ကိုပြခြင်း၊
= ကလာပ်စည်းပမာဏ နှိုင်းဆရန်ကိုပြခြင်း၊
= ရုပ်သက်သက်ကိုပြခြင်း၊
= ရုပ်တို့၏ဖြစ်ကြောင်း သမုဋ္ဌာန်ကိုပြခြင်း၊
= သမုဋ္ဌာန်အထူးမှတ်ဖွယ်ကိုပြခြင်း၊
= ဘုံ၌ ရုပ်အရကိုပြခြင်း၊
= ရုပ်ကို နှစ်မျိုးခွဲ၍ပြခြင်း၊
= တေဇောရုပ်၏ထူးပုံ၊ အရာကျယ်ပုံကိုပြခြင်း၌ အကျိုးကို ပြခြင်း၊
= အဘိဓမ္မာနည်းအားဖြင့် ရုပ်တို့၏ တိုးပွားပုံကိုပြခြင်း၊
= ရူပက္ခန္ဓာ ဂိုဂြိုဟ်ရေမြှုပ်စိုင်နှင့် တူသည်ကိုပြခြင်း၊
= စိတ်ဖြစ်ပုံ အစဉ်ကိုပြခြင်း၊ ဝေဒနာက္ခန္ဓာနှင့်တကွ ယင်း

ဝေဒနာ ဖြစ်ပုံကိုပြခြင်း၊
= သညာကွန္ဓာကိုပြခြင်း၊
= သခါရကွန္ဓာကိုပြခြင်း၊
= အသိသုံးပါးနှင့်တကွ အထူးမှတ်ရန် ကိုပြခြင်း၊
= နာမ်ခန္ဓာလေးပါးတို့ ကိစ္စအားဖြင့် အမျိုးမျိုးပြားပုံ၊ တန်းစဉ်ဖြစ်ပုံကိုပြခြင်း၊
= နိယာမကိုပြခြင်း၊
= မနောဒွါရိကဇော လိုရင်းဖြစ်သည်ကို ပြခြင်း၊
= ဇောဇ်၏သဘောသရုပ်ကိုပြခြင်း၊
= လောဘ၏ သဘောနှင့်တကွ လောဘမူဇောကိုပြခြင်း၊
= ဒေါသ၏သဘောနှင့်တကွ ဒေါသမူဇောကိုပြခြင်း၊
= မောဟ၏သဘောကို ပြဆိုခြင်း၊
= အကုသိုလ်ဇော၌ ပါဝင်သော ကိလေသာဆယ်ပါးတို့ကို ပြဆိုခြင်း၊
= ကုသိုလ်ဇောအရကိုပြခြင်း၊ သဒ္ဓါ၏သဘောကိုပြခြင်း၊
= သတိစသော သခါရကွန္ဓာကိုပြခြင်း၊
= ဇော၌ ရထိုက်သော ကံအပြားကိုပြခြင်း၊
= ဝိသေသကထာကို ပြဆိုခြင်း၊
= ပရမတ္ထတရားကို အမျိုးမျိုးခွဲပြဆိုခြင်း၊
= ပညတ္တိဉာဏ်၊ ပရမတ္ထဉာဏ် နှစ်မျိုးကိုပြဆိုခြင်း၊
= နိဗ္ဗာန်သည် မိမိအနီးမှာ ရှိပါလျက်နှင့် ပုထုဇဉ်တို့ မမြင်နိုင်သည်ကို ပြဆိုခြင်း၊

===ooo===

(ခ) အဘိဓမ္မတ္ထသင်္ဂဟပမာလာ (ပွင့်လှသိမ်ကုန်း၊ ပြည်)

= စိတ်ပိုင်း၊
= စေတသိက်ပိုင်း၊
= ပကိဏ်းပိုင်း၊

(၄) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

= ဝိထိပိုင်း၊
= ရုပ်ပိုင်း၊
= သမုစ္စည်းပိုင်း၊ (အောက်ခြေ မှတ်ချက်ပါ)

(ဂ) ကိုယ်ကျင့်အဘိဓမ္မာ– (အရှင်ဇနကာဘိဝံသ)

= ပထမအခန်း၊
= ဒုတိယအခန်း၊
= တတိယအခန်း၊
= စတုတ္ထအခန်း၊
= ပဉ္စမအခန်း၊

မှတ်ချက်။ သင်တန်းကျောင်းဆိုင်ရာ စီမံချက် စည်းမျဉ်း အပိုင်း (၂)၊ အခန်း (၂)၊ အပိုဒ်– (၄၈၄၉) တို့နှင့် အညီ သင်ကြားရမည်။

(၁) အနုတ္တာသဘာဝမရှိသောတရားမှ မျက်မြင်သဏ္ဌာန် ဖြစ်ပေါ် လာပုံ။

(၂) ရုပ်သဘာဝ၊ နာမ်သဘာဝတို့ တစ်လုံးစီမဖြစ်၊ တစ်တွဲ–တစ်တွဲ ဖြစ်ပုံ (အဌကလာပ်ရုပ် ၈–ခုနှင့် စိတ်+သဗ္ဗစိတ္တသာဓာရဏာ)

(၃) မဟာဘုတ်ငါးပါး၊ သဘာဝဓမ္မတရားတို့ မျက်မြင်အားဖြင့် ပဋိပက္ခအသွင်ဆောင်၍ ဝိရောဓိဖြစ်နိုင်သော်လည်း အတူတကွ အမြဲဖြစ်နိုင်ပုံ၊

(၄) စိတ်ပရမတ်စွမ်းအင်မှ စေတသိက်ပရမတ်စွမ်းအားသို့ ၎င်းမှ တစ်ဆင့် (ကမ္မ) အလုပ်တစ်ခု ကမ္မပထ မြောက်နိုင်ပုံတို့ကို လက်တွေ့ ရှင်းလင်းပြပုံ။

(၅) ကံကံ၏အကျိုးတရားများ သဘောပေါက်နားလည်နိုင်ရန် သဒ္ဓါ, စေတနာစသော စွမ်းအား ဘာတရားများ၏ အနက်အဓိပ္ပါယ်

ဆိုလိုရင်းတို့ကို ရှင်းလင်းပြပုံ။

(၆) ကိုယ်ဖြင့်ပြုသမျှ ကာယကမ္မ၊ နှုတ်ဖြင့်ပြောသမျှ ဝစီကမ္မ၊ စိတ်ဖြင့်ကြံစည်သမျှ မနောကမ္မတို့သည် အဘိဓမ္မာ သဘာဝ တရားတို့သာ ဖြစ်ပုံ။

(၇) အဘိဓမ္မာဟူသည် သီးခြား ဘာသာရပ်တစ်ခုမဟုတ်၊ နေ့စဉ် လုပ်ကိုင်ဆောင်ရွက်ပြုမူပြောဆိုနေခြင်းသည် အဘိဓမ္မာဖြစ် ကြောင်း၊ စာတွေ့မှ လက်တွေ့အသုံးချ အဘိဓမ္မာဖြစ်ပုံများကို ရှင်းလင်း သင်ကြားရန်။

==o0o==

(၅) ပိဋကတ်သမိုင်း

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
ပိဋကတ်သမိုင်းဘာသာ	ပိဋကတ်တော်သမိုင်း (ဦးယဲ)

သင်ရိုးညွှန်းတမ်း –

= ပိဋကတ်တော်သမိုင်း (ဦးယဲ)

(က) ကျမ်းပြုဆရာအဋ္ဌုပ္ပတ်၊

(ခ) အစမှအဆုံး သင်ယူရန်၊

မှတ်ချက်။ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများဆိုင်ရာ စီမံချက် စည်းမျဉ်း အပိုင်း (၂)၊ အခန်း (၂)၊ အပိုဒ် – (၅၀၊ ၅၁၊ ၅၂)တို့နှင့်အညီ သင်ကြားရမည်။

(ကက) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(ဤဘာသာရပ်အတွက် ဆရာကိုင်မျှားအဖြစ် အောက်ပါ စာအုပ်များကို ပြဋ္ဌာန်းသည်။)

(က) အဘိဓမ္မာပိဋကတ ဓမ္မသင်္ဂဏိပါဠိတော်မြန်မာပြန် ကျမ်းဦး မှတ်ဘွယ်ဖြစ်သော ''အဘိဓမ္မာသမိုင်းချုပ်''

(ခ) တိပိဋကတ ပါဠိမြန်မာ+အဘိဓာန် ''ကျမ်းဦးမှတ်ဘွယ်များ''

(ဂ) ဂန္ဆဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ် (လှသမိန်)

(ဃ) ဗုဒ္ဓသာသနာ့အဖွဲ့ရုံက် ပိဋကတ်မြန်မာပြန်မှ – ''ကျမ်းဦး မှတ်ဘွယ်များ''

---

(၆) သာသနာ့သမိုင်း

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
သာသနာ့သမိုင်းဘာသာ	(က) သာသနာလက်ာရစာတမ်း (အစ–အဆုံး) မဟာဓမ္မသင်္ကြန်
	(ခ) သာသနဗဟုသုတ ပကာသနီ (ဘုရားဖြူဆရာတော်)
	(ဂ) ဆဋ္ဌသင်္ဂါယနာမှတ်တမ်း (စ–ဆုံး)
	(ဃ) ကလျာဏီကျောက်စာ (အစ–အဆုံး)
	(င) ဗုဒ္ဓသာသနိကပထဝီဝင် အထောက် အကူပြုကောက်နှုတ်ချက်များ

(က) သာသနာလက်ာရစာတမ်း (အစ–အဆုံး)
(မဟာဓမ္မသင်္ကြန်)

= သင်ရိုးညွှန်းတမ်း-

(ခ) သာသနဗဟုသုတပကာသနီ (ဘုရားဖြူဆရာတော်)

= သာသနာသုံးပါးကို ပြဆိုခြင်း၊

= ပရိယတ္တိဟူသော စကားတော်ကို ခွဲဝေ၍ပြခြင်း၊

= ဘုရားရှင် ထင်ရှားရှိတော်မူစဉ် ပရိယတ်ကိုဆောင်ပုံ၊

= ပဌမသင်္ဂါယနာ တင်ခြင်းငှါ အားထုတ်ခြင်း၊

= ပဌမသင်္ဂါယနာတင်ခြင်း၊

= မထေရ်အဆက်ဆက်တို့ ပရိယတ်ကို သင်ယူဆောင်ခဲ့ပုံ၊

= ဒုတိယ သင်္ဂါယနာတင်ခန်း၊

= တတိယသင်္ဂါယနာတင်ခန်း၊

= ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ခြင်း၊

သီဟိုဠ်သာသနာ၊

= ဒုဋ္ဌဂါမဏိမင်းကြီး သာသနာပြုပုံ၊

= ပေထက်အက္ခရာတင်ပုံ၊

= သီဟိုဠ်ကျွန်းဌသာသနာသုံးရပ် စည်ကား၍လာပုံ၊

= သီဟိုဠ်ကျွန်းဌ သာသနာဆုတ်ယုတ်ပုံ၊

= မြန်မာနိုင်ငံဌ သာသနာရောက်ပုံ၊

= မြန်မာနိုင်ငံသို့ ဒုတိယသာသနာ ရောက်ခြင်း၊

= မြန်မာနိုင်ငံသို့ တတိယသာသနာရောက်ခြင်း၊

= မြန်မာနိုင်ငံသို့ စတုတ္ထ သာသနာရောက်ပုံ၊

(သထုံသာသနာ) သရေခေတ္တရာသို့ ပထမသာသနာ ရောက်ပုံ၊

= ဒုတိယသာသနာရောက်ပုံ၊

= ပုဂံသာသနာရောက် သက္ကရာဇ် ရှင်းလင်းခန်း၊

= နရပတိစစ်သူကြီးလက်ထက် သာသနာ၊
= ကျစွာမင်းကြီးလက်ထက် သာသနာ၊
= ပုဂံပြည်၌ မိန်းမများ သာသနာကို စောင့်ရှောက်ပုံ၊
= ပင်းယသာသနာ၊
= ရတနာပူရ အင်းဝသာသနာ၊
= ဒုတိယမင်းခေါင်လက်ထက်သာသနာ၊
= ရှမ်းသိုဟန်ဘွားမင်း လက်ထက် သာသနာကို ဖျက်ဆီး ကြောင်း၊
= အနောက်ဘက်လွန် မင်းတရားကြီး လက်ထက် သာသနာ၊
= သာလွန်မင်းတရားကြီး လက်ထက်သာသနာ၊
= မင်းရဲရဿမိတ်မင်းလက်ထက် သာသနာ၊
= ပြည်မင်းလက်ထက် သာသနာ၊
= ရမည်းသင်းမင်းကြီး လက်ထက်သာသနာ၊
အတင်ဂိုဏ်း, အရုံဂိုဏ်း ကွဲပြားခြင်းအစ၊
= ရတနာသိဒ်ံ ရွှေဘိုသာသနာ၊
= စစ်ကိုင်းမင်းတရားကြီး လက်ထက်သာသနာ၊
= အမရပူရ ဝေဘင်မြို့သာသနာ၊
= နောင်တော်ကြီးမင်းလက်ထက် သာသနာ၊
= ရွှေဘိုမင်းလက်ထက် သာသနာ၊
= ပုဂံမင်းလက်ထက် သာသနာ၊
= **မန္တလေးသာသနာ၊**
= မင်းတုန်းမင်းတရားကြီး သာသနာပြုပုံ၊
= မင်းတုန်းမင်းတရားကြီး သာသနာတော်ကို သုဓ်သင် ရှင်းလင်းပုံ၊ သာသနာဆက် ပြည်ထောင်များ၊
= ရာမညတိုင်း၊ ဟံသာဝတီ သာသနာ၊

= ဟံသာဝတီဓမ္မ စေတီမင်းလက်ထက် နောက် သာသနာ၊
= ဓမ္မစေတီယမင်းကြီး သာသနာတော်၏ အညစ်အကြေး များကိုသုဓ်သင်ပုံ၊
= မင်းတရားကြီးရွှေထီးနှင့် သန်လျင်မြို့ ကုလားငစက်ာတို့ လက်ထက် သာသနာ မစင်ကြယ်ပုံ၊
= ယောနကတိုင်း ဇင်းမယ်သာသနာ၊
= မြန်မာမင်း များလက်ထက် မဟာဒါန်ဝန်လိုက်နာရန် အမိန့်တော်၊
= မဟာဒါန်ဝန် တိုင်တမ်းချက်အရ ရဟန်းတော်များအား သတိပေး ဆုံးမစာတမ်း၊
= မဟာဒါန်ဝန်ပြန်တမ်း၊
= ရဟန်းသံဃာတော်များနှင့်မြန်မာမင်းများ ဆက်ဆံပုံ၊
= ရဟန်းသံဃာတော်များနှင့် ရာဇဌာနီအရာရှိ၊ အဝေး အရာရှိတို့ ဆက်ဆံ ရန်ဥပဒေ၊
= ရဟန်းသံဃာတော်များ မြို့ရွာအုပ်ချုပ်မှုတွင် ပါဝင်လေ့ရှိပုံ၊
= ကိုဏ်းအုပ်၊ ကိုဏ်းချုပ်၊ ကိုဏ်းထောက်ဆရာတော်တို့ မြို့/ရွာ အုပ်ချုပ်ရာတွင် ပါဝင်ခွင့်ရပုံ၊
= သာသနာပြုဆရာတော်များအား သာသနာရေး, သာသနာ ပြုမှုဌ္ဌ လွှဲအပ်ပုံ၊
= အင်္ဂလိပ်မင်းများလက်ထက် သာသနာ၊
= အင်္ဂလိပ်အစိုးရမင်းက သာသနာချီးမြှောက်ပုံ၊
= ငသရောက် သာသနာ၊
= ငသရောက်ဆက်၊
= သာသနာဆုတ်ယုတ်မည့် အရိပ်နိမိတ် ငါးဌာနဌ္ဌ မရှိသေ လျှင် သာသနာတော်ကွယ်ပျောက်ကြောင်း၊ သာသနာ

(cc) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

ဆုတ်ယုတ်ပုံ၊ သာသနာတော်၌ အစဉ်ပေါ်လာမည့် ဘေးရန်။

(ဂ) ဆဋ္ဌသင်္ဂါယနာမှတ်တမ်း = အစ–အဆုံး
(ဃ) ကလျာဏီကျောက်စာ = အစ–အဆုံး
(င) ဗုဒ္ဓသာသနိကပထဝီဝင် အထောက်အကူပြု ကောက်နှုတ်ချက်များသာ။

မှတ်ချက်။ စီမံချက် စည်းမျဉ်းအတိုင်း အပိုင်း (၂)၊ အခန်း(၂)၊ အပိုဒ်– (၅၃၊ ၅၄)တို့နှင့် အညီ သင်ကြားရမည်။

---

(၇) သာသနာပြုနည်းအတတ်ပညာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
သာသနာပြုနည်း အတတ်ပညာ	(က) ဇိနတ္ထပကာသနီကျမ်း (ခ) တထာဂတဥဒါနဒီပနီ (ဂ) မဟာဗုဒ္ဓဝင် (ဃ) မဟာဝင်ဝတ္ထု

သင်ရိုးညွှန်းတမ်း– (က) ပထမပိုင်း
(၁) ဘုရားလောင်းဖွားမြင်တော်မူခြင်း၊
(၂) သိဒ္ဓတ္ထမင်းသား လေးအတတ်ကို သင်ယူခြင်း၊

(၃) နိမိတ်ကြီးလေးပါး ထင်ခြင်း၊
(၄) တောထွက်တော်မူခြင်း၊
(၅) ဒုက္ကရစရိယာကျင့်တော်မူခြင်း၊
(၆) ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း၊
(၇) သတ္တသတ္တာဟစံနေတော်မူခြင်း၊
(၈) သဟမ္မတိဗြဟ္မာမင်း တရားဟောရန် တောင်းပန်တော်မူခြင်း။
(၉) ဓမ္မစက္ကာတရားဟောတော်မူခြင်း၊
(၁၀) နာဠာဂကထေရ် မောနေယျအကျင့်ကို ကျင့်ခြင်း။

(ခ) ဒုတိယပိုင်း

(၁) ယသသူဌေးသား ရဟန်းပြုခြင်း၊
(၂) ဘဒ္ဒဝဂ္ဂိညီနောင်သုံးကျိပ် ရဟန်းပြုခြင်း
(၃) ဥရုဝေလကဿပ စသော ရသေ့ညီနောင်တို့ ရဟန်း ပြုကြခြင်း၊
(၄) ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း၊
(၅) ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်အလောင်းတို့ သိဂ္ဂြိဳလ်းဆရာထံ ဆည်းကပ်ခြင်း၊
(၆) မထေရ်နှစ်ပါး ဘုရားရှင်ထံ ရဟန်းပြုခြင်း၊
(၇) ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း၊
(၈) ညီတော်နန္ဒမင်းသား ရဟန်းပြုခြင်း၊
(၉) ရာဟုလာမင်းသား ရှင်ပြုခြင်း၊
(၁၀) ဝါဆိုစဉ် အကျဉ်းပြခြင်း၊

(ဆဆ) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(ဂ) တတိယပိုင်း

(၁) သာကိဝင်မင်းသား (၆)ယောက် ရဟန်းပြုခြင်း။

(ဃ) စတုတ္ထပိုင်း

(၁) ရှင်မဟာကစ္စည်းထေရ်အကြောင်း၊

(၂) ရှင်မဟာပန် စူဠပန်တို့အကြောင်း၊

(၃) ရှင်စူဠပန်ထေရ် ဉာဏ်ပညာ ထိုင်းမှိုင်းခြင်းအကြောင်း၊

(င) ပဉ္စမပိုင်း

(၁) သာကိဝင်မင်းသမီးငါးရာတို့နှင့် မိထွေးတော် ဂေါတမီ ရဟန်းပြုခြင်း၊

(၂) သစ္စကပရိဗိုဇ်ကိုအောင်မြင်တော်မူခြင်း၊

(စ) ဆဋ္ဌမပိုင်း

(၁) အဘိမ္ဟာတရား ဟောတော်မူခြင်း။

(ဆ) သတ္တမပိုင်း

(၁) မြတ်စွာဘုရား ပါလိလေယျကတောသို့ တစ်ပါးတည်း ကြွတော်မူခြင်း၊

(၂) နန္ဒောပနန္ဒနဂါးမင်းကို ချွတ်တော်မူခြင်း

(၃) ဗကဗြဟ္မာကို ချွတ်တော်မူခြင်း၊

(၄) ဝေရဉ္ဇာပြည်၌ ဝါကပ်တော်မူခြင်း၊

(၅) သူစိလောမ, ခရလောမ ဘီလူးနှစ်ယောက်တို့ကို ချွတ်တော်မူခြင်း၊

(၆) အင်္ဂုလိမာလကို ဆုံးမတော်မူခြင်း၊

(ဇ) အဋ္ဌမပိုင်း

(၁) အာဠဝကဘီလူးကို ချွတ်တော်မူခြင်း၊
(၂) ဒေဝဒတ် သံဃာကို သင်းခွဲခြင်း၊
(၃) ဗိမ္ဗိသာရမင်းကြီးကို သတ်စေခြင်း၊
(၄) ဒေဝဒတ် ဘုရားရှင်ကို သေကြောင်းကြံခြင်း၊
(၅) အဇာတသတ် ဘုရားရှင်၌ သက်ဝင်ယုံကြည်၍ သရဏဂုံတည်ခြင်း၊
(၆) ဆရာဇီဝကအကြောင်း၊
(၇) ဝေသာလီပြည် ပျက်စီးခြင်းအကြောင်း၊

(စျ) နဝမပိုင်း

(၁) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခြင်း၊

(ခ) တထာဂတ ဥဒါနဒီပနီ = (ပ–ဒု–တ–စ–ပဋ္ဌမပိုင်း)ဇိနတ္ထပကာသနီ ကောက်နှုတ်ချက် အထောက်အကူပြု အချက်အလက်များသာ။

(ဂ) မဟာဗုဒ္ဓဝင် ဘုရားရှင် (၄၅)ဝါအလိုက် (၆–တွဲ၊ ၈–အုပ်) ဟောကြားခဲ့သော ဓမ္မရတနာနှင့် သာသနာပြု လုပ်ငန်းများ၏ ကောက်နှုတ်ချက်များသာ။

(ဃ) မဟာဝင်ဝတ္ထု အထောက်အကူပြု (ကျီးသဲလေးထပ်) ကောက်နှုတ်ချက်များသာ။

မှတ်ချက်။ သင်တန်းကျောင်းများဆိုင်ရာ စီမံချက် စည်းမျဉ်း အပိုင်း (၂)၊အခန်း (၂)၊အပိုဒ်–(၅၅–၅၆)တို့နှင့်အညီ သင်ပြရမည်။

(ညည) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(၈) စီမံအုပ်ချုပ်မှုပညာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
စီမံအုပ်ချုပ်မှုပညာ	(က) ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ (အစ–အဆုံး) (ခ) ၎င်းလုပ်ထုံးလုပ်နည်းများ (အစ–အဆုံး) (ဂ) ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း (အစ–အဆုံး) (ဃ) ၎င်းလုပ်ထုံးလုပ်နည်းများ (အစ–အဆုံး) (င) သံဃနာယကလက်စွဲ (အစ–အဆုံး) (စ) ခေါင်းဆောင်မှုပညာ (အစ–အဆုံး) (ဦးမောင်မောင်)

မှတ်ချက်။ သင်တန်းကျောင်းများဆိုင်ရာ စီမံချက် စည်းမျဉ်းအပိုင်း (၂)၊ အခန်း (၂)၊ အပိုဒ်–(၅၇–၅၈)တို့နှင့်အညီ သင်ပြရမည်။

– ခေါင်းဆောင်တို့ကျင့်စဉ် (ဦးဖေအောင်)စာအုပ်ကို ဆရာကိုင်အဖြစ် အသုံးပြုရမည်။

---

(၉) မြန်မာစာပေအရေးအသား

ဘာသာရပ်	သင်ရိုးမာတိကာ ပြဌာန်းကျမ်းစာ
မြန်မာစာပေ အရေးအသား	(က) ဂမ္ဘီရကဗျာ (လယ်တီ) (ခ) တေမိယဇာတ်ဝတ္ထုတော်ကြီး (မင်းဘူး ဦးသြဘာသ) (ဂ) မြန်မာစကားပြေ လက်ရွေးစင်

သင်ရိုးညွှန်းတမ်း–

(က) ဂမ္ဘီရကဗျာ (လယ်တီ)

(၁) ခုနှစ်နှေဘုရားရှိခိုး ဆုတောင်းအမျိုးမျိုး

(၂) စိုင်ပြင်သေရည်သေရက် မေတ္တာစာ၊

(၃) ထီမေတ္တာစာ၊

(၄) မီးပွဲမေတ္တာစာ၊

(၅) နွားမေတ္တာစာ၊

(၆) သီဟတောဘုရား ကျောက်စာ၊

(၇) သာသနာလျှောက်

(၈) တပည့် မောင်သြဇာသို့ ဆုံးမသောတေးထပ်၊

(၉) မောင်သြဇာအား လက်ပန်မြိုင်နှင့် ရှားတောင့်က် ဥပမာ တင်၍ ဆုံးမသော သြဝါဒတေးထပ်၊

(၁၀) အလုံမြို့ ရွှေတာဦးတောင်တွင် သီတင်းသုံးနေတော်မူစဉ် တပည့်မောင်ပဏ္ဍိတအား ရေးသားဆုံးမတော်မူအပ်သော အနုသာသနီတေးထပ်၊

(၁၁) စီးပွားရေးအလုပ်နှင့် နေ့ပုပ်နေသော တပည့်ဖြစ်သူ မောင်သြဇာကို ဆုံးမသော တေးထပ်၊

(၄၄၅)　　ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(၁၂) အဘိဓမ္မာဆရာ ဦးထွန်းဦးနှင့် ဦးထွန်းလှတို့အား စာပေအဟော အပြောသာရှိ၍ ဝိပဿနာအလုပ် မလုပ်သဖြင့် ရေးသားဆုံးမတော်မူအပ်သော သြဝါဒ တေးထပ်၊

(၁၃) ပရမတ်သမားဆုံးမစာ၊

(၁၄) ၁၂၅၆-ခုနှစ်၊ အတွင်းကင်းဝန်မင်းကြီးထံသို့ ပေးသော သံဝေဂလေးချိုးကြီး၊

(၁၅) ၎င်းလေးချိုးကြီးအဖြေ၊

(ခ) တေမိယဇာတ်ဝတ္ထုတော်ကြီး- (မင်းဘူးဦးသြဘာသ)

(၁) သားဆုတောင်းခန်း၊

(၂) ပဋိသန္ဓေနေခန်း၊

(၃) ဖွားတော်မူခန်း

(၄) နို့ထိန်းချွေးခန်း၊

(၅) အမည်မှည့်ခန်း၊

(၆) ခိုးသူတို့ကို စီရင်ခန်း၊

(၇) ထီးချက်စောင့်နတ်သမီး မံ ခန်း၊

(၈) အလိုစမ်းခန်း၊

(၉) ပုရောဟိတ်တို့ကို မေးခန်း၊

(၁၀) မင်းမြှောက်ရန် မယ်တော်အား တောင်းပန်ခန်း၊

(၁၁) ခုနှစ်ရက် မင်းမြှောက်ခန်း၊

(ခ) မြန်မာစကားပြေ လက်ရွေးစင်=

(၁) မြန်မာ့ခြင်းခတ်ပညာ (မြမျိုးလွင်)

(၂) သတင်းစာသုံးမြန်မာစာ (ဇဝန)

(၃) ခွန်အားရှိသောစာ (ရွှေဥဒေါင်း)

(၄) ၁၉၃၃-ခုနှစ်အတွင်း မြန်မာစာ(ဦးသန့်)

(၅) ငပိလောက (ရွှေမြိတ်မောင်)
(၆) သေနင်္ဂဗျူဟာစစ်ပညာ (အောင်ဆန်း)
(၇) အိုင်စတိုင်း၏တရား(ဒီးဒုတ်ဦးဘချို)
(၈) မြကန်(တက္ကသိုလ်မောင်မောင်ကြီး)
(၉) ခုနှစ်စင်ကြယ် (မင်းသုဝဏ်)
(၁၀) ဘိလပ်ပြန် (ဦးလတ်)
(၁၁) ဆေးဆရာ (မောင်ထင်)
(၁၂) မတ္တရာဆရာတော် (မှော်ပီ ဆရာသိန်းကြီး)
(၁၃) စာကောင်း ပေကောင်း (ဇေယျ)
(၁၄) အလုပ်ဂုဏ် (ပီမိုးနင်း)
(၁၅) လုံလဝီရိယ (ဦးပဂျိုင့်)
(၁၆) ရဲရင့်ခြင်းနှင့် လုံလဝီရိယ၊ (လယ်တီပဏ္ဍိတ)
(၁၇) သတင်းဆိုး (မန်းတင်)
(၁၈) အံ့ဘွယ်စာရေးဆရာ၊(ဒဂုံဦးထွန်းမြင့်)
(၁၉) ကွမ်းတရာနှင့် လဘက်တစ်ပွဲ (ဆန်းထွန်း)
(၂၀) စာဖတ်ပါ၊ (လူထုဦးလှ)
(၂၁) လှည်းသမား (သိပ္ပံမောင်ဝ)
(၂၂) မောင်ဘစီ (ဦးဖိုးကျား)
(၂၃) အညာဘုရားပွဲ (သိပ္ပံမောင်ဝ)
(၂၄) မိုး (မောင်အာယု)
(၂၅) ကျားကိုက်သောမြင်း၊ (ရွှေဥဒေါင်း)
(၂၆) အခမဲ့ကူလီထမ်းခြင်းအကျိုး (ဦးဖိုးကျား)
(၂၇) အမေ (သိန်းဖေမြင့်)
(၂၈) ဦးရာကျော် ကောင်းမှု (မင်းယုဝေ)
(၂၉) ငဘ (မောင်တင်)
(၃၀) ပုဂံဓမ္မဃိုး (ဇော်ဂျီ)

မှတ်ချက်။ သင်တန်းကျောင်းသားများဆိုင်ရာ စီမံချက် စည်းမျဉ်းအတိုင်း အပိုင်း (၂)၊ အခန်း (၂)၊ အပိုဒ်-(၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄)တို့နှင့်အညီ သင်ကြားရမည်။

---

(၁၀) စကားပြောနှင့် တရားဟောအတတ်ပညာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
စကားပြောနှင့် တရားဟော အတတ်ပညာ	(က) ခုံတော်မောင်ကျောမ်းဝတ္ထု (ခ) ဦးပေါ်ဦးလှောက်ထုံး (ဂ) သင်္ကာစကားပုံပေါင်းချုပ် (ဃ) ဦးပုညဝတ္ထုပေါင်းချုပ်

= သင်ရိုးညွှန်းတမ်း-

(က) ခုံတော် မောင်ကျောမ်းဝတ္ထု

(၁) မောင်ကျောမ်းအတ္ထုပ္ပတ္တိ (၁၄)

(၂) မောင်ကျောမ်း ကျောင်းထားခြင်း(၁၅)

(၃) မောင်ကျောမ်းထံ သာမဏေနှင့် ကျောင်းသားများ အယူခံပုံ၊ (၁၆)

(၄) မောင်ကျောမ်း၏ ဆန်းကြယ်သော ဉာဏ်၊ (၁၇)

(၅) မောင်ကျောမ်း ရှင်ပြုခဏ်း၊ (၁၈)

(၆) ဆရာတော်နှင့် သာမဏေနှစ်ပါးတို့ လူကဲခတ်ခဏ်း၊ (၁၉-၂၀)
(၇) ဆရာတော်ရေး ပါဠိအနက် မြန်မာပြန်ဆိုခန်း၊(၂၁)
(၈) မောင်ကျာဘမ်း ရဟန်းပြုခန်း (၂၂)
(၉) မောင်ကျာဘမ်း လူထွက်ခန်း၊ ဆရာတော်ဆုံးမခန်း၊ (၂၃-၂၄)

(ခ) ဦးပေါ်ဦး လျှောက်ထုံး=

(၁) အဝိဇ္ဇာနှင့်သခ်ါရပစ္စည်းပြုခန်း၊ (၄-၅)
(၂) နိဗ္ဗာနပစ္စယ ပရမတ္ထဒါနမေးခန်း၊ (၆-၇)
(၃) ရူပဘုံ၌ဖြစ်သောသတ္တဝါတို့ ဂန္ဓ, ရသ, သြဇာ ရှိ/မရှိ မေးခန်း၊ (၈-၉)
(၄) စိတ္တဇသဒ္ဒ၊ ဥတုဇသဒ္ဒဖြစ်ဟန်မေးခန်း၊ (၁၀-၁၁)
(၅) ငွေမိုးကျတ်၍ နေခြည်တော်ခခြင်းနှင့်စပ်လျဉ်း၍ လျှောက်ခန်း၊ (၁၄)
(၆) မြေးတော်နှစ်ပါး အိမ်ရှေ့မင်းပေးရန် မေးခန်း၊ (၁၅-၁၆)
(၇) မင်းကြီးအထင်မှားရာမှ ပရိယာယ်ဖြင့် လွှတ်ခန်း၊
(၈) ဦးပေါ်ဦးကို သိန္ဒိသို့ပို့ခန်း၊ (၂၂)
(၉) သန္ဒိရောက် ဦးပေါ်ဦးရေးသော ရတုပိုဒ်စုံ၊ (၂၃)
(၁၀) သန္ဒိမှပြန်ခေါ်ခန်း၊ (၂၄)
(၁၁) သိကြားမင်းချသော ရွှေပေလွှာ အခန်း၊ (၂၆)
(၁၂) နိဗ္ဗာန်၏ ဝိမုတ္တိရသအခန်း၊ (၂၇-၂၈)
(၁၃) ထီးတော်မိုးခန်း၊ (၃၀)
(၁၄) ညီလာခံတွင် ပျော်တော်ဆက်ခန်း (၃၁)
(၁၅) ရွှေကြက်ယက် ပျော်တော်ဆက်ခန်း၊ (၃၂)
(၁၆) ထီးဖြူးတော်လဲခန်း၊ (၃၃)

(တတ) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(၁၇) တရုတ်ပြည်မှ လဘက်ဆီသေတ္တာ အကွာရောင်းလုံး
လျှောက်ခန်း၊ (၃၄)
(၁၈) ငွေအလေးချိန်မေးခန်း၊ (၃၆)
(၁၉) နိမိတ်ပေါ်သည်ကို လျှောက်ထားခန်း၊ (၃၇)
(၂၀) ခြင်္သေ့ကြီးနှစ်ကောင် လျှောက်ခန်း၊ (၃၉)
(၂၁) တရုတ်သံတို့နှင့် စကားစစ်ထိုးခန်း၊ (၄၀)
(၂၂) မြို့တံခါးပိတ်ထားခန်း၊ (၄၂)
(၂၃) ခရမ်းသီး၏ ဓာတုရသ ဖဲ့လျှောက်ခန်း၊ (၄၁)
(၂၄) ဇမ္ဗူဒီပါကျွန်း အလယ်တည့်တည့်မေးခန်း၊ (၄၄)
(၂၅) မိမိကိုယ်ကို နှိမ့်ချခန်း (၄၇)
(၂၆) ဝန်ဇင်း မင်းရာဇာကိုချီးမွမ်း၍ ဦးပေါ်ဦးလျှောက်တင်ခန်း၊(၄၈)
(၂၇) ဘိက္ခုနီပါတိမောက်အကြောင်းလျှောက်ခန်း၊ (၄၉)
(၂၈) ပိဋ္ဌကတ်တော်များကို မီးတိုက်လို၍ မိန့်ခန်း၊ (၅၀)
(၂၉) ယိုးဒယားသို့ချီရန် သင့်/မသင့် မေးခန်း (ဒုတိယတွဲ)
(၃၀) ဆင်ဖြူတော်မော်ကွန်းရေးရန် စေခိုင်းခန်း၊ (၃)
(၃၁) ဦးရွှေလေးကို ဘွဲ့ပေးခန်း၊ (၃)
(၃၂) သက္ကရာဇ်ဖြိုဟန်ကို စိဉ္ဆမာနဝတ္ထုဖြင့် လျှောက်တင်ခန်း၊(၃)
(၃၃) မိုင်းလုံးစော်ဘွား ဆင်ဖြူတော်ဆက်သခန်း၊ (၃)
(၃၄) သဂြိုဟ်ကျမ်း ချီးမွမ်းခန်း၊ (၃)
(၃၅) ငါးထက်ကြောက်သူ ရှိသေးကြောင်းလျှောက်တင်ခန်း၊ (၃)
(၃၆) သံဘုရားသာ ကျမ်းဂန်နှင့်ညီကြောင်းလျှောက်တင်ခန်း၊ (၃)
(၃၇) ဇရာဝတီမြစ်ရေတိုးလာသည်နှင့်ပတ်သက်၍ လျှောက်တင်
ခန်း၊ (၃)
(၃၈) ကရဝိတ်ဖောင်ပျက်၍ ဘုရားရေထဲကျသည်ကို လျှောက်
တင်ခန်း၊ (၃)
(၃၉) မိဖုရားကြီးအလောင်း မြို့တော်သို့ မယူဆောင်ရန် လျှောက်

ခန်း၊ (၃)
(၄၀) နှစ်လှမ်းသုံးဖဝါးသဘောအကြောင်း လျှောက်ခန်း၊ (၃)
(၄၁) သက္ကရာဇ်မပြောင်းသင့်ကြောင်းလျှောက်ခန်း၊(၃)
(၄၂) ခွေးလောင်းတော်ဖြစ်၍ မကြံနိုင်ကြောင်း လျှောက်ခန်း၊ (၃)
(၄၃) ကြိုးကြာဥရေအိုး ကွဲသည်နှင့်ပတ်သက်၍ လျှောက်ခန်း၊(၃)

(ဂ) သင်္ဃာစကားပုံပေါင်းချုပ် =
(၁) သံအမတ်ကြီး ဖယ်ယာမေးဖြေပုံ၊
(၂) တုံးတိုနှင့်ရေကူးသလို၊
(၃) သီလရှင်အပြား ၄-ပါး၊
(၄) ခွက်ကပ်နှင့်မူးသည်၊
(၅) သားအဖသုံးယောက်ဥပမာ၊
(၆) အထက်တော်မှလာသည်၊
(၇) ဟင်းခွက်ကပ် ဥပမာ၊
(၈) ရှင်ဘုရင် ဘုရားဖူးဥပမာ
(၉) ရှမ်းထမင်း ဆာသလို၊
(၁၀) အပျိုကြီး, လူပျိုကြီးဥပမာ၊
(၁၁) လွဲမှားလျှင် ငရဲလားပုံ၊
(၁၂) ငှက်တော်ဥပမာ၊
(၁၃) မျက်စဉ်းခပ်ခံရ ဥပမာ၊
(၁၄) ကျားကိုက်မယုံဥပမာ၊
(၁၅) ရွှေသမက်တွေ့ ဗူးသီးမွေ့၊
(၁၆) ပရိတ်အိုးထဲမှာ ရေမပွက်၊
(၁၇) ကျွတ်,မုန်း,ဝင် အရှုံးစကား၊
(၁၈) ခွေးမြီးပေါက်သလို ဥပမာ၊
(၁၉) စကားနှင့် ခနဲ့ခြင်း၊

(၂၀) ဥဩဘော်သာ တဘောင်၊
(၂၁) ပိန္နဲပင်ထောင်ကာမှ ခေါင်းပြောင်ရ ဥပမာ၊
(၂၂) ဘေးသင့်အောင်ကောင်း ဥပမာ၊
(၂၃) ဆီးရောင်းသလို ဥပမာ၊
(၂၄) ဒူနားတေး ကြောက်လှသလေးဥပမာ၊
(၂၅) သပွတ်ခါးသီးဝိဇ္ဇာ၊
(၂၆) တစ်တီတူးဥပမာ၊
(၂၇) ကြာလင်ပန်းဘုန်းကြီး၊
(၂၈) ချဉ်ပေါင်ကို ကာပြန်လို့၊
(၂၉) အဖျားရှူး၍ စကားထူးမိန်ခြင်း၊
(၃၀) ကျမ်းအလျော်ထုံးပြ၍ ဆုံးမပုံ၊
(၃၁) တောတွင်းသားကလေးဥပမာ၊
(၃၂) မိသေးထမင်းခွံ့သလို၊
(၃၃) မြေလတ်သားနှင့်တူပုံ၊
(၃၄) ကောက်ညှင်းပေါင်းသလို၊
(၃၅) ပွဲလမ်းနှင့်ပမာထား ဟောခန်း၊
(၃၆) သားနှစ်ယောက်ဥပမာ၊
(၃၇) ငှက်ဖျားဥပမာ၊
(၃၈) ဝက်ရူးသမားဥပမာ၊
(၃၉) ငတာတို့လင်မယားကွာသလို၊
(၄၀) ဘုန်းကြီးပျံခေါင်းသွင်း၊
(၄၁) အဆဲပြီး ဆေး အလိုရှိသည်၊
(၄၂) မျောက်သင်းကွဲဥပမာ၊
(၄၃) အပျိုကြီး ရည်းစားမျှော်သလို၊
(၄၄) ငထွား ကျွဲကျောင်းသလို၊
(၄၅) အမြောက်ကြိုက်တဲ့ ကိုရင်ကြီး

(၄၆) ကျား ငယ်ရသည်၊
(၄၇) တရားနာဖိတ် သေချာသူ၊
(၄၈) နတ်လမ်းညွှန်သလို၊
(၄၉) ပေါက်ဆိန်ဝယ်မှား၊
(၅၀) နာလည်းနာ, နံလည်းနံ၊

(ဃ) ဦးပုညဝတ္ထုပေါင်းချုပ် =

(၁) ဆဒ္ဒန်ဆင်မင်းဝတ္ထု၊

(၂) (၇)
(၃) (၈)
(၄) (၉)
(၅) (၁၀)
(၆)

မှတ်ချက်။

- စည်းမျဉ်းအပိုင်း(၂)၊ အခန်း(၂)၊ အပိုဒ်– (၆၅၊၆၆၊ ၆၇၊၆၈၊ ၆၉)အတိုင်း သင်ကြားရမည်။
- ဆရာကြီးပိမိုးနင်း၏ စကားပြောဟောနည်း စာအုပ်ကို ဆရာကိုင်အဖြစ် ပြဋ္ဌာန်းသည်။
- စကားကြီး(၁၀)ခွန်းကို သင်ကြားနိုင်သည်။ အထူးသဖြင့် ပိဋကတ်တော်လာ ဗုဒ္ဓရှင်တော်ဘုရား၏ စကားပြော နည်းများကို ထုတ်ဖော် သင်ကြားနိုင်သည်။

✿ ✿ ✿ ✿ ✿

(၁၁) အခြေခံမူလတန်းပညာ

ဘာသာရပ်	သင်ရိုးမာတိကာ ပြဋ္ဌာန်းကျမ်းစာ
အခြေခံမူလတန်းပညာ	(က) မြန်မာစာ (ခ) သခ်္ခါ (ဂ) အင်္ဂလိပ်စာ

သင်ရိုးညွှန်တမ်း =

(က) မြန်မာစာ

(၁) သူငယ်တန်း မြန်မာစာ၊
(၂) ပထမတန်း မြန်မာစာ၊
(၃) ဒုတိယတန်း မြန်မာစာ၊
(၄) တတိယတန်း မြန်မာစာ၊
(၅) စတုတ္ထတန်း မြန်မာစာ၊

(ခ) သခ်္ခါ =

(၁) သူငယ်တန်း သခ်္ခါ၊
(၂) ပထမတန်း သခ်္ခါ၊
(၃) ဒုတိယတန်း သခ်္ခါ၊
(၄) တတိယတန်း သခ်္ခါ၊
(၅) စတုတ္ထတန်း သခ်္ခါ၊

(ဂ) အင်္ဂလိပ်စာ =

(၁) သူငယ်တန်း အင်္ဂလိပ်စာ၊
(၂) ပထမတန်း အင်္ဂလိပ်စာ၊
(၃) ဒုတိယတန်း အင်္ဂလိပ်စာ၊

(၄) တတိယတန်း အင်္ဂလိပ်စာ။။
(၅) စတုတ္ထတန်း အင်္ဂလိပ်စာ၊

မှတ်ချက်။ မူလတန်းပညာရပ်များကို သင်ကြားရာ၌ သင်ကြားပုံနည်းစနစ်ကိုသာ သင်ကြားရမည်။ မိမိတို့ ကိုယ်တိုင် ဆရာလုပ်ပြီး ကလေးများကို သင်ကြားပေးနိုင်ရန်ဖြစ်သည်။

သင်တန်းသားများအတွက် ဆရာကိုင် သခ်ၤာ, အင်္ဂလိပ်စာအုပ်များကို လေ့လာနိုင်သည်အထိ သင်ကြားပေးရမည်။

စည်းမျဉ်းအပိုင်း (၁)၊ အခန်း (၄)၊ အပိုဒ် – (၁၀–ဃ)အရ ဖွဲ့စည်းထားသော သင်တန်းကျောင်းပညာသင်ကြားရေး အဖွဲ့နှင့် ညှိနှိုင်း၍ ပထမနှစ်သင်တန်းအတွက် အနည်းဆုံး (၅)တန်းအထိ သင်ကြားရမည်။ အင်္ဂလိပ်စာကို သင်ကြားရာ၌ သဒ္ဒါနည်း (၈ရမ္မာ)ကို ပူးတွဲသင်ကြားပေးရမည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့.
ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (ရန်ကုန်တိုင်း)
အမှတ်စဉ် (၁၃) တရသမအကြိမ် (၂)နှစ်သင်တန်း
နေ့စဉ် စာသင်ချိန် အခြေပြဇယား

နေ့	၁း ၀၀ မှ ၁း ၅၀ ထိ	၂း ၀၀ မှ ၂း ၅၀ ထိ	၃း ၀၀ မှ ၃း ၅၀ ထိ	၄း ၀၀ မှ ၄း ၅၀ ထိ
တနင်္ဂနွေ	ကမ္မာကမ္မ	အင်္ဂလိပ်ဂရမ္မာ	ခန္ဓက	သင်္ချာ
တနင်္လာ	သာသနာ့သမိုင်း	အင်္ဂလိပ်ဂရမ္မာ	မြန်မာစာ	။။
အင်္ဂါ	သာသနာပြု	အင်္ဂလိပ်ဖတ်စာ	အင်္ဂလိပ်ဖတ်စာ	။။
ဗုဒ္ဓဟူး	ဥာဘတောဝိဘင်း	အင်္ဂလိပ်ဂရမ္မာ	ပိဋကတ်သမိုင်း	။။
ကြာသပ	သာသနာ့သမိုင်း	စီမံအုပ်ချုပ်မှု	ကိုယ်ကျင့်အဘိ	။။
သောကြာ	သာသနာပြု	အင်္ဂလိပ်ဖတ်စာ	အင်္ဂလိပ်ဖတ်စာ	။။
စနေနေ့	ဥာဘတောဝိဘင်း	စကားပြော	သင်္ချာ	အထွေထွေ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (ရန်ကုန်တိုင်း)

အမှတ်စဉ် (၁၃) တရားသမအကြိမ် (၂)နှစ်သင်တန်း

(၆)လပတ် (ပထမအစမ်း)စာမေးပွဲ အချိန်စာရင်း

နေ့/ရက်	ဘာသာရပ်	အချိန်
၁၃ရက-ခုနှစ်သီတင်းကျွတ်လဆန်း(၈)ရက် (ဂု၊ ၁၀၊ ၂၀၀၈) အင်္ဂါနေ့	၁။ဥဘတောဝိဘင်း ၂။ ကမ္မာကမ္မ	နေ့လည် ၁း၀၀မှ ညနေ ၄း၀၀ထိ
၁၃ရက-ခုနှစ်သီတင်းကျွတ်လဆန်း(၉)ရက် (၈၊ ၁၀၊ ၂၀၀၈) ဗုဒ္ဓဟူးနေ့	၁။ခန္ဓက/အခြား ၂။ ပိဋ္ဌကတ်သမိုင်း	နေ့လည် ၁း၀၀မှ ညနေ ၄း၀၀ထိ
၁၃ရက-ခုနှစ်သီတင်းကျွတ်လဆန်း(၁၀ရက် (၉၊ ၁၀၊ ၂၀၀၈) ကြာသပတေးနေ့	၁။သာသနာ့သမိုင်း ၂။ သာသနာပြု	နေ့လည် ၁း၀၀မှ ညနေ ၄း၀၀ထိ
၁၃ရက-ခုနှစ်သီတင်းကျွတ်လဆန်း(၁၁)ရက် (၁၀၊ ၁၀၊ ၂၀၀၈) သောကြာနေ့	၁။ကိုယ်ကျင့်အဘိ ၂။ မြန်မာစာ	နေ့လည် ၁း၀၀မှ ညနေ ၄း၀၀ထိ
၁၃ရက-ခုနှစ်သီတင်းကျွတ်လဆန်း(၁၂ရက် (၁၁၊ ၁၀၊ ၂၀၀၈) စနေနေ့	၁။ အင်္ဂလိပ်စာ	နေ့လည် ၁း၀၀မှ ညနေ ၄း၀၀ထိ
၁၃ရက-ခုနှစ်သီတင်းကျွတ်လဆန်း(၁၃ရက် (၁၂၊ ၁၀၊ ၂၀၀၈) တနင်္ဂနွေနေ့	၁။ ဂဏန်းသချာ်	နေ့လည် ၁း၀၀မှ ညနေ ၄း၀၀ထိ
၁၃ရက-ခုနှစ်သီတင်းကျွတ်လဆန်း(၁၃ရက် (၁၃၊ ၁၀၊ ၂၀၀၈) တနလ်ာနေ့	၁။ စီမံအုပ်ချုပ်မှု ၂။ စကားပြော/ တရားဟော	နေ့လည် ၁း၀၀မှ ညနေ ၄း၀၀ထိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သိမှတ်ဖွယ်ရာ ကမ္မာကမ္မဘာသာ

ကမ္မာကမ္မ

ကမ္မ+အကမ္မ–မှ ကမ္မာကမ္မ ဟူသော ဝေါဟာရဖြစ်လာသည်။ အကမ္မ ၌ အ–သဒ္ဒါသည် ဝုဒ္ဓိ= အကြီးဟူသော အနက်ကို ဟောပါသည်။ ထို့ကြောင့် ကမ္မ= ကံငယ်။ အကမ္မ= ကံကြီး ဟူသောဝေါဟာရကို ဖလာ+ဖလ= သစ်သီးငယ်, သစ်သီးကြီးမှ "သစ်သီးကြီး, သစ်သီးငယ်"ဟု ဝေါဟာရပြုသကဲ့သို့ "ကံကြီး ကံငယ်"ဟု ဝေါဟာရ ပြုတော်မူခဲ့ကြပါသည်။

ရဟန်းတော်များ အခါအားလျော်စွာ ဆောင်ရွက်ပြုလုပ်ကြရမည့် "ကံကြီး ကံငယ်"များအကြောင်းကို လက်တွေ့ဆောင်ရွက်တတ်ရန် သင်ကြား ပြသရမည်ဖြစ်ပါသည်။

(ဝိ၊ ၆။ ၄။ ၂၂၃။ ဝိ၊ သင်္ဂ်ဟ။ ၃၉၁။ သာရတ္ထ၊ ၃။ ၄၀။ ဝိမတိ၊ ၂။ ၂၀။)

သံယှဉ်ကံ လေးမျိုး

ရဟန်းတော်များ ပြုလုပ်ဆောင်ရွက်ရမည့် သံယှဉ်ကံတို့သည်–

၁။ အပလောကနကံ၊ ၂။ ဉတ္တိကံ၊

၃။ ဉတ္တိဒုတိယကံ၊ ၄။ ဉတ္တိစတုတ္ထကံ– ဟူ၍ လေးမျိုးရှိ၏။

(ဝိ၊ ၂။ ၁၉၉။ ဝိ၊ ၅။ ၃၈၀။ ကခ်ဳိ။ ၂၅၅။ ဝိ၊ သင်္ဂ်ဟ။ ၃၉၁–၄၁၃။)

၁။ ညီညွတ်သော သံယှဉ်ဆန္ဒအရ သံယာကိုသုံးကြိမ်ပန်ကြား၍ ပြုလုပ်အပ်သော ကိစ္စအဝဝသည် 'အပလောကနကံ'မည်၏။

၂။ ဉတ်တစ်ကြိမ်ဖြင့်သာ ပြုအပ်သော ဥပသိကံ, ပဝါရဏာကံ အစရှိသောကံသည် 'ဉတ္တိကံ' မည်၏။

၃။ ဥတ်တစ်ကြိမ်, ကမ္မဝါစာတစ်ကြိမ်ဖြင့် ပြုအပ်သော ကထိနကံ, သီမာသမ္ဘူဟနနကံ, သီမာသမ္မုတိကံ, အစရှိသောကံတို့သည် 'ဥတ္တိဒုတိယကံ' မည်၏။

၄။ ဥတ်တစ်ကြိမ်, ကမ္မဝါစာသုံးကြိမ်ဖတ်၍ ပြုအပ်သော ဥပသမ္ပဒ အစရှိသောကံတို့သည် 'ဥတ္တိစတုတ္ထကံ' မည်၏။
(ဝိ၊၌၊၄။၂၄၃။ ကခ်ီ။၅၅။ ဝိ၊သင်္ဂဟ။၃၉၄။ ကခ်ီ၊ဋီ၊သစ်။၄၁၈။)

– အပလောကန၊ ဥတ္တိပ၊ ဒုတိယ, စတုတ္ထ၊
ရဟန်းပြုဖွယ်၊ ကံလေးသွယ်၊ အလွယ် သိဖို့ရာ။

အပလောကနကံ

ဥပစာသိမ်အတွင်းရှိ သံဃာကိုသုတ်သင်/ သံဃာတော်များ အညီအညွတ်စည်းဝေးကြပြီးလျှင် ဆန္ဒဆောင်ယူထိုက်သော ရဟန်းတို့၏ဆန္ဒကို ဆောင်ယူ၍ညီညွတ်သော သံဃာ၏အလိုအားဖြင့် သံဃာတော်အား(ဝတ္ထု၊ကို) သုံးကြိမ်ပန်ကြား၍ ပြုရသည်။

အပလောကနကံဖြင့် ပြုအပ်သောအရာဌာနသည်–

၁။ သံဃာဘောင်သို့ သွတ်သွင်းခြင်း= ဩသာရဏာ၊
၂။ သံဃာ့ဘောင်မှ နှင်ထုတ်ခြင်း= နိဿာရဏာ၊
၃။ ရှင်လောင်းကိုဆံချပေးခြင်း= ဘဏ္ဍုကမ္မ၊
၄။ ဗြဟ္မဒဏ်ပေးခြင်း= ဗြဟ္မဒဏ္ဍ၊
၅။ ကံ–ဟု မှတ်သားအပ်သော အဝန်္ဒိယ အစရှိသောအားဖြင့် (၅)မျိုးရှိသည်။ (ဝိ၊၅။၃၈၃–၄။)

= အသွင်း, အထုတ်၊ ဘဏ္ဍုကံ–ဗြဟ္မဲ၊ လက္ခဏာ၊ ကမ္မံ အပလောကန။

နိဿာရဏ အပလောကနကံပြုပုံ

· အရှင်ဘုရားတို့ သံဃာတော်ကိုပန်ကြားပါ၏။။ ဤသာမဏော သည်ဘုရားရှင်၏လည်းကောင်း၊ တရားတော်၏လည်းကောင်း၊ သံဃာတော်၏လည်းကောင်း၊ ကျေးဇူးမဲ့အပြစ်ကို ပြောဆိုလေ့ရှိ၏။။ မှားသောအယူကိုယူလေ့ရှိ၏။။ တစ်ပါးသောသာမဏေတို့သည် ရဟန်းတို့နှင့် နှစ်ညှဉ်း, သုံးညှဉ် အတူတကွအိပ်ခြင်းကို ရသကဲ့သို့ ထိုသာမဏေအား မရစိမ့်သောငှါ နှင်ထုတ်ခြင်းကို သံဃာသည် နှစ်သက်ပါ၏လော့-ဟု မြန်မာဘာသာဖြင့်ဖြစ်စေ၊ ·

သံဃံ ဘန္တေ အာပုစ္ဆာမိ၊ အယံ (ကဏ္ဍကော) သာမဏေရော ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အဝဏ္ဏဝါဒီ၊ မိစ္ဆာဒိဋ္ဌိကော၊ တံ အညေ သာမဏေရာ လဘန္တိ ဒိရတ္တတိရတ္တံ ဘိက္ခူဟိ သဒ္ဓိံ သ'ဟသေယ္ယံ့, တဿ အလာဘာယ နိဿာရဏော၊ ရုစ္စတိ သံဃဿ။။ ဟု ပါဠိဘာသာဖြင့်ဖြစ်စေ သံဃာကို ပန်ကြား၍ ပြုလုပ်ရသည်။။

အပလောကနကမ္မကထာ

(ဝိ၊ဋ္ဌ၊၄။။၂၅၀။။-၂၆၀။။ သာရတ္ထ၊၃။။၄၉၃-၄။။ ဝိမတိ၊၂။။၃၁၆-၉။။)

<u>ကထိန်၏အာနိသင်ပစ္စည်းများကို ခွဲခြမ်းဝေဖန်မှုဌ်</u>
<u>သံဃာတော် ပန်ကြားခြင်း အပလောကနကံပြုပုံ</u>

အရှင်ဘုရားတို့ တပည့်တော်သည်သံဃာတော်ကို ပန်ကြား လျှောက်ထားပါ၏။။

ဤကျောင်းတိုက်၌ ကထိန်သင်္ကန်း၏အာနိသင်ပစ္စည်းများဖြစ် ပေါ်လာပါသည်။။ ထိုအာနိသင်ဂရုဘဏ်ပစ္စည်းတို့ကိုထား၍ ကြွင်း ကျန်သော အာနိသင်ပစ္စည်းတို့ကို ဝါမဆိုသောရဟန်း၊ ဝါကျူး ဝါပြတ် သောရဟန်း၊ ပစ္ဆိမဝါဆိုသောရဟန်း၊ အာဂန္တုကရဟန်းတို့အား ခွဲခြမ်း ဝေဖန်ခြင်းကို သံဃာတော်သည် နှစ်သက် ကျေနပ်ပါ၏လော။။

သံဃံ ဘန္တေ အပလောကေမိ ကုမဿိံ (မဟာဝိသုတာရာမေ) သံဃသဿ ကထိနာနိသံသာနိ ဝတ္ထုံ ဥပ္ပန္နာနိ၊ တာနိ ဂရုဘာဏ္ဍံ ဌပေတွာ အဝသေသာနိ ဝတ္ထုံ အဝသိကာနဉ္စေဝ ဆိန္နဝသိကာနဉ္စ ပစ္ဆိမဝသိကာနဉ္စ အာဂန္တုကာနဉ္စ ဘိက္ခူနံ ဒိန္နံ၊ ရုစ္စတိ သံဃဿ။

မတသန္တကပစ္စည်းကို အပလောကနကံပြုပုံ

အရှင်ဘုရားတို့ တပည့်တော်သည် သံဃာတော်ကို ပန်ကြားလျှောက်ထားပါ၏။ ဤကျောင်းတိုက်၌ အရှင်သာဂတထေရ်သည် မိမိ၏ပစ္စည်းများကို တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်အား မျှ၍ မပေးအပ်နိုင်ပဲ ပုံလွန်တော်မူသွားပါပြီ၊ ထိုမထေရ်၏ ပစ္စည်းများ၌ ဂရုဘဏ် ပစ္စည်းများကိုထား၍ ကြွင်းကျန်သော ပစ္စည်းများကို ဂိလာနုပဋ္ဌာက ပုဂ္ဂိုလ်များအား ခွဲခြမ်းဝေဖန် ပေးကမ်းခြင်းကို သံဃာတော်သည် နှစ်သက်ပါ၏လော။

သံဃံ ဘန္တေ အပလောကေမိ၊ ကုမဿိံ အာရာမေ အာယသ္မာ သာဂတထေရော အတ္တနော သန္တကာနိ ကဿစိ အဒတွာ ဒိဝံဂတော၊ တဿ သန္တကာနိ ဂရုဘဏ္ဍံ ထပေတွာ ဂိလာနုပဋ္ဌာကာနံ ပုဂ္ဂလာနံ ဒိန္နံ၊ ရုစ္စတိ သံဃဿ။

===၁===

၂။ ဥတ္တိကံဖြင့်ပြုအပ်သောဌာနကား

(က) ရဟန်းလောင်းကို သံဃာ့ဘောင်သို့သွတ်သွင်းခြင်း(ဝိ၊၃၊၁၃၁။)

(ခ) ဓမ္မကထိကရဟန်းကို နှင်ထုတ်ခြင်း၊

(ဂ) ဥပုသ်ပြုခြင်း၊ (ဝိ၊၃။၁၄၀။၁၆၇။)

(ဃ) ပဝါရဏာပြုခြင်း၊ (ဝိ၊၃။၂၂၃။)

(င) ရဟန်းလောင်းကိုဆုံးမရန် အစရှိသည်ဖြင့် မိမိသူတစ်ပါးကို သမုတ်ခြင်း၊ (ဝိ၊၃။၁၃၁။)

(စ) စွန့်ပြီးသောသပိတ်, သင်္ကန်းအစရှိသည်တို့ကို ပြန်လည်၍ ပေးအပ်ခြင်း၊

(ဆ) အာပတ်ကိုခံယူခြင်း၊

(ဇ) ပဝါရဏာကိုငင်ခြင်း၊ (ဝိ၊ ၃။ ၂၆၀။ ၂၆၂။)

(စျ) (အာပတ္တာဓိကရုဏ်းကို မြက်ဖြင့်ဖုံးလွှမ်းသကဲ့သို့ ဖုံးလွှမ်း၍ ငြိမ်းစေခြင်းဟု ဆိုအပ်သော ဝိ၊ ၄။ ၂၀၈-၉။) ကံ ဟူ၍ မှတ်သားအပ်သော ကမ္မလက္ခဏာအားဖြင့် ကိုးပါးတည်း။ အသွင်း, အထုတ် ဥပုသ်-ပဝါရဏာ သမုတ်ရာ ပေးပါ ခံ-ငင်-လက်။

ဥတ္တိကမ္မံ၊ ကိုးဌာနံ၊ ရောက်ဟန် ယွင်းမကွက်။

(က) သြသာရဏာကံပြုပုံ

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါ အာဂစ္ဆေယျ။

(ခ) နိဿရဏာကံပြုပုံ

တစ်ခုသော အဓိကရုဏ်းကိုဆုံးဖြတ်ရာ၌ တရားကိုသာ ဟော တတ်သော ရဟန်းပါလာသည်ဖြစ်အံ့၊ ထိုရဟန်းသည် ပါတိမောက်လည်းမရ၊ ပါတိမောက်ကို ဝေဖန်၍ပြသော ဥဘတောဝိဘင်းကိုလည်းမရ၊ အနက်အဓိပ္ပာယ်ကိုလည်း မမှတ်မိ၊ အခြားရဟန်းတို့ပြောဆို နေကြသော အသံဟူသော သဒ္ဒါရိပ်ဖြင့် တားမြစ်ပြောဆိုနေကြ၏။ ထိုတရားကိုသာ ဟောတတ်သောရဟန်းကို ဥတ်ကိုရွတ်ဖတ်၍ ကြဉ်ဖယ်ထားပြီး ကြွင်းသောရဟန်းတို့က အဓိကရုဏ်းကို ငြိမ်းကြခြင်းသည် (ဥတ္တိ) နိဿရဏာကံမည်၏။

(၆) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

သုဏာန္တို မေ အာယသ္မန္တာ၊ အယံ (ကုတ္ထန္နာမော) ဘိက္ခု ဓမ္မကထိကော၊ ကုမသ နေဝ သုတ္တံ အာဂတံ ဟောတိ၊ နော သုတ္တဝိဘင်္ဂေါ၊ သော အတ္ထံ အသလ္လက္ခေန္တော ဗျဉ္ဇနစ္ဆာယာယ အတ္ထံ ပဋိဗာဟတိ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ (ကုတ္ထန္နာမံ) ဘိက္ခုံ ဝုဋ္ဌာပေတွာ အဝသေသာ ကုမံ အဓိကရဏံ ဝူပသမေယျာမ။

(ဝိ၊၄။၂၂၄-၅။)

ဇဝံ ဥဇ္ဇာဟိကာ ဝိနိစ္ဆယေ ဓမ္မကထိကသ ဘိက္ခုနော နိသာရဏာ နိသာရဏာနာမ။ (ဝိ၊၆၊၄။၂၅၇။)

(ဥပုသ်, ပဝါရဏာဥတ္တိကံ ထင်ရှားပါသည်။)

(စ) သမ္မုတိကံ

(၁) သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃသ ပတ္တကလ္လံ၊ အဟံ နာဂံ အနုသာသေယျံ။ (မိမိအတွက်)

(၂) သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃသ ပတ္တကလ္လံ၊ (ဝိမလော) နာဂံ အနုသာသေယျ။ (အခြားရဟန်းအတွက်)

(ဆ) နိသဂ္ဂိပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း

(၁) သုဏာတု မေ ဘန္တေ သံဃော၊ ကုဒံ စီဝရံ (ကုတ္ထန္နာမသ) ဘိက္ခုနော နိသဂ္ဂိယံ၊ သံဃသ နိသဋ္ဌံ၊ ယဒိ သံဃသ ပတ္တကလ္လံ၊ သံဃော ကုမံ စီဝရံ (ကုတ္ထန္နာမသ) ဘိက္ခုနော ဒဒေယျ။ (သံဃဥတ္တိကံ)

(၂) သုဏာန္တို မေ အာယသ္မန္တာ၊ ကုမံ စီပရံ (ကုတ္ထန္နာမသ) ဘိက္ခုနော နိသဂ္ဂိယံ၊ အာယသ္မန္တာနံ နိသဋ္ဌံ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ အာယသ္မန္တာ ကုမံ စီဝရံ (ကုတ္ထန္နာမသ) ဘိက္ခုနော ဒဒေယျ။ (ဂဏဥတ္တိကံ)

(ဆ) အာပတ်ကိုခံယူခြင်း

ရဟန်းတစ်ပါးက မိမိ၌ သင့်ရောက်နေသောအာပတ်ကို များစွာသော ရဟန်းတို့၏အထံ၌-

အဟံ ဘန္တေ (ကျုတ္ထန္နာမံ) အာပတ္တိံ အာပန္နော၊ တံ ပဋိဒေသေမိ ဟုပြောကြားခဲ့သော်- ဒေသနာကိုခံသော ရဟန်းတို့တွင် ဗျတ္တ, ပဋိဗလ ဖြစ်သောရဟန်းက-

သုဏာဒ္ဓ မေ အာယသ္မန္တာ၊ အယံ (ကျုတ္ထန္နာမော) ဘိက္ခု အာပတ္တိံ သရတိ ဝိဝရတိ ဥတ္တာနိံ ကရောတိ ဒေသေတိ၊ ယဒါယ-သ္မန္တာနံ ပတ္တကလ္လံ၊ အဟံ (ကျုတ္ထန္နာမသ္သ) ဘိက္ခုနော အာပတ္တိံ ပဋိဂ္ဂဏေ့ယျံ၊ ဟု ဥတ်ထား၍ ထိုပြောကြားသောရဟန်းအား-

= ပဿသိ အာဝုသော တာ အာပတ္တိယော- ဟုဆိုရမည်။

ထိုအခါ ပြောကြားသောရဟန်းက- အာမ ပဿာမိ ဟုဆိုရမည်။

တဖန်ထိုပြောကြားသောရဟန်းအား- အာယတိ သံဝရေယျာသိ ဟုဆိုရမည်။ ဤကား ဂိုဏ်းအလယ်လာ၍ ပြောကြားသောရဟန်း၏ အာပတ်ကို ဥတ်ထား၍ ခံယူခြင်းတည်း။

သံဃာ့ထံ လာ၍ ကြားရာ၌- သုဏာတု မေ ဘန္တေ သံဃော၊ အယံ (ကျုတ္ထန္နာမော) ဘိက္ခု အာပတ္တိံ သရတိ ဝိဝရတိ ဥတ္တာနိံ ကရောတိ ဒေသေတိ၊ ယဒိ သံဃသ္သ ပတ္တကလ္လံ၊ အဟံ (ကျုတ္ထန္နာမသ္သ) ဘိက္ခုနော အာပတ္တိံ ပဋိဂ္ဂဏေ့ယျံ-ဟု ဥတ္တိကံပြု၍ ရွေးနည်းအတိုင်း ပြုလုပ်ရမည်။

(ဇ) ပဝါရဏာကိုငင်ခြင်း

ခိုက်ရန်ပြုခြင်း၊ ငြင်းခုန်ခြင်းကိုပြုတတ်သော ရဟန်းတို့၏ နှောက်ယှက်ခြင်း၊ ပဝါရဏာကို ချီးမြှောက်လိုခြင်းဟူသော အကြောင်းတို့ကြောင့် ပြုရိုးပြုစဉ်ဖြစ်သော သီတင်ကျွတ်လပြည့်နေ့၌ မဟာပဝါရဏာမပြုသေးဘဲ သီတင်းကျွတ်လကွယ်နေ့၊ သို့မဟုတ် တန်ဆောင်

မှန်းလပြည့်နေ့၌ ပဝါရဏာပြုရန် အထက်သို့ ပြောင်းရွှေ့သတ်မှတ်ခြင်းကို ပစ္စုက္ကဗုန = ပဝါရဏာကိုငင်ခြင်းဟု ခေါ်ပါသည်။

ပဝါရဏာပြုမည့်နေ့၌ ဘဏ္ဍာနကာရက, ကလဟကာရက, ဝိဝါဒကာရက, ဘဿကာရက ရဟန်းတို့ ပဝါရဏာကိုဟန့်တားမည်ဟု လာကြကုန်အံ့၊ ကြိုတင်သိလျှင် ၎င်းတို့မလာမီ ပဝါရဏာကို လျင်မြန်စွာ ပြုကြရမည်။ ကြိုတင် မသိရဘဲ ၎င်းတို့သိမ်တွင်းရောက်မှ သိပါမူ ပဝါရဏာမပြုဘဲ– သုဏာန္တု မေ အာယသ္မန္တော အာဝါသိကာ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ ကဒါနိ ဥပေါသထံ ကရေယ္မာမ၊ ပါတိမောက္ခံ ဥဒ္ဒိသေယ္မာမ (ဝိ၊ ၃။၂၆၀။) အာဂမေ ကာဠေ ပဝါရေယ္မာမဟု ဥတ်ထား၍ ပဝါရဏာပြုရန် သီတင်းကျွတ်လကွယ်နေ့သို့ ရွှေ့ဆိုင်းသတ်မှတ်ခြင်းသည် ဥတ္တိပစ္စုက္ကဗုနကံ မည်၏။။

ထိုသီတင်းကျွတ်လကွယ်နေ့၌ ရှေးနည်းအတူ ဟန့်တားကြကုန်အံ့–

သုဏာန္တု မေ––– အာဂမေ ဇုဏှေ ပဝါရေယ္မာမ ဟု ဥတ်ထား၍ပဝါရဏာပြုရန် တစ်ဖန် တန်ဆောင်မုန်းလပြည့်တိုင်အောင် ရွှေ့ဆိုင်းသတ်မှတ်ခြင်းသည်လည်း ဥတ္တိပစ္စုက္ကဗုနကံ မည်၏။။

(ဝိ၊ ၃။၂၆၀။)

ဤပဝါရဏာငင်ခြင်းနှစ်ပါးတို့တွင်– ဘဏ္ဍာနကာနကာရက ရဟန်းတို့ကြောင့်ဖြစ်သော ပဝါရဏာပစ္စုက္ကဗုနကံကို ပုရိမဝဿံဝုဋ္ဌ ရဟန်းတို့ အားသာ ရကောင်းသည်ဖြစ်၍ ဥတ္တိပစ္စုက္ကဗုနကံကို ပုရိမဝဿံဝုဋ္ဌ ရဟန်းများသာပြုနိုင်၏။။ ပစ္ဆိမဝဿံဝုဋ္ဌရဟန်းတို့ ပြုခြင်းငှာ မအပ်။။

ပဝါရဏာသင်္ဂဟ

တစ်ခုသောကျောင်း၌ ဝါဆိုကြသောရဟန်းအားလုံးပင် မိမိတို့အားထုတ်ဆဲဖြစ်သော သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း နုနေသေးသော်လည်းကောင်း, သို့မဟုတ် ထက်ဝန်းသောရဟန်းတို့ နုခဲ့

သော်လည်းကောင်း, သို့မဟုတ် တစ်ယောက်သောရဟန်း နှုခဲ့သော်လည်းကောင်း ပဝါရဏာပြုပြီးက ဒေသစာရီ သွားကြမည်ဖြစ်၍ နေရာဌာနပြောင်းသဖြင့် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခွင့်မရသောကြောင့် စျာန်-မဂ်-ဖိုလ်မှ မယုတ်လျောစိမ့်သောဌာ သီတင်းကျွတ်လပြည့်နေ့၌ အားလုံးသောရဟန်းတို့ စည်းဝေး၍ သီတင်းကျွတ်လကွယ်နေ့၌ ပဝါရဏာပြုရန် ဌေ့ဆိုင်းခြင်းကို ခွင့်ပြုချီးမြှောက်တော်မူသည်။ ထို ပဝါရဏာသင်္ဃာ ပစ္စုက္ကဟုနကို ဥတ္တိဒုတိယကမ္မဝါစာ ဖြင့်ပြုအပ်သည်။ ဤပဝါရဏာချီးမြှောက်ခြင်းသည် အလုံးစုံသောရဟန်းတို့ကို ပေးမှ မဟုတ်၊ တစ်ယောက်သောရဟန်းကို ပေးလျှင်လည်း အလုံးစုံကို ပေးသည်မည်၏။ (ဝိ၊ ၃။၂၆၂။ သာရတ္ထ၊ ၃။၂၈၉။)

(၈၂) ကမ္မလက္ခဏာ

နှစ်စုနှစ်ဖွဲ့ဖြစ်ကုန်သော ငြင်းခုံခြင်းကို ပြုတတ်ကုန်သော ရဟန်းတို့သည် ရဟန်းတို့၏ အမူအရာမဟုတ်သော လွန်ကျူးသော အကျင့်ကို ကျင့်ကြကုန်၍ တစ်ချိန်သောအခါ အမြင်မှန် လဇ္ဇီသဘော သက်ဝင်ကြသောအခါ၌ "ငါတို့လွန်ကျူးအပ်ပြီးသော ဤအာပတ်တို့ကို အချင်းချင်းကုစားကြကုန်သည်ဖြစ်အံ့၊ ကြမ်းတမ်းခြင်း၊ သံယာကွဲပြားခြင်းသာဖြစ်ရာ၏" ဟု အချင်းချင်းကုစားခြင်း၏ အပြစ်ကိုမြင်၍ ကျင်ကြိုးကျင်ငယ်ကို မြက်ဖြင့် ကောင်းစွာ ဖုံးလွှမ်းခဲ့လျှင် မကောင်းသောအနှံဖြင့် မနှိပ်စက်သကဲ့သို့ အရင်းအဖျားသို့ မလိုက်ဘဲ တိဏဝတ္ထာရကသမထ ဖြင့် ငြိမ်းစေခြင်းသည် ဥတ္တိကမ္မလက္ခဏာမည်၏။

သုဏာတု မေ ဘန္တေ သံဃော၊ အမှာကံ ဘဏ္ဍနဇာတာနံ ကလဟဇာတာနံ ဝိဝါဒါပန္နာနံ ဝိဟရတံ ဗဟုံ အဿာမဏကံ အဖ္ဍာစိဏ္ဏံ ဘာသိတပရိက္ကန္တံ၊ အဓိကရဏံ ကက္ခဠတ္တာယ ဝိဠတ္တာယ ဘေဒါယ သံဝတ္တေတိယျ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ အဓိကရဏံ တိဏဝတ္ထာရကေန ဝူပသမေယျ ဌပေတွာ ထုလ္လဝဇ္ဇံ ဌပေတွာ ဂိဟိပဋိသံယုတ္တံ။ (ဝိ၊ ၄။၂၀၈။)

ဤသို့ တိဏဝတ္ထာရကသမထဖြင့်ပြု၍ အလုံးစုံတို့၏ရှေးဦးစွာ သဗ္ဗသင်္ခါရတို့က ဉာတ်ထားခြင်းသည် ကမ္မလက္ခဏာမည်၏။

တစ်စုသော သံဃာက– သုဏာတု မေ အာယသ္မန္တာ၊ အမှာကံ ဘဂ္ဂနဇာတာနံ ....– ဘေဒါယ သံဝတ္တေယျ။ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ အဟံ ယာ စေဝ အာယသ္မန္တာနံ အာပတ္တိ၊ ယာစ အတ္တနော အာပတ္တိ၊ အာယသ္မန္တာနဉ္စေဝ အတ္ထာယ အတ္တနော စ အတ္ထာယ သံဃမဇ္ဈေ တိဏဝတ္ထာရကေန ဒေသေယျံ ဌပေတွာ ထုလ္လဝဇ္ဇံ ဌပေတွာ ဂိဟိပဋိသံယုတ္တံ (ဝိ၊၄။၂၀၉။) ဟု ဉာတ်ထားရမည်၊ နောက်တစ်စုက လည်းကျ်ကဲ့သို့ ဉာတ်ထားရမည်။ တိဏဝတ္ထာရက သမထသည် ဉာတ်ကံ ဉာတ်ဒုတိယကံ နှစ်ပါးနှင့်စပ်၏။

–ထုလ္လံ ဝဇ္ဇံ ဌပေတွာ–၌ ထုလ္လဝဇ္ဇ–ဟူသည် ပါရာဇိကနှင့် သံဃာဒိသိသ်အာပတ် တို့ဖြစ်ပါသည်။

–ဂိဟိပဋိသံယုတ္တံ ဌပေတွာ–၌ ဂိဟိပဋိသံယုတ္တ–ဟူသည် လူတို့ကိုနှုတ်လှံထိုးခြင်း၊ ဆင်းရဲခြင်းကြောင့် သင့်သော သြမသဝါဒပါစိတ်၊ လူတို့အား ဝန်ခံပြီးသည်ကို ချုတ်ယွင်းစေသောကြောင့် သင့်သော ပဋိဿဝဒုက္ကဋ် အစရှိသည်ဖြစ်သည်။

–ထုလ္လဝဇ္ဇတွင် ပါရာဇိကကား အတေကိစ္စတည်း၊ သံဃာဒိသိသ်ကား ပရိဝါသ်နေမှ ထသည်။ ဂိဟိပဋိသံယုတ္တ–တွင် ဒါယကာတို့သည်လည်း ကန်တော့ဝန်ချရသည်။ ရဟန်းသည်လည်း ဒေသနာကြားမှ ထသည်၊ ထို့ကြောင့် ‘‘ဌပေတွာ ထုလ္လဝဇ္ဇံ ဌပေတွာ ဂိဟိပဋိသံယုတ္တံ–ဟု ဉာတ်၍ဟောတော်မူသည်။

ဇကဏ္ဍ သန္နိပတိတဗ္ဗံ–၌ သာမဂ္ဂိသည် ကာယသာမဂ္ဂိ, စိတ္တသာမဂ္ဂိ–ဟု နှစ်ပါးရှိရာ ဤတိဏဝတ္ထာရကသမထ၌ ဆန္ဒပေးအပ်သော စိတ္တသာမဂ္ဂိကို အလိုမရှိအပ်၊ ဆန္ဒပေးအပ်ခြင်းငှာ မအပ်သောကြောင့် ‘‘သဗ္ဗေဟေဝ ဇကဏ္ဍံ သန္နိပတိတဗ္ဗံ’’ဟု ကာယသာမဂ္ဂိပြုရမည်ဟု ဟောတော်မူသည်။

ဆန္ဒမပေးရ

၁။ သံဃာကွဲပြားနေရာမှ သံဃာညီညွတ်သည်ကို ပြုရာအခါ၊
၂။ တိဏဝတ္ထာရကသမထဖြင့် ပြုရာအခါ၊
၃။ ပဝါရဏာသင်္ဃာကို ပြုရာအခါ၊

ဤသုံးဌာနတို့၌ ဆန္ဒပေးခြင်းငှာမအပ်၊ ဆန္ဒပေးသဖြင့် ကံ မအောင်မြင်။ (ဝိ၊ဋ္ဌ၊၃။၃၆၂။)

===၂===

၃။ ဥတ္တိဒုတိယကံ

ဥတ္တိဒုတိယကံသည် ပန်ကြား၍ပြုအပ်သောကံ, မပန်ကြားပဲ ပြုအပ်သောကံ–ဟု နှစ်မျိုးရှိ၏။ ထိုတွင်သိမ်သမုတ်ခြင်း, သိမ်နှုတ်ခြင်း, ကထိန်သင်္ကန်းပေးခြင်း, ကထိန်နှုတ်ခြင်း, ကုဋီရာကို သတ်မှတ်ပြောကြားခြင်း, ကျောင်းနေရာကို သတ်မှတ်ပြောကြားခြင်းတို့သည် လေးလေးနက်နက် ပြုရသည်ဖြစ်၍ ပန်ကြား၍ပြုခြင်းငှာမအပ်၊ ကြွင်းသော ၁၃–ပါးသော သမ္မုတိ ကျောင်းယူခြင်း, သေသောရဟန်း၏ သင်္ကန်းအစရှိသည်ကို ပေးခြင်းငှာ သမုတ်ခြင်းတို့သည် လဟုကံဖြစ်၍ ပန်ကြား၍လည်း ပြုအပ်၏။ (ဝိ၊ဋ္ဌ၊၄။၂၄၃။ ကခ်ီ။၂၅၉။ ဝိ၊သင်္ဂဟ။၃၉၄)

ဥတ္တိဒုတိယကံဖြင့် ပြုအပ်သောအမှုသည်–

(က) သပိတ်လှန်ခြင်း၊ (ဝိ၊၄။၂၆၄–၅။ ဝိ၊ဋ္ဌ။၄။၅၂။ ကခ်ီ။၂၅၈)
(ခ) သပိတ်မှောက်ခြင်း(ဝိ၊၄။၂၆၃။ အံ၊၃။၁၅၈။ ဝိ၊ဋ္ဌ၊၄။၅၁၊ အံ၊ဋ္ဌ၊၃။၂၅၄။)
(ဂ) သိမ်သမုတ်ခြင်း၊ (ဝိ၊၃။၁၄၄၊ ၁၄၈။)
(ဃ) ကထိန်သင်္ကန်းပေးခြင်း၊ (ဝိ၊၃။၃၅၂။)
(င) ကထိန်နှုတ်ခြင်း၊ (ဝိ၊၂။၃၇၇။)
(စ) ကျောင်းနေရာကို သတ်မှတ်ပြောကြားခြင်း၊ (ဝိ၊၁။၂၂၆။)

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(ဆ) ဝိနည်းသိက္ခာပုဒ်ကို မသိယောင်ဆောင်ခြင်းကြောင့်မောဟန ကံသို့တင်ခြင်း၊ (ဝိ၊၂။၁၉၁။) ဟုဆိုအပ်သော ကမ္မ လက္ခဏာ အားဖြင့် ခုနှစ်ပါးရှိ၏။။ (က၁ီ။၂၅၈။)

၄။ ဥတ္တိစတုတ္ထကမ္မ နိဒ္ဒါပက

ဥတ္တိစတုတ္ထကံဖြင့် ပြုအပ်သောအမှုသည်-

၁။ ဩသာရဏာကံ

၂။ နိဿာရဏာကံ

၃။ သမ္မုတိကံ

၄။ ဒါနကံ

၅။ နိဂ္ဂဟကံ

၆။ သမနုဘာသနကံ

ဂု။ ကမ္မလက္ခဏံ-ဟု ခုနှစ်မျိုးရှိ၏။။

ထိုတွင် (၂) နိဿာရဏာကံသည်-

(က) တဇ္ဇနီယကံ

(ခ) နိယသကံ

(ဂ) ပဗ္ဗာဇနီယကံ

(ဃ) ပဋိသာရဏီယကံ

(င) အာပတ္တိအဒဿနဥက္ခေပနီယကံ

(စ) အာပတ္တိအပ္ပဋိကမ္မဥက္ခေပနီယကံ

(ဆ) ပါပိကဒိဋ္ဌိအပ္ပဋိနိဿဂ္ဂဥက္ခေပနီယကံ-ဟု (ဂ)မျိုးရှိ၏။။

(က) တဇ္ဇနီယကံ

ဘဏ္ဍာနကာရက , ကလဟကာရက, ဝိဝါဒကာရက, ဘဿကာရက, သံဃေ အဓိကရဏကာရက ဖြစ်သော ပဏ္ဍုက, လောဟိတကရဟန်းတို့ကိုငြင်းခုံခြင်း, မညီညွတ်ခြင်း၏ ဘေးကိုပြ၍ သည်းခံစေ,

ငြိမ်းချမ်းစေသောကံသည် 'တဇ္ဇနီယကံ'မည်၏။။ (ဝိ၊၄။ ၁-၄။)

– မျက်ကွယ်ငြင်းခုံခြင်းခြင်းသည် 'ဘဏ္ဍနကာရက'၊
– မျက်မှောက်ငြင်းခုံခြင်းသည် 'ကလဟကာရက'၊
– ဆန့်ကျင်ဘက်ပြောဆိုခြင်းသည် 'ဝိဝါဒကာရက'၊
– စကားများစွာပြောဆိုခြင်းသည် 'ဘဿကာရက'၊

သံဃာ၌ အဓိကရုဏ်းဖြစ်အောင် ပြုတတ်သူသည် 'သံဃေ အဓိကရဏကာရက'၊

(ခ) နိယသကံ

ဝိနည်းသိက္ခာပုဒ်၌ မကျွမ်းကျင်မလိမ္မာသဖြင့် အာပတ်သင့်မှုများသော လူတို့နှင့်ရောနှော၍ အနေများသော အရှင်သေယျသကအား 'သင်သည် ဆရာသမားကိုမှီ၍ နေရမည်'ဟု နှိပ်ကွပ်အပ်သောကံသည် 'နိယသကံ' မည်၏။။ (ဝိ၊၄။ ၁၃-၁၅၊)

(ဂ) ပဗ္ဗာဇနီယကံ

ပန်းပင်ငယ်စိုက်ပျိုးခြင်း အစရှိသည်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသော ကိဉ္စာဂိရိဇနပုဒ်နေ အဿဇိ, ပုနဗ္ဗသုက ရဟန်းတို့အား ၎င်းတို့နေထိုင်ရာ ကျောင်းရွာအစရှိသည်တို့မှ နှင်ထုတ်သောကံသည် 'ပဗ္ဗာဇနီယကံ'မည်၏။။ (ဝိ၊၄။၂၂-၉။)

(ဃ) ပဋိသာရဏီယကံ

သဒ္ဓါတရားရှိသော ရတနာသုံးပါးကိုကြည်ညိုသော, ပေးကမ်းလှူဒါန်းသော, အမှုကိစ္စရှိသမျှကို ပြုလုပ်တတ်သော သံဃာတော်ကို ပြုစုလုပ်ကျွေးသော စိတ္တသူကြွယ်ကို ဆဲရေးသောအရှင်သုဓမ္မထေရ်အား 'ထိုဒါယကာထံ ဆဲရေးသောရဟန်းကိုယ်တိုင်သွား၍ သည်းခံစေရမည်၊ တောင်းပန်ရမည်'ဟု ထိုဆဲရေးသောရဟန်းကို စေလွှတ်သောကံသည် 'ပဋိသာရဏီယကံ'မည်၏။။ (ဝိ၊၄။ ၃၇-၄၀။)

(ဂ) အာပတ္တိ အဒဿနိယဉ္စကမ္မပနီယကံ

သင့်ရောက်ပြီးသောအာပတ်ကို သိမြင်အောင် အားထုတ်ခြင်းငှာ အလိုမရှိသောကြောင့် (အရှင်ဆန္နထေရ်အား) သံဃာ့ဘောင်မှ ကြဉ်ဖယ်နှင်ထုတ်သော ကံသည် 'အာပတ္တိအဒဿနိယဉ္စကမ္မပနီယကံ' မည်၏။။
(ဝိ၊၄။၄၇-၉။)

(စ) အာပတ္တိအပ္ပဋိကမ္မဉ္စကမ္မပနီယကံ

သင့်ရောက်ပြီးသောအာပတ်ကို ကုစားခြင်းငှာ အလိုမရှိသောကြောင့် (အရှင်ဆန္နထေရ်အား) သံဃာ့ဘောင်မှ ကြဉ်ဖယ်နှင်ထုတ်ခြင်းကိုပြုသောကံသည် 'အာပတ္တိအပ္ပဋိကမ္မဉ္စကမ္မပနီယကံ' မည်၏။။
(ဝိ၊၄။၅၈-၆၀။)

(ဆ) ပါပိကဒိဋ္ဌိ အပ္ပဋိနိဿဂ္ဂ ဉ္စကမ္မပနီယကံ

မိစ္ဆာအယူကို မစွန့်သော အရိဋ္ဌရဟန်းအား သံဃာ့ဘောင်မှ ကြဉ်ဖယ်နှင်ထုတ်ခြင်းကို ပြုသောကံသည် 'ပါပိကဒိဋ္ဌိအပ္ပဋိဂ္ဂ ဉ္စကမ္မပနီယကံ' မည်၏။။
(ဝိ၊၄။၆၈-၇၁။)

၁။ <u>သြသာရဏကံ</u>

ဆိုအပ်ပြီးသော တဇ္ဇနီယအစရှိသော (၇)ပါးသောကံတို့၏ ငြိမ်းခြင်းကြောင့် သံဃာ့ဘောင်သို့ သွတ်သွင်းသောကံသည် သြသာရဏကံမည်၏။။
(ဝိ၊၄။၁၁-၁၃။၂၁-၂။၃၅-၇။၄၄-၈။၆၆-၈။၇၇-၈။)

၃။ သမ္မုတိကံ

ဘိက္ခုနောဝါဒကသမ္မုတိပေးခြင်းသည် 'သမ္မုတိကံ' မည်၏။။
(ဝိ၊၂။၇၂။)

၄။ ဒါနကံ

ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ပရိဝါသ်ပေးခြင်း, မာနတ်ပေးခြင်း သည် ဒါနကံမည်၏။

၅။ နိဂ္ဂဟကံ

အနိက္ခိတ္တဝတ် စောင့်နေစဉ် ဝတ်အကြား၌ တစ်ခုသောသံဃာ ဒိသိသ်အာပတ်သို့ သင့်ရောက်သောရဟန်းအား စောင့်အပ်ပြီးသော နေ့တို့ကို ပယ်ဖျက်ခြင်းဟုဆိုအပ်သော အရင်း(အစ)သို့ ငင်၍ ထိုအကြား၌ သင့်သောအာပတ်သို့ ပေါင်း၍နေသောပရိဝါသ်ကို ပေးခြင်း ဟူသော မူလာယပဋိကဿနကို ပြုခြင်းကံသည် နိဂ္ဂဟကံမည်၏။
(ဝိ၊ ၄။ ၁၁၄–၅၊ ၁၁၆–ရ၊)

ထိုဆိုအပ်ပြီးသောကံတို့သည်– ၁။ ဂရုကကံ
၂။ လဟုကကံ–ဟု (၂)မျိုးရှိသည်။

ထိုတွင် သီမာသမ္ဘုတိကံ, သီမာသမ္ဘေဒနကံ, ကထိနဒါနကံ, ကထိနုဒ္ဓါရကံ, ကဋ္ဌိဝတ္ထုဒေသနာ အစရှိသောကံတို့သည် ပန်ကြားခြင်း (အပလောကန)မျှဖြင့် ပေါ့ပေါ့ဆဆ မပြုသင့်၊ ဥတ္တိဒုတိယကမ္မဝါစာ ရွတ်ဖတ်၍ လေးလေးနက်နက် ပြုသင့်သောကြောင့် 'ဂရုကကံ' တို့မည် ကုန်၏။ ထိုမျှကြွင်းသော (၁၃)ပါးသော သမ္ဘုတိကံ, သေနာသနဂ္ဂါဟ သမ္ဘုတိအစရှိသောကံတို့သည် ပန်ကြားခြင်း(အပလောကနကံ)မျှဖြင့် ပေါ့ပါးစွာပြုနိုင်သောကြောင့် 'လဟုကကံ'တို့ မည်ကုန်၏။
(ဝိ၊ ဋ္ဌ၊ ၃။ ၂၄၃။ ကခ်ဳံ။ ၂၅၉။ ဝိ၊ သင်္ဂဟ။ ၃၉၅။)

ကံပျက်စီး(မအောင်မြင်)ခြင်း

ထိုလေးပါးသောကံတို့သည်–
၁။ ဝတ္ထုဝိပတ္တိ= လုပ်နည်းလုပ်ဟန်လွဲမှားမှု၊
၂။ ဥတ္တိဝိပတ္တိ= ဥတ်၏ပျက်စီးမှု၊

၃။ ကမ္မဝါစာဝိပတ္တိ= ကမ္မဝါစာ၏ပျက်စီးမှု၊
၄။ သီမာဝိပတ္တိ= သီမ်၏ပျက်စီးမှု၊
၅။ ပရိသဝိပတ္တိ= ပရိသတ်၏ပျက်စီးမှု၊
အားဖြင့် ကမ္မဝိပတ္တိ(၅)မျိုးရှိကုန်၏။ ထိုတွင် တစ်မျိုးမျိုးပျက်စီးလျှင် ဆောင်ရွက်ပြုလုပ်သည့်ကံ ပျက်စီး၏၊ မအောင်မြင်ပါ။
–ဝတ်,ဥတ်,သိမ်,ကမ်၊ ပရိသံ၊ ငါးတန်ကံပျက်ကြောင်း။

ဝတ္ထု လွဲမှားမှု (လုပ်ထုံးလုပ်နည်း) ကြောင့် ပျက်စီးခြင်း

၁။ မျက်မှောက်၌ပြုလုပ်ရမည့်ကံကို မျက်ကွယ်၌ပြုလုပ်ခြင်း၊
၂။ မေးမြန်း၍ပြုရမည့်ကံကို မမေးမြန်းပဲပြုလုပ်ခြင်း၊
၃။ ဝန်ခံခြင်းဖြင့်ပြုလုပ်ရမည့်ကံကို ဝန်ခံခြင်းမပြုပဲပြုလုပ်ခြင်း၊
၄။ သတိဝိနည်းပေးထိုက်သော ရဟန္တာပုဂ္ဂိုလ်အား အမူဠှဝိနည်းပေးခြင်း၊
၅။ အမူဠှဝိနည်းပေးထိုက်သော ပုဂ္ဂိုလ်အား တဿပါပိယသိကံပြုခြင်း၊
၆။ တဿပါပိယသိကံ ပြုထိုက်သောပုဂ္ဂိုလ်အား တဇ္ဇနီယကံပြုခြင်း၊
၇။ တဇ္ဇနီယကံ ပြုထိုက်သောပုဂ္ဂိုလ်အား နိယသကံပြုခြင်း၊
၈။ နိယသကံ ပြုထိုက်သောပုဂ္ဂိုလ်အား ပဗ္ဗာဇနီယကံပြုခြင်း၊
၉။ ပဗ္ဗာဇနီယကံ ပြုထိုက်သောပုဂ္ဂိုလ်အား ပဋိသာရဏီယကံ ပြုခြင်း၊
၁၀။ ပဋိသာရဏီယကံ ပြုထိုက်သောပုဂ္ဂိုလ်အား ဥက္ခေပနီယကံပြုခြင်း၊
၁၁။ ဥက္ခေပနီယကံ ပြုထိုက်သောပုဂ္ဂိုလ်အား ပရိဝါသ်ပေးခြင်း၊
၁၂။ ပရိဝါသ်ပေးရမည့်ပုဂ္ဂိုလ်အား အရင်းအစသို့ ပြန်ဝင်ခြင်း၊
၁၃။ အရင်းအစသို့ ပြန်ဝင်ထိုက်သောပုဂ္ဂိုလ်အား မာနတ်ပေးခြင်း၊
၁၄။ မာနတ်ပေးရမည့်ပုဂ္ဂိုလ်အား အဇ္ဈာန်သွင်းခြင်း၊

၁၅။ အင်္ဂါန်သွင်းရမည့်ပုဂ္ဂိုလ်အား ဥပသမ္ပဒကံပြုခြင်း၊
၁၆။ ဥပုသ်နေ့မဟုတ်သောနေ့၌ ဥပုသ်ပြုခြင်း၊
၁၇။ ပဝါရဏာနေ့မဟုတ်သောနေ့၌ ပဝါရဏာပြုခြင်းတို့သည်
ဝတ္ထုဝိပန္န = လုပ်ထုံးလုပ်နည်းလွဲမှားသော၊
အဓမ္မကမ္မ = ဝိနယဓမ္မနှင့်အညီ မပြုလုပ်သောကြောင့်
ကံပျက်စီးပါသည်၊ ကံ မအောင်မြင်ပါ။
= စည်းကမ်းတကျ၊ မပြုက၊ ပျက်ရဝတ္ထုကြောင့်ပါ။

မျက်ကွယ်၌ ပြုနိုင်သောကံများ

၁။ ဒုတေနုပသမ္ပဒါ (အဗုကာသိယာ)
၂။ ပတ္တုက္ကုဇ္ဇနကံ (ဝဗုလိဿဝိနော)
၃။ ပတ္တနိက္ကုဇ္ဇနကံ (။)
၄။ ဥမ္မတ္တကသမ္မုတိ (ဥမ္မတ္တကဘိက္ခုနော)
၅။ သေက္ခသမ္မုတိ (သေက္ခကုလာနံ)
၆။ ပြဟ္မဒဏ္ဍ (ဆန္နသ)
၇။ ပကာသနီယကံ (ဒေဝဒတ္တသ)
၈။ အဝန္ဒနီယကံ (အပသာဒနီယံ ဒသေန္တသ ဘိက္ခုနော)

ဤ (၈)–မျိုးသောကံတို့သည် ကံပြုရမည့်ပုဂ္ဂိုလ်၏ မျက်ကွယ်၌လည်းပြုနိုင်သည်။ ကြွင်းသောကံတို့သည် ကံပြုရမည့်ပုဂ္ဂိုလ်၏ မျက်မှောက်၌သာပြုရမည်။

မျက်မှောက်၌ကံပြုခြင်း = သမ္မုခါဝိနယ

၁။ သံဃသမ္မုခတာ = ကာရကသံဃာ၏ ညီညွတ်သည်၏အစွမ်းအားဖြင့် မျက်မှောက်ဖြစ်ခြင်း၊
၂။ ဓမ္မသမ္မုခတာ = ငြိမ်းစေအပ်သော ဝတ္ထု၏ဟုတ်မှန်ခြင်း၊

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(ဟုတ်မှန်သောဝတ္ထုတို့၏ မျက်မှောက်ထင်ရှား ရှိခြင်း)

၃။ ဝိနယသမ္မုဒတာ = အဓိကရုဏ်းငြိမ်းကြောင်းသမထတို့၏ မျက် မှောက်ဖြစ်ခြင်း၊

၄။ ပုဂ္ဂလသမ္မုခတာ = ငြင်းခုံသောပုဂ္ဂိုလ်တို့၏ မျက်မှောက်ဖြစ် ခြင်း။

ဤသို့ ပြုလုပ်အပ်သောကံသည် အောင်မြင်ပြီးစီးသည်။ ဤသမ္မုခ လေးပါးနှင့် မညီမညွတ်ပြုလုပ်အပ်သောကံသည် ဝတ္ထုဝိပန္နအဓမ္မကံဖြစ်သည်။

ပဋိပုစ္ဆာကရဏီယအစရှိသောကံတို့၏ ဝတ္ထုဝိပန္နအဓမ္မကမ္မ ဖြစ်ပုံကိုလည်း ဤနည်းကိုမှီ၍သိပါလေ။ ထိုမှတပါး ဥနဝီသတိဝဿ ဟုဂ္ဂိုလ်၊ အန္တိမဝတ္ထုအဇ္ဈာပန္နဟုဂ္ဂိုလ်၊ အဘဗ္ဗပုဂ္ဂိုလ် (၁၁)ယောက်တို့တွင် တစ်ယောက်ယောက်ကို ရဟန်းခံပေးခြင်းသည်လည်း ဝတ္ထုဝိပန္နအဓမ္မ ကမ္မဖြစ်ပါသည်။

(ဝိ၊၄။၃၈၀–၂။ ဝိ၊ သင်္ဂဟ။)

ဥတ်ကြောင့်ကံပျက်ခြင်း

ဝတ္ထု–သံဃ ပုဂ္ဂလ–ဥတ် မရွတ်ဖတ် ဥတ်ကို နောက်မှာထား (မရွတ်ဖတ်ခြင်း) ဥတ်ကြောင့်ပျက်ရန် ဤငါးတန် ကောန်သိလေပါ။

၁။ ဝတ္ထုအပရာမသန = ဝတ္ထုကို မသုံးသပ်ခြင်း၊

၂။ သံဃအပရာမသန = သံဃာကို မသုံးသပ်ခြင်း၊

၃။ ပုဂ္ဂလအပရာမသန = ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း၊

၄။ ဥတ္တိအပရာမသန = ဥတ်ကို မသုံးသပ်ခြင်း၊

၅။ ပစ္ဆာဥတ္တိဒ္ဒပန = ဥတ်ကို နောက်မှာထားခြင်း၊

ဝတ္ထုဟူသည် ဥပသမ္ပဒကံအရာ၌ ရဟန်းလောင်းဖြစ်သည်။ ဥပသမ္ပဒကံဥတ်ကို ရွတ်ဖတ်ရာဝယ် "သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော–၌

ရဟန်းလောင်း၏အမည် 'အယံနာဂေါ်'ပုဒ်ကို မရွတ်ဖတ်လျှင် သို့မဟုတ် 'အယံနာဂေါ်'ပုဒ်မပါပဲ ဥတ်ကိုရွတ်လျှင် 'ဝတ္ထုအပရာမသန'ကြောင့် ကံပျက်ပါသည်။

သံယအပရာမသန-ဟူသည် ဥတ်ကိုရွတ်ဖတ်သည့်အခါ 'သံယော'ဟူသောပုဒ်မပါဘဲ "သုဏာတု မေ ဘန္တေ၊ အယံ နာဂေါ်" ဟု ရွတ်ဖတ်လျှင် 'သံယအပရာမသန'ကြောင့် ကံပျက်ပါသည်။

ပုဂ္ဂလဟူသည် ဥပသမ္ပဒကံအရာ၌ 'ဥပဇ္ဈာယ်ဆရာတော်ဖြစ်ပါသည်။ ဥပသမ္ပဒဥတ်၌ "သုဏာတု မေ ဘန္တေ သံယော၊ အယံ နာဂေါ် ဥပသမ္ပဒါ ပေက္ခာ"ဟု ဥပဇ္ဈာယ်ဆရာတော်၏ အမည်မပါဘဲ ရွတ်ဖတ်လျှင် 'ပုဂ္ဂလအပရာမသန'ကြောင့် ကံပျက်ပါသည်။

ဥတ္တိအပရာမသနဟူသည်- ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံတို့၌ ဥတ်ကိုမရွတ်ဖတ်ဘဲ ဥတ္တိဒုတိယကံ၌ ကမ္မဝါစာကို(၂)ကြိမ်၊ ဥတ္တိစတုတ္ထကံ၌ ကမ္မဝါစာကို(၄)ကြိမ် ရွတ်ဖတ်ခြင်းသည် ဥတ္တိ အပရာမသနကြောင့် ကံပျက်ပါသည်။

ပစ္ဆာဥတ္တိဋ္ဌပန-ဟူသည် ဥတ်ကိုရှေးဦးစွာမဖတ်ဘဲ ကမ္မဝါစာဖတ်ပြီးမှ ဥတ်ကိုဖတ်လျှင် ပစ္ဆာဥတ္တိဋ္ဌပနကြောင့် ကံပျက်ပါသည်။

ကမ္မဝါစာကြောင့်ကံပျက်ခြင်း

၃၉၀။ ဝတ်-သံ-ပုဂ်-ဥတ်၊ မသုံးသပ်၊ ဥတ်ကိုနောက်မှာထား။

၃၉၁။ ဥတ္တိဝိပတ်၊ အပ်ငါးရပ်၊ သမ္ဘတ်အပြန်ငါး။

၃၉၂။ ကမ္မဝါလဲ၊ ဥတ္တိနဲ့၊ ခွဲလေဝိပ်,သမ်ငါး။

၃၉၃။ အက္ခရပဒံ၊ ယုတ်လျော့ကျန်၊ ဆယ်တန် သဒ္ဒါမှား။

၃၉၄။ ကမ္မဝါမှာ၊ ကံပျက်ရာ၊ ဥတ်မှာ ထိုနည်းလား။

၁။ ဝတ္ထုအပရာမသန= ရဟန်းလောင်း၏နာမည်ကို မရွတ် မဖတ်ခြင်း၊

၂။ သံဃအပရာမသန= သံဃော–ဟူသောပုဒ်ကို မရွတ်မဖတ်ခြင်း၊

၃။ ပုဂ္ဂလအပရာမသန= ဥပဇ္ဈာယ်ဆရာတော်၏အမည်ကို မရွတ်မဖတ်ခြင်း၊

၄။ သာဝနဟာပန= ကမ္မဝါစာကို မရွတ်မဖတ်ခြင်း၊

၅။ အကာလေ ဝါ သာဝန= ကမ္မဝါစာကို ရွတ်ဖတ်ပြီးမှ ဥတ်ကို ရွတ်ဖတ်ခြင်း၊

ဟု ကမ္မဝါစာကြောင့် ကံပျက်ကြောင်း ငါးပါးရှိသည်။

သာဝနဟာပန–ဟူသည် ကမ္မဝါစာကို လုံးဝ မရွတ်ဖတ်ဘဲ ဥတ်ကိုချည်း ရွတ်ဖတ်ခြင်းဖြစ်သည်။ ဥတ္တိဒုတိယကံ ကမ္မဝါစာရွတ် ဖတ်သည်ရှိသော် အက္ခရာကိုဖြစ်စေ, ပုဒ်ကိုဖြစ်စေ ပီပီသသ မရွတ်ဖတ်နိုင်ခြင်းသည်လည်း 'သာဝနဟာပန' ပင်ဖြစ်သည်။

ဥတ္တိစတုတ္ထကံ၌ ဥတ်ကို ၁–ကြိမ်, ကမ္မဝါစာကို ၃–ကြိမ်ရွတ်ဖတ်သော်လည်းကောင်း၊ အက္ခရာကိုဖြစ်စေ, ပုဒ်ကိုဖြစ်စေ ကျနေသော်လည်းကောင်း၊ ပီပီသသ(ဌာန်–ကရိဏ်း–ပယတ်စနစ်တက္ခ) မရွတ်ဖတ်နိုင်ခြင်းသည်သော်လည်းကောင်း 'သာဝနဟာပန' ပင်ဖြစ်သည်။

===ooo===

သိမှတ်ဖွယ်ရာ ကမ္မာကမ္မအကြောင်း ပြီးပါပြီ

(၂၁)

သင်္ကန်းအကြောင်း သိကောင်းစရာ

(စီဝရ=မှတ်ဖွယ်)

"သင်္ကန်း"ဟူသည်မှာ ရဟန္တာပုဂ္ဂိုလ်တို့၏ တံခွန်အလံသဖွယ်ဖြစ်သော သင်္ကန်း၊ ရသေ့သင်္ကန်းထက် မြတ်သောသင်္ကန်း၊ သာသနာတော်သုံး သင်္ကန်းကို ရည်ညွှန်းပါသည်။

"သင်္ကန်း"ဟူသည် ရဟန်း, သာမဏေတို့ ဝတ်ရုံသုံးဆောင်သည့် အဝတ်အထည် ဖြစ်ပါသည်။

သင်္ကန်းစီမံရာ၌ ပျက်ခြင်း ၃-မျိုးနှင့် ပြည့်စုံစေရမည်။

ပျက်ခြင်း ၃-မျိုးဟူသည်-

၁။ အပိုင်းပိုင်း ဖြတ်ခြင်းအားဖြင့် တန်ဖိုးပျက်ခြင်း။

၂။ အပိုင်းအပြတ်တို့ကို ချုပ်စပ်ခြင်းအားဖြင့် (ကောင်းသော အတွေ့အထိ) နူးညံ့မှုပျက်ခြင်း။

၃။ ချုပ်လုပ်မှု, ဆိုးရေဆိုးမှု, ကပ္ပဒိန္ဒုထိုးမှု စသည်တို့ကို ပြုခြင်းအားဖြင့် အရောင်အဆင်း ပျက်ခြင်းတို့ဖြစ်၏။

(ဝိ၊ဋ္ဌ၊၁။၂၀၄။) ဘိန္နပဋ္ဌဝရ-လည်းကြည့်ပါ)

ယင်းသင်္ကန်းသည်

၁။ ပံသုကူသင်္ကန်း (ပံသုကူလစီဝရ),

၂။ လူတို့လှူဒါန်းသောသင်္ကန်း (ဂဟပတိစီဝရ) ဟု ၂-မျိုး ရှိပါသည်။ ထိုတွင် ပဌမဗောဓိခေါ်သော မြတ်စွာဘုရား ဝါတော် ၂၀-အတွင်း၌ "ပံသုကူသင်္ကန်း"ကိုသာ အသုံးပြုတော်မူကြသည်။ (ပံသုကူလ အဓိပ္ပါယ်ကို ဆိုင်ရာပုဒ်၌ကြည့်ပါ။)

မြတ်စွာဘုရား ဝါတော် ၂၀-ကျော်မှ "ဆရာဇီဝက"၏ တောင်းပန်မှုကို အကြောင်းပြု၍ လူတို့လှူသောသင်္ကန်းကို ခွင့်ပြုတော်မူရကား လူတို့တွင် အဦးဆုံး သင်္ကန်းလှူသူသည် ဆရာဇီဝကပင်

ဖြစ်ပါသည်။ (ဝိ၊၃။၃၉၂။) (မ၊၆၊၄။၂၁၉။)၌မူ ဘုရားရှင် ဝါတော်(၁)ဝါအရတွင် မိထွေးတော်ဂေါတမီ သင်္ကန်းလှူချင်သောစိတ်ဖြစ်၍ ရက်, ချုပ် လှူဒါန်းသည်ဟု ဆိုသည်။)

အပ်စပ်သောသင်္ကန်းဖြစ်ရန် ချည်အမျိုးအစားကိုလိုက်၍ "ခံချည် (ပိုက်ဆံချည်)ဖြင့် ရက်အပ်သောသင်္ကန်း, ဝါချည်ဖြင့် ရက်အပ်သောသင်္ကန်း, ပိုးချည်ဖြင့်ရက်အပ်သောသင်္ကန်း, သိုးမွေးချည်ဖြင့် ရက်အပ် သော သင်္ကန်း, သျှမ်ချည်ဖြင့် ရက်အပ်သောသင်္ကန်း, ချည်အမျိုးမျိုး ရောရှိ ရက်အပ်သောသင်္ကန်း-ဟု သင်္ကန်း ၆-မျိုးရှိပါသည်။ (ဝိ၊၃။၃၉၄။ စူဠနိ၊၆၊၁၁၀။ ခုဒ္ဒသိက္ခာ၊၃၀။) ထို့ပြင် ဘွဲ့ဖြူသင်္ကန်း, ပဋ္ဋဏ္ဍာအရပ်၌ဖြစ်သောသင်္ကန်း, သောမာရအရပ်၌ ဖြစ်သောသင်္ကန်း, စိန္နဝိုင်း၌ ဖြစ်သောသင်္ကန်း, တန်ခိုးကြောင့်ဖြစ်သော သင်္ကန်း, နတ်တို့လှူသောသင်္ကန်း-ဟု ရှေ့သင်္ကန်း ၆-မျိုးအား လျော်သောသင်္ကန်း (အနုလောမ စီဝရ)အားဖြင့် ၆-မျိုးရှိပါသည်။ (စူဠနိ၊၆၊၁၁၀။ ခုဒ္ဒသိက္ခာ၊၃၁။ သာရတ္ထ၊ ၂။၃၈၅။ သာရတ္ထ၊၃။၃၃၃။ ဝိနယဝိနိစ္ဆယ၊၄၅၁-၂။ ၎င်းဋီ၊၅၅၁-၂) ထို ၆-မျိုးကို အနုလောမအဖြစ်ဖြင့် ခွင့်ပြုအပ်သော သင်္ကန်းတို့ဖြစ် သည်။ (ဝိ၊၆၊၃။၃၈၅။)

ခါးဝတ်သင်္ကန်း (သင်းပိုင်း), ကိုယ်ရုံသင်္ကန်း (၎ကစီ), နှစ်ထပ်သင်္ကန်း (ဒုကူဋ္ဌသင်္ကန်းကြီး), မိုးရေခံသင်္ကန်း (ရေသနုပ်), ထိုင်သောအခါ အသုံးပြုသောသင်္ကန်း=နေရာထိုင် (နိသီဒိုင်), အိပ်ရာခင်းသင်္ကန်း, အမာ(အနာ)လွှမ်းသင်္ကန်း, မျက်နှာသုတ်သင်္ကန်း, = မျက်နှာသုတ်ပုဝါ, ရှေ့ ၈-မျိုးမှတစ်ပါး ရေစစ်, သပိတ်အိတ်စသည် ဝိကပ္ပနာလောက်သော အသုံးအဆောင်ဖြစ်သော အဝတ်အထည် (ပရိက္ခာစောဠ)ဟု အမည် အားဖြင့် ၉-မျိုး ရှိပါသည်။ (ဝိ၊၃။၄၁၁။)

ထို ၉-မျိုးတို့တွင် သင်းပိုင်, ကိုယ်ရုံ, ၂-ထပ်သင်္ကန်း ၃-ထည်တို့သည် မူလသင်္ကန်းများဖြစ်သည်။ ကျန် ၆-မျိုးတို့ကား နောက်

ထပ်ခွင့်ပြုသော သက်နှံးများဖြစ်ပါသည်။ ထို ၆-မျိုးတို့တွင် မိုးရေခံသက်နှံးကို သက်နှံးမပါ ဗလာကိုယ်ထည်းတည်း မိုးရေခံ (မိုးရေချိုးကြ)သော ရဟန်းတို့ကို အကြောင်းပြု၍ ဝိသာခါ၏ လျှောက်ထား တောင်းပန်မှုကြောင့် ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃။၄၀၆။)

နေရာထိုင် (နိသီဒိုင်)သက်နှံးကို ရဟန်းအများကို အကြောင်းပြု၍ "ကိုယ်ကိုစောင့်ရှောက်ခြင်း (ကာယဂုတ္တိ)၊ သက်နှံးကို စောင့်ရှောက်ခြင်း (စီဝရဂုတ္တိ) ဓကျောင်းအိပ်ရာ နေရာကိုစောင့်ရှောက်ခြင်း (သေနာသနဂုတ္တိ) အကျိုး" ၄ါ ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃။၄၁၀။)

အိပ်ရာခင်းသက်နှံးကို နေရာထိုင်ငယ်နေ၍ မခင်းလောက်သောကြောင့် ခွင့်ပြုတော်မူသည် (ဝိ၊ ၃။၄၁၀။) အမာလွှမ်းသက်နှံးကို အရှင်ဓမ္မလဒ္ဓသီသအား "ဝဲကြီးနာ" စွဲသည်ကို အကြောင်းပြု၍ ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃။၄၁၀။) မျက်နှာသုတ်သက်နှံးကို ဝိသာခါ လှူဒါန်းသည်ကို အကြောင်းပြု၍ ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃။၄၁၀-၁။) ပရိက္ခရာစောဠကို ရေစစ်, သပိတ်အိုပ်စသည် လိုနေသောကြောင့် ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃။၄၁၀။)

ထို့ပြင် "ဥတု(ရာသီ)လာသော ရဟန်းမတို့ သုံးဆောင်ရန်ခွင့်ပြုသော ဥတုနှီးသက်နှံး, ညှပ်ရိုးအောက်, ချက်အထက်အရပ်တို့ကို ဖုံးလွှမ်းရန် ခွင့်ပြုသော ရင်လွှမ်းသက်နှံး" ဟု ရဟန်းမတို့သာ သုံးဆောင်နိုင်သော သက်နှံးနှစ်မျိုး ရှိသေးသည်။ (ဝိ၊ ၂။၃၉၉-၄၀၁။) ရဟန်းမတို့သည် သင်းပိုင်, ဇကစီ, နှစ်ထပ်သက်နှံး, ရေသနုပ်သက်နှံး, ရင်လွှမ်းသက်နှံး ၅-ထည်ကို ၅-ရက်တစ်ကြိမ် ပြောင်းလဲ သုံးဆောင်ရသည်။ (ဝိ၊ ၂။၃၇၀။)

သမန်းမြက်သက်နှံး, လျှော်တေသက်နှံး, ပျဉ်ချပ်သက်နှံး, လူတို့၏ဆံပင်ဖြင့် ရက်အပ်သောသက်နှံး, သားမြီးဖြင့် ရက်အပ်သော သက်နှံး, သစ်နက်ရေသက်နှံး, မရိုးမျှင်ဖြင့် ရက်အပ်သောသက်နှံး,

သင်ပန်းမျှင်ဖြင့် ရက်အပ်သောသက်နှံး, သစ်ခေါက်,သစ်ခွံဖြင့် ပြုအပ်သောသက်နှံး, နွယ်ဖြင့်ပြုအပ်သောသက်နှံး, ငှက်ပျောလွှာတို့ဖြင့် ပြုအပ်သောသက်နှံး, ဝါးဖြင့်ပြုအပ်သောသက်နှံး'' စသည်တို့ကား **ရဟန်းသာမဏေများ မဝတ်ရုံ မသုံးဆောင်ကောင်းသော သက်နှံး** များ ဖြစ်ကြသည်။ (ဝိ၊၃။၄၂၁။စူဠနိ၊၆၅၊၁၁၀။)

တစ်နည်းအားဖြင့် အလုံးစုံ ညို, ဂွေ, နီ, မောင်း, မည်းနက်သော သက်နှံး, ကင်းခြေများကျောက်ကုန်းအဆင်း အစရှိသောသက်နှံး, ဖက်ရွက်ရော် (ပဒုမာကြာ) အဆင်းရှိသောသက်နှံး, မဖြတ်အပ်သော အမြှေတ်အဆာရှိသောသက်နှံး, ရှည်သော အမြှေတ်အဆာရှိသောသက်နှံး, ပန်းပွင့် အမြှေတ်အဆာရှိသောသက်နှံး, သစ်သီးအမြှေတ်အဆာရှိသော သက်နှံး, သင်တိုင်း (အင်္ကျီကိုယ်ကျပ်), လျှော်တေသက်နှံးဟု **မသုံး ဆောင်ကောင်းသော သက်နှံး ၁၃-မျိုး**ရှိပါသည်။ (ဝိ၊၃။၄၂၂-၃။ ဝိ၊၄။၄၅၉။) ခိုးသူလုယက်၍ သက်နှံးမရှိဖြစ်နေပါက မအပ်သော သက်နှံး အားလုံး အသုံးပြုနိုင်၏။ (ခုဒ္ဒသိက္ခာ၊ ၅၇။ ခုဒ္ဒသိက္ခာ၊ဋ္ဌီ၊ ဟောင်း၊၅၇။ ခုဒ္ဒသိက္ခာ၊ဋ္ဌီ၊သစ်၊၅၇။)

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့မှ ဒက္ခိဏာဂိရိဇနပုဒ်သို့ကြွစဉ် **အစ္ဆိဗန္ဓ**= ၄-ထောင့်လယ်, **ပါဠိဗန္ဓ**= လယ်လျားရှည် (လယ်ရှည်), **မရိယာဗန္ဓ**= အကြား အကြားဌ် ကံသင်းဖွဲ့အပ်သောလယ်, **သီဃ်ာ-ဋ္ဌကဗန္ဓ**= ၄-ထောင့်အကွက် အကွက်ဖွဲ့အပ်သော လယ်တို့ကို ရှင်အာနန္ဒာအား ညွှန်ပြ၍ ထိုလယ်တို့၏ပုံဟန် ပုံသဏ္ဌာန်နှင့်တူစွာ သက်နှံး ချုပ်စေတော်မူ၏။ ရှင်အာနန္ဒာသည် **ကုသိ**= တလုပ်မြောင်း ရှည်၊ **အနုဝါတ**= မူလအနားပတ်ရှည်၊ ထပ်တင်သောအနားပတ်ရှည်၊ **အဗ္ဘုကုသိ**= တလုပ်မြောင်းတို, **ပရိဘဏ္ဍ**= မူလအနားပတ်တို၊ ထပ်တင်သောအနားပတ်တို၊ **မဟာမဏ္ဍလ**= ၅-ခန်းရှိသောသက်နှံး၏ တစ်ခန်းတစ်ခန်းဌ အခန်းကြီး ၅-ခန်း, **အဟုမဏ္ဍလ**= ၅-ခန်းရှိသော သက်နှံး၏ တစ်ခန်းတစ်ခန်းဌ အခန်းငယ် ၅-ခန်း, **ဝိဝဋ္ဋ-ခေါင်စပ်**=

ခေါင်ခန်း, **အနုဝိဝဋ္ဋ**= ခေါင်ရန် ၂-စပ်, (တစ်နည်းအားဖြင့် ခေါင်ရန် ၄-စပ်ကို အနုဝိဝဋ္ဋသက်နှံးရုံးရာ လက်လိပ်ပြင်ဘက်ကျသော အစွန်း ၂-ခုကို ဗာဟန္တ-ဟု ခေါ်သေးသည်။) ဂီဝေယျက= (ကြာရှည် ခိုင်ခံ့စေခြင်းငှါ) အနားပတ်အပြင် လည်ပင်းနေရာ၌ ထပ်အပ်သော အထပ်အလွှာ, ဇယ်ယျက= ခြေသလုံးနေရာ၌ ထပ်အပ်သော အထပ်အလွှာတို့ဖြင့် စီစဉ်၍ သက်နှံးချုပ်တော်မူသည်။ (ဝိ၊၃။၄၀၀-၁။ ဝိ၊၅၊၃။၄၀၈-၉။ ဝိနယဝိနိစ္ဆယ၊၅၆၃-၄။ ၎င်းဋ္ဌီ၊၅၆၃-၄။ ဝိနယာလင်္ကာရ၊၂။၃၇၈။) ၂-ထပ်သက်နှံး၌ ထပ်တင်အပ်သော အပိုအထပ်အလွှာကို ဂီဝေယျ, ဇယ်ယျက ဆိုသည်။ ထိုအပိုအထပ်အလွှာကို ဝိမတိဆရာတို့လက်ထက်ကပင် မပြုလုပ်ကြတော့။ (ဝိမတိ၊ ၂။ ၂၈၉။)

ရှင်အာနန္ဒာ ရွာတွင်းသို့ ဆွမ်းခံဝင်စဉ် လေကြောင့် သက်နှံးလွင့်သည်ကို အကြောင်းပြု၍ ဂဏ္ဌိက= ကမ္ပတ်သီး, ကမ္ပတ်ကွင်း, ဂဏ္ဌိကဖလက= ကမ္ပတ်သီးအိမ်, ပါသကဖလက= ကမ္ပတ်ကွင်းအိမ်တို့ကို ခွင့်ပြုတော်မူသည်။ (ဝိ၊၄။၂၇၇။ ဝိ၊၅၊၁။၂၅၂။ ဝဇိရ၊၅၂၄။) ကေစိ၌ အယုတ်ဆုံးအားဖြင့် အလျား ၅-တောင် တောင်ဆုပ်၊ အနံ ၃-တောင်, တောင်ဆုပ်၊ အကြီးဆုံးအားဖြင့် မြတ်စွာဘုရား၏ သက်နှံးတော် အောက် ပမာဏရှိရပါသည်။ သင်းပိုင်၌ အနံ ၂-တောင့်ထွာ၊ သို့မဟုတ် ၂-တောင် ပမာဏသာ ထူးသည်။ (ဝိ၊၅၊၂။၂၂၆။ ကခ်ီ၊ ၁၅၃-၄။ ခုဒ္ဒသိက္ခာ။၃၇-၈။ ဝိနယဝိနိစ္ဆယ၊၅၅၆-၇-၈။)

သက်နှံး၌ အယုတ်ဆုံးအားဖြင့် ၅-ပိုင်း ၅-ခန်း ဖြတ်ရသည်၊ လုံးဝ မဖြတ်သောသက်နှံး, ၂-ဖြတ်, ၃-ဖြတ်, ၄-ဖြတ် ဖြတ်သော သက်နှံးများ မအပ်ပါ။ (ဝိ၊၃။၃၅၃။၄၀၁။ ဝိ၊၅၊၃။၃၉၂။) "မဏ္ဍလဆွ အဖုမဏ္ဍလဆွ ဇကတော ကတွာ သိဗ္ဗိတံ မဇ္ဈိမခဏ္ဍံ (ဝိ၊၅၊၃။၄၀၈။)" စကားအရ မဟာမဏ္ဍလ, အဖုမဏ္ဍလ အစပ်ကိုပြသဖြင့် ရှေးက တလုပ်မြောင်းပါဖြတ်ကြောင်း ထင်ရှား၏။ သို့ရာတွင် "ပဋ္ဌ ဝါ အတိရေ-

ကာနိ ဝါ ခဏ္ဍာနိ ကတွာ မဟာမဏ္ဍလအမုမဏ္ဍလာနိ ဒသေတွာ ကတေနေဝ ဝဋ္ဋတိ။ (ဝိ၊ဋ္ဌ၊၃။၃၉၂။)'' စကားကို ထောက်ဆ၍ တလုပ်မြောင်းကို မဖြတ်သော်လည်း အပ်သည်ဟု ဝိနယဆေက, ဝိနယဂရုက ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြသည်။

သင်္ကန်းသည် အဝတ်အားလုံးတို့တွင် အမြတ်ဆုံးဖြစ်သည်။ လူဘဝဖြင့် ရဟန္တာဖြစ်သူသည် ယုတ်ညံ့သောလူ့အသွင်ဖြင့် မြင့်မြတ်သော အရဟတ္တဖိုလ်ကို မဆောင်နိုင် မရနိုင်၊ ရဟန္တာဖြစ်သောနေ့မှာပင် ရဟန်းမူလည်း ပြုရ၏။ ရဟန်းမပြုလျှင်ကား ပရိနိဗ္ဗာန်စံရ၏။ နတ်တဝဖြင့် အနာဂါမ် ရဟန္တာဖြစ်သော ကာမာဝစရနတ်တို့လည်း တော, တောင်စသော ဆိတ်ငြိမ်ရာအရပ်မရှိသောကြောင့် တခဏမျှ မတည်တံ့နိုင်၊ ဘုမ္မစိုး (ဘူမိစိုး)နတ်တို့ကား တော, တောင်စသော ဆိတ်ငြိမ်ရာအရပ်ရှိသောကြောင့် ရဟန္တာအဖြစ်ဖြင့် တည်တံ့နိုင်၏။ (ဒီ၊ဋ္ဌ၊၃။၉၇။ မ၊ဋ္ဌ၊၃၁၃။ မ၊ဋီ၊၃။၉၃။ အံ၊ဋီ။၃။၂၈၅။)

ရှေးဦးစွာသော သောတာပန်ဖြစ်သောလူအား နောက်မှ သောတာပန်ဖြစ်သော ရဟန်းက အရိုအသေပြုမှုစသည်ကို ပြုသင့်သည်ဟု ပြောကြားသော သာကီနွယ် ဆွတော်မျိုးတော်တို့စကားကို မြတ်စွာဘုရား ကြားသိတော်မူရသည်။ ထိုအခါ မြတ်စွာဘုရားက ''အမျိုးဇာတ်, ပူဇော်ထိုက်သောအကြောင်း, အသွင်ပုံဟန် တစ်ခြားစီဖြစ်သည်။ အကျင့်အားဖြင့် အဆင့်အတန်းမြင့်သော်လည်း အနာဂါမ်လူပုဂ္ဂိုလ်က သင်္ကန်းတန်ခိုးကြောင့် ယနေ့ဖြစ်စ ပုထုဇဉ် ရှင်သာမဏေကိုပင် အရိုအသေပြုရသည်။ လူသောတာပန်နှင့် ရဟန်းသောတာပန်နှိုင်းစာမရ၊ ရဟန်းသောတာပန်က အရဟတ္တဓဇသင်္ကန်းကြောင့် လူသောတာပန်ထက် သာလွန်၍ မြင့်မြတ်လှတော့သည်''ဟု မိန့်တော်မူသည်။ (သုတ္တနိ၊ဋ္ဌ၊၁။၂၆၁–၂။)

လမ်းခရီးဌ္ဌ စွန့်ပစ်ထားသော မစင်လိမ်းကျံသော သင်္ကန်းကိုပင် လက်အုပ်ချီမိုး ရှိခိုးအပ်၏။ ပွင့်ပြီး,ပွင့်ဆဲ, ပွင့်လတ္တံ့တော်မူသော ဘုရားရှင်

တို့သည် ဤသက်နှံးဖြင့် ကိလေသာခပ်သိမ်း ကင်းငြိမ်း စင်ကြယ်သောကြောင့်ပင် ဖြစ်ပါသည်။ (အပ၊ဘ။၅၂။ အပ၊ဋ္ဌ၊ဘ။၃၃၁–၂။)

သက်နှံးသည် သာသနာကွယ်ခြင်း, မကွယ်ခြင်း၏ မှတ်တိုင်သဖွယ်ဖြစ်သည်။ ဤသက်နှံးဖြင့် ငါတို့အား အကျိုးမမျှားဟု နှလုံးသွင်း၍ သက်နှံးကို မစွန့်ပစ်သမျှ ''လိင်္ဂသာသနာ''မကွယ်ပနှင်၊ သက်နှံးကို စွန့်ပစ်သောအခါမှ လိင်္ဂသာသနာ ကွယ်ပသည်။ (အံ၊ဋ္ဌ၊ဘ။၃၀။) သက်နှံးလှူခြင်းကြောင့် ရွှေအဆင်းကဲ့သို့ ဝါဝင်းလှပခြင်း, အညစ်အကြေးကင်းခြင်း, ပြုံးပြုံးပြက်ပြက် အရောင်ထွက်ခြင်း, တန်ခိုးရှိန်စော်အာနုဘော်ကြီးခြင်း, ကိုယ်လုံးကိုယ်နေ ပြေပြစ်ချောမောခြင်း, အဆင်းလှသောပုဆိုး, အဝတ်, အထည်တစ်သိန်းကို ရနှိုင်ခြင်း, ပိုးထည်သင်္ကလပ်ထည်တို့ကို ရနှိုင်ခြင်း, ခေါမတိုင်းဖြစ်အထည်–ဝါချည်အထည်တို့ကို ရနှိုင်ခြင်း, ၈–ပါးတို့ ဖြစ်ပါသည်။

ရွှေသို့အဆင်း၊ မြူသို့ကင်း၍၊ ရောင်ဝင်းစုံဝ၊ ထွန်းလင်းပ၏။။ နုလှကာယ၊ မကသိန်းဘို၊ ပုဆိုးရလိမ့်၊ ဝါ,ရွှေ,ဖြူ,နီ၊ ဤရှစ်လီသည်၊ ကျမ်းညီ သက်နှံးလှူကျိုးတည်း။(အပ၊ဘ။၃၅၈–၉။)

တဘော်ဆင်မြန်း၊ ဝတ်သက်နှံးကို၊ လှူဒါန်းသည့်သူ၊ အဆင်းလှူတည့်၊ နတ်လူတို့ဘောင်၊ ဖြစ်တိုင်နောင်ဝယ်၊ အခါင်ဦးစွန်း၊ ကိုယ်ရောင်ထွန်း၍၊ တုကျွန်းလွတ်ကွာ၊ မယ်ဥမွာနှင့်၊ ပဘာဝတီ၊ နတ်တပြည်သို့၊ အညီနှိုင်းရှိ၊ လှခေါင်ထိလိမ့်။ (သံ၊ဘ။ ၂၉။သံ၊ဋ္ဌ၊ဘ။ရ၈။ မဃဒေဝ၊၅၀ရ။)

အရှင်မဟာကဿပလောင်း သူကြွယ်တစ်ဦးသည် သက်နှံးလှူခဲ့ဖူးသော ကောင်းမှုကြောင့် ဗာရာဏသီပြည်တွင် နန္ဒမင်း ဖြစ်ရသည်။ အရပ် ၄–မျက်နှာမှ တစ်ထည်လျှင် တစ်သိန်းမကတန်သော အဝတ်တန်ဆာ၊ လိုရာစုံလင်သော ပဒေသာပင် (၃၆)ပင်၊ (ကစိဝါဒအားဖြင့် ၆၄–ပင်) ပေါ်ပေါက်ရပေသည်။ မိမိ စိုးမိုးအုပ်ချုပ်သောနိုင်ငံတွင် ''ချည်ငင်, ဗိုင်းငင်, ယက်ကန်းစင်ပင် မရှိစေရ'' အနှစ်တစ်ထောင်

ကာလပတ်လုံး အထည်ကိုဝေငှ မြောက်ကျွန်းတမျှ ပြည့်ဝစုံလင်သော အကျိုးကို ရရှိခံစားရပေသည်။ (ပေတ၊ဋ္ဌ၊၇၈-၉။ ၈၀။ ၇၀။)

သက်နှံးလှူခြင်းကြောင့် မိန်းမတို့အား မဟာလတာတန်းဆာ, ယောကျ်ားတို့အား တန်ခိုးကြောင့်ဖြစ်သော သက်နှံးကိုရနိုင်, ဇဟိဘိက္ခု ဖြစ်နိုင်သည်။ မိန်းမများအဖို့ ဇဟိဘိက္ခု မရှိနိုင်။ (ဝမ္မ၊ဋ္ဌ၊၁။ ၂၄၉။ ဝဇိရ၊၃၅၁။)

ပရိက္ခရာရှစ်ပါးတို့တွင် တစ်ပါးပါး မလှူခဲ့ဖူးလျှင် တန်ခိုးကြောင့် ဖြစ်သော သပိတ် သက်နှံးများကို မရနိုင်၊ ဇဟိဘိက္ခု မဖြစ်နိုင်၊ ပရိက္ခရာရှစ်ပါးတို့တွင် တစ်ပါးပါးကို လှူဒါန်းခဲ့ဖူးသူမှသာလျှင် တန်ခိုးကြောင့်ဖြစ်သော သပိတ်သက်နှံးကို ရနိုင်, ဇဟိဘိက္ခုဖြစ်နိုင်သည်။ (မ၊ဋ္ဌ၊၄။ ၂၁၅။ မ၊ဋ္ဌီ၊၃။၄၀၄။)

တစ်နည်းအားဖြင့် သပိတ်သက်နှံး လှူဒါန်းဖူးသူမှသာ တန်ခိုးကြောင့်ဖြစ်သော သပိတ်သက်နှံးရနိုင်, ဇဟိဘိက္ခု ဖြစ်နိုင်သည်။ မလှူခဲ့ဖူးပါက တန်ခိုးကြောင့်ဖြစ်သော သပိတ်သက်နှံး မရနိုင်,ဇဟိဘိက္ခု မဖြစ်နိုင်။ (ဝမ္မ၊ဋ္ဌ၊၁။၄၁၁-၂။ ဥဒါန၊ဋ္ဌ၊၈၅။ အံ၊ဋ္ဌီ၊၁။၁၈၁။)

တစ်နည်းအားဖြင့် "ငါ၏ ဤပရိက္ခရာရှစ်ပါး၊ ဤသပိတ်သက်နှံးအလှူသည် တန်ခိုးကြောင့်ဖြစ်သော ပရိက္ခရာရခြင်း၏ အကြောင်းအထောက်အပံ့ ဖြစ်ပါစေ"ဟု ဆုတောင်း၍ ပရိက္ခရာရှစ်ပါး ဖြစ်စေ၊ သပိတ်သက်နှံးဖြစ်စေ လှူခဲ့ဖူးမှသာ တန်ခိုးကြောင့်ဖြစ်သော သပိတ်သက်နှံးကိုရနိုင်, ဇဟိဘိက္ခု ဖြစ်နိုင်သည်။ ဆုတောင်း၍ မလှူခဲ့ဖူးက မရနိုင်, မဖြစ်နိုင်။ (သာရတ္ထ၊၂။၅၁။ သာရတ္ထ၊၃။၁၉၇။ ဒီ၊ဋ္ဌီ၊၂။ ၇၁။ မ၊ဋ္ဌီ၊၃။၄၀၄။ တိပိဋကာ ပါဠိ+မြန်မာအဘိဓာန်၊ အတွဲ၊၇။ စီဝရပုဒ်)

သင်္ကန်းဖြတ်ချုပ်ပုံများ

(အခန်းရှေ့ ၅-ခန်းအကြား တရုတ်မြောင်းရှေ့ ၎-ခုခြားထားပြီး။ အခန်းရှေ့ဆဲ၌ တရုတ်မြောင်းတို့ ခြားထားပုံ)

(က) အနားပတ်မထပ်ရသည့်ဘက်ကမြှင်ရပုံ



(ခ) ဘယ်ဘက်ကနေ ညာဘက်ကို ပတ်ပုံ

(ခ) အနာ:ပတ်တင်ရသည့်ဘက်ကမြင်ရပုံ


(၁၃) ပါသကလက
(၁၂) ပါသက
(၁၁) ယာယီလယ်ကွင်း
(၁၀) အနုပါတ
(၉) ဗဟန်း
လယ်ကွင်းဟောင်း
(၈) အစုကုသိ
(၇) ကုသိ-ဗဂျတ်မြောင်း
(၆) အနုဝိတ်
လယ်ကွင်းဟောင်း
(၅) ကုသိ
(၄) ကုသို-လွယ်ပြောင်း
(၃) ဝိတ်
လယ်ကွင်းဟောင်း
(၂) ဂေယျကံ
(၁) အနုပါတ
(၁၀) အနုပါတ
(၉) ဗဟန်း
လယ်ကွင်းဟောင်း
(၈) အစုကုသိ
(၇) ကုသို-ဗဂျတ်မြောင်း
(၆) အနုဝိတ်
လယ်ကွင်းဟောင်း
(၅) ကုသို

သတ်မှတ်အရောင်ကြောင်း သိစေလိုသော ပုံစံများ



(၁) ဘုရားစူတော်ရဲ့ ဝိဇ္ဇာဓိဌာန်ဘုရားတော်ကြီးကို ဦးထိပ်ပေါ်မှာ ဆင်ယင်ထားတဲ့ ဘုရင်ခံတော်ကြီးဟာ ဘုရားစူတော်ရဲ့ ဘုန်းတန်ခိုးကြီးမားတော်မူပုံကို ဖော်ပြတဲ့ ဘုရားပုံတော်ကြီးပါ။

ပုံဟောင်းများကို မှီငြမ်းခြင်းနှင့် သင်္ကန်းအခန်းများ စိစစ်ချက်-

သင်္ကန်းပုံများကို-

(၁) ၁၂၃၃-ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၁၀-ရက်နေ့ "သုဒဿနဓဇ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု" စံကျောင်းဆရာတော်ဘုရားကြီးက မင်းတုံးမင်းတြားကြီးထံ တွင်သွင်းသောပုံစံ (ဝိနယသမ္ဂဟ ဝိနိစ္ဆယ၊ ၂။၄၃၅-၆။)

၂။ ကျိုက်မှတ်စု ပုံစံများကို မှီငြမ်းပြုလုပ်ထားပါသည်။ (၁)အမှတ် ပုံစံ၌ ၁-မှ ၉-အထိ အမည်များသာ ပါဝင်သည်။ (၂)အမှတ်ပုံစံ၌ ၁-မှ ၁၅-အထိ အမည်များ ပါဝင်သည်။ သင်္ကန်းအစိတ်အပိုင်း အမည်များကို ပါဠိတော်အစဉ်အတိုင်း ဂဏန်းထိုးပြပါသည်။

သင်္ကန်း၌ အသေးစိတ်အဓိပ္ပါယ်များထက် အချက်အချာကျသော အခန်းကြီးများ ဖြတ်တောက်ရပုံကို ရှေးဦးစွာ သိထားရပါမည်။ (က)မှတ် သင်္ကန်းဖြတ်ချုပ်ပုံ၌ သင်္ကန်းလောင်း(လျှာ) ပိတ်သားကို ပဋ္ဌခန်း (= ၅-ခန်း)ဖြတ်တောက်ထားသည်ကို တွေ့ရပါလိမ့်မည်။ အလျားလိုက် ကြည့်လိုက်လျှင် အလယ်ခေါင်တည့်တည့် အခန်းအမှတ် (၅)ဂဏန်း (၂)လုံးကို တွေ့ရပါလိမ့်မည်။ ၎င်းကို ဝိဝဋ္ဋဟု ခေါ်သည်။

ထိုအမှတ်(၅) ဝိဝဋ္ဋမှ ယာဘက်၌ အမှတ်(၆) ဂဏန်း ၂-လုံး ဝဲဘက်၌ အမှတ်(၆) ဂဏန်း ၂-လုံးပါ အခန်း(၂)ခန်းကို တွေ့ရပါလိမ့်မည်၊ ၎င်းတို့ကို အနုဝိဝဋ္ဋဟု ခေါ်သည်။ ယာဘက်အမှတ်(၆) အနုဝိဝဋ္ဋမှ ယာဘက်အစွန်၌ အမှတ်(၉)ဂဏန်း (၂)လုံး၊ ဝဲဘက် အမှတ်(၆) အနုဝိဝဋ္ဋမှ ဝဲဘက်အစွန်၌ အမှတ်(၉)ဂဏန်း ၂-လုံးပါ အခန်း (၂)ခန်းကို တွေ့ရပါလိမ့်မည်။ ၎င်းတို့ကို ဇာဟန္တ-ဟု ခေါ်သည်။

ဂဏန်းအမှတ်အနေဖြင့် ၉၊၆၊၅၊၆၊၉–အဖြတ်အပိုင်းကြီးများ ဖြစ်နေသည်ကို ငါးခန်းဖြတ်ပုံ ဖြစ်သည်ဟု– မှတ်ပါ။

ဤနည်းအတူ အမှတ်(၆) အနုဝိဝင်္ဆကို အမှတ်(၅) ဝိဝင်္ဆမှ ယာဘက်, ဝဲဘက်၌ ၂–ခန်းစီ၊ ၃–ခန်းစီ၊ ၄–ခန်းစီတို့၌ ၉၊၆၊၆၊၅၊၆၊၆၊ ၉–ဖြတ်လျှင် ၇–ခန်း, ၉၊၆၊၆၊၆၊၅၊၆၊၆၊၆၊၉–ဖြတ်လျှင် ၉–ခန်း, ၉၊၆၊၆၊၆၊၆ ၅၊၆၊၆၊၆၊၆၊၉–ဖြတ်လျှင် ၁၁–ခန်းဖြစ်၏။ (ဝိ၊ဋ္ဌ၊၃။၃။၉၁။၄၀၈–၉။) ဝိနယာလင်္ကာရ၊ ၂။၃၇၇–၈။ အမှတ်–၉–၆–၅ အခန်းကြီးများ၏ အတိုင်း အတာကို ကျမ်းစာများ၌ မတွေ့ရ။

အဋ္ဌကထာ၌ (စုံဖြစ်သော) ၆–၈–၁၀–အခန်းကို မပြု၊ ထိုသို့မပြုသော အခန်းသည်လည်း အပ်၏–ဟု ဝိနယဂုဠ္ဠပကာသနီ၌ ပြ၏။ ယင်းသို့ပြုသော်လည်း ကျမ်းအနုအရင့်ကိုထောက်၍ အဋ္ဌကထာ (စီဝရိစာရဏမတွေ့နာတိ "ပဋ္ဌက် ဝါ သတ္တက် ဝါ နဝက် ဝါ ကောဒသက် ဝါ ဟောတူ"တိ ဇဝံ ဝိစာရိတမတွေ့နာ။ ဝိ၊ဋ္ဌ၊၃။၃၉၁။)၌ ပြသည်ကို သန့်ဇြာန် ကျမှတ် (ဆင်တဲ၊ ဝိ၊၃။သျှ၊၂။ ကထိနက္ခန္ဓက၊၁၁၆။)

သင်္ကန်းအခန်းကို အဋ္ဌကထာ၌ ပဋ္ဌကမှစ၍ ကောဒသက အထိ ပြဆိုထားသော်လည်း ယခုခေတ်၌ **အခဏ်း ၁၂၅–ခဏ်း** သို့မဟုတ် **ထိုထက်အလွန်အထိ** ချုပ်လုပ်လှူဒါန်း သုံးစွဲနေကြသည်မှာ "ပဋ္ဌကေန ဝါ အတိရေကပဋ္ဌကေန ဝါ တဒဟေဝ သဉ္ဆိန္နေန သမဏ္ဍလီ ကတေန အတ္ထတံ ဟောတိ ကထိနံ။ (ဝိ၊၃။၃၉၃။)"၌ 'အတိရေက ပဋ္ဌကေန ဝါ' စကားအရ သုံးစွဲနေကြဟန် ရှိသည်။ (ဆင်တဲ၊ဝိ၊၃။သျှ၊၂။ ကထိနက္ခန္ဓက၊၁၁၅။)၌ အတိရေက ပဋ္ဌကေန ဝါ–အရကို ဒုကူဋ္ဌသင်္ကန်း ကို ရည်သတည်းဟု ဆိုသည်။ ထိုဆင်တဲဆရာတော် ဘုရားကြီး၏ အလို တော်မှာ ၅–ခန်းမှလွဲ၍ ၇–ခန်းမှအထက် သင်္ကန်းမှန်သမျှကို ဒုကူဋ္ဌ သင်္ကန်းတွေချည့်ပဲဟု ဆိုလိုဒိုင်္ဂရှိပုံရသည်။

အသေးစိတ်အမည်များနှင့် အဓိပ္ပါယ်စိစစ်ချက်–

(၁) ကုသိ= တလုပ်မြောင်းရှည် (ဆင်တဲ၊ဝိ၊၃။သျှ၊၂။၁၅၂။)

မြောင်းလွှာ (မဟာဝါဂဏ္ဌိသစ်၊ ၃၃၃-၄-၅။) ကုသိပုဒ်၏ အနက် လေးမျိုးတွင် အမှတ်(၃) မြောင်းလွှာအနက်ကိုသာ ဤ၌ ယူရမည်။ အခြားအနက်များမှာ အမည်သီးခြားရှိပြီး ဖြစ်သောကြောင့်တည်း။ မြောင်းလွှာဆိုသည်မှာ (က)မှတ် သင်္ကန်းဖြတ်ချုပ်ပုံစံကို ကြည့်ပါ။ ဝဲမှ ယာသို့ ၉-အမှတ်နှင့် ၆၊၆-အမှတ်နှင့် ၅၊၅၊အမှတ်နှင့် ၆၊၆၊-အမှတ်နှင့် ၉-အမှတ်စပ်ကြား ထောင်လိုက် အထက်နှင့် အောက်ပေါက်သည်အထိ အခန်းကြီးများကို ဆက်စပ်ထားသည့် ၂-လက်မခန့်ရှိ အဝတ်ရှည် ၄-ခုဖြစ်သည်။ (ခ)မှတ်ပုံစံ၌ အလျားအနာပတ် ဖုံးအုပ်နေသည့်အတွက် အထက်နှင့်အောက် သင်္ကန်းစွန်းအထိ မပေါ်ပါ။

(၂) **အမှုကုသိ** = တလုပ်မြောင်းငယ် (ဆင်တဲ၊ ဝိ၊ ၃။သျှ၊ ၂။ ၁၅၂။ တလုပ်လွှာ (မဟာဝါဂဏ္ဌိသစ်။ ၃၃၃။-၄-၅။) (က)မှတ်ပုံစံ၌ ဝဲမှယာသို့ ၉၊၅၊၉-အခန်းကြီးများ၏ **အထက်နားကျကျ၌** (၃) မဟာမဏ္ဍလနှင့် (၄) အမှုမဏ္ဍလတို့ကို ခြားနားအောင် ကန့်လန့်ဖြတ်ထားသော အဝတ်ပိုင်းတို့ ၃-ခုနှင့် ၆၊၆ အခန်းကြီးများ၏ အောက်နားကျကျ၌ (၃) မဟာမဏ္ဍလနှင့်အမှုမဏ္ဍလတို့ကို ခြားနားအောင် ကန့်လန့်ဖြတ်ထားသော အဝတ်ပိုင်းတို့ ၂-ခု စုစုပေါင်း အဝတ်ပိုင်းတို့ ၅-ခုတို့ဖြစ်သည်။

မဟာဝါဂဏ္ဌိသစ်၊ ၃၅၈-၉-၌ "အန္တရန္တရာ-ရှည်စွာကုန်သော မြောင်း ကံသင်းတို့၏ အကြား အကြား၌။ ငိုတံ-တည်သော။ ရဿ-မရိယာဒဗန္ဓံ- ဖီလာ ကန့်လန့်သွယ်အပ်သော တိုသော မြောင်း ကံသင်းအဖွဲ့ကို (ဝိ၊ ဋ္ဌ၊ ၃။၄၀၈။) သိဃ်ာဋ္ဌကဗန္ဓံ- ခရိုးလေးခု အဆုံအဖွဲ့သဏ္ဌာန်ရှိသည်ကို။ (ဝိ၊ ၃။၄၀၀။) ရှည်ကုန်သော မြောင်း ကံသင်းတို့၏ အကြားအကြား၌ တိုကုန်သော မြောင်း ကံသင်းအပိုင်းအခြားဖြင့် ရှည်ကုန်သော မြောင်း ကံသင်းတို့၏ အတွင်းအပိုင်းအခြားကို ထွင်းဖောက်၍ သွားရာအရပ်၌ ခရိုးလေးဆုံအဖွဲ့.အဖွဲ့. သဏ္ဌာန်ရှိသည် ဟူသတည်း။ ဤကို ထောက်၍ တလုပ်လွှာကို မြောင်းလွှာမြင် နခမ်းထိအောင် ချုပ်အပ်၏"ဟု ဆိုသည်။

ထိုသို့ဆိုသော်လည်း ပုံစံ၌ ၅-အမှတ် ဝိဝဋ္ဋဘေး ၂-ဘက်

စပ်ကြားရှိ မြောင်းလွှာများကို တလုပ်လွှာက ခရီးလေးဆုံသဏ္ဌာန်၊ ၉-အမှတ် ဗာဟန္တနှင့် ၆-အမှတ် အနုဝင္ဆများ၏ စပ်ကြားရှိ မြောင်းလွှာများကို အောက်နားကျကျ တလုပ်လွှာများက ခရီးလေးဆုံသဏ္ဌာန် ထွင်းဖောက်ထားသည်ကို တွေ့ရသည်။ ၉-အမှတ် ဗာဟန္တနှင့် ၆-အမှတ် အနုဝိဝင္ဆများ၏ စပ်ကြားရှိ အထက်နားကျကျ တလုပ်လွှာများက ခရီးလေးဆုံသဏ္ဌာန် ထွင်းဖောက်ထားသည်ကို မတွေ့ရ။ အဋ္ဌကထာ ဋီကာများကလည်း မဖွင့်ကြ၊ ဆရာစဉ်ဆက် အလေ့အတိုင်း ချုပ်ကြဟန်တူသည်။

(၃) **မဟာမဏ္ဍလ=** အိမ်ဝန်းကြီး (ဆင်တဲ၊ ဝိ၊ ဒု။သျှ၊ ၂။ဘ၅၂) အိမ်ကြီး (မဟာဝါဂဏ္ဌိသစ်၊ ၃၆၁။) အခန်းကြီး ၅-ခန်းဝယ် အခန်းတိုင်း အခန်းတိုင်း တလုပ်လွှာဖြင့် ကန့်လန့်ဖြတ်ထားရာ ကျယ်ပြန့်သော အပိုင်းကြီးဖြစ်သည်။ ပုံစံ၌ ၃-အမှတ်များကို ရှာကြည့်ပါ။

(၄) **အမုမဏ္ဍလ=** အိမ်ခွဲ (ဆင်တဲ။ ဝိ၊ ဒု။သျှ၊ ၂။ဘ၅၂။) အိမ်ငယ် (ရွှေဥမင်၊ ဝိ၊ ဋ္ဌ၊ ဒု။သျှ၊ ၃၈၈။) အခန်းကြီး ၅-ခန်းဝယ် အခန်းတိုင်း အခန်းတိုင်း တလုပ်လွှာဖြင့် ကန့်လန့်ဖြတ်ထားရာ ထိုကျဉ်းသော အပိုင်းဖြစ်သည်။ ပုံစံ၌ ၄-အမှတ်များကို ရှာကြည့်ပါ။

(၅) **ဝိဝင္ဆ =** အလယ်ခေါင် (ဆင်တဲ၊ ဝိ၊ ဒု။သျှ၊ ၂။ဘ၅၂။) ခေါင် (ရွှေဥမင်၊ ဝိ၊ ဋ္ဌ၊ ဒု။သျှ၊ ၃၈၈။) ခေါင်စပ် (မဟာဝါဂဏ္ဌိသစ်၊ ၃၆၁။) အခန်းကြီး ၅-ခန်းအနက် အလယ်ခေါင်တည့်တည့် အခန်းဖြစ်သည်။ ၁-ခန်း, ၉-ခန်း, ၁၁-ခန်း စသည်ဖြင့် အခန်း မည်မျှလောက် များစေကာမူ သင်္ကန်းဟူသမျှ မ-ခန်းချည်ဖြစ်၍ အလယ်ခေါင်တည့်တည့်အခန်းကို ဝိဝင္ဆ-ဟု မှတ်ပါ။

(၆) **အနုဝိဝင္ဆ =** ခေါင်ရံ (ဆင်တဲ၊ ဝိ၊ ဒု။သျှ၊ ၂။ဘ၅၂။) ခေါင်ရံစပ် (မဟာဝါဂဏ္ဌိသစ်၊ ၃၆၁။) အခန်းကြီး ၅-ခန်းအနက် အမှတ် -၅ ဝိဝင္ဆ-ဝဲယာ၌ တည်ရှိနေသော အမှတ် ၆ အခန်းကြီးများကို အနုဝိဝင္ဆ-ဟု မှတ်ပါ။

(၇) **ခန်းသက်နှ်း** = ပြုလုပ်လိုလျှင် အမှတ်–၅၊ ဝိဝဋ္ဋ = ခေါင်စပ်၏ ဝဲ, ယာ ၂-ဘက်က ဤ အနုဝိဝဋ္ဋ-ကို ၂–ခန်းစီ ၂–ခန်းစီ ဖြတ်ထည့်ရမည်။ ဆိုခဲ့ပြီးသော သက်နှ်းဖြတ်ပုံကို ပြန်လည်ဖတ်ရှုပါ။ ထို့ကြောင့် ''အထဝါ အနုဝိဝဋ္ဋန္တိ ဝိဝဋ္ဋသ ကေပသ္သတော ဒ္ဝိန္နံ ကေပသ္သတော ဒ္ဝိန္နန္တိ စတုန္နမ္ပိ ခဏ္ဍာနမေတံ နာမံ''ဟု (ဝိ၊ဋ္ဌ၊၃၊၄၀၈။)၌ ဆိုပြီ။ အမှတ်–၅၊ ဝိဝဋ္ဋ-၏ ဘေး ၂–ဘက်စီဝယ် အမှတ်–၆ အနုဝိဝဋ္ဋ-များကို ၂–ခန်းစီ ဖြတ်ထည့်ရာ၌ ဝိဝဋ္ဋ-နှင့် ဝဲ, ယာ တစ်ဆက်ထည်း တည်ရှိနေသော အခန်းကြီးများသည် **စူဠဉာနဝိဝဋ္ဋ** = ခေါင်ရုံထွေး မည်၏။ (ဝိ၊ဝိနိစ္ဆယ၊ဋီ၊၁၊၂၇၅။)

(၉) ဗာဟန္တ = လက်လိပ် (ဆင်တဲ၊ဝိ၊၃။သျှ၊၂။၁၅၂။) လက်လိပ်စပ်။ (မဟာဝါဂဏ္ဌိသစ်၊ ၃၆၂။) အခန်းကြီး ၅–ခန်းအနက် အမှတ်–၆၊ အနုဝိဝဋ္ဋ- = ခေါင်ရုံစပ် ၂–ခန်း၏ ဘေးအစွန်း ၂–ဘက်ရှိ အမှတ် ၉–အခန်းကို ဗာဟန္တ–ဟု မှတ်ပါ။ ဤဆိုခဲ့ပြီးသည်ကား (က) မှတ် သက်နှ်းဖြတ်ချုပ်ပုံ၌ အဓိပ္ပါယ်နှင့် စိစစ်ချက်ဖြစ်သည်။

(ခ) အမှတ်ပုံပါ အမည်နှင့် အဓိပ္ပါယ်စိစစ်ချက်–

(၇) **ဂီဝေယျက** = လည်ထိရာ၌ခံသော ပြင်ဝတ်, အနားပတ် (ဆင်တဲ၊ဝိ၊၃။သျှ၊၂။၁၅၂။)လည်ခံအပြားပေါ်က ပြင်ထပ် (ရွှေဥမင်၊ဝိ၊ဋ္ဌ။ ၃။သျှ၊၃၈၈။) လည်ကုတ်ဖုံး (ကျီဝန်ဆရာတော်) သက်နှ်းများ၌ အနားပတ် မထပ်ရသည့် ချုပ်ရိုးအစအန မပေါ်သောဘက်ကို အပြင်သား, အနားပတ်ထပ်ရသည့် ချုပ်ရိုးအစအန ပေါ်သောဘက်ကို အတွင်းသားဟု ခွဲခြားမှတ်သားကြပြီးလျှင် အနားပတ် မထပ်ရသည့်ဘက်ကို အပြင်ကထား၍ အနားပတ်ထပ်ရသည့်ဘက်ကို အတွင်းကထားလျက် ဝတ်ရုံသုံးဆောင်ကြရိုးရှိသည်။

ဂီဝေယျကကို အပြင်, အတွင်း ၂–မျိုးအနက် မည်သည့်ဘက်က ထပ်ရမည်ကို သံသယဖြစ်နေလျှင် ''ဂီဝေယျကန္တိ ဂီဝါဝေဌန–ဌာနေ ဒဋ္ဌိကရဏတ္ထံ အညံ သုတ္တသံသိဗ္ဗိတံ အာဂန္တုက–ပတ္တံ''(ဝိ၊ဋ္ဌ၊၃။

၄၀၈။) စကား၌ ဂိဝါဝေဌနဌာနေ–အရ လည်ပင်းနှင့် ထိတွေ့ရာဌာန–ဟု ယူဆနိုင်သောကြောင့် ဂိဝေယျကကို အတွင်းသားဘက်ကသာ ထပ်ပိုးရမည်–ဟု သံသယကင်းစွာ မှတ်ယူသင့်သည်။ ထိုဂိဝေယျက၏ ပမာဏကို ၁–ထွာလောက်–ဟု ကျိုးဝန်ဆရာတော် မိန့်ဆိုတော်မူသည်။

ယင်းအဝတ်အပိုင်းကို အတွင်းသားဘက်က ထပ်ပိုးရမည် ဆိုရာ၌ အလျား အနားပတ်ပေါ်တွင်လော? ဝိဝဋ္ဋ = ခေါင်စပ် အမှတ်–၅ ထည်းတွင်လော?ဟု တွေးစရာ ဖြစ်နေသေးလျှင် အဓိဋ္ဌာန်တင်ရမည့် သက်နိုး၏ အနည်းဆုံး ပမာဏမှာ ဒုကုဋ္ဌ, ကိုယ်ရုံ သက်နိုးများအတွက် မိမိတို့၏ အတောင်ဖြင့် "**မုဋ္ဌိပဋ္ဌက**" အနံ "**မုဋ္ဌိတ္ထိက**" သင်ပိုင်းအတွက် အလျား ဒုကုဋ္ဌနှင့် ကိုယ်ရုံအတိုင်း အနံ "**အမုတောယျ**" သို့မဟုတ် "ဒွိဟတ္ထ"ဟု (က၁၊ ၁၅၄။ဝိ၊သင်္ဂဟ၊ ၃၂။ခုဒ္ဒသိက္ခာ၊ ၃။၃၇–၈။ ဝိ၊ ဝိနိစ္ဆယ၊ နှာ–၅၃–တို့၌ တညီတညွတ်တည်း ဆိုထားကြရာ၊ ခုဒ္ဒသိက္ခာ ဋီ၊သစ်။ ၃၀–၌ **မုဋ္ဌိပဋ္ဌက**–အရ လက်ဆုပ်တောင် ၅–ခု မုဋ္ဌိတ္ထိကအရ လက်ဆုပ်တောင် ၃–ခုဟု ဖွင့်ပြ၍ ဝိနိစ္ဆယ၊ ဋီ၊၁။၂၇၁–၂။ (ဝိနယာလင်္ကာရ၊၁။ ၉၀–တို့၌ **မုဋ္ဌိပဋ္ဌကအရ ၄–တောင်အပြည့်**နှင့် လက်ဆုပ် တောင် ၁–ခု၊ မုဋ္ဌိတ္ထိကအရ ၂–တောင်အပြည့်နှင့် လက်ဆုပ်တောင် ၁–ခု ဟု ဖွင့်ဆိုကြသည်။

ထိုတွင် ခုဒ္ဒကသိက္ခာ၊ဋီ၊သစ်–ဆရာအလိုမှာ အလျားအနံ အတိုဆုံးဖြစ်သည်။ ထိုဆရာအလိုအရ လက်ဆုပ်အတွက် ၁–တောင်လျှင် ၁၈–လက်မ အလျော့ထား၍ ၀တောင်ဆုပ် ၁–ခုလျှင် ၁၆၊ ၂–လက်မ ကျန်ရှိတော့သဖြင့် ဒုကုဋ္ဌနှင့် ကိုယ်ရုံအလျားအတွက် လက်ဆုပ်တောင် ၅–ခုကို တောင်ပြည့်ဖွဲ့လျှင် ၄–တောင့်ထွာ၊ အနံအတွက် ၂–တောင် ၁၂၊ ၆–လက်မ ရှိသည်။ ဤအလျားအနံအတိုင်း ပြုလုပ်၍ သင်္ကန်းရုံကြည့်သောအခါ အောက်တွင် ဒူးအထိသာ သင်္ကန်းအတွင်း အနားပတ် သားဆင်းသည်။ အထက်တွင်လည်း လည်ကုတ်ပေါ်တွင်သာ သင်္ကန်း အတွင်း အနားပတ်သားရောက်နေသည်ကို ထောက်၍ အဆိုပါ အဝတ် ပိုင်းကို အလျား အနားပတ်ပေါ်တွင်သာ ထပ်ပိုးရမည်ဟု ယုံကြည်စွာ

မှတ်သားရမည်။ ထိုဂိဝေယျကဇ၏ ပမာဏကို ၁–ထွာလောက်''ဟု ကျိုင်းဆရာတော် မိန့်ဆိုသည်။

လည်ပင်း ခြေသလုံး တွေ့ထိရာ ပကတိအထက် အနားပတ်, အောက်အနားပတ်ကိုပင် ဂိဝေယျက, ဇယ်ယျက မည်၏ဟု ဝဒန္တိဝါဒကို ထည့်သွင်းပြဆိုသည်။ (ဝိ၊ဋ္ဌ၊၃။၄၀၈။)

(၇) ဇယ်ယျက = မြင်းခေါင်းထိရာ၌ ခံသော အနားပတ် (ဆင်တဲ၊ဝိ၊၃။သျှ၊၂။၁၅၂။) မြင်းခေါင်းဖုံး (ကျိုင်းဆရာတော်) ခုဒ္ဒသိက္ခာ၊ (ဋီ၊သစ်၊၃၀–၌ ပြအပ်သော ဒုကူဋ္ဌနှင့် ကိုယ်ရုံများမှာ အမှတ်(၇) ဂိဝေယျက၌ ဆိုခဲ့သည့်အတိုင်း သလုံး မြင်းခေါင်းပေါ်ရောက်၊ အတွင်းသား အနားပတ်ပေါ်က ထပ်ပိုးပေးရသော သင့်လျော်သည့် အလျား+အနံ ပမာဏရှိ အဝတ်ပိုင်းများဖြစ်သည်။

အမှတ်(၇) ဂိဝေယျက, အမှတ်(၈) ဇယ်ယျကများကို ယခု မလေ့လာကုန်ဟု သက္ကရာဇ် ၉၉၁–ခုနှစ်၊ နန်းတက်သော သာလွန်းမင်း တရားကြီးလက်ထက်ရေး ရွှေဥမင်၊ (ဝိ၊ဋ္ဌ၊၃။သျှ၊၃၃၈။)၌ မှာတော်မူသည်။ (အမှတ် (၇) ဂိဝေယျကကိုလည်း ပြန်ဖတ်ပါ)

(၁၀) **အနုဝါတ** = အလျား အနားပတ်။

(၁၁) ပရိဘဏ္ဍ = အနံ အနားပတ်။ (ဆင်တဲ၊ဝိ၊၃။သျှ၊၂။၁၅၂။) အနုဝါတနှင့် ပရိဘဏ္ဍမှာ ၂–မျိုးရှိသည်။

(၁) **ပဌမအမျိုးအစားမှာ** အရှင်မဟာကဿပ မထေရ်၏ သင်္ကန်းအနားစွန်းမှ ချည်မျှင်များ ထွက်သည့်အတွက် ခွင့်ပြုရသော အနုဝါတ, ပရိဘဏ္ဍမျိုး (ဝိ၊၃။၄၁၂။)

(၂) **ဒုတိယအမျိုးအစားမှာ** ရဟန်းများ သင်္ကန်းချုပ်သောအခါ ကထိနခေါ် ကန်ရင်းပေါင် (=ကားပေါင်)၌ ကျက်၍ ချုပ်ကြရာတွင် သင်္ကန်းလျာပိတ်သား၏ အစွန်းများ စုတ်ပြတ် ဆွေးမြေ့သဖြင့် ခွင့်ပြုရသော အနုဝါတ, ပရိဘဏ္ဍမျိုး (ဝိ၊၄။၂၅၂) အားဖြင့် ၂–မျိုးရှိသည်။

(၁)အမျိုးအစားမှာ (ခ) မှတ်ပုံတွဲပါသည့် ယခုထိ သုံးစွဲနေသော အနုဝါတ, ပရိဘဏ္ဍာမျိုးဖြစ်သည်။

အလျား အနံ အနားပတ် ၂-မျိုးလုံး ခွင့်ပြုတော်မူရာ၌ ထိုအနားပတ်တို့၏ အနံပမာဏ မပါ ''ဟဋ္ဌမ ပရိစ္ဆေဒေန စတုရဂ်ုလ-ဝိတ္ထာရမြို အနုဝါတပဟောနကာယာမံ ခဏ္ဍံ ကတွာ ဒါတုံ ဝဋ္ဋတိ'' (ဝိ၊ဋ္ဌ၊၃။ ၄၀၇။) စကားအရ အယုတ်ဆုံး အနံ လက် ၄-သစ်ရှိသော အလျား, အနံ အနားပတ်တင်လောက်သော အပိုင်းကို ပေးဝေရမည်ဟု ဆိုသောကြောင့် အနားပတ်များ အနံ လက် ၄-သစ်ရှိမှ အပ်သည်ဟု အဓိပ္ပါယ်ယူ။ (ဆင်တဲ၊ ဝိ၊၃။သျှ၊ ၂။၁၆၅။)

အဆိုပါ (ဝိ၊ဋ္ဌ၊၃။၄၀၇။) စကားသည် အလျော်အားဖြင့်သာ ဆိုသော စကားဖြစ်သည်။ ချည်စ မထွက်စေခြင်းငှါ အနားပတ်ကို ပညတ်တော်မူသော အရာဖြစ်သောကြောင့် (ချည်စ မထွက်ပါက) အနားပတ် အနံ လက် ၄-သစ်ထက် လွန်သော်လည်းကောင်း၊ ယုတ်သော်လည်းကောင်း အပ်၏ဟု- မှတ်ကြဟု စံကျောင်းဆရာတော်ဘုရားကြီး အမိန့်တော် ရှိသတည်း။ (မဟာဝါဂဋ္ဌိသစ်၊ ၃၅၄။)

(၂)အမျိုးအစား အနုဝါတ, ပရိဘဏ္ဍာများမှာ ကထိနပုဒ်၏ အမှတ်(၂) အနက်ဖြစ်သော ဖျာအနားကွပ်မျိုးသည် (၂)အမျိုးအစား အနုဝါတပရိဘဏ္ဍာဖြစ်သည်ဟု ဂဏ္ဌိပဒကျမ်းများ၌ ဆိုသည်။ (သာရတ္ထ၊ ၃။ ၃၈၈။ ဝိနယာလင်္ကာရ၊ ၂။၃၂၈။)

အမှတ်(၂)အနက် ဖျာအနားကွပ်မျိုးကို (၂)အမျိုးအစား အနုဝါတ, ပရိဘဏ္ဍာဆိုသည်မဟုတ်၊ အမှတ် (၃)အနက်ဖြစ်သော သင်္ကန်းပိတ်သားနှင့် ကားပေါင်ကို ကြိုးဖြင့် နှောင်ဖွဲ့ချည်တုပ်ထားရသဖြင့် သင်္ကန်းပိတ်သား အစွန်းများ စုတ်ပြတ် ဆွေးမြေ့နိုင်သည်။ ထိုသို့ မဖြစ်စေရန် အမှတ်မရှိ တစ်ခုခုသော အဝတ်အထည်စဖြင့် (သင်္ကန်းပိတ်သား၏) ပတ်ပတ်လည် အလျား, အနံများတွင် အနားပတ် တပ်ခြင်းမျိုးသည် (၂) အမျိုးအစား, အနုဝါတ ပရိဘဏ္ဍာဖြစ်သည်။ ထိုအနားပတ်မျိုး၌ ကြိုးများကိုသွင်း၍ ကားပေါင်၌ ရစ်ပတ်ချည်နှောင်ထားလျှင် သင်္ကန်းပိတ်

သားများ ညီညီညာညာ တင်းတင်း ရင်းရင်းရှိသဖြင့် ဆွဲငင်၍ ချုပ်လို့ကောင်းသည်။ (ဝိမတိ။၂။၂၃၂)

ဤဝိမတိဆရာ၏ အယူအဆအတိုင်းဆိုလျှင် သင်္ကန်းပိတ်သား တင်းပြီး ချုပ်ကောင်းအောင် တင်ထားသော ယာယီ (ခဏ) အနားပတ်မျိုး ဖြစ်ဟန်ရှိသည်။

(၁၂) ဂဏ္ဌိက = ကမ္ပတ်သီး (စံကျောင်း၊ ဝိ၊ဋ္ဌ။သျှ။ဘ။၂၃၄)
ယခုခေတ် အနားပတ်သီးဟု ခေါ်ကြသည်။

(၁၃) ပါသက = ကမ္ပတ်ကွင်း (စံကျောင်း၊ ဝိ၊ဋ္ဌ။သျှ။ဘ။ ၂၃၄။)

(၁၄) ဂဏ္ဌိကဖလက = ကမ္ပတ်–သီး–ပြား–အိမ်။
(၁၅) ပါသကဖလက = ကမ္ပတ်– ကွင်း– ပြား–အိမ်။
(စံကျောင်း၊ ဝိ၊ဋ္ဌ။သျှ။ဘ။၂၃၄။)

ဤနှစ်မျိုးလုံးကို (ဝိ၊ဋ္ဌ၊ဘ။၂၅၂။)၌ ဂဏ္ဌိကပဋ္ဋက, ပါသကပဋ္ဋက–ဟု သုံးသည်။ နိသျအမျိုးမျိုးတွင် ခုဒ်၊သျှ၊၃၅။၂၉၅–ဝယ် ဂဏ္ဌိကပဋ္ဋက= ကမ္ပတ်သီးတတ်သောအိမ်၊ ပါသကပဋ္ဋက= ကမ္ပတ်ကွင်းတတ်သောအိမ်ဟု အပေါ်လွင်ဆုံး ရေးသားခဲ့ပါသည်။

ဆိုခဲ့ပြီးသော ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ဖြစ်ပေါ်လာရပုံအကျဉ်းချုပ်ကား– အရှင်အာနန္ဒာမထေရ်သည် ပေါ့သော ဒုက္ဋသင်္ကန်းတို့ကို ရုံ၍ ရွာတွင်းသို့ ဆွမ်းခံဝင်သောအခါ လေပွေများ သင်္ကန်းတို့ကို ပင့်တိုက်သည့်အတွက် ဘုရားရှင် သိတော်မူသဖြင့် ၁၂–ဂဏ္ဌိက၊ ၁၃–ပါသကတို့ကို ခွင့်ပြုတော်မူသည်။

ကမ္ပတ်သီး, ကမ္ပတ်ကွင်းများကို သင်္ကန်း (ထောင့်အစွန်း)၌ တပ်ဆင်ကြရာ သင်္ကန်း (ထောင့်အစွန်း)များ ဆွေ့မြေ့ စုတ်ပြတ်သည့်အတွက် ၁၄–ဂဏ္ဌိက ဖလက= ကမ္ပတ်သီးအိမ်၊ ၁၅– ပါသကဖလက= ကမ္ပတ်ကွင်းအိမ်များကို ခွင့်ပြုတော်မူရပြန်သည်။ ထိုနောက် အဆိုပါအိမ်များကို (သင်္ကန်း)အစွန်း၌ တပ်ဆင်ကြရာ ကောဋ္ဌ=အနားပတ်၊ (ဆဋ္ဌမှ)

ကောဏ=အထောင့်(သီ၊သျှာမူ။) ပွင့်ထွက်သွားပြန်သဖြင့် ကမ္ပတ်သီးအိမ်ကို (သက်နိုး)အစွန်းဌ ကမ္ပတ်ကွင်းအိမ်ကို လက် ၇–သစ်၊ လက် ၈–သစ် လျှော့ဆုတ်၍ တပ်ဆင်ရန် ခွင့်ပြုတော်မူသည်။ (ဝိ၊၄။၂၇၇။)

(၈) ပုံစံပါ (က)တွဲများကို စိစစ်ချက်–

ဤအထိ သက်နိုးနှင့်ပတ်သက်သည့် ဝေါဟာရများကိစ္စပြီးပြီဟု မှတ်ယူနိုင်သော်လည်း (က) ၁၂၊ ဂဏ္ဌိက၊ ဂဏ္ဌိကဖလက၊ (ခ) ၁၃၊ ပါသက၊ ၁၅၊ ပါသကဖလက အားဖြင့် အတွဲ ၂–တွဲ ရှိနေရာ မည်သည့်အတွဲကို မည်သည့်နေရာက တပ်ဆင်ရမည်ဟု ဝိသေသမပါ။ ပါဠိတော်၌ ''အန္တေ ကောဋ္ဌော (သီ၊သျှာမူ၌) ကောဏော''မျှသာ ပါသည်။ သက်ဆိုင်ရာ ဋ္ဌ၊ ဋီ၊ ဂဏ္ဌိ–တို့၌လည်း အသေအချာ မဖွင့်ဆိုကြ။

စံကျောင်းဆရာတော်ဘုရားကြီးရေး၍ မြန်မာနှစ် ၁၂၇၇–ခုနှစ်၊ ခရစ်နှစ်–၁၉၁၅–ခုနှစ်၊ ဟံသာဝတီပုံနှိပ်တိုက်မှ ရိုက်နှိပ်သော စူဠဝဂ္ဂပါဠိတော်နိဿယ၊ ၁။၂၃၄–၌ ''ထို့ကြောင့် တစ်ခုသော **အနံအနားပတ် ထောင့်အစွန်း၌ ကမ္ပတ်သီးအိမ်တတ်ပြီးလျှင်** ထိုအိမ်နှင့် ရှေးရှုသော အနံအနားပတ်အစွန်းမှ လက်ခုနစ်သစ် လက်ရှစ်သစ်လျှော့ဆုတ်ရာ **အလျား အနားပတ်၌ ကမ္ပတ်ကွင်းအိမ်ကို** စပ်ဖက်လျက် အထက်အောက် တစ်စုံ၊ ကြွင်းအစွန်း နှစ်ထောင့်တို့၌ ထိုနည်းအကျ တစ်စုံတပ်အပ်သည်ဟု မုချဆတ်ဆတ် မှတ်ယူအပ်၏''ဟု မှာယူတော်မူသည်။

ထိုမှာထားချက်ကို ကောက်ချက်ချလျှင်–

၁။ သက်နိုးအတွင်းသား အပြင်သားအားဖြင့် ၂–ဖက်ရှိသည့် အနက် အတွင်းသားဖက်၌ (က)တွဲကို တပ်ဆင်လျှင် အပြင်သားဖက်၌ (ခ)တွဲကို တပ်ဆင်ရမည်။ ထို့အတူ အတွင်းသားဖက်၌ (ခ)တွဲကို တပ်ဆိုလျှင် အပြင်သားဖက်၌ (က)တွဲကို တပ်ဆင်ရမည်။ တစ်ဖက်တည်း၌ (က)တွဲ (ခ)တွဲကို မတပ်ဆင်ရ။

၂။ ထိုသို့တပ်ဆင်ရာဝယ် (က)တွဲကို အနံအနားပတ် ထောင့်

အစွန်းဌိသာ အမြဲတပ်ဆင်ရမည်။ (က)တွဲကို အနံ့အနားပတ် ထောင့် အစွန်းဌိသာ အမြဲတပ်ဆင်ရမည်။ (ခ)တွဲကို အလျား အနားပတ်ဌိသာ အမြဲတပ်ဆင်ရမည်ဟူသော လိုရင်းအဓိပ္ပါယ်ကို ရရှိပါသည်။ (ဂ)ပုံစံကို ကြည့်ပါ။

ဆိုခဲ့သော အမှတ် ၂–အဓိပ္ပါယ်မျိုးကို သက်ဆိုင်ရာ ပါဠိ ကျမ်းစာများဌိ ရှာမတွေ့ပါ။ ''ယံ အနုဇာနာမိ ဘိက္ခဝေ ကဏ္ဏသုတ္တကန္တိ (ဝိ၊၃။၄၀၀) ဇေံ အနုညာတံ၊ တံ အနုဝါတေ ပါသကံ ကတ္ဝာ ဗန္ဓိတဗ္ဗံ၊ ရဇနကာလေ လဂ္ဂနတ္ထာယ (ဝိ၊ဋ္ဌ၊၁။၂၅၂။)''ဌိ ''အနုဝါတေ ပါသကံ ကတ္ဝာ'' ဟူသော စကားရိပ်ကိုထောက်၍ ဆိုတော်မူလေသလော–ဟု ထင်ဘွယ်ရှိသည်။ သို့သော် (ဝိ၊ဋ္ဌ၊၁။၂၅၂။)စကားရပ်သည် သက်နှံးချုပ်မှု အစိတ်အပိုင်းနှင့် သက်ဆိုင်သော စကားမဟုတ်၊ သက်နှံးဆိုးမှုနှင့်သာ သက်ဆိုင်သော စကားဖြစ်သည်။ သို့သော် နိဿဂအမှာများသည် ဆရာစဉ်ဆက် ကျင့်သုံးခဲ့ကြသော အာစရိယဝါဒများဖြစ်၍ လေးလေး စားစား မှတ်သားနာယူအပ်ပေသည်။

မြောင်းလွှာ တလုပ်လွှာ ဖြစ်သင့် မဖြစ်သင့် စိစစ်ချက်

(ဝိ၊၃။၄၀၁။) အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သံဃာဋိ ဥတ္တရာသင်္ဃံ ဆိန္နကံ အန္တရဝါသကန္တိ)အရ သက်နှံး၏ အစိတ်အပိုင်း ၁၅–ခုအနက် အမှတ် (၁၂) ဂဏ္ဌိက, အမှတ် (၁၃) ပါသကမှတစ်ပါး ကျန် (၁၃)ခုလုံးကို ဖြတ်ရမည်–ဟု ဆိုရာကြသည်။ သို့သော် ''မဟာမဏ္ဍလ–အဏုမဏ္ဍလာနိ ဒသေတွာ–ဟု ဝိ၊ဋ္ဌ၊၃။၃၉၂–ဌိ ပြသောကြောင့် မြောင်းတလုပ်မှာ မဖြတ်ဘဲ စပ်ကြောင်း ပြကာမျှဖြင့်ပင် အပ်၏–ဟု အဓိပ္ပါယ်ယူရမည်''ဟု (ဆင်တဲ၊ဝိ၊၃။သျှ၊၂။၁၁၆–)ဌိ မှာထားတော်မူ၏။

ဆင်တဲဆရာတော်ဘုရားကြီး၏အလိုမှာ မဟာမဏ္ဍလနှင့် အဏုမဏ္ဍလဖြစ်အောင် ကြားထည်းဌိ အဏုကုသိ ခေါ် ကန့်လန့်ဖြတ် တစ်လုပ်လွှာ, ဘေးက ကုသိ ခေါ် မြောင်းလွှာများ ရှိရပေသည်။ သို့သော်လည်း အဋ္ဌကထာဆရာက မဟာမဏ္ဍလ အဏုမဏ္ဍလာနိ ဒသေတွာ''သာ ဆိုသည်။ ဆိန္နိတ္ဘာ–ဟု မဆိုသည့်အတွက် မြောင်းလွှာ,

တလုပ်လွှာကို ဖြတ်စရာမလို စပ်ကြောင်းသာပြု (မဖြတ်ဘဲ မြောင်းလွှာပုံ တလုပ်လွှာပုံချုပ်)ဟု ယူတော်မူလိုဟန်တူသည်။

ထိုအယူကို စလင်းဂတ္ထိ ခေါ် မဟာဝါဂတ္ထိသစ်က မကျေနပ်ပေ။ အဆိုပါဂတ္ထိသစ်၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ သင်္ကန်း ဝေပေးရသော ရဟန်းက ကုသိ, အဓကုသိ, အနုဝါတ, ပရိဘဏ္ဍတို့ကို ပေးရမည်ဟူသော (ဝိ၊၄။၃၃၂။)စကား, အာဂန္တုကပတ် တင်အံ့ဟု လာရောက်တောင်းဆိုသော ရဟန်းအာ ကုသိ, အဓကုသိများကို လုံလောက်အောင် ပေးရမည်။ အနုဝါတ, ပရိဘဏ္ဍအတွက် လာရောက်တောင်းဆိုသော ရဟန်းအား သင်္ကန်း (၁)ထည်၏ အနားပတ်ကို လုံလောက်အောင် ပေးရမည်–ဟူသော (ဝိ၊၅။၄။၁၀၉။) စကားများအရ ကုသိ, အဓကုသိ,၊ အနုဝါတ, ပရိဘဏ္ဍများ မဖြတ်ပဲနှင့် ပေးမဖြစ်သည်ကိုထောက်၍ အလွှာဟူသမျှ ဖြတ်ရမည်၊ မြောင်းလွှာ တလုပ်လွှာများကိုလည်း ဖြတ်လောက်က ဖြတ်ရမည်ဟု ဆုံးဖြတ် တော်မူခဲ့သည်။ (မဟာဝါဂတ္ထိသစ်၊ ၃၃၃–၄–၅။)

(စာအညွှန်း= တိပိဋကဓရ၊ ပါဠိ–မြန်မာအဘိဓာန်၊ အတွဲ (၆) က–ဝဂ်၊ ကုသိပုဒ်။)

===000===

၂–သင်္ကန်းအဓိဋ္ဌာန်တင်နည်း

၁၂။ သင်္ကန်းပစ္စေး၊ ဆွမ်းပစ္စေး၊ ကျောင်း,ဆေး မှီလေးဖြာ။

ရဟန်းခံရာ သိမ်အပြင်၌ ဆုံးမခန်းတွင် ‘‘စတ္တာရော နိသဩာ အာစိက္ခိတဗ္ဗာ။ စတ္တာရိ စ အကရဏီယာနိ အာစိက္ခိတဗ္ဗာနိ’’ ဟူ၍ လာရှိသည့်အတိုင်း မှီရာလေးပါးကို ရှေးဦးစွာ ပြဆိုမည်ဟူလို။

၁၃။ သင်း,ကိုယ်,ဒု,အိပ်၊မျက်,ပရိက်၊နီသိဒ်,မိုဃ်း,အမာ။

သင်းပိုင်, ကိုယ်ရုံ, ဒုဂုဏ်, အိပ်ရာခင်း,မျက်နှာသုတ်ပုဝါ,ပရိက္ခာရ စောင်ပုဆိုး, နီသီဒိုင်အခင်း, မိုဃ်းရေခံသင်္ကန်း, အမာလွှမ်းသင်္ကန်း။ သင်္ကန်းကိုးထည် သရုပ်။ ။အန္တရ ဝါသကော၊ သင်းပိုင်။ ဥတ္တရာသင်္ဂေါ်၊ ကိုယ်ရုံ၊ သံဃာဋိ၊ ဒုကူလ်၊ ပစ္ဆိတ္ထရဏံ၊ အပေါ်လွှမ်း အိပ်ရာခင်း။ မုခပုဉ္ဆနစောင်၊ မျက်နှာသုတ်ပုဝါ။။ ပရိက္ခာရစောင်၊ ရေစစ်ပုဝါ လက်သုတ်ပုဝါ သပိတ်အိတ် ဘိနပ်အိတ် အစရှိသော အတိုအထွာ ပရိက္ခရာပုဆိုး အမျိုးမျိုး။ နီသီဒနံ၊ နီသီဒိုင်အခင်း။ ဝဿိကသာဋိကာ၊ မိုဃ်းရေခံပုဆိုး။ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ အမာလွှမ်းသင်္ကန်း။ ။ပါဠိအမည်နှင့် အဓိဋ္ဌာန်တင် ရန်ဆောင်ပုဒ်။

‘‘အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။ ဝဿိကသာဋိကံ ဝဿာနံ စာတုမာသံ အဓိဋ္ဌာတုံ တတော ပရံ ဝိကပ္ပေတုံ။ နိသီဒနံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။ ပစ္ဆိတ္ထရဏံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။ ကဏ္ဍုပ္ပဋိစ္ဆာဒိံ ယာဝ အာဗာဓာ အဓိဋ္ဌာတုံ တတော ပရံ ဝိကပ္ပေတုံ၊ မုခပုဉ္ဆနစောဠံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။ ပရိက္ခာရစောဠံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ’’။ ။ (ဝိ၊၃။၄၁၁။) အဓိဋ္ဌာတုံ၊ ငဲ့ညှာဟု အမှတ်ပြုရန် အဓိဋ္ဌာန်တင်ခြင်းငှာ။ ။ဝိကပ္ပေတုံ၊ ငဲ့ညှာဟု အာသာမကပ် ကင်းကွာလတ်အောင် ဝိကပ္ပနာ ပြုခြင်းငှာ၊ အနက်ပေး။ ။ကိုးထည် အစီအစဉ်မှာ ရှေ့သံပေါက်အတိုင်းစဉ်။ ။ **သင်း,ကိုယ်,ဒု,အိပ်၊ မျက်,ပရိက်၊ နီသိဒ်,မိုဃ်း,အမာ။** ။ (ရှေ့သံပေါက်)

၁၄။ ရှေ့ခြောက်ထည်လျှင်၊ ယခုမြင်၊ မထင်နောက်သုံးမှာ။

ရှေ့ခြောက်ထည် သည်သာလျှင် ယခုကာလ၌ သုံးရိုးစွဲရိုး မျက်မြင်ဒိဋ္ဌဖြစ်၏။။ နိသီဒိုင် မိုဃ်းရေခံ အမာလွှမ်းဟူသော နောက်သုံးထည် တို့ကိုမူကား ယခုကာလ၌ သုံးရိုးစွဲရိုး မထင်မမြင်ပြီ။

၁၅။ အလျားရှစ်သစ်၊ နံလေးသစ်၊ ရှင်ချစ် လက်တော်သာ။

အဓိဋ္ဌာန် ဝိကပ္ပနာ လောက်ရာသော အတိုင်းအရှည် ပမာဏမှာ မြတ်စွာဘုရား၏ လက်သစ်တော်အားဖြင့် အလျား ရှစ်သစ် အနံ လေးသစ်ရှိသော အဝတ်ထည်သည် အယုတ်ဆုံးအားဖြင့် အဓိဋ္ဌာန် ဝိကပ္ပနာ လောက်၏။။ ။"အနုဇာနာမိ ဘိက္ခဝေ အာယာမေန အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန၊ စတုရင်္ဂုလဝိတ္ထတံ ပစ္ဆိမံ စီဝရံ ဝိကပ္ပေတုံ"။ ။ဝိ၊ ၃၊ ၄၁၁။ စတုရင်္ဂုလဝိတ္ထတံ၊ လက်လေးသစ်မှန် အနံပြန့်ကျယ် အဝတ်ထည်ကို။ ပစ္ဆိမံ စီဝရံ၊ အယုတ်ဆုံး သင်္ကန်းပြု၍ပေး။။

၁၆။ အလျားတောင်မှန်၊ ထွာအနံ၊ ခေါ်ရန် မဇ္ဈိမာ။

ဘုရားလက်သစ်နှင့် ပြဆိုသော ထိုဝတ်ထည်သည် မဇ္ဈိမပုရိသ ခေါ်သော ဝုဳကီ အတောင်အားဖြင့် အလျား–တစ်တောင် အနံ တစ်ထွာရှိ၏။။ လက်သန်းတောင် လက်သန်းထွာကို ဆရာတို့ ယူကြ၏။။ ။"သုဂတ ဝိဒတ္ထိယာတိ သုဂတဝိဒတ္ထိ နာမ ကွဒါနိ မဇ္ဈိမဿ ပုရိသဿ တိသော ဝိဒတ္ထိယော၊ ဝဳကီ ဟတ္ထေန ဒိယဎော ဟတ္ထော ဟောတိ"။ ။ဝိ၊ ဋ္ဌ၊ ၂။၁၅၃-၄။) ။ ဘုရားမှ မဇ္ဈိမသည် သုံးဆတက်၏။။ ထို့ကြောင့် ဘုရား၏ လက်ရှစ်သစ်သည် မဇ္ဈိမတစ်တောင် ဖြစ်၏။။ ဘုရား၏ လက်လေးသစ်သည် မဇ္ဈိမတစ်ထွာ ဖြစ်သတည်း။။

၁၇။ မဇ္ဈိမတွင်၊ ထက်ဝက်တင်၊ မျက်မြင် ငါတို့မှာ။

မျက်မြင် ငါတို့ဆိုသည်ကား ပကတိပုရိသကို ဆိုသတည်း။။

မဇ္ဈိမတွင် ထက်ဝက်တင်သည်ရှိသော် မဇ္ဈိမတတောင်သည် ပကတိ တတောင့်ထွာဖြစ်၏။ မဇ္ဈိမတစ်ထွာသည် ပကတိ တစ်ထွာ့ခြောက်သစ်ဖြစ်၏။။ ။မဇ္ဈိမနှင့် ဝဟုကီကားတူ၏။။ လက်သမားတောင် ခေါ်သည်။။

၁၈။ မိဒ္ဓာန်ဝိကပ်၊ လောက်ပြီမှတ်၊ အာပတ် ဝတ္ထုလော။။

ပကတိ ပုရိသခေါ်သော ငါတို့အတောင် အထွာအားဖြင့် အလျား-တစ်တောင့်ထွာ, အနံ-တစ်ထွာ့ခြောက်သစ်ရှိသော အဝတ်ထည်သည် အမိဒ္ဓာန်လောက်၏။။ ဝိကပ္ပနာလောက်၏။။ သက်နိုးသာမညှင့် စပ်ယှဉ်သော ထိုထိုသိက္ခာပုဒ်တို့၌ "ဝိကပ္ပနုပဂံ ပစ္ဆိမံ စိဝံရံ" ဟူ၍ အာပတ်ဝတ္ထု အဖြစ်ဖြင့်လာ၏။။ ။ မဇ္ဈိမဝဟုကီတို့မှာ ငါတို့ပကတိ တက်နည်းကိုကား ဝိနယာလင်္ကာရဋ္ဌီကာ၊ သဒ္ဒသုတ္တ နိဒ္ဒေသတို့၌ လာသည်ကို ပမာဏ ပြုကြရကုန်၏။။ ။ ထိုကျမ်းဆရာတို့ သည်လည်း။။ ။"အဋ္ဌာရသ ဟတ္ထုဗ္ဗေဓော၊ ဂေါတမော သက္ကဝဟုနော" ဟူ၍ ငါတို့ဘုရား အရပ်တော်ကို ပြဆိုကြသော ကျမ်းဂန်များကိုမှီ၍ မဇ္ဈိမမှ ထက်ဝက်တက်ကို ပြဆိုကြ ပေကုန်၏။။ <u>မြတ်စွာဘုရား အရပ်တော်သည်</u> မြတ်စွာဘုရား၏ လေးတောင်သာ ရှိမြဲဖြစ်၏။။ ထိုကို သုံးဆတက်သော် မဇ္ဈိမ တစ်ဆဲ့နှစ်တောင်ဖြစ်၏။။ထိုကိုထက်ဝက်တက်သော် ပကတိပုရိသ တစ်ဆဲ့ရှစ်တောင် ဖြစ်သတည်း။။

၁၉။ ကိုယ်ပိုင်သန္ဓကာ၊ ရသည်မှာ၊ ဒသကရက်တွင်းမှာ။။
၂၀။ မိဒ္ဓာန်တင်မူ၊ ဝိကပ်မူ၊ မပြု အာပတ်လာ။။

မိမိတို့ အတောင်နှင့် အလျား တစ်တောင့်ထွာ အနံ တစ်ထွာ့ ၆-သစ်ရှိသောအဝတ်ထည်မျိုး, ထိုထက် အလျားအနံကြီးသော အဝတ်ထည်မျိုးတို့ကို ကိုယ်ပိုင်သန္ဓကအဖြစ်နှင့် ရခဲ့သည်ရှိသော် မိမိလက်သို့ပင် မရောက်သေးသော်လည်း သေချာစွာ သိရှိခဲ့ပါလျှင် ရသောနေ့မှစ၍ ဆယ်ရက်အတွင်း၌ အမိဒ္ဓာန်သော်လည်း တင်ရာ၏။။ ဝိကပ္ပနာသော်လည်းပြုရာ၏။။ တစ်ခုခု မပြုခဲ့သော် တစ်ဆဲ့တစ်ရက် အရုဏ်တက်

သည်နှင့် တပြိုင်နက် နိဿဂ်ပါစိတ်အာပတ် သင့်၏။။ ။အရဏ်ဟူသော စကားဖြင့် တစ်ရက်လုံးကို သိမ်းကျုံးလိုရင်းဖြစ်၏။။ ထို့ကြောင့် လဆန်း တစ်ရက်နေ့ မွန်းတည့်အချိန်မှာဖြစ်စေ၊ ညဉ့်သန်းခေါင် အချိန်မှာဖြစ်စေ၊ သက်နိုးရလာခဲ့သော် လဆန်း ၂–ရက် အရဏ်တက်လျှင် ထိုနေ့ဆုံး၏။။ ထိုအခါမှ လဆန်းတစ်ရက် နံနက်အရဏ်ကို ထိုသက်နိုးရသည်မည်၏။။ ဥါသက်နိုးသည် တစ်အရဏ်ရပြီ ဆိုရ၏။။ ဝါဆိုဝါကပ်အရာ ပရိဝါသ် မာနတ်စသည်တို့၌လည်း ဤနည်းအတူ။။

၂၁။ ပရိက္ခာရ၊ စောဠအမည်၊ သူဏအမည်၊ နှစ်ထည်အဓိဋ္ဌာ။။

အဓိဋ္ဌာန် တင်နည်းသည် ပရိက္ခာရစောဠ အမည်နှင့် တင်နည်း၊ သံဃာဋိ, ဥတ္တရာသင်္ဂ, အန္တရဝါသက, ပစ္ဆိတ္ထရဏ အစရှိသော **အသီး** အသီးသော သူဏအမည်နှင့် တင်နည်းဟူ၍ တင်နည်းနှစ်ပါးရှိ၏။။

၂၂။ ပရိက္ခာရ၊ စောဠအသုံး၊ ကိုးထည်လုံး၊ ရှေးထုံး အစဉ်လာ။။

ပရိက္ခာရစောဠ–ဟူသော အမည်နှင့်အဓိဋ္ဌာန် တင်နည်းသည် သက်နိုးကိုးထည်တို့တွင် သပိတ်အိတ် ဘိနပ်အိတ် အစရှိသော ပရိက္ခာရစောဠ အထည်မျိုးတို့၌သာ တင်ရသည်မဟုတ်။ ကိုးထည်လုံး၌ပင် တင်လိုသော် တင်ရသော ရှေးထုံးအစဉ်လာ၏။။ ။ “ပရိက္ခာရ စောဠနာမ ပါဠ္ဍေက္ကံ နိဓာနမုခမေတံ”။ ။အဋ္ဌကထာကြိး။။ ။ “ပရိက္ခာရ စောဠိယော သပ္ပံ၊ တထာ ဝတ္ထာ အဓိဋ္ဌတိ”။ ။ခုဒ္ဒသိက္ခာ။။ ။အဋ္ဌကထာကြိး၌ တိစီဝရိက်သာ ပရိက္ခာရစောဠတင်မှုကို ဆိုလျက်ရှိ၏။။

၂၃။ ကိုယ်, နှူတ် နှစ်ပြင်၊ ဟအင်အင်၊ တင်လေ အဓိဋ္ဌာ။။

သက်နိုးအဓိဋ္ဌာန် တင်နည်းသည် ကိုယ်အင်္ဂါဖြင့်တင်ခြင်း နှူတ်အင်္ဂါဖြင့် တင်ခြင်းဟူ၍နှစ်ပါးရှိ၏။။ ထိုနှစ်ပါးတို့တွင် တပါးပါးဖြင့်တင်လေဟူလိုသည်။။ ။“ဒွေ စီဝရဿ အဓိဋ္ဌာနာ ကာယေန ဝါ အဓိဋ္ဌေတိ၊

ဝါစာယ ဝါ အဓိဋ္ဌေတိ''။ ။ ဝိ၊၅။ ၂၁၄။ ။ ကိုယ်အင်္ဂါဖြင့် တင်ရာ၌ ''ကျွမ် စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ''–ဟု နှလုံးသွင်းခြင်းနှင့်တကွ အဝတ်သင်္ကန်းကို လက်ဖြင့်ကိုင်တွယ်၍ သုံးသပ်ရသည်။ ။နှုတ်အင်္ဂါဖြင့် တင်ရာ၌ကား အဝတ်သင်္ကန်းကို အာရုံပြု၍ ''ကျွမ် စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ''–ဟု နှုတ်မြွက်ရသည်။ ။ နှုတ်ကလည်းဆို ကိုယ်ကလည်း သုံးသပ်ပေးမှ ကိုယ်နှုတ်နှစ်ပါးဖြင့် တင်သည်မည်၏။

၂၄။ **နီး,ဝေး,နည်း,များ၊လေးထွေပြား၊ခြားတုံအဆိုမှာ။**
၂၅။ **ကွဲဒံ,ကွဲမာနိ၊ဇေတံ,ဇေတာနိ၊ဆိုရိုးရှိ၊နီးဘိ–နှစ်တောင့်ထွာ။**

အနီးဌိုရှိသော အဝတ်သင်္ကန်း အဝေးဌိုရှိသော အဝတ်သင်္ကန်း တထည်တည်းသော အဝတ်သင်္ကန်းနှစ်ထည် သုံးထည်စသည်များသောအဝတ်သင်္ကန်းဟူ၍ လေးထွေ လေးပါး အပြားရှိ၏။ ဆိုပုံလည်း ခြားနားစေရ၏။ ။အနီးတထည်ဖြစ်အံ့၊ ကွဲဒံ–ဟု။ ။အနီး နှစ်ထည် သုံးထည် စသည်အများဖြစ်အံ့၊ ကွဲမာနိ–ဟု။ ။အဝေးတထည်ဖြစ်အံ့၊ ဇေတံ–ဟု။ ။အဝေးအများဖြစ်အံ့၊ ဇေတာနိ–ဟု ဆိုရိုးရှိ၏။ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ တည်ရှိသော အဝတ်သင်္ကန်းကို အနီးဆိုသည်။ နှစ်တောင့်ထွာမှ အပ၌တည်ရှိသော အဝတ်သင်္ကန်းကို အဝေးဆိုသည်။ ယူဇနာတစ်ရာပင်ဝေးသော်လည်း ထိုသင်္ကန်းကို စိတ်တမ်း၍ နှုတ်ဖြင့် တင်ဆိုလျှင် မြောက်တော့သည်။ ''ကျွမ် စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။ ကွဲမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။ ။ ဇေတံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။ ။ ဇေတာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ''။ ။ အထည်ပေါင်း တစ်ရာကိုပင် တစ်ပါတည်းတင်ရ၏။

၂၆။ **ပရိက္ခာရ၊ စောဠတင်မှု၊ သင်္ကန်းစု၊ ပြုဘွယ်ထူးမလာ။**

ပရိက္ခာရစောဠ အမည်နှင့် အဓိဋ္ဌာန်တင်အပ်ပြီးသော သင်္ကန်းတို့၌ စောင့်ရှောက်ခြင်း စသည်ဖြင့် ပြုဘွယ်ကိစ္စ အထူးမလာပြီ။

အလိုရှိတိုင်း သုံးဆောင်ရတော့သည်။ အဓိဋ္ဌာန်ပျက်ကြောင်းများမှာ နောက်၌လာလတ္တံ့။

၂၇။ **သူ့အမည်နှင့်၊ တင်တုံလင့်၊ ကျင့်ဝတ်အဖြာဖြာ။**

သံဃာဋ္ဌီ, ဥတ္တရာသင်္ဂ်, အန္တရဝါသက အစရှိသော အသိုးအသိုးသော သူ့အမည်နှင့် အဓိဋ္ဌာန်တင်ရာ၌မူကား ကျင့်ဝတ်တရားအဖြာဖြာများ၏။

၂၈။ **သင်း,ကိုယ်,ဒု,မိုယ်း၊ မာ,နိမျိုး၊ တင်ရိုးဇက်စိသာ။**

သင်းပိုင်, ကိုယ်ရုံ, ဒုဂုဏ်, မိုယ်းရေခံ, အမာလွှမ်း, နိသီဒိုင်တို့ကို သူ့အမည်နှင့် တင်သည်ရှိသော် တစ်ထည်စီသာ ထားရာသည်။ အဓိဋ္ဌာန်တင် သင်းပိုင်တစ်ထည်သာ ရှိရာသည်။ နှစ်ထည်မရှိရ။ အသစ်တထည်ကို အဓိဋ္ဌာန်တင်လိုသော် သင်းပိုင်ဟောင်းကို ပစ္စုဒ္ဓိရ်ပြုပြီးမှ အသစ်ကိုတင်ရသည်။ ကြွင်းသော ငါးထည်တို့၌လည်း ဤနည်းတူ။ အိပ်ရာခင်း မျက်နှာသုတ် ပရိက္ခာရစောဠ–တို့၌မူကား များစွာပင် တင်၍ထားရ၏။

၂၉။ **လျှားနံပမာဏ၊ ပြည့်မှီမှု၊ တင်ရ ခြောက်ထည်မှာ။**

သင်း, ကိုယ်, ဒု, မိုယ်း, မာ, နိ, ဟူသော ခြောက်ထည်တို့ကို သူ့အမည်နှင့်တင်ရာ၌ အသီးအသီး အလျှား–အနံ ပမာဏ ပြည့်မှီမှုသာ တင်ရသည်။

၃၀။ **ငါးတောင်–တောင်ဆုပ်၊ သုံးတောင်–ဆုပ်၊ ဒုကူန်ကိုယ်ရုံမှာ။**

ဒုဂုဏ် ကိုယ်ရုံတို့၌ အယုတ်ဆုံးအားဖြင့် အလျှား ၅–တောင်–တောင်ဆုပ်၊ အနံသုံးတောင်–တောင်ဆုပ်ရှိမှသာ အဓိဋ္ဌာန်နားသည်။ ငါးတောင်–တောင်ဆုပ် ဆိုသည်ကား တောင်ရှည် လေးတောင်နှင့် တောင်ဆုပ်တခုကိုဆိုသည်။ သုံးတောင်–တောင်ဆုပ်မှာလည်း ဤနည်းတူ။

၃၁။ အလျားလိုဟန်၊ နှစ်တောင်နံ၊ တင်ရန် သင်းပိုင်မှာ။

သင်းပိုင်၌ အလျားပမာဏ ဒုကုဋ္ဌ,ကိုယ်ရုံတို့ အတိုင်းပင်။ အနံမှာ အယုတ်ဆုံး နှစ်တောင်ပမာဏရှိမှ တင်ရသည်။

၃၂။ နှစ်ထွာ,ထွာခွဲ၊ မြိတ်ထွာတွဲ၊ လုပ်မြဲ နီသိဒ်မှာ။

နီသီဒိုင်၌ အလွန်ဆုံးအားဖြင့် ဘုရား အထွာတော်နှင့် အလျား နှစ်ထွာ အနံတထွာခွဲ အမြိတ်အဆာ တထွာလုပ်မြဲ ဖြစ်သည်။ ထိုထက် မလွန်ရ။

၃၃။ လေးနှင့်–နှစ်တန်၊ ထွာတော်မှန်၊ ကဏ္ဍာပ္ပဒီစ္ဆာ။

အမာလွှမ်း၌ ဘုရားအထွာတော်နှင့် အလျားလေးထွာ အနံ နှစ်ထွာ အလွန်ဆုံး။ ထိုထက်မလွန်ရ။

၃၄။ ခြောက်ထွာရှည်နှဲ့ နှစ်ထွာခွဲ၊ လုပ်မြဲ မိုယ်းရေမှာ။

မိုယ်းရေခံ၌ ဘုရားအထွာတော်နှင့် အလျား ခြောက်ထွာ အနံ နှစ်ထွာခွဲလုပ်မြဲ၊ ထိုထက် မလွန်ရ။

၃၅။ ပရိက်,အိပ်,မျက်၊ ဤသုံးချက်၊ မမြွက် လျား–နံမှာ။

ဤသုံးထည်တို့၌ အဲလျားအနံ ပမာဏကို ကျမ်းဂန်တို့၌ အမြွက် အဆိုမရှိ။ ။“ဇကံပိ ဝဋ္ဋတိ၊ ဗဟူနိပိ ဝဋ္ဋန္တိ” – ဟူ၍လာ၏။

၃၆။ သုံးထည်အရိုး၊ ကောင်းစွာဆိုး၊ မာ,မိုယ်း,သင့်ရုံသာ။

ဒုကုဏ် ကိုယ်ရုံ သင်းပိုင်တို့၌ ကောင်းစွာဆိုးမှ အဓိဋ္ဌာန်နားသည်။ မာ,မိုယ်းတို့၌ အဆင်းပျက်ရုံဆိုးလျှင် ပြီး၏။

၃၇။ ကပ္ပဗိန္ဒု၊ ထိုးရိုးပြု၊ သင်း,ဒု ကိုယ်,မိုယ်း,မာ။

ဤငါးထည်တို့သည်ကား ကိုယ်၌ဝတ်ရုံသော သင်္ကန်းမျိုးဖြစ်ကုန်

၍ဆိုးခြင်း ကပ္ပဗိန္ဒုထိုးခြင်းတို့ကို ပြုပြီးမှ အဝိဇ္ဇာနှတင်ထိုက်ကုန်သည်။ အိပ်,မျက်,ပရိက်,နိသိဒ်တို့ကား ဝတ်ရုံသော သက်နှိးမျိုး မဟုတ်ကုန်။ ဆိုးမှု ကပ္ပဗိန္ဒုထိုးမှုမလို။

၃၈။ ဓိဇ္ဇာနှဟောင်းပစ်၊ စွန့်ပြီးလစ်၊ အသစ်တင်မြဲသာ။

သင်း,ဒု,ကိုယ်,မိုယ်း,မာတို့၌ တထည်သာ အပ်သောကြောင့် အမည်နှင့်တင်၍ဆောင်သော အဟောင်းရှိခဲ့လျှင် အဟောင်းကို ပစ္စုဒ္ဓိ၍ပြု၍အဝိဇ္ဇာနှစွန့်ပြီးမှ အသစ်ကို အဝိဇ္ဇာနှတင်ရသည်။ ။''ကျွမံ သံဃာဋီ ပစ္စုဒ္ဓရာမိ'' ဒုဂုဏ် အဟောင်းကို ပစ္စုဒ္ဓိ၍ပြု၍။ ။''ကျွမံ သံဃာဋီ အဝိဇ္ဇာမိ'' ဒုဂုဏ်သစ်ကို အဝိဇ္ဇာနှတင်။ ။အဝေးဌိရှိနေသော ဒုဂုဏ်ဟောင်းကို အဝေးကနေ၍ စွန့်ရာ၌ ''ဇတံ သံဃာဋီ ပစ္စုဒ္ဓရာမိ'' ဟု စွန့်။ အဝေးအဝိဇ္ဇာနှ၌လည်း ထိုနည်းအတူ။ ။''ကျွမံ ဥတ္တရာသင်္ဃံ ပစ္စုဒ္ဓရာမိ။ ကျွမံ ဥတ္တရာသင်္ဃံ အဝိဇ္ဇာမိ။ ။ ကျွမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။ ကျွမံ အန္တရဝါသကံ အဝိဇ္ဇာမိ။ ။ ကျွမံ ဝဿိကသာဋိကံ ပစ္စုဒ္ဓရာမိ။ ကျွမံ ဝဿိကသာဋိကံ အဝိဇ္ဇာမိ။ ။ ကျွမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ ပစ္စုဒ္ဓရာမိ။ ကျွမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ အဝိဇ္ဇာမိ''။

၃၉။ သုံးထည်ကိုလျှင်၊ အမည်တင်၊ ညှဉ်ပင် မကင်းရာ။
၄၀။ ဌာနဆဲ့ငါး၊ ဝေဘန်ထား၊ မျှားလှ ဆိုခွင့်မှာ။

ဒု,ကိုယ်,သင်း, တို့ကို အမည်နှင့်အဝိဇ္ဇာန် တင်ပြီးသည်ရှိသော် တင်ပြီးသော နေ့မှစ၍ သက်နှိးနှင့် တညှဉ်မျှကင်း၍ မနေရာ၊ အရုဏ်တက်ဆဲအခါ၌ လိုရင်းတည်း။ ။မကင်းအောင်နေရာသော အစီအရင်ကိုလည်း သက်နှိးထားရာဌာန တစ်ဆဲ့ငါးပါးတို့နှင့် ဝေဘန်၍ ပါဠိတော်၌ ကျယ်စွာ ဟောတော်မူ၍ထား၏။ ပြောဆိုတွယ် အလွန်များ၏။ ။ ထိုဌာနတို့၌ မလိမ်မာခဲ့သော် နေလေရာဌာန၌ငင်း, လမ်းခရီးသွားဆဲ အခါ၌ငင်း အရုဏ်တက်ဆဲအခါတွင် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ သက်နှိးကိုအမြဲထား၍ ဆောင်လျှင် ပြီးတော့သည်။ ဘိက္ခုသမ္မုတိကို ရခဲ့သော်

ဌင်း, ကထိန်အာနိသင်ကို ရခဲ့သော်ဌင်း ညဉ်ကင်းသော်လည်းအပြစ်မရှိ၊ အခန့်မတော်လျှ၍ ညဉ်ကင်းမည်ရှိခဲ့သော် အဝေးမှာလှမ်း၍သော် လည်း ပစ္စုဒ္ဓိရ်ပြုလိုက်ရသည်။ အရဏ်တက်သည်နောက် အဝေးမှာလှမ်း၍ အဓိဋ္ဌာန် တင်လိုလျှင်တင်ရ၏။။

၄၁။ မိုဃ်းလေးလတွင်၊ မိုဃ်းကိုတင်၊ လွန်လျှင် ဝိကပ္ပါ။

မိုဃ်းရေခံသင်္ကန်းမှာ ဝါဆိုလပြည့်ကျော် တစ်ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင် မိုဃ်းလေးလအတွင်း၌သာ အဓိဋ္ဌာန်တင် ရသည်။ ဆောင်းလေးလ နွေလေးလတို့၌ ဝိကပ္ပနာပြု၍ ထားရသည်။

၄၂။ အနာရှိလျှင်၊ မာကိုတင်၊ လွန်လျှင် ဝိကပ္ပါ။

အမာလွှမ်းသင်္ကန်းမှာ အိုင်းကျသော ယားနာကြိုး ဝဲနာကြိုး စသည် ရှိသောအခါ၌သာ အဓိဋ္ဌာန်တင်ရသည်။ ထိုအနာ ပျောက်ငြိမ်း သောအခါ၌ ဝိကပ္ပနာပြု၍ ထားရသည်။

၄၃။ နိသီဒန၊ တင်တုံက၊ လေးလ မကင်းရာ။

နိသီဒိုင်သင်္ကန်းကို နိသီဒနအမည်နှင့်တင်၍ ဆောင်စဉ်အခါ လေးလလုံးလုံး ကင်း၍မထားရာ။

၄၄။ ပေးစွန့်, ခိုးယူ၊ ကျွမ်းဝင်ယူ၊ လူထွက်ချသိက္ခာ။

၄၅။ သေဆုံး, လိင်ပြန်၊ ပစ္စုဒ္ဒံ၊ ရှစ်တန်–ကျဓိဋ္ဌာ။

အဓိဋ္ဌာန်တင်၍ထားသော သင်္ကန်းသည် ရှစ်ပါးသောအကြောင်း တို့ကြောင့် အဓိဋ္ဌာန်ကျ၏။။ ထိုသင်္ကန်းကို သူတစ်ပါးအား ပေးလိုက်စွန့် လိုက်သော်ဌင်း, ထိုသင်္ကန်းကို သူတစ်ပါးတို့ခိုး၍ တိုက်၍ လုယက်၍ ယူခဲ့သော်ဌင်း, အကျွမ်းဝင်၍ ဝိဿာသဂ္ဂါဟ ယူနည်းဖြင့်ယူခဲ့သော်ဌင်း, သင်္ကန်းရှင်သည် ဘိက္ခုနီဖြစ်၍ သိက္ခာမချရဘဲ လူဝတ်လဲ၍ လူထွက်ခဲ့ သော်ဌင်း, ရဟန်း ယောကျ်ားဖြစ်၍ သိက္ခာချခဲ့သော်ဌင်း, သင်္ကန်းရှင်

ရဟန်း သေဆုံးခဲ့သော်၎င်း, ကွတ်ထိုလိင် ပုလိုင်ပြန်ခဲ့သော်၎င်း, ပစ္စုဒ္ဓိရ် ပြုခဲ့သော်၎င်း, အဓိဋ္ဌာန်ကျ၏။ သင်္ကန်းရှင် ပါရာဇိကကျခဲ့သော် အဓိဋ္ဌာန် ကျသည် မကျသည်ကို အဆိုမရှိ၊ သိက္ခာကျ၌ ရေတွက်ရာ၏။

၄၆။ သင်း,ကိုယ်,ဒုအား၊ ပေါက်မှုပွား၊ ကိုးပါးကျ ကြောင်းလာ။

သင်းပိုင် ကိုယ်ရုံ ဒုဂုဏ်တို့မှာ ပေါက်ခြင်းကိုထည့်၍ အဓိဋ္ဌာန်ကျ ကြောင်း ကိုးပါးလာ၏။သုံးထည်လုံးမှာ အလျားစွန်းမှ တစ်ထွာ၏ အတွင်း၌ အနံစွန်း၌မူကား ကိုယ်ရုံ ဒုဂုဏ်တို့မှာ ရှစ်သစ်အတွင်း၌ သင်းပိုင်မှာ လေးသစ်အတွင်း၌ လက်သန်းသည်းခွန်အပြင် ပမာဏမျှ ကျယ်လှစွာ ပေါက်ခဲ့သော် အဓိဋ္ဌာန်ကျ၏။ ။ ရှေ့ရှစ်ပါးကား ပရိက္ခာရစောဠ အဓိဋ္ဌာန်နှင့်လည်းဆိုင်၏။ ။ အပေါက်ပေါက်မှုသည် တိစီဝရိက် အဓိဋ္ဌာန်ကြီးနှင့် သာဆိုင်၏။

သင်္ကန်းအဓိဋ္ဌာန်တင်နည်း ပြီး၏။

===ooo===

၃။ သင်္ကန်းဝိကပ္ပနာပြုနည်း

၄၇။ ပရမ္မုခါ၊ သံမုခါ၊ နှစ်ဖြာ ဝိကပ္ပ။

ဝိကပ္ပနာပြုနည်းသည် သံမုခါဝိကပ္ပနာ, ပရမ္မုခါဝိကပ္ပနာ ဟူ၍ နှစ်ပါးရှိ၏။ သံမုခါဝိကပ္ပနာ–မိမိနှုတ်ဖြင့် ပြုအပ်သော ဝိကပ္ပနာ၊ ပရမ္မုခါ ဝိကပ္ပနာ–သူတစ်ပါးနှုတ်ဖြင့် ပြုအပ်သော ဝိကပ္ပနာဟု ဆိုကြ၏။

၄၈။ ဝိနည်းဓိရ်ပါး၊ ချဉ်းကပ်ငြား၊ နှစ်ပါးပြုဘို့ရ။

ဝိနည်းဓိရ်ပုဂ္ဂိုလ်ထံ ချဉ်းကပ်၍ ဝိနည်းဓိရ်ပုဂ္ဂိုလ်အား ပြုရမည်။

ဝိကပွနာ ပြုလိုသောသက်နှံးကို ဝိနည်းဝိုရ်ရှေ၌ထား၍။ ။''ကျွမ် စီဝရံ တုယ့် ဝိကပွေမိ''။ ။သက်နှံးအများဖြစ်ခဲ့လျှင်''ကျွမာနိ စီဝရာနိ တုယ့် ဝိကပွေမိ''ဆို။ ။အဝေးရိသက်နှံး၌ ဇတံ ဇတာနိ–ဆို။

၇၉။　ဝိနည်းလိမ်မာ၊ မြတ်ဆရာ၊ ပြန်ပါ ဝိကပွ။.

ဝိနည်းဝိုရ်ဆရာက်ာ ဝိကပွနာပြန်ရသည်၊ ။''မယ့် သန္တကံ ပရိဘုဥ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ'' ဆို၍ပြန်။ ။ ငါ၏ဥစ္စာကို သုံးလိုသုံး စွန့်လိုစွန့် အကြောင်းအားလျော်စွာ လိုရာပြုလေ ဟူလိုသည်။

၈၀။　သီတင်းဘော်မှန်၊ သမွဒါန်၊ ငါးတန်လိုရာပြ။

သမ္မုခါဝိကပွနာပြုပုံ တစ်နည်းမှာ သီတင်းသုံးဘော် ငါးယောက်တို့တွင် သက်နှံးရှင် အလိုရှိရာ တစ်ယောက်ယောက်ကို သမွဒါန်ထား၍ ပြု၏။ ။''ကျွမ် စီဝရံ တိသဿ ဘိက္ခုနော ဝိကပွေမိ။ တိသာယ ဘိက္ခုနိယာ။ တိသာယ သိက္ခမာနာယ။ တိသဿ သာမဏေရဿ။ တိသာယ သာမဏေရိယာ''ဟု မိမိနှင့်အကျွမ်းဝင်သူ တစ်ယောက်ယောက်၏ နာမည်ကို ဘော်၍ဆို။ ။ ဝိနည်းဝိုရ်က ပြန်ရာ၌''တိသဿ သန္တကံ''ဟု ဆို၍ ပြန်လေ။

၈၁။　ကိုယ်မပြုဘဲ၊ သူ့ကိုလွှဲ၊ ခေါ်မြဲ ပရမ္မုခ။

တုယ့် ဝိကပွေမိ–ဟု မိမိမပြုမူ၍ ဝိနည်းဝိုရ်ဆရာကိုပင် ဝိကပွနာပြုမှုပါ လွှဲအပ်လိုက်၏။ ''ကျွမ် စီဝရံ ဝိကပွနတ္ထာယ တုယ့် ဒမ္မိ''၊ လွှဲပုံ။ ။ အလိုရှိရာ သီတင်းသုံးဘော်ကို ညွှန်းပါဟု ဝိနည်းဝိုရ်ကဆိုရာ အလိုရှိရာပုဂ္ဂိုလ်၏ နာမည်ကိုပြောကြားလျှင် ထိုနေရာ၌ပင်လျှင် ထိုနာမည်ကို သမွဒါန်ပြု၍။ ။''အဟံ ကျွမ် စီဝရံ တိသဿ ဘိက္ခုနော ဒမ္မိ''ဟု ဝိနည်းဝိုရ်ဆရာကပင် ဝိကပွနာပြု။ ။''တိသဿ သန္တကံ ပရိဘုဥ္ဇဝါ ဝိသဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ''ဟု ဝိနည်းဝိုရ်ပင် ဝိကပွနာပြန်။ ။''တိသာယ ဘိက္ခုနိယာ'' စသည်ကိုလည်း သိလေ။

၅၂။ ဝိကပ်ပြန်တုံ၊ ဆောင်နှင်းပုံ၊ ဝတ်ရုံ စွန့်ပေးရ။

ဤဝိကပ္ပနာ ပြန်မှုကိုလည်း ပစ္စုဒ္ဓိရ်ဟူ၍ပင်ခေါ်၏။ မသိမ်းပိုက်မှု ၍ တဘန်ပြန်ထုတ်မှု ဆိုလိုသည်။ ဤသို့ ဝိကပ္ပနာပြန်၍ တဘန် သင်္ကန်းရှင်အား ဆောင်နှင်း လွှဲပုံလိုက်သောအခါမှစ၍ ဝိနည်းဝိုဏ်ဆရာ၏ ဥစ္စာသိတင်းသုံးဘော် တစ်ယောက်ယောက်၏ဥစ္စာ အနေနှင့်ထား၍ မိမိပိုင် ဥစ္စာကဲ့သို့ အလိုရှိတိုင်းသုံးရ၏။

သင်္ကန်းဝိကပ္ပနာပြုနည်း ပြီး၏။

၄။ သင်္ကန်းဟူသော မှိရာနိသယ

၁၃။ သင်း,ကိုယ်,ဒု,မိုဃ်း၊မာ–ငါးမျိုး၊ ထိုးလေ ဗိန္ဒုညှင်း။
၁၄။ ကြေးညို သစ်စိမ်း၊ ခွံညွှန်လိမ်း၊ ခပ်သိမ်းမည်းနက် ဆင်း။
၁၅။ သင်္ကန်းထောင့်မှာ၊ တခုသာ၊ ပမာ ဒေါင်းမျက်ကွင်း။
၁၆။ သမန်းမြက်ဖျား၊ အငယ်ထား၊ အပ်ငြားဗိန္ဒုညှင်း။

ဝတ်ရုံ၍ သုံးဆောင်ရသော ထိုသင်္ကန်းငါးမျိုးတို့၌ ကပ္ပဗိန္ဒုထိုးပြီးမှ ဝတ်ရုံရသည်။ ကြေးညိုမျိုး, သစ်ရွက်စိမ်းမျိုး, လိမ်းကပ်သော ခွံညွှန်မှိုး. ကုမ္ဘကြွင်းသော ခပ်သိမ်းသော မည်းနက်သော အဆင်းမျိုး တို့တွင် တစ်ခုခုကို သင်္ကန်းထောင့်၌ အကြီးဆုံးအားဖြင့် ဥဒေါင်းမျက်ကွင်း ပမာဏ၊ အငယ်ဆုံးအားဖြင့် သမန်းမြက်ဖျားခန့်မျှသော်လည်း ထိုးရမည်။ ။ ''အန္တမသော ကုသဂ္ဂနပိ အနာဒိယိတ္တာ''။ ။ ပါဠိတော်။

၁၇။ နနွင်း, ထန်းကျင့်၊ ဆူးပန်းပွင့်၊ ပေါက်ပွင့် ပိန္နဲနွယ်။
၁၈။ ကြပိုင်,ဒေါက်ရပ်၊ မဲ,ဒန်း,မှတ်၊ မအပ် ဆိုးရည်ဝယ်။

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

နွားထန်းကျင့် ခေါ်သော တိန်းညက်နှစ်, ဆူးပန်းပွင့်, ပေါက်ပွင့်, ပိန္နဲနွယ်, ကြပိုင်ခေါက်, ဒေါက်ရုပ်ခေါက်, မဲရွက်, ဒန်းရွက်၊ အကပ်ပွယ ဆိုးရည်ကိုးပါး။

၅၉။ ခုံ,ပိုး,ဝါ,ဘန်၊ ကမ္မလံ၊ ပိုက်ဆံချည်ခြောက်ပါး။
၆၀။ ပဉ္စုဏ်,စိန၊ သောမာရ၊ ကုလ,နတ်လှူးငြား။
၆၁။ ဇဟိဘိက္ခု၊ တန်ခိုးကြီး၊ နုလုံ ခြောက်ထည်ပြား။

ခေါမံ၊ ခုံချည်သက်နှံး။ ကောသေယျံ၊ ပိုးချည်သက်နှံး၊ ကပ္ပါသိကံ၊ ဝါချည်သက်နှံး။ သာဏံ၊ ပိုက်ဆံချည်သက်နှံး။ ကမ္မလံ၊ သိုးမွေးချည်သက်နှံး။ ဘင်္ဂံ၊ ဘန်ချည်သက်နှံး။ ။ ဇာတ်အားဖြင့်ပြားသော သက်နှံး ခြောက်ထည်။ ။ ပဉ္စုဏ္ဏံ၊ ပဉ္စုဏ်တိုင်းဌဖြစ်သောသက်နှံး။ သောမာရံ၊ သောမာရတိုင်း ဖြစ်သောသက်နှံး။ စိနံ= စိန့်တိုင်းဌ ဖြစ်သော သက်နှံး။ ဒုကူလံ၊ ဘွဲ့ဖြူပုဆိုးမျိုး။ ဒေဝဒိန္နံ၊ နတ်တို့လှူအပ်သော သက်နှံး။ ကွဒ္ဒဖံ၊ ဇဟိဘိက္ခူ ခေါ်တော်မူဘိ ပုညိဒ္ဓိကြောင့် ဖြစ်လာသော သက်နှံး။ အဋ္ဌကထာတို့ဌလာသော ကပ္ပိယာနုလောမသက်နှံး ၆-မျိုး။

သက်နှံးဟူသော မှီရာနိသယ ပြီး၏။

၅။ သပိတ်အပြား နွက်အပြား

၆၂။ မြေသံ,နှစ်ရပ်၊ သပိတ်အပ်၊ကြီး,လတ်,ငယ်သုံးစား။

သပိတ်သည် မြေသပိတ် သံသပိတ်ဟူ၍ ကပ္ပိယသပိတ်နှစ်လုံး ရှိ၏။ သစ်သားသပိတ်၊ ကြေးသပိတ်၊ ဖလ်သပိတ် စသည်မအပ်။ ထိုကပ္ပိယသပိတ် နှစ်လုံးသည်လည်း အကြီး အလတ် အငယ်-ဟူ သုံးစားစီ ရှိကြ၏။

၆၃။ သုံးပြည်တစ်ခွက်၊ နှစ်ကြိမ်ဝဂ်၊ ချင့်တွက် အမှတ်ထား။
၆၄။ ဥက္ကဋ္ဌ, မဇ္ဈ၊ သြမက၊ နာမ အစဉ်အား။

နှစ်ကြိမ်ဝဂ် ဆိုသည်ကား သုံးပြည့်တခွက် ဝင်သောသပိတ်သည် ဥက္ကဋ္ဌသပိတ်မည်၏။ သုံးခွက်နှင့်တစလယ် ဝင်သောသပိတ်သည် မဇ္ဈိမသပိတ်မည်၏။။ သုံးစလယ်နှင့် တစလယ်မယ်ဝင်သောသပိတ်သည် သြမကသပိတ်မည်၏။ ခုဒ္ဒသိက္ခာ အုတ်ကျောင်း နိဿယဋ္ဌဆွမ်းနှစ်ပြည် ပဲဟင်း အမဲ ငါး တခွက်သားစီ။ သုံးပြည့်တခွက်ဝင်သည်ကား ဥက္ကဋ္ဌသပိတ်မည်၏ဟု ဆိုပေ၏။။။

၆၅။ သုံးလုံးအနေ၊ သုံးစီဝေ၊ ကိုးထွေ သပိတ်ပြား။

ဥက္ကဋ္ဌကို အကြီး၊ အလတ်၊ အငယ်သုံးလုံးပြု။ သုံးပြည့် တခွက် ထက်ပို၍ဝင်မူ ဥက္ကဋ္ဌကြီး၊ သုံးပြည့်တခွက် တိတိဝင်မူ ဥက္ကဋ္ဌလတ်။ သုံးပြည်တစ်ခွက်အောက် လျော့၍ဝင်မူ ဥက္ကဋ္ဌငယ်။ ထိုအတူ မဇ္ဈိမ သြမကတို့၌လည်း သုံးလုံးစီဝေဘန်သော် သပိတ်အပြားကိုးလုံးဖြစ်၏။ နှစ်ပြည့်တခွက်နှင့် တစ်လမယ်ဝင်တွင် ဥက္ကဋ္ဌ၊ ထိုအောက် မဇ္ဈိမ၊ တစ်ပြည် တစ်လယ်နှင့် တစ်လမယ်ဝင်တွင် မဇ္ဈိမ၊ ထိုအောက် သြမက၊ ဤသို့ အထက်အောက် သုံးပုံကွဲအောင် ပိုင်းခြားလေ။

၆၆။ စဆုံး–ကြီးငယ်၊ နှစ်လုံးပယ်၊ အလယ် ခုနစ်ပါး။
၆၇။ ဓိဋ္ဌာဝိကပ်၊ လောက်သည်မှတ်၊ တင်အပ်–တလုံးငြား။

ဥက္ကဋ္ဌကြီးကို အစဆိုသည်။ သြမကငယ်ကို အဆုံးဆိုသည်။ ထိုနှစ်လုံးကိုပယ်၍ အလယ်ခုနစ်လုံးသည် အဓိဋ္ဌာန် ဝိကပ္ပနာ လောက်၏။ အဓိဋ္ဌာန်မှာမူကား တစ်လုံးသာ တင်ရသည်။

၆၈။ ဖုတ်သား ကောင်းလျက်၊ အဆင်းနက်၊ ချောညက် ဓိဋ္ဌာန်နား။
၆၉။ တစ်လုံးတင်ဘိ၊ အကြွင်းရှိ၊ ဝိကပ်ပြု၍ထား။

အဖုတ်ကောင်း၍ ကောင်းစွာကျက်သဖြင့် အဆင်းမည်းနက်လျက် ချောညက်သော သပိတ်သည်သာလျှင် အဓိဋ္ဌာန်နားသည်။ တစ်လုံးတင်၍ အကြွင်းရှိလျှင် ဝိကပ္ပနာချည်းပြု၍ သုံးဆောင်ရသည်။ အသစ်ကိုတင်လိုလျှင် အဟောင်းကို ပစ္စုဒ္ဓိရ်ပြုပြီးမှ တင်ရသည်။

၇၀။ ဓိဋ္ဌာန်ဝိကပ်၊ ပစ္စုဒ္ဓပ်၊ ကျလဟဲသက််န်းလား။

၇၁။ ဆပ်ဆန် ထမင်း၊ ဝင်လောက်လျှင်း၊ ပေါက်ခြင်းကျ ကြောင်းထား။

အဓိဋ္ဌာန်တင်နည်း ဝိကပ္ပနာပြုနည်း ပစ္စုဒ္ဓိရ်ပြုနည်း၊ အဓိဋ္ဌာန်ကျရန် အကြောင်းကိုးပါး၊ ဤအစီအရင် အလုံးစုံတို့သည် သက််န်း၌ ပြဆိုခဲ့ပြီးသောနည်းနှင့် အလားတူကုန်ပြီ။ အပေါက်၌မူကား ဆပ်ထမင်းလုံးဝင်လောက်အောင် ပေါက်သည်ကိုယူ။

၇၂။ စဆုံးနှစ်တန်၊ ဆွမ်းမခံ၊ သုံးရန်အိုးခွက်ထား။

ထိုနှစ်လုံးတို့ကိုမူကား ဆွမ်းခံမှုကိုလွှတ်၍ အိုးခွက်အရာ၌ထား၍ သုံးဆောင်ရ၏။ ဆွမ်းစားခွက် အရာ၌ထား၍ ဆွမ်းစားရ၏။ ။“ကျွန်မံ ပတ္တံ ပစ္စုဒ္ဓရာမိ”။ အဟောင်းအဓိဋ္ဌာန်စွန့်။ ။“ကျွန်မံ ပတ္တံ အဓိဋ္ဌာမိ”။ အသစ် အဓိဋ္ဌာန်တင်။ ။ “ကျွန်မံ ပတ္တံ တုယှံ ဝိကပ္ပေမိ၊ ကျွန်မေ ပတ္တော တုယှံ ဝိကပ္ပေမိ”။ အကြွင်းတို့ကို ဝိကပ္ပနာပြု။ ။ “မယှံ သန္တကံ မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ” စသည် ဝိကပ္ပနာပြန်။ ဝိကပ္ပနာပြန်ပြီးက် အလိုရှိတိုင်း သုံးရ၏။

၇၃။ ကြေးနီ,မြေ,သံ၊ ဤသုံးတန်၊ စားရန် ခွက်သုံးပါး။

ဆွမ်းစားခွက် သုံးပါး။ သစ်သားခွက်၊ နှီးခွက် စသည်ကား မအပ်။ ယာဝကာလိက ဝတ္ထုမျိုးကိုယူ။ ။ဤသပိတ်အရာ၌ မြေသပိတ်၌ နှစ်ကြိမ်ဖုတ်မှ သံသပိတ်၌ ငါးကြိမ်ဖုတ်မှ အဓိဋ္ဌာန်လောက်သည်ဟု အဋ္ဌကထာကြီး၌ဆို၏။ ထိုစကားကို ဋီကာကြီးတို့က ပယ်ကြကုန်၍

တကြိမ်ပင့် ဖုတ်သော်လည်း တညီတညာကောင်းစွာကျက်၍ အဆင်းမည်းနက်သည်သာ ပမာဏဟုယူကြကုန်၏။ ကခါ ခုဒ္ဒသိက္ခာတို့၌လည်း ထိုစကားမပါ။ ဋီကာကြီးတို့ဆိုတိုင်း စိတ်ချရာ၏။

သပိတ်အပြား ခွက်အပြား ပြီး၏။

၆။ အကပ်ခံနည်း

၎၄။ နှစ်တောင့်ထွာမှတ်၊ ဟတ္ထပါသ်၊ ပညတ် ဝိနည်းလာ။

နှစ်တောင့်ထွာ ပမာဏကိုအမှတ်ပြု၍ ဝိနည်း ပညတ်တော် အရာ၌ ဟတ္ထပါသ်ဟူ၍လာ၏။

၎၅။ ပေး,ယူ–လက်–နှစ်၊ ကြည့်ပယ်ပစ်၊ ကြွင်းလစ် ကိုယ်အင်္ဂါ။
၎၆။ ဟတ္ထပါသ်တွင်း၊ ဝင်တုံလျှင်း၊ ကပ်ခြင်းမြောက်ထိုက်စွာ။

ပေးသောသူ၏ ပေးသောလက်ကိုငင်း, ခံယူသောသူ၏ ခံသောလက်ကိုငင်း ကြည့်ပယ်လွှတ်ထား၍ ကြွင်းသောကိုယ်အင်္ဂါ တခုခုသည် တဦးနှင့်တဦး၏ နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်း၌ ဝင်သည်ဖြစ်အံ့ ကပ်ခြင်းမြောက်ထိုက်၏။ ပေးသောလက် ခံသောလက် နီးမှုသည် အင်္ဂါမဟုတ်။ စားပွဲကြီး ပျဉ်ခွက်ကြီးများနှင့် ကပ်ကြရာ၌ စားပွဲခုံကြီး ပျဉ်ခွက်ကြီးခြား၍နေသဖြင့် ကပ်သူနှင့်ခံသူ ကွာလှမ်း၍နေတတ်၏။ သတိရှိကြစေကုန်။

၎၇။ **ပေးခြင်းသုံးတန်၊ ခံခြင်းနှစ်ပါး၊ စိတ်နှစ်ပါး၊ စုံငြားကပ် အင်္ဂါ။**

ပေးခြင်းသုံးတန် ဆိုသည်ကား ကိုယ်အင်္ဂါဖြင့် ကပ်ခြင်း, ကိုယ်

အဂါနှင့်စပ်သော ပန်းကန် ခွက်လျှောက်ဖြင့် ကပ်ခြင်း, ခံသူ၏ လက်တွင်း သပိတ်တွင်းသို့ ကျရောက်အောင် ပစ်လွှတ်၍ကပ်ခြင်း၊ ဤသုံးပါးတည်း။ ခံခြင်းနှစ်ပါးဆိုသည်ကား ကိုယ်အဂါဖြင့်ခံခြင်း, ကိုယ်နှင့်ထိစပ်သော သပိတ်ခွက်လျှောက်ဖြင့်ခံခြင်း၊ ဤနှစ်ပါးတည်း။။ ။စိတ်နှစ်ပါးဆိုသည်ကား ပေးသူကလည်း ပေးမည်ဟု စိတ်ရှိခြင်း, ခံသူကလည်း ခံမည်ဟု စိတ်ရှိခြင်း၊ ဤနှစ်ပါးတည်း။။ ။ရှေ့အဘို့၌ သပိတ်နှင့် ခံမည်ဟု အသင့်ပြင်ဆင်၍နေ၏။။ ပေးဆဲအခါ၌ အိပ်ပျော်နေ၍ မသိလိုက်၊ အကပ်မြောက်၏။။ ပရိဝါဒ်ခြင်း, ခုဒ္ဒသိက္ခာဒ်ခြင်း စိတ်နှစ်ပါးကို အဂါပြု၍ မဆိုလိုသောကြောင့် အကပ်မြောက်ရာ အဂါငါးပါးဟု လာသတည်း။

ဂ၈။ **ထာမမဇ္ဈ၊ ချိုကြွေနိုင်ဘွယ်၊ မြူရထရ၊ အတွယ်မရှိရာ။**

ကပ်အပ်သောဝတ္ထုနှင့် ထည့်ရာ ခံရာဖြစ်သော စားပွဲခုံအစရှိသော ဝတ္ထုသည် အလေးဆုံးအားဖြင့် အားအလယ် အလတ်ရှိသော ထာမ မဇ္ဈိမဖြစ်သူ တယောက်အားနှင့် ချိုကြွေနိုင်ကောင်းသော ဝတ္ထုမှ အကပ်မြောက်သည်။ ထိုထက်လေးမူ အကပ်မမြောက်။ အငယ်ဆုံးအားဖြင့် ရထရေဏုမြူခန့်ရှိမှ ကပ်ရသည်။ ထိုအောက်ငယ်သော တဇ္ဇာရီမြူ အဏုမြူ ပရမာဏုမြူများမှာ ကပ်ဘွယ်ကိစ္စမရှိ။ တဇ္ဇာရီမြူဆိုသည် နံရံပေါက်စသည်မှဝင်သော နေရောင်နှင့် ပေါင်းမိမှ ထင်မြင်ရသောမြူမှုန်းတည်း။ လေပြင်းတိုက်၍ တံမြက်လှည်း၍ လှည်းနွားစသည် သွား၍ ထကြွထင်ရှားသော မြူမှုန်းသည် ရထရေဏုမြူမည်၏။ ဆွမ်းခံစဉ် အခါ ဆွမ်းစားစဉ်အခါတို့မှာ သပိတ်စသည်တို့၌ ထိုမြူမှုန်းကျခဲ့သော် အကပ်ခံ ပြီးမှ ခံရစားရသည်။ ။ အတွယ်မရှိရာဆိုသည်ကား အပင်၌ ပေါက်ရောက်ဆဲသောဝတ္ထု, သစ်ပင်–တိုင်–စသည်တို့၌ ကြိုးလွန်နှင့် ဘွဲ့ချည်လျက်ရှိသောဝတ္ထုသည် အကပ်မမြောက်။ ထိုကဲ့သို့ အဘွဲ့အတွယ်မရှိမှ မြောက်သည်။

ဂ၉။ **အဓိဋ္ဌာန်ပျက်၊ အင်္ဂစ်ချက်၊ ကပ်ပျက်ကြောင်းအဂါ။**

သင်္ကန်း သပိတ် အဓိဋ္ဌာန်ကျခန်း၌။ ။ပေးစွန့် ခိုးယူ၊ ကျွမ်းဝင်ယူ၊

လူထွက်,ချသိက္ခာ။ ။သေးဆုံးလိင်ပြန်၊ ပစ္စုဒ္ဓံ၊ ရှစ်တန် ကျဝိဋ္ဌာ။ ။ဟူ၍ဆိုခဲ့သော အဂ်ါရှစ်ပါးသည် အကပ်ပျက်ကြောင်း အဂ်ါလည်းဖြစ်၏။။ ဤ၌ ပစ္စုဒ္ဓံအရကို ပစ္စုဒ္ဓါရ် ပြုသည်နှင့် အလားတူကပ်၍ထားသော ဝတ္ထုဌ် အကပ်ကို စွန့်၏ဟု စိတ်ဖြင့် အကပ်စွန့်မှုကိုယူ။ ။ ''ပဋိဂ္ဂဟဏံ နာမ လိင်္ဂပရိဝတ္တနေန ကာလံကိရိယာယ သိက္ခာပစ္စက္ခာနေန ဟီနာယာ ဝတ္တနေန အနုပသမ္ပန္နသ ဒါနေန အနပေက္ခဝိသဇ္ဇနေန အစ္ဆိန္ဒိတွာ ဂဟဏေန စ ဝိဇဟတိ''။ ။ (ဝိ၊ဋ္ဌ၊၁။၂၄၀။) ။ ဤပါဠိဌ် ပေးမှုနှင့် စွန့်မှု ခဲ့၍လာ၏။ အကျမ်းဝင်၍ယူမှုသည် အစ္ဆိန္ဒိတွာ ဂဟဏေန–ဌ် ပါဝင်လေ၏။ ခုဒ္ဒသိက္ခာဌ် လူထွက်မှု ကျန်ရှိ၏။ သိက္ခာကျရာဌ် သင်္ကြိုဟ်လိုရိပ်ရှိ၏။ အကပ်စွန့်မှုကား သာရတ္ထဒီပနီအလို။ ။ ကပ်ပြီးသော ဝတ္ထုကို လူသာမဏေတို့ ကိုင်မိ ထိမိသော်လည်း အကပ် မပျက်။ ကိုင်မိ ထိမိသော် အကပ်ပျက်သည်ဟု ထင်မှတ်ကြ၏။

၈၀။ မရွေ့ဌာန၊ ကိုင်ရုံမျှ၊ ဒုရုပစိဏ္ဏာ။

၈၁။ တည်ရာဌာန၊ ရွေ့စေက၊ ဥဂ္ဂဟိတကာ။

ရဟန်းတို့ စားသောက်ရန် အကပ်မခံသေးသော ဆွမ်းသပိတ်စသည်ကို သိလျက်နှင့် ထိခဲ့၊ ကိုင်ခဲ့၊ နေရာမှ မရွေ့စေမူ၍ လှူပ်ရှားစေခဲ့ ဒုရုပစိဏ္ဏာဒုက္ကဋ်သင့်၏။ ထိုဝတ္ထုကို ထိုရဟန်း မစားအပ်ပြီ၊ တစ်ပါးသော ရဟန်းတို့အပ်သေး၏။ လှူပ်ရှားစေရုံမျှမကဘဲ တည်ရာဌာနမှ ရွေ့စေငြားခဲ့၊ ထိုဝတ္ထုသည် ဥဂ္ဂဟိတက ဝတ္ထုမည်၏။ မကောင်းသဖြင့် ကိုင်ယူအပ်သော ဝတ္ထုမည်၏။ တစ်ပါးသော ရဟန်း တို့လည်း မစားအပ်ပြီ။ ။ ဒုရုပစိဏ္ဏာဒုက္ကဋ်နှင့် ဥဂ္ဂဟိတကဒုက္ကဋ် ခဲခြားပုံ။

အကပ်ခံနည်း ပြီး၏။

===oOo===

၇။ အတိရိတ်ဝိနည်းကံ ပြုနည်း

၈၂။　ထမင်း,မုံ့, ငါး၊ အမဲ,သား၊ ငါးပါးဘောဇဉ်စစ်။

၈၃။　သလေးမျိုးနှင့်၊ ကောက်မျိုးအများ၊ ဂျုံစပါး၊ တစ်ပါး နှတ်ကောက်မျိုး။

၈၄။　ပြောင်းနှင့်,လူး,ဆပ်၊ ခုနစ်ရပ်၊ ပညတ် စပါးမျိုး။

ထမင်းမျိုး၊ မုယောမုံ့မျိုး၊ ဂျုံမုံ့မျိုး၊ ရေသတ္တဝါသားမျိုး၊ ကုန်းသတ္တဝါသားမျိုး၊ ဘောဇဉ်ငါးပါး အစစ်တည်း။ ။ ထိုတွင် သလေးစပါးမျိုး၊ ကောက်ရင် ကောက်ကြီး စပါးမျိုး၊ ဂျုံစပါးမျိုး၊ နှတ်ကောက်စပါးမျိုး၊ ပြောင်းမျိုး၊ လူမျိုး၊ ဆပ်မျိုး၊ ဤစပါးမျိုး ခုနစ်ပါးတို့၏ ဆန်ကို ချက်အပ်သော ထမင်းသည် ထမင်းဘောဇဉ်မည်၏။ ဂျုံဆန်တို့ကို အမှုန့်ထောင်း၍ သကြား ထောပတ်တို့နှင့် နယ်၍ မုံ့ရွက်မုံ့ပြားလုပ်၍ အိုးကင်း၌ ကြော်အပ်သောမုံ့မျိုးသည် မုယောမုံ့မည်၏။ ဂျုံဆန်တို့ကို ကျက်စွာ လှော်၍ ညက်စွာကြိတ်အပ် ထောင်းအပ်သော ဂျုံမုံ့မျိုး၊ ထိုဂျုံမုံ့တို့ကို သကြားနှင့် ရောနှော၍ အလုံးအပြားပြုလုပ်၍ အခြောက်လှော်သင်း၍ ထားအပ်သော မုံ့လုံး မုံ့ပြားမျိုးသည် သတ္တုခေါ်သော ဂျုံမုံ့မျိုးမည်၏။ ရေသတ္တဝါသား ကုန်းသတ္တဝါသားထင်ရှားပြီ။ ငါတို့နိုင်ငံ၌ ပြုလုပ်ကြသော မုံ့မျိုးသည် မုယောမုံ့အလားရှိ၏။

၈၅။ စားဆဲ ဘောဇဉ်၊ ဟတ်တွင်းဝင်၊ ဆောင်စဉ် ကိုယ်နှုတ်မြစ်။

၈၆။ အဂီါငါးလီ၊ ပြည့်စုံညီ၊ သင့်ပြီ ပဝါရိတ်။

ဆွမ်းစားဆဲဖြစ်သော ရဟန်း၏ မပြီးသေးသော စားခြင်း မျိုခြင်း တင်းလင်းရှိခိုက်လည်း ဖြစ်စေ၊ ထိုရဟန်းစားဆဲ ဝတ္ထု, ထိုရဟန်းအား ပေးရန် ကပ်ရန် ဆောင်အပ်သော ဝတ္ထုနှစ်ပါးသည် ပြဆိုခဲ့ပြီးသော ဘောဇဉ်မျိုးလည်း ဖြစ်စေ၊ ပေးသူ ကပ်သူ ရှင်လူ ရဟန်းသည် ထို ရဟန်း၏ ဟတ္ထပါသ်တွင်း၌ တည်သည်လည်း ဖြစ်စေ၊ ပေးခြင်း

ကပ်ခြင်းငှာ ထိုရဟန်းသို့ ရှေ့ရှုသည်ပိုးခြင်းကြိယာ ထင်ရှားရှိခိုက်လည်း ဖြစ်စေ၊ မပေးနှင့် မလိုချင်ဘူး ငါတန်ပြီ–ဟူသော အနက်ကို ဦးခေါင်း ခါခြင်း လက်ကာခြင်းစသော ကိုယ်အင်္ဂါ,ထုတ်ဘော်၍ ပြောဆိုခြင်း– ဟူသော နှုတ်အင်္ဂါနှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် မြစ်ပယ်သည်လည်း ဖြစ်စေ၊ ဤအင်္ဂါငါးလီ ပြည့်စုံ ညီညွတ်ခဲ့သော် ထိုရဟန်းသည် ပဝါရိတ် သင့်၏။ ပဝါရိတရဟန်းဆိုရ၏။ အပြစ်ကား မရှိသေး။

၈၇။ နေရာမရွေ့၊ ထိုသည့်နေ့၊ လိုရွေ့ စားထိုက်ငြား။

ကွရိယာပုထိ် မပြောင်းမရွေ့သေးသည်ရှိသော် ထိုနေ့ မွန်းမလွဲမီ အတွင်း၌ ပေးလာ ကပ်လာသမျှသော ဘောဇဉ် ခဲဘွယ်တို့ကို အလိုရှိသရွေ့ စားအပ်၏။ ။တင်ပြင်ခွေလျက် မြစ်မိခဲ့သော် တင်ပြင်ခွေကို မပျက် စေရ။ ဆောင့်ကြောင့်ထိုင်လျက် မြစ်မိခဲ့သော် ဆောင့်ကြောင့် ထိုင်မှုကို မပျက်စေရ။ ကြွင်းသော ကွရိယာပုထိ်တို့၌လည်း ဤနည်းတူ။

၈၈။ နေရာရွေ့မိ၊ စားလိုဘိ၊ ဝိနည်းကံနှင့်စား။

နေရာရွေ့ခဲ့သည်ရှိသော် ထိုနေ့ မွန်းမလွဲမီအတွင်း တစုံတခုသော ကာလိကဝတ္ထုကိုမျှ အလိုအလျောက် မစားအပ်ပြီ၊ စားလိုသည်ရှိသော် စားလိုသမျှသောဝတ္ထုကို ဝိနည်းကံပြုပြီးမှ စားအပ်တော့သည်။

၈၉။ အတိရိတ္တံ၊ ဝိနည်းကံ၊ ပြုရန် အင်္ဂါသတ်။

အတိရိတ် ဝိနည်းကံပြုရန် အင်္ဂါခုနစ်ပါးရှိသည်။

၉၀။ ကပ္ပိယမှန်၊ အကပ်ခံ၊ ချီပြန် ဟတ္ထပါသ်။

၉၁။ နေရာမထ၊ စားပြီးမှ၊ အလမေတံ်ရွတ်။

ထိုနေ့ မွန်းမလွဲမီအတွင်း၌ စားသောက်သုံးဆောင် လိုသမျှသော ကာလိက ဝတ္ထုမျိုးတို့ကို သပိတ်၌ထည့်ပြီးလျှင် ဝိနည်းမိုရ်ပုဂ္ဂိုလ်ထံသို့ သွား၍ "အတိရိတ္တံ် ကရောထ ဘန္တေ"ဟု ဆိုရမည်။ ။ အင်္ဂါခုနစ်ပါးတွင်

<u>ကပ္ပိယမှန်</u> ဆိုသည်ကား သပိတ်၌ထည့်သော ဝတ္ထုစုသည် ကပ္ပိယ ချည်း ဖြစ်စေရမည်။ ဗီဇဂါမ်ဝတ္ထုမျိုးပါရှိခဲ့လျှင် ကပ္ပိပြီးမှ ထည့်ရမည်။ <u>အကပ်ခံ</u> ဆိုသည်ကား အကပ်ခံပြီးလည်းဖြစ်စေရမည်။ ။ <u>ချီပြွန်ဆို</u> သည်ကား သပိတ်ရှင်ရဟန်းသည် ထိုသပိတ်ကို အောက်၌ချ၍ မထားရ။ လက်နှင့် ပွေ့ချီ၍ ထားရမည်။ ။ <u>ဟတ္ထပါသ်</u> ဆိုသည်ကား ထိုရဟန်း သည် ဝိနည်းဓိရ်ပုဂ္ဂိုလ်၏ ဟတ္ထပါသ်တွင်း၌ တည်ရှိရမည်။ ။ <u>နေရာမထ</u> ဟူသော အဂါကိုမူကား ဝိနည်းဓိရ်ပုဂ္ဂိုလ်သည်လည်း ထိုအခါ၌ ပဝါရိတ် သင့်၍နေသော ပုဂ္ဂိုလ်ဖြစ်ခဲ့သော်သာ လို၏။ ပဝါရိတ်သင့်သော ပုဂ္ဂိုလ် မဟုတ်ပေလျှင် နေရာမထ အဂါမလိုပြီ။ ။ <u>စားပြီးမှ</u> ဆိုသည်ကား ဝိနည်းဓိရ် ဆရာသည် ထိုနေ့၌ ဘောဇဉ်မျိုး တစ်ပါးပါးကို စားပြီးလည်း ဖြစ်စေရမည်။ ရှေးအဘို့၌ မစားမိသေးသော် ပြုခါနီး၌ဆဲဆဲမှာပင် တစ်ခြားတစ်ပါးက ယူစေ၍ ထမင်းလုံး တစ်ခုကိုပင်သော်လည်း မျိုပြီးမှ ပြုရမည်။ ။ <u>အလမေတံ့ရွတ်</u>–ဆိုသည်ကား ထိုသပိတ်ကိုကိုင်၍ ''အလမေတံ့ သဗ္ဗံ'' ဟူ၍ သုံးကြိမ်ရွတ်ဆိုရမည်။ ဇတံ့ သဗ္ဗံ၊ ဤအလုံး စုံသည်။ အလံ၊ ငါဝိနည်းဓိရ် အလိုမရှိပြီ။ (အနက်)။ ဤသို့ဆိုသဖြင့် ထိုသပိတ်၌ ပါရှိသမျှသော ဝတ္ထုစုသည် အတိရိတ္တဝတ္ထုစု ဖြစ်လေ၏။ ဝိနည်းဓိရ် ပုဂ္ဂိုလ်၏ အပိုအမို အကြွင်း အကျန် ဖြစ်လေ၏ ဟူလို။ ။ ဤသို့ အတိရိတ် ဝိနည်းကံပြုအပ်ပြီးသော ဝတ္ထုစုကို ဝိနည်းဓိရ် ဆရာမှတစ်ပါး ထိုရဟန်းနှင့်တကွ တခြားတစ်ပါးသော ပဝါရိတ်သင့်သော ရဟန်း၊ မသင့်သောရဟန်း အလုံးစုံသည်ပင် သုံးဆောင်အပ်၏။

အတိရိတ်ဝိနည်းကံပြုနည်းပြီး၏။

၈။ ကာလိကလေးပါး

၉၂။ ယာဝ, ယာမ၊ သတ္တာဟ၊ ယာဝဇီဝိကာ။

ကာလိကမျိုးသည် ယာဝကာလိကမျိုး၊ ယာမကာလိကမျိုး၊ သတ္တာဟကာလိကမျိုး၊ ယာဝဇီဝိကမျိုး–ဟူ၍ လေးမျိုးအပြားရှိ၏။

၉၃။ ကပ်ပြီးသည်မှ၊ ထိုလေးဝ၊ ကာလပိုင်းခြားရာ။

ကပ်ပြီးသောအခါမှ ဤဝတ္ထုကား ယခုနေ့ မွန်းမလွဲမီအတွင်း၌ သာ ရဟန်းတို့ မျိုခြင်းငှာ အပ်သည်။ မွန်းလွဲသည်မှစ၍ ယနေ့နက်ဖြန် စသည်တို့၌ မအပ်ပြီ။ ဤသို့စသည်ဖြင့် ပိုင်းခြားခြင်းသို့ရောက်၏။

၉၄။ ထိုနေ့နံနက်၊ ယာမ်သုံးချက်၊ ရက်ခွန်,ထက်ဆုံးသာ။

အကပ်ခံသောနေ့ကို ထိုနေ့ဆိုသည်။ ထိုနေ့ မွန်းမလွဲမီကာလ၊ ထိုနေ့ ညဉ့်သုံးယာမ်ကာလ၊ ထိုနေ့မှစ၍ ရက်ပေါင်းခုနစ်လီ ကာလ၊ ထိုနေ့မှစ၍ အသက်ထက်ဆုံး အစဉ်အတိုင်း ယှဉ်လေ။

၉၅။ အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ စားရိုးကျ၊ ယာဝကာလိကာ။

အကြင်ဝတ္ထုမျိုးသည် ထိုထိုအရပ်တို့၌ ပကတိ အာဟာရကိစ္စနှင့် အစဉ်အဆက် စားရိုးကျ၏။ ထိုဝတ္ထုမျိုးသည် ယာဝကာလိကမျိုးမည်၏။

၉၆။ ဘောဇဉ်, ခဲဘွယ်၊ အသွယ်သွယ်၊ အကျယ်များလှစွာ။ (သိသာပြီ)။

၉၇။ သပြေ, သရက်၊ မုဒြက်၊ ဖက်သက်, သစ်မည်စည်။

၉၈။ ငှက်ပျောနှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုးအဖျော်ရည်။

သပြေသီး အဖျော်၊ သရက်သီး အဖျော်၊ မုဒြက်သီး အဖျော်၊ ဖက်သက်တရော်သီး အဖျော်၊ သစ်မည်စည်ပွင့် အဖျော်၊ အိမ်ငှက်ပျောသီး အဖျော်၊ တောငှက်ပျောသီး အဖျော်၊ ကြာစွယ်အဖျော်ဟူ၍ ယာမကာလိကဝတ္ထု၌ ဟောတော်မူရင်း အဖျော်မျိုး ရှစ်ပါး။။ သစ်မည်စည်ပွင့်သည် အလွန် အရည်ပေါ၏။ ရေမရောဘဲနှင့်ပင် သောက်လောက်အောင် ရနိုင်သော ဇာတိရသရှိ၏။ ဇာတိရသအတိုင်း အဖျော်ကိစ္စနှင့် မွန်းလွဲသောအခါ သောက်ခြင်းငှာမအပ်။ ရေနှင့်ရောမှ အပ်သည်။ ယာဝကာလိက ဝတ္ထုတို့မှဖြစ်သော ဇာတိရသတို့၌

ဤနည်းချည်းမှတ်။ ကြံရည်၊ တင်လဲရည်၊ ပျားရည်တို့၌လည်း ရေရောမှ အဖျော်ရည်ကိစ္စ၌ အပ်သည်။ ရေမရောလျှင် သတ္တာဟကာလိက အတိုင်းပင်။

၉၉။ ထန်း,အုန်း နှစ်ကွဲ၊ ပိန္နဲ နှစ်ပါး၊ သုံးသခွါး၊ နှစ်ပါးဗူး,ဖရုံ။

ထန်းသီး၊ အုန်းသီး၊ အိမ်ပိန္နဲသီး၊ တောင်ပိန္နဲသီး၊ သခွါးငဆစ်သီး၊ သခွါးငပြုတ်သီး၊ သခွါးငကြောင်သီး၊ ဗူးသီး၊ ဖရုံသီး၊ ဤကား သီးကြီးကိုး ပါးတည်း။

၁၀၀။ သီးကြီးကိုးပါး၊ ပဲမျိုးများ၊ စပါး ခုနှစ်မည်။

၁၀၁။ အလျော်စပါး၊ လေးမျိုးအား၊ ရှောင်ရှားအဖျော်ရည်။

ပြဆိုခဲ့ပြီးသော သီးကြီးကိုးပါးတရပ်၊ အလုံးစုံသော ပဲမျိုးတရပ်၊ စပါးမျိုးခုနစ်ပါးတရပ်၊ ကျိတ်စပါးအစရှိသော အနုလောမ စပါးမျိုးတရပ်၊ ဤလေးရပ်တို့ကို နေလွဲသောအခါ သောက်မျိုရန် အဖျော်ရည်ပြုလုပ်မှု၌ ရှောင်ကြဉ်အပ်ကုန်၏။။ ။ <u>ဖျော်ရည်လုပ်နည်းမှာ</u> အကပ်မခံသေးသော သပြေသီး သရက်သီး စသည်ကို ရေအေး၌စိမ်စေ၍ သောက်ချိန်ကျသောအခါ လူသာမဏေတို့ကို ကောင်းစွာစစ်စေပြီးမှ အကပ်ခံ၍ သောက်အပ်၏။ <u>ကောင်းစွာစစ်ခြင်း</u> ဆိုသည်ကား ယာဝကာလိက ဝတ္ထုတို့၏ အဖတ် အနယ်ဟူ၍ မပါစေရ။ အရည်ကြည်သက်သက် ရအောင် ရေစစ်ပုဝါထူထူနှင့် စစ်ရမည်။ အဖတ်ဟူ၍ မုန်ညင်းစေ့ခန့်မျှ ပါရှိလျှင်ပင် မသောက်အပ်ပြီ။ ။ ဇီးဖြူ ရှိရှား သဖန်းခါးအစရှိသော ယာဝဇီဝိကဝတ္ထုတို့နှင့် ပြုလုပ်သော အဖျော်ရည်၌မူကား အဖတ်ပါသော်လည်း ကိစ္စမရှိ။

၁၀၂။ ထော,ဆီ,ဆီ,ပျား၊ တင်လဲအား၊ ငါးပါးသတ္တာဟာ။

ထောပတ်မျိုး၊ ဆီဦးမျိုး၊ ဆီမျိုး၊ ပျားရည်မျိုး၊ သကာတင်လဲဟူသော တင်လဲမျိုး။ ဤဝတ္ထုငါးမျိုးသည် သတ္တာဟကာလိက မည်၏။ အကပ်ခံပြီးနောက် ခုနစ်ရက် သုံးဆောင်ရ၏။

၁၀၃။ ကြံရည်၌မူ၊ ရေစင်ကူ၊ မာသူ အပ်သည်သာ။

"အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရသံ။ (ဝိ၊၃။၃၄၄။) ။ အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ အဂိလာနဿ ဂုဠ္ဍောဒကံ"။ (ဝိ၊၃။၃၂၀။) ဟူသော ပါဠိတော်နှင့်အညီ အကပ်ခံ၍ ထိုနေ့ မွန်းလွဲသောအခါမှစ၍ ကြံရည်၊ တင်လဲရည်၊ သကြားခဲ၊ သကာခဲ၊ ထန်းလျက်ရည်၊ ထန်းလျက်ခဲ၊ ထန်းလျက်တင်လဲ၊ ထန်းလျက်သကာတို့သည် ဂိလာနပုဂ္ဂိုလ်အား ရေမရောဘဲပင် အပ်ကုန်၏။ မာကျန်းသူတို့အား ရေနှင့်ရော၍ အဖျော်ကိစ္စ၌ သုံးဆောင်အပ်၏။ ထောပတ် ပျား ဆီတို့၌လည်း ထို့အတူမှတ်။

၁၀၄။ အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ မစား၊ ယာဝဇီဝိကာ။
၁၀၅။ ဇီးဖြူ, ရှိရှား၊ သဖန်းခါး၊ များ၏ အနုဇ္ဇာ။

အကြင်ဝတ္ထုမျိုးကို ထိုထိုအရပ်ဒေသတို့၌ ပကတိသော အာဟာရကိစ္စနှင့် စားရိုးပင်မရှိ။ ထိုဝတ္ထုမျိုးသည် ယာဝဇီဝိကဝတ္ထုမည်၏။ ဇီးဖြူ ရှိရှား သဖန်းခါး စသည်ဖြင့် ထိုယာဝဇီဝိကမျိုးသည် အသခ်ဳံ့အနုဇ္ဇာများပြား၏။

၁၀၆။ အကပ်နှင့်တကွ၊ သူကာလ၊ လွန်က သန္နီဓာ။

အကပ်ခံပြီး၍ အကပ်နှင့်တကွ မိမိဥစ္စာအဖြစ်ဖြင့် ထားရာ ခုနစ်ရက်ကိုလွန်ခဲ့လျှင် ထိုဝတ္ထုလည်း နိဿဂ်ဖြစ်၏။ သန္နီဓိပါစိတ်အာပတ်လည်းသင့်၏။ ခုနစ်ရက်မလွန်မီ လူသာမဏေတို့အား စွန့်၍ ထားရာ၏။

၁၀၇။ အတိုအရှေ၊ ရောမီချေ၊ အရှေသူဘက်ပါ။

ယာဝကာလိကသည် အတိုဆုံးဖြစ်၏။ ထိုထက် ယာမကာလိကရှည်၏။ ထိုထက်သတ္တာဟကာလိကရှည်၏။ ထိုထက် ယာဝဇီဝိကသည် အရှည်ဆုံးဖြစ်၏။ အတိုမျိုးနှင့် အရှည်မျိုး ရောမိကြသည်ရှိသော် အရှည်က အတိုတက်သို့ ပါရ၏။ ထိုနေ့၌ အကပ်ခံအပ်သော ရှည်သော

နောက်ကာလိကဝတ္ထုတို့သည် တိုသော ရှေ့ကာလိကဝတ္ထုနှင့် ရောနှော မိကြကုန်သည်ရှိသော် မိမိတို့၏ ရှည်သောကာလကို စွန့်၍ တိုသော ကာလိကအဖြစ်သို့ ရောက်ကြလေကုန်၏။။ တိုသော ကာလိကအတိုင်းသာ အပ်ကြလေကုန်၏ ဟူလိုသည်။ ။ ရှေးရှေးနှေ့တို့၌ ကပ်ပြီးသော ရှည်သော နောက်ကာလိက နှစ်ပါးတို့နှင့် တိုသော ရှေ့ကာလိက နှစ်ပါးတို့ ရောနှောမိကြရာ၌ အရှည်အတိုနှစ်ပါးလုံး မျိုခြင်းငှာ မအပ်သော အကပ်ပိယအဖြစ်သို့ ရောက်ကြလေကုန်၏။။ ။ အထူးမူကား ရှေးရှေးရက် ရှေးရှေးလ ရှေးရှေးနှစ်တို့က အကပ်ခံ၍ရှိနေသော ဆားအစရှိသော ယာဝဇီဝိကဝတ္ထုနှင့် သတ္တာဟကာလိကဝတ္ထု ရောနှောမိကြရာ၌ ရှေးရှေးက အကပ်နှင့် လွန်ခဲ့သောအတွက် အထူးမရှိ။ သတ္တာဟ ကာလိကအတိုင်း လိုက်လေ၏။။ ။ ယမန်နေ့၌ စားသောက်၍ ခံတွင်း၌ ငြိကပ်ရှိနေသော ဆွမ်းဆေးအစရှိသော အညစ်အကြေးများ သည် နောက်နေ့၌စားသော ဆွမ်းအစရှိသော ယာဝကာလိက ဝတ္ထုများနှင့် ခံတွင်းမှာ ရောနှောမိခဲ့သည်ရှိသော် သန္ဓိမိအာပတ်ကို ဖြစ်စေတတ်၏။။ ထို့ကြောင့် ခံတွင်း၌ဌင်း၊ သပိတ် ပန်းကန်ခွက် လျော်တို့၌ဌင်း အဆိအစေး အညစ်အကြေး အကပ်အငြို မရှိစေရအောင် စင်ကြယ်စွာ ဆေးကြောမှုကို ဂရုစိုက်ကြကုန်ရာ၏။။

ကာလိကလေးပါးအဖွင့်ပြီး၏။။

၉။ အကပ်ပိယအသားမျိုး

၁၀၈။ လူ,ခွေး,မြင်း,ဆင်၊ သစ်,ကျား,ခြင်၊ ဝံလျင်, အောင်း, မြွေမျိုး။။

၁၀၉။ ရိုး,ရေ,သား,သွေး၊ အမွေးတို့ပါ၊ မသုံးရာ၊ ဆယ်ဖြာ အသားမျိုး။။

လူသား၊ ခွေးသား၊ မြင်းသား၊ ဆင်သား၊ သစ်သား၊ ကျားသား၊ ခြင်္သေ့သား၊ ဝံသား၊ အောင်းသား၊ မြွေသား၊ မစားအပ်သော အကပ်ိယ အသားကြီးဆယ်ပါး။ ။ ထိုသတ္တဝါတို့၏ အရိုး၊ အရေ၊ အသား၊ အသွေး၊ အမွေးတို့ကိုလည်း ရဟန်းတို့အား သုံးဆောင်ခြင်းငှာ မအပ်ကုန်။

၁၁၀။ **လူမှာ ထုလွှစဉ်း၊ အကြွင်း ဒုက္ကဋ်၊ ထောပတ်တမူ၊ သားဆီဟူ၊ လူကြင်္ခ်–သုံးအပ်–ကိုး။**

သိသည်ဖြစ်စေ မသိသည်ဖြစ်စေ လူသားကို စားမိလျှင် ထုလွှစဉ်း အာပတ်သင့်၏။ အကြွင်းကိုးပါးတို့၏ အသားကို စားမိလျှင် ဒုက္ကဋ်အာပတ် သင့်၏။ ။ နို့ရည် ဆီဦးထောပတ် ဝသာတေလခေါ်သော သားဆီတို့ကိုမူကား လူကိုကြင်္ခ၍ အကြွင်းကိုးပါးတို့မှာ သုံးဆောင်ခြင်းငှာ အပ်ကုန်၏။

၁၁၁။ **ဆင်ခြင်မဲ့ပါ၊ ဆဲ့တစ်ဖြာ၊ အာပတ် အစိတ်မျိုး။**

ဆွမ်းစားသောအခါ ဆွမ်းပွဲမှာ အသားဟင်းများ ပါရှိခဲ့သော် ဘာသားဘဲဟူ၍ အတပ်သိရန် ဆင်ခြင်မှုကို အမြဲသတိ ရှိစေရမည်။ ဆင်ခြင်မဲ့၍ အမှတ်တမဲ့ စားမိခဲ့လျှင် ကပ်ိယအသားပင်ဖြစ်သော်လည်း ဝတ် ပျက်မှုအတွက် ဒုက္ကဋ်အာပတ်သင့်၏။

နစဘိက္ခဝေ အပဋိဂ္ဂဟိတကံ့တွာ မံသံ ပရိဘုဉ္ဇိတဗ္ဗံ။ ယော ပရိ ဘုဉ္ဇေယျ၊ အာပတ္တိဒုက္ကဋဿ။ (ဝိ၊ ၃။၃၁၂။)ဟု ပါဠိတော်ရှိ၏။ ။ ဤအသားသည် အပဋိဂ္ဂဟိတ အသားမည်၏။ မစားအပ်သော အသား ဆယ့်တစ်ပါးဖြစ်၏။ **အာပတ်အစိတ်မျိုး**ဆိုသည်ကား အစိတ္တကအာပတ်မျိုးတည်း။ အကပ်ိယအသားဟူ၍ မသိ၍ စားမိသော်လည်း သင့်တင်သော အာပတ်မျိုးတည်း။

၁၁၂။ **သီတင်းငါးရပ်၊ ရည်၍သတ်၊ မအပ် ထိုအသား။**

၁၁၃။ မြင်ခြင်း, ကြားခြင်း၊ ယုံမှားခြင်း၊ ကင်းစေ စွန်းသုံးပါး။

သီတင်းသုံးဘော် ငါးယောက်တို့တွင် တစ်ယောက်ယောက်ကို ရည်၍ ကျွေးမွေးလှူဒါန်းရန် သတ်အပ်သည် မှန်က ထိုအသားကို သီတင်းသုံးဘော် ငါးဦးလုံး မအပ်ပြီ။ ။ သီတင်းသုံးဘော် တစ်ယောက်ယောက်ဘို့ သတ်သည်ဟု မြင်၍သိခြင်း၊ ကြား၍သိခြင်း၊ ယုံမှားသင်္ကာမကင်းရှိခြင်း၊ ဤကား အစွန်းသုံးပါးတည်း။ ထိုအစွန်းသုံးပါးတွင် တစ်ပါးပါးရှိခဲ့သော် ထိုအသားကိုမစားအပ်။ အစွန်းသုံးပါးကင်းရှင်းမှ စားအပ်သည်။ ဤ အာပတ်ကား သစိတ္တကအာပတ်တည်း။ ရည်၍ သတ်သည် မှန်ငြားသော်လည်း ရည်၍သတ်သော အသားမဟုတ်ပါဟု ဒါယကာတို့က လိမ်လည်၍ ပြောခဲ့လျှင် ပြောတိုင်းယုံကြည်၍ စားမှုကား အာပတ်လွတ်၏။

အကပ္ပိယ အသားမျိုးပြီး၏။

၁၀။ အကပ္ပိယပစ္စည်းမျိုး

၁၁၄။ သီး,ပွင့်,ကသေ၊ မြေ,ဒန်ပူ ဝါး၊ ဆေးဝါး,စေခံ၊
လာဘ်ငဲ့မှန်၊ ဒူသန် ကုလရှစ်။

လာဘ်ကိုငဲ့၍ သစ်သီးပေးခြင်း၊ ပန်းသစ်ပွင့်ပေးခြင်း၊ ရေခဲျူးကသည်မှုန့်, မျက်နှာချည်မှုန့်ပေးခြင်း၊ သဘော်ဆပ်ပြာခဲ စသော မြေညှက်ပေးခြင်း၊ ဒန်ပူပေးခြင်း၊ အိမ်ဥသုံးရန် သစ်,ဝါးပေးခြင်း၊ ဆေးဝါး ဓာတ်စာပေးခြင်း၊ လူအစေအပါးခံ၍ တမန်ကိစ္စနှင့် သွားလာခြင်း။ ။ကုလဒူသနရှစ်ပါး။

၁၁၅။ ကုလဒူသန်၊ အင်ရှစ်တန်၊ နေသန် နှစ်ဆဲ့တစ်။
၁၁၆။ ရွှေ,ငွေ,ခဲငြား၊ စျာန်မဂ်ကြား၊ ဆေးဝါး,ဗေဒင်ဖြစ်။

၁၁၇။ မိစ္ဆာဇီဝ၊ ဟောဘော်ပြု၊ တရာ့ငါးဆဲ့နှစ်။
၁၁၈။ ထိုနှင့်ရလတ်၊ ပစ္စည်းရပ်၊ မအပ်ကြဉ်ပယ်ပစ်။

ကုလဒူသနမှူ ရှစ်ပါးနှင့်ရသောပစ္စည်းမျိုး၊ အနေသနမှူ နှစ်ဆဲ့တစ်ပါးနှင့်ရသော ပစ္စည်းမျိုး၊ ရွှေ,ငွေကိုခံမှူ ရောင်းဝယ်လဲလှယ်မှုတို့နှင့် ရသောပစ္စည်းမျိုး၊ စျာန်မဂ်ဖိုလ်တရားကို ပြောကြား ဝါကြွားရ်ရသော ပစ္စည်းမျိုး၊ ဆေးဝါးကုသရ်ရသောပစ္စည်းမျိုး၊ ဗေဒင် ယာယီဟောပြော်ရ် ရသောပစ္စည်းမျိုး၊ ဗြဟ္မဇာလသုတ်ကြီး၌လာသော မိစ္ဆာဇီဝအမှုမျိုး၊ တစ်ရာ့ငါးဆဲ့နှစ်ပါးနှင့် ရသောပစ္စည်းမျိုးသည် သီတင်းသုံးဘော်ငါးယောက်တို့အား သုံးဆောင်ခြင်းငှာ မအပ်။

အကပ္ပိယပစ္စည်းမျိုးပြီး၏။

၁၁။ ကပ္ပိခြင်း ငါးပါး

၁၁၉။ ပင်စည်,အမြှစ်၊ အဆစ်,ညွှန့်ဖျား၊ အစေ့အား၊
ငါးပါး ဗီဇဂါမ်။

၁၂၀။ ဖျက်ဆီးတုံလတ်၊ သင့်ဒုက္ကဋ်၊ ငါးရပ်လွတ်ကြောင်းဘန်။

၁၂၁။ မီး,ထား,လက်သဲ၊ ကပ္ပိန၊ နုဆဲ,ပယ်နုတ်ခံ။

၁၂၂။ လူသာမဏော၊ ကပ္ပိစေ၊ လွတ်လေ မျိုးသန္တာန်။

စိုက်လျှင် အပင်ပေါက်တတ်သော မျိုးခေါ်သော ဝတ္ထုသည် ငါးပါးရှိ၏။ ပင်စည်မျိုး၊ အမြှစ်မျိုး၊ အဆစ်မျိုး၊ အညွှန့်မျိုး၊ အစေ့အဆန်မျိုး၊ ဤငါးပါးတည်း။ ဗီဇဂါမ်ငါးပါးခေါ်၏။ ထိုငါးပါးတို့ကို အနာအကျင်ဖြစ်အောင်မှု ပြုခြင်းငှာ မအပ်၊ ပြုခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။။ ထိုဒုက္ကဋ်အာပတ်မှ လွတ်ကြောင်း ငါးရပ်ရှိ၏။။ ။ မီးဖြင့် ကပ္ပိစေခြင်းတစ်ပါး၊ ထား(ဓား)ဖြင့် ကပ္ပိစေခြင်းတစ်ပါး၊ လက်သည်းဖြင့် ကပ္ပိစေခြင်းတစ်ပါး၊ မျိုးမရ လောက်အောင် နုသေးသည်တစ်ပါး၊ အစေ့ကို မျိုးမပျက်

စေရအောင် အသီးအခြား ထုတ်နုတ်ပယ်ရှား၍ ရကောင်းသည်လည်း တစ်ပါး၊ ကျင်းပါးတည်း။ ကျင်းပါးတွင် နောက်နှစ်ပါး၌ ဝိနည်းကံမရှိ၊ ရှေ့သုံးပါး၌ကား လူသာမဏေကို ကပ်စေရမည်။ ကပ်ထိုက်သော ဗီဇကျိမ်ဝတ္ထုတို့ကို တစ်ပေါင်းတစ်စုတည်း ထိစပ်မိအောင် ထား၍ "ကပ်ယံ ကရောဟိ" ဟု ရဟန်းက ဆိုရာ၏။ ထိုအခါ လူသာမဏေဖြစ် သူက "ကပ်ယံ ဘန္တေ" ဆို၍ ကပ်ခြင်းကို ပြုရာ၏။

၁၂၃။ **မီးနှင့်တို့လင့်၊ ပူရှိန်သင့်၊ အခွင့်လျော်လောက်တန်။**

မီးဖြင့်ကပ်ရာ၌ ရဲရဲညီးသောမီးဖြင့် တခုခုသော ဗီဇကျိမ်ဝတ္ထုဖြင့် "ကပ်ယံ ဘန္တေ" ဆို၍ တစိတ်တဒေသ၌ တို့ရာ၏။ တို့ရာဌာန၌ ပူရှိန်သင့်ခဲ့လျှင် ကပ်ယဝိနည်းကံမြောက်ခွင့် လျော်လောက်ပြီ။ တစ်ပေါင်းတစ်စုတည်း ထိစပ်၍ တည်ရှိသမျှအလုံးစုံသည် တောင်ပမာဏပင် ရှိသော်လည်း ကပ်ယဝတ္ထုချည်း ဖြစ်လေ၏။ အကပ်မခံမီ လူသာမဏေတို့၏ လက်မှာရှိစဉ် မီးလက်ရှိသော လူသာမဏေအား ကပ်လိုက်လော့ဟု ရဟန်းကဆိုရာ၏။ "ကပ်ယံ ဘန္တေ" ဟု လူသာမဏေက ဆိုဆို တို့တို့ ထိအောင်တို့ရာ၏။ လူသာမဏေလက်တွင် အုပ်ခွက်စသည် အတွင်း၌ ထိစပ်၍ တည်ရှိသမျှ အလုံးစုံသည် ကပ်ခြင်းမြောက်၏ ဟူ၍လည်း ဆိုကြ၏။ ထားဖြင့်ကပ်ရာ၌ အသွားထက်ခဲ့လျှင် အသွားနှင့်၊ အဦးထက်ခဲ့လျှင် အဦးနှင့် "ကပ်ယံ ဘန္တေ" ဆို၍ ခုတ်မှု ထိုးမှု ကြိတ်နှိပ်ထိုး ဖောက်မှုကို ပြုရာ၏။ ။ လက်သည်းဖြင့် ကပ်ရာ၌ အစွန်းထက်သော လက်သည်းဖြင့် ထိုးဆိတ်ရာ၏။

၁၂၄။ ပြတ်ရာ,ပေါက်ရာ၊ ထင်မှသာ၊ မြောက်ရာ ထား, လက်, ကံ။

ကံကား ကပ်မှုကိုဆိုသတည်း။ ဤ ဓား, လက်သည်းတို့ဖြင့် ကပ်မှု၌ ပိမ့်ဝင်ရုံမျှနှင့် မအပ်။ ပေါက်ပြတ်ရာ ထင်မှအပ်သည်။ "ဆေဒံ ဝါ ဓေဓံ ဝါ ဒဿေန္တေန" ဟု (ဝိ၊ဋ္ဌ၊၃။၃၂)လာသည်။ အကြွင်းဆိုဘွယ်

အကျယ်မှာ မီးကပ်ပိုနည်းအတိုင်း သိလေ။ လူသာမဏေလက်မှာရှိစဉ် ကပ်ပိုစေမှုအပ်ကြောင်းကို အုတ်ကျောင်းဆရာတော်လည်း ဆုံးဖြတ်၏။ သုဒ္ဒသ ဝိလာသိနီ ဆန်းဋ္ဌီကာကို ပြုစိရင်တော်မူသော ဝိတ်ဖြူ ဆရာတော်သည် ကျောင်းပေါ်ကနေ၍ "ကပ်ပိယံ ကရော ဟိ" ဟု ဆိုလိုက်၏။ ကျောင်း အောက်မီးတင်းကုတ်၌နေလျက် သာမဏေသည် "ကပ်ပိယံ ဘန္တေ" ဆို၍ မီးဖြင့်ထိပါးစေ၍ ကပ်လာသည့်ကို တွေ့မြင်ဘူးသည်ဟု ငါတို့ ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီးလည်း မိန့်ဘူး၏။

၁၂၅။ တစ်ခုမိက၊ တောင်ရိုးများစေ၊ ထိစပ်ပေ၊
မြောက်လေ ကပ်ပိယံ။ ။ (သိသာပြီ)။

ကပ်ပိခြင်းငါးပါးအမြွက် ပြီး၏။

====

ကျောင်းဟူသော မှီရာနိသယ

၁၂၆။ = ဂဟပတိ၊ သမ္မုတိ၊ ဂေါနိသာဒိကာ။
၁၂၇။ = ဥဿာဝနန္တိ၊ အမည်ရှိ၊ ကုဋိ လေးပါးဖြာ။

ရဟန်းတို့နေရာကျောင်းကို 'ကုဋိ'-ဟု ဆိုသည်။ ထိုကုဋိသည်-

၁။ ဂဟပတိကုဋိ၊
၂။ သမ္မုတိကုဋိ၊
၃။ ဂေါနိသာဒိကာကုဋိ၊
၄။ ဥဿာဝနန္တိကာကုဋိ၊ ဟူ၍ ၄-ပါးရှိ၏။

၁၂၈။ = ရဟန်းဥစ္စာ၊ နေဘို့ငှါ၊ လောက်ရာသဟသေး။
၁၂၉။ = ကပ္ပိယမှူ၊ ညီစွာပြု၊ ကုဋ္ဌီအဂ်ီလေး။

ရဟန်းသံဃာတို့၏ အပိုင်ဥစ္စာလည်းဖြစ်စေ၊ ရဟန်းသံဃာတို့၏ အမြဲနေဖို့ရာ ကျောင်းလည်းဖြစ်စေ၊ သဟဿေယျအာပတ်သင့်လောက်သော အမိုးအကာနှင့် ပြည့်စုံသည်လည်းဖြစ်စေ၊ ကပ္ပိယဝေါဟာရနှင့် လျှုဒါန်းခြင်း၊ ဥတ်ကမ္မဝါစာနှင့် သမုတ်ခြင်း စသည်ဖြင့် ထိုထိုကုဋ္ဌီအားလျော်စွာ ကပ္ပိယအစီအရင်ကို နေရာကျ ပြုလုပ်သည်လည်းဖြစ်စေ၊ ဤကား ကပ္ပိယကုဋ္ဌီ၏ သာမညအဂ်ီလေးပါး။

ပဌမအဂ်ီမရှိသော လူတို့၏ အိမ်ရာ တိုက်တာများသည်လည်းကောင်း၊ ဒုတိယအဂ်ီမရှိသော ရဟန်းတို့နေဖို့မဟုတ်၊ အခိုက်အတန့်မျှ သုံးဆောင်ဘို့ဖြစ်သော ဝစ္စကုဋ္ဌီ, ပဿာဝကုဋ္ဌီ, ဥပုသ်အိမ် သိမ် တန်ဆောင်း စသည်များသည်လည်းကောင်း၊ တတိယအဂ်ီ မရှိသော ရဟန်းတို့နေဖို့ရာပင် ဖြစ်သော်လည်း သဟဿေယျအာပတ်သင့်လောက်အောင် အမိုးမရှိသောကျောင်း၊ အကာမရှိသောကျောင်း အမိုးအကာ ပျက်၍နေသော ကျောင်းများသည်လည်းကောင်း ကပ္ပိယကုဋ္ဌီ လေးပါးမှအလွတ်ဖြစ်သော ပဋ္ဌမကပ္ပိယကုဋ္ဌီဟူ၍ ဆိုအပ်၏။

၁၃၀။ = လူ့သန္တကာ၊ ကပ္ပိယဟူ၊ ဆို၍လျှူ၊ မှတ်ယူဂဟပတိ။

မလျှူမီရှေးအဘို့၌ လူတို့၏ အပိုင်ဥစ္စာလည်းဖြစ်စေ၊ ကျောင်းပြီး၍ လျှုဒါန်းသောအခါ၌ ကပ္ပိယစကားကို မြွက်ဆို၍ လျှုဒါန်းသည်လည်းဖြစ်စေ၊ ဤအဂ်ီနှစ်ပါးရှိသော ကျောင်းကုဋ္ဌီသည် ဂဟပတိကုဋ္ဌီမည်၏။

"ကွမံ ဝိဟာရံ ကပ္ပိယကုဋ္ဌီ ကာတုံ သံဃဿ ဒေမ"။ (သံဃိကဘို့) "အာယသ္မတော ဒေမ။ တိဿဿ ဒေမ"။ (ပုဂ္ဂလိကဘို့) ဤကား ကပ္ပိယ စကားတစ်ရပ်တည်း။ **ရေစက်ချ၌ ဤကပ္ပိယစကား ပါရှိမှ ကပ္ပိယကုဋ္ဌီဖြစ်သည်။**

၁၃၁။ = ချီကြွမြွက်ကြား၊ ဆုံးပြုင်ငြား၊ နက်သွားဥဿာမှာ။
ဥဿာဝနန္တိက–ပုဒ်၌ ဥ'ကား ချီကြွခြင်းအနက်ရှိ၏။ သာဝန–ကား မြွက်ကြားခြင်းအနက်ရှိ၏။ အန္တိကဌ် အန္တ–ကား အဆုံးဟူသော အနက်ရှိ၏။ ချီကြွမှု၊ ကပ်ိယစကားမြွက်ကြားမှု၊ ဤအမှုနှစ်ပါးတို့၏ တစ်ပြိုင်နက် ပြီးဆုံးခြင်းရှိသော ကုဋ္ဌီဟုဆိုလိုသည်။

၁၃၂။ = ရဟန်းအပိုင်၊ ရှေးဦးတိုင်ကို၊ ပွေ့ကိုင်ချီရ၊ မြေအကျနှင့်၊ ကပ်ိယစကား၊ ဆုံးပြုင်ငြား၊ မှတ်သား ဥဿာဝနန္တိကာ။

ရဟန်းသံဃာတို့၏ ပုဂ္ဂလိကသံဃိကဖြစ်သော သစ်ဝါးအုတ် ကျောက်တို့နှင့် ဆောက်လုပ်သည်လည်း ဖြစ်စေ၊ ရှေးဦးစွာ စိုက်ထူသော တိုင်၊ ရှေးဦးစွာတက်သော အုတ်ကျောက်တို့ကို ရဟန်းတို့ ပွေ့ကိုင်ချီ၍ မြေသို့ကျသည်နှင့် ကပ်ိယစကား အဆုံးပြုင်မိသည်လည်း ဖြစ်စေ၊ ဤအဂါနှင့်ပြည့်စုံသော ကုဋ္ဌီသည် ဥဿာဝနန္တိကကုဋ္ဌီမည်၏။

သစ်ဝါးတို့ကိုဆောက်ရာ၌ ရှေးဦးစွာ စိုက်ထူသောတိုင်ကို ရဟန်းတို့ကိုယ်တိုင် ပွေ့ချီ၍ ထားပြီးလျှင် ''ကပ်ိယကုဋ္ဌီ ကရောမ'' ဟု ကပ်ိယစကားကို မြွက်ဆို၍ တိုင်ကိုတွင်း၌ ချစိုက်ရမည်။ မြေသို့ တိုင် အကျနှင့် မ–အက္ခရာ ပြိုင်စေရမည်။ မပြိုင်မိအံ့ထင်လျှင် တဖန် ကြွချီ၍ ချရမည်။ ပြိုင်မိပြီဟု စိတ်ချရမှတန်။ တိုင်မပါဘဲ အုတ်နံရံ ကျောက်နံရံတို့ကို ထစေ၍ ဆောက်လုပ်ရာ၌ အုတ်မြစ်ချသော ကျောက် အုတ်တို့ကား မြေအလားရှိကုန်သည်ဖြစ်၍ အဂါမလောက်ကုန်။ မြေမှ အထက်သို့ ပေါ်တက်သော နံရံသည်သာ ကျောင်းအဂါ၌ ပါဝင်၏။ ထို့ကြောင့် ရှေးဦးစွာ နံရံကိစ္စနှင့် မြေမှအထက်သို့ တက်သော တစ်ခုသော အုပ်ချပ်, တစ်ခုသော ကျောက်ချပ်ကို ရဟန်းကိုယ်တိုင် ချီမ၍ ''ကပ်ိယ ကုဋ္ဌီ ကရောမ'' ဟု ဆို၍ ချရမည်။ မြေအကျနှင့် ကပ်ိယစကားအဆုံး ပြိုင်မိစေရမည်။ ပေါ့ပေါ့ပါးပါးဖြစ်ခဲ့လျှင် ရဟန်းတစ်ပါးနှင့်ပင် ပြီးသင့်၏။

အများခို်ကြွ၍ အများဆို်ကြွ၍ စို်က်ခြင်းသည် တစ်ယောက် တစ်ယောက် စကားအဆုံးနှင့် ငကန်ပြိုင်မိရန် ပြုလုပ်မှုပေတည်း။ ရဟန်းတို့ မနှိုင်နှိုင်ခဲ့လျှင် လူတို့ကိုကြွခို်စေ၍ ရဟန်းတို့က ကိုင်ကာမျှပြု၍ မြွက်ဆို်ရမည်၊

၁၃၃။ = နွားတို့နေဘိ၊ အနက်ရှိ၊ ဂေါနိသာဒိကာ။

ဂေါနိသာဒိက သဒ္ဒါသည် နွားတို့နေရာဟူသော အနက်ရှိ၏။ တိုက်တာ ကျောင်းကန် အရံအကာ မရှိသည်ကို ဆိုလိုရင်းဖြစ်သည်။

၁၃၄။ = တိုက်တာအရံ၊ ကျောင်းအရံ၊ နှစ်တန်မရှိရာ။
၁၃၅။ = အာရာမ,ဝိဟာရ၊ နှစ်ပါးပြု၊ ရာမလိုရင်းသာ
၁၃၆။ = လုံးလုံးမရှိ၊ အနည်းရှိ၊ တိုက်၏အရံမှာ။

တိုက်တာ အကာအရံမရှိလျှင် အာရာမ ဂေါနိသာဒိကာ ခေါ်၏။ တိုက်တွင်းရှိ ကျောင်းများမှာ အကာအရံမရှိခဲ့လျှင် ဝိဟာရဂေါနိသာဒိကာ မည်၏။ ထိုနှစ်ပါးတွင် တိုက်တာအကာအရံမရှိမှုသာ လိုရင်းဖြစ်၏။ တိုက်တွင်းရှိကျောင်းများ၌ ကျောင်းအောက်မှာ နွားမဝင်နိုင်ရန် အကာအရံ ရှိမှုမရှိမှုသည် လိုရင်းမဟုတ်။ အရံဆို်ရာမှာလည်း နွားတို့ကို ကာဆီးနိုင်ရန် အမြင့် နှစ်တောင့်ခြောက်သစ်ခန့်ရှိ၍ တစ်ကိုယ်လုံးကို ဝန်းဝိုင်းမိအောင် ရှိခဲ့သော်လည်းကောင်း၊ ထက်ဝက်ထက် များခဲ့သော်လည်းကောင်း၊ ထက်ဝက်ခန့် ရှိခဲ့သော်လည်းကောင်း၊ အရံသည် ထက်ဝက်အောက် နည်းခဲ့သော်လည်းကောင်း၊ အရံမရှိသည်မည်၏။ ဤအရံ မရှိမှုသည် ဂေါနိသာဒိကာကုဋီ၏ အင်္ဂါပင်တည်း။ ဤကုဋီ၌ အရံအမြင့်ပမာဏကို ကျမ်းဂန်တို့မှာ မဆို။ သဟသေယျအရာ၌ တစ်ထောင့်ထွာ အမြင့်လာ၏။ ဝိနီစ္ဆယဋီကာ၌ ထိုတစ်ထောင့်တွာကို မဖြိမပုရိသ ကက်ထောင့်တွာဟု ဆို၏။ ပကတိပုရိသ နှစ်တောင်ခြောက်သစ် ရှိ၏။ ထိုကိုမှီ၍ ဤ၌ အမြင့် နှစ်တောင်ခြောက်သစ်ခန့်ဟု ဆိုလိုက်ပေသည်။

၁၃၇။ = သမုတ်တုံဘိ၊ သမ္မုတိ၊ ဥတ္တိဒုတိယာ။
၁၃၈။ = ပန်ကြားမှုလည်း၊ အပ်သတည်း၊ နှစ်နည်းအဆိုလာ။
၁၃၉။ = အကပ်ိယ၊ ဖြစ်နေက၊ မုချသမုတ်ရာ။

ကပ်ိယကုဋ္ဌအဂါ် ချို့တဲ့သဖြင့် အကပ်ိယကုဋ္ဌဖြစ်၍နေသော ကျောင်းကို ကပ်ိယကုဋ္ဌဖြစ်စေခြင်းငှါ ဥတ္တိဒုတိယကမ္မဝါစာဖြင့် သမုတ်ရသည်။ ထိုကုဋ္ဌကို သမ္မုတိကုဋ္ဌဟု ခေါ်သည်။ အဋ္ဌကထာ၌ကား ပန်ကြားမှုဟူသော အပလောကန ကံဖြင့်လည်း သမုတ်အပ်၏–ဟု လာပေ၏။ ဝိနည်းမတတ်သောရဟန်းတို့ အလှူခံ၍ ရှိနေသော ကျောင်းဟောင်း၊ ဝိနည်းမတတ်သော ရဟန်းတို့ ဆောက်လုပ်သော ကျောင်းသစ်၊ ဝိနည်းမတတ်သောရဟန်းတို့ အမိုးဟောင်းကို ဖျက်၍ အသစ်မိုးသော ကျောင်းမျိုး၊ ဤကဲ့သို့သော ကျောင်းများကို နောက် ဆက်ခံ၍နေသော လဇ္ဇီပေသလရဟန်းသည် သမ္မုတိကပ်ိယကုဋ္ဌ ဖြစ်အောင် ပြုလုပ်၍ နေရမည်။ ဥတ္တိဒုတိယကမ္မဝါစာဖြင့်သော်လည်း သမုတ်ရမည်။ အပလောကနကံဖြင့်သော်လည်း သမုတ်ရမည်ဟူလို။

သမုတ်ပုံကား– လေးပါးလေးပါးထက် အလွန်ဖြစ်သော ရဟန်းတို့သည် ခဏ္ဍသိမ်၌ စည်းဝေးကြ၍ မည်သည့်ကျောင်းကို အဘယဝိဟာရဟူ၍ အမည်မှည့်ပါ၏–ဟု မထေရ်ကြီးက ထိုကျောင်းကို အမည်ပေး။ ဥတ်ကမ္မဝါစာတို့၌ ထိုအမည်နှင့်ဖတ်ပါ။

“သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃသ ပတ္တကလ္လံ။ သံဃော အဘယံ နာမံ ဝိဟာရံ ကပ်ိယဘူမိ သမ္မန္နေယျ။ သော ဥတ္တိ။ သုဏာတု မေ ဘန္တေ သံဃော၊ သံဃော အဘယံ နာမ ဝိဟာရံ ကပ်ိယဘူမိ သမ္မန္နတိ။ ယသာယသ္မတော ခမတိ အဘယနာမသ သ ဝိဟာရသ ကပ်ိယဘူမိယာ သမ္မုတိ၊ သော တုဏှသ်။ ယသ နက္ခမတိ၊ သော ဘာသေယျ။ သမ္မတော သံဃေန အဘယော နာမ ဝိဟာရော ကပ်ိယဘူမိ။ ခမတိ သံဃသ်၊ တသ္မာ တုဏှိ ဇဝမေတံ ဓာရယာမိ။ (သမ္မုတိကမ္မဝါ)

ကျောင်းအမည် ထင်ရှားစေခြင်းငှါ နာမသဒ္ဒါ ထည့်ပေးသည်။ ဤကပ္ပိယဘူမိ သမ္မုတိကံသည် အသမ္မုခါ ကရဏီယကံ ရှစ်ပါးတို့ မပါငြားသော်လည်း ကျောင်းမှခွါ၍ ခဏ္ဍာသိမ်မှာ ပြုခြင်းငှါအပ်သည်သာ မှတ်။

ယတ္ထ ယတ္ထ ကမ္မဝါစာယံ အယန္တီ ဝါ ဣမေတိ ဝါ သမ္မုခါ နိဒ္ဒေသနိယမော နတ္ထိ၊ သဗ္ဗံ တံ အသမ္မုခါ ကရဏီယံ။ ဟူသော ပရိဝါ ဝဇိရဗုဒ္ဓိဋီကာနှင့် အညီတည်း။ ထိုတိုက်၌ ခဏ္ဍာသိမ် မရှိခဲ့သော် တိုက်တစ်ပါး၌ရှိသော ခဏ္ဍာသိမ်မှာလည်း ပြုရပါ၏။

"ကမ္မဝါစံ အဝတ္တာ အပလောကနေနပိ ဝဋ္ဋတိယေဝ" ဟူ၍ အဋ္ဌကထာ၌ဆိုသောကြောင့် အပလောကနကံဖြင့်လည်း သမုတ်ရလေ၏။ သမုတ်ပုံမှာ ကမ္မဝါစာနှင့်သမုတ်နည်း အတိုင်းပင်။ ကမ္မဝါစာ ဖတ်မည့်နေရာ၌ အပလောကန စာစီရေး၍ ဖတ်မှုမျှသာ ထူး၏။

သံဃံ ဘန္တေ အာပုစ္ဆာမိ၊ အဘယော နာမ ဝိဟာရော အကပ္ပိယဘူမိ ဇာတော၊ တသ္သ ဝိဟာရဿ ကပ္ပိယဘူမိယာ သမ္မုတိ ရုစ္စတိ သံဃဿ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ၊

(ခဏ္ဍာသိမ်အပြင် သံဃဟတ္ထပါသ်၌ သုံးကြိမ်ဖတ်ကြားလေ။)

၁၄၀။ = ရှေးရှိတိုင်းအုတ်၊ ကုန်ပယ်နှုတ်၊ ငြိမ်းချုပ် သာဝနာ။

ပေါ့ခ်ျ၍ ကပ္ပိယစကားနှင့် စိုက်ထူအပ်သော တိုင်နှင့်ယက်မ ခါးပန်း တစ်ဆက်တည်း ဆက်လက်၍ ထိုအခါ၌လည်းကောင်း။ နောက် မှသော်လည်းကောင်း၊ စိုက်ထူဆောက်လုပ်အပ်သော အလုံးစုံသော တိုင်စုသည် ကပ္ပိယချည်း ဖြစ်လေ၏။ ထိုတိုင်စုကို တစ်ခုမကျန် အကုန်ပယ်၍ ပစ်သောအခါ ဥဿာဝနန္တိကာ ကပ္ပိယကုဋီပျက်၏။ ထပ်မံ၍ ဆောက်လုပ်ပြန်သော် ကပ္ပိယဖြစ်အောင် အသစ်တဖန် ပြုရပြန်၏။

၁၄၁။ = လုံးလုံးထက်ဝက်၊ ကာရံချက်၊ ပျက်၏ ဂါနိသာ။

တိုက်အကာအရံမရှိ၍ ကပ်ိယဂါနိသာဒိကာ အရံဖြစ်၍နေသော တိုက်တာကို အကုန်လုံး ရံပြန်သော်လည်းကောင်း၊ ထက်ဝက်မျှ ရံပြန်သော်လည်းကောင်း၊ ဂါနိသာဒိကာကပ်ိယကုဋိပျက်၏။ ထိုတိုက် တွင်းဌ ရှိသမျှသော ကျောင်းတို့လည်း အကပ်ိယကုဋိ ကျောင်း တွေဖြစ်၍ကုန်၏။ သမ္မုတိကပ်ိယကုဋိဖြစ်အောင် ပြုလုပ်ကြရာ၏။

၁၄၂။ = အမိုးအကုန်၊ ဖျက်ပယ်တုံ၊ ပျက်ကုန်ကြောင်းနှစ်မှာ။

ဂဟပတိကုဋိနှင့် သမ္မုတိကုဋိကို ကြောင်းနှစ်ဆိုသည်။ ထိုကုဋိ တို့သည်မူကား ဝမ်းဘဲတောင် ခေါင်ဖုံးမျှမကျန် အမိုးတို့ကို အကုန် ဖျက်ခဲ့သော် ကပ်ိယကုဋိပျက်၏။ မိုးပြန်သောအခါ အကပ်ိယကုဋိ ဖြစ်ကြ ကုန်၏။

ထို့ကြောင့် ထိုကျောင်းတို့၌ အသစ်မိုးရန် အမိုးပောင်းတို့ကို ဖျက်ခဲ့သည်ရှိသော် အကုန်မဖျက်ရာ။ သွပ်တစ်ချပ်, ပျဉ်တစ်ချပ်, ကပ်တစ်ချပ်, သက်ငယ် တစ်ချပ်မျှကိုသော်လည်း ချန်ထား၍ အသစ်ကို မိုးမိမှ ချန်ထားသည်ကို ပယ်ဖျက်ရာ၏။ ဝမ်းဘဲတောင် ခေါင်ဖုံးများ သည်လည်း အမိုးအရာ၌ တည်ကုန်၏။ ထို့ကြောင့် ဝမ်းဘဲတောင် ခေါင်ဖုံး ကျန်ရှိလျှင်ပင် မပျက်ပြီ။ အဆောင်များစွာ ရှိခဲ့ရာ အဆောင် ချင်းချင်း အမိုးဆက်လက်သဖြင့် တစ်ခုသော သဟဿယျ ဥပစာ ဖြစ်ခဲ့အံ့၊ တစ်ဆောင်ကို အကုန်ဖျက်၍ မိုးသော်လည်း ကြောင်းသော အဆောင်တို့က စောင့်ရှောက်ကုန်အံ့ဟု ယူကြ၏။

၁၄၃။ = အဂီါမညီ၊ ကျောင်းကုဋိ၊ အကပ်ိယသာ။

ရှေးဌပြဆိုခဲ့ပြီးသော သာမညအဂီါ, အသီးသီးသော ဝိသေသအဂီါတို့နှင့် မညီညွတ်သော ကျောင်းများသည် အကပ်ိယ ကုဋိမည်၏။ အကပ်ိယကုဋိဆိုသော်လည်း မနေအပ် မထိုင်အပ်သော

ကျောင်းဟု ဆိုလိုသည်မဟုတ်၊ နောက်ရှိ ပြဆိုလတ္တံ့သော ကာလိက ဝတ္ထုများနှင့် စပ်၍ အာပတ်အပြစ် ရှိသောကြောင့်တည်း။

၁၄၃။ = အန္တောဝုတ္တာ၊ အန္တောပက္ကာ၊ သာမံပက္ကာ၊ ဤသုံးဝ၊
ယာဝ, ယာမမှာ။

အန္တောဝုတ္ထဒုက္ကဋ်၊ အန္တောပက္ကဒုက္ကဋ်၊ သာမံပက္ကဒုက္ကဋ်-ဟူ၍ ဒုက္ကဋ်အာပတ်သုံးမျိုးရှိ၏။ ထိုသုံးမျိုးသည် ယာဝကာလိက, ယာမကာလိက ဟူသော ရှေ့ကာလိက နှစ်ပါးဌ်သာရှိ၏။ နောက်ကာလိက နှစ်ပါးဌ်မရှိ။

၁၄၄။ = သိမှီးသည်ကို၊ ဝုတ္ထဆို၊ ကျိုချက် ပက္ကမှာ။

ဝုတ္ထ ဆိုသည်ကား သိမှီးသည်ကိုဆိုသည်။ ပက္က ဆိုသည်ကား ကျိုချက်သည်ကိုဆိုသည်။ အကပ်ိယကဋ်အတွင်းဌ် အရဏ်တက် သည်တိုင်အောင် ညဉ်သိပ်၍ ထားအပ်သောဝတ္ထုကို အန္တောဝုတ္ထ-ဟု ခေါ်သည်။ အကပ်ိယကဋ်အတွင်းဌ် ချက်ပြုတ် ကြော်လော်အပ်သော ဝတ္ထုကို အန္တောပက္ကခေါ်သည်။ ရဟန်းကိုယ်တိုင် ချက်အပ်သောဝတ္ထုကို သာမံပက္ကဆိုသည်။

၁၄၅။ = ကုဋိပျက်တွင်း၊ သိမှီးခြင်း၊ အလျှင်း မပြုရာ။

ကုဋိပျက်ဆိုသည်ကား အကပ်ိယကဋ်ဖြစ်သော ကျောင်းမျိုး ကို ဆိုသတည်း။ ထိုအကပ်ိယကဋ်တို့ဌ် သဟဓေယျလောက်ကောင်း သော် အမိုးအရံတွင်းဌ် ရှေ့ကာလိက နှစ်မျိုးတို့ကို အရဏ်တက်သည် တိုင်အောင် သိမှီး၍ ညဉ်သိပ်ထားခြင်းကို အလျှင်းမပြုရာ။ ညဉ်သိပ်ထား ခြင်းကို ပြုခဲ့သော် ထိုဝတ္ထုသည် အန္တောဝုတ္ထဖြစ်၏။ ထိုဝတ္ထုကို စားသောက်သောရဟန်းအား အန္တောဝုတ္ထ ဒုက္ကဋ်အာပတ်သင့်၏။

၁၄၆။ = ထိုဌ်ချက်အပ်၊ ယင်းနှစ်ရပ်၊ မအပ်လေသည်သာ။
ထိုအကပ်ိယ ကျောင်းတွင်းဌ် ထိုရှေ့ကာလိက နှစ်မျိုးတို့ကို

လူသာမဏေတို့ ချက်ပြုတ်ရေကြော်လှော်ခဲ့သည်ရှိသော် ထိုဝတ္ထုသည် အန္ဓောပက္ကမည်၏။ ထိုဝတ္ထုကို စားသောက်သော ရဟန်းအား အန္ဓောပက္က ဒုက္ကဋ်အာပတ် သင့်၏။

၁၄၈။ = ဘယ်၌မဆို၊ ယင်းနှစ်ကို၊ ကိုယ်တိုင်မချက်ရာ။

ထိုရေ့ကာလိက နှစ်မျိုးတို့ကို အကပ္ပိယ ကျောင်းတွင်း၌ ဖြစ်စေ၊ တစ်ပါးသော အရပ်ဌာန၌ဖြစ်စေ ရဟန်းကိုယ်တိုင် ကြော်လှော် ချက်ပြုတ် ဖုတ်ကင် ပေါင်းနွေးခြင်းကို မပြုရာ။ ပြုခဲ့သော် ထိုဝတ္ထုသည် သာမံပက္ကဖြစ်၏။ ထိုဝတ္ထုကို စားသောက်သောရဟန်းအား သာမံပက္က ဒုက္ကဋ်အာပတ် သင့်၏။

၁၄၉။ = ကျက်ပြီးကိုလျက်၊ တဘန်ချက်၊ သက်သက်အပ် သည်သာ။

၁၅၀။ = ရေ့ကာလိနှစ်၊ ရောပြန်လစ်၊ အပြစ်ရှိပြန်လာ။

လူသာမဏေတို့ချက်၍ ကျက်ပြီးဖြစ်သော ရေ့ကာလိက နှစ်မျိုးတို့ကို တဖန်ချက်မှုသည် ပုနပက္ကမည်၏။ ထိုတဖန် ချက်မှုကိုမူကား ရဟန်းကိုယ်တိုင်ပင် ပြုအပ်၏။ အပြစ်မရှိ။ ကျက်ပြီးသော ထမင်းအေး ဟင်းအေးကို ရဟန်းကိုယ်တိုင်ပင် မီး၌ နွေးအပ်၏။ ကျက်ပြီးသော ထမင်းအေးကို ယက်မန်ဖြစ်အောင် ရဟန်းကိုယ်တိုင် ကျိုအပ်၏။ ရဟန်းကိုယ်တိုင် ကျိုချက်အပ်သော ဝတ္ထုကိုမူကား ရေ့ကာလိကဝတ္ထု နှစ်မျိုးတို့နှင့် မရောမယှက်စေ၍ သက်သက် စားသောက်အပ်၏။ ရေ့ကာလိကဝတ္ထု နှစ်မျိုးတို့နှင့် ရောနှောစေ၍ စားသောက်ခဲ့သော် အပြစ် ရှိပြန်၏။ ဒုက္ကဋ်အာပတ် သင့်ပြန်၏။

ရေ့ကာလိက နှစ်မျိုးတို့၌ အန္ဓောဝုတ္ထ၊ အန္ဓောပက္က၊ သာမံပက္က၊ ပုနပက္က လေးချက်ပြီး၏။

၁၅၁။ = သတ္တာ, ဇိဝိ၊ ကိုယ်ချက်မိ၊ သုဒ္ဓိအပ်သည်သာ။

နောက်ကာလိက နှစ်မျိုးတို့ကိုမူကား အကပ္ပိယကုဋီတွင်း၌

ညဉ့်သိပ်၍ ကစ်သက်ပတ်လုံး ထားသော်လည်း အန္တောဝုတ္ထဒုက္ကဋ် မရှိ။ ထိုအရပ်တွင်း၌ ကြော်လော်ချက်ပြုတ်သော်လည်း အန္တောပက္က ဒုက္ကဋ် မရှိ။ အစိမ်းသက်သက်ကို ရဟန်းကိုယ်တိုင် ချက်သော်လည်း သာမံပက္ကဒုက္ကဋ် မရှိ။ ဒုက္ကဋ်သုံးမျိုး ကင်းလွတ်၏။ ကင်းလွတ်၏ဟု ဆိုသော်လည်း ထိုကဲ့သို့ အကပ်ိယကုဋီတွင်း၌ ညဉ့်သိပ်ခြင်း ချက်ပြုတ်ခြင်း ကိုယ်တိုင်ချက်ခြင်းတို့ကို ပြုပြီးသည်ရှိသော် ထိုဝတ္ထုကို ရှေ့ကာလိကနှစ်မျိုးတို့နှင့် ရောနှော၍ မစားမသောက်အပ်။ စားသောက်ခဲ့သော် ဒုက္ကဋ်သုံးမျိုး သင့်ပြန်၏။

၁၅၂။ = အကပ်ိယ၊ ကျောင်းဖြစ်က၊ များလှပြစ်ဆာနာ။

ကပ်ိယကုဋီအဂိါ လက္ခဏာမရှိသော အကပ်ိယကုဋီ ကျောင်းဖြစ်ခဲ့သော် ထိုကျောင်းသည် ကာလိကလေးပါးနှင့်စပ်၍ အလွန်အပြစ်ဆာနာ များလှ၏။

၁၅၃။ = ဝိနည်းမတတ်၊ ကျောင်းထိုင်လတ်၊ အာပတ်မဆုံးရာ။

ဝိနည်းမတတ်ပါဘဲနှင့် ကျောင်းထိုင်ပုဂ္ဂိုလ်လုပ်ခဲ့သော် ကျောင်းသည် အကပ်ိယကုဋီကျောင်းသာ ဖြစ်ရာ၏။ အလုံးစုံသော ကာလိကဝတ္ထုမျိုးတို့ကိုလည်း ထိုကျောင်းတွင်း၌ ထားလေရာ၏။ ဆန်သည်လည်း အန္တောဝုတ္ထဆန် ဖြစ်၏။ ငါးပိ ငါးခြောက်စသည်တို့သည်လည်း အန္တောဝုတ္ထတို့သာ ဖြစ်ကုန်၏။ ညဉ့်သိပ်၍ ထားအပ်ကုန်သော အုန်း ငှက်ပျော စသည်တို့သည်လည်း အန္တောဝုတ္ထတို့သာ ဖြစ်ကုန်၏။ ထောပတ်, ဆီဦး, သကာ, သကြား, ဆီ, ဆား, ဆေး, ကွမ်းစသော နောက်ကာလိက ဝတ္ထုမျိုးတို့ကိုလည်း ထိုကျောင်းတွင်း၌ သိုမှီးပြီးလျှင် ထောပတ်, ဆီဦး, သကာ, သကြားတို့ကို သစ်သီးခဲဘွယ် မုံ့ခဲဘွယ်တို့နှင့် ရောက်ဖက်၍ စားခြင်း, ဆီ,ဆားတို့ကို ဟင်းခတ်ခြင်း အကြော်အလှော်ပြုလုပ်ခြင်း, သကာ သကြား ဆားတို့ကို ညနေအခါ၌ အဖျော်ရည်မှာ ထည့်ခြင်း အစရှိသည်တို့ဖြင့် သက်တော်ရှည်၍ နေ့ရက်

တွေ့မျှားသမျှကာလပတ်လုံး အန္တောဝုတ္ထဒုက္ကဋ်အာပတ်တွေ မဆုံးနိုင်ရှိလေရာ၏ဟူလိုသည်။

ကျွမ် ဝိဟာရံ ကပ္ပိယကုဋီ ကာတုံ သံဃဿ ဒေမ။ ကာယ ကာယပဋိဗဒ္ဓေဟိ ဖုသိတ္ဘာ ယထာသုခံ ပရိဘုဉ္ဇထ။ ။ (သုံးခေါက်ဆို)

ကျွမ် ဝိဟာရံ= ဤကျောင်းကို။ ကပ္ပိယကုဋီ= ရဟန်းတော်မြတ်တို့အား သင့်လျော်လျောက်ပတ် အလွန်အပ်သော ကပ္ပိယကုဋီကို။ ကာတုံ=ပြုစိမ့်သော်ငှါ။ သံဃဿ= အရပ်ဒေသာ ရှစ်မျက်နှာမှ ရောက်လာသမျှ ဓမ္မမွေ့လျော် သံဃာတော်အား။ ဒေမ= လှူဒါန်းပါကုန်၏။ တုမှေ= အရှင်ဘုရားတို့သည်။ ကာယ ကာယပဋိဗဒ္ဓေဟိ= ခြေဖဝါး လက်ဖဝါး တင်ပါး ကျောက်ကုန်း အစရှိကုန်သော ကိုယ်အင်္ဂါ၊ ဘိနပ် သင်္ကန်း အပေါ်လွှမ်း အစရှိကုန်သော ကိုယ်နှင့်စပ်သော ဝတ္ထုတို့ဖြင့်။ ယထာသုခံ= အလိုတော်ရှိတိုင်း။ ဖုသိတ္ဘာ= ထိပါး၍။ ပရိဘုဉ္ဇထ = ကျွေးမွေးပထ မျှတမှီတင်း သီတင်းသုံးကာ သုံးဆောင်တော်မူပါကုန်လော့။

ကပ္ပိယကုဋီမြောက်အောင် ကျောင်းရေစက်ချနည်း။ ဆိုနေကျ ရေစက်ချ၌ လောင်းစွက်ထည့်သွင်း၍ဆိုရန်။ မိမိ ပုဂ္ဂလိက ကျောင်းဖြစ်ခဲ့သော် ''သံဃဿ''နေရာမှာ ''အာယသ္မတော တိဿ ထေရဿ, အာယသ္မတော သုမနထေရဿ'' စသည်ဖြင့် ကျောင်းရှင်ပုဂ္ဂိုလ်၏ ဘွဲ့အမည်ကို ထည့်လေ။

ကျောင်းဟူသော မှီရာနိသယပြီး၏။

===OOO===

ဒေသနာဂါမ်အာပတ်ကုစားနည်း

၃၆၀။ = ဒေသနာဂါမ်၊ ကြွင်းငါးတန်၊ ကြားရန်အနည်းနည်း။
၃၆၁။ = စွန့်ခြင်းရှေ့ရှိ၊ နိဿဂ္ဂိ၊ ကြားဘိ နောက်မှတည်း။
၃၆၂။ = အခွဲ အဖြတ်၊ ရှေးရှိလတ်၊ အပ်ကျည် ပါစိတ် စသည်တည်း။
၃၆၃။ = ပါဠိဒေသနိယာ၊ လေးမျိုးဖြာ၊ ကြားရာတစ်မျိုးတည်း။
၃၆၄။ = အာယတိ သံဝရ၊ ရှိမှထ၊ ဆိုကြ ဆရာနည်း။

ဒေသနာဂါမ်အာပတ်ကို ဒေသနာကြားသော်လည်း "အာယတိ အာဝုသော သံဝရေယျာသိ"–ဟု ဆိုပေရာ "သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ"–ဟု ပဋိညာဉ်ပြုသည့်အကိုင်း ဤအမှုကို နောင် ငါမပြုပါဟု နောင် ရှောင်ကြဉ်မည်ဟူသော စိတ်နှင့်ကြားမှ ထိုအာပတ် ထသည်။ ဒေသနာလည်းကြား၏။ နောင် ထိုအမှုကို ပြုလိုလျက်လည်း ရှိနေ၏ဆိုလျှင် ထိုအာပတ်မှ မထဟု အချို့ဆရာတို့ ယူကြ၏။ ဘိက္ခုနီတို့၏ အဌဝတ္ထုက ပါရာဇိကဌ်သာ အာယတိ သံဝရ မရှိလျှင် မထသည်။ ကြွင်းသောအာပတ်တို့ဌ် ထပါ၏ဟူ၍လည်း ဆိုကြ၏။

နိဿဂ္ဂိအာပတ် ခွဲခြင်း ဖြတ်ခြင်း ရှေးရှိသော အာပတ်တို့ဌ် ရှိသောဝတ္ထုကို မစွန့် မခွဲ မဖျက်မူ၍ ဒေသနာကြားသော်လည်း မထ။ ဒေသနာ ကြားရိုးကြားစဉ်ဌ်။ "အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ၊ အာရောစေမိ၊ အာရောစေယျာမိ"–တို့ကား ဒေသနာ ကြားမှုမဟုတ်။ ပုထုဇ္ဇနဂတိဖြစ်၍ ယခုနေ့ဌ် သင့်သော် သင့်ခဲ့ရာသော် သံဃာဒိသိသ်အာပတ်စုကို ရည်၍ အာဝိကရဏ ပြုမှုသာတည်း။ "အဟံ ဘန္တေ သမ္မဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိ။ တာ တုမှ မူလေ ပဋိဒေသေမိ"–သည်သာ ဒေသနာဂါမ် အာပတ်တို့ကို ဒေသနာကြားမှုတည်း။ ။ "ပဿတိ အာဝုသော တာ အာပတ္တိယော။ အာမ ဘန္တေ ပဿာမိ"–တို့ကား ပဋိညာဉ်တို့ပေတည်း။

"အာယတိ အာဝုသော သံဝရေယျာသိ၊ သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ–တိုကား ပဋိညာယ ကာရေတဗ္ဗော–ဟူသော သမထအရ ပဋိညာတကရဏမှုတို့ပေတည်း။ ။ ဤဒေသနာကြီးမှုသည် အာပတ္တာ ဓိကရဏ်းကို ငြိမ်းစေမှုပေတည်း။ သမ္မုခါဝိနယသမထ၊ ပဋိညာတ ကရဏသမထ–ဟူ၍ နှစ်ပါးရ၏။ အနက်ကိုသိကြ၍ ကြားမှ လျော်မည်။

၃၆၅။ = စေ့ဆော်သမှု၊ ဖုံးလွှမ်းမှု၊ လေးခု အဂတိ။
၃၆၆။ = လက္ခဏာညီ၊ အလင်္ဂီ၊ ဖြစ်ပြီ ဟောချက်ရှိ။
၃၆၇။ = ဆန္ဒာဘာယာ၊ မျက်ဒေါသာ၊ မောဟာ လေးဂတိ။

"သဋ္ဌိစ္စ အာပတ္တိ အာပဇ္ဇတိ။ အာပတ္တိ ပရိဂူဟတိ။ အဂတိ ဂမနဉ္စ ဂစ္ဆတိ။ ဒေါသော ဝုစ္စတိ အလင်္ဂီ ပုဂ္ဂလော"– ဤပါဠိတော်နှင့်အညီ ပညတ်တော်ကိုသိလျက်နှင့် စေ့ဆော်၍ အာပတ်မှုကို ပြုကျင့်သောရဟန်း, ပြဆိုခဲ့ပြီးသော ဆယ်ပါးသော ဖုံးလွှမ်းကြောင်းနှင့်အညီ အရဏ်တက်သည့်တိုင်အောင် ဒေသနာမကြားဘဲ အာပတ်ကို ဖုံးလွှမ်း၍ ထားသောရဟန်း, ရဟန်းဖြစ်လျက် ဆန္ဒာဂတိ ဘယာဂတိ ဒေါသာဂတိ မောဟာဂတိသို့လိုက်သော ရဟန်းများသည် အလင်္ဂီလက္ခဏာသို့ ရောက်၏။ ထိုပုဂ္ဂိုလ်နှင့် အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂကို မပြုအပ်။ ဥပုသ်ပဝါရဏာ ကံကြီး ကံငယ် အတူပြုမှု–ဟူသော သံဝါသကိုမူကား မပြုအပ်ဟု ပညတ်တော်မရှိ။ (မဟာဝါ၊ ဝဇိရဗုဒ္ဓိ။)

ဒေသနာဂါမ် အာပတ်ကုစားနည်းပြီး၏။

===oOo===

နိဿယမုတ္တကအင်္ဂါ

၄၃၀။ ငါးဝါတွင်းဝယ်၊ ဥပဇ္ဈာယ်၊ မှီတွယ် မကင်းရာ။

ရဟန်းဖြစ်ပြီးသည်မှ ငါးနှစ်အတွင်း၌ ဥပဇ္ဈာယ်ဆရာ, နိဿယဉီးဆရာ နှစ်ပါးတို့တွင် တစ်ပါးပါးကို မှီတွယ်၍သာနေရသည်။ မိမိ ဥပဇ္ဈာယ်ဆရာနေသော တိုက်တာမှ တစ်ပါးသောတိုက်တာ၌ နေသောအခါ နိဿယဉီးဆရာ အင်္ဂါမြောက်သော ဝိနည်းဓိရ်ပုဂ္ဂိုလ် ထံမှာ နိဿယဉီးယူ၍ နေရသည်။ “ အာစရိယော မေ ဘန္တေ ဟောဟိ။ အာယသ္မတော နိဿာယ ဝစ္ဆာမိ”။ နိဿယဉီးယူပုံ။ “ပတိရူပံ” ဟူ၍သော်လည်းကောင်း၊ “ပါသာဒိကေန သမ္မာဒေဟိ”ဟူ၍ သော်လည်းကောင်း၊ ဝိနည်းဓိရ်ဆရာ ဆိုလိမ့်မည်။ ။ “အာမ ဘန္တေ” ဆိုလေ။

၄၃၁။ ဖဲ,ပြောင်း,ထွက်,သေ၊ နှင်ထုတ်ချေ၊ ငြိမ်းလေ နိဿယဉီး။

ဥပဇ္ဈာယ်ဆရာ အရပ်တစ်ပါးသို့ အပြီး ဖဲသွားခဲ့သော်လည်းကောင်း၊ တိတ္ထိဘောင်သို့ ပြောင်းသွားခဲ့သော်လည်းကောင်း၊ လူထွက်ခဲ့သော်လည်းကောင်း၊ သေဆုံးခဲ့သော်လည်းကောင်း တပည့်ဖြစ်သူ ရဟန်းငယ်ကို ဥပဇ္ဈာယ်ဆရာက နှင်ထုတ်ခဲ့သော်လည်းကောင်း၊ ဥပဇ္ဈာယ်နှင့် စပ်သော အမှီပျက်၏။။ နိဿယဉီးယူ၍ နေရာမှလည်း နိဿယဉီးဆရာ ဖဲသွားခြင်းစသည် ငါးပါးတွင် မိမိဥပဇ္ဈာယ်ဆရာရင်းနှင့် တွေ့ဆုံမှုကို ထည့်၍ အမှီပျက်အင်္ဂါ ခြောက်ပါးရှိ၏။

၄၃၂။ ငါးဝါပြည့်မြောက်၊ ပါတိမောက်နှုတ်၊ ဥပုသ် ပဝါရဏာ၊ ကမ္မာကမ္မ၊ ကြေလည်က၊ လွတ်ထ နိဿယဉီး။

ရဟန်းဖြစ်သည်မှ ငါးဝါရသည်လည်းဖြစ်စေ၊ ပါတိမောက်နှစ်စောင်ကို နှုတ်တက်ရွရွ ရဖူးသည်လည်းဖြစ်စေ၊ ဥပုသ် ပဝါရဏာမှု, ပရိဝါသ် မာနတ်စသော အချို့သော ကံကြီးကံငယ်မှုတို့ဌ္ဌ ကြေလည်ပွန်းတီးရှိသည်လည်း ဖြစ်စေ၊ ဤအဂ်ီအစုနှင့် ပြည့်စုံလျှင် နိဿယည်းလွတ်၏။ နိဿယမုတ္တက ပုဂ္ဂိုလ်ဖြစ်၏။ ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာကို လွှတ်၍ နေလိုရာဌ္ဌ ပေါက်လွှတ်နေရပြီ။

အဌကထာတို့ဌ္ဌ သုတ္တန်မှ လေးဘာဏဝါရမျှ အရဖေဆောင်ရမည်။ အနွှကဝိန္ဒသုတ်, အမ္ဗဋ္ဌသုတ်, မဟာရာဟုလောဝါဒသုတ် အစရှိသည့် တို့နှင့်တူမျှသော တစ်ခုခုသော ဓမ္မကထာအစဉ်ကို ပြောတောတတ်စေရမည်။

(၁)မင်္ဂလာတရား, (၂) ဆွမ်း သင်္ဃန်းအလှူ, အနုမောဒနာတရား အသုဘတရား (၃), –ဟူ၍ တရားသုံးပုဒ်ကို ရစေရမည်။ အရဟတ္တဖိုလ်သို့ရောက်အောင် လမ်းပေါက်သော တစ်ခုသော သမထ ကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းအစိအရင်ကို တတ်စေရမည်ဟူ၍ ဆိုသေး၏။ အလျော်အားဖြင့် ဆိုသည်ဟုမှတ်။ ရှေးအဂ်ီစုသာ လိုရင်းတည်း။

ဒွေမာတိကာကို နှုတ်တက်ရွရွ ရစေရမည်–ဟူသော စကားမှာလည်း ယခုအခါမှာလည်း ဘိက္ခူနီမတို့ မရှိကြကုန်ပြီဖြစ်၍ ဘိက္ခုနီပါတိမောက်ကို အရမလိုပြီ။ ဘိက္ခုပါတိမောက် တစ်စောင်လျှင်ပင် သင့်လျော်ပြီဆိုကြ၏။

ပရိသုပဋ္ဌာပကအဂ်ီဌ္ဌ ဥဘတောဝိဘင်းကို ရစေရမည်ဟု ပါရှိသည်ကို ဋီကာကြီးတို့ဌ္ဌ အတ္ထဝဏ္ဏနာပိ ယောဇေသုံ–ဟု ပါဠိကိုပင် မရသော်လည်း စာကိုကြည့်၍ အနက်အဓိပ္ပါယ် ထင်မြင်နိုင်လျှင်ပင် သင့်လျော်ပြီဟူသော ရှေးဆရာများအယူကို ပြဆိုသည်နှင့်အညီ ဤနိဿယမုတ္တကအဂ်ီမှာလည်း ဒွေမာတိကာပါဠိကိုပင် မရသော်လည်း စာကို လက်ကိုင်လက်စွဲပြု၍ ကြည့်ရှုဆင်ခြင်သောအခါ အနက်အဓိပ္ပါယ်

ကို အစုံအလင် သိမြင်မှတ်မိခဲ့လျှင်ပင် သင့်လျော်ပြီဟူ၍လည်း ဆိုကြ၏။။

ပါဠိတော် (ဝိ၊၃။၉၈။)၌ ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ သုဝိဘတ္တာနိ သုပ္ပဝတ္တီနိ–ဟူ၍ ဥဘတော ဝိဘင်းကို အလွန်ကြေပွန်စွာ ရစေရမည်ဟု လာရှိပါလျက် အသင်္ကော-ဇွေဟိ တိဟိ ဇနေဟိ သဒ္ဓိ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ–ဟူ၍ ဥဘတော ဝိဘင်းကို တစ်ပါးချင်းနှင့် ချောမောစွာ မရရှိနိုင်ခဲ့ပါလျှင် သုံးပါးတွဲ၍ ပြန်သော် ချောမောနိုင်လောက်အောင် ရစေရမည်ဟု ကာလသို့လိုက်၍ အဋ္ဌကထာဆရာတို့ လျှော့ပေါ့၍ ပြဋ္ဌာန်းကြသော အချက်များနှင့် အနက်အဓိပ္ပါယ် ထင်မြင်နိုင်လျှင်ပင် သင့်လျော်ပြီဟု ယခုကာလတို့နှင့် တိုင်းတာ၍ ယူကြသော အရာသည် သင့်လျော် သကဲ့သို့ရှိ၏။။

နိဿယမုတ္တကအဂ်ါပြီး၏

===ooo===

ဥပဇ္ဈာယ်နိဿယညီးယူပုံ

၄၃၃။ ဆယ်ဝါရလျှင်း၊ ဝိဘင်းနှစ်ဖြာ၊ နှုတ်တက်စွာ၊ ကမာကမသိ။

၄၃၄။ ဝတ်ခန္ဓက၊ ကြေပွန်လှ၊ မြောက်ထ ဥပဇ္ဈိ။

၄၃၅။ နိဿယညီးဆရာ၊ ဥပဇ္ဈာ၊ အဂ်ါထူးမရှိ။

ရဟန်းဖြစ်သည်မှစ၍ ဆယ်ဝါရပြီးသည်လည်းဖြစ်စေ၊ ဘိက္ခု ဝိဘင်း ဘိက္ခုနီဝိဘင်း–ဟူသော ဥဘတောဝိဘင်းကို နှုတ်တက်ရွရွ ရဖူးသည်လည်းဖြစ်စေ၊ စူဠဝါကမ္မက္ခန္ဓက ပရိဝါကမ္မဝဂ်တို့၌လာသော ကံကြီးကံငယ်တို့၌ ကြေလည်တတ်သိ ရှိသည်လည်းဖြစ်စေ၊ ဥပဇ္ဈာယ်

ဝတ် သဒ္ဓိဝိဟာရိကဝတ်အစရှိသော ခန္ဓကဝတ်တို့၌ တတ်သိလိမ္မာရှိသည်လည်းဖြစ်စေ၊ ဤအင်္ဂါစုနှင့်ပြည့်စုံလျှင် ဥပဇ္ဈာယ်ဆရာမြောက်၏။ ဥပဇ္ဈာယ်ပေးထိုက်၏။ နိဿယညှိုးပေးထိုက်၏။ နိဿယညှိုးဆရာ, ဥပဇ္ဈာယ်ဆရာ အင်္ဂါထူးဟူ၍ မရှိကြ။

၄၃၆။ ဝိနယဓရ၊ ပါမောက္ခ၊ ဂဏဓိပတိ။

ထိုအင်္ဂါစုနှင့် ပြည့်စုံပေလျှင် ဝိနည်းဓိရ်ပုဂ္ဂိုလ်မြောက်၏။ ဝိနည်းအရာ၌ ဒိသာပါမောက္ခကြီး ဖြစ်၏။ ဂိုဏ်းထောက် ဂိုဏ်းအုပ် ဂိုဏ်းချုပ်လုပ်ထိုက်၏။ ။ ဂဏာဓိပတိ, ဂဏာစရိယ, ဂဏပါမောက္ခ လုပ်ထိုက်၏။

၄၃၇။ ရှင်ပြုတတန်၊ ရဟန်းခံနှင့်၊ ကံငယ်ကံကြီး၊ ဝိနည်းအရာ၊ အဖြာဖြာ၊ သူသာ စိုးရဘိ။

ရှင်ပြုခန်း၌ ပြဆိုခဲ့ပြီးသော ဆံရိတ်ခြင်း၊ သင်္ကန်းပေးခြင်း၊ သရဏဂုံပေးခြင်း–ဟူသော ရှင်ပြုမှု, ရဟန်းခံရာ သိမ်အပြင်၌ ဥပဇ္ဈာယ်ဆရာပြုလုပ်မှု, ဥပုသ် ပဝါရဏာအစရှိသော ကံကြီးကံငယ် ဆောင်ရွက်မှု, ဝိနည်းနှင့်စပ်သော အဓိကရဏ်းဆုံးဖြတ်စီရင်မှုတို့၌ ဤသူသည်သာ အစိုးရ၏။

၄၃၈။ ရှင်ရဟန်းမွေး၊ ပြုစုရေး၊ လုပ်ကျွေးခံထိုက်၏။

ဥပဇ္ဈာယ်ပေး၍, နိဿယညှိုးပေး၍ ရှင်သာမဏေ မွေးထိုက်၏။ ရဟန်းပဉ္စင်းမွေးထိုက်၏။ ရဟန်းသာမဏေတို့၏ အခြံအရံမှု ဝတ်ကြီးဝတ်ငယ်ပြုစုမှုကို ခံထိုက်၏။ ဤ၌လည်း ဥဘတောဝိဘင်းကို ရစေရမည်ဟူသော ဒုတိယအင်္ဂါ၌ ဘိက္ခုနီဝိဘင်းကို အရမလိုလှပြီ။ ကြည့်ရှုချပို့မှုပင် ပြီးသင့်ပြီ၊ ဘိက္ခုဝိဘင်းသည်သာ ယခုအခါ လိုရင်းဖြစ်တော့ပြီ။

ဘိက္ခုဝိဘင်းကို တစ်ယောက်အားနှင့် ချောမောစွာ ရအောင် မတတ်နိုင်ခဲ့လျှင် သုံးယောက်စပ် ချောမောလျှင် သင့်လျော်ပြီဟု

ဆိုကြ၏။ ဝိဘင်းနှစ်စောင်ကို ပါဠိအာဂုံမရသော်လည်း အနက်ထင်၍ အဓိပ္ပါယ်သိလျှင် ပြီး၏–ဟု ဋ္ဌီကာကြီးများ နည်းအတိုင်းလည်း ယူကြ၏။ ဥပဇ္ဈယ်အဂါ နိဿယညီးအဂါတို့နှင့်ပင် မပြည့်စုံငြားသော်လည်း နိဿယနှစ်စောင်နှင့် ကြည့်ရှု၍ စာပေကျမ်းဂန် ပို့ချနိုင်လျှင်ပင် ဓမ္မာစရိယအနေနှင့် ရဟန်း သာမဏေများ မွေးရ၏။ ဝတ်ကြီး ဝတ်ငယ် အပြုစုခံရ၏။ သာမဏေတို့ကို ရဟန်းခံမည်ရှိသော အခါ၌မူကား ဥပဇ္ဈာယ်အဂါ နိဿယညီးအဂါတို့နှင့် ပြည့်စုံသော ဆရာ့ထံအပ်နှံ၍ ပြုရာ၏။ ကမ္မဝါစာကို ဌာန်ကရိဏ်း မှန်ကန်စွာနှင့် နေရာကျ ဖတ်တတ်သော ဆရာကို ရှာကြံ၍ ပင့်ဆောင်ရာ၏။ ကုသိုလ်ပါရမီ အစအန ကောင်းသော ရဟန်းလောင်းများ ဖြစ်ခဲ့လျှင် တော်ကာလျော်ကာ ဥပဇ္ဈာယ်, တော်ကာလျော်ကာ ကမ္မဝါစာဆရာနှင့် မပြီးသင့်။ မလွဲသာ၍ ပြီးခဲ့ရလျှင် ဆရာကောင်းများထံမှာ အမြန်အပ်ရမည်။

ဥပဇ္ဈာယ်–နိဿယညီးအမြွက်ပြီး။

===OOO===

ကမ္ဘာကမ္ဘ

ဥပုသ်ပြုပုံ အစီအစဉ်များ

(ဥပေါသထက္ခန္ဓက)

ဥပေါသထကမ္ဘ

= ဝိ၊ ဒုါ၁၃၉-၁၉၁။ ဝိ၊ မြန်၊ ဒုါ၁၄၃ါ၁၉၀။
= ဝိ၊ ဋ္ဌ၊ ဒုါ၃၁၇-၃၄၈။ ဝ၀ိရု။၄၄၇-၄၄၆။ သာရတ္ထ၊ ဒု။၂၆၉-၂၈၁။
= ဝိမတိ၊ ၂။၁၄၀-၁၇၄။

ဥပေါသထက် အဆင့်ဆင့်ဖြစ်ပေါ်လာပုံ

ဘုရားရှင် မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဗိမ္ဗိသာရမင်း၏ လျှောက်ထားချက်အရ-တစ်ပက္ခတွင် ၁၄/၁၅/ ၈-ရက်နေ့များတွင် သံဃာ့အစည်းအဝေး ပြုလုပ်ရန် ခွင့်ပြုတော်မူပါသည်။

သံဃာတော်များသည် စည်းဝေးကြပြီး ဆိတ်ဆိတ်သာ စကား မပြောဘဲ နေကြပါသည်။ (၁၃၈။)

သံဃာတော်များ စည်းဝေးနေရာ၌ရှာနသို့ တရားနာကြရန် လူအများ ရောက်ရှိလာကြပါသည်။ တရားမဟောဘဲ ဆိတ်ဆိတ် စည်းဝေးနေကြသော သံဃာတော်များကို လူအများက ကဲ့ရဲ့ခြင်းကို အကြောင်းပြု၍ သံဃာ့အစည်းအဝေး၌ တရားဟောကြားရန် ဘုရားရှင် ခွင့်ပြုတော်မူပါသည်။ (၁၄၀။)

ထို့နောက်ဘုရားရှင်က သံဃာအစည်းအဝေး၌ အာဏာပါတိမောက်ပြကြရန်နှင့် ဥပုသ်ပြုကြရန် ခွင့်ပြုတော်မူပါသည်။ (၁၄၂)

ဘုရားရှင်ခွင့်ပြုတော်မူခြင်းကြောင့် ရဟန်းတော်များက နေ့တိုင်းပါတိမောက်ပြကြပါသည်။ ထိုအခါဘုရားရှင်က ပါတိမောက်ကို နေ့တိုင်းမပြရ–ဟု သိက္ခာပုဒ်ပညတ်တော်မူပြီး ဥပုသ်နေ့၌သာ ပါတိမောက်ပြရန် ခွင့်ပြုတော်မူပါသည်။ (၁၄၂)

ထိုအခါ ရဟန်းတော်များက တစ်ပက္ခလျှင် အဋ္ဌမီ, စာတုဒ္ဒသီ, ပန္နရသီ နေ့သုံးနေ့လုံး ပါတိမောက်ပြကြပါသည်။ ဘုရားရှင်က ဥပုသ်နေ့သုံးနေ့လုံး ပါတိမောက်မပြရ–ဟု သိက္ခာပုဒ်ပညတ်တော်မူပြီး တစ်ပက္ခလျှင် (စာတုဒ္ဒသီဥပုသ်နေ့ သို့မဟုတ် ပန္နရသီဥပုသ်နေ့ တစ်နေ့နေ့၌) တစ်ကြိမ်သာ ပါတိမောက်ပြရန် ခွင့်ပြုတော်မူပါသည်။ (၁၄၂)

ဆဗ္ဗဂ္ဂိရဟန်းများသည် မိမိတို့ပရိသတ်၌ ပါတိမောက်ပြကြပါသည်၊ ဘုရားရှင်က ကိုယ့်ပရိတ်သတ်၌(ပရိတ်သတ်ခွဲ၍) ပါတိမောက်ပြမှုကို တားမြစ်သည့် သိက္ခာပုဒ်ကို ပညတ်တော်မူပြီး ဥပေါသထကံကို ညီညွတ်ကုန်သောရဟန်းတို့အား ခွင့်ပြုတော်မူ၏–ဟု မိန့်ကြားတော်မူပါသည်။ (၁၄၃)

''မိမိသည် ပရမဝိသုဒ္ဓိပုဂ္ဂိုလ်ဖြစ်သဖြင့် ပါတိမောက်ပြရာသံဃာ့ကံပြုရာနေရာသို့ သွားရောက်ရန် မလိုတော့''ဟု ရာဇဂြိုဟ်မြို့မဒ္ဒကုစ္ဆိ မိဂဒါယ၌ သီတင်းသုံးနေစဉ် ကြံစည်စိတ်ကူးနေသော အရှင်မဟာကပ္ပိနမထေရ်ထံ ဘုရားရှင်ကိုယ်တော်တိုင် အလျင်အမြန်ကြွရောက်တော်မူပြီး ''သင်ကဲ့သို့သော မြင့်မြတ်သောပုဂ္ဂိုလ်က ဥပုသ်ပြုမှု, သံဃာ့ကံဆောင်မှုတို့၌ အလေးအမြတ်မပြုလျှင် အဘယ်သူ အလေးဂရုပြုလိမ့်မည်နည်း၊ ဥပုသ်ပြုရာ သံဃာ့ကံပြုရာအရပ်သို့ သွားပါလော၊ မသွားဘဲမနေလေနှင့်ဟု မိန့်ကြား. စေလွှတ်တော်မူပါသည်။. (၁၄၄)

သမဂ္ဂဥပေါသထကံသည် ကျောင်းတိုက်တစ်ခုတည်းဟု ဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားသတ်မှတ်ပေးတော်မူပါသည်။ ထို့နောက် သိမ်သမုတ်ရန် ခွင့်ပြုတော်မူပါသည်။(၁၄၄) သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါစာကိုလည်း ခွင့်ပြုတော်မူပါသည်။

ဥပုသ်ပြုမည့်နေရာကို မကြေညာဘဲ ပရိဝေဏအစဉ်အားဖြင့် ဥပုသ်ပြုမူကြောင့် အာဂန္တုကရဟန်းတော်များ ဥပုသ်ပြုရန် အခက်ကြုံကြရသဖြင့် ပရိဝေဏအစဉ်အားဖြင့် ဥပုသ်ပြုမှုကို သိက္ခာပုဒ်ဖြင့် တားမြစ်တော်မူပြီး သံဃာတော်များအလိုရှိသော ဝိဟာရ, အဗ္ဘု ယောဂ, ပါသာဒ, ဟမ္မိယ, ဂုဟာတစ်ခုခုကို ဥပေါသထာဂါရ သမုတ်၍ ဥပုသ်ပြုရန် ခွင့်ပြုတော်မူပါသည်။ ဥပေါသထာဂါရသမ္မုတိ ဥတ္တိဒုတိယ ကမ္မဝါစာကိုလည်း ခွင့်ပြုတော်မူပါသည်။ (၁၄၅။)

ကျောင်းတိုက်တစ်ခု၌ 'ဥပေါသထာဂါရ' နှစ်ခုကို သမုတ်ထားကြရာ နှစ်ခုလုံး၌ ဥပုသ်ပြုရန် သံဃာတော်များ စည်းဝေးမှုကြောင့် ဥပေါသထာဂါရနှစ်ခု သမုတ်ထားမှုကို တားမြစ်တော်မူပြီး ဥပေါသထာဂါရတစ်ခုကို နုတ်သိမ်း၍ ဥပေါသထာဂါရတစ်ခုတည်း၌သာ ဥပုသ်ပြုရန် ဥပေါသထာဂါရ သမ္ဘုဟနနကမ္မဝါစာ (ဝိ၊၃။၁၄၆။)ကို မိန့်ကြားတော်မူပါသည်။ (၁၄၆)

ကျောင်းတိုက်တစ်ခု၌ အလွန်ကျဉ်းသော ဥပေါသထာဂါရကို သမုတ်ထားပါသည်။ ဥပုသ်နေ့၌ များစွာသောရဟန်းတော်များ ဥပုသ်ပြုရန် စည်းဝေးရောက်ရှိလာကြပါသည်။ ရဟန်းတော်များသည် ဥပေါသထာဂါရ–ဟု မသမုတ်ထားသောမြေပေါ်၌ ထိုင်နေကြပြီး ပါတိမောက်ကို နာယူကြရပါသည်။ ဥပေါသထာဂါရဟု မသမုတ်ထားသောမြေပေါ်၌ထိုင်နေ၍ ပါတိမောက်နာယူကြသော ရဟန်းတော်များသည် ဥပုသ်ပြုမှုမြောက်/မမြောက် သံသယဖြစ်ကြပါသည်။ ပါတိမောက်ကို ကြားရသောရဟန်းတော်များ ဥပုသ်ပြုကိစ္စပြီးပုံကို မိန့်ကြားတော်မူပြီး

ဥပေါသထာဂါရပမုခကို အလိုရှိသလောက် သမုတ်ခွင့်ပြုတော်မူ၍ 'ဥပေါသထပ္ပမုခ သမ္မုတိကမ္မဝါစာ (ဝိ၊ခု။၁၄၆။)ကို မိန့်ကြားတော်မူပါသည်။ (၁၄၆)

ကျောင်းတိုက်တစ်ခုဌ ရဟန်းငယ်များဥပုသ်ပြုရန် ရောက်ရှိလာကြသော်လည်း မထေရ်ကြီးများ ရောက်မလာကြသဖြင့် ရဟန်းငယ်များ အရပ်တစ်ပါးသို့ ဖဲခွာထွက်သွားမှုကို အကြောင်းပြု၍ 'ဥပုသ်နေ့ဌ မထေရ်ကြီးများ အထူးသဖြင့် ရှေးဦးစွာ စည်းဝေးကြရန် ဘုရားရှင် ခွင့်ပြုတော်မူပါသည်။ (၁၄၇)

ကျောင်းတိုက်များစွာဌ သိမ်များစွာရှိနေပါသည် 'ငါတို့သိမ်ဌ ဥပုသ်ပြုအပ်၏'–ဟု အငြင်းအခုံဖြစ်မှုကြောင့် မထေရ်ကြီးသီတင်းသုံးရာကျောင်းဌ ရဟန်းတော်များအားလုံး စည်းဝေး၍ ဥပုသ်ပြုကြရန် အုပ်စုခွဲ၍ ဥပုသ်မပြုကြရန် ဘုရားရှင် ပညတ်တော်မူပါသည်။ (၁၄၇)

ရဟန်းတော်တို့၏ မေးလျှောက်ထားမှုကြောင့် ဘုရားရှင်က ဥပုသ်နေ့တို့သည် – စာတုဒ္ဒသီဥပုသ်နေ့
– ပန္နရသီဥပုသ်နေ့ ဟု နှစ်မျိုးရှိကြောင်း။

ဥပေါသထကံတို့သည်–

– အမမမ္မန ဝဂ္ဂဥပေါသထကမ္မ = ဘုရားရှင်ပညတ်တော်မူအပ်သော ဝိနည်းဒေသနာတော်နှင့်လည်းမညီ သံဃာမညီမညွတ်ပဲပြုသော ဥပေါသထကံ၊

= အဓမ္မန သမဂ္ဂ သပေါသထကမ္မ = ဘုရားရှင်ပညတ်တော်မူအပ်သော ဝိနည်းဒေသနာတော်နှင့်ကား မညီသော်လည်းညီညွတ်သော သံဃာသည်ပြုအပ်သော ဥပေါသထကံ။

= ဓမ္မန ဝဂ္ဂဥပေါသထကမ္မ = ဘုရားရှင်ပညတ်တော်မူ

အပ်သော ဝိနည်းဒေသနာတော်နှင့် ညီညွတ်သော်လည်း သံဃာ မညီမညွတ်ဘဲပြုအပ်သော ဥပေါသထကံ။ ဟူသောပြုလုပ်လည်း မပြုလုပ်အပ်, ဘုရားရှင်လည်း ခွင့်မပြုအပ်သော ဥပေါသထကံသုံးမျိုး၊

= **ဓမ္မေန သမဂ္ဂဥပေါသထကမ္မ** = ဘုရားရှင်ပညတ်တော်မူအပ်သော ဝိနည်းဒေသနာတော်နှင့် ညီညွတ်စွာ ကံပြုသော သံဃာတော်လည်း ညီညွတ်သော ဥပေါသထကံ-ဟူသော ပြုလုပ်လည်းပြုလုပ်အပ် ဘုရားရှင်လည်း ခွင့်ပြုတော်မူအပ်သော ဥပေါသထကံ တစ်မျိုးအားဖြင့် လေးမျိုးရှိကြောင်း။ ဓမ္မေန သမဂ္ဂ ဥပေါသထကံကိုသာ ကျင့်သုံးကြရမည်ဟု ဟောကြားတော်မူပါသည်။ (၁၅၀-၁။)

=====

ဥပုသ်ကံလေးမျိုး

၁။ (က) ရဟန်းတော်လေးပါး သီတင်းသုံးနေသောကျောင်း၌ တစ်ပါး၏ ဆန္ဒပါရိသုဒ္ဓိကိုယူပြီး ကျန်သုံးပါးက 'ပါရိသုဒ္ဓိဥပုသ် ပြုခြင်း၊

(ခ) ရဟန်းတော်(၃)ပါး နေကြရာကျောင်း၌ တစ်ပါး၏ ဆန္ဒပါရိသုဒ္ဓိကိုယူပြီး ကျန်နှစ်ပါးက ပါတိမောက်ပြခြင်းတို့သည် ဘုရားရှင်ပညတ်တော်မူအပ်သော ဝိနယဥပဒေ သအာတိုင်း မပြုမလုပ်ခြင်း, ခွဲခြား၍ဥပုသ်ကံပြုခြင်းကြောင့် "အဓမ္မေန ဝဂ္ဂ ဥပေါသထကံ" ဖြစ်ပါသည်။ ထိုဥပုသ်ကံကို ဘုရားရှင် ခွင့်ပြုတော်မမူပါ၊ ပြုလုပ်လည်း မပြုမလုပ်အပ်ပါ။

၂။ (က) ရဟန်းလေးပါးတို့ သိမ်အတွင်း၌စည်းဝေးကြပြီး ပါရိသုဒ္ဓိဥပုသ်ပြု၊ခြင်း၊

(ခ) ရဟန်း(၃)ပါး သို့မဟုတ် (၂)ပါးတို့ ပါတိမောက်ပြု၍ ဥပုသ်ပြုခြင်းတို့သည် ဘုရားရှင် ပညတ်တော်မူထားသည့် ဝိနယဥပဒေသအတိုင်းမလုပ်ဘဲ အညီအညွတ်ပြုလုပ်ကြခြင်းကြောင့် ''အဓမ္မေန သမဂ္ဂဥပေါသထကံ'' ဖြစ်ပါသည်။ ထိုဥပုသ်ကံကို ဘုရားရှင်ခွင့်ပြုတော်မမူပါ၊ ပြုလုပ်လည်းမပြုမလုပ်အပ်ပါ။

၃။ (က) ရဟန်းတော်လေးပါးရှိသောကျောင်း၌ တစ်ပါး၏ ပါရိသုဒ္ဓိကိုယူပြီး သုံးပါးသောရဟန်းတို့ ပါတိမောက်ပြုခြင်း၊

(ခ) သုံးပါးရှိသောကျောင်း၌ တစ်ပါး၏ ပါရိသုဒ္ဓိကိုယူပြီး နှစ်ပါးသောရဟန်းတို့ ပါရိသုဒ္ဓိ ဥပုသ်ပြုခြင်းတို့သည် ဘုရားရှင် ပညတ်တော်မူအပ်သော ဝိနယဥပဒေသနှင့်အညီ ပြုလုပ်သော်လည်း အသိုးအခြားခွဲ၍ ဥပုသ်ပြုခြင်းကြောင့် 'ဓမ္မေန ဝဂ္ဂဥပေါသထကံ' ဖြစ်ပါသည်။ ထိုဥပုသ်ကံကို ဘုရားရှင်ခွင့်ပြုတော်မမူပါ၊ ပြုလုပ်လည်းမပြုမလုပ်အပ်ပါ။

၄။ (က) ရဟန်းတော်လေးပါးရှိသောကျောင်း၌ တစ်သိမ်တည်း၌ လေးပါးလုံးစည်းဝေး၍ ပါတိမောက်ပြုခြင်း၊

(ခ) ရဟန်းတော်(၃)ပါးရှိသောကျောင်း၌ သိမ်အတွင်း၌ သုံးပါးလုံး စည်းဝေး၍ ပါရိသုဒ္ဓိဥပုသ်ပြုခြင်း၊

(ဂ) ရဟန်းတော်(၂)ပါးရှိသောကျောင်း၌ အချင်းချင်း ပါရိသုဒ္ဓိဥပုသ်ပြုခြင်းတို့သည် ဘုရားရှင်ပညတ်တော်မူအပ်သော ဝိနယဥပဒေသနှင့်အညီ ပြုလုပ်ခြင်း၊ အညီအညွတ် ဥပုသ်ပြုခြင်းကြောင့် 'ဓမ္မေန သမဂ္ဂဥပေါသထကံ' ဖြစ်ပါသည်။ ထိုဥပေါသထကံကို ဘုရားရှင်လည်း ခွင့်ပြုတော်မူအပ်ပါသည်။ ပြုလုပ်လည်း ပြုလုပ်အပ်သော ဥပေါသထကံဖြစ်ပါသည်။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၃၈။)

ရဟန်းတော်များ၏ သံဓိတ္တပါတိမောက္ခုဒ္ဒေသကြောင့်-

၁။ နိဒါနံ ဥဒ္ဒိသိတ္ထာ အဝသေသံ သုတေန သာဝေတဗ္ဗ ပထမ ပါတိမောက္ခုဒ္ဒေသ၊

၂။ နိဒါနံ, စတ္တာရိပါရာဇိကာနိ ဥဒ္ဒိသိတ္ထာ အဝသေသံ သုတေန သာဝေတဗ္ဗ ဒုတိယ ပါတိမောက္ခုဒ္ဒေသ၊

၃။ နိဒါနံ စတ္တာရိပါရာဇိကာနိ တေရသ သံဃာဒိသေသေ ဥဒ္ဒိသိတ္ထာ အဝသေသံ သုတေန သာဝေတဗ္ဗ တတိယ ပါတိမောက္ခုဒ္ဒေသ၊

၄။ နိဒါနံ စတ္တာရိ ပါရာဇိကာနိ တေရသသံဃာဒိသေသေ အနိယတေ ဥဒ္ဒိသိတ္ထာ အဝသေသံ သုတေန သာဝေတဗ္ဗ စတုတ္ထပါတိမောက္ခုဒ္ဒေသ၊

၅။ ဝိတ္ထာရပဋိမပါတိမောက္ခုဒ္ဒေသ-ဟု ပါတိမောက္ခုဒ္ဒေသ ငါးမျိုးရှိကြောင်း ဘုရားရှင် မိန့်ကြားတော်မူပါသည်။

ရဟန်းတို့က ဘုရားရှင်သည် သံဓိတ္တပါတိမောက္ခုဒ္ဒေသကို ပညတ်တော်မူအပ်ပြီ-ဟု နှလုံးသွင်းကြပြီး အခါခပ်သိမ်း သံဓိတ္တပါတိမောက္ခုဒ္ဒေသကိုချည်း ပြုကြပါသည်။

ဘုရားရှင်က 'နှ သံဓိတ္တ ပါတိမောက္ခုဒ္ဒေသ' သိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။ (၁၅၁)

ကောသလနိုင်ငံ၊ ဇနပုဒ်တစ်ခု ကျောင်းတစ်ကျောင်းဝယ် ဥပုသ် နေ့၌ ရဟန်းတော်များ ဥပုသ်ပြုချိန်ဝယ် သဝရာဘယ=တောအုပ်နေလူတို့ (ကိုအကြောင်းပြု၍) ဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရဟန်းတော်များ ပါတိမောက်ပြုရန် မဖြစ်နိုင်မှုကိုအကြောင်းပြု၍ ဘုရားရှင်က အန္တရာယ်ရှိလျှင် ပါတိမောက်ကို အကျဉ်းချုံးပြုရန် ခွင့်ပြုတော်မူပါသည်။ (၁၅၂)

ဆဗ္ဗဂ္ဂိရဟန်းများသည် အန္တရာယ်မရှိသော်လည်း ပါတိမောက်

ကို အကျဉ်းချုံးပြမှုကြောင့် သိက္ခာပုဒ် ပညတ်တားမြစ်တော်မူပြီး အန္တရာယ်ရှိလျှင် အကျဉ်းချုံး၍ပြုရန်၊ အန္တရာယ်မရှိလျှင် အကျယ်ပြုရန် ဘုရားရှင်ခွင့်ပြုတော်မူပါသည်။ အန္တရာယ်(၁၀)မျိုးကိုလည်း သတ်မှတ်ပေးတော်မူပါသည်။ (၁၅၂)

ဆဗ္ဗဂ္ဂိရဟန်းများသည် သံဃာ့အလယ်၌ မတိုက်တွန်းပဲ ဓမ္မကို ပြောဟောကြပါသည်။ ဘုရားရှင်က ထိုသို့မပြုမလုပ်ရန် သိက္ခာပုဒ် ပညတ်တော်မူပြီး မထေရ်ကြီးသည် ကိုယ်တိုင် ဓမ္မကိုဟောပြောခြင်း၊ အခြားရဟန်းတစ်ပါးပါးကို တိုက်တွန်းမှုပြုရန် ခွင့်ပြုတော်မူပါသည်။ (၁၅၂။)

ဆဗ္ဗဂ္ဂိရဟန်းတို့သည် (ပုစ္ဆက/ဝိဿဇ္ဇက) သမ္မုတိမရကြဘဲ သံဃာ့အလယ်၌ ဝိနယကို မေးမြန်းမှု/ဖြေဆိုမှု ပြုကြခြင်းကို အကြောင်းပြု၍ သိက္ခာပုဒ်များကို ပညတ်တော်မူပြီး သမ္မုတိရသော ရဟန်းသည်သာ ဝိနယမေးမြန်းမှု, ဖြေဆိုမှုကို ခွင့်ပြုတော်မူပါသည်။

ဝိနယပုစ္ဆက/ဝိဿဇ္ဇသမ္မုတိကို ဥတ်ဖြင့် ကိုယ်တိုင်ဖြစ်စေ, အခြားရဟန်းတစ်ပါးပါးကဖြစ်စေ သံဃာကိုအသိပေးပြီး ဆောင်ရွက်ရပါမည်။

သီလကိုချစ်မြတ်နိုးသော သမ္မုတိရသော ရဟန်းတို့သံဃာ အလယ်၌ ဝိနယမေးခြင်း ဖြေခြင်းကို ဆဗ္ဗဂ္ဂိရဟန်းတို့က ရန်ငြိုးဖွဲ့မှု, မနှစ်သက်မကျေနပ်မှု, ခြိမ်းခြောက်မှုကို ပြုလုပ်ခြင်းကြောင့် ဘုရားရှင်က ပရိသတ်(အနေအထား)ကိုကြည့်ရှုချင့်ချိန်ပြီး ဝိနယမေးမှု, ဖြေမှုကို ခွင့်ပြုတော်မူပါသည်။ (၁၅၂-၄။)

===၂===

၈၁ = <u>စောဒနာကထာ</u>

= ရဟန်းတစ်ပါးပါးကို အာပတ်ဖြင့် စောဒနာလိုလျှင် စော

= အသံသေးသော ပါတိမောက်ကျုဒ္ဒေသက အရှင်ဥဒါယီ ထေရ်၏ သံဃာတော်များကြားသိအောင် အားထုတ်မှုနှင့် ဆက်စပ်၍ အာပတ်မသင့်ဟု ဘုရားရှင် မိန့်ကြားတော် မူပါသည်။ (၁၅၅။)

= လူပုဂ္ဂိုလ်များ ပါဝင်သောပရိသတ်၌ ပါတိမောက်ပြသော အရှင်ဒေဝဒတ်အား ဒုက္ကဋ်အာပတ် သင့်စေဟု သိက္ခာ ပုဒ်ပညတ်၍ ဘုရားရှင် တားမြစ်တော်မူပါသည်။ (၁၅၅။)

= တိုက်တွန်းမှုမရှိပဲ သံဃာ့အလယ်၌ ပါတိမောက်ပြသော ဆဗ္ဗဂ္ဂိရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု သိက္ခာပုဒ် ပညတ်၍ ဘုရားရှင် တားမြစ်တော်မူပြီး ပါတိမောက်ပြမှု သည် မထေရ်ကြီးနှင့်သာ သက်ဆိုင်ကြောင်း (မထေရ်ကြီး ကိုယ်တိုင် ပြလိုလျှင်ပြ၊ မပြလိုလျှင် အခြားမထေရ် တစ်ပါး အား တိုက်တွန်းရန်) ဘုရားရှင်ခွင့် ပြုတော်မူပါသည်။ (၁၅၅)

= ရဟန်းတော်တို့၏ လျှောက်ထားချက်အရ မထေရ်ကြီး သည် ပါတိမောက်ပြမှု, ဥပုသ်ပြုမှုနှင့်ဆက်စပ်၍ ဗာလ, အဗျတ္တဖြစ်နေလျှင် ပါတိမောက်ပြမှုသည် ဗျတ္တ,ပဋိဗလ ရဟန်းနှင့်ဆက်စပ်နေသည်၊ (ဗျတ္တ,ပဋိဗလရဟန်း ပါတိ မောက်ပြရန်)ဟု ဘုရားရှင်ခွင့်ပြုတော်မူပါသည်။(၁၅၆။)

= ကျောင်းတိုက်တစ်ခုလုံးရှိ ရဟန်းများသည် ဥပေါသထ, ဥပေါသထကမ္မ, ပါတိမောက္ခ, ပါတိမောက္ခုဒ္ဒေသကို မသိ ကြသော ဗာလ, အဗျတ္တချည်းဖြစ်နေလျှင် မထေရ်ကြီးက ရဟန်းတစ်ပါးကို အနီးအနားကျောင်းတိုက်သို့ ပါတိမောက် အကျဉ်းချုပ်ကိုဖြစ်စေ၊ အကျယ်ကိုဖြစ်စေ၊ နေ့ချင်းပြန် သွား၍ သင်ယူပြီးပြန်လာခဲ့ရန်။ စေလွှတ်ရမည်။ မထေရ်ကြီး တာဝန်ပေး စေလွှတ်သောရဟန်းငယ်သည် ကျန်းမာ ရေးကောင်းပါလျက် မသွားဘဲနေလျှင် ဒုက္ကဋ်အာပတ်

သင့်စေဟု ဘုရားရှင်သိက္ခာပုဒ် ပညတ်တော်မူပါသည်။ (၁၅၆–၇) (၁၆၀–၁။)

= လူတို့ကဲ့ရဲ့မှုကိုအကြောင်းပြု၍ ရဟန်းတော်များအားလုံး ပက္ခ(နေ့၊ရက်၊လ)အရေအတွက်ကို ပြောကြားနိုင်အောင် သင်ယူထားရမည်–ဟု ဘုရားရှင်ခွင့်ပြုတော်မူပါသည်။ (၁၅၇။)

= အတူနေ ရဟန်းသံဃာအရေအတွက်ကိုမေးလျှင် ဖြေကြားနိုင်ရန် ဥပုသ်နေ့၌ ရေတွက်ပုံနှစ်မျိုးတို့တွင်တစ်မျိုးမျိုးဖြင့် ရေတွက်ထားရမည်ဟု ဘုရားရှင်ခွင့်ပြုတော်မူပါသည်။ (၁၅၇–၈။)

= ရဟန်းတို့သည် ဥပုသ်နေ့ကို မသိကြသဖြင့် အဝေးသို့ ဆွမ်းခံကြွခြင်း၊ ပါတိမောက်ပြနေစဉ် ပြန်ရောက်လာခြင်းတို့ကြောင့် ဘုရားရှင်က ယနေ့ဥပုသ်နေ့ဖြစ်ကြောင်း မထေရ်ကြီးက ပြောကြားထားရမည်။ ဆွမ်းဘုဉ်းနေကြစဉ် သို့မဟုတ် သတိရသည့်အခါ ကြိုတင်ပြောကြားထားရမည်ဟု ဘုရားရှင် မိန့်ကြားခွင့်ပြုတော်မူပါသည်။ (၁၅၈။)

= အုဂန္တုကရဟန်းတို့၏ ကဲ့ရဲ့မှုကိုအကြောင်းပြု၍ ဥပုသ်ကျောင်း၌ ပုဗ္ဗကရဏလေးပါးတို့ကို မထေရ်ကြီးစေခိုင်းတာဝန်ပေးသည်ကို မပြုမလုပ်သောရဟန်းငယ်သည် ဒုက္ကဋ်အာပတ်သင့်၏၊ ဘုရားရှင်ကသိက္ခာပုဒ်ပညတ်တော်မူထားပါသည်။ (၁၅၈–၁၆၀။)

= ဗာလ–အဗျတ္တရဟန်းတို့နှင့် ခရီးသွားကြမည့် ဗာလ, အဗျတ္တရဟန်းတို့ကို ဆရာဥပဇ္ဈာယ်တို့က ခရီးထွက်ခွင့်မပေးရ၊ ပေးလျှင် ဒုက္ကဋ်အာပတ်သင့်စေဟု သိက္ခာပုဒ်ပညတ်၍ ဘုရားရှင် တားမြစ်တော်မူထားပါသည်။ (၁၆၀)

= ဥပေါသထ, ဥပေါသထကမ္မ, ပါတိမောက္ခ, ပါတိ-
မောက္ခုဒ္ဒေသကို မသိနားမလည်သော ဗာလ, အဗျတ္တ
ရဟန်းများသာနေသော ကျောင်းတိုက်သို့ ဗဟုသုတ,
အဂတာဂမ, ဓမ္မဓရ, ဝိနယဓရ, မာတိကာဓရ, ပဏ္ဍိတ,
ဗျတ္တ, မေဓာဝီ, လဇ္ဇီ, ကုက္ကုစ္စက, သိက္ခာကာမ ဟူ
သော(အရည်အချင်းပြည့်ဝသော) ရဟန်းတော်တစ်ပါး
ရောက်ရှိလာလျှင် ကျောင်းနေရဟန်းတို့သည် ထိုရဟန်း
ကို ဆပ်ပြာမှုန့်၊ ဆပ်ပြာခဲ၊ ဒန်ပူ၊ မျက်နှာသစ်ရေတို့ဖြင့်
ခြိုးမြှောက်, စည်းရုံး, ပြုစု လုပ်ကျွေးကြရမည်။ မခြိုး မြှောက်,
မစည်းရုံး, မပြုစု မလုပ်ကျွေးလျှင် ဒုက္ကဋ်အာ ပတ်သင့်စေဟု
ဘုရားရှင်သိက္ခာပုဒ်ပညတ်၍ မိန့်ကြား တော်မူထားပါသည်။
(၁၆၀။)

= ဗာလ, အဗျတ္တချည်း နေကြသောကျောင်းတိုက်၌ ရဟန်း
တော်တစ်ပါးကို အနီးအနားကျောင်းတိုက်သို့ အကျဉ်း
အားဖြင့်ဖြစ်စေ, အကျယ်အားဖြင့်ဖြစ်စေ ပါတိမောက်
သင်ယူရန် နှေ့ချင်းပြန်ဖြစ်စေ, (၇)ရက်ဖြစ်စေ စေလွှတ်
သင်ကြားခိုင်းရမည်။ ပါတိမောက်ကိုသင်ယူနိုင် သည့်
ရဟန်းမရှိသည့်ကျောင်းတိုက်၌ ဝါမဆိုရ, ဝါဆို လျှင်
ဒုက္ကဋ်အာပတ်သင့်စေဟု ဘုရားရှင်သိက္ခာပုဒ် ပညတ်၍
မိန့်ကြားတော်မူခဲ့ပါသည်။ (၁၆၁။)

= ဥပုသ်ပြုသည့်နေရာသို့ မသွားနိုင်သော ဂိလာနရဟန်း
သည် ရဟန်းတစ်ပါးထံသို့ ချဉ်းကပ်၍ ဇကသီ လက်က
တော့တင်, ဆောင့်ကြောင့်ထိုင်, လက်အုပ်ချီ၍ "ပါရိသုဒ္ဓိ
ဒမ္မိ၊ ပါရိသုဒ္ဓိ မေ ဟရ, ပါရိသုဒ္ဓိ မေ အာရောစေဟိ"
ဟု ရွတ်ဆို၍ ပါရိသုဒ္ဓိကို ပေးရမည်။

= အကယ်၍ ပါရိသုဒ္ဓိကို မပေးနိုင်လောက်အောင် မကျန်း မမာဖြစ်နေလျှင် ထိုဂိလာနရဟန်းကို ညောင်စောင်းဖြင့် သံဃာ့အလယ်သို့ဆောင်ယူ၍ ဥပုသ်ပြုရမည်၊ ထိုကဲ့သို့ ဆောင်ယူ၍ ဥပုသ်ပြုရန် မဖြစ်နိုင်လျှင် သံဃာတော်သည် ထိုဂိလာနရဟန်းရှိရာသို့ သွားရောက်၍ ဥပုသ်ပြုရမည်။ ကွဲပြားသော သံဃာဖြင့် ဥပုသ်ပြု လျှင် ဒုက္ကဋ် အာပတ် သင့်စေ–ဟု ဘုရားရှင်က သိက္ခာပုဒ် ပညတ်တော်မူထားပါ သည်။ (၁၆၁–၂။)

= ပါရိသုဒ္ဓိဆောင်ယူသည့်ရဟန်းအား ပါရိသုဒ္ဓိပေးပြီး ထို ရဟန်း ခရီးထွက်သွားလျှင် အခြားရဟန်းတစ်ပါးအား ပါရိသုဒ္ဓိပေးရမည်။ ပါရိသုဒ္ဓိဆောင်ယူသည့်ရဟန်း သံဃာ့ အလယ်သို့ရောက်လျှင် ပါရိသုဒ္ဓိ ဆောင်ခြင်းကိစ္စ ပြီး၏။ အကြောင်းတစ်မျိုးမျိုးကြောင့် ပါရိသုဒ္ဓိကို မကြားမိလျှင် အနာပတ္တိ၊ မကြားလိုသော စေတနာကြောင့် မကြားလျှင် ဒုက္ကဋ်အာပတ်သင့်၏။ (၁၆၂။)

= ပါရိသုဒ္ဓိပေး/ဆောင်သည့်နည်းအတိုင်း ဆန္ဒ–ကိုလည်း ပေးခြင်း၊ ဆောင်ခြင်း/ကြားခြင်းကိစ္စတို့ကို ပြုလုပ်ရ မည်။ (၁၆၃–၄။)

===၃===

ဘုရားရှင်သည် ဥပေါသထကမ္မကို ခွင့်ပြုတော်မူရာ၌–

၁။ နှ ဒေဝသိက ပါတိမောက္ခုဒ္ဒေသ သိက္ခာပုဒ်၊

၂။ နှ တိက္ခတ္တုံ ပါတိမောက္ခုဒ္ဒေသ သိက္ခာပုဒ်၊

၃။ နှ ယထာပရိသာယ ပါတိမောက္ခုဒ္ဒေသ သိက္ခာပုဒ်၊

၄။ အတိမဟတီသီမာသမ္ဘေတိ သိက္ခာပုဒ်၊

၅။ နဒီပါရသီမာသမ္မုတိ သိက္ခာပုဒ်၊
၆။ နာ အနုပရိဝေဏာ အသင်္ကေတာ ပါတိမောက္ခုဒ္ဒေသ သိက္ခာပုဒ်၊
၇။ နာ ဇကသ္မိံ အာဝါသေ ဒွေဥပေါသထာဂါရသမ္မုတိ သိက္ခာပုဒ်၊
၈။ ဝဂ္ဂေန သံဃုပေါသထကရဏာ သိက္ခာပုဒ်၊
၉။ သီမာယ သီမံ သမ္ဘိန္ဒန သိက္ခာပုဒ်၊
၁၀။ သီမာယ သီမံ အဇ္ဈောတ္ထရဏာ သိက္ခာပုဒ်–တို့ဖြင့် ဒုက္ကဋ်အာပတ်ကို ပညတ်တော်မူခဲ့ပါသည်။

၁။ နာ သံခိတ္တပါတိမောက္ခုဒ္ဒေသ သိက္ခာပုဒ် (၁၅၁)
၂။ အနဇ္ဈိဋ္ဌဝမ္မဘာသန သိက္ခာပုဒ် (၁၅၂)
၃။ အသမ္မတဝိနယပုစ္ဆက သိက္ခာပုဒ် (၁၅၂)
၄။ အသမ္မတဝိနယဝိဿဇ္ဇက သိက္ခာပုဒ် (၁၅၃)
၅။ အနောကာသအာပတ္တိ စောဒနာ သိက္ခာပုဒ် (၁၅၄)
၆။ ပဋိကစ္စ(အနာပတ္တိက) သြကာသကရဏာ သိက္ခာပုဒ် (၁၅၄)
၇။ အဝမ္မ ကမ္မကရဏာ သိက္ခာပုဒ် (၁၅၄)
၈။ ပါတိမောက္ခ နသာဝေတဗ္ဗ သိက္ခာပုဒ် (၁၅၅)
၉။ သဂဟဋ္ဌ ပါတိမောက္ခုဒ္ဒေသက သိက္ခာပုဒ် (၁၅၅)
၁၀။ အနဇ္ဈိဋ္ဌ ပါတိမောက္ခုဒ္ဒေသက သိက္ခာပုဒ် (၁၅၅)
၁၁။ ထေရေန အာဏာတ္တာ အဂမန သိက္ခာပုဒ် (၁၅၆)
၁၂။ ထေရေန အာဏာတ္တာ နသမ္မဇ္ဇန သိက္ခာပုဒ် (၁၅၈)
၁၃။ ထေရေန အာဏာတ္တာ နပညာပန သိက္ခာပုဒ် (၁၅၉)
၁၄။ ဖယရေန အာဏာတ္တာ နပဒီပန သိက္ခာပုဒ် (၁၅၉)
၁၅။ ထေရေန အာဏာတ္တာ နာ ဥပဋ္ဌာပန သိက္ခာပုဒ် (၁၆၀)
၁၆။ အာစရိယုပဇ္ဈာယ နာ အနုဇာနိတဗ္ဗ သိက္ခာပုဒ် (၁၆၀)
၁၇။ ပါရိသုဒ္ဓိနာရောစန သိက္ခာပုဒ် (၁၆၂)
၁၈။ ဆန္ဒ အနာရောစန သိက္ခာပုဒ် (၁၆၄)
၁၉။ ဝဂ္ဂေန သံဃုပေါသထအကာတဗ္ဗ သိက္ခာပုဒ် (၅) (၁၆၄-၅)

၂၀။ နှ အဓိဋ္ဌာနုပေါသထ သိက္ခာပုဒ် (၁၆၈)
၂၁။ နှ သံဃုပေါသထကရဏ သိက္ခာပုဒ် (၁၆၈)
၂၂။ တိဏ္ဏံ နှ ပါရိသုဒ္ဓုပေါသထ သိက္ခာပုဒ် (၁၆၈)
၂၃။ ဒွိန္နံ နှ ပါရိသုဒ္ဓုပေါသထ သိက္ခာပုဒ် (၁၆၉)
၂၄။ သဘာဂါပတ္တိ အဒေသေတဗ္ဗ သိက္ခာပုဒ် (၁၆၉)
၂၅။ သဘာဂါပတ္တိ အပ္ပဋိဂ္ဂဟေတဗ္ဗ သိက္ခာပုဒ် (၁၆၉)
၂၆။ ဝဂ္ဂါဝဂ္ဂသညီ ပန္နရသကဒ္ဒုက္ကဋ္ဌ (၁၅) (၁၇၆–၇)
၂၇။ ဧဝမတိကပန္နရသကဒ္ဒုက္ကဋ္ဌ (၁၅) (၁၇၇–၈)
၂၈။ ကုက္ကုစ္စပကတပန္နရသကဒ္ဒုက္ကဋ္ဌ (၁၅) (၁၇၈–၉)
၂၉။ ဘေဒပုရေက္ခာရပန္နရသက ထုလ္လစ္စယ(၁၅)(၁၈၀–၃)
၃၀။ လိင်္ဂါဒိဒဿန အဝိစိနန ဥပေါသထကရဏ သိက္ခာပုဒ်(၄) (၁၈၅)
၃၁။ လိင်္ဂါဒိဒဿန ပါဠေက္က ဥပေါသထကရဏ သိက္ခာပုဒ်(၄) (၁၈၅)
၃၂။ နာနာသံဝါသက အနာဝိဝိတရိတ္ထာ ဇကတောဥပေါသထ
ကရဏ (၂) (၁၈၇)
၃၃။ နာနာသံဝါသက အဝိဝိတရိတ္ထာ ပါဠေက္က ဥပေါသထ
ကရဏ (၂) (၁၈၇)
၃၄။ ဝဇ္ဇနီယပုဂ္ဂလသန္ဒဿန သိက္ခာပုဒ် (၂၀) (၁၈၉–၁၉၀)

ဘုရားရှင်သည် ဥပေါသထက္ခန္ဓကဋ္ဌ သိက္ခာပုဒ်တော်ပေါင်း အနည်းဆုံး (၁၃၁)ပုဒ် ပညတ်တော်မူခဲ့ပါသည်။

၁။ ပက္ခသ တယော သန္နိပါတာနုဇာနန၊
၂။ သန္နိပတနကာလေ ဓမ္မဘာသနာနုဇာနန၊
၃။ ပါတိမောက္ခုဒ္ဒေသ ဥပေါသထကမ္မာနုဇာနန၊
၄။ ဥပေါသထေ ပါတိမောက္ခုဒ္ဒေသာနုဇာနန၊
၅။ သကိ ပက္ခသ ပါတိမောက္ခုဒ္ဒေသာနုဇာနန၊
၆။ သမဂ္ဂါနံ ဥပေါသထကမ္မာနုဇာနန၊

၎။ သီမာသမ္မုတိအနုဇာနန၊
၈။ တိယောဇနပရမသီမာသမ္မုတိအနုဇာနန၊
၉။ နဒီပါရသီမာယံ ဝုဝနာဝါ, ဝုဝသေတုအနုဇာနန၊
၁၀။ ဥပေါသထာဂါရသမ္မုတိအနုဇာနန၊
၁၁။ ဇကဥပေါသထာဂါရသမူဟနနာနုဇာနန၊
၁၂။ မဟန္တဥပေါသထပွဟုခ သမ္မုတိအနုဇာနန၊
၁၃။ တဒဟုပေါသထေ ထေရေဟိ ပဌမတရံ
သန္နိပတနာ နုဇာနန၊
၁၄။ မဟာထေရဝိဟာရေ ဥပေါသထကရဏာနုဇာနန၊
၁၅။ တိစီဝရေန အဝိပ္ပဝါသသီမာသမ္မုတိ အနုဇာနန၊
၁၆။ သီမာသမူဟနနာနုဇာနန၊
၁၇။ သီမန္တရိကဌပနာနုဇာနန–တို့ကို ခွင့်ပြုတော်မူခဲ့ပါသည်။

၁။ သမာနသံဝါသကသီမာသမ္မုတိကမ္မဝါစာ (ဝိ၊ ၃။၁၄၄)
၂။ ဥပေါသထာဂါရသမ္မုတိကမ္မဝါစာ (ဝိ၊ ၃။၁၄၅)
၃။ ဥပေါသထာဂါရသမူဟနနကမ္မဝါစာ ဝိ၊ ၃။၁၄၆)
၄။ ဥပေါသထပွဟုခသမ္မုတိကမ္မဝါစာ (ဝိ၊ ၃။၁၄၆–၇)
၅။ အဝိပ္ပဝါသသီမာသမ္မုတိကမ္မဝါစာ (ဝိ၊ ၃။၁၄၈–၉)
၆။ အဝိပ္ပဝါသသီမာသမူဟနနကမ္မဝါစာ (ဝိ၊ ၃။၁၄၉)
၇။ သမာနသံဝါသသီမာသမူဟနနကမ္မဝါစာ (ဝိ၊ ၃။၁၄၉)
တို့ကို ခွင့်ပြု မိန့်ကြားတော်မူခဲ့ပါသည်။

===၁===

၄-ပါး/၄-ပါးထက်အလွန်ရှိသော ရဟန်းတော်များ ဥပုသ်ပြုရာ၌ ဖြစ်ပေါ်လာသည့်အခြေအနေကိုလိုက်၍ ဆက်လက်ဆောင်ရွက်ပြုလုပ်ရမည့် လုပ်ထုံးလုပ်နည်းများ

စဉ်	ဖြစ်ပေါ်လာသည့် အခြေအနေများ	ရောက်ရှိလာသည့် သံဃာ	ဆက်လက်ပြုလုပ် ရမည့်အစီအစဉ်
က	ပါတိမောက် ပြနေစဉ် (၁၊၂၊၃)	ထိုထက်အရေအတွက် များသောရဟန်းများ	ပါတိမောက်ကို အစမှပြန်၍ပြရမည်
		ထိုနှင့်အရေအတွက် တူသောရဟန်းများ	ပြပြီးသား ပါတိမောက် ပြပြီးတိုင်းရှိစေ အကြွင်းကိုဆက်လက် နာယူရမည်
		ထိုအောက်အရေအတွက် နည်းသောရဟန်းများ	〃
ခ	ပါတိမောက်ပြ ပြီးချိန်(၄၊၅၊၆)	ထိုထက်အရေအတွက် များသောရဟန်းများ	ပါတိမောက်ကိုအစမှ ပြန်၍ပြရမည်
ဂ	ပရိသတ်မထသေးမီ (၇၊ ၈၊ ၉)	ထိုနှင့်အရေအတွက် တူသောရဟန်းများ	ဥပုသ်ပြုပြီးသော ရဟန်း တို့အထံ၌ ပါရိသုဒ္ဓိ ဥပုသ်ပြုရမည်
ဃ	ပရိသတ်အချို့ ပြန် ပြီးချိန်(၁၀၊၁၁၊၁၂)		
င	ပရိသတ်အားလုံး ပြန်ပြီးချိန် (၁၃၊၁၄၊၁၅)	ထိုအောက်အရေအတွက် နည်းသောရဟန်းများ	〃

အာဝါသိကနှင့် အာဂန္တုကတို့ နေ့ရက်မတူကြရာဝယ် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း

	ရဟန်းတော်များ	ခြားနားရက်	အင်အား	ဆောင်ရွက်ရန်
က	အာဝါသိက အာဂန္တုက	စာတုဒ္ဒသီ ပန္နရသီ	များ/တူ များ	အာဂန္တုကက အာဝါသိကသို့ လိုက်၍ စာတုဒ္ဒသီပြု အာဝါသိကက အာဂန္တုက သို့လိုက်၍ ပန္နရသီပြု
ခ	အာဝါသိက အာဂန္တုက	ပန္နရသီ စာတုဒ္ဒသီ	များ/တူ များ	အာဂန္တုက အာဝါသိကသို့ လိုက်၍ ပန္နရသီပြု အာဝါသိက အာဂန္တုကသို့ လိုက်၍ စာတုဒ္ဒသီပြု
ဂ	အာဝါသိက အာဂန္တုက	ပါဠိုပဒ ပန္နရသီ	များ/တူ များ	အာဝါသိကများ အာဂန္တုက တို့အား သာမဂ္ဂိမပေးလို လျှင် သာမဂ္ဂိမပေးရ၊ အာဂန္တုကများ နိဿီမဉ္ဇ ဥပုသ်ပြု အာဝါသိကများ အာဂန္တုက တို့အား သာမဂ္ဂိပေးလိုလျှင် သာမဂ္ဂိပေး၊ သို့မဟုတ် နိဿီမသို့ ထွက်ပေး
ဃ	အာဝါသိက အာဂန္တုက	ပန္နရသီ ပါဠိုပဒ	များ/တူ များ	အာဂန္တုကတို့က အာဝါသိကတို့အား သာမဂ္ဂိပေးလိုသော် သာမဂ္ဂိပေး၊ (သို့) နိဿီမသို့ထွက်ပေး၊ အာဂန္တုကများက အာဝါသိကတို့အား သာမဂ္ဂိမပေးလိုလျှင် နိဿီမသို့ထွက် ဥပုသ်ပြု

ဝိနယသံခိပ်ကျမ်းမှ
ဥပုသ်ပြုခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ

==========

၃၁။ ပုဗ္ဗကရဏ-ပုဗ္ဗကိစ္စ

၄၆၉။ တံမြက်,နေရာ၊ရေနှစ်ဖြာ၊ ညဉ့်မှာ ဆီမီးလေး။
၄၇၀။ ပုဗ္ဗကရဏာ၊ အမည်ရ၊ မဆွ ပြုအပ်သေး။

ဥပုသ်နေ့,ပဝါရဏာနေ့တို့မှာ ညဉ့်အခါ၌ ဥပုသ်ပြုကြရန် ပဝါရဏာပြုကြရန် နေမဝင်မီကပင် သိမ်အပြင်၌ တံမြက်လှည်းခြင်း, နေရာခင်းခြင်း, ခြေဆေးရေ သောက်ရေတည်ခြင်း, နေဝင်သောအခါ၌ ဆီမီးထွန်းခြင်း၊ ဤကား သိမ်အတွင်းသို့ သံဃာမရောက်မီ ရှေးဦးမဆွ က ပြုနှင့်ရသော ပုဗ္ဗကရဏာလေးပါးတည်း။

ပုဗ္ဗကရဏာလေးပါးပြီး၏။

=======

၄၇၁။ ဆန္ဒ,ပါရိ၊ သုဒ္ဓိ,ဥတု၊ ဘိက္ခုဂဏန၊ သြဝါဒ၊
ပုဗ္ဗကိစ္စရေး
၄၇၂။ ဥပုသ်,ပဝါရဏာ၊ရှေးဦးသာ၊ဆိုက်ရာ ပြုအပ်သေး။

နေဝင်၍ သိမ်အပြင်၌ သံဃာစုံညီစွာ စည်းဝေးမိသောအခါ၌ ဥပုသ်,ပဝါရဏာမပြုမီ ဤပုဗ္ဗကိစ္စငါးပါးကို ထိုက်သည်အားလျော်စွာ ပြုရသည်။ ။ ယခုအခါ၌ ဘိက္ခုနီမရှိ။ ထို့ကြောင့် သံဃာ့ဥပုသ်၌ပင် ဘိက္ခုနီသြဝါဒကို ကြားဘွယ်မရှိ။ ။ ဂဏ,ပုဂ္ဂလဥပုသ် ပဝါရဏာတို့၌ ဆန္ဒပါရိသုဒ္ဓိနှစ်ပါး ကြားဘွယ်မရှိ။ ရဟန်းတစ်ပါး နှစ်ပါး သုံးပါး နေသော တိုက်တာအတွင်း၌ သံဃာရေတွက်မှု ဘိက္ခုဂဏနကိုပြု ဘွယ်မရှိ။ ဥတု, မာသ, ပက္ခ, နေ့,ရက်များကို သိမ်အပြင် သံဃာ

အစည်းအဝေး၌ ကြားရမည်ဟု ပါဠိတော်မလာ၊ အဋ္ဌကထာ၌လာ၏။ ။ ပါဠိတော်၌ကား တိုက်တာရှိ ရဟန်းအလုံးစုံသည် ပက္ခဂဏနကို သိအောင်ပြုကြရမည်ဟု–လာ၏။ **ပက္ခဂဏနဆိုသည်ကား**–ထိုလဆန်းပက္ခ, လဆုတ်ပက္ခတို့၌ ရောက်ဆဲသောနေ့ရက်ကို ဆိုသည်။ လူတို့က ယနေ့လဆန်း ဘယ်နှစ်ရက်ပါလဲဟုမေးလျှင် ဘယ်အခါမဆို ပြောတတ်စေရမည် ဟူလိုသည်။ ။ သို့သော်လည်း အဋ္ဌကထာ၌ လာလျက်ရှိသောကြောင့် အဋ္ဌကထာကို အလေးပြုသောအားဖြင့် အလုံးစုံကိုပင် ပြုခွင့်ရှိလျှင်ရှိလျောက် မရှိလျှင် မရှိလျောက် မေးဖြေဘော်ကြားမှုကို ပြုရာ၏။ ။ ပါဠိတော်၌ ဥပုသ်နေ့ပြောကြားမှုလာသေး၏။ ဥပုသ်နေ့ပြောကြားမှုဆိုသည်ကား–လကွယ်, လပြည့်, ဥပုသ်နေ့တိုင် ရောက်လျှင် ဥပုသ်နေ့မှန်းမသိမရှိကြ စေရန် နေ့အဘို့ကပင် တိုက်တာရှိ ရဟန်းသံဃာတို့အား မထေရ်ကြီးက ကြောင့်ကြစိုက်၍ ပြောကြားမှုတည်း။

၄၇၃။ ဆန္ဒ, ပါရိ၊ သုဒ္ဓိနှစ်ပါး၊ ပေးဆောင်ကြား၊ ကံအား လျော်ကန်စွာ။

ဆန္ဒပေးခြင်း, ဆန္ဒဆောင်ခြင်း, ဆန္ဒကြားခြင်း၊ ပါရိသုဒ္ဓိပေးခြင်း ပါရိသုဒ္ဓိဆောင်ခြင်း, ပါရိသုဒ္ဓိကြားခြင်း သုံးပါးစီရှိ၏။ ။ ပါရိသုဒ္ဓိဖြင့် ပဝါရဏာပေးခြင်း, ပဝါရဏာဆောင်ခြင်း, ပဝါရဏာကြားခြင်းကို လည်းယူ။ ။ ကျောင်းတိုက်တစ်ခုလုံးကို တစ်သိမ်တည်းသမုတ်၍ ထားသော မဟာသိမ်ကျောင်းတိုက်၌ ပြုကြရသော ပုဗ္ဗကိစ္စမျိုးတည်း။ ဆန္ဒပေးမှု, ဆန္ဒဆောင်မှု, ဆန္ဒကြားမှုသည်ကား ယခုအခါမှာ သိမ်သမုတ်ရာ၌ ပြုလုပ်ကြ၏။ ။ **ကံအားလျော်စွာ**ဆိုသည်ကား– ပါရိသုဒ္ဓိဆောင်မှုသည် သံဃာ့ဥပုသ်နှင့်သာဆိုင်၏။ ပဝါရဏာဆောင်မှုသည် သံဃာ့ပဝါရဏာနှင့်သာဆိုင်၏။ ဆန္ဒဆောင်မှုကား သံဃာ့ကံအမျာနှင့်ဆိုင်၏။

၄၇၄။ သိမ်အပြင်၌၊ သဃ်ာရှိက၊ ထိုကိစ္စ၊ ပြုကြ စဉ်အလာ။

မဟာသိမ်ကျောင်းတိုက်၌ ဥပုသ်အိမ်တွင် ဥပုသ်ပဝါရဏာကိစ္စနှင့် သံဃာလေးပါး စည်းဝေးမိသောအခါ၌ ဆန္ဒဆောင်ခြင်း, ပါရိသုဒ္ဓိဆောင်ခြင်း, ပဝါရဏာဆောင်ခြင်း–ဟူသော ထိုပုဗ္ဗကိစ္စ သုံးပါးကို ပြုကြမြဲ အစဉ်အလာဖြစ်သည်။ ဥပုသ်ကံမှာ သံဃာလေးပါး၊ ပဝါရဏာကံမှာ ငါးပါးခွဲ၍ယူ။

၄၇၅။　သံဃဟတ္ထပါသ်၊ မဝင်လတ်၊ ပေးအပ် ထိုသုံးဖြာ။

သံဃာစည်းဝေးရာဌာနနှင့် တသိမ်တည်းဖြစ်ကြသော တိုက်တာအတွင်းမှာနေလျက် သံဃာ၏ နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်းသို့ မဝင်သောသူသည် ဆန္ဒ ပါရိသုဒ္ဓိ ပဝါရဏာ ထိုက်ရာပေး၍သာ နေအပ်၏။

၄၇၆။　ဥပုသ်မိမိ၊ မပြီးရှိ၊ ပါရိသုဒ္ဓိပေး။

ပဝါရဏာကံ ပြုဆဲအခါ၌ သံဃာ့ဟတ္ထပါသ်သို့ မကပ်လို သောရဟန်းသည် မိမိမှာ <u>ဥပုသ်မပြုရသေးသူဖြစ်ခဲ့သော်</u> ပဝါရဏာကို ပေးရမည်။

၄၇၇။　ပဝါရဏာ၊ လိုလေပါ၊ ပဝါရဏာပေး။

ဥပုသ်ကံပြုဆဲအခါ၌ သံဃာ့ဟတ္ထပါသ်သို့ မဝင်ဘဲနေသော ရဟန်းသည် မိမိမှာ <u>ပဝါရဏာ မပြုရသေးသူ ဖြစ်ခဲ့သော်</u> ပါရိသုဒ္ဓိကို ပေးရမည်။

၄၇၈။　ဥပုသ်ပဝါရဏံ၊ ပြုပြီးမှန်၊ ဆန္ဒကိုသာပေး။

ထိုရဟန်းသည် ဥပုသ်ပြုပြီး ပဝါရဏာပြုပြီးဖြစ်ခဲ့သော် ဆန္ဒကို သာပေး။

၄၇၉။ **ဆန္ဒပေးမှာ၊ သူဘို့သာ၊ ကြွင်းမှာ နှစ်ပါးရေး။**

ဆန္ဒပေးမှုမှာ ကိုယ်ဘို့မဟုတ် သူဘို့သာဖြစ်သည်။ ဆန္ဒမ ပေးဘဲ ထိုသိမ်ထဲမှာနေခဲ့သော် သံဃာတို့ ဆောင်ရွက်သောကံသည် ဝဂ္ဂကံဖြစ်၍ ပျက်၏။ ထို့ကြောင့် သူဘို့ဆိုသည်။ ပါရိသုဒ္ဓိပေး ပဝါ ရဏာပေးနှစ်ပါးမှာ သံဃဥပုသ်ကံ ပဝါရဏာကံလည်း ချောမောလေ ၏။ မိမိမှာ ဥပုသ်ပြုမှု ပဝါရဏာပြုမှုလည်း ပြီးစီး၏။ ထို့ကြောင့် ကြွင်းမှာ နှစ်ပါးရေးဟု ဆိုပေသည်။

၄၈၀။ **ဆန္ဒ,ပါရိ၊ ဆန္ဒ,ပဝါရဏာ၊ အစုံမှာ၊ နှစ်ဖြာစိတ်ချရေး။**

သံဃဥပုသ်ကံမှာ ဆန္ဒနှင့်ပါရိသုဒ္ဓိအစုံပေးခြင်း သံဃပဝါ ရဏာကံမှာ ဆန္ဒနှင့်ပဝါရဏာ အစုံပေးခြင်းသည် မိမိအကျိုး သံဃာ့ အကျိုးနှစ်ပါးအတွက်ပင် စိတ်ချရတော့သည်။ သိမ်အပြင်၌သံဃာ လေးပါး ငါးပါး နှစ်တောင့်ထွာဟတ္ထပါသ် စပ်မိအောင် စည်းဝေး၍ ရှိနေသောအခါ၌ သံဃာ့ဘောင်သို့ မဝင်လိုသောရဟန်းသည် သံဃာ့ ဟတ္ထပါသ်မှ အပ၌ တည်နေသော တစ်ပါးပါးသော ရဟန်းထံသို့ သွား၍ ဆန္ဒပါရိသုဒ္ဓိ အစုံပေးရမည်။

ပေးပုံကား- ရှေးဦးစွာ ဒေသနာကြားရာ၏၊ ကြားပြီးမှ။ ။ ''ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ''ဟု သုံးကြိမ် ဆို။ ။ တစ်ဦးသောရဟန်းက ''အာမ ဘန္တေ''-ဟုဆို။ ။ ဆန္ဒပေးပြီး၏။

''ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေ ဟိ''-ဟု သုံးကြိမ်ဆို။ ။တစ်ပါးသောရဟန်းက ''အာမ ဘန္တေ''-ဟုဆို။ ။ ပါရိသုဒ္ဓိပေးပြီး၏။

========

၄၈၁။ ဆောင်သူမှာလည်း၊ သံဃာ ဟတ္ထပါသ်၊ ချောစွာကပ်၊ ကြားအပ် မနှောင့်နှေး။

လက်ခံသောရဟန်းက ထိုနေရာမှ အခြားတစ်ပါးသို့ မသွားမူ၍ သိမ်အပြင် သံဃာ့ဘောင် နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်းသို့သာ သွားရမည်။ ။ ဟတ္ထပါသ်တွင်းဌိတ်နေ၍ သံဃာတော်တို့အား ထိုဆန္ဒပါရိသုဒ္ဓိတို့ကို လျှောက်ကြားရမည်။ လျှောက်ကြားပုံကား။ ဆန္ဒပေးသော ရဟန်း၏ဘွဲ့ကို ထုတ်ဘော်၍။ ။ ''တိဿ နာမေန ဘန္တေ ဘိက္ခုနာ ဆန္ဒော ဒိန္နော''။ ။ သုံးကြိမ်ဆို။ ။ ''တိဿ နာမေန ဘန္တေ ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ''။ ။ သုံးကြိမ်ဆို။ သံဃာတော်တို့က ''သာဓု သာဓု'' ဆိုကြလိမ့်မည်။ ဆန္ဒကြား ပါရိသုဒ္ဓိကြား ပြီး၏။ ။ ဆန္ဒပဝါရဏာလည်းထိုနည်းတူ။ ။''ပဝါရဏံ ဒမ္မိ၊ ပဝါရဏံ မေ ဟရ၊ ပဝါရဏံ မေ အာရောစေဟိ၊ မမတ္ထာယ ပဝါရေဟိ''။ ။သုံးကြိမ်ဆို။ ။ ဤ၌ မမတ္ထာယ ပဝါရေဟိ ပိုင်၏။ ငါ၏အကျိုးငှာ ပဝါရဏာ ပြုပါလေဆိုလိုသည်။

ဆောင်သောရဟန်းသည် သံဃာ့ဘောင်သို့ရောက်၍ ဆန္ဒပဝါရဏာနှစ်ပါးကို သံဃာအား ကြားပြီးသောအခါ၌ ပေးလိုက်သောရဟန်းအတွက် ပဝါရဏာပြုရသည်။ ။ ''တိဿော ဘန္တေ ဘိက္ခု သံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒတု တံ သံဃော အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿတိ'' သုံးကြိမ်ပြုလေ။ ။ ဆောင်သောရဟန်းသည် သံဃာ့ဟတ္ထပါသ်သို့ရောက်လျှင် ဆန္ဒ ပါရိသုဒ္ဓိလည်း ရောက်တော့သည်။ ကြားမှုမှာ မကြားဘဲနေခဲ့လျှင် ဆောင်သောရဟန်းမှာ ဒုက္ကဋ်မှလွတ်အောင် ကြားရသည်။ ဆန္ဒ ပါရိသုဒ္ဓိ ကြားပြီးနောက် ဥပသမ်ကံ၌ လေးပါးသောရဟန်း ပဝါရဏာကံ၌ ငါးပါးသောရဟန်းတို့သည် ထိုကံပြီးသည့်တိုင်အောင် ဟတ္ထပါသ်ကို စွန့်၍ မထမသွားရာ။ ဟတ္ထပါသ်ကို စွန့်၍ ထသွားခဲ့သော် ထိုဆန္ဒ ပါရိသုဒ္ဓိသည် ပျက်ပြန်၏။ အသစ်တဘန် ယူရပြန်၏။

၄၈၂။ ဥတု, မာသ၊ ပက္ခ, တိထိ၊ အစဉ်ချီ၊ ပြီပြီ လျှောက်ကြားရေး။

၄၈၃။ ရဟန်းတွက်ရေ၊ ကြားမြဲပေ၊ လျှောက်လေ သြဝါရေး။
(ဤသံပေါက်နှစ်ခုသိသာပြီ)။

ပုဗ္ဗကိစ္စငါးပါး ပြီး၏။

=====

၃၂။ ပတ္တကလ္လအဂ်ီလေးပါး

၄၈၄။ ပတ္တကလ္လံ၊ အင်္ဂလေးတန်၊ သိရန် ကြားကြသေး။
၄၈၅။ ဥပုသ်နေ့ကြိုက်၊ သိမ်ပြင်၌၊ ကံထိုက် သံဃာညီ။
၄၈၆။ သဘာဂါပတ်၊ မရှိလတ်၊ ကင်းလွတ် ဝဇ္ဇနီ။
၄၈၇။ ပတ္တကလ္လာ၊ အင်္ဂလေးဖြာ၊ ညီခါ ကံပြုပြီ။

ဥပုသ်ကံ၌ ဥပုသ်နေ့ ကြိုက်ကြုံခြင်းတပါး, တခုသောသိမ်အပြင်၌ ကံထိုက်သောသံဃာတို့ ဟတ္ထပါသ်စပ်မိအောင် အညီအညွတ်စည်းဝေးမိခြင်းတပါး, အမှုဝတ္ထု သဘောတူ သင့်သောဝတ္ထု သဘောတူအာပတ်မှ ကင်းရှင်းကြခြင်းတပါး, လူသာမဏေစသော ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တယောက်တို့၏ သံဃဟတ္ထပါသ်တွင်း၌ မရှိကြခြင်းတပါး။ ပတ္တကလ္လအဂ်ီလေးပါး။ ဤအဂ်ီလေးပါးညီလျှင် ဥပုသ်ကံ၌ ကံပြုထိုက်ပြီ။

၄၈၈။ သုံးဥက္ခိတ္တ၊ အန္တိမ၊ ကြဉ်က ကံထိုက်ပြီ။

ကံထိုက်သော ရဟန်းဆိုသည်ကား ဥက္ခိတ္တက သုံးမျိုးတို့မှ ကင်းလွတ်၍ ပါရာဇိကအန္တိမမှု မရှိသောရဟန်းတည်း။ ။ အာပတ်ကို မရှုမှု အာပတ်ကိုမကုစားမှု မိစ္ဆာဒိဋ္ဌိကိုမစွန့်မှုတို့ကြောင့် ဥက္ခေပနီယ

ကံပြုခံရသောရဟန်းသုံးမျိုးကို သုံးဥက္ခိတ္တဆိုသည်။

၄၈၉။　ဟတ္ထပါသ၊ ကပ်တုံက၊ ကာယသာမဂ္ဂီ။
၄၉၀။　ဆန္ဒလာရောက်၊ မျက်မှောက်ရှိကြ၊ မမြစ်က၊ စိတ္တသာမဂ္ဂီ။

သံဃာညီဟူသော အထက်စကား၌ ... ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီ ဟူ၍သာမဂ္ဂိနှစ်ပါးရှိ၏။ ဟတ္ထပါသ်တွင်းသို့ လာရောက်သည်ကို ကာယသာမဂ္ဂီခေါ်သည်။ ။ တစ်သိမ်တည်း၌နေလျက် သံဃာ့ဟတ္ထပါသ်သို့ မကပ်ဘဲ ပြင်၌နေသောပုဂ္ဂိုလ်မှာ သံဃာ့ဘောင်သို့ ကိုယ်တိုင် မလာသော်လည်း ဆန္ဒရောက်လာမှု ဟတ္ထပါသ်တွင်းသို့ လာရောက်သော မျက်မှောက်ရှိ သံဃာထဲကလည်း ပြုဆဲဖြစ်သော သံဃာ့ကံကို မကြိုက်၊ မလို၊ မြွက်ဆိုတားမြစ်ခြင်းမှ ကင်းလွတ်မှုတို့ကို စိတ္တသာမဂ္ဂီဆိုသည်။

၄၉၁။　ကိုယ်စိတ်နှစ်ဖြာ၊ ညီညွတ်လာ၊ သံဃာညီညွတ်ပြီ။
ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီ နှစ်ပါးနှင့်ပြည့်စုံပေလျှင် သံဃာညီညွတ်ပြီ။

၄၉၂။　လူ,ဘိ,သိက်,သာ၊ သာ,သိက္ခာ၊ပါရာ,ဥက္ခိတ်တည်း။
၄၉၃။　ပဏ်,ထေ,ပက်,ဆန်၊ ပဋ္ဌာနန်၊ ဒုသံ,ဥဘောဗျည်း။
၄၉၄။　ဟတ္ထပါသ်မှ၊ ကြဉ်ဖယ်ရ၊ ဇကဝိသတည်း။

===OOO===

ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တစ်ယောက်

လူ,ဘိက္ခုနီ, သိက္ခမာန်, သာမဏေယောကျ်ား, သာမဏေမိန်းမ သိက္ခာချပြီးသောသူ, ပါရာဇိကကျသူ, ဥက္ခိတ္တကရဟန်း သုံးမျိုး, နပုံပဏ္ဍုက်, ထေယျသံဝါသကပုဂ္ဂိုလ်, တိတ္ထိဘောင်သို့ ပြောင်းသွားသော တိတ္ထိယပက္ကန္တကပုဂ္ဂိုလ်, ဂဠုန် နဂါး စသော တိရစ္ဆာန်, မာတုယာတကစသော ပဉ္စာနန္တရိယကံထိုက်သော ပုဂ္ဂိုလ်ငါးယောက်, ဘိက္ခုနီကိုဖျက်ဆီးဘူးသော ဘိက္ခုနီဒူသကပုဂ္ဂိုလ်, ဥဘတောဗျည်း။

ပတ္တကလ္လအဂ်ီလေးပါးပြီး၏။

==========

ဥပုသ်အပြား

၄၉။ **အစင်ဆေးရိုး၊ ဥပုသ်ကိုး၊ သုံးမျိုးသုံးထွေပြား။**

အစင်ဆေးမှုကို ဥပုသ်ပြုမှုခေါ်သည်။ ထိုဥပုသ်သည် ကိုးပါးလာ၏။ ပဝါရဏာလည်း ကိုးပါးလာ၏။

၄၉။ **သံဃ,ဂဏ၊ ပုဂ္ဂလ၊ သုံးဝ ပြုသူပြား။**
၄၉။ **သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ ဓိဋ္ဌာန်ဘိ၊ တြိပြုပုံပြား။**
၄၉။ **စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ၊ သုံးလီနေ့အပြား။**

ဥပုသ်သည် ပြုသူပုဂ္ဂိုလ်အပြားအားဖြင့် သံဃာ့ဥပုသ်, ဂဏဥပုသ်, ပုဂ္ဂလဥပုသ်–ဟူ၍သုံးပါး။ ။ပြုသောအခြင်းအရာအားဖြင့် သုတ္တုဒ္ဒေသဥပုသ်, ပါရိသုဒ္ဓိဥပုသ်, အဓိဋ္ဌာန်ဥပုသ်–ဟူ၍သုံးပါး။ နေ့အပြားအားဖြင့် စာတုဒ္ဒသီဥပုသ်, ပန္နရသီဥပုသ်, သာမဂ္ဂီဥပုသ်ဟူ၍ သုံးပါး။

၄၉။ **ပါတိမောက်သုတ်၊ ရွတ်ဘော်ထုတ်၊ သုတ္တုဒ္ဒေသငြား။**

သုတ္တာဒ္ဒေသပုဒ်၌ သုတ္တာဆိုသည်ကား ပါတိမောက်ပါဠိကိုဆို သတည်း။ ဥဒ္ဒေသဆိုသည်ကား သံဃာအလယ်၌ ထိုပါမောက်ပါဠိ ကို ရွတ်ဆိုဘော်ပြမှုကိုဆိုသတည်း။

၅၀၀။ နိဒါန်း,ပါရာဇိ၊ သံဃာဒိ၊ အနိ,ဝိတ္ထာရာ။
၅၀၁။ ပါတိမောက်သုတ်၊ ငါးခဏ်းထုတ်၊ သရုပ်ဘော်ပြရာ။
၅၀၂။ အကျဉ်း,အကျယ်၊ သုတ္တာဒ်ဝယ်၊ ငါးသွယ်အပြားလာ။

ထိုပါတိမောက်ပါဠိကို ရွတ်ဆိုဘော်ပြမှုသည် ဥဒ္ဒေသအပိုင်း အခြားအားဖြင့် နိဒါနုဒ္ဒေသ, ပါရာဇိကုဒ္ဒေသ, သံဃာဒိသေသုဒ္ဒေသ, အနိယတုဒ္ဒေသ, ဝိတ္ထာရုဒ္ဒေသ–ဟူ၍ သုတ္တာဒ္ဒေသ အပြားငါးပါးရှိ၏။

၅၀၃။ မီး,မင်း,ခိုးသူ၊ မိုးရေ,လူ၊ ဘီလူး,သားရဲ,မြွေ။
၅၀၄။ အန္တရာယ် ဆယ်ပါး၊ မီးအန္တရာယ် စသည်ဆိုလေ။
၅၀၅။ အချင်းချင်းကြား၊ သံဃာကြား၊ နှစ်ပါး ပါရိမှာ။

ပါရိသုဒ္ဓိဥပုသ်မှာ အချင်းချင်းလျှောက်ကြားသော ပါရိသုဒ္ဓိ, သံဃာထံမှာလျှောက်ကြားသော ပါရိသုဒ္ဓိဟူ၍ နှစ်ပါးရှိ၏။

၅၀၆။ နှစ်ပါး,သုံးပါး၊ ချင်းချင်းကြား၊ နည်းများ သံဃာမှာ။

သိမ်အပြင်၌နှစ်ပါးသာရှိ၍ နှစ်ပါးချင်းချင်းကြားသော ပါရိသုဒ္ဓိ သုံးပါးသာရှိ၍ သုံးပါးအချင်းချင်းကြားသော ပါရိသုဒ္ဓိဟူ၍ အချင်းချင်း ကြားနှစ်မျိုးရှိ၏။ ။ သံဃဥပုသ် သံဃပဝါရဏာပြုပြီး၍ သိမ်အပြင်၌ ရှိနေကြသော သံဃာ့အထံမှာ နောက်မှရောက်လာသော ရဟန်းတို့ ကလျှောက်ကြားရသောသံဃာကြား ပါရိသုဒ္ဓိမှာမူကား နောက်မှ ရောက်လာသော ရဟန်းအနည်း အများသို့လိုက်၍ တစ်ပါး နှစ်ပါး စသည် အနည်းလည်းရှိ၏။ တစ်ကျိပ် နှစ်ကျိပ် စသည် အများလည်းရှိ ၏။

၅၀၇။ ဓမ္မာ, ဓမ္မ၊ သမဂ္ဂ၊ ဝဂ္ဂ, လေးမျိုးဖြာ။

ဥပုသ်ကံသည် အဓမ္မဝဂ္ဂကံ,အဓမ္မသမဂ္ဂကံ, ဓမ္မဝဂ္ဂကံ, ဓမ္မသမဂ္ဂကံ–ဟူ၍လေးပါးရှိ၏။ ။ အကျယ်ကို ပါဠိတော်၌ကြည့်လေ။

ဥပုသ်အပြားပြီး၏။

======

၃၅။ ဥပုသ်ပြုပုံ

၅၁၄။ တစ်ပါးတည်းသာ၊ နေသူမှာ၊ ပြုပါအဓိဋ္ဌာန်။

ကျောင်းတိုက်တစ်ခု၌ တစ်ပါးတည်းရှိနေသောရဟန်းသည် အဓိဋ္ဌာန်ဟူသော ပုဂ္ဂလဥပုသ်ကိုပြု။ ။ ထိုပုဂ္ဂိုလ်သည် ဥပုသ်နေ့၌ သိမ်အပြင်၌ တံမြက်လှည်းခြင်းစသော ပုဗ္ဗကရဏလေးပါးကိုပြု၍ အဘော်သံဃာများကို စောင့်စားရဦးမည်။ အဘော်သံဃာ လာသူမရှိ ပြီဟု စိတ်ချရမှ အဓိဋ္ဌာန်ဥပုသ်ကို ပြုရသည်။ စာတုဒ္ဒသီနေ့ဖြစ်အံ့။ ''အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော အဓိဋ္ဌာမိ''။ ။ပန္နရသီနေ့ဖြစ်အံ့။ ။ ''အဇ္ဇ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ''–ဟု သုံးကြိမ်ဆို။ ။ ပဝါရဏာမှာလည်း ထိုနည်းတူ။ ။ ''အဇ္ဇ မေ ပဝါရဏာ စာတုဒ္ဒသီ အဓိဋ္ဌာမိ။ အဇ္ဇ မေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ''။

ပုဂ္ဂလအဓိဋ္ဌာန် ဥပုသ်ပြုနည်းပြီး၏။

==========

၃၆။ နှစ်ယောက်မူကား၊ ဥတ်မထား၊ သုံးပါး ဥတ္တိကံ။

၅၁၅။ နှစ်ပါးသာရှိသော တိုက်တာဖြစ်အံ့၊ ပုဗ္ဗကရဏလေးပါးကိုပြု၍ ပါရိသုဒ္ဓိဥပုသ်ပြု။ ။ သိမ်၌တည်၍ ဒေသနာကြားပြီးလျှင် သီတင်းကြီး သီတင်းငယ် အစဉ်အတိုင်း ပါရိသုဒ္ဓိကြား။ ။ ''ပရိသုဒ္ဓေါ

အဟံ အာဝုသော၊ ပရိသုဒ္ဓါတိ မံ ဓာရေဟိ။ ။ပရိသုဒ္ဓါ အဟံ ဘန္တေ၊ ပရိသုဒ္ဓါတိ မံ ဓာရေထ''။ ။ အကျွန်ုပ်ကို အာပတ်မှ စင်ကြယ်သောသူဟူ၍ မှတ်တော်မူပါ–ဟု ဆိုလိုသည်။ ။ တစ်ပါး သောပုဂ္ဂိုလ်က ''သာဓု သာဓု''ဆို။ ။ နှစ်ပါးပြီး၏။

သုံးပါးရှိသော တိုက်တာဖြစ်အံ့၊ ဥတ်ထား၍ပြု။ ။ ''သုဇာတ္ထေ မေ အာယသ္မန္တော၊ အဇ္ဈုပေါသထော စာတုဒ္ဒသော။ ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ။ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ''။ ။ ဥတ်။ ။ ပြီးမှထေရ်စဉ် အတိုင်းဆို။ ။ ''ပရိသုဒ္ဓါ အဟံ အာဝုသော ပရိသုဒ္ဓါတိ မံ ဓာရေထ''။ ။သုံးကြိမ်ဆို၊ ။ နှစ်ပါးတို့က ''သာဓု သာဓု''ဆို။

အချင်းချင်းကြား ပါရိသုဒ္ဓိ ဥပုသ်ပြီး၏။

=====

သံဃာကြား ပါရိသုဒ္ဓိ၌ မဟာသိမ်ဖြစ်သောတိုက်၌ သံဃာ့ ဥပုသ်ပြုကြရာ အချို့သောရဟန်းတို့သည် ကိစ္စတစ်ပါးရှိ၍ တိုက်ပသို့ သွားကြရာ တိုက်တွင်းရှိသံဃာတို့ သံဃာ့ဥပုသ်ပြုကြ၍ ပြီးဆုံးမှ ရောက်လာကြကုန်၏။ ပြီးနှင့်သော သံဃာအရေအတွက်ထက်လည်း မိမိတို့က ရဟန်းအရေအတွက် မပိုကြကုန်သည်ဖြစ်အံ့။ နောက်လာ သံဃာ တစ်ရာပင်ဖြစ်သော်လည်း ပြီးနှင့်သောသံဃာတို့ထံ၌ ပါရိသုဒ္ဓိကိုကြား၍ ပါရိသုဒ္ဓိဥပုသ်ကိုသာ ပြုကြရ၏။ ။ ''ပရိသုဒ္ဓါ အဟံ ဘန္တေ၊ ပရိသုဒ္ဓါတိ မံ ဓာရေထ'' ဟု အသီးသီး ဆိုရမည်။ နောက်လာသောရဟန်းတို့သည် အရပ်တစ်ပါးကလာကြသော အာဂန္တုပုဂ္ဂိုလ်တို့ဖြစ်လျှင်လည်း ဤနည်းအတူပင် ရှေးဦးပြုဆိုခဲ့ပြီးသော သံဃာကြား ပါရိသုဒ္ဓိအပြားတို့ကို ဤနည်းကိုမှီ၍ အကုန်သိလေ။

ပါရိသုဒ္ဓိဥပုသ်ပြုနည်း ပြီး၏။

၅၁၆။ ပါတိမောက္ခ၊ ရွတ်ဆိုပြု၊ သံဃဥပုသ်မှာ။

သံဃဥပုသ်–ဆိုသည်ကား သုတ္တုဒ္ဒေသဥပုသ်တည်း။ ပါတိမောက်ပြမှုတည်း။ နေဝင်လျှင် တိုက်ရှိသံဃာတို့သည် ဥပုသ်အိမ်၌ စည်းဝေးကြကုန်၏။ စည်းဝေးမိသောအခါ၌ သံဃာအစည်း အဝေးသို့ မလာနိုင်သော ဂိလာနရဟန်း ဗဟုကိစ္စရဟန်းတို့သည် ဝိနည်းအရာ၌ လိမ်မာသောရဟန်းတို့ထံ၌ ဒေသနာကြားပြီးမှ ဆန္ဒပေးခြင်း ပါရိသုဒ္ဓိပေးခြင်းတို့ကို ပြုကြရကုန်၏။ ထိုရဟန်းတို့သည်လည်း ရှေး၌ပြုဆိုခဲ့ပြီးသောအတိုင်း ထိုဆန္ဒပါရိသုဒ္ဓိတို့ကိုဆောင်ယူ၍ သံဃာ့ဘောင်နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်းသို့ ဝင်ကြကုန်၍ မိမိတို့ ဆောင်ယူလာသော ဆန္ဒပါရိသုဒ္ဓိတို့ကို ရှေး၌ ပြုဆိုခဲ့ပြီးသောတိုင်း သံဃာတို့အား လျှောက်ကြားကြရကုန်၏။

ထိုနောက် အဋ္ဌကထာနည်းအားဖြင့် ဥတု,မာသ,ပက္ခ,တိထိတို့ကိုလည်း၊ သိမ်အပြင်၌ရှိသော သံဃာအရေအတွက်ကိုလည်း, ဘိက္ခုနီမတို့၏ ဩဝါဒစကားကိုလည်း ကြားရာ၏။ ။ထို့နောက် ပတ္တကလ္လအင်္ဂါ လေးပါးကိုကြားရာ၏။ ။ သီတင်းကြီးကမေး၍ သီတင်းငယ်က ဖြေ။

မေး။ ‘‘သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။ ဥပေါသထသဿ တောနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ’’–ဟူသော အဋ္ဌကထာပါဠိလာသည်နှင့်အညီ သိမ်အပြင်၌ တံမြက်လှည်းခြင်းအစရှိသော ပုဗ္ဗကရဏ အပြားလေးပါးရှိသည်တွင် တံမြက်လှည်းခြင်းကိစ္စ ပြီးပြည့်စုံပြီလော? ။

ဖြေ။ ပြည့်စုံပါပြီဘုရား။

မေး။ ဆီမီးထွန်းခြင်းကိစ္စပြီး ပြည့်စုံပြီလော? ။

ဖြေ။ ပြည့်စုံပါပြီဘုရား။

မေး။ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြည့်စုံပြီလော?။

ဖြေ။ ပြည့်စုံပါပြီဘုရား။

မေး။ နေရာခင်းခြင်းကိစ္စ ပြီးပြည့်စုံပြီလော?။

ဖြေ။ ပြည့်စုံပါပြီဘုရား။

မေး။ "ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ၊ ဘိက္ခု ဂဏနာစ ဩဝါဒေါ။ ဥပေါသထသဿ ဇောနံ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ" ဟူသော အဋ္ဌကထာပါဠိ လာသည်နှင့်အညီ ဆန္ဒ ပါရိသုဒ္ဓိဆောင်ခြင်းအစရှိသော ပုဗ္ဗကိစ္စအပြား ငါးပါးရှိသည်တွင် –

ဆန္ဒ ပါရိသုဒ္ဓိဆောင်ခြင်းကိစ္စ ပြီးပြီလော?။

ဖြေ။ မဟာသိမ်မဟုတ်၊ ခဏ္ဍသိမ်ဖြစ်၍ ဆောင်ဘွယ်ကိစ္စ မရှိပါပြီဘုရား။

မေး။ ယခုရောက်ဆဲကား အဘယ်ဥတု, အဘယ်မာသ, အဘယ်ပက္ခ, အဘယ်တိတီပေနည်း?။

ဖြေ။ ဂိမှာနဥတု, ဝါဆိုလ, အဋ္ဌမပက္ခ, ပန္နရသီ–တိထိ ရက်စေ့ ဝါဆိုလပြည့်နေ့ ဖြစ်ပါသည်ဘုရား။

မေး။ ဤဂိမှာနဥတုဌ် လွန်သောအဘို့ကား အဘယ်မျှ နည်း?။

ဖြေ။ လအားဖြင့် လေးလလွန်ပါပြီ။ ပက္ခအားဖြင့် ရှစ်ပက္ခ လွန်ပါပြီ။ ဤဝါဆိုလဌ် ရက်အားဖြင့် တစ်ဆယ့် လေးရက် လွန်ပါပြီဘုရား။

မေး။ ဤဂိမှာနဉ်တုဠ္ဍ လာလတ္တံ့သောအဘိုကား အဘယ်မျှ နည်း?။

ဖြေ။ ဝါဆိုလပြည့်သည် ဂိမှာနဉ်တု၏ အဆုံးနေ့ဖြစ်၍ လာလတ္တံ့သောအဖို့မရှိပါဘုရား။

မေး။ ဤသိမ်အပြင်၌ သံဃာ အရေအတွက်ကား အဘယ်မျှ နည်း?။

ဖြေ။ ဤသိမ်အပြင်၌ သံဃာ အရေအတွက် (--------) မည်မျှ ရှိပါသည်ဘုရား။

မေး။ ဘိက္ခုနီမတို့က တောင်းပန်ကြသော ဩဝါဒကိစ္စ ပြီးပြေကြပြီလော?။

ဖြေ။ ဘိက္ခုနီမတို့ မရှိကြသော အခါဖြစ်၍ ကြောင့်ကြစိုက် ဘွယ် မရှိ၊ ပြီးပါပြီဘုရား။

မေး။ "ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ၊ သဘာဂါပတ္တိယော စ နဝိဇ္ဇန္တိ။ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိ နု ဟောန္တိ၊ ပတ္တ ကလ္လန္တိ ဝုစ္စတိ" ဟူသော အဋ္ဌကထာပါဠ် လာသည်နှင့်အညီ ယခု ပြုကြ လတ္တံ့သော ဥပုသ်ကံသည် ဥပုသ်နေ့သုံးပါးတို့တွင် တစ်ပါး ပါး ကြုံကြိုက်ခြင်း, ဥက္ခိတ္တက အန္တိမမဟုတ် အယုတ် ဆုံးအားဖြင့် လေးပါးသော ပကတတ်ရဟန်းတို့သည် အချင်းချင်း ဟတ္ထပါသ်ကို မစွန့်မူ၍ တစ်ခုသော သိမ် အပြင်၌တည်ခြင်း, ဝတ္ထုသဘောတူသော အာပတ်မှ စင်ကြယ်ကြခြင်း, သံဃဟတ္ထပါသ်တွင်း၌ နှစ်ကျိပ် တစ်ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ မရှိခြင်းဟူသော ပတ္တကလ္လအင်္ဂါလေးပါးနှင့် ညီညွတ်ပါ၏လော?။

ဖြေ။ ညီညွတ်ပါသည်ဘုရား။

ထို့နောက် ပါတိမောက်ပြစေရန် တောင်းပန်ရာ၏။

မေးခန်း–ဖြေခန်းပြီး၏။

==========

၅၁။ နှစ်ဥဒ္ဒေသ၊ ထေရ်ကြီးရ၊ ထေရ ပိုင်သည်သာ။

သံဃာထေရ်ကြီးသည်အစဉ် နှစ်ဥဒ္ဒေသမျှပင် ကြေပွန်စွာ ရပေသည်ဖြစ်အံ့၊ ထိုဥပသ်ကံကို သံဃာထေရ်ကြီးပိုင်၏။

၅၂။ ပြလိုပြမှု၊ တိုက်တွန်းမှု၊ ပြုထိုက်တော့သည်သာ။

ပိုင်၏ဆိုသည်ကား မိမိပင် ပြလိုလျှင် ပြုရ၏။ သူတစ်ပါးကို တိုက်တွန်းလိုလျှင် တိုက်တွန်းရ၏။ ။ ဤသို့ သံဃာထေရ်ကြီး ကြေပွန်စွာရသည်ကို သိကြသည်ရှိသော် သံဃာထေရ်ကြီးကိုပင် တောင်းပန်ရမည်။

''သံဃော ဘန္တေ ထေရံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု ဘန္တေ ထေရော ပါတိမောက္ခံ''။ ။စွမ်းနိုင်သော ရဟန်းတပါးက သုံးကြိမ် တောင်းပန်။

သံဃော၊သည်။ ထေရံ၊ကို။ အဇ္ဈေသတိ၊တောင်းပန်၏။ ထေရော၊သည်။ ပါတိမောက္ခံ၊ကို။ ဥဒ္ဒိသတု၊ ရွတ်ဆိုဘော်ပြပါလော့။

ထိုအခါ သံဃာထေရ်ကြီးသည်

''ပုဗ္ဗကရဏာ ပုဗ္ဗကိစ္စာနိ သမာဒပေတွာ ဒေသိတာပတ္တိကာသ သမဂ္ဂသ ဘိက္ခုသံဃသ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ''။ ဟုရွတ်ဆိုပြီးလျှင်။ ။ ''သုဏာတု မေ

အာဝုသော သံယော'' စသည်ဖြင့် ဥတ်ထား၍ ''ကိ သံယသ ပုဗ္ဗကိစ္စံ'' စသည်ဖြင့် ရွတ်ဆို၍ ပါတိမောက်ပြရာ၏။

၅၁၉။ နှစ်ဥဒ္ဒေသ၊ မရက၊ ရသူပိုင်သည်သာ။

သံယထေရ်ကြီးသည် နှစ်ဥဒ္ဒေသမျှ မရခဲ့အံ့။ ထေရ်ငယ်များက ရခဲ့အံ့။ ရသူပိုင်၏။ ရသောရဟန်းကို တိုက်တွန်းရ၏။

''သံယော ဘန္တေ အာယသ္မန္တံ အဒ္ဓေသတိ။ ဥဒ္ဒိသတု ဘန္တေ အာယသ္မာ ပါတိမောက္ခံ''။ ။သုံးကြိမ်ဆို။

ထို့နောက် ပါတိမောက်ပြဆရာသည် ''ပုဗ္ဗကရဏာ ပုဗ္ဗကိစ္စာနိ။လ။ကရောမ'' ဟု ရွတ်ဆို၍ ''သုဏာတု မေ ဘန္တေ သံယော'' စသည်ဖြင့် ဥတ်ကို ရွတ်ဆိုပြီးမှ ''ကိ သံယသ'' စသော ပါတိမောက်ပါဠိကိုပြဆိုရမည်။

၅၂၀။ အန္တရာယ်ကင်းပ၊ အကျယ်ရ၊ ပြပေ အကျယ်သာ။

အန္တရာယ်ဆယ်ပါးတွင် တစ်ပါးပါးမျှ မရှိခဲ့သော်၎င်း, ပြသောဆရာက ဥဒ္ဒေသငါးစောင်လုံး ရခဲ့သော်၎င်း ဥဒ္ဒေသငါးစောင်လုံး ရွတ်ဆို၍ အကျယ်သာ ပြဆိုရမည်။

၅၂၁။ အန္တရာယ်နှင့်၊ အကျယ်မရ၊ အကျဉ်းမျှ၊ ပြနည်း ထွေထွေလာ။

၅၂၂။ ကြွင်းကျန်သမျှ၊ ဥဒ္ဒေသ၊ သုတသိမ်းမြဲသာ။

အန္တရာယ်တစ်ပါးပါး ရှိလာခဲ့သော်၎င်း, အကျယ်မရခဲ့သော်၎င်း အကျဉ်းပြရာ၏။ ထိုအကျဉ်းပြနည်းသည် ဥဒ္ဒေသ အပြားသို့လိုက်၍ အထွေထွေရှိ၏။ ချောမောစွာရသော ဥဒ္ဒေသကိုရွတ်ဆို ဘော်ပြပြီးနောက် ကြွင်းကျန်သောဥဒ္ဒေသတို့ကို သုတသဒ္ဒါဖြင့် သိမ်းမြဲဖြစ်၏။ နှစ်ဥဒ္ဒေသမျှကိုသာ သံယထေရ်ပြရာ၌။ ။ ကိ သံယသ ပုဗ္ဗကိစ္စံမှစ၍ ပါရာဇိကဥဒ္ဒေသော ဒုတိယော–တိုင်အောင် နှစ်ဥဒ္ဒေသကို ပီပြင်စွာ

ရွှတ်ဆိုပြီးလျှင် ကြွင်းကျန်သော သံယာဒိသေသုဒ္ဒေသ, အနိယတု ဒ္ဒေသ, တိသနိဿဂ်ိယ စသည်တို့ကို သုတသဒ္ဒါဖြင့်သိမ်းရမည်။ သိမ်းပုံကား။

"ဥဒ္ဒိဋ္ဌ ခေါ အာယသ္မန္တော နိဒါန်။ ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ" ဟုဆိုပြီးလျှင်။

"သုတာခေါ ပနာယသ္မန္တေဟိ တေရသ သံယာဒိသေသာ ဓမ္မာ။ သုတာ ဒ္ဒေ အနိယတာ ဓမ္မာ။ သုတာ တိသ နိဿဂ်ိယာ ဓမ္မာ။ သုတာ ဒ္ဒေ နဝုတိ ပါစိတ္တိယာ ဓမ္မာ။ သုတာ စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ၊ သုတာ သေခိယာ ဓမ္မာ၊ သုတာ သတ္တ အဓိ ကရဏသမထာ ဓမ္မာ။ ဇတ္တကံ တသ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အနွဗျဉ်ဇနသံ ဥဒ္ဒေသံ အာဂစ္ဆတိ။ တတ္ထ သဗ္ဗေဟဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ" ဟု ရွှတ်ဆို၍အဆုံးသတ်ရမည်။

တစ်ဥဒ္ဒေသမျှသာရသော သီတင်းငယ်ပြာ၌။ ။ "နိဒါနုဒ္ဒေသော ပထမော"ဆိုလျှင် ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ–ဟုဆိုပြီးမှ "သုတာ ခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ။ သုတာ တေရသ သံယာဒိသေသာ ဓမ္မာ ။လ။ သိက္ခိတဗ္ဗန္တိ"ဟု ရွှတ်ဆို၍ အဆုံးသတ်ရမည်။ ။ ပါတိမောက် ရွှတ်ဆို၍ပြီးလျှင် ထိုပရိတ်သတ်မှာ ပါရှိသော အလုံးစုံသော ရဟန်းသံယာအား ဥပုသ်ပြုခြင်းကိစ္စ ပြီးလေ၏။

ဥပုသ်ပြုပုံ　အပြားပြီး၏။

ဥပုသ်အမေးအဖြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

မေး။ သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မန္တံ (ကုသလံ) ဝိနယံ ပုစ္ဆေယျံ။

ဖြေ။ သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မတာ (ကုမာရေန) ဝိနယံ ပုဋ္ဌော ဝိသဇ္ဇေယျံ။

မေး။ သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။ ဥပေါသထဿ တောနီ၊ ပုဗ္ဗကရဏ္ဍဿ ဝုစ္စတိ– ဟူ၍ မိန့်ဆိုအပ်သော အဋ္ဌကထာပါဠိနှင့်အညီ ဥပုသ်အိမ်သိမ်အပြင်၌ တံမြက်လှည်းခြင်း, ဆီမီးညှိထွန်းခြင်း, သောက်ရေ သုံးရေတည်ထားခြင်း, နေရာခင်းခြင်း ဤလေးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာမစည်းဝေမီ ရှေးအဖို၌ ပြုအပ်, ပြုသင့်, ပြုကောင်းသည်၏ အဖြစ်ကြောင့် ပုဗ္ဗကရဏမည်၏ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သောကြောင့် ဤလေးပါးသော ပြုဖွယ်ကိစ္စတို့တွင်–

= တံမြက်လှည်းခြင်းကိစ္စ ပြီးပြီလော?။

ဖြေ။ ပြီးပါပြီဘုရား။

မေး။ ဆီးမီး ညှိထွန်းခြင်းကိစ္စ ပြီးပြီလော?။

ဖြေ။ ပြီးပါပြီဘုရား။

(နေ့ဖြစ်လျှင် ... နေတည်းဟူသော အရောင်အလင်း ရှိသည်ဖြစ်၍ ဆီမီး ထွန်းညှိဖွယ်ကိစ္စမရှိ ပြီးပါပြီဘုရား၊ ဤသို့ဆိုပါလေ။)

မေး။ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြီးပြီလော?။

ဖြေ။ ပြီးပါပြီဘုရား။

မေး။ နေရာခင်းခြင်းကိစ္စ ပြီးပြီလော?။

ဖြေ။ ပြီးပါပြီဘုရား။

မေး။ ဆန္ဒပါရိသုဒ္ဓိ ဥတုကျွာနံ၊ ဘိက္ခုဂဏာနာ စ ဩဝါဒေါ။ ဥပေါသထသဿ တောနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ–ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ – ဆောင်အပ်သော ဆန္ဒကိုလျှောက်ထားခြင်း၊ ဆောင်အပ်သော ပါရိသုဒ္ဓိကို လျှောက်ထားခြင်း၊ ဆောင်း, နွေ, မိုးဟူဆိုအပ်သော သုံးပါးသော ဥတုတို့တွင် ယခုရောက်ဆဲဖြစ်သော ဥတုကိုရေတွက်၍ လျှောက်ထားခြင်း၊ ဥပုသ်အိမ်သိမ်အပြင် နှစ်တောင့်ထွာဟတ္ထပါသ် အတွင်း၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းတော်တို့ကို ရေတွက်၍ လျှောက်ထားခြင်း၊ ရဟန်းမတို့က အကျွန်ုပ်တို့သည် အရှင်ဘုရားတို့၏အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့–ဟု တောင်းပန် လျှောက်ထားသောစကားကို သံဃာတော်အား လျှောက်ထားခြင်း, ဤငါးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာစည်းဝေးပြီးသည်မှနောက်, ပါတိမောက်မပြမီ ရှေ့အဖို့၌ ပြုအပ်, ပြုသင့်, ပြုကောင်းသည်၏ အဖြစ်ကြောင့် ပုဗ္ဗကိစ္စ မည်၏ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သောကြောင့် ဤငါးပါးသော ပြုဖွယ်ကိစ္စတို့တွင်–

မေး။ ဆန္ဒကို လျှောက်ထားခြင်းကိစ္စ ပြီးပြီလော?။

ဖြေ။ ဆန္ဒာရဟပုဂ္ဂိုလ်မရှိသည်ဖြစ်၍ ဆန္ဒကိုလျှော်ထား ဖွယ်ကိစ္စ မရှိ ပြီးပါပြီဘုရား။

မေး။ ပါရိသုဒ္ဓိကိုလျှော်ထားခြင်းကိစ္စ ပြီးပြီလော?။

ဖြေ။ ပါရိသုဒ္ဓါရဟပုဂ္ဂိုလ်မရှိသည်ဖြစ်၍ ပါရိသုဒ္ဓိကို လျှော် ထားဖွယ်ကိစ္စမရှိ ပြီးပါပြီဘုရား။

မေး။ ဆောင်း နွေ မိုးဟူဆိုအပ်သော သုံးပါးသော ဥတု တို့တွင် ယခုရောက်ဆဲဖြစ်သောဥတုသည် အဘယ် ဥတု, အဘယ်ပက္ခ, အဘယ်ဥပုသ် ဖြစ်ပါသနည်း?။

ဖြေ။ (ဂိမှာန–ဝဿာန– ဟေမန္တဥတု၊ ပထမပက္ခ၊ ပန္နရသီ ဥပုသ် ဖြစ်ပါသည်ဘုရား။)

မေး။ ဥပုသ်အိမ် သိမ်အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်း၌ စည်းဝေးရောက်လာကြကုန်သော ရဟန်း တို့၏ အရေအတွက်ကား အဘယ်မျှ အတိုင်းအရှည် ရှိပါသနည်း?။

ဖြေ။ (---ကျိပ်၊ --- ပါး) အရေအတွက် ရှိပါသည်ဘုရား။

မေး။ ရဟန်းမတို့က အကျွန်ုပ်တို့သည် အရှင်ဘုရားတို့၏ အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့–ဟု တောင်းပန် လျှောက်ထားသောစကားကို သံဃာတော်အား လျှောက် ထားခြင်းကိစ္စ ပြီးပြီလော?

ဖြေ။ ယခုအခါ သာသနာတော်အတွင်း၌ ရဟန်းမိန်းမတို့ မရှိကြကုန်သည်ဖြစ်၍ ရဟန်းမတို့က အကျွန်ုပ်တို့သည် အရှင်ဘုရားတို့အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့– ဟု တောင်းပန် လျှောက်ထားသောစကားကို သံဃာ တော်အား လျှောက်ထားဖွယ်ကိစ္စမရှိ ပြီးပါပြီဘုရား။

မေး။ ဥပေါသထော ယာဝတိကာ စ (ပ) ပတ္တာကလ္လန္တီ ဝုစ္စတီ၊ –ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ ဥပုသ်သည် နေ့၏အစွမ်းအားဖြင့် စာတုဒ္ဒသီဥပုသ်, ပန္နရသီဥပုသ်, သာမဂ္ဂီဥပုသ် ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် (ပန္နရသီ)ဥပုသ်ဖြစ်ခြင်း၊ ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃဥပုသ်, ဂဏဥပုသ်, ပုဂ္ဂလ ဥပုသ်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် သံဃဥပုသ်ဖြစ်ခြင်း။ ကာတဇာ ကာရ၏အစွမ်းအားဖြင့် သုတ္တာဒ္ဒေသဥပုသ်, ပါရိသုဒ္ဓိဥပုသ်, အဓိဋ္ဌာန်ဥပုသ်–ဟူ၍ သုံးပြားအပြားရှိ၏။ ထိုသုံးပါးတို့တွင် သုတ္တာဒ္ဒေသ ဥပုသ်ဖြစ်ခြင်း၊ ဤသုံးပါးသော လက္ခဏာနှင့်ပြည့်စုံခြင်း၊ အယုတ်ဆုံး အားဖြင့် လေးယောက် လေးယောက်ထက်အလွန်ရှိကုန်သော ရဟန်း တို့၏ နှစ်တောင့်ထွာဟတ္ထပါသ်ကို မစွန့်မူ၍ တစ်သိမ်တည်း၌တည်သဖြင့် သုတ္တာဒ္ဒေသသံဃဥပုသ်ကံအား လျောက်ပတ်ခြင်း၊ ဥပုသ်အိမ် သိမ် အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ စည်းဝေးရောက်လာ ကြကုန်သော ရဟန်းတို့အား နေလွဲသောကာလ၌ ယာဝကာလိက ဘောဇဉ်ကို စားခြင်း အစရှိသော သဘောတူဝတ္တုကြောင့် သင့်သော အာပတ် မရှိခြင်း၊ ဥပုသ်အိမ် သိမ်အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်းမှ အပပြုသည်၏ အစွမ်းအားဖြင့် ကြဉ်အပ်သော လူ, ဘိက္ခုနီ အစရှိသော နှစ်ကျိပ်တစ်ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့၏ ဥပုသ်အိမ် သိမ်အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ မရှိခြင်း ဤလေးပါး သော အင်္ဂါနှင့်ပြည့်စုံသော ဥပုသ်ကံကို ပတ္တာကလ္လ ဖြစ်၏ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သောကြောင့်–

မေး။ ယခု ပြုလတ္တံ့သောဥပုသ်ကံသည် ပတ္တာကလ္လ ဖြစ်ပါ၏လော?

ဖြေ။ ယခု ပြုလတ္တံ့သောဥပုသ်ကံသည် ပတ္တာကလ္လ ဖြစ်ပါ၏ဘုရား။

မေး။ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ ပရိယောသာပေတွာ ဒေသိတာ

ပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိဿာမ?

ဖြေ။ သံဃော ဘန္တေ အာယသ္မန္တံ ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ။ ဥဒ္ဒိသတု အာယသ္မာ ပါတိမောက္ခံ။ ဒုတိယမ္ပိ ဘန္တေ သံဃော (ပ) ပါတိမောက္ခံ။ တတိယမ္ပိ ဘန္တေ သံဃော (ပ) ပါတိမောက္ခံ။ သုဏာတု မေ ဘန္တေ သံဃော (ပ) ဥပေါသထံ ကရေယျ။ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

(ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ - အရှင်ပညာ မဟာထေရ် ရေးသားစီရင်တော်မူသော သီမာဝိနိစ္ဆယကျမ်း၊ စာ- ၁၈၃-၁၈၈။)

ဥပုသ်အမေးအဖြေ ပြီးပါပြီ။

ဝါဆိုခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ
(ဝဿူပနာယိကက္ခန္ဓက)
ဝဿူပနာယိကကထာ

==========

= ဝိ၊ ၃။ ၁၉၂-၂၁၉။
= ဝိ၊မြန်၊ ၃။ ၁၉၃-၂၁၇။
= ဝိ၊ဋ္ဌ၊ ၃။ ၃၄၉-၃၅၅။
= ဝဇိရ။ ၄၆၇-၄၇၃။
= သာရတ္ထ၊ ၃။ ၂၈၂-၆။
= ဝိမတိ၊ ၂။ ၁၇၄-၉။

ဘုရားရှင်သည် ရှေ့ပိုင်းကာလ၌ ရဟန်းတော်များအား ဝါဆို ဝါကပ်ကို ပညတ်တော်မမူပါ။ ရဟန်းများသည် တစ်နှစ်ပတ်လုံး လှည့်လည်ခရီးသွားနေကြပါသည်။ လူတို့ကဲ့ရဲ့မှုကို အကြောင်းပြု၍ မဂဓနိုင်ငံ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်ဝယ် သီတင်းသုံးတော်မူသည့်အခါ ရဟန်းများအား မိုးဥတုသုံးလပတ်လုံး ဝါဆိုဝါကပ်ရန် ခွင့်ပြုတော်မူပါသည်။

ဝါဆိုဝါကပ်ခြင်းနှစ်မျိုး

========

ဒွေမာ ဘိက္ခဝေ ဝဿူပနာယိကာ ပုရိမိကာ ပစ္ဆိမိကာတိ၊ အပရဇ္ဇုဂတာယ အာသဠှိယာ ပုရိမိကာ ဥပဂန္တွာ၊ မာသဂတာယ အာသဠှိယာ ပစ္ဆိမိကာ ဥပဂန္တွာ။ (ဝိ၊ ၃။ ၁၉၂)

၅၂၃။ ပုရိမိကာ၊ ပစ္ဆိမာ၊ နှစ်ဖြာ ဝါကပ်နည်း။

၅၂၄။ ဝါနှစ်လတွင် လဆုတ်တစ်ရက်၊ ဝါကပ်ရက်၊ နှစ်ချက် စဉ်တိုင်းတည်း။

ဝါဆိုလပြည့်ကျော်(၁)ရက်နေ့၌ ပုရိမဝါကပ်ခြင်း, ဝါခေါင်လပြည့်ကျော်(၁)ရက်နေ့၌ ပစ္ဆိမဝါကပ်ခြင်း–ဟု ဝါကပ်ပုံ(၂)မျိုးရှိသည်။

ဝါဆိုလပြည့်ကျော် (၁)ရက်နေ့၌ ပုရိမဝါ (ပထမဝါ) မကပ်သော ရဟန်း၊ ပုရိမဝါပျက်သောရဟန်းသည် ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့၌ ပစ္ဆိမဝါ (ဒုတိယဝါ) ကပ်ရောက်ရမည်ဖြစ်သည်။

ထိုသို့ပင် ဝါဆိုဝါကပ်ခွင့်ပြုတော်မူထားသော်လည်း ဆဗ္ဗဂ္ဂိ ရဟန်းတို့ ဝါကပ်ပြီးခရီးသွားနေမှုကို လူတို့ကဲ့ရဲ့ခြင်းကြောင့် ဘုရားရှင် ကရဟန်းတို့အား ပုရိမဝါသုံးလ, ပစ္ဆိမဝါသုံးလအတွင်း အတည်တကျ မနေထိုင်ပဲ ခရီးမသွား၊ သွားလျှင် ဒုက္ကဋ်အာပတ်သင့်စေ–ဟု သိက္ခာပုဒ်တော်ကို ပညတ်တော်မူပါသည်။

ဝါထပ်ရက်ငင်ကိစ္စ

ဝါထပ်သည့်နှစ် ဖြစ်ခဲ့သော် ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်နေ့၌ 'ပုရိမဝါ' ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့၌ 'ပစ္ဆိမဝါ' ကပ်ရန် ခွင့်ပြုတော်မူပါသည်။

၅၂၅။ ဝါထပ်ကြုံတွေ့၊ တစ်လရွှေ့၊ ရှေ့သို့တိုးသတည်း။

ဝါထပ်ရက်ငင်မှုသည် မင်းစိုးရာဇာတို့နှင့်စပ်၏။ ထို့ကြောင့် "အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ"(ဝိ၊၃။၁၉၃။)ဟူ၍ မိန့်တော်မူသည်။ မင်းတို့က "နိုင်ငံအဝှမ်းနှင့်တကွ ယခုနှစ်ဝါထပ်ရမည်" ဟု ပြဋ္ဌာန်းခဲ့လျှင် ရဟန်းသံဃာတို့ကလည်း ဝါထပ်ကြရမည်၊ မင်းတို့က ဝါထပ်မှု မရှိလျှင် ရဟန်းသံဃာတော်တို့ကလည်း ဝါထပ်မှု မပြုရ။

မင်းတို့က ဝါမထပ်သောနှစ်မှာ အချို့သောရဟန်းသံဃာတော်တို့က မိမိတို့အလိုဖြင့် ဝါထပ်ငြားအံ့။ ဝါဆိုဝါထပ်နှင့်စပ်သော ပညတ်တော်တို့သည် ယခင်ပါဠိတော်နှင့်အညီ ထိုနှစ်အတွင်းမှာ မင်းတို့၏ ဥတု,မာသ,ပက္ခ,တိထိ ဝေါဟာရသို့သာ အစဉ်လိုက်ကြကုန်ရာ၏။။

ထိုရဟန်းသံဃာတော်တို့၏ ဝေါဟာရသို့ မလိုက်ကြကုန်ရာ။ အဘယ်ကြောင့်နည်း?ဟူမူ "ရာဇာပဓာနအရာမျိုးဖြစ်သောကြောင့်တည်း။" မင်းတို့က လွှဲအပ်မူမရှိဘဲ မိမိတို့အလိုအလျောက် ဗေဒင်ကိန်းခန်းအတွက်နှင့် ဝါထပ်ရက်ငင်မှုကို ပြုခြင်းငှာမထိုက်။

၅၂၆။　လှည်း၊ လှေနှစ်ဖြာ၊ နွားခြံမှာ၊ ဝါကပ်ရသည်ချည်း။

လမ်းခရီးသွားဆဲဖြစ်သော လှည်းဝိုင်း၊ သွားဆဲဖြစ်သောလှေသင်္ဘော,နွားကျောင်းသားတို့နေရာ နွားခြံဌာနတို့၌လည်း ဝါကပ်ရ၏။။ (ဝိ၊၃။၂၁၁။ ဝိ၊သင်္၊ဟ။၂၁၅။)

၅၂၇။　ရွာ၌ကပ်ရာ၊ ရွာသွားရာ၊ မကွာလိုက်သတည်း။

ရွာ၌ ဝါကပ်ပြီးမှ တစ်စုံတစ်ခုသောဘေးရန်တို့ကြောင့် ဝါတွင်းမှာပင် ဌာနတစ်နေရာသို့ ထိုရွာပြောင်းရွှေ့သွားခဲ့သော် ရဟန်းသည်လည်း ထိုရွာသွားရာသို့လိုက်၍နေရ၏။ ဝါမပျက်။ (ဝိ၊၃။၂၀၇။)

၅၂၈။　ဝစီဘေဒ၊ အာလယ၊ ဒွယဝါကပ်နည်း။

ဝါကပ်နည်းသည် ဝစီဘေဒနှုတ်ကမ္မက်ဆို၍ ဝါကပ်နည်း၊ စိတ္တုပ္ပါဒ အာလယပြု၍ ဝါကပ်နည်းဟု နှစ်မျိုးရှိ၏။ (ဝိ၊သင်္၊ဟ၊၂၁၄။ ခုဒ္ဒသိက္ခာ၊ဋ္ဌီ။၁၇၅။ ခုဒ္ဒ။ဋ္ဌီ၊သစ်။၃၈၆။)

၅၂၉။　စကားပြည့်စုံ၊ မပြည့်စုံ၊ နှစ်ပုံ နုတ်မြွက်နည်း။

"ကျွမသွီ ဝိဟာရေ ကျွမံ တေမာသံ ဝသံ ဥပေမိ" ဟု စကားအပြည့်အစုံဆို၍ ဝါကပ်နည်း၊ 'ဝိဟာရ' 'တေမာသ' သဒ္ဒါမပါ

စေပဲ ''ကွာဝ ဝဿံ ဥပေမိ'' မျှရွတ်ဆို၍ စကားမပြည့်မစုံ ဝါကပ်နည်းဟု (၂)မျိုးရှိ၏။

၁။ အမိုးနှင့်ပြည့်စုံခြင်း၊
၂။ အကာနှင့်ပြည့်စုံခြင်း၊
၃။ တံခါးအိမ်–တံခါးဘွဲ့–တံခါးရွက်နှင့်ပြည့်စုံခြင်း၊
၄။ ဝါတွင်းသုံးလ အမြဲနေရန်ကျောင်းဖြစ်ခြင်း၊

ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသော ကျောင်းမျိုး၌သာ ပြည့်စုံသော ဝစီဘေဒကို မြွက်ဆို၍ ဝါကပ်ရမည်။

ကျောင်းမဟုတ်သောခရီးသွားဆဲ လှည်း,လှေ,သင်္ဘောတို့မှာ အမိုး,အကာ,တံခါးတို့နှင့်တကွ ယာယီကုဋီပြုလုပ်၍ ဝါကပ်ရာ၌ 'ကွာဝ ဝဿံ ဥပေမိ' ဤမျှသာဆို၍ ဝါကပ်ရမည်။ ထိုကဲ့သို့သော ကုဋီမျိုးကိုမျှ မရခဲ့သော် လှည်း,လှေ,အမိုးအတွင်းသို့ ဝင်၍ ''ကွာဝ ဝဿံ ဝသိဿာမိ'' ဟု စိတ်တူပြိဒ် အာလယမျှကိုပြု၍ ဝါကပ်ရမည်။ ကျောင်းမဟုတ်သောကြောင့် 'ဝိဟာရ' သဒ္ဒါကိုမဆိုရ။ (ဝိ၊သင်္ဂဟ။၂၁၆။ ဝိနယာလင်္ကာရ၊၁။၄၀၅။)

လှည်း,လှေ,သင်္ဘောတို့၌ပင် ဝါကျွတ်သည့်တိုင်အောင် နေရလိမ့်မည်ဖြစ်လျှင် တေမာသံ–သဒ္ဒါကိုဆိုသင့်ရာ၏။ အင်္ဂါနှင့်ပြည့်စုံသောကျောင်းမှာ ဝါကပ်ရာ၌ နုတ်မြွက်၍ မဆိုမိသော်လည်း ''ဤကျောင်း၌ သုံးလပတ်လုံး ငါနေမည်'' ဟု စိတ်ဖြစ်ခဲ့လျှင် ဝါကပ်ခြင်းပြီးမြောက်၏။ (ဝိ၊ဋ္ဌ၊၃။၃၅၅။)

လှည့်လည်သွားလာနေသော နွားခြံ,လှည်းတပ်,လှေတို့၌ ဝါကပ်သော**ရဟန်း**သည် နွားခြံ,လှည်းတပ်,လှေတို့သွားလာရာသို့ လိုက်၍နေရခြင်းကြောင့် ဝဿဆ္ဆေဒ ဒုက္ကဋ်အာပတ်မသင့်။ ပဝါရဏာပြုခွင့်လည်းရ၏။ (ဝိ၊ဋ္ဌ၊၃။၃၅၄။ ဝိ၊သင်္ဂဟ။၂၁၆။)

===ooo===

ဝါကျိုးဝါပြတ်ခြင်း အကြောင်းကိစ္စ

==========

၅၃၀။ ဝါကျိုးပြတ်သော်၊ ထိုဝါနော်၊ ရေသော် ရ, မရ။
အချို့ဆရာတို့၏ အယူအဆများကား ‘‘ဝါကျိုးပြတ်သော ရဟန်းသည် ထေရ်စဉ် ဝါစဉ် အရိုအသေခံယူသောအခါဖြစ်စေ၊ ဥပုသ်ပဝါရဏာကို သာယာသောအခါဖြစ်စေ ထိုကျိုးပြတ်သောဝါကို ထည့်၍ မတွက်ရ၊ ကျိုးပြတ်သောဝါကို ထည့်တွက်၍ အကြိုးအကဲအဖြစ်ဖြင့် အရိုအသေခံယူခြင်း၊ ဥပုသ်ပဝါရဏာကို သာယာခြင်းသည် ‘သံဝါသ ထေနက’ – ပေါင်းသင်းဆက်ဆံမှုကို ခိုးရာရောက်သည်’’ဟု ယူဆကြသည်။

ဤကျမ်းပြုသူ၏ ဆရာတော်တို့၏ အလိုကား ‘‘ဘုရားရှင်သည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့အား ဝါကပ်ရန် ခွင့်ပြုပညတ်တော်မူချက်ဖြစ်၍ ဘုရားရှင်၏ ဝေဠုဝန်ကျောင်းတော်ဝယ် ဝါဆိုရာ ဒုတိယဝါ, တတိယဝါ, စတုတ္ထဝါ, သတ္တရသမဝါနှင့် ဝိသတိမဝါဟူ၍ ငါးဝါတို့ရှိသည်အနက် ဝိသတိဝါမှ တစ်ပါး ကျန်လေးဝါတို့တွင် တစ်ဝါဝါ ဝါဆိုချိန်၌ ဝါကပ်ရန် ခွင့်ပြုတော်မူချက် ဖြစ်နိုင်သောကြောင့် ဝါကပ်ရန် ခွင့်ပြုတော်မမူမီ နေခဲ့သော နှစ်များကို ‘‘ဝါအဖြစ် ထည့်သွင်း၍ မရေတွက်အပ်ပြီလော?

အရှင်ကောဏ္ဍညမထေရ်အား ‘‘ရတ္တညူ’’ဟု ဇတဒဂ်ရာထူး ပေးရာမှာလည်း ဘုရားရှင်၏ တပည့်များအနက် အရှင်မြတ်ထက် အရင်စောခဲ့၍ ရဟန်းပြုသူမရှိဘဲ အရှင်မြတ်သည်သာ ပဌမဆုံး ရဟန်းပြုသူဖြစ်လျှက် ရဟန်းဖြစ်ရာ အချိန်ကာလ ကြာမြင့်စွာသော ညဉ့်တို့ကို သိသူဖြစ်သောကြောင့် ထိုရတ္တညူဇတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူခြင်း ဖြစ်ပါသည်။

ဝါကျိုးဝါပြတ်မပါဘဲ ရရှိထားသော ဝါတို့ကိုရေတွက်၍ ‘ဝါ

အကြီးဆုံး'အနေဖြင့် ချီးမြှင့်တော်မူခြင်းလည်း မဟုတ်နိုင်ချေ။ ဘုရားရှင်သည် ဖြစ်ပြီးခါစ ရဟန်းသစ်အား "တာဝဒေဝ ဆာယာ မေတဇ္ဇာ" စသည်ဖြင့် ရဟန်းရက်ချုပ်ကို ပြောကြားပေးရန် မိန့်မှာတော် မူခဲ့၏။ ထိုသို့ရဟန်းသစ်အား သူ၏ရဟန်းရက်ချုပ်ကို ပြောကြား ရခြင်းမှာ မိမိထက်အချိန်စော၍ ရဟန်းဖြစ်သူကို အရိုအသေပြုရန်, မိမိအောက်နောက်ကျမှ ရဟန်းဖြစ်သူ၏ အရိုအသေပြုမှုကို ခံယူနိုင် ရန်ဖြစ်၏။ အရင်ဖြစ်သောရဟန်းက ဝါကျိုးဝါပြတ်ဖြစ်နေ၍ နောက်မှဖြစ်သောရဟန်းက ဝါမကျိုး ဝါမပြတ်လျှင် အချို့ဆရာတို့၏အလိုအရ-ဝ်ဝ အရင်ဖြစ်သောရဟန်းက နောက်မှဖြစ်သောရဟန်းကို အရိုအသေပြုရ, ရှိခိုးရပေလိမ့်မည်၊ ထိုသို့ယူဆလျှင် ဘုရားရှင်၏ ရဟန်းသစ်အား ပြောကြားပေးရန် မှာသော 'တာဝဒေဝ ဆာယာ မေတဇ္ဇာ'စသော ရဟန်းရက်ချုပ်စကားသည် အဓိပ္ပါယ်မရှိ ဖြစ်သွားနိုင်ပါသည်။

"ဥပသမ္ပန္နော ကူဋဋဝဿံ ဂဏှန္တော ပိ အသမဏော နဟောတိ (ဝိ၊ ဋ္ဌ၊ ၃။ ၃၀၃)'ဟူသော ဝိနည်းမဟာဝါအဋ္ဌကထာ မဟာခန္ဓကလာ စကားနှင့် 'ကူဋဋဝဿံ ဂဏှန္တော'တိ ကူဋဋဝဿံ ဂဏှတွာ သံဝါသံ သာဒိယန္တော်တိ အဓိပ္ပါယော။ (သာရတ္ထ၊ ၃။ ၂၅၉)-ဟူသော သာရတ္ထဒီပနီဋီကာလာ စကားတို့အရ ရဟန်းသည် **ကောက်ကျစ်သောဝါ (မဟုတ်မမှန်သောဝါ)**ကို ရေတွက်၍ ပေါင်းသင်းဆက်ဆံမှုကို သာယာစေကာမူ ရဟန်းမဟုတ်တော့သည် မဟုတ်ပါ။ "အရိုအသေကို ခံယူခြင်း၊ ဥပုသ်ပဝါရဏာကို သာယာခြင်းကြောင့် 'သံဝါ[illegible]ဘနက'မဖြစ်ဟု ဆိုလို၏)။

ထို့ကြောင့် ဘုရားရှင်၏ ဝါဆိုဝါကပ်ခွင့်ပြု ပညတ်တော်မူချက်သည် မိုးရာသီ၌ ခရီးသွားလာနေကြသော ရဟန်းတို့နှင့်ပတ်သက်၍ လူတို့၏ အကြည်ညိုမဲ့ ကဲ့ရဲ့မှုမှ ကင်းဝေး၍ မိုးကာလဝယ် ပရိယတ်, ပဋိပတ်တရားများကို အားထုတ်နိုင်ကြစေရန် ခွင့်ပြုတော်မူခြင်း ဖြစ်၏။ ပုရိမဝါကပ်၍ ဝါကျိုးပြတ်မှု မရှိခဲ့လျှင် ဝါဆိုသက်နှံးလာဘ်, ကထိန်ခံထိုက် ကထိန်အကျိုးအာနိသင်များကို ရနိုင်ကြ၍ ဝါကျိုးပြတ်လျှင်ကား

ထိုဝါဆိုသက်န်းလာဘ်, ကထိန်မခံထိုက် ကထိန်အာနိသင်များကို မရနိုင်ကြ-ဟုသာ ပညတ်တော်မူခဲ့၏။ ဝါကျိုးဝါပြတ်ရဟန်းကား သက်ဆိုင်သော လာဘ်လာဘ, အကျိုးအာနိသင်တို့ကို မရသည်မှ တစ်ပါး သူ၏ရဟန်းဖြစ်ရာ နှစ်ကာလများ ယုတ်လျော့မသွားသော ကြောင့် ဝါကျိုးဝါပြတ်နှစ်ကိုလည်း ထည့်သွင်းရေတွက်ရမည်သာ ဖြစ်သည်။

၅၃၀။　ဝဿ, ရတ္တိ၊ ဆေဒဒို့၊ ကြောင်းရှိ အသီးသီး။

ဝါကျိုး ဝါပြတ်ခြင်းသည် ဝဿစ္ဆေဒ= ဆိုပြီးဝါပျက်ခြင်း၊ ရတ္တိစ္ဆေဒ= ဝါပန်သွားခြင်းဌ ဝါပျက်ခြင်း ဟူနှစ်မျိုးရှိ၏။

၅၃၁။　သုံးဆယ့်နှစ်သာ၊ ပါဠိလာ၊ ဝါပြတ် အကြောင်းတည်း။

ဆိုပြီးသော ဝါကို ဖျက်ထိုက်သော အကြောင်း (၃၂)ပါးရှိ၏။ (ဝိ၊၃။၂၀၆-၂၁၁။) ထို(၃၂)ပါးသော အကြောင်းတို့တွင် တစ်ခုခုသော အကြောင်းရှိနေခြင်းငှာလည်း အပ်၏။ ထိုအန္တရာယ်မရှိခဲ့လျှင် ဒုတိယ ဝါဌဆိုရ၏။ ဒုတိယဝါဌလည်း ထိုအန္တရာယ်ရှိခဲ့ပြန်သော် ဒုတိယဝါ မဆိုဘဲလည်း နေအပ်၏။

ကေနစိ အန္တရာယေန ပုရိမိကံ အနုပဂတေန ပစ္ဆိမိကာ ဥပဂန္တ္ဗာ (ဝိ၊ဋ္ဌ၊၃။၃၄၉။) ကေနစိ အန္တရာယေန-ဌ် ဝဿစ္ဆေဒ အကြောင်းစုတွင် ပါဝင်သောအန္တရာယ်စုကိုလည်းကောင်း၊ ထိုမှတစ် ပါးသော အန္တရာယ်စုကိုလည်းကောင်း ယူ။

အန္တရာယ်တစ်စုံတစ်ခုရှိခဲ့လျှင် ပုရိမဝါဌ် ဝါမကပ်ဘဲနေရ သည်ကိုပြဆိုသဖြင့် ဒုတိယဝါဌ်လည်း ထိုအန္တရာယ်မျိုးရှိခဲ့ပြန်လျှင် ဝါမကပ်ဘဲနေရ၏-ဟူသောအနက်သည်ပြီး၏။

သုံးဆယ့်နှစ်ပါးသော အကြောင်းဆိုသည်ကား---
သားရဲဘေး, မြွေကင်းဘေး, ခိုးသူဓားပြဘေး, ဘီလူး

သဘက်ဘေး, ဆွမ်းမပြည့်စုံခြင်း, ကျောင်းမပြည့်စုံခြင်း, ဆေးပစ္စည်း မပြည့်စုံခြင်း, မိမိနှင့်သပွါယဖြစ်သော ဆွမ်းပစ္စည်း ဆေးပစ္စည်းကို မရခြင်း, ပတိရူပဖြစ်သော ဒါယကာ ဥပါသကာ အလုပ်အကျွေးကို မရခြင်း, ဖြဟ္မစရိယအန္တရာယ်မျိုးကိုးပါး, အရပ်တစ်ပါး၌ သံဃာ ကွဲပြားရန် အားထုတ်မှုကို ကြားသိရခြင်း အစရှိသည်တို့တည်း။ ဤအကြောင်း စုတို့ တစ်ခုခုရှိခဲ့လျှင် ဆိုခဲ့ပြီးသော ဝါကို ဖြတ်၍ အရပ်တစ်ပါးသို့ သွားရ၏။

၅၃၂။ ညဉ့်ပြတ်ကြောင်းကား၊ အလွန်များ၊ ထင်ရှားကျမ်းဂန်လာ။
၅၃၃။ သီတင်းသုံးတော်၊ မိဘသော်၊ မခေါ်သွားထိုက်ပါ။

သီတင်းသုံးဘော်ငါးယောက်, မိဘနှစ်ပါးတို့၌ အကြောင်းရှိခဲ့သော် ကပ်ဝါယစကားနှင့် မပင့်မခေါ်သော်လည်း ဝါပန်၍ သွားအပ်၏။ ခုနှစ်ရက်ကို မလွန်စေမူ၍ ပြန်ရ၏။ (ဝိ၊ ၃။၁၉၉-၂၀၅။)

၅၃၄။ ထို့ပြင်သေသ၊ ကြွင်းသမျှ၊ ပင့်မှသွားထိုက်ရာ။
၅၃၅။ ကပ်ဝါယစကား၊ ပါရှိငြား၊ သွားအပ်သည်ချည်းသာ။

ထိုခုနှစ်ယောက်တို့မှ ကြွင်းကုန်သောသူတို့ ဖြစ်ခဲ့ကြမူ ပင့်ခေါ်မှ ရှိမှ ဝါပန်၍ သွားအပ်သည်။ ပင့်ခေါ်ရာ၌လည်း ကပ်ဝါယစကား ပင့်ခေါ်မှ ပါရှိမှ သွားအပ်သည်။ ကပ်ဝါယစကားနှင့် ပင့်ခဲ့လျှင် ဘယ်သူထံသို့မဆို ဝါပန်၍ သွားလျှင် သွားအပ်သည်ချည်းတည်း။ (ဝိ၊ ၃။၂၀၆။)

ကပ်ဝါယစကားဟူသည်– **ကတ္ထစ္ဆာမိ ဒါနဉ္စ ဒါတုံ။** သံဃာတော်အရှင်မြတ်တို့အား မည်သည့်ဝတ္ထုကို လှူ၊ဒါန်းလိုပါသည်။

ဓမ္မဉ္စ သောတုံ = ဟောကြားတော်မူသော တရားတော်ကို လည်းနာခံလိုပါသည်။

ဘိက္ခူ စ ပဿိတုံ = ရွှေမျက်နှာတော်ကိုလည်း ဖူးမျှော်လိုပါသည်။

– အန္တော သတ္တာဟေ ပဋိနိဝတ္တော်သာမိ၊
– သတ္တာဟဗ္ဘန္တရေ ပဋိနိဝတ္တ်သမိ–ဟု ဝါပန်။
သွားမည့်နေ့၌ ယနေ့ပြန်ခဲ့မည်၊ နက်ဖြန်ပြန်ခဲ့မည်ဟူ၍လည်း ကောင်း၊ ခုနှစ်ရက်အတွင်းပြန်ခဲ့မည်ဟူ၍လည်းကောင်း၊ ရှေ့အဖို့၌ နှလုံးသွင်းသည်ဖြစ်အံ့။ သွားခါနီး၌ ဒေလျှာ်၍ ဝါမပန်ဘဲ သွားသော်လည်း ဝါမပျက်။ (ဝိမတိ၊ ၂။၁၇၅။)

ဝါပန်၍ ထွက်သွားပြီးမှ ထီးမေ့ကျန်ခြင်း၊ ဘိနပ်မေ့ကျန်ခြင်း စသည်တို့ကြောင့် တိုက်တွင်းသို့တဖန်ပြန်ရောက်ခဲ့သော် ပန်ပြီးဝါပျက်၏။ ထိုသို့ပြန်ဝင်မိသည်ရှိသော် သည်နေ့၌ မသွားရပြီ။ တိုက်တွင်းမှာနေပြီး နက်ဖန်မှ ဝါပန်သွားရသည်။ **သည်နေ့၌ပင် တဖန် ဝါပန်၍ သွားခဲ့မိအံ့။** ဝါပျက်၏–ဟု ဆိုကြ၏။ ဆင်ခြင်။ (ဝိမတိ၊ ၂။၁၇၆။)

၅၃၆။ လဆန်းကိုးရက်၊ ဝါပန်ထွက်၊ ပြန်ရက် မရှိပြီ။

သီတင်းကျွတ်လဆန်း (၉)ရက်နေ့၌ သတ္တာဟာဆောင်၍ ဝါပန်ပြီး ထွက်သွားသောရဟန်းအား ရောက်ရာဌာနမှာ သတ္တမ အရုဏ်၌ ဝါကျွတ်သည်ဖြစ်၍ သတ္တာဟာကိစ္စအတွက်နှင့် ထိုတိုက်သို့ တဖန်ပြန်ခွင့် မရှိပြီ။ မပြန်လိုလျှင် နေရ၏။ ပြန်လိုလျှင် ပြန်ရ၏ ဟူလို။

အချို့ကား ဝါမပန်ဘဲ ထိုလဆန်း(၉)ရက်နေ့၌ ခရီးထွက်သွားကြ၏။ ငါတို့ကျေးဇူးရှင်ဆရာတော်ကြီးကား ဝါပန်၍ သွားရမည်–ဟု နှုတ်၏။

(ဝိ၊ ၃။၂၁၆။ ဝိ၊ ဋ္ဌ၊ ၃။၃၅၅။ သာရတ္ထ၊ ၃။၂၈၅။ ဝိမတိ၊ ဘ၊ ၁၆။ ဝိမတိ၊ ၂။ ၁၇၉။)

ဝါမပန်ဘဲ ခရီးထွက်ခြင်း

ဝါဆိုပြီး၍ ဝါပန်ခြင်းကိုမပြု 'ခုနှစ်ရက်အတွင်း၌ပြန်ခဲ့မည်' ဟူသော နှလုံးသွင်းကိုမျှ မပြုမိဘဲ တိုက်မှ ထွက်သွားခဲ့သော် ထို

အာရာမ်ကို လွန်သည်နှင့်တပြိုင်နက် ဝါပျက်၏။

ယခုနေ့ပင် ပြန်ခဲ့မည်အကြံနှင့် ဝါမပန်ဘဲထွက်သွားပြီး၍ တိုက်ပြင်သို့ရောက်မှ 'ယနေ့မပြန်သေးပြီ'ဟု အကြံဖြစ်ခဲ့အံ့။ အကြံဖြစ်ရာဌာနဌ် ဝါပျက်၏။

အာရာမ်မရှိသောကျောင်းတိုက်၌ အဆုံးစွန်သော ကျောင်းမှ ခဲတစ်ကျလွန်လျှင် ဝါပျက်၏။ (မဟာအဋ္ဌကထာ)

ဒုတိယခဲတစ်ကျလွန်မှ ဝါပျက်၏။ (မဟာဗုဒ္ဓဃောသ)

ဝါဆိုစည်း

အချို့သောသူတို့သည် အာရာမ်မရှိသော တောကျောင်း၌ ဝါဆိုကြသောအခါ အရှေ့အရပ်၌ ဘယ်သစ်ပင်အထိ စသည်ဖြင့် အရပ်ဏ် စောင့်ရှောက်ရန် အပိုင်းအခြားကို မှန်းထား၍ ဝါဆိုကြကုန်၏။ မှန်း ထား၍ရသည်မဟုတ်၊ ပြဆိုပြီးသော ခဲတစ်ကျအတိုင်းသာ အပိုင်း အခြားသွား၏။

ဝါဆိုပြီးလျှင် ဝါဆိုခွင့် ရှိ/မရှိ

ဝါဆိုလပြည့်ကျော်(၁)ရက်နေ့၌ ဝါဆိုသောရဟန်းသည် ထို ဝါဆိုသောနေ့၌ပင် သတ္တာဟကိစ္စရှိလျှင် ဝါပန်၍ သွားနိုင်သည်။ (ဝိ၊ ဋ္ဌ၊ ၃။ ၂၃၅။)

===OOO===

ဝါဒတစ်မျိုး

ဝါပန်၍ ခုနှစ်ရက်မစေ့မီ ဓုရနိုက္ခေပမရှိဘဲ နေရင်းကျောင်းသို့ ပြန်လာသောရဟန်းသည် နေရင်းကျောင်း၌ အရဏ်မတက်စေပဲ သတ္တာဟကိစ္စဖြင့် တစ်ဖန်ဝါပန်၍ သွားကောင်းသည်။ ယင်းသို့ပင် သွားကောင်းသော်လည်း မူလရက်နှင့် ဆက်၍ ခုနှစ်ရက်သာ နေရမည် (ဝိနိစ္ဆယ၊ဋ္ဌ။၂။၂၀၈။ ဝိနယဂဏ္ဌိဋ္ဌာနဝိနိစ္ဆယ။၁၉၂-၃။ အချို့သော ဆရာတော်များ)

ဝါဆိုနေ့မှ တစ်ပါးကုန်သောနေ့တို့၌ သတ္တာဟကိစ္စဖြင့် ခရီးသွားသော ရဟန်းသည် သတ္တာဟအတွင်းတွင် အမှတ်မရှိသော နေ့၌ သွားရာအရပ်မှ တဖန်ပြန်ခဲ့ပြီးလျှင် အရဏ်ကို မတက်စေမူ၍ သတ္တာဟကိစ္စပင် ရှိသော်လည်း သွားခြင်းငှာ မအပ်။ (ဝိမတိ၊၂။၁၆၆-၇။)

နှ ဟိ ဝိနယေ သဗ္ဗတ္ထ ယုတ္တိ သက္ကာ ဉာတုံ ဗုဒ္ဓဂါစရတ္တာ တိ ဝေဒိတဗ္ဗံ (ဝိမတိ၊၂။၁၅၂။) ဝိနည်းအဆုံးအဖြတ်သို့ရောက်လတ်သော် ခပ်သိမ်းသောအရာတို့၌ ယုတ္တိ ဥပမာမရှာရချေ။ ဝိနည်းသည် ဘုရားရှင်၏ ကျက်စားရာဖြစ်ခြင်းကြောင့် မိန့်ဆိုတိုင်းသာလျှင်မှတ်ရမည် ဟူသော ဝိနယောပဒေသ အရ ဝိနယဝိနိစ္ဆယဋ္ဌကာ၌ ယထာဝဿံ ဝသိတွာ အစရှိသည်ဖြင့် ဥပမာဆောင်၍ ဆုံးဖြတ်ခြင်းသည် မသင့်ဟုမှတ်ထင်ပေသည်။ (မဟာဝါဂဏ္ဌိ။)

ဝါတွင်း၌ ရဟန်းဖြစ်သောသာမဏေ

ပုရိမဝါကပ်သော သာမဏေသည် ပစ္ဆိမဝါမရောက်မီ အသက်နှစ်ဆယ်ပြည့်၍ ရဟန်းခံအံ့။ တဖန် ပစ္ဆိမဝါကပ်ရန်မလို ပဝါရဏာပြုခွင့်လည်းရ၏။ ဥတ်ကမ္မဝါစာဖြင့် ကထိန်သင်္ကန်းပေးရာ၌ ဂဏပူရက = ဂိဏ်းပြည့်လည်းဖြစ်၏။ ကထိန်အာနိသင်လည်းရ၏။(ဝိ၊ဋ္ဌ၊၃။၃၈၈။ ဝဇိရ။၄၈၉။)

ဝါကျွတ်သည့်အချိန်

ပုရိမဝါကပ်သောရဟန်းတို့သည် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ ပဝါရဏာပြုပြီး၍ သီတင်းကျွတ်လပြည့်နေ့အဆုံး အရုဏ်တက်၍ အထွက်(လပြည့်ကျော်) တစ်ရက်နေ့မှ ဝါကျွတ်သည်။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၄၈။ ဝဇိရ။၁၂၀။ သာရတ္ထ၊ ၂။၁၁၆။)

ပဝါရဏာပြုသော သီတင်းကျွတ်လပြည့်နေ့သည် ဝါတွင်းသုံးလ၌ အတွင်းဝင်သည့်၏အဖြစ်ကြောင့် မဟာပဝါရဏာနေ့၌ ပဝါရဏာပြု၍လည်းကောင်း၊ မပြုမူ၍လည်းကောင်း အရပ်တစ်ပါးသို့သွားသောရဟန်းတို့သည် သတ္တာဟကိစ္စ အကြောင်းရှိမှသာလျှင် ဝါပန်၍ သွားသင့်သည်၊ အကြောင်းမရှိဘဲ ဝါမပန်ဘဲသွားလျှင် ရတ္တိစ္ဆေဒလည်းဖြစ်သည်၊ ဒုက္ကဋ်အာပတ်လည်းသင့်သည်။ (ဝိမတိ၊ ၁။၁၆၃။ ဝိမတိ၊ ၂။၁၀၉။ သာရတ္ထ၊ ၂။၁၁၆။)

ပုရိမဝါကပ်၍ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့တိုင်အောင် ရတ္တိစ္ဆေဒ မဖြစ်ဘဲနေသောရဟန်းကို ပဝါရဏာမပြုသော်လည်း ဝါကျွတ်သောရဟန်းဟု ခေါ်ထိုက်သည်။ (သာရတ္ထ၊ ၂။၁၁၆)

ပဝါရဏာနေ့၌ ပါရိသုဒ္ဓိဥပုသ်ပြုရမည့်ရဟန်းများ

တတ္ထ မဟာပဝါရဏာယ ပဝါရိတာနံ သန္တိကေ ပစ္ဆိမိကာယ ဥပဂတေန ဝါ အနုပဂတေနဝါ ဆိန္နဝဿေန ဝါ စာတုမာသိနိယံ ပန ပဝါရိတာနံ သန္တိကေ ပုရိမိကာယ ဥပဂတေနဝါ အနုပဂတေန ဝါ ဆိန္နဝဿေန ဝါ ကာယသာမဂ္ဂီ ဒတွာ ‘‘ ပရိသုဒ္ဓါ အဟံ ဘန္တေ ‘ပရိသုဒ္ဓါ’တိ မံ ဓာရေထာ’’တိ တိက္ခတ္တုံ ဝတ္တာ ကာတဗ္ဗော။ (ကင်၊ ၉၄)

(က) သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ပဝါရဏာပြုကြကုန်သော ပုရိမဝါကျွတ်သော (ပဝါရဏာပြုပြီးသော ရဟန်းတို့

(၁၄၂) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

အထံ၌-

(၁) ပစ္ဆိမဝါ (ဒုတိယ) ဆိုသောရဟန်း၊

(၂) ဝါမဆိုဘဲနေသောရဟန်း၊

(၃) ဝါကျိုးဝါပြတ်သောရဟန်း၊

(ခ) တန်ဆောင်မုန်းလပြည့် ပစ္ဆိမပဝါရဏာနေ့၌ ပဝါရဏာပြုကြသော ပစ္ဆိမ (ဒုတိယ) ဝါကျွတ်ပြီးသော (ပဝါရဏာပြုပြီးသော) ရဟန်းတို့အထံ၌-

(၁) ပုရိမဝါကျွတ်ပြီးသောရဟန်း၊

(၂) ဝါမဆိုဘဲနေသောရဟန်း၊

(၃) ဝါကျိုးဝါပြတ်သောရဟန်းတို့သည် "ပါရိသုဒ္ဓိဥပုသ်" ပြုကြရမည်။

ရဟန်းတော်များအတွက်
မုချအားဖြင့် ဝါကျွတ်သောရက်

ရဟန်းတော်များအား ကထိန်ခင်းခြင်းငှါ ခွင့်ပြုတော်မူသော သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့သည် မုချအားဖြင့် ဝါကျွတ်သောနေ့ ဖြစ်ပါသည်။

= သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ပဝါရဏာပြု၍လည်းကောင်း၊ မပြုမူ၍လည်းကောင်း အရပ်တစ်ပါးသို့ သွားသော ရဟန်းတို့သည် သတ္တာဟကိစ္စအကြောင်းရှိမှသာလျှင် ဝါပန်၍သွားသင့်သည်၊ အကြောင်းမရှိဘဲ ဝါမပန်ပဲ သွားလျှင် ရတို့စ္ဆေဒလည်းဖြစ်သည်၊ ဒုက္ကဋ်အာပတ်လည်းသင့်သည်။ အကြောင်းကား ပဝါရဏာပြုသော သီတင်းကျွတ်လပြည့်နေ့သည်လည်း ဝါတွင်းသုံးလ၌ အတွင်း

ဝင်သည်၏ အဖြစ်ကြောင့်တည်း။ (ဝိနယပကိဏ္ဏကဒီပနီကျမ်း)

"အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ" (ဝိ၊၃။၃၅၂။) ဟူသော ပညတ်တော်ဒေသနာတော်သည် နိပ္ပရိယာယ ဒေသနာတော်ဖြစ်၍ ရဟန်းတို့အား သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ကထိန် မခင်းထိုက်၊ လုံးဝ ဝါကျွတ်ပြီးသော သီတင်းကျွတ် လပြည့်ကျော် အထွက်တစ်ရက်နေ့၌သာ ကထိန်ခင်းခြင်းငှါ ထိုက် သည်။

သို့ဖြစ်ခြင်းကြောင့် "သီတင်းကျွတ်လပြည့်ကျော် အထွက် တစ်ရက်နေ့၌သာ မုချ ဝါကျွတ်သည်" ဟု မှတ်ရပါမည်။

အဋ္ဌကထာ, ဋီကာတို့အလို အကျဉ်းချုပ်အဓိပ္ပါယ်

အဋ္ဌကထာအလို –

သီတင်းကျွတ်လဆုတ် (၁)ရက်နေ့၌ မုချ အလုံးစုံ ဝါကျွတ် သည်။

ဝဇိရဗုဒ္ဓိနှင့်သာရတ္ထဋီကာတို့အလို –
သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌
တစ်စိတ် တစ်ဒေသအားဖြင့် ဝါကျွတ်သည်။
သီတင်းကျွတ်လဆုတ် (၁)ရက်နေ့ကျမှ အလုံးစုံ ဝါကျွတ် သည်။

ဝိမတိဋီကာအလို –
ပဝါရဏာနေ့၌ ဥပစာနည်းအားဖြင့် ဝါကျွတ်သည်။
လဆုတ် (၁)ရက်နေ့ကျမှ မုချအားဖြင့် ဝါကျွတ်သည်။

===ooo===

ဝါဆိုသင်္ကန်းဆိုင်ရာ သိမှတ်စရယ်

ဝါဆိုသင်္ကန်း အစီအရင်လျှောက်လွှာပါဘုရား

"ဝဿံ ပရိစ္ဆိန္နိတ္တာ ဝသန္တီတိ ဝဿာဝါသာ၊
ဝဿာ ဝါသာနံ အရဟတီတိ ဝဿာဝါသိကံ"။

ဟူသော ဝစနတ္ထ ဝိဂ္ဂဟနှင့်လျှာညီစွာ တံတိုင်းမျဉ်းတားဖြင့် ပိုင်းခြားကန့်သတ်အပ်သော ကျောင်းတိုက်တစ်ခုအတွင်းဝယ် ဝါဆို ဝါကပ် ဝါမပြတ် ဝါမကျိုး ကျင့်သိက္ခာညှိုးတော်မမူကြဘဲ ပြည့်ဖြိုးသော ကျင့်ဝတ်ဖြင့် ဝါကျွတ်တော်မူသော အရှင်မြတ်တို့သာ ရယူခြင်းငှါ ထိုက်တန်ရာသော ဗျူဟာပွတ်နိမိတ် ဂုဏ်ဟိတ်အရအားဖြင့်လည်းကောင်း၊

"ဝဿာ ဝါသာနံ ဣဒံ ဝဿာဝါသိကံ"

ဟူသော ဝိဂြိုဟ်ဝစနတ် မိန့်ဆိုအပ်သည်နှင့်အညီ ဝါဆိုပြီးနောက် ဝါမပျောက်အောင် စောင့်ရှောက်ကျင့်သုံး နောက်ဆုံးပဝါရဏာ တိုင်ရာမစဲ ဝါကျွတ်ပွဲ၌ နွဲ့၍ပါဝင် အရှင်တို့သာ ပိုင်ဆိုင်ရာသော သင်္ဘောသတ္တိ ပဝတ္တိနိမိတ် တဒ္ဓိတ်အစီအရင်အားဖြင့်လည်းကောင်း၊ ဝဿာဝါသိက မဂဓအမည်ရ၍ လောကဝေါဟာရ မြန်မာ့အလို "ဝါဆိုသင်္ကန်း" ဟူသောအားဖြင့် ထင်ရှားသောသင်္ကန်းဖြစ်လေရာ။

"အဋ္ဌမာ ဘိက္ခဝေ မာတိကာ စီဝရဿ ဥပ္ပါဒါယ သီမာယ ဒေတိ" (ဝိ၊ ၃။၄၂၂ရ။) အစရှိသော ဝိနည်းမဟာဝဂ် စီဝရက္ခန္ဓကပါဠိ လာရှိသည်နှင့်အညီ သင်္ကန်းဖြစ်ရာ ရှစ်ဖြာသော မာတိကာတို့တွင် ဝဿံဝုဋ္ဌ သံဃဿ ဒေတိ–ဟူသော မာတိကာတွင်ပါဝင်သည့် သင်္ကန်းမျိုးဖြစ်ပါသည်ဘုရား။

ထိုဝါဆိုသင်္ကန်းသည် အဆိုပါ သာမညလက္ခဏာအားဖြင့် တစ်ပါးသာဖြစ်သော်လည်း ''သစေ သံဃိကော စ သဒ္ဓါဒေယ္ယော စာတိ ဒွေ စီဝရပစ္စယာ'' (ဝိ။ဋ္ဌ။၄။၇၀)ဟူသော စူဠဝဂ္ဂ သေနာသနက္ခန္ဓက အဋ္ဌကထာပါဠိ မိန့်မှာအပ်သည့်နှင့်အညီ။

(၁) ဝါဆိုသင်္ကန်းအလို့ငှါ ထာဝရရည်မှန်း၍ လှူဒါန်း တည်ဆောက်အပ်သော လယ်ယာဗိမာန် အာရာမ်ဥယျာဉ် သစ်ပင် စသည်တို့မှ ဖြစ်ပေါ်လာသော ဝါဆိုသင်္ကန်းတစ်မျိုး။

(၂) ဝါဆိုဝါကပ် ပြုအပ်ရာအခါ တိုက်ဆိုင်လာပါမှ သဒ္ဓါစွမ်းအားဖြင့် ဟားသမျှ လှူလာကြသော သဒ္ဓါဒေယျ ဝါဆိုသင်္ကန်း တစ်မျိုးဟူ၍ ပစ္စယဘေဒအားဖြင့် ဝါဆိုသင်္ကန်းအပြား နှစ်မျိုးနှစ်စား နှစ်ပါးရှိပါသည်ဘုရား။

ထိုမှတစ်ပါး ''ကတပရိကမ္မဟိ အာသင်္ဃဿ ပဋ္ဌမိတော ပဋ္ဌာယ ဝဿာဝါသိကံ ပုစ္ဆိတဗ္ဗံ'' (ဝိ၊ဋ္ဌ၊၄။၆၈။) စသော ဝိနယ စူဠဝဂ္ဂ သေနာသနက္ခန္ဓက အဋ္ဌကထာမိန့်အပ်သည့်နှင့်အညီ။

(၁) ဝါဆိုလဆန်း (၅)ရက်နေ့မှစ၍ ဝါမဆိုခင် ကြိုတင်စုံစမ်း ထောက်လှမ်းအပ်သော ''ပုစ္ဆိတဗ္ဗ'' ဝါဆိုသင်္ကန်းတစ်မျိုး။

(၂) ပကတိလှူနေကျဖြစ်၍ငင်း၊ အချင်းခပ်သိမ်း ပေးလှူသူ မဟုတ်၍ စုံစမ်းထောက်လှမ်းခြင်း မပြုရဘဲ အလိုအလျောက် သဒ္ဓါပေါက်၍ မိုးပေါ်ကျရောသဖွယ် စင်ကြယ်စွာ ဆိုက်ရောက်လာသော ''သဒ္ဓါဒေယျ'' ဝါဆိုသင်္ကန်းတစ်မျိုးဟူ၍ သတုပ္ပါဒကရဏအားဖြင့် နှစ်မျိုးနှစ်စားပင် ရှိပါသည်ဘုရား။

ထိုမှတဖန် ''ဝဿံ ဝုဋ္ဌသံဃသဿ ဒေတိတိ ဝိဟာရံ ပဝိသိတွာ ကွမာနိ စီဝရာနိ ဝဿံဝုဋ္ဌသံဃသဿ ဒမ္မိတိ ဒေတိ (ပ) သစေ ပန ဗဟိဥပစာရ သိမာယံ ဌိတော ''ဝဿံ ဝုဋ္ဌသ သံဃသဿ

ဒမ်မီတိ ဝဒတိ၊ သမ္ပတ္တာနံ သဗ္ဗေသံ ပါပုဏာတိ'' (ဝိ၊ဋ္ဌ၊၃။၄၂၄။) စသော ဝိနယမဟာဝဂ် စီဝရက္ခန္ဓက အဋ္ဌကထာ မိန့်မှာအပ်သည် နှင့်အညီ။

(၁) အာရာမ်ကျောင်းတိုက်အတွင်းသို့ သက်ဆင်းဝင်ရောက်ကာ လှူဒါန်းလာသော အန္တောပဝိသဒါန ဝါဆိုသက်နှံးတစ်မျိုး။

(၂) အာရာမ်ပြင်ဘက်တည်လျက် ဆက်ကပ်လှူဒါန်းအပ်သော ဗဟိဒ္ဓတဒါန ဝါဆိုသက်နှံးတစ်မျိုးဟူ၍ လှူရာဌာန ပဘေဒ အားဖြင့် နှစ်မျိုးနှစ်စား နှစ်ပါးပင် ရှိပါသည်ဘုရား။

ထိုတွင် အာရာမ်အပြင်ဘက်၌ ဆက်ကပ်လှူဒါန်းအပ်သော ဝါဆိုသက်နှံးမျိုးကို ဆဲ့နှစ်တောင်တွင်း ချဉ်းလာသမျှ ဝါရပြီး ဝါရှိပြီး အသီးသီးသော ရဟန်းသာမဏေတို့သာ ခွဲဝေခံယူထိုက်ပါသည်။

အာရာမ်ကျောင်းတွင်း သက်ဆင်းချဉ်းကပ် လှူလာအပ်သော ဝါဆိုသက်နှံးမျိုးကိုမူကား ကာလအလျောက် ကျမ်းဂန်ကို ချဉ့်ထောက်၍ ရောက်သင့်သည့်နည်းလမ်းဖြင့် ခွဲခြမ်းဝေဘန်ရမည်ဖြစ်ရာ။

''သေနာသနဂ္ဂါဟာပကေန ပန ပါဠိပဒ အရဏာတော ပဋ္ဌာယ ယာဝ ပုန အရဏံ နာ ဘိဇ္ဈတိ၊ တာဝ ဂါဟေတဗ္ဗံ'' (ဝိ၊ဋ္ဌ၊၄။ ရာ။) ဟူသော သေနာသနက္ခန္ဓက အဋ္ဌကထာနှင့်အညီ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှစ၍ ဝါခေါင်လပြည့်နေ့တိုင်အောင် တစ်လအတွင်း၌ ''ဝဿံဝုဋ္ဌ သံဃသ္သ ဒေမ''ဟူ၍၎င်း၊ ''ဝဿာဝါသိကစီဝရံ ဒေမ'' ဟူ၍၎င်း၊ ''ဝဿံ ဝသန္တာနံ ဒေမ''ဟူ၍၎င်း၊ မြွက်ဆိုလှူဒါန်းအပ်သည်ရှိသော် ပုရိမဝါကပ်၍ ဝါမပြတ် ဝါမကျိုးသော ရဟန်းသာမဏေတို့သာ ခံယူရာပါသည်။ ဝါကျိုးဝါပြတ် ဝါမကပ်သူနှင့် ပစ္ဆိမဝါသားတို့ ခံယူခွင့် မရှိပါကုန်။

အကယ်၍ ခံယူပြီးဖြစ်လျှင် ..... ယဒိ ဟိ တံ ပုရေ ပဝါရဏာယ စီဘဇ္ဇိ ယေန ဂဟိတံ၊ တေန ဆိန္နဝဿေန နာ ဘဝိတဗ္ဗံ၊

သစေ ပန ဟောတိ၊ တံ စီဝရံ သံဃိကမေဝ ဟောတိ၊ (ဝိ၊ဋ္ဌ၊၂။ ၃၀၀ရ။) ဟူသော အစ္စေကစီဝရသိက္ခာပုဒ် ထုတ်ဆိုအပ်သည်နှင့်အညီ ဝါကျိုးဝါပြတ်သူတို့ခံယူပြီး သင်္ကန်းကို သံဃိကသာဖြစ်၍ သံဃာအား တဖန်ပြန်လည် ပေးအပ်ရပါသည်။

ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့တိုင်အောင် နှစ်လအတွင်း၌ အထက်နည်းတူ မြွက်ဆိုလှူဒါန်းအပ်သည်ရှိသော် ပုရိမဝါသား ပစ္ဆိမဝါသား နှစ်ပါးသော ရဟန်းသာမဏေတို့ ခွဲဝေယူသင့်ပါသည်။

သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် စီဝရမာသ တစ်လအတွင်း၌ ''ဝဿံဝုဋ္ဌ သံဃဿ ဒေမ''ဟူ၍ မြွက်ဆိုလှူဒါန်းအပ်သည်ရှိသော် ပုရိမဝါသား ရဟန်းများတို့သာ ခံယူပိုင်ဆိုင်ခွင့် ရှိပါကုန်သည်။

ထိုစီဝရမာသ တစ်လအတွင်း၌ ''ဝဿံ ဝသန္တာနံ ဒေမ''ဟူသော စကားအထူးဖြင့် ဆက်ကပ်လှူဒါန်းလာပါလျှင် ကထိန်ခင်းသည်ဖြစ်စေ၊ မခင်းသည်ဖြစ်စေ ပုရိမဝါသား ရဟန်းများသာ ခံယူခွင့်ရှိပါသည်။ ကထိန်ခင်းပြီး ပုရိမဝါသားတို့သည်သော်လည်း ခံယူနိုင်ခွင့် မရှိပါကုန်။ (ကခ်ီ၊ဋ္ဌီ၊၂၉၉။)

ထိုစီဝရမာသ တစ်လအတွင်း၌ပင်လျှင် ''ဝဿာ ဝါသိကံ ဒေမ''ဟူ၍ သာမညစကားဖြင့် ဆက်ကပ်လှူဒါန်းလာပါလျှင် ကထိန်ခင်းသည်ဖြစ်စေ၊ မခင်းသည်ဖြစ်စေ ပုရိမဝါသား ပစ္ဆိမဝါသား နှစ်ပါးသောသံဃာတို့ ခံယူပိုင်ခွင့် ရှိပါကုန်သည်။ ဤသို့လျှင် စီဝရမာသ နှင့်ကြုံလျှင် လှူပုံလှူနည်း အသီးသီးဖြစ်၍ ခံယူသင့်သူတို့လည်း အသီးအသီး အနည်းနည်းဖြင့် ဖြစ်ကြပါကုန်သည်ဘုရား။

တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်အောင် ဆောင်းလေးလအတွင်း၌ ''ဝဿံဝုဋ္ဌ သံဃဿ

ဒေမ''ဟူ၍ မြွက်ဆိုလျှ၊ဒါန်းအပ်သည်ရှိသော် ထေရဝါဒအလိုအားဖြင့် ''အနတ္ထတေ ပန ကထိနေ အန္တော ဟေမန္တေ ဇဝွ ဝတ္ထာ ဒိန္နံ၊ ပစ္ဆိမဝဿံ ဝုဋ္ဌာနမိ ပါပုဏာတိတိ လက္ခဏာညှ၊ ဝဒန္တိ''ဟူသော (ဝိ၊ဋ္ဌ၊၃၊ ၄၂၄။) စီဝရကွန်က အဋ္ဌကထာနှင့်အညီ ကထိန်ခင်းလျှင် ပုရိမဝါသား အရှင်များသာ ပိုင်ဆိုင်ခွင့်ရှိ၍ ကထိန်မခင်းလျှင် ပစ္ဆိမဝါသား အရှင်များ ကလည်း ပိုင်ဆိုင်ခွင့်ရှိပါသည်။

မဟာအဋ္ဌကထာ ဝါဒအားဖြင့် ထိုဆောင်းလေးလအတွင်း ''ဝဿာဝါသိကံ ဒေမ''ဟူ၍ မြွက်ဆိုလျှ၊လာသည်ရှိသော် ''စီဝရမာသ သော ပစ္ဆာယံ ယာဝ ဟေမန္တာသ ပစ္ဆိမော ဒိဝသော၊ တာဝ'' ''ဝဿာဝါသိကံ ဒေမာ''တိ ဝုတ္တော ကထိနံ အတ္ထတံ ဝါ ဟောတု၊ အနတ္ထတံ ဝါ၊ အတီတဝဿံ ဝုဋ္ဌာန မေဝ ပါပုဏာတိ'' (ဝိ၊ဋ္ဌ၊၃၊ ၄၂၅။) ကခ်ီ ဋီကာသစ်–၂၉၉– ဟူသော စီဝရကွန်က အဋ္ဌကထာနှင့်အညီ ကထိန်ခင်းသည်ဖြစ်စေ၊ မခင်းသည်ဖြစ်စေ ပုရိမဝါ ပစ္ဆိမဝါတို့ကို ဝါကပ်၍ ဝါမကျိုး ဝါမပြတ်သော အရှင်တို့အား ခံယူပိုင်ဆိုင်ခွင့် ရှိပါကုန်သည်။

တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့ တိုင်အောင် နွေကာလ လေးလအတွင်း၌ ''ဝဿံဝုဋ္ဌ သံဃသ ဒေမ''ဟူ၍ မြွက်ဆို လျှ၊ဒါန်းအပ်သည်ရှိသော် ''သစေ ပန ဂိမှာနံ ပဌမဒိဝသတော ပဋ္ဌာယ ဇဝံ ဝဒတိ၊ တတြသမ္မုခီဘူတာနံ သဗ္ဗေသံ ပါပုဏာတိ'' (ဝိ၊ဋ္ဌ၊၃၊၄၂၄။)ဟူသော ယင်းအဋ္ဌကထာလာသည်နှင့်အညီ ကျောင်းတိုက်ဥပစာအတွင်းသို့ ရောက်လာသမျှ ဝါရ ဝါရှိ အားလုံး သက်ဆိုင်၍ ရယူပိုင်ဆိုင်နိုင်ခြင်း အလျှင်းမရှိပါကုန်။

ထိုသို့မဟုတ် ထိုပိဋ္ဌိသမယ နွေကာလ၌ပင်လျှင် ''ဝဿာ ဝါသိက စီဝရံ ဒေမ''ဟူသော လျှ၊နည်းတစ်မျိုးဖြင့် လျှ၊ဒါန်းအပ်သည် ရှိသော် ''ဂိမှာနံ ပဌမဒိဝသတော ပဋ္ဌာယ ဝုတ္တော ပန မာတိကာ

အာရောပေတဗ္ဗာ''(ဝိ၊ဋ္ဌ၊၃။၄၂၅။) ကခ်ီဋ္ဌီကာ ၂၉၉-ဟူသော ယင်းအဋ္ဌကထာပါဠိနှင့်အညီ အတိတ်ဝါ အနာဂတ်ဝါ နှစ်ပါးတို့၏ ကြားကာလဖြစ်၍ လှူဒါန်းသူ ဒါယကာအား မေးမြန်းခြင်းဟူသော မာတိကာသို့တင်ပြီးလျှင် ''ယထာ ဒါယကာ ဝဒန္တို၊ တထာ ပဋိပဇ္ဇိတဗ္ဗံ''ဟူသည်နှင့်အညီ လှူဒါန်းသူ ဒါယကာလျှောက်ဆိုသည့် အတိုင်း ဖြတ်ပိုင်း ဝေဖန်ခံယူစေရမည် ဖြစ်ပါသည်ဘုရား။ (၃၀၀-ကြည့်)

ဤသည်ကား အာရာမ်ကျောင်းတွင်း ချဉ်းကပ်ဝင်ရောက်၍ လျှောက်ဆိုလှူဒါန်းသည့် သင်္ကန်းနှင့်စပ်လျဉ်းသော အစိအရင်များ ဖြစ်ပါသည်ဘုရား။

ထိုမှတစ်ပါး ထိုဝါဆိုသင်္ကန်းကို စခန်းနေရာ အိမ်ဂေဟာသို့ ဒါယကာကြည်ဖြူ၍ ပင့်ယူဆက်ကပ် လှူဒါန်းအပ်သည်ရှိသော် ''သစေ ပန ဥဘတောပိ ဃရံ နေတွာ ဘောဇေတွာ သယမေဝ ပါဒမူလေ ဌပေတိ၊ ယံ ယဿ ဒိန္နံ တဒေဝ တဿ ဟောတိ''(ဝိ၊ဋ္ဌ၊၄။ရ၄၄။) ဟူသော ယင်းအဋ္ဌကထာပါဠိနှင့်အညီ လှူသူအလိုကျ ခံယူရသော ပုဂ္ဂိုလ်တို့ကိုသာ ပုဂ္ဂလိကအဖြစ်ဖြင့် ရယူသင့်သည်ဟု ခွင့်ပြုတော်မူပါသည်။

ထိုမှတစ်ပါး တတြုပ္ပါဒ သံဃိက ဝါဆိုသင်္ကန်းမျိုးဖြစ်ပါလျှင် အထက်ပါနည်းအတိုင်း ပိုင်းပိုင်းဆစ်ဆစ် စီစစ်ဝေဘန်အပ်သည်နှင့်အတူ လှူရာကာလ ပဓာနမပြုဘဲ ဝေဘန်ရာကာလ၌ ရယူပိုင်ဆိုင်သင့်သူ တို့အား ရွှေငွေဒင်္ဂါး, ပြောင်း, စပါးစသော အကပ်ိယဝေါဟာရကို ရှောင်ကြဉ်၍ ပိတ်ဖျင်ပန်းဆန် စသော ရုဋ္ဌိစကားဖြင့် ပိုင်းခြား သတ်မှတ်လျက် ပြုအပ်သော ကတိကဝတ်အားလျော်စွာ ညီညွတ်မှုတရားသင့်သည့်နည်းလမ်း အခန်းခန်းတို့ကို ကျမ်းဂန်အဆို ဘုရားရှင်အလိုကျ ဝေဖန်ရမည် ဖြစ်ပါသည်ဘုရား။

ဤနေ့ ဤရက်, ဤအချိန်တွင် ဤ ''မဟာဝိသုတာရာမ''

စာချကျောင်းတိုက်ကြီးအတွင်းသို့ သွတ်သွင်းဆောင်ယူ လှူဒါန်းလာသော ဤဝါဆိုသင်္ကန်းများသည်ကား နှစ်စဉ်ထာဝရ လှူဒန်းနေ ကြဖြစ်သော (----------)အလှူရှင် မိသားစုများ၏ စီးပွားလျှံဖိတ် သဒ္ဓါစိတ်ဖြင့် နိဗ္ဗာန်အမြိုက် ဆိုက်ဖို့ရည်မှန်း လှမ်းပို့ ရည်မှတ်လှူဒါန်းအပ်သည်ဖြစ်၍ သဒ္ဓါဒေယျ မိုးပေါ်ကျသင်္ကန်းဖြစ်၍ ဝါဆိုလပြည့်ကျော်တစ်ရက် အရုဏ်တက်သည်မှ နောက်တစ်နေ့၌ မွေ့မွေ့အားရမ်း သံဃာကိုရည်မှန်း၍ လှူဒါန်းသည်အားလျော်စွာ (ဤအာရာမ်အတွင်း) ပုရိမဝါကပ်၍ ဝါမပြတ် ဝါမကျိုး ပြည့်ဖြိုးသော ကျင့်ဝတ်များဖြင့် ဝါကျွတ်တော်မူကြသော သံဃာတော် အရှင်သူမြတ်တို့သာလက်ခံသိမ်းပိုက် ခံယူထိုက်သော သင်္ကန်းများဖြစ်ကြောင်းကို ဦးခေါင်းဝပ်လျှိုး ရှိခိုးညွတ်တွား လျှောက်ထားဝံ့ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။　(ပခုက္ကူမြို့၊ မဟာဝိသုတာရာမ၊ တိုက်အုပ် ဆရာတော် အရှင်နန္ဒိယမဟာထေရ်၏ ဘဝဖြစ်စဉ်နှင့် အမြုတေစာပေများ၊ စာမျက်နှာ-၃၀၈-၃၁၂။)

===ooo===

အဘယ်ကို ဝါဆိုသင်္ကန်းဟု ခေါ်ဆိုအပ်, သိမှတ်ထိုက်သနည်း?

ဝဿာဝါသိက- ဝါဆိုသင်္ကန်းဟူသည် သံဃိကကျောင်းကို မိုးအခါ၌ ကျောင်းယူစေခြင်းဖြင့် ကျောင်းယူ၍ နေသောရဟန်းတို့အား ကျောင်းဒါယကာတို့က မိမိကျောင်း၌ မိုးလ (ဝါတွင်း ၃-လ) ပတ်လုံးနေ၍ ကျောင်းကို သုတ်သင်ပြင်ဆင်ဖော်ရသည့်အတွက် ကျေးဇူးဆပ်သည့်အနေဖြင့်လည်းကောင်း၊ ကျောင်းဒါယကာ မဟုတ်သူတို့ကလည်း မိုးလပတ်လုံးနေ၍ ရဟန်းကျင့်ဝတ်ကို ဖြည့်ကျင့်ဖော်ရသည့်အတွက် ကြည်ညိုသဖြင့်လည်းကောင်း ဝါကျွတ်သောအခါ၌ လှူဒါန်းအပ်သော သင်္ကန်းတည်း။

ဝါဆိုသင်္ကန်း (၂)မျိုး

ဝဿာဝါသိက– ဝါဆိုသင်္ကန်းဟူသည် သဒ္ဓါဒေယျသင်္ကန်း၊ တတြုပ္ပါဒသင်္ကန်းဟူ၍ ၂–ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ယုံကြည်သဖြင့် (ဝါ) ကြည်ညိုသဖြင့် လှူအပ်သောဝါဆိုသင်္ကန်းသည် သဒ္ဓါဒေယျသင်္ကန်းမည်၏။ ကျောင်းဒါယကာစသည်တို့က ကပ်ိယကာရကတို့၏လက်၌ အပ်စပ်သောဝတ္ထုကို သုံးဆောင်ခြင်းအကျိုးငှါ လှူထားအပ်သော လယ်ယာ, ဥယျာဉ်, ခြံမြေ, တိုက်တာ, အိုးအိမ်စသော ဝတ္ထုတို့မှ ဖြစ်ပွားပေါ်ပေါက်လာသော ဝါဆိုသင်္ကန်းသည် တတြုပ္ပါဒသင်္ကန်းမည်။

ထိုတွင် သဒ္ဓါဒေယျသင်္ကန်းသည်– သဝိဟာရသင်္ကန်း, အဝိဟာရ သင်္ကန်းဟူ၍ နှစ်ပါးအပြားရှိသည်။ ထိုတွင် ကျောင်းဒါယကာတို့က လှူအပ်သောဝါဆိုသင်္ကန်းသည် သဝိဟာရသင်္ကန်းမည်၏။ ကျောင်းဒါယကာ မဟုတ်သူတို့က လှူအပ်သောသင်္ကန်းသည် အဝိဟာရသင်္ကန်းမည်၏။ မိုးအခါ၌ ကျောင်းယူစေခြင်းဖြင့် ကျောင်းယူ၍ နေသောရဟန်းတို့သည်လည်း အာဂန္တုကရဟန်း (=မိမိ၏ နေရာဟောင်းကို စွန့်ပြီး အရပ်တစ်ပါးသို့ သွား၍နေလိုသောရဟန်း) အာဝါသိကရဟန်း (=နေရာဟောင်း၌ပင် ဆက်၍နေသောရဟန်း)ဟူ၍ ၂–မျိုးရှိကုန်၏။

ထိုတွင် အာဂန္တုကရဟန်းသည် မိမိဝါဆိုလိုရာ ကျောင်းသို့ တစ်လခန့် ကြိုတင်၍ သွားရောက်ရမည်။ ဝါဆိုခါနီးမှ ကပ်၍မသွားရ။ အာဝါသိကရဟန်းတို့သည် စောစောကပင်လျှင် ကျောင်း၌ ကျိုးပြတ်သောအရာ, ကွဲအက်သောအရာတို့ကို ပြုပြင်ခြင်းစသည်ကို ပြုလုပ်ပြီးလျှင် ဝါဆိုလဆန်း (၅)ရက်နေ့မှစ၍ ဝါဆိုသင်္ကန်းလှူနေကျ ဒါယကာတို့ကို "သင်တို့၏ ဝါဆိုသင်္ကန်းကို ယူစေရာအခါသည် နီးကပ်ပြီ" ဟု ပြောဆို၍ ဝါဆိုသင်္ကန်းလှူနိုင်သည်, မလှူနိုင်သည်ကို မေးမြန်းရမည်။

ရှေးဦး မလျှုဖူးသေးသော ဒါယကာတို့ကို မမေးမြန်းအပ်။ ဒါယကာတို့၏ ဖြေကြား လျောက်ထားချက်အား လျော်စွာ ထိုထိုဒါယကာတို့၏ ကျောင်းဌ ရဟန်းတို့အတွက် ဝါဆိုသင်္ကန်းကို ယူစေရမည်။ အကယ်၍ ဒါယကာတို့က ''တပည့်တော်တို့၏ ဝါဆိုသင်္ကန်း ရသော ရောက်သော ရဟန်းသည် ဝါတွင်းသုံးလပတ်လုံး သောက်ရေကို တည်ပါစေ, ကျောင်း သို့ သွားသည့်လမ်းကို သုတ်သင်ရှင်းလင်းပါစေ, စေတီတော်ရင်ပြင်, ဗောဓိရင်ပြင်တို့ကို သုတ်သင်ရှင်းလင်းပါစေ, ဗောဓိပင်၌ ရေသွန်း လောင်းပါစေ''ဟု လျှောက်ဆိုကုန်သည်ဖြစ်အံ့၊ ထိုအကြောင်းကို ထိုဒါယကာ၏ သင်္ကန်း ရသော ရောက်သော ရဟန်းအား ဝါမဆိုမီ ကျောင်း ကို ယူစေရာအခါကပင် ပြောပြထားရမည်။

ကျောင်းမှ (၁)ယူဇနာ (၂)ယူဇနာအတွင်းရှိ ရွာ၌နေပြီး ကျောင်းအတွက် အသပြာစသော ဝတ္ထုကံကို အာရာမ်စောင့် စသည် တို့၏လက်၌ အပ်နှင်း၍ ဝါဆိုသင်္ကန်းကို လှူနေကျ ဒါယကာတို့ကိုကား မမေးမူ၍လည်း ထိုဒါယကာတို့၏ကျောင်း၌ ကျင့်ဝတ်ကိုပြု၍ သီတင်း သုံးနေသောရဟန်းအတွက် ဝါဆိုသင်္ကန်းကို ယူစေအပ်၏။ ထိုဒါယကာ တို့၏ကျောင်း၌ ပံသုကူဓုတင်ဆောင်ရဟန်း အကယ်၍ သီတင်းသုံးနေ သည်ဖြစ်အံ့၊ ထိုရဟန်းကိုမြင်၍ ကျောင်းဒါယကာတို့က ''တုမှာကံ ဝဿာဝါသိကံ ဒေမ'' ဟူ၍ လျှောက်ထားကုန်သည်ဖြစ်အံ့၊ ထိုပံသုကူ ဓုတင်ဆောင်ရဟန်းက သံဃာအားလှူရန် ပြောကြားရမည်။ အကယ်၍ ကျောင်းဒါယကာတို့က သံဃာအား လှူရန် အလိုမရှိကုန်သည်ဖြစ်အံ့၊ ''တုမှာကံယေဝ ဒေမ''ဟူ၍ လျှောက်ထားကုန်သည်ဖြစ်အံ့။ ထိုပံသုကူ ဓုတင်ဆောင်ရဟန်းက သဘာဂဖြစ်သောရဟန်းကို ''ကျင့်ဝတ်ကို ပြုကျင့်၍ ယူလော့'' ဟု ပြောဆိုအပ်၏။

ပံသုကူဓုတင်ဆောင်ရဟန်းသည် ''ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကံ သမာဒိယာမိ''ဟု ဆို၍ ဆောက်တည်ထား သောကြောင့် ဝါဆိုသင်္ကန်းသည်လည်း ဂဟပတိစီဝရဒါနပင် ဖြစ်ရကား ထိုရဟန်းအား မအပ်။

ဤသို့ သဒ္ဓါဒေယျဖြစ်သောသင်္ကန်း၌ အလှူရှင်ဒါယကာတို့ကို မေးမြန်းရမည်။ တတြုပ္ပါဒဝါဆိုသင်္ကန်း၌ကား ကျောင်းကို ခံယူစေခါနီး၌ ကပ္ပိယကာရကတို့ကို ''ဝါဆိုသင်္ကန်း ဖြစ်လတံ့လော'' ဟူ၍ မေးမြန်းအပ်ကုန်၏။ ကပ္ပိယကာရကတို့ကို ''ဝါဆိုသင်္ကန်း ဖြစ်လတံ့ပါဘုရား''ဟူ၍ လျှောက်ကြသည်ဖြစ်စေ၊ သင်္ကန်းမရှိ, သင်္ကန်းဘိုး ဝတ္ထုကား ရှိပါ၏ဟူ၍ လျှောက်ကြသည် ဖြစ်စေ၊ ဝါဆိုသင်္ကန်းရှိသောကျောင်းကို ယူစေအပ်သည်ပင် ပံသုကူဝတ်ဆောင် ရဟန်းက ကျောင်းကိုသာခံယူ၍ ပစ္စည်း (ဝါဆိုသင်္ကန်း)ကို စွန့်လျှင် ထိုပစ္စည်း (ဝါဆိုသင်္ကန်း)ကိုလည်း တစ်ပါးသောကျောင်း၌ မထည့်သွင်းအပ်၊ ထိုပရိဝုဏ်၌ပင်လျှင် မီးတင်းကုတ်၌သော် လည်းကောင်း, ရှည်သောဇရပ်၌သော်လည်းကောင်း၊ သစ်ပင်၏ အနီး၌သော်လည်းကောင်း တစ်ပါးသောရဟန်း၏အတွက် ခံယူစေသင့်၏။

မဟာပစ္စရီအဋ္ဌကထာ၌ကား ''ပံသုကူဝတ်ဆောင်ရဟန်းက သီတင်းသုံးနေထိုင်ဖို့ရန် ကျောင်းကို ယူသည်ရှိသော် ကျောင်းကို ယူစေသောရဟန်းက ထိုဝတ်ဆောင်ရဟန်းကို ''အရှင်ဘုရား ဤကျောင်း၌ ပစ္စည်း (ဝါဆိုသင်္ကန်း)သည်ရှိ၏။ ထိုပစ္စည်း (ဝါဆိုသင်္ကန်း)ကို အဘယ်သို့ ပြုရပါမည်နည်း''ဟု လျှောက်ထားရမည်။ ထိုပံသုကူဝတ်ဆောင်ရဟန်းက ''အောက်၌ အခြားသော ရဟန်းကို ယူစေလော့''ဟု ပြန်၍လျှောက်ထားရမည်။

ထိုဝတ်ဆောင်ရဟန်းက တစ်စုံတစ်ခုသော စကားကို မဆိုမူ၍သာလျှင် ကျောင်း၌သီတင်းသုံးနေသည်ဖြစ်အံ့၊ မိုးလပတ်လုံးနေပြီးသော ပံသုကူဝတ်ဆောင်ရဟန်း၏ ခြေရင်း၌ထား၍ ဝါဆိုသင်္ကန်းကို လှူကုန်သည်ဖြစ်အံ့၊ ထိုသင်္ကန်းကို ပံသုကူဝတ်ဆောင် ရဟန်းသည် ခံယူ သုံးဆောင်ကောင်း၏။ ''ဝဿာဝါသိကံ ဒေမ''ဟု ဆို၍ လှူကုန်သည်ဖြစ်အံ့၊ ထိုသင်္ကန်းကို ပံသုကူဝတ်ဆောင် ရဟန်းသည် မခံယူ မသုံးဆောင်ကောင်း၊ ထိုသင်္ကန်းကို

ထိုပံသုကူဝတင်ဆောင်ရဟန်း ဝါဆိုရာကျောင်း၌ မိုးလပတ်လုံး နေပြီးသော အခြားရဟန်းတို့သည်သာ ပိုင်ဆိုင်ထိုက်ကုန်–ဟု မိန့်ဆို၏။။ ကျောင်းမရှိ (= ကျောင်းဒါယကာမဟုတ်)သော ဒါယကာများက ဝါဆိုသင်္ကန်းလှူလျှင် ထိုသင်္ကန်းကို ဝါဆိုသင်္ကန်းမရှိသောကျောင်း၌ ယူစေရမည်။

သတ္တာဟာကရဏီယကိစ္စကြောင့် သွားသောရဟန်းတို့အား ဝါဆိုသင်္ကန်းကို သံဃာအားပန်ကြား၍ ပေးရမည်။ ပစ္ဆိမဝါကပ်သော နေ့၌ အခါကိုကြွေးကြော်၍ သံဃာစည်းဝေးပြီးသည်ရှိသော် တစ်စုံတစ်ယောက်သောဒါယကာက ဝါဆိုသင်္ကန်းကို လှူသည်ဖြစ်အံ့၊ အာဂန္တုကရဟန်းက သံဃထေရ်ဖြစ်လျှင် ထိုဝါဆိုသင်္ကန်းကို ထိုသံဃထေရ်အား ပေးရမည်၊ သီတင်းငယ်ဖြစ်လျှင် သမ္မုတိရသောရဟန်းက အာဝါသိက သံဃထေရ်ကို "အရှင်ဘုရား ဤသင်္ကန်းကိုအလိုရှိလျှင် ပထမရအပ်ပြီးသော အဖို့အစုကို စွန့်လွှတ်၍ ဤသင်္ကန်းကို ယူပါကုန်"ဟု လျှောက်ထားရမည်။ အာဝါသိကသံဃထေရ်က ပထမရအပ်ပြီးသော အဖို့အစုကို မစွန့်လျှင် ထိုသင်္ကန်းကို မပေးရ၊ စွန့်မှသာ ပေးရမည်၊ ဤနည်းဖြင့် ဒုတိယထေရ်မှစ၍ လဲလှယ်ပြီးလျှင် ဝါစဉ်အားဖြင့် ကျရောက်ရာအရပ်၌ အာဂန္တုကရဟန်းအား ပေးရမည်။

အကယ်၍ ပုရိမဝါကပ်ပြီးသော ရဟန်းတို့က ၂–ထည်သော သင်္ကန်းတို့ကို ဖြစ်စေ၊ ၃–ထည်သော သင်္ကန်းတို့ကို ဖြစ်စေ ၄–ထည်သော သင်္ကန်းတို့ကို ဖြစ်စေ၊ ၅–ထည်သော သင်္ကန်းတို့ကို ဖြစ်စေ ရခဲ့ကုန်သည်ဖြစ်အံ့၊ နောက်ထပ် ရအပ်သမျှသော အဝတ်သင်္ကန်းတို့ကို ဤနည်းအတိုင်း စွန့်စေ၍ အာဂန္တုကရဟန်းအား ညီမျှသော အဖို့ အစုဖြစ်သည့်တိုင်အောင် ပေးရမည်။ အာဂန္တုကရဟန်းအား ညီမျှ အောင်ပေးပြီးနောက် ကြွင်းကျန်သော အဖို့အစုကို မထေရ်ကြီးနေရာ၌ ပေးရမည်။ ဝါဆိုသင်္ကန်းရှိသောကျောင်း၌ ဝါကပ်ပြီးနောက် ထိုအရပ်၌ ဆွမ်း, ကွမ်း မပြည့်စုံကြ၍ "ငါ့ရှင်တို့

ငါတို့အားလုံး ဤကျောင်း၌နေကြလျှင် ဆွမ်းဖြင့် ပင်ပန်းကြကုန်၏။ နှစ်ဖွဲ့ခွဲရမူကား ကောင်းလေစွ၊ ဆွမျိုး, ဖိတ်မံသူရှိသောရဟန်းတို့က ထိုဆွမျိုး, ဖိတ်မံသူရှိရာ အရပ်၌နေ၍ ပဝါရဏာနေ့၌ လာ၍ မိမိအတွက် ရ-ရောက်သော ဝါဆိုသင်္ကန်းကို ယူလှည့်ကုန်''ဟု ကတိကဝတ်ပြု၍ အချို့သော ရဟန်းတို့က ဆွမျိုး, ဖိတ်မံသူရှိရာ အရပ်၌နေ၍ ပဝါရဏာနေ့၌လာ၍ ဝါဆိုသင်္ကန်းကို ခံယူလျှင် သံဃာအား ပန်ကြား၍ ထိုရဟန်းတို့အား ဝါဆိုသင်္ကန်းကို ပေးရမည်။ ကတိကဝတ်ရှိသောကြောင့်သာ ပေးရ သည်၊ အမှန်စင်စစ်သော်ကား ဝါကျိုး, ဝါပြတ်သောကြောင့် ဝါဆို သင်္ကန်းကို ပိုင်ဆိုင်ထိုက်သူများ မဟုတ်ကြ။

ကတိကဝတ်ရှိသောကြောင့် အာဝါသိကရဟန်းများက **မ**ပေးဘဲနေ၍ မရ၊ မပေးလို၍ ကန့်ကွက်တားမြစ်လျှင် ဘဏ္ဍာစား ထိုက်၏၊ မိုးလပတ်လုံးနေပြီးနောက် အရေပ်တစ်ပါးသို့ သွားလတ္တံ့သော ရဟန်းသည် ''အာဝါသိကရဟန်းတစ်ပါးပါးကို မိမိအတွက် ရ-ရောက်သော ဝါဆိုသင်္ကန်းကို မိမိကိုယ်စားယူရန် ပြောဆိုပြီး ရောက်ရာ အရပ်၌ လူထွက်သွားလျှင် ထိုသင်္ကန်းသည် သံဃိကဖြစ်၏။

အရပ်တစ်ပါးသို့ မသွားမီကပင် သင်္ကန်းရှင်ဒါယကာတို့ မျက်မှောက်၌ ထိုအာဝါသိကရဟန်းအား လှူလိုက်ရန် ပြောဆိုမှာ ထားခဲ့သည်ဖြစ်အံ့၊ ထိုသင်္ကန်းကို ထိုအာဝါသိကရဟန်း ပိုင်ဆို၏။ ကျောင်းဒါယကာများက ''ကြာဒံ ဝဿာဝါသိကံ အမှာကံ သေနာသနေ ဝုတ္ထဘိက္ခုနော ဒေမ''ဟုဆို၍ လှူအပ်သောသင်္ကန်းကို ထိုဒါယကာ၏ ကျောင်းကိုခံယူသော ရဟန်းသာ ပိုင်ဆိုင်၏။ ကျောင်းဒါယကာ၏ ချစ်ခင်မှုကို အလိုရှိသောကြောင့် ကျောင်းဒါယကာ၏ သားသမီး စသည်တို့က များစွာသောအဝတ်သင်္ကန်းတို့ကို ဆောင်ယူခဲ့၍ ''အမှာကံ သေနာသနေ ဒေမ''ဟုဆို၍ လှူကုန်သည်ဖြစ်အံ့၊ ထို အဝတ် သင်္ကန်းတို့တွင် တစ်ထည်သော အဝတ်သင်္ကန်းကိုသာ ထိုကျောင်း၌ ဝါကပ်သောရဟန်း ပိုင်ဆိုင်၍ ထိုမှ ကြွင်းသော အဝတ်သင်္ကန်းတို့သည် သံဃိကဖြစ်ကုန်၏။ ထိုသံဃိကသင်္ကန်းတို့ကို ဝါဆိုသင်္ကန်း၏တည်ရာ

အစဉ်အားဖြင့် ယူစေအပ်ကုန်၏။ ဝါဆိုသင်္ကန်း၏ တည်ရာအစဉ် မရှိခဲ့သော် မထေရ်ကြီး၏နေရာမှစ၍ ယူစေ အပ်ကုန်၏။

ကျောင်း၌ဝါကပ်သောရဟန်းကို အမှီပြု၍ဖြစ်သောကြည်ညိုမှုကြောင့် များစွာကုန်သော အဝတ်သင်္ကန်းတို့ကို ဆောင်ယူခဲ့၍ ''သေနာသနသဃ ဒေမ'' ဟုဆို၍ လှူကုန်သည်ဖြစ်အံ့၊ ထိုအဝတ်သင်္ကန်းတို့တွင်လည်း တစ်ထည်သော အဝတ်သင်္ကန်းကိုသာ ထိုကျောင်း၌ ဝါကပ်သောရဟန်း ပိုင်ဆိုင်၍ ထိုမှကြွင်းသော အဝတ်သင်္ကန်းတို့သည် သံဃိကဖြစ်ကုန်၏။ ထိုအဝတ်သင်္ကန်းတို့ကို ထိုရဟန်း၏ ခြေရင်း၌ထား၍ ''ဧတသ ဘိက္ခုနော ဒေမ'' ဟုဆို၍ လှူလျှင် ထိုအဝတ်သင်္ကန်းအားလုံးကို ထိုရဟန်းသာ ပိုင်ဆိုင်၏။

တစ်ဦးတည်းသော ဒါယကာအိမ်၌ ၁၀-တောင်ရှိသော ဝါဆိုသင်္ကန်းနှင့် ၈-တောင်ရှိသော ဝါဆိုသင်္ကန်းတို့ကို ''ဝဿာဝါသိကံ ပတ္တာဘိက္ခုနံ ဒေထ'' ဟုဆို၍ ပို့စေသည်ဖြစ်အံ့၊ ဝါဆိုသင်္ကန်း၏ တည်ရာအစဉ်သည်လည်း သာမဏေအား ကျရောက်သည်ဖြစ်အံ့၊ ကောင်းမြတ်သော အဖို့အစုကို သာမဏေအားပေး၍ နောက်ထပ် အဖို့အစုကို မထေရ်ကြီး၏နေရာ၌ ပေးအပ်၏၊ မထေရ်ကြီးနှင့် သာမဏေတို့ကို အိမ်သို့ပင့်၍ ဆွမ်းကပ်ပြီး ဒါယကာကိုယ်တိုင် အဝတ်သင်္ကန်းတို့ကို မထေရ်ကြီးနှင့် သာမဏေတို့၏ ခြေရင်း၌ အသီးအသီးထား၍ လှူအပ်သောသင်္ကန်းကိုသာ မိမိပိုင်ဆိုင်၏။

မဟာပစ္စရီအဋ္ဌကထာ၌လာသောနည်းကား- တစ်ဦးသော ၊ယကာအိမ်၌ သာမဏေငယ်အတွက် ဝါဆိုသင်္ကန်းကျရောက်၍ သင်္ကန်းရှင်ဒါယကာက ''တပည့်တော်တို့၏ ဝါဆိုသင်္ကန်းသည် အဘယ်ပုဂ္ဂိုလ်အတွက် ကျရောက်ပါသနည်း'' ဟု မေးလျှောက်သည်ဖြစ်အံ့၊ ''သာမဏေအတွက် ကျရောက်၏'' ဟု မပြောမူ၍ ''လှူသောအခါ၌ သိရလတ္တံ့'' ဟု ပြောဆိုပြီး လှူသောနေ့၌ မထေရ်ကြီးတစ်ပါးကို စေလွှတ်၍ သင်္ကန်းကို ဆောင်ယူစေရမည်။ အကယ်၍ ဝါဆိုသင်္ကန်း ကျရောက်သောရဟန်းက လူထွက်သည်မူလည်း ဖြစ်စေ၊ သေဆုံး

သွားသည်မူလည်း ဖြစ်စေ၊ သင်္ကန်းရှင် ဒါယကာများက ''တပည့်တော်တို့၏ ဝါဆိုသင်္ကန်းသည် အဘယ်ပုဂ္ဂိုလ်အတွက် ကျရောက်ပါသနည်း''ဟု မေးလျှောက်ကုန်သည်ဖြစ်အံ့၊ ထိုဒါယကာတို့အား ဟုတ်တိုင်းမှန်စွာ ပြောကြားအပ်၏။ ထိုဒါယကာတို့က သင်္ကန်းကျရောက်သောရဟန်း လူထွက်သွားကြောင်း၊ (သို့မဟုတ်) သေဆုံးသွားကြောင်း ပြောပြသောရဟန်းအား ''တုမှာကံ ဒေမ''ဟု ဆိုသည်ဖြစ်အံ့၊ ထိုသင်္ကန်းကို သတင်းစကားပြောကြားသော ရဟန်းသာ ပိုင်ဆိုင်၏။ ''သံဃဿ ဒေမ''ဟု ဆိုသည်ဖြစ်အံ့၊ သံဃာပိုင်ဆိုင်၏။ ''ဂဏဿ ဒေမ''ဟု ဆိုသည်ဖြစ်အံ့၊ ဂိုဏ်းပိုင်ဆိုင်၏။ ဝါကပ်ပြီးသော ရဟန်းတို့သည် ပံသုကူဝတ်ဆောင်တို့ချည်းသာ ဖြစ်ကုန်အံ့၊ အိမ်သို့ ပင့်ဆောင်၍ လှူအပ်သောဝါဆိုသင်္ကန်းကို ကျောင်း၏ အသုံးအဆောင်ကိုသော်လည်း ပြု၍ ထားရမည်၊ ခေါင်းအုံးအစရှိသည်တို့ကို သော်လည်း ပြုရမည်။ ဤကျင့်ဝတ်သည် ထိုကျောင်း၌ အမြဲနေသော ရဟန်းတို့ ပြုကျင့်ရာသော ကျင့်ဝတ်တည်း။ ဤဆိုအပ်ပြီးသည်ကား မဟာပစ္စရီအဋ္ဌကထာ၌ လာသောနည်းတည်း။

သီတင်းကျွတ်လဆန်း (၅)ရက်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ (၁၁)ရက်အတွင်း၌ (၁) စစ်တိုက်ရန် သွားမည့်သူ၊ (၂) အရပ်တစ်ပါးသို့ ခရီးသွားမည့်သူ၊ (၃) မကျန်းမာသူ၊ (၄) ကိုယ်ဝန်ဆောင်အမျိုးသမီး၊ (၅) သဒ္ဓါတရားအသစ်ဖြစ်သောသူ၊ (၆) ကြည့်ညှိခြင်း အသစ်ဖြစ်သောသူတို့က ''ဝဿာဝါသိကံ ဒဿာမိ'' ဟုဆို၍ လှူအပ်ရာသော သင်္ကန်းကို ပဝါရဏာမပြုမီ (ဝါမကျွတ်မီ) သော်လည်းကောင်း၊ ပဝါရဏာပြုပြီး (ဝါကျွတ်ပြီး)မှသော်လည်းကောင်း။ ခွဲဝေယူရမည်။ သို့သော် ပဝါရဏာမပြုမီ ခွဲဝေလျှင် ထိုသင်္ကန်းကို ယူသောရဟန်းသည် ဝါမကျိုး မပြတ်စေရ၊ ဝါကျိုးပြတ်ခဲ့သော် ထိုသင်္ကန်းသည် သံဃိကဖြစ်၍ သံဃာအား ပြန်ပေးရမည်။

ထိုသင်္ကန်းကို ရသောရဟန်းသည် သင်္ကန်းကာလ, (ကထိန်မခင်းအပ်သည်ရှိသော် သီတင်းကျွတ်လဆုတ် ၁-ရက်နေ့မှစ၍

တန်ဆောင်မုန်းလပြည့်နေ့အထိ ၁–လ၊ ကထိန်ခင်းအပ်သည်ရှိသော် သီတင်းကျွတ်လဆုတ် ၁–ရက်နေ့မှစ တပေါင်းလပြည့်နေ့အထိ ၅–လ) ကုန်ဆုံးသည့်တိုင်အောင် အဓိဋ္ဌာန်မတင်, ဝိကပ္ပနာ မပြုဘဲ သိုမှီးသိမ်းဆည်းထားကောင်း၏။ သုံးစွဲကောင်း၏။ ကထိန်ခင်းအပ် သည်ဖြစ်စေ၊ မခင်းအပ်သည်ဖြစ်စေ သီတင်းကျွတ်လဆုတ် (၁)ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ ၅–လအတွင်း၌ ရဟန်း ၁–ပါး ၂–ပါးစသည် ရှိသောကျောင်း၌ ''ဝဿာဝါသိကံ ဒေမ''ဟုဆို၍ လျှူအပ်သော သင်္ကန်းကို ထိုကျောင်းတိုက်အတွင်း၌ ဝါကျွတ်ပြီးသော ရဟန်းများသာ ပိုင်ဆိုင်၏။

တပေါင်းလဆုတ် (၁)ရက်နေ့မှစ၍ သီတင်းကျွတ်လပြည့် အထိ ၇–လအတွင်း၌ ''ဝဿာဝါသိကံ ဒေမ''ဟု ဆို၍လျှူလျှင် ''ဤဝါဆိုသင်္ကန်းသည် အတိတ်ဝါ၌ဖြစ်သလော၊ သို့မဟုတ် အနာဂတ် ဝါ၌ ဖြစ်သလော''ဟု မေးမြန်းရမည်။ ''အတိတ်ဝါ၌ ဖြစ်ပါသည်'' သို့မဟုတ် ''ဝါမှထသော ရဟန်းတို့အား လှူပါ၏''ဟု ဆိုသည်ဖြစ်အံ့၊ ထိုသင်္ကန်းကို ထိုကျောင်း၌ အတိတ်ဝါမှ ထပြီးသော ရဟန်းတို့သာ ပိုင်ဆိုင်ကုန်၏။ အရပ်တစ်ပါးသို့ ဖဲသွားသော ရဟန်းတို့ အတွက်လည်း သဘာဂရဟန်းတို့က ကိုယ်စားခံယူခွင့် ရှိကုန်၏။ ''အနာဂတ်ဝါ၌ ဖြစ်ပါသည်'' သို့မဟုတ် အနာဂတ်ဝါမှ ထလတ္တံ့ဖြစ်ကုန်သော ရဟန်းတို့အား လှူပါ၏''ဟု ဆိုသည်ဖြစ်အံ့၊ ထိုသင်္ကန်းကို မဝေသေးဘဲ သိမ်းဆည်းထား၍ ဝါဆိုမည့်နေကျမှ ခွဲဝေယူရမည်။

ရဟန်းတော်များက ''ကျောင်းသည် မလုံခြုံ၊ ခိုးသူဘေး ရှိ၏။ သိမ်းဆည်း၍ ထားခြင်းငှါလည်းကောင်း၊ ယူဆောင်၍ လှည့်လည်ခြင်းငှါလည်းကောင်း၊ မတတ်ကောင်း''ဟု ဆိုအပ်သည် ရှိသော် သင်္ကန်းရှင်ဒါယကာက ''သမ္မတ္တာနံ ဒမ်မိ''ဟု လျှောက်ဆို သည်ဖြစ်အံ့၊ ထိုလျှူသောနေ့၌ပင် ခွဲဝေယူအပ်၏။ အကယ်၍ သင်္ကန်း ရှင်ဒါယကာက ''ကွတော မေ ဘန္တေ တတိယေ ဝဿေ ဝဿာဝါသိကံ နာ ဒိန္နံ၊ တံ ဒမ်မိ''ဟု လျှောက်ဆိုသည်ဖြစ်အံ့၊ လွန်ခဲ့သော တတိယ

ဝါတွင်း၌ နေပြီးသောရဟန်းများသာ ပိုင်ဆိုင်ကုန်၏။ အကယ်၍ ထိုတတိယ ဝါတွင်း၌ နေပြီးသောရဟန်းများ အရပ်တစ်ပါးသို့ ဖဲသွားသောကြောင့် ထိုရဟန်းများနှင့် အကျွမ်းဝင်သော အခြားရဟန်းတစ်ပါးက ကိုယ်စားယူလျှင် ပေးရမည်။

ထိုရဟန်းတို့တွင် တစ်ပါးသာ အသက်ထင်ရှားရှိ၍ ကျန်ပုဂ္ဂိုလ်များ ပျံလွန်ကြ (သေဆုံးကြ)လျှင် အလုံးစုံသောသင်္ဃန်းကို ထိုရဟန်းတစ်ပါးတည်းသာ ရထိုက်၏။ ထိုရဟန်းများအားလုံး ပျံလွန် (သေဆုံး)ကြလျှင် ထိုသင်္ဃန်းသည် သံဃိကဖြစ်၏။ မျက်မှောက်ရှိ ရဟန်းများ ခွဲဝေယူထိုက်ကုန်၏။

ဝါဆိုသင်္ဃန်းကို မိုးလ (ဝါတွင်း ၃–လ)ပတ်လုံး ဝါမကျိုး, ဝါမပြတ်အောင် နေပြီးသောရဟန်းသာမဏေများသာ ပိုင်ဆိုင်ကုန်၏။ မှန်၏။ ဝါဆိုသင်္ဃန်းကို သာမဏေတို့အား ရဟန်းတို့နှင့် အညီအမျှ သာ ပေးအပ်၏။ ဝါဆိုလဆုတ် (၁)ရက်နေ့၌ ဝါဆိုပြီး၍ ပါဏာတိပါတ–စသောအမှုကိုပြုပြီးလျှင် ဝါခေါင်လဆုတ် (၁)ရက် နေ့အတွင်း၌ အာယတီသံဝရစိတ်ဖြင့် သရဏဂုဏ်ကို ပြန်၍ယူသော သာမဏေတို့သည် ပစ္ဆိမဝါကပ်သည်၏အဖြစ်ကြောင့် ဝါဆိုသင်္ဃန်းကို ပိုင်ဆိုင်ခွင့် ရှိကုန်၏။ ဝါခေါင်လဆုတ် (၂)ရက်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့ အတွင်း၌ သရဏဂုဏ်ကို ပြန်၍ယူသော သာမဏေတို့သည်ကား ဝါကျိုး ဝါပြတ်သည်၏ဖြစ်သောကြောင့် ဝါဆိုသင်္ဃန်းကို တရားဝင် ပိုင်ဆိုင်ခွင့် မရှိကြ၊ သံဃာအားပန်ကြား၍ သံဃာကပေးမှသာ ရယူနိုင်၏။ ရည်၍ လျှောက်အပ်သော ကထိန်သင်္ဃန်းကဲ့သို့ပင် ဝါဆိုသင်္ဃန်းသည်လည်း မအပ်။

(တိပိဋကဓရ–ပါဠိ+မြန်မာအဘိဓာန်၊ အတွဲ၊ ၁၆။ စာ– ၈၄၆–၈၅၁။)

===000===

ဝဿူပနာယိကကထာ
ဝါဆိုမှဆိုင်ရာ သိမှတ်ဖွယ်ရာများ ပြီး၏။

၄။ ပဝါရဏာကွန်ကရင့်
(ပဝါရဏာပြုမှုဆိုင်ရာ)

ပဝါရဏာပြုမှုဆိုင်ရာ မှတ်ဖွယ်

= ဝိ၊ ၃။ ၂၂၀-၂၆၄။ ဝိ၊ မြန်၊ ၃။ ၂၁၉-၂၅၉။
ဝိ၊ ဋ္ဌ၊ ၃။ ၃၅၆-၃၆၃။

= ဝဇိရ။ ၄ဂု၄-၅။ သာရတ္ထ၊ ၃။ ၂၈ဂု-၉။
ဝိမတိ၊ ၂။ ၁၈၀-၁။

သဗ္ဗညုဘုရားရှင်သည် ပဝါရဏာပြုမှုကို ကောသလနိုင်ငံ သာဝတ္ထိပြို့ ဇေတဝန်ကျောင်းတော်၌ ကောသလဇနပုဒ်ရှိ ကျောင်းတစ်ကျောင်း၌ ဝါကျွတ်ပြီးရောက်ရှိလာကြသော သန္နိဋ္ဌ၊ သမ္ဘတ္တ သမ္မဟုလရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူခဲ့ပါသည်။

ထိုသမ္မဟုလရဟန်းတို့သည် ဝါတွင်းသုံးလပတ်လုံး အချင်းချင်း စကားမပြောဘဲနေကြရန်- ဆွမ်းခံရွာမှ ပဌမဆုံး ရောက်ရှိသောရဟန်း ပြုကျင့်ရမည့် ကျင့်ဝတ်(၄)မျိုး၊ နောက်ဆုံးပြန်လာသောရဟန်း ပြုကျင့်ရမည့် ကျင့်ဝတ်(၉)မျိုးတို့ကို အချင်းချင်း ကတိကဝတ် ပြုကြပြီး ဝါကျွတ်သည်အထိ သီတင်းသုံးကြပါသည်။

သီတင်းကျွတ်ပြီး ဘုရားရှင်ထံ ရောက်လာကြသည့်အခါ ဘုရားရှင်က ယင်းတို့၏ ဖာသုကဝိဟာရကို မေးမြန်းတော်မူသဖြင့် လျှောက်ထားသည့်အခါ ထိုသမ္မဟုလရဟန်းတို့ နေခြင်းသည်-

၁။ ပသုသံဝါသ၊ ၂။ ဧဠကသံဝါသ
၃။ သပတ္တသံဝါသ ၄။ မှဂဇုတတိတ္ထိယသမာဒါန

ဖြစ်ကြောင်း ကဲ့ရဲ့တော်မူပြီး ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကိတ-ဟူသော အကြောင်းသုံးမျိုးတို့ဖြင့် ပဝါရဏာပြုခြင်းသည်- အညမညာနုလောမ အာပတ္တိဝုဋ္ဌာန, ဝိနယပုရေက္ခာရ ဖြစ်လိမ့်လတ္တံ့-ဟု မိန့်တော်မူပြီး ဝါကျွတ်ပြီးသော ရဟန်းတို့အား ပဝါရဏာပြုရန် ခွင့်ပြုတော်မူပါသည်။ (၂၂၀-၃)

= ပဝါရဏာပြုသည့်အခါ ရဟန်းတော်များအားလုံး ဆောင့်ကြောင့်ထိုင်၍ ပဝါရဏာပြုရမည်။ (၂၂၃-၂၂၄)

= ပဝါရဏာပြုပြီးသော ရဟန်းသည် ထိုင်နေမြဲထိုင်နေနိုင်သည်။ (၂၂၄)

၁။ အဓမ္မေန ဝဂ္ဂပဝါရဏာကံ

၂။ အဓမ္မေန သမဂ္ဂပဝါရဏာကံ

၃။ ဓမ္မေန ဝဂ္ဂပဝါရဏာကံ

၄။ ဓမ္မေန သမဂ္ဂပဝါရဏာကံ - ဟူသော ပဝါရဏာကံလေးမျိုးတို့တွင် ရှေ့သုံးမျိုးကို ဘုရားရှင် ခွင့်မပြု၊ နောက်ဆုံးတစ်မျိုးကိုသာ ဘုရားရှင် ခွင့်ပြုတော်မူသည်။ နောက်ဆုံးတစ်မျိုးကိုသာ ပြုရမည်။ (၂၂၄)

- ပဝါရဏံ ဒမ္မိ၊ ပဝါရဏံ မေ ဟရ၊ ပဝါရဏံ မေ အာရောစေဟိ၊ မမတ္ထာယ ပဝါရေဟိ-ဟုဆို၍ ဂိလာန ရဟန်းသည် ပဝါရဏာပေးရမည်။ (၂၂၅)
- ပဝါရဏာပေးသောရဟန်းသည် ဆန္ဒကိုလည်း ပေးရ မည်။ (၂၂၆)

ပဝါရဏာပြုရာ၌ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စ ပတ္တကလ္လတို့မှာ ဥပုသ်၌ပြုဆိုခဲ့ပြီးသော အတိုင်းပင်။ ။ ဥပေါသထသဿ တောနီ-နေရာ၌ **ပဝါရဏာယ** တောနီ-ဟုဆို။ ။ ဆန္ဒ ပါရိသုဒ္ဓိ ဥတုက္ခာနံ-၌ ဆန္ဒပဝါရဏာ ဥတုက္ခာနံ။ ။ ဥပေါသထော ယာဝတိကာ-၌ ပဝါ

ရဏာ ယာဝတိကာ။ ။ ပါတိမောက္ခံ ဥဒ္ဒိသိတုံ-၌ ပဝါရေတုံ။ ။ အဇ္ဇုပေါသထော ပန္နရသော-၌ အဇ္ဇ ပဝါရဏာ ပန္နရသီ-ဟု ပြင်၍ ဆိုလေ။ ။ နှစ်ယောက်ပြုရာ၌ ဥတ်ထားဘွယ်မရှိ။ အချင်းချင်းသာ ဘိတ်ကြားရသည်။

"အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ။ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿာမိ။ ။ ဒုတိယမ္ပိ၊ တတိယမ္ပိ" သီတင်းကြီး သုံးကြိမ်ဆို။ ။ သီတင်းငယ်က သာဓု-သာဓုဆို။ သီတင်းငယ်မှာ အာဝုသောနေရာ၌ ဘန္တေဆို။

သုံးယောက်ပြုရာ၌ ဥတ်ထား။ "သုဏာတု မေ အာယသ္မန္တာ။ အဇ္ဇ ပဝါရဏာ ပန္နရသီ။ ယဒါယသ္မန္တာနံ ပတ္တကလ္လံ။ မယံ အညမညံ ပဝါရေယျာမ"။ ။ဥတ်။ ။ ထို့နောက် ထေရ်စဉ်အတိုင်းပြု။ "အဟံ အာဝုသော ..... အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿာမိ။ ။ဒုတိယမ္ပိ၊ တတိယမ္ပိ။ ။ သာဓု=သာဓု"။ ။ လေးယောက် ပြုရာ၌လည်း ထိုနည်းအတိုင်းပင်။ အာယသ္မန္တာ နေရာ၌ အာယသ္မန္တော-ဟု သြနှင့်လာ၏။

ငါးယောက်ဖြစ်ခဲ့လျှင် သံဃပဝါရဏာပြု။ ။ "သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ"။ ။ သာမညဥတ်၊ တေဝါစိကစသည်ပြု လိုရာနှင့် ဆက်ဆံ၏။ ။ "**သံဃော တေဝါစိကံ ပဝါရေယျ**"။ ။ တေဝါစိကဥတ်။ ။တစ်ပါးချင်း ဒုတိယမ္ပိ၊ တတိယမ္ပိတိုင်အောင် သုံးကြိမ်စီဆို၍သာ ပြုရသည်။ ။ အန္တရာယ်ရှိခဲ့သော် အန္တရာယ်ကို ထောက်၍။ ။ "**ဒွေ ဝါစိကံ ပဝါရေယျ**။ ။ **သမာနဝဿိကံ ပဝါရေယျ**"ဟု လျော်ရာဥတ်ကိုထား။ ။ ဒွေဝါစိကဟု ဥတ်ထားလျှင် တစ်ပါးချင်း ဒုတိယမ္ပိတိုင်ရုံ နှစ်ကြိမ်စီသာပြု။ ။ ဧကဝါစိကံဟု

ဥတ်ထားလျှင် တစ်ပါး တစ်ကြိမ်စီသာပြု။ ။ သမာနဝဿိကံ–ဟု ဥတ်ထားခဲ့လျှင် ဝါတူချင်းပေါင်း၍ သုံးကြိမ်စီ။

''သံဃံ အာဝုသော ပဝါရေမိ''။ ။သံဃထေရ်ကြီး။
''သံဃံ ဘန္တေ ပဝါရေမိ''။ ။ကြင်းသံဃာစု။ ။ ဝဒန္တု မံ အာယသ္မန္တော–ကား အကြီး,အငယ် မခြားရ။

သာမဂ္ဂိညုပသ် သာမဂ္ဂိပဝါရဏာတို့ကိုမူကား တိုက်တာ အတွင်း၌ အဓိကရုဏ်းကြီးစွာဖြစ်နေ၍ ဥပုသ်ပဝါရဏာပင် မပြုဘဲ နေကြရသော တိုက်တာ၌ အဓိကရုဏ်းပြေငြိမ်းသောနေ့မှာ ထိုဥပုသ် ထိုပဝါရဏာ တို့ကို ပြုကြရကုန်၏။။ ။ ထိုတွင် ဥပုသ်မှာ တစ်နှစ်လုံးအတွင်း၌ ပကတိ ဥပုသ်နေ့တို့ကို ချန်လှပ်၍ ကြွင်းသောနေ့တို့၌ ပြုအပ် ၏။။ ရဟန်းဖြစ်ပါလျက် ဥပုသ်ပဝါရဏာမှုမျှား၌ မလိမ်မာခဲ့သော် အလွန် ရှက်ဘွယ် ကောင်းလှ၏။။ ထိုကြောင့် ဥပုသ်ပဝါရဏာတို့၌ အတန် ငယ် ကျယ်၍သွားပေသည်။

ဥပုသ်,ပဝါရဏာပြုပုံပြီး၏။

===ooo===

၃၄။ ပဝါရဏာအကြား

၅၀၈။ **သံဃ,ဂဏ၊ ပုဂ္ဂလ၊ သုံးဝ ပဝါရဏာ။**
သံဃပဝါရဏာ၊ ဂဏပဝါရဏာ၊ ပုဂ္ဂလပဝါရဏာ။

၅၀၉။ **တေး, ဒွေး, ဇက၊ ဝါစိကနှင့်၊ သမာနဝဿံ၊ ဤလေးတန်၊ ဆိုဟန် ပြားသည်သာ။**

ထေဝါစိကပဝါရဏာ, ဒွေဝါစိကပဝါရဏာ, ဇကစိကပဝါရဏာ, သမာနဝဿိက ပဝါရဏာ–ဟူ၍ ရွတ်ဆိုဟန် အခြင်းအရာအားဖြင့်

လေးပါး။ ။သမာနဝဿိကကို အခြားယူခဲ့လျှင် သုံးပါးဖြစ်၏။ သိမ်အပြင်တွင် ပဝါရဏာပြုသော သံဃာတစ်ရာ အရေအတွက်ရှိရာ၌ "သံဃံ ဘန္တေ ပဝါရေမိ" အစရှိသော စကားကို သုံးကြိမ်စီဆို၍ တစ်ပါးချင်းပြုသည်ကို **တေဝါစိကပဝါရဏာ** ဆိုသည်။ အန္တရာယ်ရှိလာ၍ သုံးကြိမ်စီဆိုခွင့် မရရာ၌ နှစ်ကြိမ်စီဆို၍ ပြုသည်ကို **ဒွေဝါစိက ပဝါရဏာ** ဆိုသည်။ နှစ်ကြိမ်စီမှ ဆိုခွင့်မရရာ၌ တစ်ကြိမ်စီဆို၍ပြုသည်ကို **ဧကဝါစိကပဝါရဏာ** ဆိုသည်။ အန္တရာယ်အတွက် အသီးသီး တစ်ပါးချင်း ဆိုခွင့်မရရာ၌ ဝါတူချင်းပေါင်း၍ ဆယ်ပါးတစ်တွဲ ငါးပါးတစ်တွဲ စသည်ဖြင့် ဆို၍ပြုသည်ကို သမာနဝဿိက ပဝါရဏာဆိုသည်။ ဥတ်ထားပုံ အသီးသီးရှိ၏။

၅၁၀။ **တေ:, ဒွေ:, ဧက၊ သမာန၊ သံဃပဝါရဏာ။**

ဤတေဝါစိကစသည် လေးပါးကား သံဃပဝါရဏာချည်း တည်း။

၅၁၁။ **စာတုဒ္ဒသီ,ပန္နရသီ,သာမဂ္ဂီ၊ သုံးလီနှေ့တွက်မှာ။**

ပဝါရဏာနေ့ ပြားသည်အတွက် စာတုဒ္ဒသီပဝါရဏာ စသည် သုံးလီပြား။ ။ ထိုနေ့စုကိုလည်း သီတင်းကျွတ်လဆန်း ၁၄–ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ အတွင်း၌သာမှတ်။

၅၁၂။ **နှစ်,သုံး,လေးပါး၊ ဂဏထား၊ ငါးပါး သံဃာသာ။**

ပဝါရဏာကံ၌ ရဟန်းနှစ်ပါး,သုံးပါး,လေးပါးသည် ဂဏပဝါ ရဏာမည်၏။ ရဟန်းငါးပါးရှိမှ သံဃပဝါရဏာခေါ်သည်။

၅၁၃။ **အကြွင်းဆိုဘွယ်၊ ဥပုသ်နှယ်၊ သွယ်သွယ် ခွဲစိတ်ဖြာ။**

ဥပုသ်ပဝါရဏာပြုပြီးသော သံဃာအများထံ၌ နောက်မှ ရောက်လာသော ရဟန်းအနည်းအများတို့ လျှောက်ကြားရသော အစီ

(၁၆၆) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော အရင် ဆိုဘွယ်အသွယ်သွယ်မှာ ဥပုသ်ခဏ်းဦးကဲ့သို့ ခွဲစိတ်ဖြာရာ၏။

ပဝါရဏာအပြားပြီး၏။

======



ပဝါရဏာ အမေးအဖြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

=====

ပဝါရဏာ အမေး/အဖြေ

= သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မန္တံ (ကုမာရံ) ဝိနယံ ပုစ္ဆေယျံ။ (ပုစ္ဆကာတ်)

= သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မတာ (ကုမာရေန) ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။ (ဝိဿဇ္ဇကာတ်)

မေး-၁။ ပကာရေဟိ ဒိဋ္ဌာဒီဟိ ဝါရေတိ သံဃာဒိကေ ဘဏာပေတိ ဘတ္တေ ကရောတိ ဇေတာယာတိ ပဝါရဏာ။

ဇေတာယ - သမဏာစရိယာယ = အာပတ်ညစ်ကြေး အပြစ်ဘေးကို ဆေးကြောသုတ်သင် ကင်းဝေးစင်ဖို့ စည်ပင်သတိ သမာဓိဖြင့် မိမိစွန့်ရေး ဆိုခွင့်ပေးခြင်းဟု ဆိုအပ်သော ရဟန်းကျင့်ဝတ် ဤတရားမြတ်ဖြင့်။ ဘိက္ခူ= ရဟန်းတို့ကို။ ဒိဋ္ဌာဒီဟိ= ဒိဋ္ဌအစရှိ ကုန်သော။ (၀ါ) ဒိဋ္ဌ, သုတ, ပရိသင်္ကာ-ဟူကုန်သော။ ပကာရေဟိ= အပြားတို့ဖြင့်။ ဝါရေဟိ= သံဃာ, ဂိုဏ်းဟု ပုဂ္ဂိုလ်စုသို့ ကောင်းမှုချည်းမှတ် အပြီးသတ်အောင် ဆည်းကပ်စေတတ်၏။ သံဃာဒိကေ= သံဃာ အစရှိသည်တို့သို့။ ဘဏာပေတိ= ဆည်းကပ်စေတတ်၏။ ဘတ္တေ= ဆည်းကပ်သည်တို့ကို။ ကရောတိ= ပြုတတ်၏။ ကတိတဿာ= ထိုသို့ ရဟန်းများစွာ ပြစ်ဝေးကွာအောင် သံဃာ, ဂိုဏ်းဟု ပုဂ္ဂိုလ်စုသို့ ကောင်းမှုချည်းမှတ် အပြီးသတ်အောင် ဆည်းကပ်စေကြောင်း၏ အဖြစ်ကြောင့်

ငတာယာတိပဒေန= ငတာယ–ဟူသော ဤပုဒ်ဖြင့်၊ နိဒ္ဒိဋ္ဌာ= ညွှန်ပြအပ်သော။ သာသမဏစရိယာ= အာပတ်ညစ်ကြေး အပြစ်ဘေးကို ဆေးကြောသုတ်သင် ကင်းဝေးစင်ဖို့ စည်ပင်သတိ သမာဓိဖြင့် မိမိစွန့်ရေး ဆိုခွင့်ပေးခြင်းဟူဆိုအပ်သော ရဟန်းကျင့်ဝတ် ထိုတရားမြတ်သည်။ ပဝါရဏာ= ပဝါရဏာမည်၏။။

ဤသို့ဝိဂြိုဟ် မိန့်ဆိုမြွက်ဟ သမဏဓမ္မ စာရိတ္တတည်းဟူသော ပဝါရဏာကို မဟာမုနိန္ဒ အမည်ရသည့် လောကစက္ခု သုံးလူ့ ဘဘုန်းမော် မြတ်ဇိနော်သည် အဘယ်ပြည်မှာ သီတင်းသုံးနေတော်မူသော အခါ၌ ပညတ်တော်မူအပ်ပါသနည်း?။

ဖြေ–၁။　　တေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ–အစရှိသည်ဖြင့် ဝိနည်းမဟာဝါ ပဝါရဏာက္ခန္ဓက ပါဠိလာရှိသည်နှင့်အညီ ကာသိတိုင်း ကောသလတိုင်းဟု ဆိုအပ်သော တိုင်းကြီးနှစ်တိုင်းတို့၏ ခွန်သဆက်သွင်းရာ ရတနာရွှေငွေ ထွေထွေများဘိ သာဝတ္ထိမည် မင်းနေပြည်၏ တောင်မျက်နှာအရပ်ဝယ် အာရညကင် ဓုတင်လက္ခဏာနှင့် ပြည့်စုံသော တောအရပ်၌ အနာထပိဏ် ဂုဏ်သိမ်ပျို့မွှေး သူဌေးမင်းသည် သန့်ရှင်းသဒ္ဓါ စေတနာဖြင့် သပြာကြေးငွေ ငါးဆယ့် လေးကုဋေကို မစ္ဆေမနော ရက်ရောစွာ ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်တောရကျောင်းဝယ် ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာ စောသတ္ထာသည်–

“အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ တီဟိ ဌာနေဟိ ပဝါရေတုံ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ– အစဖြာသဖြင့် သမဏဓမ္မ စာရိတ္တဖြစ်သော ပဝါရဏာကို ခွင့်ပြု ပညတ်တော်မူပါသည်ဘုရား။။

မေး– ၂။　သာဝတ္ထိနဂရ ရာဇဂ္ဂာနီ မင်းနေပြည်ကိုအမှီပြု၍

လေးတန် ကျရိယာ မျှစဉ်ခါဝယ် သမ္မာသမ္ဗုဒ္ဓ သုံးလူ့ဘသည် သမဏဓမ္မ စာရိတ္တသိက္ခာ ပဝါရဏာကို ခွင့်ပြုတော်မူ၏–ဟု ဆိုပြီ။ ယင်းသို့ ခွင့်ပြု ပညတ်တော်မူအပ်သော သမဏဓမ္မ စာရိတ္တသိက္ခာ ပဝါ ရဏာကို အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါ သနည်း?။

ဖြေ–၂။ တေန ခေါ ပန သမယေန သမ္ဗဟုလာ သန္နိဋ္ဌာ သမ္ဘတ္တာ ဘိက္ခူ။ ကောသလေသု ဇနပဒေသု အညတရသ္မိံ အာဝါသေ ဝဿံ ဥပဂစ္ဆိံသု–အစရိသည်ဖြင့် ဝိနည်းမဟာဝါ ပဝါရဏကွန္ဓက ပါဠိလာ ရှိသည်နှင့်အညီ ကောသလတိုင်း ဇနပုဒ်ဝယ် တစ်ခုသော ကျောင်းတိုက် ၌ ဝါဆိုဝါကပ်ကြကုန်သော ကောသလတိုင်းသား ရဟန်းတို့၏ အချင်းချင်း စကားမပြော တုဏှီဘောဖြင့် နှီးနှောဆုံးမခြင်းမရှိ သတိမေ့လျော့ ပေါ့ပေါ့တန်တန် ရန်သူတမျှ ဟတ္ထဝိလဿ်က တိတ္ထိယသမာဒါနဖြစ်သော အကျင့်ကို ကျင့်ကြခြင်းကို အရင်းပြုလျက် သဗ္ဗညုမြတ်စွာ စောသတ္ထာသည် နိယျာနိက ဝင်္ဇမှထွက်မြောက်ရာ ငါဘုရားသာသနာတော်၏ ကိစ္စတာဝန်ကို ထမ်းရွက်မည်မှန်း ရဟန်းပြုကြကုန်သည်သာ ဖြစ်ပါလျက် အချင်းချင်း စကားမပြော တုဏှီဘောဖြင့် နှီးနှောဆုံးမခြင်းမရှိ သတိမေ့လျော့ ပေါ့ပေါ့တန်တန် ရန်သူတမျှ ဟတ္ထဝိလဿ်က မူဂဗ္ဘတိတ္ထိယ သမာဒါနအကျင့်ဖြင့် နေ့ရက်ရှည်ကြာ နေကြသည့်အခြင်းအရာမှာ အရိယာသူတော် ကောင်းတို့၏ ပေါင်းဖော် နေထိုင်းခြင်းမျိုးမဟုတ်၊ ယုတ်မာသော ကျွဲ, နွား, တိရစ္ဆာန် ရန်သူဖြစ်သောသူတို့၏ ပေါင်းဖော်နေထိုင်းမျိုးသာ ဖြစ်သည်ဟု– ကဲ့ရဲ့တော်မူ၍ “ နှ ဘိက္ခဝေ မူဂဗ္ဘတံ တိတ္ထိယသမာဒါနံ သမာဒယိတဗ္ဗံ။ ယော သမာဒိယေယျ၊ အာပတ္တိ ဒုက္ကဋဿ– ဟု သိက္ခာပုဒ် ပညတ်တော်မူလျက် ယခင် ကောသလတိုင်းသား ရဟန်း များကိုပင် အကြောင်းပြု၍ အချင်းချင်း စကားမပြော တုဏှီဘောဖြင့် နှီးနှောဆုံးမခြင်းမရှိ၊ သတိမေ့လျော့ ပေါ့ပေါ့တန်တန် ရန်သူတမျှ

ဟတ္ထဝိလဝန်က မူဂဗ္ဘတတိတ္တိယ သမာဒါနဝတ္ထုကြောင့် သမဏဓမ္မ စာရိတ္တဟု ဆိုအပ်သော ပဝါရဏာကို ခွင့်ပြု ပညတ်တော်မူပါသည် ဘုရား။

=====

မေး–၃။ ကောသလတိုင်းသား ဗျဟန်းများကို အကြောင်းပြု၍ အချင်းချင်း စကားမပြော တုဏှီဘောဖြင့် နှီးနော ဆုံးမခြင်းမရှိ သတိမေ့လျော့ ပေါ့ပေါ့တန်တန် ဟတ္ထဝိလဝန်က မူဂဗ္ဘတ တိတ္တိယ သမာဒါနဝတ္ထုကြောင့် သမဏဓမ္မ စာရိတ္တသိက္ခာ ပဝါရဏာကို ခွင့်ပြု ပညတ်တော်မူ၏ဟု ဆိုပြီ။ ယင်းသို့ ခွင့်ပြုတော်မူအပ်သော ပဝါရဏာသည် သခ်္ခါအားဖြင့် အဘယ်မျှ အပြားရှိပါသနည်း?။

ဖြေ–၃။ ၁။ စာတုဒ္ဒသော ပန္နရသော၊
သာမဂ္ဂီ ဒိနတော တိဓာ။
ဒိနပုဂ္ဂလကာတဇ္ဇာ၊
ကာရတော တေ နဝေရိတာ။

၂။ တယော တယောတိ ကတွာန၊
ဒိနပုဂ္ဂလဘေဒတော။
တေဝါစိ ဒ္ဝေကဝါစိတိ၊
နဝ ဝုတ္တာ ပဝါရဏာ။– ဟု

မူလသိက္ခာ ကျမ်းဆရာတို့ မိန့်မှာကျူးရင့် ဖွင့်လှစ်အပ် သည်နှင့် အညီ စာတုဒ္ဒသီပဝါရဏာ၊ ပန္နရသီပဝါရဏာ၊ သာမဂ္ဂီ ပဝါရဏာ–ဟု နေ့၏အစွမ်းအားဖြင့် သုံးပါး၊ သံဃပဝါရဏာ၊ ဂဏပဝါရဏာ၊ ပုဂ္ဂလပဝါရဏာ–ဟု ကာရကပုဂ္ဂိုလ်အစွမ်းအားဖြင့် သုံးပါး၊ တေဝါစိက ပဝါရဏာ၊ ဒ္ဝေဝါစိကပဝါရဏာ၊ ဇကဝါစိကပဝါရဏာ–ဟု ကာတဇ္ဇာ ကာရ၏အစွမ်းအားဖြင့် သုံးပါး၊ အပြားရှိသည်၏အဖြစ်ကြောင့် သခ်္ခါ အရေအတွက်အားဖြင့် ကိုးပါးအပြားရှိပါသည်ဘုရား။

မေး–၄။ ယင်းသို့ အရေအတွက်အားဖြင့် ကိုးပါးသော ပဝါရဏာ တို့တွင် အဘယ်ပဝါရဏာကို ယခုစည်းဝေးရာ သီမမဏ္ဍလမှာ ငါတို့ ပြုအပ်, ပြုသင့်, ပြုထိုက်, ပြုကောင်းပါသနည်း?။

ဖြေ–၄။ ဣဓ ပန ဧကော ပုဂ္ဂလော။ ဒွေ တယော စတ္တာရော ဂဏှော။ တတော ပရံ သံယော– ဦးကာဉ္စဏ်ရင် ပုဂ္ဂိုလ်ရှင်တို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ ရဟန်းလေးယောက်ထက်လွန်သော အစည်းအဝေးဖြစ်၍ ယခုစည်းဝေးသော သီမမဏ္ဍလမှာ သံဃ ပဝါရဏာကိုသာ ပြုအပ်, ပြုသင့်, ပြုထိုက် ပြုကောင်းပါသည်ဘုရား။

====

မေး–၅။ ယခု စည်းဝေးရာ သီမမဏ္ဍလမှာ သံဃပဝါရဏာကို ပြုအပ်, ပြုသင့်, ပြုထိုက်, ပြုကောင်း၏–ဟု ဆိုပြီ။

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ပဝါရဏာယ ဇာနီ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ–ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ ပဝါရဏာအိမ် သိမ်အပြင်၌ တံမြက်လှည်းခြင်း, ဆီမီးညှိထွန်းခြင်း, သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း, နေရာခင်းခြင်း ဤလေးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာမစည်းဝေးမီ ရှေ့အဖို့၌ ပြုအပ်, ပြုသင့်, ပြုထိုက်, ပြုကောင်းသည်၏ အဖြစ်ကြောင့် ပုဗ္ဗကရဏာမည်၏ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သောကြောင့် ဤလေးပါး သော ပြုဖွယ်ကိစ္စတို့တွင် ပဝါရဏာအိမ် သိမ်အပြင်၌–

မေး/ဖြေ–၅။

၁။ တံမြက်လှည်းခြင်းကိစ္စ ပြီးပြီလော?။
၁။ ပြီးပါပြီဘုရား။

၂။ ဆီမီးညှိထွန်းခြင်းကိစ္စ ပြီးပြီလော?။
၂။ ပြီးပါပြီဘုရား။

၃။ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စပြီးပြီလော?။
၃။ ပြီးပါပြီဘုရား။

၄။ နေရာခင်းခြင်းကိစ္စ ပြီးပြီလော?။
၄။ ပြီးပါပြီဘုရား။

မေး–၆။ ဆန္ဒပဝါရဏာ ဥတုကွာနံ၊
ဘိက္ခုဂဏာနာ စ ဩဝါဒေါ။
ပဝါရဏာယ ဇောနီ၊
ပုဗ္ဗကိစ္စန္တီ ဝုစ္စတိ–ဟူ၍

မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ ဆန္ဒကိုလျှောက်ထားခြင်း, ပဝါရဏာကို လျှောက်ထားခြင်း, သီတင်းကျွတ်လပြည့်နေ့၌ ပြုအပ်သော ပထမကတ္တိက ပဝါရဏာ၊ တန်ဆောင်မုန်းလပြည့်နေ့၌ ပြုအပ်သော ဒုတိယကတ္တိက ပဝါရဏာ အားဖြင့် ထိုနှစ်ပါးသော ပဝါရဏာတို့တွင် တစ်ပါးပါးသောပဝါရဏာကို လျှောက်ထားခြင်း၊ သုံးပါးသောဥတုတို့တွင် ယခု ရောက်ဆဲဖြစ်သောဥတုကို လျှောက်ထားခြင်း၊ ပဝါရဏာအိမ် သိမ်အပြင်၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းတို့၏အရေအတွက်ကို လျှောက်ထားခြင်း၊ ရဟန်းမတို့က အကျွန်ုပ်တို့သည် အရှင်ဘုရားတို့အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့–ဟု တောင်းပန်လျှောက်ထားသောစကားကို သံဃာတော်အား လျှောက်ထားခြင်း ဤငါးပါးသောပြုဖွယ်ကိစ္စတို့ကို သံဃာ စည်းဝေးပြီးသည်မှနောက် ပဝါရဏာမပြုမီ ရှေ့အဖို၌ ပြုအပ်, ပြုသင့်, ပြုထိုက်, ပြုကောင်းသည်၏အဖြစ်ကြောင့် ပုဗ္ဗကိစ္စတို့ မည်၏ဟူ၍ အဋ္ဌကထာ

ဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သောကြောင့် ဤငါးပါးသော ပြုဖွယ်ကိစ္စတို့တွင်–

၁။ ဆန္ဒကို လျှော်ထားခြင်းကိစ္စ ပြီးပြီလော?။
၁။ ဆန္ဒာရဟပုဂ္ဂိုလ် မရှိသည်ဖြစ်၍ ဆန္ဒကို လျှော်ထားဖွယ်ကိစ္စမရှိ ပြီးပါပြီဘုရား။

၂။ ပဝါရဏာကို လျှော်ထားခြင်းကိစ္စ ပြီးပြီလော?။
၂။ ပဝါရဏာရဟာ ပုဂ္ဂိုလ်မရှိသည်ဖြစ်၍ ပဝါရဏာကို လျှော်ထားဖွယ်ကိစ္စမရှိ ပြီးပါပြီဘုရား။

၃။ သီတင်းကျွတ်လပြည့်နေ့၌ ပြုအပ်သော ပထမကတ္တိက ပဝါရဏာ, တန်ဆောင်မုန်း လပြည့်နေ့၌ ပြုအပ်သော ဒုတိယကတ္တိက ပဝါရဏာ အားဖြင့် ထိုနှစ်ပါးသော ပဝါရဏာတို့တွင် အဘယ် ပဝါရဏာကို ငါတို့တစ်စု ယခု ပြုအပ်ပါသနည်း?။

၃။ သီတင်းကျွတ်လပြည့် ပဌမကတ္တိကပဝါရဏာနေ့၌ ပြုအပ်သော ပဌမကတ္တိကပဝါရဏာကို ပြုအပ်ပါသည်ဘုရား။

၄။ ပဝါရဏာအိမ် သိမ်အပြင်၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းတော်တို့၏ အရေအတွက်ကား အဘယ်မျှ ရှိပါသနည်း?။

၄။ ပဝါရဏာအိမ် သိမ်အပြင်၌ စည်းဝေးရောက်လာကြသော ရဟန်းတို့၏ အရေအတွက်ကား (-----) အတိုင်း အရှည်ရှိပါသည်ဘုရား။

၅။ ရဟန်းမတို့က အကျွန်ုပ်တို့သည် အရှင်ဘုရားတို့၏အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့–ဟု လျှော်ထားတောင်း ပန်သောစကားကို သံဃာတော်အား လျှော်ထားခြင်း

ကိစ္စ ပြီးပြီလော?။

၅။ ယခုအခါ သာသနာတော်အတွင်း၌ ရဟန်းမိန်းမတို့ မရှိသည်ဖြစ်၍ ရဟန်းမတို့က အကျွန်ုပ်တို့သည် အရှင် ဘုရားတို့အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့-ဟု တောင်းပန်လျှောက်ထားအပ်သော စကားကို သံဃာတော်အား လျှောက်ထားဖွယ်ကိစ္စ မရှိ ပြီးပါပြီဘုရား။

=====

(၆) ပဝါရဏာ ယာဝတိကာ စ၊ ဘိက္ခူ။ ကမ္မပတ္တာ။
သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာ စ ပုဂ္ဂလာ။
တသ္မိံ နု ဟောန္တိ၊ ပတ္တကလ္လန္တိ ဝုစ္စတိ။- ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ပဝါရဏာသည် နေ့၏အစွမ်းအားဖြင့် စာတုဒ္ဒသီပဝါရဏာ၊ ပန္နရသီပဝါရဏာ၊ သာမဂ္ဂီပဝါရဏာဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ပန္နရသီပဝါရဏာဖြစ်ခြင်း၊ ကာရက ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် သံဃပဝါရဏာ၊ ဂဏပဝါရဏာ၊ ပုဂ္ဂလ ပဝါရဏာ-ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် သံဃပဝါရဏာ ဖြစ်ခြင်း၊ ကာတဇ္ဇာကာရ၏အစွမ်းအားဖြင့် တေဝါစိက ပဝါရဏာ၊ ဒွေဝါစိကပဝါရဏာ၊ ဧကဝါစိကပဝါရဏာ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် တေဝါစိကပဝါရဏာဖြစ်ခြင်း၊ ဤသုံးပါးသော လက္ခဏာနှင့် ပြည့်စုံခြင်း။ အယုတ်ဆုံး ငါးယောက် ငါးယောက်ထက် အလွန်ရှိကုန်သော ရဟန်းတို့၏ ပဝါရဏာအိမ် သိမ်အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍ တစ်သိမ်တည်း၌တည်သဖြင့် သံဃပဝါရဏာအား လျှောက်ပတ်ခြင်း၊ ပဝါရဏာအိမ် သိမ်အပြင်၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းတို့အား နေလွဲသောကာလ၌ ယာဝကာလိကဘောဇဉ်ကို စားခြင်းအစရှိသော သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်မရှိခြင်း၊ ပဝါရဏာအိမ် သိမ်အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ်မှ အပပြုသည်၏အစွမ်းအားဖြင့် ကြဉ်အပ်ကုန်သော လူ,

ဘိက္ခုနီအစရှိသော နှစ်ကျိပ်တစ်ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့၏ ပဝါရဏာအိမ် သိမ်အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ မရှိခြင်း, ဤလေးပါးသော အင်္ဂါနှင့်ပြည့်စုံသော ပဝါရဏာကံကို ပတ္တကလ္လဖြစ်၏ ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုအပ်သောကြောင့် ယခုပြုလတ္တံ့သော ပဝါရဏာကံသည် ပတ္တကလ္လ ဖြစ်ပါ၏လော?။

ဖြေ–၆။ ယခုပြုလတ္တံ့သော ပဝါရဏာကံသည် ပတ္တကလ္လ ဖြစ်ပါသည်ဘုရား။

(က) ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ ပရိယောသာပေတွာ ဒေသိတာ ပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပဝါရဏာဉတ္တိ ဌပေဿာမ။

= သံဃော ဘန္တေ အာယသ္မန္တံ့ ပဝါရဏာ ဉတ္တိဌပနံ အဿ-သတိ။ ဌပေတု အာယသ္မာ ပဝါရဏာဉတ္တိ။

= ဒုတိယမ္ပိ ဘန္တေ (ပ) ပဝါရဏာဉတ္တိ။

= တတိယမ္ပိ ဘန္တေ (ပ) ပဝါရဏာဉတ္တိ။

(ခ) သုဏာတု မေ ဘန္တေ သံဃော။ အဇ္ဇ ပဝါရဏာ ပန္နရသီ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော သမာနဝဿိကံ ပဝါရေယျ။

ပဝါရဏာ အမေး/အဖြေ ပြီး၏

=====

ဤတွင် ပဝါရဏာကွန်ကက
ပဝါရဏာပြုခြင်းဆိုင်ရာ ပြီးပါပြီ။



ကမ္ဘာကမ္ဘာဘာသာ

ကထိန်ကပ္ပ

ကထိန်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

ကထိနကမ္မ

==========

စာမျက်နှာ အညွှန်းများဖြင့် လေ့လာရန်

ကထိနကမ္မအရာ၌ နာနာစရိယဝါဒများကို ပြဆိုထားသဖြင့် လေ့လာသူတို့ အသိဉာဏ် မရှုပ်ထွေးစေရန် အောက်ဖော်ပြပါ မာတိကာ စကားရပ် အညွှန်းစာမျက်နှာတို့ဖြင့် လေ့လာရပါမည်။

	စာမျက်နှာ
= အကြောင်းအရာ	
= ကထိန်ဟူသည်	၁၈၃၊ ၁၉၀–၁၊ ၂၀၆–ဂ၊ ၂၀၉–ဓ၊
= ကထိန်ဖြစ်ပေါ်လာပုံ	၁၉၁–၄၊ ၂၀၇၊ ၂၈၀၂၈၉၊ ၂၉၇
= ကထိန်၏တည်ရာဝတ္ထု၊	၁၈၄၊ ၁၉၅၊ ၂၈၂၊ ၂၉၈၊
ဝတ္ထု၏ဖြစ်ရာဘူမိ	၁၉၅၊ ၂၁၇၊ ၂၈၂၊ ၂၉၇–၈၊ ၃၀၉
= ကထိန်၏အရင်းအမြစ် (မူလ)	၁၉၆၊ ၂၈၃
= ကထိန်၏အစ အလယ် အဆုံး	၁၉၆၊ ၂၈၃
= **ကထိန်သင်္ကန်း လှူဒါန်းရမည့်သံဃာ**	
= ဥပစာရသီမဋ္ဌက ဝဿံဝုတ္ထသံဃာ	၂၁၅–ဂ၊
(က) ကျောင်းတိုက်၌လှူဒါန်းလျှင် စာတုဒ္ဒိသာ သံဃိက	၂၄၀–၁၊
(ခ) ကျောင်းတိုက်အပြင်၌ လှူဒါန်းလျှင် ကျောင်းတိုက်နာမည်တပ်၍ အာရာမိက သံဃိက	၂၃၁
= စာတုဒ္ဒိသာသံဃိက	၁၈၄၊ ၂၄၉၊ ၂၅၂၊ ၃၀၀
= စာတုဒ္ဒိသာ အာဂတာနာဂတ သံဃာ	၁၈၄၊ ၂၅၂၊ ၂၈၅၊ ၃၀၀

= ကထိန်သင်္ကန်း လှူဒါန်းပုံ

(က) ကျွမ်း စီဝရံ ကထိနတ္ထာယ သံဃဿ ဒမ္မိ၊
ကျွမိနာ စီဝရေန ကထိနံ အတ္ထရထ။ ၁၈၄

(ခ) ကျွမ်း ကထိနစီဝရံ သံဃဿ ဒေမ။ ၁၉၆၊၁၉၉၊၂၅၂
ကျွမိနာ ကထိနံ အတ္ထရထ။ ၂၈၅၊၃၀၀

(ဂ) ကျွမ်း စီဝရံ ကထိနတ္ထာယ သံဃဿ ဒေမ။ ၁၈၄၊၁၉၆
(ဃ) မယံ ဘန္တေ ကျွမ်း ကထိနစီဝရံ သံဃဿ
ဒေမ။ ၁၉၉၊၂၅၂

(င) ကျွမ်း ကထိနစီဝရံ သံဃဿ ဒေမ
ကထိနံ အတ္ထရိတုံ။ ၂၉၈၊၃၀၉

(စ) ကျွမ်း ကထိနစီဝရံ သံဃဿ ဒေမ၊
(မဟာဝိသုတာရာမေ) ကထိနံ အတ္ထရိတုံ။ ၃၀၆

= ကထိန်သင်္ကန်း (ကထိန်ခင်းရသောသင်္ကန်း)

(၁) သင်းပိုင်, ဇကသီ, နှစ်ထပ်သင်္ကန်းတို့တွင်
တစ်ထည်ထည်၊ ၁၈၉၊၂၈၂၊၂၉၉

(၂) သံဃိကသင်္ကန်းသာ ဖြစ်ရမည်၊ ၁၈၄၊၁၉၆၊၂၀၉၊၂၁၁၊
၂၁၃၊၂၁၅၊၂၄၉၊၂၉၉၊၃၀၀

(၃) ဖြတ်၍ချုပ်သော သင်္ကန်းဖြစ်ရမည်၊
အနည်းဆုံး (၅-ခန်း) ၂၄၁-၂၊၂၅၃၊၂၉၀၊၂၉၄၊၂၉၉

(၄) =စင်ကြယ်သောသင်္ကန်းဖြစ်ရမည်။ ၂၄၃၊၂၉၀၊၂၉၈-၉၊
(က) အစာမကြေ (ကော်မျှားသော) ပုဆိုးကြမ်း၊
(ခ) ညစ်နွမ်းပေရေ အညစ်အကြေးလိမ်းကျံ
နေသော ပုဆိုးကြမ်းမဖြစ်ရ ၂၅၃၊၂၉၉၊

= ကထိန်မခင်းရသောသင်္ကန်း ၂၀၈၊၂၂၁၊၂၉၀

= ကထိန်အာနိသင် ၅-ပါး ၁၉၄-၅၊၂၉၆၊

= ကထိန်ခင်းထိုက်သော ရဟန်း၏အင်္ဂါ၈-ပါး ၁၈၉၊၂၂၇၊၂၈၁၊၂၈၄

= **ကထိန်သင်္ကန်းပေးရမည့်ဌာန**
ဥတ္တိဒုတိယကမ္မဝါစာဖြင့် ဗဒ္ဓသိမ်/ဥဒကုက္ခေပသိမ်/
သတ္တဗ္ဘန္တရသိမ် အတွင်း၌သာ သံဃာက ကထိန်
ခင်းထိုက်သော ရဟန်းကိုရွေးချယ်၍ ကထိန်သင်္ကန်း
ကို ပေးရမည်။ ၁၈၅၊ ၂၆၉၊ ၂၇၀

= **ကထိန်သင်္ကန်းပေးရမည့်ပုဂ္ဂိုလ်**
(၁) ပုရိမဝဿံဝုဋ္ဌရဟန်း ၁၈၃၊ ၁၉၀၊ ၂၈၆၊ ၃၀၀
(၂) အဂါရှစ်ပါးနှင့်ပြည့်စုံသောရဟန်း ၁၈၆၊ ၂၂၃၊ ၂၂၅၊ ၂၈၁
(၃) ဇိဏ္ဏစီဝရရဟန်း ၂၂၈၊ ၂၈၆၊ ၃၀၀–၁
(၄) မထေရ်ကြီး ၂၂၈၊ ၂၈၆၊ ၃၀၀–၁

= **ကထိန်ခင်းရမည့်နေရာ** ၁၈၃၊ ၂၁၉၊ ၂၂၈၊ ၂၃၂၊ ၂၆၉၊ ၂၈၇

= **ကထိန်ခင်းခွင့်/အနုမောဒနာပြုခွင့်/**
ကထိန်အာနိသင်ခံစားခွင့်ရ/မရသောပုဂ္ဂိုလ်များ
၁၈၃၊ ၁၈၆၊ ၂၁၅၊ ၂၂၂–၄၊ ၂၆၂၊ ၂၈၃–၄၊ ၃၀၀

= **ကထိန်သင်္ကန်းအလှူရှင်** ၁၉၇၊ ၂၈၅၊ ၂၉၈၊

= **ပုဂ္ဂလိကလှူသောကထိန်သင်္ကန်း** ၂၂၁၊ ၂၅၁၊

= **အနုမောဒနာမပြုသောရဟန်း** ၂၆၃

= **ကထိနက်ဆောင်ခြင်း/ကထိန်ခင်းခြင်း**
၁၈၄–၆၊ ၂၂၂၊ ၂၃၈–၉၊ ၂၄၃–၄၊ ၂၅၆၊ ၂၆၉

= **ကထိန်အာနိသင်ပစ္စည်း** ၁၈၄၊၁၈၆၊ ၂၁၃၊ ၂၄၀–၁၊
၂၅၀–၁၊ ၂၅၇–၈–၉၊ ၂၆၀၊ ၂၆၇၊ ၂၇၁၊ ၂၇၃

= ကထိန်သင်္ကန်းကို မလှူမီကြိုတင်၍
ကျောင်းတိုက်အတွင်း သွင်းသင့်/မသင့် ၂၃၉၊၂၆၈၊

= ပလိဗောဓ ၁၈၉၊၂၄၅-၆၊

= ကထိန်သင်္ကန်းကို နေ့ချင်းပြီးအောင်
ကထိန်ခင်းရ ၁၈၄-၅၊၂၈၈၊

= ကထိန်ခင်းနိုင်သည့်လနှင့်အချိန်အခါ ၁၈၃၊၂၂၅-၆၊၂၈၀

= ကထိနကံဆောင်မည့်သံဃာ
မပြည့်ရာဝယ် ၁၈၆၊၂၂၀၊၂၃၉၊

= ကထိန်မခင်းတတ်လျှင် ၂၂၄-၇၊

= သာမဏေ ၂၆၀၊၂၆၁၊၂၆၂

= ကထိန်ခံသောရဟန်း ၂၃၉၊၂၇၀

= ဥပစာရသိမ်ပြင်ပ၌ ကထိန်သင်္ကန်း
လှူဒါန်းခြင်း ၂၄၀၊၂၅၈၊၃၀၄၊၃၀၈

= ကထိန်သင်္ကန်းအလှူရှင် မျှားနေလျှင် ၂၅၄၊၂၅၅

= ကထိန်သင်္ကန်းအလှူရှင်ရဟန်း ၂၆၂၊၂၆၈

= ခင်းပြီးကထိန်ကိုနှုတ်၍ တဖန် ကထိန်
မခင်းသင့် ၂၄၆-၇၊၂၅၅-၆၊

= ဧကသီမ/နာနာသီမ/ ဝါဆိုဧတ်ခွဲ
ဝါဆိုခြင်း ၂၂၈၊၂၃၈၊၂၆၄-၇

= မာတိကာ (၈)ပါး ၁၈၆-၉၊၂၅၇

= သန္နိဓိနှစ်မျိုး ၂၄၅

ကထိန်အမြွက်

၅၃၇။ ထိုတိုက်ထဲ၌၊ ခိုင်မြဲစွာလှု၊ စီဝရတွက်၊ ကြောင့်ကြ စိုက်ထား၊ အနက်သွား၊ ခေါ်ငြား ကထိန။

ကထိနသဒ္ဒါသည် မလှူပ်မရှား ခိုင်မြဲခြင်းအနက်ကို ဟော၏။ တိုက်တာအတွင်း၌ ကထိန်ခင်းမှုမည်သည် ထိုတိုက်နှင့်စပ်၍ အလွန် ခိုင်မြဲသော စီဝရပလိဗောဓမှုကို ပြုခြင်းတည်း။ တပေါင်းလပြည့် တိုင် အောင် စီဝရကာလသမယကို ခိုင်မြဲစေနိုင်သော ဒဋ္ဌိကမ္မမှုကြီး ဆိုလို သည်။

၅၃၈။ <u>မိုဃ်းနောက်ဆုံးလ၊ ကထိန်ကျ၊ ခင်းရ ထိုအခါ။</u>

ကထိန်ခင်းမှုမည်သည် မိုဃ်းလေးလတို့တွင် နောက်ဆုံး တစ် လသည် ကထိန်ကာလ ကျ၏။ ထိုတလအတွင်း၌ ခင်းရ၏။ သီတင်း ကျွတ်လပြည့်ကျော်တစ်ရက်မှ တန်ဆောင်းမုန်းလပြည့်တိုင် ဤတစ်လ ကို ဆိုလိုသည်။

၅၃၉။ <u>ဤတိုက်တွင်းမှာ၊ ဝါ ပထမ၊ ကျွတ်သူမှ၊ ခင်းရ ပုဂ္ဂိုလ်မှာ။</u>

ပုဂ္ဂိုလ်မှာမူကား ဤတိုက်တွင်းမှာ ပထမဝါကပ်ခဲ့၍ သီတင်း ကျွတ်လပြည့်နေ့၌ ပဝါရဏာပြု၍ လပြည့်ကျော်တစ်ရက်နေ့၌ <u>ပထမ ဝါ ကောင်းစွာ ကျွတ်လတ်သော ပုဂ္ဂိုလ်သည်သာ ကထိန်ခင်းရသည်။ ဒုတိယဝါသားရဟန်း, ဝါပျက်သောရဟန်း, ဝါမကပ်ခဲ့ရသောရဟန်း တို့ မခင်းရကုန်။</u> ။ ပုရိမဝါသားပင်ဖြစ်သော်လည်း <u>မိမိဝါကျွတ်ရာ တိုက်တာ၌သာ ခင်းရသည်။ တစ်ပါးသောတိုက်တာ၌ မခင်းရ။</u>

၅၄၀။ <u>ခံ, ရွေး, ပေးနှင်း၊ စွန့်, ထိုးခြင်း၊ တင်, ခင်း, နုမောဒါ။</u>

၁။ ကထိန်သင်္ကန်းကို အလှူခံမှု။ ၂။သံဃာတော်တို့က ကထိန်

ခင်းထိုက်သော ပုဂ္ဂိုလ်ကိုရွေးချယ်ခန်း။ ၃။ သိမ်တွင်းသို့သွား၍ ထိုပုဂ္ဂိုလ်အား ကထိန်သင်္ကန်းကိုပေးခန်း။ ၄။ တိစီဝရိုက်အဓိဋ္ဌာန် တင်ရှိသော သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရ်ပြု၍ အဓိဋ္ဌာန်စွန့်မှု။ ၅။ ခင်းမည့်သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုထိုးမှု။ ၆။ အမည်ဖြင့်အဓိဋ္ဌာန်တင်မှု၊ ၇။ နှုတ်မြွက်၍ ခင်းမှု။ ၈။ အနုမောဒနာခန်း။ အစဉ်အတိုင်း ပြုရန် ကိစ္စရှစ်ပါး။

ပြုပုံကား။ ။ ကထိန်လှူလိုသောဒါယကာသည် ဝါဦး ဝါလယ် ဆီကပင် မိမိကြည်ညိုရာကျောင်းတိုက်၌ ဝါကျွတ်လျှင် အရှင်တို့ တိုက်တာမှာ ကထိန်သင်္ကန်း ကပ်လှူလိုပါသည်ဟု လျှောက်ကြားထားခြင်းငှာ သင့်မြတ်လှ၏။။ ။ ထိုတိုက်တာတွင် သံဃာထေရ်ကြီးများက ဝါဝင်းအခါကပင် ကထိန်ခင်းထိုက်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံအောင် ကြောင့်ကြစိုက်မှု, ဝိနည်း တိစီဝရိုက်ဆောင်မှု, အမေးအဖြေသင် ကြားမှု မှုတို့ကို ကြောင့်ကြစိုက်၍ ထားရမည်။ ။ ဒါယကာတို့မှာလည်း သံဃိက အလှူစစ်မှ အကျိုးကြီးသည်ဖြစ်၍ သံဃိကအလှူမြောက် လေအောင် ပုဂ္ဂိုလ်ကို ရည်စူးခြင်းမှ ကင်းစေရာ၏။။ ။ သီတင်းကျွတ်လပြည့်ဂကျာ် တစ်ရက်နေ့မှစ၍ တန်ဆောင်းမုန်းလပြည့်အတွင်း သင့်လျော်ရာ နေ့ရက်၌ သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်ကို ယူဆောင်၍ ထိုတိုက်တွင်းရှိ သံဃထေရ်ကြီးထံသို့ သွား၍။ ။ ‘ကျွမ် စီဝရံ ကထိနတ္ထာယ သံဃဿ ဒမ်မိ။ ကျွမိနာ စီဝရေန ကထိနံ အတ္ထရထ’ဆို၍ လှူဒါန်းရမည်။ ။ မဆိုတတ်ရှိလျှင် သံဃ်ထေရ်ကြီးက သင်ကြား၍ ရေစက်ခံ၊ အနက်ပါဆိုစေ။ ။ မှုက်နှာသုတ်ပုဝါ လက်ကိုင် ပုဝါ စသည်တို့နှင့်တကွ ဖျင်ထည် ပိတ်ထည် သင်္ကန်းထည်များ အပိုအမို ပါရှိသေးခဲ့လျှင် ဥတ်သင်္ကန်း၏ အရံပြု၍။ ။“ကျွမာနိ စီဝရာနိ သံဃဿ ဒေမ” ဟု ရေစက်ချ၍ သင့်ရာကထား။ ခံခန်းပြီး၏။

ကထိန်မည်သည် နေ့လွန်ခြင်းငှာ မအပ်ရကား ထိုနေ့၌ပင် တိုက်ရှိ သံဃာကုန်စည်းဝေး၍ ကထိန်ခင်းထိုက်သော အင်္ဂါရှစ်ပါးနှင့်

ပြည့်စုံသော ပုဂ္ဂိုလ်ကိုရွေးချယ်၍ ဤနေရာ၌ မေးခန်း ဖြေခန်းထွက်၊ ရွေးချယ်ခန်းပြီး၏။။

မေးဖြေရွေးချယ်၍ ရသောအခါ **လေးပါး ငါးပါးသော သံဃာ** သည် ထိုပုဂ္ဂိုလ် ထိုသင်္ကန်းတို့ကို ယူဆောင်၍ ခဏ္ဍသိမ်သို့သွားပြီး လျှင် ထိုပုဂ္ဂိုလ်ကို တိသ-ဟု အမည်မှည်၊ ဉတ်ကမ္မဝါစာ ဘတ်ကြား၍ ထိုပုဂ္ဂိုလ်အား သင်္ကန်းကိုပေး။။ ။ **သင်္ကန်းလျာ မဟုတ်။ သင်္ကန်းပြီးပြီး ဖြစ်လျှင် ဉတ်ကမ္မဝါစာ၌ ''ဣဒံ သံဃသ ကထိနစီဝရံ''ဟု** ဘတ်။။ ပေးခန်းပြီး၏။။

ဉတ်ကမ္မဝါစာဆုံးလျှင် ထိုပုဂ္ဂိုလ်က ခင်းလိုရာဌာနသို့ ထိုသင်္ကန်း ကို ယူခဲ့၍ ထိုနေရာ၌ ဉတ်သင်္ကန်းသည် ဒုကုဋ္ဌသင်္ကန်း ဖြစ်ခဲ့သော် ဒုကုဋ္ဌဟောင်း ကိုင်ပြီး ''ဣမံ စီဝရံ ပစ္စုဒ္ဓရာမိ'' ဆို၍ အဓိဋ္ဌာန်စွန့်။။ ။ စွန့်ခန်းပြီး၏။။

ဉတ်သင်္ကန်းကို ''ဣမံ သံဃာဋီ အဓိဋ္ဌာမိ' ဟု မြွက်ဆို၍ အဓိဋ္ဌာန်တင်။။ ။ တင်ခန်းပြီး၏။။

ထိုသင်္ကန်းကိုကိုင်၍ ''ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ''ဟု ဆိုပါ။။ ကေသီဖြစ်ခဲ့သော် ထိုသင်္ကန်းကိုကိုင်၍ ''ဣမိနာ ဥတ္တရာ သံဃေန''ဟုဆို၊ သင်းပိုင်ဖြစ်ခဲ့သော်''ဣမိနာ အန္တရဝါသကေန'' ဟုဆို၊ သိမ်အပြင်မှာလည်း ခင်းရပါ၏။။ မိမိနေရာကျောင်းပေါ်မှာလည်း ခင်းရ၏။။ ။ တန်ဆောင်း, မဏ္ဍပ်, ပရိသတ်အလယ်မှာလည်း ခင်းကြ၏။။ ထို ပုဂ္ဂိုလ်မှာ ခင်းခြင်းမြောက်ပြီ။။ တိုက်တွင်းရှိ သံဃာများမှာ အခင်း မမြောက်ကြသေး၊ ခင်းခန်းပြီး၏။။

ခင်း၍ပြီးလျှင် သံဃာတို့ကို အနုမောဒနာပြုကြစေရန် တောင်း ပန်ရမည်။။ ။ ''အတ္ထတံ အာဝုသော သံဃသ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ''။။ ။ သုံးခေါက်ဆို။။

သံဃာတို့က အနုမောဒနာပြု၍။။ ။''အတ္ထတံ ဘန္တေ သံဃသ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒိမ''။။ သုံးခေါက်ဆို။။

ထိုတိုက်မှာ ပုရိမဝါ ချောမောစွာကျွတ်ခဲ့သောရဟန်းမှ ပါဝင်ရသည်။ အနုမောဒနာပြုသူတို့မှာ ကထိန်ဒါယကာခြင်းမြောက်ပြန်၏။ ကထိန်အာနိသင်ငါးပါးကို ရထိုက်ကြလေ၏။ ။ အနုမောဒနာခန်း ပြီး၏။

ထိုတိုက်၌ သံဃာ မလုံလောက်ရှိခဲ့သော် တစ်ပါးသော တိုက်တာမှ ဥတ်ကမ္မဝါစာဘတ်တင်ပေးသော ရဟန်းများကိုပင့်ခေါ်၍ ဘတ်စေရမည်။ ။ ဒါယကာတို့က တပါးတိုက်တာမှ သူတို့ကြည်ညိုရာ ပုဂ္ဂိုလ်များကို ပင့်လိုလျှင်ပင့်စေရပါ၏။ ။ မျက်နှာသုတ်ပုဝါမှစ၍ အလုံးစုံ သောသက်နိုး အထည်များတို့ကို သံဃိကအနေနှင့်ချည်းလှူကြသည်ဖြစ်လျှင် အနုမောဒနာပြုသော ထိုတိုက်တာ သံဃာသာရ၏။ ဒါယကာတို့က တစ်ပါးတိုက်တာမှ ပင့်သံဃာများတို့ အသီးပြု၍ထားသော သက်နိုးများဖြစ်ခဲ့လျှင် သူတို့ အလိုရှိရာလှူရ၏။ သက်နိုးမှ တစ်ပါးသော ဝတ္ထုပရိက္ခရာတို့ကိုမူကား ထိုအခါ၌ ထိုတိုက်တွင်းမှ ရှိနေသော တစ်ပါးတိုက်တာ သံဃာများလည်း ညီတူညီမျှ ရထိုက်၏။ သာမဏေများကိုလည်း အနုမောဒနာ ပြုစေ၍ သက်နိုးများကို အဘို့ ပေးဝေကြ၏။

ကထိန်ခင်းနည်း အကျဉ်းချုပ်ပြီး၏။

==========

ကထိန်ခင်းထိုက်ရာ အင်္ဂါရှစ်ပါး

၅၄၁။ ပုဗ္ဗကရဏံ၊ ပစ္စုဒ္ဓံ၊ ဓိဋ္ဌာန်,အတ္ထာရ။

၅၄၂။ မာတိ,ဗောဓံ၊ ဥဒ္ဓါရံ၊ နိဿံ အင်္ဂရှစ်ဝ။

ပုဗ္ဗကရဏာကိုသိခြင်း, ပစ္စုဒ္ဓါရ်ကိုသိခြင်း, အဓိဋ္ဌာန်ကိုသိခြင်း, ခင်းမှုဟူသော အတ္ထာရကိုသိခြင်း, မာတိကာရှစ်ပါးကိုသိခြင်း, ပလိဗောဓနှစ်ပါးကိုသိခြင်း, ဥဒ္ဓါရဟုဆိုအပ်သော ကထိန်နုတ်ခြင်းနှစ်ပါးကိုသိခြင်း, အာနိသင်ငါးပါးကိုသိခြင်း။ ။ အင်္ဂါရှစ်ပါး။

၅၄၃။ လျှော်,စီ,ဖြတ်,တွဲ,၊ ချုပ်,ဆိုးနဲ၊ ထိုးမြဲ,ခွန်ပုဗ္ဗ။

သင်္ကန်းလျာအဝတ်ကို ဖွပ်လျှော်ရခြင်း, ပဉ္စခဏ်း သတ္တခဏ်းစသည်မျဉ်းချမှု အမှတ်ပြုမှုတို့ဖြင့် စီရင်ရခြင်း, စီရင်ချက်အတိုင်း ဖြတ်ရခြင်း, တဲအပ်တွယ်ရခြင်း,ချုပ်ရခြင်း,ဆိုးရခြင်း,ကပ္ပဗိန္ဒုထိုးရခြင်း၊ ပုဗ္ဗကရဏခုနှစ်ပါး။

၅၄၄။ ပစ္စုဒ္ဓါရံ၊ အဓိဋ္ဌာန်၊ ခင်းပြန် အတ္ထာရ။

သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရ်ပြုရခြင်း, ကထိန်သင်္ကန်းကို အဓိဋ္ဌာန်တင်ရခြင်း, နှုတ်မြွက်၍ခင်းရခြင်း။ ။ယခုကာလ၌ကား ချုပ်ပြီး ဆိုးပြီးကို ဥတ်သင်္ကန်းပြုလုပ်ရန် လှူကြသည်ဖြစ်၍ ပုဗ္ဗကရဏ ခုနှစ်ပါးတွင် ကပ္ပဗိန္ဒုထိုးမှုတခုသာ ပြုခွင့်ရှိပေသည်။

၅၄၅။ ဖဲသွား,ပြီးပြေ၊ ဆုံးဖြတ်ထွေ၊ ပျောက်လေ,နုတ်ပြီကြား။
၅၄၆။ အာသာ ပြတ်တုံ၊ ဆောင်းလကုန်၊ နုတ်ကြုံ,မာ,ရှစ်ပါး။

မာတိကာရှစ်ပါး၏ သရုပ်ကား–ကထိန်အာနိသင်ကို ရရှိသောရဟန်းတို့တွင် အချို့သောရဟန်းသည် တပေါင်းလပြည့်မတိုင်မီအတွင်း၌ ပြီးပြီးသောသင်္ကန်းကိုယူ၍ တပေါင်းလပြည့်အတွင်း မပြန်ပြီဟု ထိုတိုက်တာမှ အရပ်တစ်ပါးသို့ ဖဲသွားခြင်းတစ်ပါး, ဤသို့ ဖဲသွားရာ၌ သင်္ကန်းချုပ်လုပ်ရန်ကိစ္စသည် တိုက်တွင်း၌ပင် ပြီးစီးလျက်ရှိသောကြောင့် တိုက်တွင်း၌ပင် စီဝရပလိဗောဓ ပြတ်၏။

တပေါင်းလအတွင်း ဤတိုက်သို့ မပြန်ပြီဟု ထွက်သောကြောင့် တိုက်အရံကို လွန်သည်နှင့်တပြိုင်နက် အာဝါသပလိဗောဓ ပြတ်၏။ ပလိဗောဓနှစ်ပါးပြတ်ရာ၌ ထိုပုဂ္ဂိုလ်မှာ ကထိန်ပျက်၏၊ **ဖဲသွားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းမည်၏။ (၁)**

ပြီးပြေ ဆိုသည်ကား– မချုပ် မဆိုးရသေးသောသင်္ကန်းကိုယူ၍ ထိုနည်းတူ ထွက်သွား၏။ သင်္ကန်းကို အရပ်တစ်ပါးသို့ ရောက်မှ

ချုပ် မည်ဟုယူခဲ့၍ အရပ်တစ်ပါး၌ ချုပ်လုပ်၏။ ဤ၌မပြန်ပြီဟု ထွက်သောကြောင့် တိုက်အရံကို လွန်ရာ၌ အာဝါသ ပလိဗောဓပြုတ်၏။ သင်္ကန်းကို ရောက်ရာ၌ချုပ်မည်ဟု ယူခဲ့သောကြောင့် စီဝရပလိဗောဓ မပြုတ်သေး၊ သင်္ကန်းချုပ်လုပ်၍ ပြီးပြေမှပြုတ်၏၊ ကထိန်ငြိမ်း၏။ သင်္ကန်းပြီးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းမည်၏။ (၂)

ရောက်ရာ၌သင်္ကန်းကိုလည်း ချုပ်လုပ်မည်,တပေါင်းလပြည့် အတွင်းမှာပင် တိုက်တာသို့ပြန်မည်ဟုထွက်သွား၍ တိုက်ပြင်အရပ် တစ်ပါးသို့ရောက်မှ သင်္ကန်းလည်း ပျောက်၍သွား၏။ မပြန်လိုပြီဟုစိတ် ဆုံးဖြတ်ရာ၏။ ဆုံးဖြတ်ရာ၌ကထိန်ငြိမ်း၏။ ။(သိသာပြီ–၃)။

ရောက်လေဆိုသည်ကား–ထိုနည်းတူထွက်သွား၍ တိုက် ပြင်သို့ရောက်မှ သင်္ကန်းလည်း ပျောက်၍သွား၏။ မပြန်လိုပြီဟု စိတ်ဖြစ် ၏။ ကထိန်ငြိမ်း၏။ ။(သိသာပြီ–၄)

နှစ်ပြီကြား ဆိုသည်ကား–ထိုနည်းတူထွက်သွားရာ၏။ ထို ရဟန်းထွက်သွားသည်နောက် ထိုတိုက်မှာ ကထိန်နုတ်ရန်အကြောင်း ရှိ၍ ထိုကထိန်ကို နုတ်ရ၏။ သင်္ကန်းကို ရောက်ရာ၌ ချုပ်လုပ်ပြီးမှ တို တိုက်တာမှာ ကထိန်နုတ်ကြောင်းကို ကြား၏။ ပြန်မည်ဟု စိတ်ရှိ သော်လည်း နုတ်ကြောင်းကို ကြားသည်နှင့်တပြိုင်နက် ထိုရဟန်းမှာ ကထိန်ငြိမ်း၏။ (သိသာပြီ–၅။

ထိုနည်းတူထွက်သွား၍ ရောက်ရာ၌ သင်္ကန်းကိုချုပ်လုပ်၍ ပြန်မည်ဟုကြံလျက် မပြန်ဖြစ်တဲ့နိုင်ရှိ၍ တပေါင်းလအတွင်းမှာပြန် လာရာ ထိုကိုက်တာ၌ အကြောင်းရှိ၍ ထိုကထိန် နုတ်ကြသည်ကို ထိုရဟန်း လည်း ရောက်လာခိုက်ကြုံ၍ သံဃာတို့နှင့်အတူ နုတ်ရာပါလေ၏၊ ငြိမ်း၏။ –၆။

အာသာပြုတ်တုံ ဆိုသည်ကား– အရပ်တစ်ပါး၌ သင်္ကန်းလျာ ရလိမ့်မည်ဟု အာသာနှင့်တကွ ထိုတိုက်တာသို့ မပြန်ပြီဟု ထွက်သွား

၏။ အံ့သာရှိသေးသည့်အတွက် တိုက်ပြင်အရပ်တစ်ပါးသို့ ရောက်သော်လည်း စီဝရပလိဗောဓ ရှိသေး၏။ ကထိန်မငြိမ်းသေး၊ ထို သင်္ကန်းလျှာသည် မရဘဲရှိသေး၏၊ အာသာပြတ်၏၊ ကထိန်ငြိမ်း၏။ (–ရ။)

အာသာနှင့်တကွ ထွက်သွားရာ အာသာရှိရာက သင်္ကန်းလျှာရှူကား ထိုသင်္ကန်းလျှာအတွက် ချုပ်လုပ်ရန် စီဝရပလိဗောဓဆက်၍ သွားပြန်၏။ ပြီးပြေ ဆုံးဖြတ်စသည်တို့သို့ ရောက်ပြန်လေ၏။ (–ဓ။) အကျယ်ကို ခန္ဓကပရိဝါရတို့၌ ယူလေ။

မာတိကာ ရှစ်ပါးပြီး၏။

======

၅၄ရ။ သင်္ကန်းနှင့်စပ်၊ ကျောင်းနှင့်စပ်၊ နှစ်ရပ် ဗောဓပြား။
(ဤပလိဗောဓ နှစ်ပါးထင်ရှားပြီ)။

၅၄ဓ။ အန္တရဋ္ဌာ၊ သဟုဋ္ဌာ၊ နှစ်ဖြာ နုတ်ခြင်းပြား။

အန္တရဋ္ဌာရနုတ်ခြင်း, သဟုဋ္ဌာရနုတ်ခြင်းဟူ၍ နုတ်ခြင်းနှစ်ပါးရှိ၏။ ထိုတိုက်တွင်း၌ ကထိန်နုတ်မှုကိုပင် ထိုရဟန်းမပြန်မီနုတ်မှု ထိုရဟန်းပြန်လာ၍မှီသဖြင့် ထိုရဟန်းနှင့်တကွ နုတ်မှုဟူ၍နှစ်ပါးဖြစ်သတည်း။

၅၄ဈ။ နီသင်ငါးမှာ၊ ရှေးဦးသာ၊ သေချာပြပြီးငြား။

ပုဗ္ဗကရဏမှစ၍ ဤအလုံးစုံကိုသိသောရဟန်းမှ အဂါရှစ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍ ကထိန်ခင်းခြင်းငှာထိုက်သည်ဟု ပရိဝါ၌လာသည်။ ''အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော အာဘဗ္ဗော ကထိနံ အတ္ထရိတုံ။ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ''။ ။ဝိ၊၅။၃၀၈။ ။ ရှေ့ရှစ်ပါးကား အဂါရှစ်ပါးကို မသိခြင်း ရှစ်ပါးတည်း။

(လယ်တီဆရာတော်၊ ဝိနယသံခိပ်ကျမ်း။ ၁၅၀–၁၅၆။)

===ooo===

အဘယ်ကို ကထိန်ဟု ခေါ်ပါသနည်း?

၁။ ပုရိမဝါ ကျွတ်သောရဟန်း၊
၂။ အနည်းဆုံး ငါးပါးအရေအတွက်ရှိသောသံဃာ၊
၃။ တရားသဖြင့် ဖြစ်ပေါ်လာသော ကထိန်သင်္ကန်း၊
၄။ ကထိနမာသ-
၅။ ဝစီဘေဒ - နှုတ်မြွက်၍ ကထိန်ခင်းခြင်း၊

၆။ အနုမောဒနာပြုခြင်း-ဟူသော ရုပ်နာမ်နှစ်ပါး အပေါင်း ဖြစ်သော သမူဟပညတ်ကို '**ကထိန်**'ဟု ခေါ်ပါသည်။

= **တေသညေဝ ဓမ္မာနံ သင်္ဂဟော သမဝါယော နာမံ နာမကမ္မံ နာမဓေယ္ယံ နိရုတ္တိ ဗျဉ္ဇနံ အဘိလာပေါ ယဒိဒံ ကထိနန္တိ။** (ဝိ၊ ၅။ ၃၀၈။)

= ကထိနန္တိ ဣဒံ ဗဟူသု ဓမ္မေသု နာမမတ္တံ။
(ဝိ၊ ၄၊ ၄။ ၂၁၄။)

= <u>ယေသု ရူပါဒိဓမ္မေသူ</u> (ဝိ၊၄၊၄။ ၂၁၄)တိ "ပုရိမဝဿံ ဝုဋ္ဌာ ဘိက္ခု။ ပဋ္ဌဟိ အနုနော သံဃော၊ စီဝရမာသော၊ ဓမ္မေန သမေန သမုပ္ပန္နစီဝရံ" န္တိ ဧဝမာဒိသု ရူပါရူပ ဓမ္မေသု ... မီသိဘာဝေါ (ဝိ၊၄၊၄။ ၂၁၄) တိ သံသဂ္ဂတာ သမူဟပညတ်မတ်။ တေနာဟ "နံ ပရမတ္ထတော ဧကော ဓမ္မော အတ္ထီ" တိ။ (ဝိမတိ၊ ၂။ ၃၀၄)

အဘယ်ကြောင့် ကထိန်ဟု ခေါ်ပါသနည်း?

ကထိန်နှင့်စပ်သော အာနိသင်ငါးရပ်တို့ကို ကထိန်ခင်းရာကျောင်းတိုက်အတွင်း၌ သိမ်းယူ၍ တည်ရှိစေနိုင်သဖြင့် မြဲမြံခိုင်ခန့်သော သဘောရှိသောကြောင့် '**ကထိန်**'ဟု ခေါ်ပါသည်။

= ကထိနန္တိ် ပဠာနိသံသေ အန္တောကရဏသမတ္ထတာယ ထိရန္တိ် အတ္ထော။

(ဝဇိရ။ ၄၈၈။ သာရတ္ထ၊ ၃။ ၃၃၅။ ဝိမတိ၊ ၂။ ၁၉၃။)

= ပဠာနိသံသေ အညတ္ထ ဂန္တုံ အဒတ္တာ သင်္ကာတိ။

(ဝိနယာလင်္ကာရ၊ ၂။ ၉၀။)

ဘုရားအစရှိသော ပညာရှိတို့ ခြီးမွမ်းအပ်သောကြောင့် 'ကထိန်' ဟု ခေါ်ပါသည်။

= ဣဒဉ္ဉိ ကထိနဝတ္ထံ နာမ ဗုဒ္ဓပွသတ္ထံ။

(ဝိ၊ ဋ္ဌ၊ ၃။ ၃၉၀။)

= အထဝါ ကထိယတေ သိလာယတေ ပသံသိယတေ ဗုဒ္ဓါဒီဟိ ကထိနံ။

(ဝိနယာလင်္ကာရ၊ ၂။ ၉၂။)

ရေသောက်မြစ်ရှိသော သစ်ပင်ကြီးများကဲ့သို့ အာနိသင် ငါးပါး တို့ကို ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း၌ (၅)လအတွင်း ခိုင်မြဲခြင်း သဘောရှိသောကြောင့် ကထိန်မည်ပါသည်။

= အထဝါ ကဋ္ဌတိ ကိစ္စေန ဧဝံတိတိ ကထိနော၊ ရုက္ခော။ တသ ဧသောတိ ကထိနော၊ ထိရဘာဝေါ။ သော ဧတသ အတ္ထီတိ ကထိနံ။ (ဝိနယာလင်္ကာရ၊ ၂။ ၉၁-၂။)

ကထိန်ခင်းခြင်းသည် အဘယ်အချိန်ကစ၍ ဖြစ်ပေါ်လာပါသနည်း ?

<u>ကထိန်ခင်းခြင်းသည် ရှေးဘုရားရှင်တို့ လက်ထက်၌ပင် ရှိခဲ့ပါသည်။</u>

= ဒီပင်္ကရာဘုရားရှင်မှစ၍ ရေတွက်သည်ရှိသော် နှစ်ဆူမြောက် ပဒုမဘုရားရှင် လက်ထက်တော်၌ ဥသဘဝတီမြို့သူမြို့သား များက ဘုရားရှင်ခွင့်ပြုတော်မူသဖြင့် ကထိန်သင်္ကန်းလှူဒါန်းကြပါသည်။

အဂ္ဂသာဝက သာလမထေရ်သည် ကထိန်လျှာပုဆိုးကို အလှူခံ တော်မူပါသည်။ သာလမထေရ်အား ရဟန်းတော်တို့က ဝိုင်းဝန်းကူညီ၍ ကထိန်သင်္ကန်း၏ ဖြတ်, ယှဉ်, ချုပ်, ဆိုး လုပ်ငန်းတို့ကို ကူညီဆောင် ရွက်ပေးကြပါသည်။ ပဒုမ ဘုရားရှင်ကိုယ်တော်တိုင် အပ်နှံခဲ့၍ အပ်ချည် ထိုးပေးတော်မူခဲ့ပါသည်။ (ဗုဒ္ဓဝံ၊ ဋ္ဌ။ ၂၁၃-၄။)

ပဒုမုတ္တရဘုရားရှင် လက်ထက်တော်အခါ၌လည်း အဂ္ဂ သာဝက သုဇာတမဟာထေရ် ကထိန်သင်္ကန်း ခံယူတော်မူရာ၌လည်း ပဒုမုတ္တရဘုရားရှင်နှင့် ရဟန်းတော်(၆)သိန်း (၈)သောင်းတို့ ကထိနဝတ်ကို ပြုပေးတော်မူခဲ့ပါသည်။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၀။)

ဤဂေါတမဘုရားရှင် လက်ထက်တော်အခါ၌ ကောသလ နိုင်ငံ၏ အနောက်ပိုင်း ပါဝါမြို့၌ သီတင်းသုံးတော်မူကြသော ဘဒ္ဒဝဂ္ဂိ ညီနောင်သုံးကျိပ်ကို အကြောင်းပြု၍ ကထိန်ကို ခွင့်ပြုတော်မူခဲ့ပါသည်။

ဘုရားရှင် (၁)ဝါ ရတော်မူပြီး ရဟန်းတော်(၆)ကျိပ်ကိုလည်း သာသနာပြု စေလွှတ်တော်မူသည်။ ကိုယ်တော်တိုင်လည်း ဥရုဝေဠု တောသို့ ဥရုဝေဠုကဿပအမှူးရှိသော ရဿေ့ညီနောင်တို့ကို ဆွေးဆွတ် တော်မူရန် တစ်ပါးတည်း ကြွတော်မူသည်။

လမ်းခရီး ကပ္ပါသိကတောအုပ်သို့ ရောက်ရှိ၍ သစ်ပင် တစ်ပင် ရင်း၌ ခေတ္တ သီတင်းသုံးတော်မူနေသည့်အခါ ဘုရားရှင်၏အနီးသို့ ရောက်လာကြသော မိန်းမ ပျောက်သွားသည်ကို လိုက်ရှာကြသော ဘဒ္ဒဝဂ္ဂိ ညီနောင်မင်းသားတို့အား အနုပုဗ္ဗိကထာ ဒေသနာတော်ကို ဟောတော်မူပါသည်။ ဒေသနာတော်အဆုံး၌ ပါရမီဉာဏ်အလျောက် သောတာပန်, သကဒါဂါမ်, အနာဂါမ် အရိယာသာဝကများဖြစ်ကြ၍ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြပါသည်။ ဘုရားရှင်သည် ဘဒ္ဒဝဂ္ဂိညီနောင်တို့အား ဇေဟိဘိက္ခု ရဟန်းအဖြစ် ချီးမြှောက်တော်မူ၍ သာသနာပြု စေလွှတ်တော်မူပြီး ဥရုဝေဠတောအုပ်သို့ ကြွတော်မူပါသည်။

ဘုရားရှင် ကောသလနိုင်ငံ သာဝတ္ထိမြို့တော်၌ ဝါကပ်တော်မူသည့်နှစ်၌ ဘဒ္ဒဝဂ္ဂိညီနောင်ထေရ်တို့သည် ဘုရားရှင်သီတင်းသုံးတော်မူသည့် သာဝတ္ထိမြို့သို့ ကြွလာကြရာ သာဝတ္ထိမြို့မှ(၆)ယူဇနာဝေးသော သာကေတမြို့၌ ဝါကပ်ချိန်ရောက်ရှိ၍ ထိုမြို့၌ ဝါကပ်တော်မူကြပါသည်။ ဝါကျွတ်သည့်အခါ ပဝါရဏာ ပြုတော်မူကြပြီး သာဝတ္ထိမြို့သို့ ဘုရားဖူးခရီး ထွက်ခဲ့ကြပါသည်။ လမ်းခရီး၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရွံ့ဗွက်တောများကို ဖြတ်ကျော်ခဲ့ကြပါသည်။ ဘဒ္ဒဝဂ္ဂိညီနောင် ရဟန်းတော်များသည် တိစီဝရိက် ပံသုကူဝတ်ဆောင်ချည်း ဖြစ်ကြပါသည်။ ရွံ့ညွန် မိုးရေတို့ စွတ်စိုပေရေသဖြင့် ဆင်းရဲငြိုငြင် ပင်ပန်းစွာဖြင့် ဘုရားရှင် ခြေတော်ရင်းသို့ ရောက်ရှိကြပါသည်။

ဘုရားရှင်သည် ဤအချိန်မှ ငါးလအတွင်း တိစီဝရိက်ဆောင် ရဟန်းတော်များ နှစ်ထပ်သက်န်းကြီးကို သင့်ရာမှာ အပ်နှံထားပြီး သင်းပိုင်၊ ကိုယ်ဝတ်သက်န်းမျှဖြင့် လွယ်ကူချမ်းသာစွာ ခရီးသွားနိုင်ကြစေရန် အစရှိသော ကထိန်အာနိသင်ငါးပါးတို့ကို ခွင့်ပြုတော်မူလိုသဖြင့် ကထိနကံကို ခွင့်ပြုတော်မူပြီး အနမတဂ္ဂသံယုတ် တိသ

မတ္တာသုတ် (သံ၊ ၂။ ၃၉၄)ကို ဟောတော်မူသည့် ဒေသနာတော် အဆုံး၌ အာသဝေါကုန်ခမ်း (၃)ကျိပ်လုံး ရဟန္တာ ဖြစ်တော်မူကြပါ သည်။

၃၀၆။ **တေနသမယေန ..... အနုစာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ၊ အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ ပဋ္ဌ ကပ္ပိဿန္တိ။**

(ဝိ၊ ၃။ ၃၅၁-၂။)

၃၀၆။ **ပါဝေယျကာတိ ..... တံ တေသံ ဘဝိဿတီတိ အတ္ထော။**

(ဝိ၊ ၄၊ ၃။ ၃၈၇-၈။)

<u>ကထိန်အာနိသင်(၅)ပါး</u>

၁။ **အနာမန္တစာရ** = ဒါယကာက ရဟန်းတို့အား ဆွမ်းဖိတ်ထားသော်လည်း အနီးရှိရဟန်းတို့ကို မပန်ကြားမပြောဆိုပဲ ရွာတွင်းသို့ သွားနိုင်ခြင်း (စာရိတ္တသိက္ခာပုဒ်။ ဝိ၊၂။ ၁၃၄-အရ ပါစိတ်အာပတ်မသင့်နိုင်။)

၂။ **အသမာဒါနစာရ** = တိစီဝရိတ်အဓိဋ္ဌာန်တင်သော သင်္ကန်း ကို မယူဆောင်ပဲ သွားလိုရာ လှည့် လည် သွားလာနိုင်ခြင်း၊ ထိုသင်္ကန်းနှင့် ညဉ့်ကင်း၍(ညစဉ် အနီးအနား၌ မဆောင်ထားပဲ) နေနိုင်ခြင်း။ (ဒု-ကထိန သိက္ခာပုဒ်၊ ဝိ၊၁။ ၂၉၃-အရ နိဿဂ္ဂိယ ပါစိတ်အာပတ် မသင့်နိုင်ခြင်း။)

၃။ **ယာဝဒတ္ထစီဝရ** = ရရသမျှ သင်္ကန်းတို့ကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုပဲ အလိုရှိသလောက် ထားရှိသုံးဆောင်နိုင်ခြင်း။

(ပ– ကထိနသိက္ခာပုဒ်၊ ဝိ၊ ၁။၂၉၇–အရ–၁၀–ရက်ထက် ကျော်လွန်သော်လည်း နိဿဂ္ဂိယ ပါစိတ်အာပတ် မသင့်နိုင်။)

၄။ ဂဏဘောဇန = မအပ်စပ်သော တောင်းခံခြင်း, ပင့်ဖိတ်ခြင်းမျိုးဖြင့် တောင်းခံ ပင့်ဖိတ် အပ်သော ဆွမ်းဖြစ်သော်လည်း (၄)ပါး ထက်အလွန် စုပေါင်း ခံယူစားနိုင်ခြင်း။ (ဘောဇနဝဂ်၊ ဂဏဘောဇနသိက္ခာပုဒ်, ပရမ္ပရဘောဇန သိက္ခာပုဒ်တို့ကြောင့် ပါစိတ် အာပတ် မသင့်နိုင်။)

၅။ ယော စ တတ္ထ–
စိဝရပ္ပါဒ = ကထိန်ခင်းရာ ကျောင်းတိုက်၌ ဖြစ်ပေါ်ရှိသမျှ သံဃိကသက်နှံးတို့ကို ကထိန် အာနိသင်ရရှိသော ရဟန်းတို့သာ သုံးစွဲခွင့် (ပိုင်ဆိုင်)ခွင့် ရှိခြင်း။

(ဝိ၊၃။ ၃၅၂။ ဝိ၊၄၊၃။၃၈၈။)

<u>ကထိန်၏ အရင်းအမြစ်</u>

– သံဃာသည် ကထိန်၏ တစ်ခုတည်းသော အရင်း အမြစ် ဖြစ်သည်။

<u>ကထိန်၏တည်ရာဝတ္ထု</u>

– ကထိန်၏ တည်ရာဝတ္ထုသည်– သံဃာဋီ, ဥတ္တရာသင်္ဂ, အန္တရဝါသက (သင်္ကန်း ၃–ထည်) ဖြစ်သည်။

<u>ဝတ္ထု၏ဖြစ်ရာဘူမိ</u>

– ဝတ္ထုသုံးမျိုး၏ ဖြစ်ရာဘူမိသည် –ခေါမ–ကပ္ပါသိက, ကောသေယျ, ကမ္မလ, သာဏ, ဘင်္ဂ တို့ဖြစ်သည်။

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

– ကထိနသ ကတိ မှုလာနိ? ကထိနသ ဧကံ မှုလံ သံယော။

– ကတိ ဝတ္ထူနိ? တီဏိ ဝတ္ထူနိ သံဃာဋိ ဥတ္တရာသင်္ဂါ အန္တရဝါသကော။

– ကတိ ဘူမိယော? ဆ ဘူမိယော ဧခါမံ ကပ္ပါသိကံ ကောသေယျံ ကမ္မလံ သာဏံ ဘင်္ဂံ။ (ဝိ၊ ၅။ ၃၀၆။)

ကထိန်၏ အာဒိ – မဇ္ဈ – ပရိယောသာန

– ကထိနသ ပုဗ္ဗကရဏံ အာဒိ၊ ကြိယာ မဇ္ဈေ၊ အတ္ထာရော ပရိယောသာနံ။ (ဝိ၊ ၅။ ၃၀၇။)

ကထိန်သင်္ကန်းကို အဘယ်သို့ဆို၍ အဘယ်ပုဂ္ဂိုလ်အား လှူဒါန်းရမည်နည်း?

"ကြွမံ ကထိနစီဝရံ သံဃသ ဒေမ၊ ကြွမိနာ ကထိနံ အတ္ထရထ"ဟု ဆို၍ သံဃာအား လှူဒါန်းရမည်။ (ကထိနစီဝရံ ဒေမ/ ကြွမိနာ ကထိနံ အတ္ထရထ/ ကထိနစီဝရံ သံဃသ ဒေမ/ ကြွမံ စီဝရံ ကထိနတ္ထာယ သံဃသ ဒေမ)

(ကထိနဝိမတိဋ္ဌဒနီ။ ၉။)

– ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ။(ဝိ၊ ဋ၊ ၃။ ၃၈၉။)

– ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိတိ ဇွတ္ထ "သံဃသ ကထိနစီဝရံ ဒေမာ"တိ ဝတ္တာဗ္ဗံ။ ဧဝဉ္ဟိ သတိ "ဣဒံ သံဃသ ကထိနဒုသ်ံ ဥပဂ္ဂဏှ" (ဝိ၊ ၃။ ၃၅၂) နှိ ကမ္မဝါစာယ သမေတိ။ (ဝိနယာလင်္ကာရ၊ ၂။ ၉၄)

– သစေ ပုရိမဝဿံဝုဋ္ဌာနံ ဂဟဋ္ဌပဗ္ဗဇိတေသု ယော ကောစိ

ဓမ္မေန သမေန စီဝရံ ဒေတိ "ဣမိနာ ကထိနံ အတ္ထရထာ" တိ။ (ကခ်ီ။ ၁၅၂။)

ကထိန်သင်္ကန်းအလှူရှင်

အဘယ်အလှူရှင် လှူဒါန်းအပ်သောသင်္ကန်းဖြင့် ကထိန်ခင်းရပါမည်နည်း?

<u>နတ်၊ လူ၊ သီတင်းသုံးဖော် ငါးယောက်တို့တွင် တစ်ဦးဦးသော အလှူရှင်မှ လှူဒါန်းအပ်သောသင်္ကန်းဖြင့် ကထိန်ခင်းရပါမည်။</u>

= ကထိနံ ကေန ဒိန္နံ ဝဋ္ဋတိ? ယေန ကေနစိ ဒေဝေန ဝါ မနုဿေန ဝါ ပဉ္စန္နံ ဝါ သဟဓမ္မိကာနံ အည-တရေန ဒိန္နံ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၈၉။)

ကထိန်သင်္ကန်းစီမံခြင်း

ကထိန်သင်္ကန်းလှူဒါန်းရာ၌ အဘယ်သင်္ကန်းကို လှူဒါန်းရပါမည်နည်း? ဟု အလှူရှင်က မေးလျှောက်လာလျှင် "ဒါယကာ၊ သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ်ဟူသော သုံးထည်သောသင်္ကန်းတို့တွင် တစ်ထည်ထည်ကို "ကထိန်သင်္ကန်းကို လှူဒါန်းပါ၏"ဟု ဆို၍ လှူဒါန်းသင့်၏။ ရှေးခေတ်က အဝတ်အထည်ကို လှူဒါန်းကြသဖြင့် သင်္ကန်းကို **ဖြတ်-ယှဉ်-ချုပ်-ဆိုး** အမှုကိစ္စများ ပြီးစီးအောင် သံဃာတော်က ကူညီဆောင်ရွက်ကြသဖြင့် သံဃာတော်များအတွက် ယာဂု-ဆွမ်း-ခဲဖွယ်များကို အလှူရှင်က လှူဒါန်းကြပါသည်-ဟု ပြောဆိုရမည်။

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

ကထိန ဒါယကဿ ဝတ္တံ အတ္ထိ၊ သစေ သော တံ အဇာနန္တော ပုစ္ဆတိ "ဘန္တေ ကထံ ကထိနံ ဒါတဗ္ဗ" န္တိ၊ တဿ ဧဝံ အာစိက္ခိတဗ္ဗံ "တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကံ သူရိယုဂ္ဂမနသမယေ ဝတ္ထံ 'ကထိနစီဝရံ ဒေမာ'တိ ဒါတုံ ဝဋ္ဋတိ၊ တဿ ပရိကမ္မတ္ထံ ဧတ္တကာ နာမ သူစိယော, ဧတ္တကံ သုတ္တံ, ဧတ္တကံ ရဇနံ, ပရိကမ္မံ ကရောန္တာနံ ဧတ္တကာနံ ဘိက္ခူနံ ယာဂုဘတ္တာနဉ္စ ဒါတုံ ဝဋ္ဋတီတိ။

(ဝိ၊ ၄၊ ၃။ ၃၈၉။)

====J====

သံယိက အဘယ်မျှရှိပါသနည်း?

သံယိကသည် သုတ္တန်ပရိယာယ်အားဖြင့်-

၁။ ဗုဒ္ဓပမုခဉ္စဘတောသံယိက၊

၂။ ဉာဘတောသံယိက၊

၃။ ဘိက္ခုသံယိက၊

၄။ ဘိက္ခုနီသံယိက၊

၅။ သံဃတော ဥဒ္ဒိဿ ဉာဘတောသံယိက၊

၆။ သံဃတော ဥဒ္ဒိဿ ဘိက္ခုသံယိက၊

၇။ သံဃတော ဥဒ္ဒိဿ ဘိက္ခုနီသံယိက-ဟု (၇)မျိုးရှိ၏။

(မ၊ ၃။ ၂၉၈။ ဒက္ခိဏဝိဘင်္ဂသုတ်)

- ဝိနည်းပရိယာယ်အားဖြင့်-
  - ခဏ္ဍသီမဋ္ဌကသံယိက အစရှိသော သီမဋ္ဌကသံယိက (၁၅)ပါး၊
  - အာဂတာနာဂတ ဉာဘတောသံယိက၊
  - အာဂတာနာဂတ ဘိက္ခုသံယိက၊
  - အာဂတာနာဂတ ဘိက္ခုနီသံယိက၊

– ဗုဒ္ဓပွမုခ ဥာဏတောသံယိက၊
– ဝသံဝုတ္ထသံယိက၊
– အာဂတာနာဂတ စာတုဒ္ဒိသာသံယိက အစရှိသော အားဖြင့် များသောအပြားရှိ၏။။

(စီဝရက္ခန္ဓက၊ သေနာသနက္ခန္ဓ–ပါဠိ–အဋ္ဌကထာ)

အာဂတာနာဂတဝါဒ

– နံနက်၌လျှ၍ မဝေဖန်အပ်သေးသော သက်နှံးစသည်ကို ညချမ်းသောအခါ ရဟန်းဖြစ်သောပုဂ္ဂိုလ်အား ဝေဖန်အပ်သော ယုတ္တိကို ထောက်ယူ၍ ကာလသုံးပါး၌တည်သော အရေအတွက် အပိုင်းအခြား မရှိသော ရဟန်းအပေါင်းသည် သံဃာမည်၏။။ နှာ(၁၅)

– တစ်ပါး၊ နှစ်ပါးအစရှိသည်ဖြင့် ရေတွက်ပိုင်းခြားကောင်းသော ရဟန်းအပေါင်းသည် ''ဂဏ'' မည်၏။။ –သမ္မုခီဘူတသံယာဟူသည်လည်း ''ဂဏ'' ပင် မည်၏။။

ဤသို့ သံဃ,ဂဏ ခွဲခြားပြီးလျှင် ဤကထိန်အရာ သံယသ အရ စာတုဒ္ဒိသာသံယာကိုသာ အလိုရှိအပ်၏–ဟု ဆိုကုန်၏။။ အာဂတာနာဂတဟူလို –

– မယံ ဘန္တေ ဣမံ ကထိနစီဝရံ သံယသ ဒေမ၊

ဘန္တေ=တို့။ မယံ=တို့သည်။ ဣမံ ကထိန စီဝရံ=ကို။ သံဃသ=ဤကျောင်းသို့ရောက်,မရောက်သော အရပ်လေးမျက် နှာတို့၌ သွားလာနေထိုင်သော အညာသိကောဏ္ဍညမထေရ်, အရှင်သာရိပုတ္တရာမထေရ်, အရှင်မောဂ္ဂလ္လာန်မထေရ် အစရှိသော သာသနာတော်အတွင်း၌တည်သော သံဃာတော်မြတ်အား။။ ဒေမ= လှူ၏ဒါန်းပါကုန်၏ဘုရား။။

အာဂတာနာဂတဝါဒကို ခီစစ်ချက်

ဝိနည်းပါဠိတော်၌ ဂရုဘဏ်အရာ၌သာ အာဂတာနာဂတ စာတုဒ္ဒိသာသံဃာကို ဟောတော်မူသည်။ လဟုဘဏ်အရာ၌ ဟော တော်မမူ။ အဋ္ဌကထာ ဋီကာကြီး၌လည်း ထို့အတူလျှင် ဖွင့်တော်မူကြ သည်။

မိထွေးတော်ဂေါတမီ သင်္ကန်း(လဟုဘဏ်)ကို လှူသောအခါ **"သံဃေ ဂေါတမီ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပုဗ္ဗဏတော ဘဝိဿာမိ သံဃော စ"** (မ၊ ၃။ ၂၉၆) ဟူ၍ တိုက်တွန်း ညွှန်ကြား နည်းပေးသနားတော်မူသည်။ နှာ(၁၅)

ဂရုဘဏ်ကို ဂရုဘဏ်အလျောက်, လဟုဘဏ်ကို လဟု ဘဏ်အလျောက် သက်ရောက်ပိုင်ဆိုင်သော သံဃာကို ခွဲခြားရှင်းပင် ဟောတော်မူသည်။

- "ယံ တတ္ထ လဟုဘတ္တံ် လဟုပရိက္ကာရံ၊ တံ် သမ္မုခီ ဘူတေန သံဃေန ဘာဇေတုံ၊
- ယံ တတ္ထ ဂရုဘတ္တံ် ဂရုပရိက္ကာရံ၊ တံ် အာဂတာနာဂ တသ္မ စာတုဒ္ဒိသသ္မ သံဃသ္မ အဝိသဋ္ဌိကံ် အဝေဘင်္ဂိကံ်။ (ဝိ၊ ၃။ ၄၂၁)
- = <u>သမ္မုခီဘူတေန သံဃေန ဘာဇေတုန်္ဂီ</u> အာဂတာ ဂတသ္မ သမ္မုခီဘူတသ္မ သံဃသ္မေဝ သန်္ဂက် ဟုတ္တာ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ အနုဇာနာမီတိ အတ္ထော။
- = ပါဠိယံ <u>အဝိသဋ္ဌိကံ် အဝေဘင်္ဂိကန်္ဂီ</u> အာဂတာနာ ဂတသ္မ စာတုဒ္ဒိသသ္မ သံဃသ္မ သန်္ဂက် ဟုတ္တာ ကသ္မာ အဝိသဋ္ဌိကံ် အဝေဘင်္ဂိကံ် ဘဝိတုံ အနုဇာနာမီတိ အတ္ထော။ (ဝိမတိ၊ ၂။ ၂၀၁)

= တစ်ပါးလည်း–(လဟုဘဏ်) ဖြစ်ကြောင်း မာတိကာ ရှစ်ပါးဌ် အာဂတာနာဂတ စာတုဒ္ဒိသာသံယာကို ဟောတော်မမူ၊ အဋ္ဌကထာ ဋီကာဆရာတို့လည်း အရိပ်အမြွက်မျှထည့်၍ အထူး ဖွင့်တော်မမူကြ၊ ထိုသို့ မဟော မဖွင့်ခြင်းကြောင့်ပင်လျှင် လဟုဘဏ် ကို အာဂတာ–နာဂတ စာတုဒ္ဒိသာသံယာ အစိုးမရဟု သိအပ်သည်။

ထို့ကြောင့် ဂရုဘဏ်အရာဌ်လာသော သေနာသနက္ခန္ဓက ပါဠိတော် (၀၊ ၄။ ၂၉၁)၌ ဒုတိယပါရာဇိကအဖွင့် (၀၊ ဌ၊ ၁။ ၂၉၆) သာမညသုတ္တန် ပရိယာယ်အားဖြင့်လာသော ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ (မ၊ ဌ၊ ၄။ ၂၂၆) တို့ကိုထောက်၍–

“<u>ကထိန်သင်္ကန်းဟူသော လဟုဘဏ် ဝိနယပရိယာယ လာဘ်ဝိသေသကို အာဂတာနာဂတ စာတုဒ္ဒိသာသံယိက–ဟု ဆိုးဖြတ်ခြင်းသည် ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင် ချုတ် ယွင်းသော အယူအဆိုးအဖြတ်သာ ဖြစ်သည်ဟု သန္နိဋ္ဌာန်ကျကျ သိမြင် မှတ်ယူရမည်</u>”။ နှာ(၁၆)

ထိုဆရာတို့ထုတ်ပြသော စီဝရဘာဇနယုတ္တိ၌ –

ထိုဆရာတို့၏အာဘော်ကား လာဘ်လှူစဉ် ရှိနေသော ရဟန်း အပေါင်းသည် <u>အာဂတာ</u> ညချမ်းမှီ ရဟန်းဖြစ်လတ်သော လာဘ်သက်ရာ လာဘ်ခံသည့် ရဟန်းအပေါင်းသည် <u>အနာဂတ</u> ဟူလိုသည်။

ထိုသို့မယူသင့်။ အာဂတာနာဂတဟူသည် ထိုဆရာ ယူဆ သကဲ့သို့မဟုတ်၊ စင်စစ်သော်ကား လာဘ်ရှိရာသို့ရောက်လာသော ရဟန်းအပေါင်းသည် <u>အာဂတာ</u>၊ လာဘ်ရှိရာသို့ အလျဉ်းပင်မရောက် လာသောရဟန်းအပေါင်းသည် <u>အနာဂတဖြစ်သည်</u>။ <u>အာဂတာနာ ဂတသံယိကလာဘ်ဟူသည်လည်း</u> လာဘ်ရှိရာသို့ရောက်လာသော ရဟန်းတို့၏လည်းကောင်း၊ အလျဉ်းပင် မရောက်လာသော ရဟန်း တို့၏လည်းကောင်း၊ အစိုးရ သက်ရောက်ပိုင်ဆိုင်သော လာဘ်တည်း။ ထို့ကြောင့် <u>သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့ မဝေဖန်အပ် ဖြစ်သည်</u>။

သာသနာတော်တွင်းရှိရှိသမျှ အရေအတွက် အပိုင်းအခြား မရှိသော ရဟန်းအပေါင်း၏ ဘုံဆိုင်လာဘ်ကြီးဟူလိုသည်။

– လဟုဘဏ်လာဘ်သော်ကား–လာဘ်ရှိရာသို့ လာတိုင်း လာတိုင်း၊ ရောက်တိုင်းရောက်တိုင်း မျက်မှောက်ဖြစ်သော အာဂတာဂတ၊ သမ္မတ္တ အသမ္မတ္တ–သမ္မုခီဘူတံ ဟုယာသည် ဝေဖန်အပ် သည်။ (ဝိ၊ ၃။ ၄၂၁။ ဝိ၊ ဋ္ဌ၊ ၃။ ၄၂၀။ ဝိ၊ သင်္ဂဟ။ ၂၅၂။ ဝိနယလင်္ကာရ၊ ၂။ ၁၃၉။) တို့၌လာသော စီဝရဘာဇနယုတ္တိကို ထောက်၍ အာဂတာ နာဂတ သံယိက–ဟု ထိုဆရာတို့ ဆုံးဖြတ်ခြင်းသည်လည်း မသင့်သည်သာ။

အာဂတာနာဂတ နှင့် အာဂတာဂတသံယိက

– <u>အာဂတာနာဂတ သံယိကလာဘ်ကား</u> – လှူသော ဒါယကာ၏ မျှစေတနာ မြောက်ပြီးသည်၏ အခြားမဲ့၌ သာသနာတော်အတွင်း ရှိရှိသမျှရဟန်းအပေါင်းအား သက်ရောက်လေသည်။ လာဘ်ရှိရာသို့ လာရောက်, မလာရောက်သော ရဟန်းအပေါင်းသည် အစိုးရသည်၊ ပိုင်သည်၊ ထိုအစိုးရသော ပိုင်ရှင်သံဃာသည် ယုတ်လျော့ခြင်း၊ တိုးပွားခြင်းမရှိ။

အာဂတာဂတသံယိကလာဘ်ကား– လှူသောဒါယကာ မျှစေတနာမြောက်သည်၏အခြားမဲ့၌ မျက်မှောက်သမ္မုခီဘူတ ရဟန်းအပေါင်းအားသာ သက်ရောက်သည်။ သမ္မုခီဘူတ ရဟန်း အပေါင်းသည် အစိုးရသည်၊ ပိုင်သည်။ ထိုလာဘ်သည် နောက်အခါ မဝေဖန်သေးသမျှကာလပတ်လုံး လာဘ်ရှိရာသို့ လာရောက်တိုင်း၊ လာရောက်တိုင်း သမ္မုခီဘူတ ရဟန်းအပေါင်းအားလည်း တိုးပွား၍ သက်ရောက်ပြန်သည်။ မူလသက်ရောက်ပြီး ရဟန်းအပေါင်းတွင်လည်း တစ်စုံတစ်ယောက်သောရဟန်းသည် လာဘ်မဝေဖန်မီ အရပ်တစ်ပါးသို့ထွက်၍ သမ္မုခီဘူတမဟုတ်ပြန်လျှင် သက်ရောက်ခြင်း ကင်းပြန်သည်။ ဤသို့ အစိုးရသော ပိုင်ရှင်သံဃာသည် ယုတ်လျော့ခြင်း၊ တိုးပွားခြင်းရှိသည်။

ဥပမာကား– ဥပစာရသိမ်သည် အာဝါသိက၏ အစွမ်းအားဖြင့်သော်လည်းကောင်း၊ ရဟန်းတို့၏ အစွမ်းအားဖြင့်သော်လည်းကောင်း တိုးပွားသကဲ့သို့တည်း။ (နှာ–၁၇–၁၈)

ရဟန်းတစ်ပါးသာရှိသောကျောင်း၌ ဖြစ်ပေါ်လာသော သံယိကသက်ဒိန်း

ထိုသို့ ဆိုအပ်ပြီးသောအတိုင်း သမ္မုခီဘူတဖြစ်မှ အာဂတာ–ဂတလာဘ်သည် သက်ခဲ့သည်ရှိသော် ဥတုကာလ၌ ရဟန်းတစ်ပါး သာရှိသောကျောင်း၌ သံဃာအားဖြစ်လာသောသက်ဒိန်းကို လာဘ်ရှိရာကျောင်း၌ သမ္မုခီဘူတ ရဟန်းတစ်ပါးသာရှိသောကြောင့် အဓိဋ္ဌာန်ဖွယ်မရှိ၊ အဘယ်ကြောင့် အဓိဋ္ဌာန်အပ်သနည်းဟူမူ–

ထိုသံယိကလာဘ်တို့မည်သည် အဓိဋ္ဌာန်မပြုအပ်သေးသမျှ ကာလပတ်လုံး သံယိကသဘောကိုမစွန့်၊ လာဘ်ရောက်ရာရောက်ရာ၌ တိုးပွား၍သက်သည်။ ပုဂ္ဂလိကဇကန်မဖြစ်သေး။ သံယိကသဘောကို စွန့်၍ ပုဂ္ဂလိကဖြစ်စေခြင်းငှာ ဝိနည်းပရိယာယ်အားဖြင့် "**မယှိမာနိ စိဝရာနိ ပါပုဏန္တို့**" ဟု အဓိဋ္ဌာန်တင်အပ်သည်။

ဤသို့သော အထူးကိုပြဆိုသော ပါဠို,အဋ္ဌကထာတို့ဖြင့် အာဂတာနာဂတနှင့် အာဂတာဂတသံယိက အထူးအပြားကိုပိုင်း ခြား၍ သေသေသပ်သပ်မှတ်ယူအပ်သည်။

(ဝိ၊ ဋ္ဌ၊ ၃။ ၄၁၁–၂၊ ၄၂၀။ ကခ်ီ။ ၁၆၂။ ဝိ၊ သင်္ဂဟ။ ၂၅၂။ ဝိနယာလင်္ကာရ၊ ၂။ ၁၃၉။)

တဖန် <u>ဂဏအရပြုရာ၌</u>–အာဂတာနာဂတဝါဒီ ဆရာတို့၏ အာဘော်ကား– ရှေးဖြစ်သော စာတုဒ္ဒိသာသံယိကကျောင်း စသည်ကို တရားဆင်ရာ၌ စာတုဒ္ဒိသာသံဃာဖြစ်သော အရပ်လေးမျက်နှာရှိ

ရဟန်းတို့သည် အရေအတွက် အပိုင်းအခြားမရှိ များသောကြောင့် ဓုရနိက္ခေပမချနိုင်၊ ဒီဃဘာဏအစရှိသော ဂဏိကကျောင်းအစရှိသည်ကို တရားဆင်ရာ၌မူကား ဒီဃနိကာယ်ဆောင် အစရှိသော ရဟန်းတို့သည် အရေအတွက် အပိုင်းအခြားရှိသောကြောင့် ဓုရ နိက္ခေပချနိုင်သည်။

ရှေ့နောက်ထောက်ညှိသော– ကာလသုံးပါး၌တည်သော အရေအတွက် အပိုင်းအခြားရှိသော ရဟန်းအပေါင်းသည် သံဃာတစ်ပါး၊ နှစ်ပါးအစရှိသည်ဖြင့် ရေတွက်ပိုင်းခြားကောင်းသော ရဟန်းအပေါင်းသည် ဂိုဏ်းချည်းတည်း။ **သမ္မုခီဘူတေန–အရ** သံဃာသည်လည်း ရေတွက်နိုင်၍ ဂိုဏ်းသာတည်းဟူသော ထိုအယူသည်–

= နှ ဘိက္ခဝေ အညတြ ဝဿံဝုတ္ထေန အညတြ စီဝရ ဘာဂေါ သာဒိတဗ္ဗော၊ ယော သာဒိယေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃။ ၄၁၆။)

= ဇေတ္ထ ပန ကိဉ္စာပိ လဟုကာ အာပတ္တိ၊ အထခေါ ဂဟိတာနိ ဂဟိတဋ္ဌာနေ ဒါတဗ္ဗာနိ၊ သစေပိ နဋ္ဌာနိ ဝါ ဓိဏ္ဍာနိ ဝါ ဟောန္တိ၊ တသ္မေဝ ဂီဝါ။ 'ဒေဟီ' တိ ဝုတ္တေ အဒေန္တော ဓုရနိက္ခေပေ ဘဏ္ဍဂ္ဃေန ကာရေ တဗ္ဗော။ (ဝိ၊ ၄။ ၄၁၃။) ဟု သံဃိက လဟုဘဏ်အရာ၌ ဓုရနိက္ခေပချနိုင်သော အရေအတွက် အပိုင်းအခြားရှိသော ဝဿံဝုတ္ထ သံဃာ တိုက်ရိုက်လာသည်ကိုလည်း မမြင်။

ဘေသဇ္ဇက္ခန္ဓကဝတ္ထု (ဝိ၊ ၃။ ၃၄၃)၌ အဓိဝါသေတု အမှတေလသာနိ ဘိက္ခုသတာနိ– ဟု လဟုဘဏ်အရာ၌ လာဘ်ခံသံဃာကို ဘုရားရှင်ကိုယ်တော်တိုင် ရေတွက် ဟောကြားတော်မူသည်ကိုလည်း မထောက်၊

စီဝရကွန္ဓက ပါဠိ-အဋ္ဌကထာ, သေနာသနကွန္ဓကပါဠိ အဋ္ဌကထာတို့၌ လဟုဘဏ်အရာဝယ် သီမဋ္ဌကသံဃာ, ဝဿံဝုတ္ထ သံဃာ အစရှိသော ရေတွက်ပိုင်းခြားနိုင်သော ဝိနယပရိယာယ ဝိသေသ လာဘ်ခံ သံဃာများစွာ လာသည်ကိုလည်း မမြော်-

ဘုရားရှင်၏ အလိုတော်နှင့် ဖီလာဆန့်ကျင်သော အယုဝါဒ တည်း၊ မသင့်-ဟု မြဲမြံကြပ်ကြပ်ကောင်းစွာ မှတ်သားအပ်၏။

===၃===

အာဂတာနာဂတဝါဒီ-အယုအဆ (၃)ချက်

၁။ အာဂတာနာဂတဝါဒီဆရာတို့သည် ယဿ သံယော ကထိနစီဝရံ ဒေတိ- ဟူသောပါဠိဖြင့် တစ်ပါးသာရှိသောကျောင်း တိုက်၌ တိုက်တစ်ပါးသံဃာသည် ကထိန်သင်္ကန်းကို ကထိန်ခင်းသော ရဟန်း အား ပေးသည်ကိုပြသော အဋ္ဌကထာဆရာသည် ၎င်းကထိန်သင်္ကန်း သည် တိုက်တစ်ပါး၏လည်း သန္တကဖြစ်သင့်ကြောင်းကိုပင် ပြ၏။ ထိုသို့ပြသဖြင့် ကထိန်သင်္ကန်းသည် စာတုဒ္ဒိသာ သံဃိက ဖြစ်ကြောင်းကို ပြတော်မူ၏ဟူ၍လည်းကောင်း။

၂။ **ဂရုဘဏ္ဍံ နု ဘာဓေတဗ္ဗံ-(ဝိ၊၄၊၃။၃၉၁)** ဟူသော ပါဠိဖြင့်လည်း ကထိန်သင်္ကန်းနှင့်ရောစပ်၍ လှူအပ်သော ဖျာ၊ သင်းဖြူ အစရှိသော ဂရုဘဏ်ကို မဝေဖန်အပ်ကြောင်းကို ပြသော အဋ္ဌကထာ ဆရာသည် ထိုဂရုဘဏ်နှင့်တကွ လှူအပ်သော သင်္ကန်းသည်လည်း သံဃိကဖြစ်ကြောင်းကို ပြတော်မူ၏ဟူ၍လည်းကောင်း။

၃။ **ယော စ တတ္ထ စီဝရုပ္ပါဒေါ-(ဝိ၊၄၊၃။၃၈၁)** အစရှိသောပါဠိဖြင့် တိုက် တစ်ပါးသံဃာ၏ သန္တကဖြစ်သော်လည်း အသီးတိုက်နေ ပုဂ္ဂိုလ်တို့အား ဘုရားရှင် ခွင့်ပြုတော်မူအပ်သည်ဖြစ်၍ သင်္ကန်းသာ ရောက်လာတိုင်းသော သံဃာ၏ သန္တကမဟုတ်ကြောင်း၊

သက်န်းမှကြွင်းသော ဆွမ်း၊ ဆန်၊ ဆီအစရှိသော ဝတ္ထု ဟူသမျှသည် ရောက်လာတိုင်းသော သံဃာ၏ သန္တကဖြစ်ကြောင်းကို ပြသော ဋီကာဆရာသည်လည်းကောင်း, ဆွမ်းအစရှိသည်နှင့်ကကွ လှူအပ်သောသက်န်းသည် စာတုဒ္ဒိသာသံဃိက ဖြစ်ကြောင်းကို ပြတော်မူ၏ ဟူ၍လည်းကောင်း ဆိုကြကုန်၏။ ဤကား အာဂတာ နာဂတဝါဒီ ဆရာတို့၏ လိုရင်းပဓာန အယူအဆ (၃)ချက်တည်း။ (နှာ-၂၀။)

ပဌမအယူ

ပဌမအယူစကား၌-ထိုဆရာတို့ ဆိုသောအတိုင်း တိုက်တစ်ပါးသံဃာ၏ သန္တကဖြစ်ငြားအံ့၊ ဤကထိန်သက်န်းသည် အကာလသက်န်းဖြစ်ရာ၏။ (ဝိ၊ ၁။ ၃၀၄။ တတိယကထိနသိက္ခာပုဒ်ပါဠိတော်။ (ဝိ၊ ဋ္ဌ၊ ၂၊ ၂၃၉။) ယင်းအဖွင့်အဋ္ဌကထာ၊ (က၁။ ၁၆၂။) တို့အရ ကထိန်သက်န်းကို အကာလသက်န်း၌ မသွင်းမူ၍ အကျဉ်းချုပ် မိန့်တော်မူသောကြောင့် ကထိန်သက်န်းသည် အကာလသက်န်း၌ မဝင်။ ကာလသက်န်းပင် ဖြစ်သည်ကို မုချဆတ်ဆတ် သိမြင်အပ်သည်။

ထို့ကြောင့် ကာလကထိန်သက်န်းသည် လှူရင်းတိုက်၌ ဝဿစ္ဆိန္နဒု၊ ပစ္ဆိမဝဿူပဂတသံဃာတို့နှင့်တကွ အညဝဿံဝုတ္ထ တိုက်တစ်ပါးသံဃာ၏ သန္တကမဖြစ်ဟု- သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။ အာဂတာဂတ သမ္မုခီဘူတသံဃိကပင် မဖြစ်။

တစ်ပါးသာရှိသောကျောင်း၌ တိုက်တစ်ပါးသံဃာသည် ကထိန်သက်န်းကို ကထိန်ခင်းသောရဟန်းအား ပေးခြင်းသည်လည်း မိမိတို့၏ သန္တကဖြစ်၍ ပေးသည်မဟုတ်။ ကထိနသ ဇကံမူလံ သံဃော (ဝိ၊ ၅။ ၃၁၆။) ဟူသော ပရိဝါပါဠိတော်နှင့်အညီ **အယုတ်ဆုံး အပိုင်းအခြားအားဖြင့် စတုဝဂ်သံဃာသည် ကထိန်ခင်းထိုက်သော ရဟန်းအား ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်သက်န်းကို ပေးမှသာ**

ထိုဝိနည်းကံဖြင့် ရအပ်သော ကထိန်သင်္ကန်းဖြင့်သာ ကထိန်ခင်းသော် ကထိန်မည်သည် (မြောက်သည်)၊ မပေးအပ်မူကား ခင်းသော်လည်း ခင်းသည် မမည် (မမြောက်)။

ဤသို့ သံဃာသည် ကထိန်၏ တစ်ခုသော အကြောင်းဖြစ်သောကြောင့် ၁-ပါး၊ ၂-ပါး၊ ၃-ပါး၊ ၄-ပါးသာရှိသော သံဃာမလောက်သောကျောင်း၊ ကထိန်ခင်းခြင်း၌ လိမ်မာသောရဟန်းမရှိသောကျောင်းတို့၌ အညဝသံဝုတ္ထစသော ရဟန်းတို့သည် ထိုကထိနဒါနကံပြီးမြောက်စေရန် ဝိုင်းဝန်းကူညီဖြည့်စွက်ဆောင်ရွက်ပေးကြရခြင်းမျှသာဖြစ်သည်။ ထို**အညဝသံဝုတ္ထ** အစရှိသော ရဟန်းတို့သည် ထိုသင်္ကန်းကိုအစိုးမရ။ မပိုင်ဆိုင်လေ။ ကထိနဒါနကံအား လျောက်ပတ်သော ကမ္မပတ္တတို့သာ ဖြစ်ကုန်သည်။

<u>အလားတူ ဝိနည်းထုံးတစ်ခုပြဆို်ချက်</u>

သံဃာသည် မိမိအစိုးမရ သန္ဓကမဟုတ်သော ဝိနည်းကံဖြင့် စွန့်အပ်ပြီးသော နိဿဋ္ဌသင်္ကန်းကို သင်္ကန်းရှင်အားပင်လျှင် ဥတ္တိဒုတိယကံဖြင့်ပေးရာ၌ သင်္ကန်းရှင်သည်လည်း နိဿဂ္ဂိသင်္ကန်းကို ဝိနည်းပရိယာယ်အားဖြင့်သာ စွန့်သည်။ စင်စစ် ပေးသည်မဟုတ်။ သံဃာသည်လည်း ထိုသင်္ကန်းကို မပိုင်ဆိုင်၊ ဝိနည်းကံ ပြုခြင်းမျှသာ ဖြစ်သည်။ ထိုနိဿဋ္ဌသင်္ကန်းကို သင်္ကန်းရှင်အား ပေးအပ်သည်သာလျှင် ဖြစ်သည်။

ဤရဟန်းသည် "ဤသင်္ကန်းကို ငါ့အားပေးအပ်၏" ဟု ဝိနည်း၌ မလိမ္မာ သကသညာဖြင့် မပေးချေက ဒုက္ကဋ်၊ သင်္ကန်းရှင်၏ သန္ဓက အဖြစ်ကိုသိလျက် နိဿဇ္ဇာမိဟူသော ဝိနယပရိယာယလေသ အမြွက်ဖြင့် လုယက်ယူငင်ထားသော် သင်္ကန်းရှင်၏ ဝန်ချခြင်းဖြင့် ဘဏ္ဍာကို တန်ဖိုးဖြတ်စေပြီး ဆုံးဖြတ်၍ အာပတ်သို့ တင်ရသည်။ စင်စစ် ပိုင်ဆိုင်ဘိမူကား သကသန္ဓကဖြစ်၍ အာပတ်မှ လွတ်လေရာသည်။

(ဝိ၊ဝ။ ၂၉၇။ ဝိ၊ ဋ္ဌ၊ ဘ။ ၂၂၄၊ ၂၃၂။ ကခ်ီ။ ၁၅၅။) ပါဠိ, အဋ္ဌကထာတို့ကို ထောက်ဆ၍ နိဿဋ္ဌသက်နှံးကို ပေးသောသံဃာသည် ထိုသက်နှံးကို မပိုင်ဆိုင်၊ ထိုသက်နှံးသည်လည်း ထိုသံဃာ၏ သန္တကမဟုတ်သကဲ့သို့ ထို့အတူ ကထိန်သက်နှံးပေးသော အည-ဝဿံဝုတ္ထ အစရှိသော သံဃာသည် ထိုသက်နှံးကို မပိုင်ဆိုင်၊ ထိုကထိန်သက်နှံးသည်လည်း ထို "အညဝဿံဝုဋ္ဌ" အစရှိသော သံဃာ၏ သန္တကမဟုတ်ဟု ယုံမှားမရှိ သိမြင် မှတ်ယူရမည်။

ဝိနည်းကံအရာ၌ "အစိုးတရ သန္တကဖြစ်သော်သာ ပေးနိုင်သည်။ မဖြစ်က မပေးနိုင်၊ ပေးသော်လည်း အပေးမမြောက်၊ ခံယူသူလည်းမရ" အစရှိသည်ဖြင့် <u>အဘိဓမ္မာသဘောကဲ့သို့ စောကြောဖွယ်မရှိ၊ ဘုရားရှင်၏ အာဏာတော်အတိုင်းသာ အကြောင်းထူးမရှာပဲ မလွဲမသုံ လိုက်နာပြု ကျင့်ကုန်ရာသည်။</u>

မေး။ ။ အကယ်၍ အညဝဿံဝုတ္ထ အစရှိသော ဂိုဏ်းပြည့်ရဟန်းတို့သည် ထိုကထိန်လာဘ်မသက်၊ ထိုရဟန်းတို့၏ သန္တကမဖြစ်ငြားအံ့၊ အဘယ်သို့လျှင် ၁-ပါး၊ ၂-ပါး၊ ၃-ပါးသာရှိသော ကျောင်း၌ လှူအပ်သောသက်နှံးသည် သံဃိက ဖြစ်ပါအံ့နည်း။

ဖြေ။ ။ မလှူမီရှေ့အဖို့က ၁-ပါး၊ ၂-ပါး၊ ၃-ပါးဂိုဏ်းကို ပိုင်းခြား၍ လှူအံ့ဟု စိတ်ဇောဖြင့် ညွှတ်ကိုင်းရင်း ပုဂ္ဂိုလ်, ဂိုဏ်းအား ထိုပုဂ္ဂိုလ်၊ ထိုဂိုဏ်းကို သုံးသပ်လျက် ဝစီပယောဂဖြင့်သော်လည်း ကောင်း၊ စီဝရပဋိဂ္ဂဟသိက္ခာပုဒ်ကဲ့သို့ ဝစီပယောဂမပါ ခြေရင်းဋ္ဌာန၍ ကာယပယောဂဖြင့်သော်လည်းကောင်း၊ စွန့်လွှတ်လှူဒါန်းအံ့၊ <u>ပုဂ္ဂလဒါန, ဂဏဒါနဖြစ်၍ ထိုသက်နှံးသည် ပုဂ္ဂလိက, ဂဏိက သက်နှံးဖြစ်သည်။ ကထိန်မထိုက်။</u>

ယင်းသို့မဟုတ် မှုချဆတ်ဆတ် ပုဂ္ဂိုလ်-ဂိုဏ်းအား ပုဂ္ဂလိက ဂဏိက လှူလိုသောဆန္ဒ ပြဋ္ဌာန်းသောစိတ်ဇောဖြင့် မလှူဒါန်းမူ၍

မဟာပဉ္စလ– မဟာနိသံသအကျိုးကို မျှော်ကိုးတောင့်တလျက် သံဃဒါနမြောက်စေလိုသောဆန္ဒ စေတနာသဒ္ဓါပြဋ္ဌာန်းသောစိတ်ဖော်ဖြင့် ပိုင်းခြားရင်း ၁–ပါး၊ ၂–ပါး၊ ၃–ပါးသော ရဟန်းများကို ဘုရားရှင်အား ရှိသေတုပ်ဝပ်ခြင်းကို ပြုသကဲ့သို့ သံဃာအား အရှိအသေပြုခြင်းဖြင့် "**သံဃဿ**"ဟု သံဃာကို သုံးသပ်၍သော်လည်းကောင်း၊ မသုံးသပ်မူ၍သော်လည်းကောင်း လှူအံ့၊ သံဃာကို ညွတ်ကိုင်းသည်လည်းတစ်ကြောင်း၊ သံဃဒါနဖြစ်စေလိုသောဆန္ဒဖြင့် သံဃာအား လှူသည်လည်းတစ်ကြောင်း၊ ဤအကြောင်းများကြောင့် လည်းကောင်း "**သံဃဿ ဒိန္နံ သံဃဿေဝ ဒေတိ**။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၈၂။) ဟူသော **ပရိဝါရ ကေတ္တရိကနယ နဝက အဋ္ဌကထာ, "ဣဓ ပန ဘိက္ခဝေ ဘိက္ခူ ဧကော ဝဿံ ဝသိ၊ တတ္ထ မနုဿာ 'သံဃဿ ဒေမာ"တိ စီဝရာနိ ဒေန္တိ**။ (ဝိ၊ ၃။ ၄၁၄။) ဟူသော မဟာဝါ စီဝရက္ခန္ဓက ပါဠိတော်တို့ကို ထောက်ထား ဆင်ခြင်ပြန်လျှင်လည်း--

၁–ပါး၊ ၂–ပါး၊ ၃–ပါးတို့ထံ၌ သံဃဒါနဖြစ်စေလိုသော ဆန္ဒ၊ ပြဋ္ဌာန်းသော စိတ်ဖော်ဖြင့် သံဃာကို သုံးသပ်လျက်ပင် လှူသော်လည်း-

၁–ပါး၊ ၂–ပါး၊ ၃–ပါးတို့ထံ လှူသည်၊ ရစေလိုသောဆန္ဒ ရှိသည်ဖြစ်သောကြောင့် သံဃိကဒါနမမြောက်ဟု ပါဠိတော်၌လည်း မပယ်၊ အဋ္ဌကထာ၌လည်း မမြစ်သောကြောင့်လည်းကောင်း၊ "**ယထာ ဒါယကာ ဝဒန္တိ၊ တထာပဋိပဇ္ဇိတဗ္ဗံ**၊ (ဝိ၊ ဋ္ဌ၊ ၄။ ၉၇။)ဟု ဒါယကာတို့ နှုတ်မြွက်ဆိုတိုင်းသာ လာဘ်၌ ကျင့်ရမည်ဟူသော ဝိနယောပဒေသကို အဋ္ဌကထာဆရာတို့ မိန့်တော်မူသောကြောင့်လည်းကောင်း၊ <u>**မဟာပဉ္စလ မဟာနိသံသအကျိုး မျှော်ကိုး တောင့်တလျက် သံဃဒါန ဖြစ်စေလိုသော ဆန္ဒ၊ စေတနာ၊ သဒ္ဓါပြဋ္ဌာန်းသော စိတ်ဖော်ဖြင့် ရှိရင်း ရဟန်းများကို ပုဂ္ဂိုလ်၊ ဂိဏီး–ဟု မရည်မှတ်ဘဲ သံဃာဟုသာ ရည်မှတ်၍ ရှိသေသမူပြုလျက် လှူဒါန်းက သံဃဒါနဖြစ်၍ ထိုသက်နှံးသည် သံဃိကသက်နှံး ဖြစ်ပါတော့သည်။**</u>

ထိုသံယိက ကထိန်သက်နန်းသည်လည်း ကာလသက်နန်း သာ ဖြစ်၍ ရှိရင်း ၁-ပါး၊ ၂-ပါး၊ ၃-ပါးတို့သည် ပင့်သံယာဟု ဒါယကာက ရည်မှတ်သည့်အတိုင်း သံယာ၌အကြွေးဝင်၍ သံယာ ပင်ဖြစ်ရကား ထို၁-ပါး၊ ၂-ပါး၊ ၃-ပါးသာ သက်ရောက်သည်၊ ပိုင်ဆိုင်သည်၊ အစိုးရသည်သာဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

(ဝိ၊ ၃။ ၄၁၄။ ဝိ၊ ဋ္ဌ၊ ၃။ ၄၁၁၊) စီဝရကွန္ဓက ပါဠိတော်၊ အဋ္ဌကထာ တို့ကို ထောက်လေ။

ကမ္မဝါစာသံသန္ဒနံ

ဤဆိုအပ်ပြီးသောနည်းဖြင့် ဂိုဏ်း၊ ပုဂ္ဂိုလ်ကို မရည်မှတ် မသုံးသပ်မူ၍ သံဃာကိုသာ ရည်မှတ်သုံးသပ်၍ လှူဒါန်းအပ်သော သက်နန်း၏ သံယိကဖြစ်သောကြောင့်ပင်လျှင် "**ဣဒံ သံဃဿ ကထိန ဒုဿံ ဥပ္ပန္နံ**" ဟူသော ကမ္မဝါစာနှင့် ညီညွတ်နိုးနှောင်၏။

သံယိကသက်နန်းကို ကမ္မပုဗ္ဗကြုံသော အညဝသံဝတ္ထ အစရှိသောသံယာသည် ကဿိနဒါန ဥတ္တိဒုတိယကံဖြင့် အတ္ထရာရဟာ-ရဟန်းအား ပေးနိုင်သောကြောင့် "**သံဃော ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိ**" ဟူသော ကမ္မဝါစာနှင့် ညီညွတ်နိုးနှောမိ၏။

ဝိနယာလင်္ကာရဋီကာ

ဤအရာ၌ ဝိနယာလင်္ကာရဋီကာဆရာ၏ ဒုတိယဝိရောဓိစစ်ချက်ကို ဋီကာရှင်၏ အာဘော်ကျ ယထာဘူတသိနိုင်ရန် ခဲယဉ်းလှသောကြောင့် ထုတ်နုတ်၍ အဓိပ္ပါယ်ဖြောင့် ပြလိုက်အံ့။

သံဃော...ဧဝမိဒံ ဝိရောဓော။ (ဝိနယာလင်္ကာရ၊ ၂။ ၉၉) ဣဝ = ဤကေဆရာတို့အယူ၌။ တသ္မိ စီဝရေ = ထိုပုဂ္ဂိုလ်အား

ရောက်သော ပုဂ္ဂလိကသက်နှံးကို။ သံဃဿ = လာဘ်ခံ သံဃာ၏။ အနိဿရဘာဝတော = အစိုးမရသည်၏အဖြစ်ကြောင့် (ခက်ရာအနက်)

ဋီကာဆရာ၏ အာဘော်ကျ အဖြောင့်အဓိပ္ပါယ်

သံဃာသည် လာဘ်ဖြစ်ရာ လာဘ်ခံသံဃာ၊ ကံပြုသော ကမ္မပ္ပတ္တသံဃာ ဟူ၍နှစ်ပါးအပြားရှိ၏။ ထိုတွင် "**ဣဒံ သံဃဿ ကထိနဒုဿံ ဒဒေယ္ယာထ**" ဟူသော ရှေ့ဝါကျ၌ရှိသော သံဃဿ အရဖြစ်သောသံဃာသည် လာဘ်ဖြစ်ရာ လာဘ်ခံ သံဃာမည်၏။

"**သံဃော ကထိနဒုဿံ .... အတ္ထရိတုံ**" ဟူသော နောက်ဝါကျ၌ရှိသော သံဃောအရ သံဃာသည် ကထိနဒါန ဥတ္တိဒုတိယကံကိုပြုသော ထိုက်အား လျောက်ပတ်သော ကမ္မပ္ပတ္တသံဃာမည်၏။

သံဃာအားဖြစ်သော သံဃိကကထိန်သက်နှံးကို လာဘ်ဖြစ်ရာ ပုရိမဝဿံဝုတ္ထ လာဘ်ခံသံဃာသည် အစိုးရ၏။ ထိုသို့ သံဃိက ကထိန်သက်နှံးကို လာဘ်ဖြစ်ရာ ပုရိမဝဿံ ဝုတ္ထသံဃာ အစိုးရသောကြောင့် ကမ္မပ္ပတ္တသံဃာသည် ပေးနိုင်သည်။ သံဃာသည် ကတ္တားဖြစ်သည်၊ အတ္ထာရဟရဟန်း သည်လည်း သမ္ပဒါန်ဖြစ်သည်။

ဤကေဆရာ၏ အယူဥာဏ်ကား ပုဂ္ဂိုလ်အားရောက်သော ပုဂ္ဂလိက ကထိန်သက်နှံးကို လာဘ်ဖြစ်ရာ လာဘ်ခံဖြစ်သော ပုဂ္ဂိုလ်သည်သာ အစိုးရသည်။ လာဘ်ခံကား သံဃာမဟုတ်၊ သံဃာ အစိုးမရသောကြောင့် ကမ္မပ္ပတ္တသံဃာသည် မပေးနိုင်၊ သံဃာသည် ကတ္တားမဖြစ်။

(ကမ္မပ္ပတ္တာသံဃာ၏ လာဘ်ကို အစိုးရခြင်း၊ အစိုးမရခြင်း သည် လိုရင်းမဟုတ်၊ သံဃာအား ရည်မှတ်သုံးသပ်လှူဒါန်း အပ်သော သံဃိကလာဘ်ဖြစ်၍ လာဘ်ဖြစ်ရာလာဘ်ခံဖြစ်သော ပုရိမဝဿံ ဝုတ္ထ သံဃာ၏ အစိုးရခြင်းသည်သာ လိုရင်းတည်း။)

တစ်ပါးသော အာဂတာနာဂတဝါဒီဆရာတို့လည်း ယခုပြဆို အပ်ခဲ့ပြီးသော ပါဠို- အဋ္ဌကထာ- ဋီကာ အာဂမယုတ္တိ ဥပကတို့ကို ထောက်ဆည်ညှိနှိုင်း ဖြတ်ပိုင်းလိုချ ယထာဘူတ ကျနအောင် မယူ ဆကြမူ၍ ဆိုင်သူသံဃာ၊ ပိုင်သူသံဃာဟုခွဲခြားလျက် အချို့ဆရာ တို့၏ ဝိနိစ္ဆယလမ်းမှားသို့ လိုက်တော်မူကြကုန်၏။

ယခုအခါ ထိုဆရာတို့မှ ဆင်းသက် ပေါက်ဖွားပြီးလျှင် ကထိန် သင်္ကန်းတို့နှင့် စပ်သော ဂရုဘဏ်-လဟုဘဏ်ဟူသမျှ အာဂတာနာ-ဂတ စာတုဒ္ဒိသာသံဃိကချည်းသာဟု မခွဲခြားမစိတ်ဖြာဘဲ အရပ်လေး မျက်နှာတို့၌ ပြုကျင့် လိုက်နာလျက်ရှိကြကုန်သည်။ ထိုဆရာတို့ အယူဝါဒကို ပြဆိုခဲ့ပြီးသော ယုတ္တိအာဂမတို့ဖြင့် ပယ်ရှား စွန့်ပစ်အပ် သော အယူဝါဒဟူ၍သာမှတ်ရမည်။

===၄===

ဒုတိယအယူ

ဒုတိယအယူစကား၌ 'ခုတ်ရာတစ်ပါး ရှုရာတခြား, ဟူသကဲ့သို့ <u>ကထိန်သင်္ကန်းမှ အသီးအခြားဖြစ်သော ဂရုဘဏ်လာဘ်, လဟု ဘဏ်လာဘ်ဖြင့် ကထိန်သင်္ကန်း၏ အာဂတာနာဂတ စာတုဒ္ဒိ သာ သံဃိက၏အဖြစ်ကို</u> ဆုံးဖြတ်ခြင်းသည်ကား မသင့်။

စီစစ်ပြအံ့- <u>ကထိန်သင်္ကန်းသည်ကား မည်သည့် လာဘ်နှင့် မျှ မရောယှက် သက်သက် အသီးအခြားသော လာဘ်ဖြစ်သည်၊</u>

ကထိန်ဒါယကာသည် ကထိန်သင်္ကန်းကို လှူသည့်အခါ (၃)ထည်သောသင်္ကန်းတို့တွင် (၁)ထည်ထည်သော သင်္ကန်းကိုသော် လည်းကောင်း၊ ပြီးပြီးသော (၁)ထည်ထည်သော သင်္ကန်းကိုသော် လည်းကောင်း၊ အသီးအခြား လှူအပ်သည်။ တစ်ပါးသော အတူဆောင်လာသော ဂရုဘဏ်၊ လဟုဘဏ်တို့နှင့် ရောယှက်ပေါင်းစပ်၍ လှူပုံ၊ ပါဠို-အဋ္ဌကထာ-ဋီကာ ကျမ်းဂန်အရပ်ရပ်၌ မလာမရှိ၊ ကျမ်းဂန်၌မလာသည်ကို မပြုအပ်၊ မပြုထိုက်၊ မပြုကောင်း။

နောက်နှောင်းဆရာတို့ ဉာဏ်ကွန့်၍ "**သပရိဝါရံ ဣမံ ကထိန စီဝရံ သံဃသ ဒေမ**" အစရှိသည်ဖြင့် ရေစက်သွန်းချ လှူစေကြခံယူတော်မူကြသည်ကား ကထိန်အခါ လှူအပ်သမျှ လာဘ်အရပ်ရပ်သည် ကထိန်လာဘ်နှင့် အတူတူသာဖြစ်သည်ဟု နှလုံးပြုလျက် ပါဠို-အဋ္ဌကထာ-ဋီကာတို့ကို မထောက်ထား မဆင်ခြင်ပဲ ပြုကျင့်တော်မူမိကြခြင်းသာ ဖြစ်ပါသည်။

ထိုစကားမှန်၏- ကထိန်သင်္ကန်းကို သံဃာအားသာ လှူအပ်သည်၊ သံဃိကသာ၊ ပုဂ္ဂလိက၊ ဂဏိကမလှူထိုက်။ ကြွင်းသော ဂရုဘဏ်၊ လဟုဘဏ်လာဘ်တို့ကား သံဃာဂိဏ်း ပုဂ္ဂိုလ်အား ဒါယကာတို့ နှစ်သက်သလို လှူအပ်သည်။ သံဃိက၊ ဂဏိက၊ ပုဂ္ဂလိက သုံးမျိုးထိုက်သည်၊ ဤသို့ ကွဲပြားခြားနားသည်။

= **တသ္မ ဧဝံ အာစိက္ခတဗ္ဗံ ..... ဝဋ္ဋတီ**။ (ဝိ၊ ဋ၊ ၃။ ၃၈၉)

= **ဧဝံ အတ္ထတေ ပန ..... ဘိက္ခုသံယော ဣဿရော**။
(ဝိ၊ ဋ၊ ၃။ ၃၉၀-၁။)

မဟာဝါ ကထိနက္ခန္ဓက အဋ္ဌကထာ၊ (ဝိ၊ သင်္ဃ။ ၂၉၈၊ ၃၀၀) တို့၌ ခွဲခြား၍ မိန့်တော်မူသည်။

ဤအဋ္ဌကထာတို့နှင့်တကွ အောက်ဂရုဘဏ်အရာ၌သာ အာဂတာနာဂတ ဖြစ်သင့်သည်ကို စီစစ်ဆုံးဖြတ်ပြခဲ့သော သေနာသ

နာကွန္ဓက ပါဠိ–အဋ္ဌကထာ–ဝိမတိဋီကာ၊ ဝိနယာလင်္ကာရဋီကာ ဟုဆိုအပ်သော အာဂမ သာဓကယုတ္တိဥာပကတို့ကို ထောက်ဆ၍ တစ်ပါးသော ဂဏ္ဌာဘော်လာဘ်နှင့် အသီးအခြားဖြစ်သော ကထိန်လဟုဘဏ်ကိုအတူပြု၍ အာဂတာနာဂတသံဃိက–ဟု ဆုံးဖြတ်ယူဆကြခြင်းသည် ဘုရားအလိုနှင့် ဆန့်ကျင်ဖောက်ပြန် မမှန်သော အဆုံးအဖြတ် အယူအဆသာဟု မှတ်ယူရမည်။

တတိယအယူစကား၌– ကထိန်ခင်းပြီးနောက် ငါးလ အတွင်း၌ ဖြစ်သော လာဘ်တို့၏ သန္ဓကအထူးကိုပြသော ဝိနယာလင်္ကာရဋီကာကိုယူ၍ ကထိန်သင်္ကန်းကို ဆုံးဖြတ်ခြင်းသည်လည်း အရာမဟုတ်၊ ထိုစကား မသင့်သည်၏ အဖြစ်သည် ဒုတိယအယူစကားကို စိစစ်ရာ၌ ထုတ်ပြခဲ့သော အဋ္ဌကထာတို့ဖြင့် ထင်ရှားလှပြီ။

ဤကား အချို့ဆရာတို့၏ အာဂတာနာဂတ စတုဒ္ဒိသာသံဃိက မသင့်ကြောင်းကို ပါဠိ–အဋ္ဌကထာ–ဋီကာ သာဓက ယုတ္တိဥာပကတို့ဖြင့် ပြဆိုခြင်းတည်း။

ဤမျှသော စကားအစဉ်ဖြင့် အာဂတာနာဂတဝါဒီတို့၏ အယူကို အကြွင်းမရှိ စင်ကြယ်စေခြင်းငှာ ထုတ်ပြ၍ မသက်ဝင်ကြောင်း ရှင်းလင်းချက်တည်း။

<u>အာရာမိကသံဃိကဝါဒီ ဆရာမြတ်တို့၏</u>
<u>အယူကိုပြဆိုချက်</u>

များစွာသောဆရာတို့ မိန့်ဆိုအပ်သည့် အာရာမိက သံဃိက ဟူသည် "**သီမာယ ဒမ္မိ**"ကဲ့သို့ "**အာရာမဿ ဒမ္မိ**" ဟူ၍ ပါဠိ၌လည်း မလာ၊ "**သီမဋ္ဌကသံဃဿ ဒမ္မိ၊ သီမဋ္ဌကသံဃော ပဋိဂ္ဂဏှာတု**"ကဲ့သို့ "**အာရာမဋ္ဌကသံဃဿ ဒမ္မိ၊ အာရာမဋ္ဌကသံဃော ပဋိဂ္ဂဏှာတု**" ဟူ၍ အဋ္ဌကထာ၌လည်းမရှိ၊ ဋီကာ ကြိုးငယ်တို့၌လည်း မပြ။

ထိုမျှသာမဟုတ်သေး၊ ကထိန်သင်္ကန်းကို မည်သည့် သံယိက ဟူ၍လည်း တိုက်ရိုက်သေချာ အဆိုအမိန့် မလာမရှိ၊ "**ဣဒံ သံဃသ ကထိနဒုသဲ ဥပပ္ပန်**"ဟူသော ဥတ်၊ ကမ္မဝါစာပါဠိကို ထောက်ဆ၍ "သံယိက"ဟူ၍ သာမညသာ လာရှိသည်။ သို့သော်လည်း ပါဠိ-အဋ္ဌကထာ-ဋီကာတို့ကို ထောက်ဆ၍ အသင့်ကို ဤသို့ ဃမှတ် အပ်၏။။

ရှေးဦးပြုအပ်ပြီးသော တတိယကထိနသိက္ခာပုဒ် ပါဠို-အဋ္ဌကထာ၊ ၎င်းကခ်ီအဋ္ဌကထာ၊ **"ပုဗ္ဗေ ဒိန္နံ နု ဝဋ္ဋတိ"** ဟူသော ဝဇိရဗုဒ္ဓိဋီကာတို့ကို ထောက်ဆ၍ ကာလသင်္ကန်း၏အဖြစ်ကို မုချ ဆတ်ဆတ် သိမြင်အပ်သောကြောင်းလည်းကောင်း။

"အနုဇာနာမိ ဘိက္ခဝေ ပုရိမဝဿံဝုတ္ထာနံ ကထိနံ အတ္ထရိတုံ" ဟူ၍ ပုံရိမဝဿံဝုတ္ထရဟန်းတို့အား သာ ကထိန်ကို ခွင့်ပြုတော်မူသောကြောင်းလည်းကောင်း။

"ဧဝဉ္စ ပန ဘိက္ခဝေ ..... အာနိသံသော ဣတရေသံယေဝ ဟောတိ" (ဝိ၊ ဋ္ဌ၊ ၃။ ၃၀၈) ဟူ၍ ဆိုန္ဒဝဿရဟန်း၊ ပစ္ဆိမဝဿူပဂတရဟန်း၊ အညဝဿံဝုဋ္ဌရဟန်းတို့သည် ကထိန်ခင်းခြင်း၊ အနုမောဒနာပြုခြင်းတို့ကို မရထိုက်၊ ထိုကထိန်ဖြစ်ရာတို့က်နေ ပုရိမဝဿူပဂတရဟန်းတို့၏ ဂဏပူရကတို့သာ ဖြစ်ကုန်၍ ကထိန် သင်္ကန်းမှ ကြွင်းသော သင်္ကန်း အဝတ်၊ ပုဆိုးဟူသော အာနိသင်တို့ကို မရကုန်။ ပုရိမဝဿံဝုတ္ထ ရဟန်းတို့သာ ရကုန်၏-ဟု အဋ္ဌကထာ ပြတော်မူသောကြောင့်လည်းကောင်း။

<u>ကထိန်လာဘ်ဖြစ်ရာ ဥပစာရသိမ်တွင်း တည်ရှိသမျှ ဝဿံဝုတ္ထသံဃာအားသာ သက်ရောက်သော ဝဿံဝုတ္ထ သံဃာသာ အစိုးရ ပိုင်ဆိုင်သော ဥပစာရ သီမဋ္ဌက ဝဿံဝုတ္ထ သံဃိက သင်္ကန်းဟူ၍ သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်သ်။</u>

ဆင်ခြင်အပ်သော ဆရာမြတ်တို့အဆုံးအဖြတ်

များစွာကုန်သော ဆရာမြတ်တို့ကား---

= ပရိက္ခိတ္တသ အာရာမသ ..... အာပတ္တိပါစိတ္တိယသ။
(ဝိ၊ ၂။ ၄၀၄။)

= အဿာရာမော နာမ ..... ဥပစာရော။ (ဝိ၊ ၂။ ၂၁၂။)

= အဿာရာမေ ဝါတိ ဒွိန္နံ လေဠုပါတာနံ အန္တော။
(ကင်္ခါ။ ၂၆၆။)

= ဣဒါနိ အာရာမံ သမီပံ ဒသေတိ။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၁၅)

အနာထပိဏ္ဍိကသ အာရာမေ၊ ယောသိတာရာမေ၊ ကုက္ကုဋာရာမေ အစရှိသော ပါဠိ၊ အဋ္ဌကထာတို့၌ ဥပစာရသိမ်ကို 'အာရာမ' ဟု ဟောမိန့်ဆိုတော်မူအပ်သည်ကို ထောက်ထားနည်းယူ၍-

ဥပစာရ သီမဋ္ဌက ဝဿံဝုတ္ထဝဿံယိကကိုပင် ခေါ်လွယ်စေရန် 'အာရာမိက သံယိက' ဟု မိန့်ဆို ဆုံးဖြတ်တော်မူကြကုန်၏။

ဤဆရာမြတ်တို့၏ အဆုံးအဖြတ်ကိုမူကား ဆိုအပ်ပြီးသော ပါဠိ အဋ္ဌကထာတို့၌ သက်ဝင်နှီးနှောသကဲ့သို့ ရှိသော်လည်း ပုဗ္ဗာရာမ, ဖလာရာမ အစရှိသော အာရာမတို့လည်း ရှိသောကြောင့် ဆင်ခြင်လေ။

မိမိကြိုက်နှစ်သက်သောအဖြေ

စောဒနာ- ဥပစာရသီမဋ္ဌက ဝဿံဝုတ္ထဝဿံယိက ကထိန် သက်နှံးဖြင့် ကထိန်ခင်းအပ်၏။ ဤ၌ စောဒနာဖွယ်ရှိသည်ကိုပြအံ့-

ဥပစာရသီမဋ္ဌက ဝဿံဝုတ္ထဝဿံယိကဖြစ်ခဲ့သော် "**သီမာယ ဒေန္တိ**"ဟူသော မာတိကာဋ္ဌသော်လည်းကောင်း၊ "**ဝဿံဝုတ္ထ သံဃဿ ဒေတိ**"ဟူသော မာတိကာဋ္ဌသော်လည်းကောင်း ထည့်သွင်း ဖွင့်ဆိုသင့်ပါသည်။

အဖြေ– ဤကထိန်သင်္ကန်းသည် သာမည ဥပစာရသီ မဋ္ဌက သံဃိကသင်္ကန်းများကဲ့သို့ ဥပစာရသိမ်တွင်း တည်ရှိသမျှ ဝဿစ္ဆိန္နေ, ပစ္ဆိမဝဿူပဂတ,အညဝသံဝုတ္ထဖြစ်သော သမ္မုခီဘူတ ရဟန်းတို့အား မရောက်မသက်၊ အကာလဋ္ဌလည်း မလှူအပ်သောကြောင့်လည်းကောင်း၊ သာမညဝသံဝုတ္ထသံဃိက ဝဿဝါသိက သင်္ကန်းများကဲ့သို့လည်း ဥပစာရသိမ်ပသို့ ရောက်နေသော ဝသံဝုတ္ထရဟန်း၊ အနာဂတဝသံဝုတ္ထရဟန်းတို့အား မသက်ရောက်သောကြောင့်လည်းကောင်း၊ <u>*ဝိသေသ ဥပစာရ သိမဋ္ဌက ဝဿံဝုတ္ထ သံဃိကတည်း။*</u>

ထို့ကြောင့် ''သိမာယ ဒေတိ'' ဟူသော မာတိကာဋ္ဌသော်လည်းကောင်း၊ ဝဿံဝုတ္ထ သံဃသဿ ဒေတိ'' ဟူသောမာတိကာပုဒ်ဋ္ဌသော်လည်းကောင်း ထည့်သွင်း၍ မဖွင့်ဆိုအပ်။

ဤမျှသော ဝိနိစ္ဆယ စကားအစဉ်ဖြင့် <u>*'ဥပစာရ သိမဋ္ဌက ဝဿံဝုတ္ထသံဃိက ကထိန်သင်္ကန်းဖြင့် ကထိန်ခင်းအပ်သည်*</u>– ဟု သိမြင်မှတ်ယူရမည်။

===၅===

<u>အဘယ်သံဃာဋ္ဌ ကထိန်ခင်းအပ်သနည်း?</u>

ယင်းအမေးသည် မေးခွင့်မရှိသော အမေးဖြစ်၏။ အဘယ်ကြောင့်နည်းဟူမူ **"ကထိနဿ ဧကံ မူလံ သံဃော"** (ဝိ၊၅။၃၀၆) ဟူသော ပရိဝါပါဠိတော်ဋ္ဌ ကထိန်၏ ဥပစာရ မခင်းမီရှေးမဆွဋ္ဌ သံဃာ၏ တစ်ခုသောအကြောင်း၏အဖြစ်ကို ဟောတော်မူသကဲ့သို့လည်းကောင်း၊

ခင်းပြီးနောက် အနုမောဒနာကို တိုက်တွန်းရာဋ္ဌ–

= တေန ကထိနတ္ထာရကေန ဘိက္ခုနာ သံဃံ ဥပသင်္ကမိတ္တာ အနုမောဒထ၊

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

= တေန ကထိနတ္ထာရကေန ဘိက္ခုနာ သမ္မဟုလေ
ဘိက္ခူ။ .... အနုမောဒထ၊

တေန ကထိနတ္ထရကေန ဘိက္ခုနာ ဧကံ ဘိက္ခုံ ဥပသင်္ကမိတ္တာ .....အနုမောဒါဟိ (ဝိ၊ ၅။ ၃၀၉။) ဟု ပုရိမဝဿံဝုတ္ထရဟန်းတို့ သံဃာလောက်လျှင် ထိုသံဃာအထဲသို့ကပ်၍ ဂိုဏ်း ဖြစ်လျှင် ဂိုဏ်းထဲသို့ကပ်၍ ပုဂ္ဂိုလ်ဖြစ်လျှင်ပုဂ္ဂိုလ်ထဲသို့ကပ်၍ တိုက်တွန်းအပ်သည်၏အဖြစ်ကို ဟောတော်မူသကဲ့သို့လည်းကောင်း၊ ခင်းခြင်း အတ္ထာရအရာ၌ တစ်စုံတစ်ရာပိုင်း ခြားရ၍ ဟောတော်မမူ 'ပရံ ဝိညာ ပေတိ' ဟူသော အဂါကိုလည်း အနုမောဒနာပြုသော ရဟန်းတို့အား သာ ဟောတော်မူသည်။ အတ္ထာရကရဟန်းအား ဟောတော်မမူ။ သီမဋ္ဌကအဂါကို အတ္ထာရအရာ ပါဠိတော်၌ မဟောအပ်သော်လည်း အဋ္ဌကထာ၌-

= သစေ ပန ဧကသီမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ။ သန္နိပါတာပေတွာ ဧကတ္ထ ကထိနံ အတ္ထရိတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၁။) ဟူ၍ဌင်း၊

= တေန ဧ တသ္မိံယေဝ သီမာမဏ္ဍလေ အဓိဋ္ဌဟိတွာ အတ္ထရိတွာ သံဃော အနုမောဒါပေတဗ္ဗော။ (ဝဇိရ။ ၄၉၂။) ဟူ၍ဌင်း၊

အဋ္ဌကထာ, ဋီကာဆရာတို့ မိန့်ဆိုတော်မူကုန်သကဲ့သို့ ဤ 'ဝိညာပေတိ' အဂါကို အရိပ်အမြွက်မျှ မိန့်ဆိုတော်မမူကုန်။

အတ္ထာရ–ဟူသည်လည်း စတုဝဂ္ဂကရဏီယ အစရှိသော တစ်စုံတစ်ခုသောသံဃကံ၌ အကျိုးမဝင်၊ **အဓိဋ္ဌာန်စသည်ကဲ့သို့ ငါးပါးသောအာနိသင်ကို ရခြင်း၏အကြောင်းဖြစ်သော ပုဂ္ဂိုလ်၏ ဝစီကြိယာ မျှသာဖြစ်သည်။** ထို့ကြောင့် ကထိန်ကို မည်သည့်

သံဃာ၌ ခင်းရမည်ဟု အလိုမရှိအပ်၊ ခင်းသောအခါ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်ရှိနေ၍ ၎င်းတို့ မျက်မှောက်၌ခင်းသော်လည်း သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော အထူးကိုမပြုတတ်၊ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ် မရှိ၍ မိမိတစ်ယောက်တည်း ဖြစ်သော်လည်း <u>ကထိန် ခင်း</u> **<u>သောပုဂ္ဂိုလ်သည် ဥပစာရသိမ်၌ တည်၍ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"</u>** <u>အစရှိသည်ဖြင့် နှုတ်မြွက် (ခင်း) လျှင် ကထိန် ခင်းခြင်း ပြီးမြောက် အောင်မြင်တော့သည်သာ</u>ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်သည်။

ဤမျှသော ဝိနိစ္ဆယစကားဖြင့် အဘယ်သံဃာ၌ ခင်းအပ်ပါသနည်း? ဟူသောအမေးသည် အခွင့်အရာ မဟုတ်ဖြစ်သည်ကို ပြခြင်းတည်း။

ဤ၌ စောဒနာဖွယ်ရှိသည်ကိုပြအံ့။

ဆိုအပ်ပြီးသော အကြောင်းတို့ကြောင့် သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့၏ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ၊ ကထိန် ခင်းအပ်သည်ဖြစ်အံ့–

"ကထိနတ္ထာရံ ကေ လဘန္တိ? ..... ဥဒ္ဒံ သတသဟဿမိဿိ။

(ဝိ၊ ဋ္ဌ၊ ၃။ ၃၈၈။)

သစေ ပုရိမိကာယ ..... ကထိနံ အတ္ထရိတမ္ဗံ"

(ဝိ၊ ဋ္ဌ၊ ၃။ ၃၈၈။)

ဟူသော အဋ္ဌကထာတို့နှင့် ဆန့်ကျင်ရာသည် မဟုတ်ပါလော?

– မဆန့်ကျင်၊ အဘယ်သို့ မဆန့်ကျင်သနည်း?

– <u>**ကထိနတ္ထာရံ ဥဒ္ဒံ သတသဟဿံ ဟူသော ပထမစကား**</u>**ကို** ပုဂ္ဂိုလ်၏ နှုတ်မြွက်၍ ကထိနခင်းခြင်းကို ရည်၍ မဆိုအပ်၊ **<u>ကထိန်ခင်းသောပုဂ္ဂိုလ်အား သံဃာ၏ ကထိန်သင်္ကန်းကို ပေးခြင်း ဟူသော စတုဝဂ္ဂ ကရဏီယကံကို ရည်၍ ဆိုအပ်သည်။</u>**

ဤ၌ ကထိန်ခင်းသောကာလဝယ် သံဃာပြည့်မှ အပ်သည်၊ ပြီးမြောက်သည်ဟူသော အလိုဖြင့် သံဃာကို အလိုမရှိအပ်။ ကထိနဒါနကံ၌သာ သံဃာပြည့်မှ အပ်သည်။ ပြီးမြောက်သည်ဟူသော အလိုဖြင့် သံဃာကို အလိုရှိအပ်၏–ဟု အဓိပ္ပာယ်ကျသောကြောင့် ကစ်ပါး၊ နှစ်ပါး၊ သုံးပါး၊ လေးပါးသာ ရှိသောကျောင်း၌ ကထိနဒါန ကံပြီးမြောက်စေရန် ဝဿစ္ဆိန္နန အစရှိသော ရဟန်းတို့ကို ဂိုဏ်းပြည့် ပြု၍ပေးအပ်၏။ ထိုသံဃာပေးသော ကထိန်သင်္ကန်းဖြင့် ပုဂ္ဂိုလ်သည် ကထိန်ခင်းအပ်၏ဟူသော အနက် ဖြစ်သင့်ရကား– ဒုတိယ ဝါကျ၌ရှိသော 'ကတ္ထာ' ဟူသောပုဒ်ကို အံတ္ထရိတဗ္ဗံ ဟူသောပုဒ်၌ သမာနကာလ ကြိယာဝိသေသန ပြု၍ မစပ်အပ်၊ ပုဗ္ဗကာလကြိယာဝိသေသနပြု၍ စပ်အပ်၏။ထို့ကြောင့် အဋ္ဌကထာနှင့် မဆန့်ကျင်ဟု ယထာဘူတဉာဏ်ဖြင့် သိမြင် မှတ်ယူအပ်သည်။

ထို့ကြောင့်–

= **ကထိနတ္ထာရံ ကေ လဘန္တိ ကေ နု လဘန္တီတိ? ဣဒံ အဋ္ဌကထာယ အတ္ထာရကဿ ဘိက္ခုနော သံဃသ္သ ကထိနဒုဿဿ ဒါနကမ္မံ သန္ဓာယ ဝုတ္တံ။**

(ဝိနယဝိနိစ္ဆယ၊ ဋီ၊ ၂။ ၂၁။)

= **တသ္မာ ကတ္ထာတိ ပဒံ အတ္ထရိတဗ္ဗန္တိ ပဒေန သမ္ဗန္ဓေ သမာနကာလဝိသေသနံ အကတ္ထာ ပုဗ္ဗကာလဝိသေသနမေဝ ကတ္ထာ သမ္ဗန္ဓိတဗ္ဗံ။** (ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၁၂၆။)

ဟူ၍လည်းကောင်း မိန့်ဆိုအပ်ပြီ။ (ပရိဟာရ)

အာရာမိက ဝိဟာရ

အာရာမိကသံဃိကသည် ကျမ်းဂန်၌ မရှိ၊ ဆရာမြတ်တို့ သည် တစ်ခုခုသော၊ ရိယာယ်ဖြင့် ကထိန်သင်္ကန်းကို အာရာမိက သံဃိကဟု

ယူဆကြကြောင်းကို အမှတ်(၂) (ခ)ပုစ္ဆာ၏ အဖြေ၌ ဆိုအပ်ခဲ့ပြီ။ ဝိဟာရသံယိက– ဟူသည်လည်း ကျမ်းဂန်၌ မရှိ။

= သစေ ပန သံဃံ ဝါ ဂဏံ ဝါ ပုဂ္ဂလံ ဝါ အနာမသိတွာ "ဣဒံ ဟိရညသုဝဏ္ဏံ စေတိသသ ဒေမ၊ ဝိဟာရသ ဒေမ၊ နဝကမ္မသ ဒေမာ" တိ ဝဒန္တိ၊ ပဋိက္ခိပိတုံ နဝဋ္ဋတိ၊ (ဝိ၊ ဋ၊ ၂။ ၂၅၇။)

သံဃံ သန္နာယ "ဝိဟာရသ ဒေမာ" တိ ဒိန္နံ ဂရုဘဏ္ဍံ နဝ ဟောတိ။ (ဝဇိရ။ ၂၄၇။)

အနုဂ္ဂါပုဒ်၌ "ဝိဟာရသ" ဟု လာသည်လည်း ဝိဟာရ၌ သံဃာကိုရည်၍ မလာ၊ ကပ္ပိယဝေါဟာရမျှသာ ဖြစ်သည်။ ဝိဟာရ–သံယိက ကထိန်သည်လည်းမရှိ။ ရှေးဆရာမြတ်တို့ ဆုံးဖြတ်သော အယူမျှလည်း မရှိဟု မြဲမြံစွာ မှတ်အပ်၏။

ပုဂ္ဂလိကသက်ဒ်နှံး ကထိန်ခင်းထိုက်, မခင်းထိုက်

ပုဂ္ဂလိကလှူဒါန်းအပ်သော သက်ဒ်နှံးဖြင့် ကထိန်ခင်း လျှင် မမြောက်၊ မခင်းထိုက်ဟု မှတ်လေ။ အကျယ်ကို အမှတ်(၁)ပုစ္ဆာ အဖြေမှ ယူပါလေ။

ဤမျှအတိုင်းအရှည်ရှိသောစကားဖြင့် သာသနဇောတိကာရုံ ဆရာတော် စေခိုင်းသည်ကို ဦးထိပ်၌ ပန်ဆင်လျက် အမရပူရဆရာတော်ဘုရား ဓမ္မဝိနယနှင့်အညီ ဆုံးဖြတ်အပ်သော ဝိမတိစ္ဆေဒနီ ကျမ်းလာ ကထိနဝိနိစ္ဆယဖြစ်ပါသည်။ (ဝိမတိစ္ဆေဒနီ နှာ–၁ မှ ၃၂)

====၆====

(၁) ပုဗ္ဗကရဏကို သိခြင်းအစရှိသော အင်္ဂါ(၈)ပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် ကထိန်သင်္ကန်းကို ခံယူမှုကြောင့် အပြစ်ရှိ၊ မရှိ၊ ၎င်းသင်္ကန်းဖြင့် ကထိန်ခင်းသော် မြောက်၊ မမြောက်။

(၁) သမ္မာ စေ အတ္ထတံ ဟောတိ ကထိနံ၊ တ၌ သမ္မာ စေ အတ္ထတံ ဟောတိ ကထိနံ။ (ဝိ၊ ၃။ ၃၅၃။)

ယင်းပါဠိတော်၌ ဇေမို-၌ ပိ- ကိုရှု၍-

(၁) သမ္မာ စေ အတ္ထတံ ဟောတိ ကထိနံ၊ ဇေ အတ္ထတံ ဟောတိ ကထိနံ။

(၂) တ၌ သီမဋ္ဌော အနုမောဒတိ၊ ဇေမို အတ္ထတံ ဟောတိ ကထိနံ- ဟု (၂)ဝါကျခွဲ၍ အဓိပ္ပါယ် ယူရမည်။

ထိုတွင် ပထမဝါကျဖြင့် **မဖောက်မပြန် မှန်ကန်ကျန်သော ဝိနယော ပဒေသနှင့်အညီ ကထိန်ခင်းအပ်သည်ရှိသော် ကထိန် အခင်းမြောက်သည်ဟု** ယထာရုတ အဓိပ္ပါယ်လာရှိသည်။

ဖောက်ပြန်ချုတ်ယွင်း ဝိနယောပဒေသနှင့် လွတ်ကင်း၍ ကထိန်ခင်းအပ်သည်ရှိသော် ကထိန်အခင်း မမြောက်၊ ခင်းသော်လည်း ခင်းသည်မမည် ဟု ဗျတိရေက အတ္ထာပတ္တိ အဓိပ္ပါယ် ကျရောက်၍ ထွက်ပေါ်လျက်ရှိသည်။

ထိုတွင် မဖောက်မပြန် မှန်ကန်ကျန် ဝိနယောပဒေသနှင့်အညီ ကထိန်ခင်းခြင်းဟူသည်-

သံဃာသည် ဉတ္တိဒုတိယ ကထိနဒါန ကမ္မဝါစာဖြင့် ပေးအပ်ရာဖြစ်သော ဝတ္ထုပဋိဂ္ဂါဟက လက္ခဏာရှိသော ရဟန်းသည်သာ ကထိန်ခင်းအပ် ခင်းကောင်းရကား ထိုရဟန်း၏ ကထိန်ခင်းခြင်းသာတည်း။

သံယာသည် ဥတ္တိဒုတိယ ကထိနဒါနကမ္မဝါစာဖြင့် အမှတ်မထင် ဟုတ်ဟုတ်ငြားငြား ရဟန်းအား ပေးအပ်သည်မဟုတ်၊ ကထိနတ္ထာရကာ= ကထိန်ခင်းတတ်သောရဟန်း၊ ကထိနတ္ထာရဟာ= ကထိန်ခင်းထိုက်သော ရဟန်းအားသာ ပေးအပ်သည်။

သံယာသည် အကထိနတ္ထာရကာ= ကထိန်မခင်းတတ် သော။ အကထိနတ္ထာရဟာ= ကထိန် မခင်းထိုက်သောရဟန်းအား ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်လျာသက်နှံးကို မပေးအပ်၊ ပေးသော်လည်း အပေး မမြောက်။ ထိုရဟန်းသည်လည်း ကထိန်မခင်းအပ်၊ မခင်းထိုက်၊ မခင်းကောင်း။ ကထိန်ခင်းသော်လည်း အခင်းမမြောက်ဟု အဓိပ္ပါယ်သက်ကျ ထွက်ပေါ်လျက်ရှိသည်။

ဤပရိဝါပါဠိတော် (၀၊ ၅။ ၃၀၈–၉။) ကထိနတ္ထာရကရဟန်း ဟူသည် ကထိနတ္ထာရဟ ရဟန်းပင်တည်း။ မှန်၏။ ကထိန်ခင်း ထိုက်သောရဟန်းသည်သာ သံယာပေးအပ်သောသက်နှံးဖြင့် ကထိန်ခင်းခြင်းကြိယာကို ပြီးစေတတ်သည်။ သံယာပေးစဉ်က ထိုရဟန်းသည် ကထိန်မခင်းရသေး၊ မခွါတ်ကထိန်ခင်းလတ္တံ့ဖြစ်၍ အဝသမ္ဘာဝိနည်း အားဖြင့် ကထိနတ္ထာရကာ= ကထိန်ခင်းတတ်သော ရဟန်းဟု ဆိုအပ်သည်။ (တနည်း) ကထိန်ခင်းထိုက်သောရဟန်းကို ကထိနတ္ထာရကာဟု၍လည်းကောင်း။ ကထိနတ္ထာရဟာဟု၍လည်းကောင်း ဆိုရသည်။

ကထိန်မြောက်/မမြောက်

ကထိနတ္ထာရဟာ= ကထိန်ခင်းထိုက်သော ရဟန်းကား ပုဗ္ဗကရဏကို သိခြင်းစသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံရသည်။ **ထိုအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းသည်သာ ကထိန်ခင်းထိုက် ကထိန်ခင်းကောင်းသည်၊ ထိုရဟန်းခင်းအပ်သော်သာ ကထိန် အခင်းမြောက်သည်။**

ပုဗ္ဗကရဏကို မသိခြင်းစသော အဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည်ကား ကထိန်မခင်းထိုက် ကထိန်မခင်းကောင်း၊ ထိုရဟန်းခင်းသော်လည်း ကထိန် အခင်းမမြောက်ဟု သန္နိဋ္ဌာန်ကျ သိမြင် မှတ်ယူအပ်သည်။ (ဝိ၊ ၅။ ၃၀၇။)

ကထိန်မခင်းကောင်းသောပုဂ္ဂိုလ်

ပုဗ္ဗကရဏဇာနနအစရှိသော အဂါရှစ်ပါးနှင့် မပြည့်စုံသော ရဟန်းသည် ကထိန်မခင်းထိုက်၊ ကထိန်မခင်းကောင်း– ဟုဆိုရာ၌ အထောက်အပံ့ သင်ပြပေးမည့် ခန္ဓကဆောင် (ကထိန်ခင်းမှု၌ တတ်ပွန်လိမ္မာသော ဝိနည်းသိမြင်) ပညာရှင်တစ်ပါးမျှ မရှိမူ၍ မခင်းထိုက်ပဲလျက် ခင်းသည်ကိုသာ မှတ်ယူရမည်။

အကယ်၍ သင်ပြပေးမည့် ခန္ဓကဆောင် (ကထိန်ခင်းမှု၌ တတ်ပွန်လိမ္မာသော ဝိနည်းသိမြင်) ပညာရှင်တစ်ပါး၏ အထောက်အပံ့ကို ရပါမူကား ကထိန်ခင်းမှု၌ လိမ္မာရာရောက်ရကား ကထိန်ခင်းထိုက်၊ ကထိန်ခင်းကောင်းသည်။ ထိုရဟန်းခင်းအပ်သည်ရှိသော် အခင်းမြောက်သည်ဟု မှတ်ယူသိမြင်ရမည်။ (ဝိ၊ ၅။ ၃။ ၃၈၈။)

ဝိနယသမ္မဟဝိနိစ္ဆယ

မိမိလည်း ကထိန်ခင်းထိုက်သော အင်္ဂါရှစ်ပါးနှင့်မပြည့်စုံ၊ ခန္ဓကဆောင်(ကထိန်ခင်းမှု၌ တတ်ပွန်လိမ္မာသော ဝိနည်းသိမြင်) ပညာရှင်ရဟန်း၏ အထောက်အပံ့ သင်ပြမှုကိုလည်း မရမူ၍ ကထိန်ခင်းသောရဟန်းအား မည်သည့်အာပတ် အပြစ်ရှိသည်–ဟု ပါဠို–အဋ္ဌကထာ–ဋီကာ ယုံကြည်ခံတင်လောက်သော ရှေးဆရာကြီးတို့၏ အဆုံးအဖြတ် စာစောင်တို့၌ မတွေ့မမြင်မိ။ ပါဠိတော်ဂိုဏ်း မင်းကွန်း

ဇောတဝန်ဆရာတော်၏ **ဝိနယသမုဟဝိနိစ္ဆယ–ဋ္ဌကား** ဝိနယောပဒေသယုတ္တိ အာဂုမ်မပါ၊ **ဒုက္ကဋ်ဟုကား တွေ့မြင်ရသည်။** ဤမျှဖြင့်လည်း ပညာရှင်တို့၏ စိတ်နှလုံးကို နှစ်သိမ့်စေလိမ့်မည်မဟုတ်။

ထို့ကြောင့် မိမိအကြိုက် အတ္တနောမတိမျှဖြင့် ဝိနယောပဒေသယုတ္တိအာဂုမ် ပြလျက် ဆုံးဖြတ်လိုက်အံ့–

"အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော အဘေဗ္ဗော ကထိနံ အတ္ထရိတုံ" (ဝိ၊ ၅။ ၃၀၇။)အစရှိသော ပရိဝါပါဠိတော် သိက္ခာပုဒ်သည် လောကဝဇ္ဇ သိက္ခာပုဒ်၊ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့တွင် ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်ဖြစ်သည်။ ယင်း ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်ဟူသည် ဝတ္ထုကိုသော်လည်းကောင်း၊ ပညတ်တော်ကိုသော်လည်းကောင်း၊ လွန်ကျူးလိုသောစေတနာမရှိငြားသော်လည်း ပယ်အပ်သည်ကို ပြုခဲ့သော်လည်းကောင်း၊ ပြုအပ်သည် ကို မပြုခဲ့သော်လည်းကောင်း၊ အာပတ်အပြစ် ငြိယှက်လျှင်းပါးရာ (အာပတ် အပြစ်သင့်ရောက် စွမ်းလောက်ရာ) ဖြစ်သော သိက္ခာပုဒ်တည်း။

ထို့ကြောင့် **"ဝတ္ထုနော ပညတ္တိယာ ဝါ --- ပဏ္ဏတ္တိဝဇ္ဇန္တိ ဆေဒိတမ္ဖံ"** (ဝဇိရ။ ဂျ၂၃။) ၌ မိန့်တော်မူအပ်ပြီ။ အထက်(၃၆၅) ၌လည်း ထို့အတူမိန့်သည်။ အာပတ္တိပသင်္ဂါအရာ၌ အာပတ္တိ ပဟောတိ ဟူသာ အဆိုထူးသည်။ ပသင်္ဂဟူသည် ပဟောနကပင်တည်းဟု အဓိပ္ပါယ်သက်ရောက်သည်။ ဝိနယယုတ္တိတစ်ချက်။

ကြောင့်ကြမခိုက်မှု – အနာဒရိယ

ပညတ်တော်ကို မသိပါပဲလျက် ကထိန်ခင်းခြင်းကြောင့် အဂါရှစ်ပါးနှင့် မပြည့်စုံသောရဟန်းအား အာပတ်မှ မလွတ်နိုင်ရာ။ အဘယ်ကြောင့်နည်း?။ "သိအောင် သင်ယူအပ်၊ သင်ယူထိုက်သော ကထိနဝတ်ကို မသိလျှင်သိအောင် သေချာယဇာ သင်ယူရပေမည်၊ မသင်ပဲမနေရ။ ထိုမသိသောရဟန်း၏ စေတနာနှင့်တကွ မသင်ယူခြင်းသည်ပင်

လျှင် အနာဒရိယ= ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို မရိုသေ၊ မလေးစားခြင်း ဖြစ်သည်။

ထိုကြောင့်- **အဇာနန္တသတိ --- အနဂ္ဂဏ္ဟန္တသ ယုဇ္ဈတိ။** (ဝိ၊ ဋ္ဌ၊ ၃။ ၁၆၆) ဥ္ဒ မိန့်အပ်ပြီ။

ယင်းအဋ္ဌကထာဥ္ဒ- နိဝါသနဝတ်ကို ဆိုသည်ကား- နိဒသနမျှသာ။ ခန္ဓကတို့ဥ္ဒ လာသောဝတ်ဟူသမျှ မသင်မနေရ သောဝတ်တို့ချည်းသာဟု မှတ်ယူ သိမြင်အပ်သည်။ ထိုကြောင့်-ဇတ္ထ စ ယသ္မာ --- သေခိယာနေဝ ဟောန္တို့'' (က၁။ ၂၇၆။) ဟုလည်းကောင်း၊ ဝတ္တာကွန္ဒကေ ဝုတ္တဝတ္တာနိတိပိ---ကုဆ္ဆိတဗ္ဗတ္တာ။ (က၁။ ဋီ၊ သစ်။ ၄၃၆) ဟု လည်းကောင်း မိန့်အပ်ပြီ။ **ဝိနယယုတ္တိတစ်ချက်။**

မိုးခိုးမဆံး မိုးမဆံး

ဤသို့ သိအောင် သင်ယူအပ်၊ သင်ယူထိုက်သော ကထိန ဝတ်ကို စေတနာနှင့်တကွ သိအောင်မသင်ယူ ကြောင့်ကြမစိုက် ဟူသော အနာဒရိယဖြင့် ကထိန်ခင်းသောရဟန်းအား ဒိဝါပဋိသလ္လာန သိက္ခာပုဒ်+ဥ္ဒ ဇတ္ထ စ--စေတံ သိဒ္ဓံ (ဝိ၊ ဋ္ဌ၊ ၁။ ၂၄၄။) အဋ္ဌကထာ ဝိနယောပဒေသနှင့်အညီလည်းကောင်း၊

မဟာပစ္စရိယံ ပန---ဝုတ္တံ။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၄၅။) ဟူသော အဋ္ဌကထာ ဝိနယောပဒေသနှင့်အညီလည်းကောင်း၊ ဤပါဠိဥ္ဒ ဤမည်သောအာပတ်-ဟု အာပတ်တပ်၍ပင် မဟောခြားသော်လည်း **အနာဒရိယဒုက္ကဋ်**အာပတ် သင့်သည်။ ကထိန်လျှာသက်နှုးပေး သော သံဃာလည်း ဒုက္ကဋ်အာပတ်မှ မလွတ်ရာဟု သိမြင်မှတ်ယူရမည်။

ဤမျှသာ အာပတ်၏ အပြစ်ရှိသည်မဟုတ်သေး၊ နောက် ဆက်ရောက်လာမည့် အာပတ်အပြစ်တို့လည်းများစွ။ အနည်းငယ် ရှင်းပြအံ့။

ကထိန်အခင်းမမြောက်လျှင် အာနိသင်မရ၊ သို့ဖြစ်ပါလျက် မြောက်သည်၊ ရသည် ထင်မှတ်၍ အနာမန္တစာရစသည်ကို (၅)လ လုံးလုံး လွတ်လွတ် ပြုကျင့်ခြင်းတို့ကြောင့် သင်္ဃာဆိုင်ရာ သိက္ခာပုဒ်တို့ဖြင့် နိဿဂ်ပါစိတ်၊ သုဒ္ဓပါစိတ်၊ ဒုက္ကဋ်အာပတ်အပြစ်တို့သည် အကန့်အသတ်မရှိ ရောက်လာမည်သာ။

ထို့ပြင် ခံယူသော ကထိန်လျာသင်္ကန်းနှင့်တကွ ငါးလအတွင်း ဖြစ်ပေါ်လာသော အာဂတာဂတသံဃိက သင်္ကန်းအဝတ် အထည်ဟူသမျှကို ဥပစာရသိမ်အတွင်းသို့ ရောက်လာသောရဟန်း တို့အား မဝေဘာန်မူ၍ မိမိတို့ချည်းသာ ဝေဘန်သုံးစွဲခြင်းကြောင့် အဓမ္မိက ပရိဘောဂဖြစ်၍ မီးခိုးမဆုံး၊ မိုးမဆုံးရောက်လာမည့် အာပတ်အပြစ်တို့ သည်လည်း အလွန်များကုန်သည်။ လဇ္ဇီရဟန်းကောင်းတို့ အလွန် အလေးမူသင့်သောအရာ ဝေးစွာ ရှောင်ရှားသင့် သောအရာဖြစ်သည်ဟု သတိကြီးစွာ ဖြစ်စေရာသတည်း။

===ooo===

(၂) အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းပင်ဖြစ်သော်လည်း မိမိမှာ သင်္ကန်းသစ်ရှိပါလျက် ကထိန်သင်္ကန်းကို ခံယူသော် အပြစ်ရှိ၊ မရှိ၊ ၎င်းသင်္ကန်းဖြင့် ကထိန်ခင်းသော် မြောက်/မမြောက်။

၂။ ဒုတိယပုဒ္ဓာအဖြေ

အပြစ်ရှိ၊ မရှိ၊ ကထိန်မြောက်/မမြောက်

ပုဗ္ဗကရဏကိုသိခြင်း အစရှိသော အင်္ဂါရှစ်ပါးနှင့်ပြည့် စုံသော ရဟန်းဖြစ်က အခြားဇိဏ္ဏာစီဝရက ရဟန်းမရှိပါမူ မိမိမှာ သင်္ကန်းအသစ်ပင် ရှိငြားသော်လည်း ကထိန်လျာသင်္ကန်းကို

ခံယူထိုက်သည်။ ခံယူခြင်းကြောင့် အာပတ်အပြစ် တစ်စုံတစ်ရာ မရှိ။ ထိုသက်နှံးဖြင့် ကထိန်ခင်းသော် အခင်းမြောက်သည်ဟု မှတ်ပါ။

ထိုစကားမှန်၏။ "ယော ဇိဏ္ဏစီဝရော" အစရှိသော အစီအရင်ကိုကား ဆွေးမြေ့ဟောင်းနွမ်းသော သင်္ကန်းရှိသော ရဟန်းတို့ ရှိကုန်သော်သာ အလိုရှိအပ်သည်။ မရှိသော်ကား- "နစ ဘိက္ခဝေ---အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၄။ ၃၁၁။) ၌ လာသော ပါဠိတော် ဝိနယောပဒေသနည်းဖြင့်သာ ဆိုပေသည်။ **ရဟန်းအားလုံး သင်္ကန်း ပေါများနေသောအခါ သီတင်းကြီး အား ပေးအပ်သည်၏ အဖြစ်၊ သီတင်းကြီး ခံယူအပ်သည်၏ အဖြစ်သည် အဝုတ္ထသိဒ္ဓိ နည်းအားဖြင့် ပြီးသည်ဟု ယုံမှားမရှိ သိမြင်မှတ်ယူအပ်သည်။** ထိုကြောင့်

သစေ ဗဟူ ---- ဝုဗ္ဘသေဝ ဒါတဗ္ဗန္တိ သိဒ္ဓံ။ (ဝိနယာလင်္ကာရ၊ ၂။ ၁၀၈။) ၌ မိန့်အပ်ပြီ။

===ooo===

(၃) အချို့ဆရာတို့သည် **"ကသိမသို့ ဝါ နာနာသိမသို့ ဝါ နာနုပစာရေ အညသို့ ဝိဟာရေ ဝုတ္ထဝဿာပိ နံ လဗ္ဘန္တီတိ အဓိပ္ပါယော။** (ဝဇိရ၊ ၄၉၉။)ကို ထောက်၍ တစ်ခုသောကျောင်းတိုက်၌ ဝါဆိုခဲ့တော် **အသီးအခြားဖြစ်ခဲ့သော် ကထိန် အသီးအသီး ခင်းကောင်း၏"** ဟု ပြောဆိုကြပါသည်။ **ထိုဋီကာအဓိပ္ပါယ်ကို ယူအပ်၊ မယူအပ်။**

(၃) တတိယပုစ္ဆာအဖြေ

မေးလျှောက်အပ်သော ဝဇိရဗုဒ္ဓိဋီကာ-၏အယူ သင့်/မသင့် သိသာထင်ရှားစေရန် ဝါဆိုခဲ့တော်ကို ရှေးဦးစွာ သဘောမိမိ သိထားသင့်သည်။ ထိုကြောင့် အရင်းအစ အခြေခံမှစ၍ ဖြေကြားပေအံ့။

<u>ဝဿူပနာယိကခေတ်ကား ဥပစာရသိမ်</u>

ဝဿူပနာယိကခေတ်ဟူသည်- **ဂန္တုံ ဝဋ္ဋတီတိ .... ဆိန္နဝဿော ဟောတီတိ ဝဒန္တီ**။(သာရတ္ထ၊ ၃။ ၂၈၂။)

= ဂန္တုံ ဝဋ္ဋတီတိ-- အာဘောဂံ ကတွာ ဂန္တုံ ဝဋ္ဋတိ။

(ဝိမတိ၊ ၂။ ၁၇၅။)

= သတ္ထာဟဝါရေန --- ဂန္တဗ္ဗန္တိ အဓိပ္ပါယော။

(ဝိမတိ၊ ၂။ ၁၇၆။)

= ဧဝံ အဝဿိတ္ထာ --- ဒုက္ကဋာပတ္တိ ဟောတီတိ ဒဿေတိ။ (ဝိနယာလင်္ကာရ၊ ၁။ ၄၀၆။)

ဤသို့လျှင် သတ္ထာဟကရဏီယ အကြောင်းကြောင့် အာဘောဂပြု၍ (ဝါပန်၍) သွားသောရဟန်း၏ ဥပစာရသိမ်၏အတွင်း၌ သာတည်၍ အာဘောဂပြု၍ (ဝါပန်၍) သွားအပ်သည်၏ အဖြစ်ကြောင့် အာဘောဂမပြုပဲ (ဝါမပန်ဘဲ) သွားသောရဟန်းအား ဝါလည်းပြတ်သည်၊ ဒုက္ကဋ်အာပတ်လည်း သင့်သည်၏အဖြစ်ကို တည်တည့်တ်တည်း ပြဆိုတော်မူကြသော ဋီကာကြီးတို့၏စကားဖြင့် **<u>ဝဿူပနာယိက (ဝါဆိုရာ)</u>** ခေတ်ကား <u>ဥပစာရသိမ်တည်းဟု</u> သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူအပ်သည်။

<u>ဥပစာရသိမ်</u>

တစ်ဖန် ဥပစာရသိမ်ကို သိသင့်ပြန်သည်၊ ဥပစာရသိမ်ဟူသည်-

- ဥပစာရသီမာ --ဥပစာရသီမာ ဝေဒိတဗ္ဗာ။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၇။)

-ပရိက္ခေပါရဟဋ္ဌာနေန --- ဥပစာရသီမာယဝသေန ဧဝဒိတဗ္ဗံ။

(သာရတ္ထ၊ ၃။ ၃၄၄။)

-အပိစာတိ အာဒိနာ --- ဥပစာရသီမာ ဧဝါတိ ဒဿေတိ။

(ဝိမတိ၊ ၂။ ၂၀၂။)

ဤအဋ္ဌကထာ၊ ဋီကာဆရာကြီးတို့၏စကားဖြင့် အရာမ်ရှိသော ကျောင်းတိုက်ဖြစ်အံ့၊ ကျောင်းနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ကျောင်းအများရှိရာ၌ အသီးသီး ဥပစာပရိဝုဏ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အရာမ်ကျောင်းတိုက်ကြီး၏ အတွင်းသည် တစ်ခုသော ဥပစာရသိမ်တည်းဟူ၍လည်းကောင်း။

အရာမ်မရှိသော ကျောင်းတိုက်ဖြစ်အံ့၊ ကျောင်းနည်း သည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ကျောင်းအများရှိရာ၌ အသီးသီး ဥပစာပရိဝုဏ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အရာမ်ထိုက်ရာ ခဲတစ်ကျ အရပ်၏အတွင်းသည်၊ တနည်း- အရာမ်ထိုက်သော ပဌမ ခဲတစ်ကျ၊ ဒုတိယခဲတစ်ကျ၏ အတွင်းသည် တစ်ခုသော ဥပစာရသိမ်တည်းဟူ၍လည်းကောင်း ပြတော်မူ၏။ ပရိက္ခိတ္တဿ ဝိဟာရဿ-ဖြင့် အရာမ်ကျောင်းတိုက်ကား ဝိဟာရတည်း ဟူ၍ လည်းကောင်း ပြတော်မူ၏။

ပညတ်အာဏာတော် သက်/မသက်

ပြဆိုအပ်ပြီးသော တစ်ခုသော ဥပစာရသိမ်(ကျောင်းတိုက်)၏ အတွင်း အသီးသီး ဥပစာရပရိဝုဏ်ရှိသော ကျောင်းအများပင်ရှိသော်လည်း ဥပစာရသိမ်(ကျောင်းတိုက်) တစ်ခုလုံး ဝဿူပနာယိက ပညတ်အာဏာတော် သက်သည်၏အဖြစ်, အသီးသီး ကွက်ခြား၍ မသက်သည်၏အဖြစ်ကို-

ငါဆိုလာဘ် အသီးသီးရှိကြ၍ မျဉ်းတားတံတိုင်း အကာအရံ ဥပစာပရိဝုဏ် အသီးအသီးရှိကြသော ကျောင်းများစွာရှိသော တစ်ခုသော်ငြား ဥပစာရသိမ်(ကျောင်းတိုက်)အတွင်း၌ နှစ်ကျောင်းခံဝါကပ် လာဘ်ခံနေသော ရဟန်းအား ဇကာဓိပ္ပါယ တစ်ကျောင်းတွက် အလိုရှိအပ်သော ဥပနန္ဒဝတ္ထုအဖွင့် အဋ္ဌကထာတို့ဖြင့် မှတ်ယူအပ်၏။

ထိုကြောင့်-

= **ယတ္ထ ဝါ ပန --- ဧကသီမဝိဟာရေဟိ ကထိတံ။** ဟူ၍လည်းကောင်း၊ (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၃။)

= **သတ္ထာ ဟဝါရေန --- ဒ္ဝီဟိ ဝိဟာရေဟိ။** ဟူ၍လည်းကောင်း၊ (သာရတ္ထ၊ ၃။ ၃၄၃။)

= **သတ္ထာဟဝါရေန --- ဝုတ္ထဝဿောဧဝ ဟောတိ။**

(ဝိမတိ၊ ၂။ ၂၀၀။)

ဟူ၍လည်းကောင်း တညီတညွတ်တည်းဖွင့်ပြတော်မူအပ်ပြီ။

ဤသို့ ပြဆိုအပ်ပြီးသော ဝဿူပနာယိက= ဝါဆိုခေတ်ဖြစ်သော ဥပစာရသိမ်(ကျောင်းတိုက်)ကို "ကွမသ္မိ ဝိဟာရေ ကွမံ တေမာသံ ဝဿံ ဥပေမိ" ၌ ကွမသ္မိ ဝိဟာရေ-အရ ယူအပ်သည့် ၏အဖြစ်ကို ယုံမှားမရှိ သိမြင်မှတ်ယူအပ်သည်။ ယင်းသို့သိမြင်ရ သဖြင့် <u>တစ်ခုသော ဥပစာရသိမ်(ကျောင်းတိုက်)၏ အတွင်း၌ ဝါကပ်သည်ဖြစ်အံ့။ ထို ဝဿူပနာယိက ဝိနည်းပညတ် အာဏာတော်သည် ထို ဝါဆိုရာ ဥပစာရသိမ် (ကျောင်းတိုက်) တစ်ခုလုံး ပြန့်နှံ့၍ တည်သည်။ ကွက်လပ်မရှိ အနှံ့အပြန့်သက်သည်ဟု ပြီးတော့သည်။</u>

<u>အသီးအသီး ဝါဆို/ဝါကပ်ခြင်း မပြုအပ်</u>

ထိုဆိုအပ်ပြီးသော အာဂုမ်ယုတ္တိတို့ကို ထောက်ထား၍ <u>တစ်ခုသော ဥပစာရသိမ်(ကျောင်းတိုက်) အတွင်း၌ အသီးသီး ဝါဆို၊ ဝါကပ်ခြင်း မပြုအပ်။</u> ပြုခဲ့သော် ဝဿူပနာယိက ပညတ်တော်နှင့် ဆန့်ကျင်သည်။ ဆန့်ကျင်သောကြောင့် <u>ရှေးရှေး လဇ္ဇီပေသလ သိက္ခာကာမ ဗဟုသုတ ဝိနယဓရ မထေရ်ကြီးများသည့် တစ်ခုသော ဥပစာရသိမ်(ကျောင်းတိုက်ကြီး)ကို အစိတ်စိတ် အမွှာမွှာ ဝါဆိုခေတ်ပိုင်းခြား၍ ဝါကပ်တော် မမူကြ။</u> ကထိနလာဘ်အစရှိသော

လာဘ်ကိုမြော်ခေါ် တောင့်တသော လောဘပကတိက မဟိစ္ဆတာရား၌ အားကြီးသော နောက်နှောင်းပုဂ္ဂိုလ်တို့သည်သာ မကြာမြင့်မီကမှ ဝိနည်းသစ်ထွင်ကာ ပါဠို၊ အဋ္ဌကထာ၊ ဋီကာတို့ကို နှစ်နှစ်နောနော သဘောသက်အောင် မကြံ မကြည့် ထင်မိထင်ရာ အစိတ်စိတ် အမွှာမွှာ ဝါဆို၊ ဝါကပ်ကြကုန်သည်။

သီလကိုချစ်သော လဇ္ဇီရဟန်းကောင်းတို့ ဝေးစွာ ရှောင်ရှားသင့်သော ဝိနည်းလက်သစ်ဟု တပ်တပ်ထင်ထင် သိမြင်မှတ်ယူသင့်သည်။ ဤမျှဖြင့် ဝသူပနာယိက= (ဝါဆိုရာ)ခေတ်ကား ဥပစာရသိမ်ဟူသော ကျောင်းတိုက်ဟု သိသာထင်ရှားပြီ။

<u>ဥပစာရသိမ်သည် ကထိန်ခင်းရာသိမ်</u>

<u>ထို ဝသူပနာယိက (ဝါဆိုရာ) ခေတ်ဖြစ်သော ဥပစာရသိမ် (ကျောင်းတိုက်)သည် ကထိန်ခင်းရာ သိမ်တည်း။</u>

ထိုကြောင့်-

= **တတ္ထ ကထိနတ္ထတသီမာယံ မတကစီဝရံ ဝါ ဟောတု-စသော** (ဝိ၊ ဋ္ဌ၊ ၃။ ၃၈။)

ယင်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော ဝဇိရဗုဒ္ဓိဋီကာ(၄၈၈)၌ "**<u>ကထိနတ္ထတသီမာယန္တို့</u> ကဥပစာရသီမာယံ**" ဟူ၍ လည်းကောင်း၊

= **သစေ ဂေသီမာယ ဗဟူ ဝိဟာရာ ဟောန္တို့**။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၁။)

ယင်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော ဝဇိရဗုဒ္ဓိဋီကာ(၄၉၀)-၌ "**ဂေသီမာယာတိ ဂေဉပစာရသီမာယာတိ အတ္ထော ယုဇ္ဇတိ**" ဟူ၍လည်းကောင်း၊

= **တေသံ ဘိက္ခူနံ -- မဟာပစ္စရိယံ ဝုတ္တန္တို့**။ (ဝိနယာလင်္ကာရ၊ ၂။ ၁၁၄။) ဟူ၍လည်းကောင်း ဝသူပနာယိက(ဝါဆိုရာ)

ခေတ်ဖြစ်သော ဥပစာရသိမ်၏ ကထိန်ခင်းရာ သိမ်၏ အဖြစ်ကို သေသေသပ်သပ် ဖွင့်ပြအပ်ပြီ။

ဝိဟာရ ဥပစာရ

ပြဆိုအပ်ပြီးသော အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၄၁၁၊၄၁၃) အစရှိသည်၌ "**ဧကသီမဝိဟာရေတိ ဧကသီမဝိဟာရေ ဧကဥပစာရသီမာယံ**" အစရှိသည်တို့ဝယ် ဝိဟာရသဒ္ဒါ ကျောင်းတိုက်ဟောတည်း။ "ဧက ဝိဟာရေ ဒွေ ဝိဟာရာ" အစရှိသည်တို့ဝယ် ဝိဟာရသဒ္ဒါ နေရာ, အာဝါသ, သေနာသနပရိယာယ်ကျောင်း ဟောသတည်း ဟု ဝိဟာရအရ အရာအားလျော်စွာ ကျောင်းတိုက်ကိုလည်းကောင်း၊ ကျောင်း တိုက်အတွင်းရှိ ကျောင်းအသီးသီး ကိုလည်းကောင်း ယူအပ် သည်၏ အဖြစ်၊

ဥပစာရသီမာ၊ ဥပစာရသီမံ၊ အန္တောဥပစာရသီမာယ အစရှိသည်တို့၌ ဥပစာရ- အရ ကျောင်းတိုက်ကြီး၏ အကာအရံ ထိုက်ရာအရပ်တည်း။

'နာနုပစာရေတိ နာနုပစာရာ' တို့၌ ဥပစာရ- အရကား ကျောင်းတိုက်တွင်းရှိ ကျောင်းအသီးသီး၏ အကာအရံ ပရိဝုဏ်တည်းဟု အခါအားလျော်စွာ ကျောင်းတိုက်ကြီး၏ အရံကိုလည်းကောင်း၊ ကျောင်းတိုက်အတွင်းရှိ ကျောင်းအသီးသီး၏ အကာအရံ ပရိဝုဏ်ကိုလည်းကောင်း ယူအပ်သည်၏အဖြစ်ကို ခွဲခြား မှတ်သားရာသတည်း။

ဤမျှစကားဖြင့် **ကထိနစီဝရလာဘ်၏ သက်ရောက်ရကား ကထိန်သက်နှံးဖြစ်ပေါ်ရာ ဝါဆိုခေတ်ဖြစ်သည့် တစ်ခုသော ဥပစာရသီမ်သာ ဖြစ်သည်။** ကထိန်သက်နှံး ဖြစ်ပေါ်ရာ မဟုတ်သော နာနာ သီမ= အသီးအသီးသော ဥပစာရသီမ်နှင့် ဗဒ္ဓသီမ် အစရှိသည် တို့ကား ကထိနစီဝရလာဘ် သက်ရောက်ရာ မဟုတ်ဟု ပြတ်ပြတ်

ထင်ထင် သိမြင်သိ မှတ်ယူရမည်။ ဤတွင် ရှေ့ဝဓိရဟုဒွိဋ္ဌီကာ ဆရာ၏ အယူ သင့်/မသင့် သိနိုင်ရန် အခြေခံ စကားပြီး၏။

(မေး) အချို့ဆရာတို့သည် **'ဧကသီမသို့ ဝါ နာနာသီမသို့ ဝါ နာနုပစာရေ ဝုတ္ထဝဿာပိ နု လဘန္တီတိ အဓိပ္ပါယော'** (ဝဓိရ။ ၃၈၉) ကထိနက္ခန္ဓက အဖွင့်ကိုထောက်၍ ''တစ်ခုသောကျောင်းတိုက်၌ ဝါဆိုခေတ် အသီးအခြားဖြစ်ခဲ့သော် ကထိန်အသီးအသီးခင်းကောင်း၏'' ဟု ပြောဆိုကြပါသည်။ ထိုဋ္ဌီကာကို အနက်ပေး၍ အဓိပ္ပါယ်ကို ဆရာတို့ ယူအပ်/မယူအပ် သိချင်ပါသည်။

စောဒကဆရာက–

(၁) ကျောင်းတိုက်အတွင်းရှိ ကျောင်းများ၌ သူကျောင်းနှင့်သူ အသီးအသီး မျဉ်းတား တံတိုင်း စီး စောင်းရမ်း အကာအရံ ဥပစာ ပရိဝုဏ် မရှိသော ကေူပစာရ–ဧကသီမကျောင်း၊

(၂) ကျောင်းတိုက်အတွင်းရှိ ကျောင်းများ၌ သူကျောင်းနှင့်သူ အသီးအသီး မျဉ်တား၊ တံတိုင်း၊ စီး စောင်းရမ်း အကာအရံ ဥပစာ ပရိဝုဏ်ရှိသော နာနုပစာရ ဧကသီမကျောင်း– ဟု နှစ်မျိုးယူ၍ စောဒနာသည်။ (စင်စစ် ဧကသီမကျောင်းချည်းသာ)

ပဌမ စောဒနာ

ပဌမဧကသီမကျောင်းအတွင်း တစ်ကျောင်း၌ ကထိန်ခင်းသော် ကျန်ကျောင်းများ၌ ဝါကျွတ်သောရဟန်းတို့ ကထိန်မရကြ–ဟု ''အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ နု လဘန္တီ'' ဟူသော (ဝိ၊ ဋ္ဌ၊ ၃။ ၃၈၈) အဋ္ဌကထာ၌ အဓိပ္ပါယ်ယူလျှင် ''သစေ ပန **ဧကသီမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတွာ ဧကတ္ထ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံ ဝိသုံ အတ္ထရိတုံ နု ဝဋ္ဋတိ** (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၁။) ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်ပါသည်။ မသင့်ပါ ဟု စောဒနာသည်။

ဒုတိယ စောဒနာ

ဒုတိယ နာနာသီမကျောင်းအတွင်း တစ်ကျောင်း၌ ကထိန် ခင်းသော် ကျန်ကျောင်းများ၌ ဝါကျွတ်သောရဟန်းကို ကယိန် မရ ဟု **"အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ နံ လဘန္တိ"** (ဝိ၊၆၊၃၊၃၈၈။) ဟူသော အဋ္ဌကထာ၌ အဓိပ္ပါယ်ယူပြန်လျှင်လည်း အရှင်ဥပနန်အား ဇောဓိပ္ပါယာနုမတိ= တစ်ကျောင်းမှ တစ်ပါးအတွက် အလိုရှိအပ်သော ဝဿာဝါသိက သင်္ကန်းလာဘ်ဝေစု ပေးစေဟူသော အလိုတော် ခွင့်ပြုချက်နှင့် ဆန့်ကျင်ပါသည်။ ဤသို့လည်း မသင့်ပါ–ဟု စောဒနာသည်။

ထိုစောဒနာတို့ကို ဖြေဆိုရမည်ကား

"အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ နံ လဘန္တိ" ဟူသော အဋ္ဌကထာ၌ အညသ္မိံဝိဟာရေ–၏အရ တစ်ပါးသော ကျောင်းဟူသည် သင်္ဃစောဒကယူဆသော ကျောင်းတိုက်မျိုး မဟုတ်မမှန်၊ နာနာသီမ ယူထားသော နာနုပစာရ ဇကသီမကျောင်းတိုက်လည်း မဟုတ်၊ စင်စစ် အဟုတ်သော်ကား နာနာသီမကျောင်းတိုက် ကျောင်းသီး ကျောင်းခြား ကိုသာ ယူအပ်သည်။

ထိုကြောင့် **အညသ္မိံ .....နံ လဘန္တိ** ဟူသော အဋ္ဌကထာသည် အသီးသီး သူ့ကျောင်းနှင့်သူ ဝဿာဝါသိကလာဘ်ရှိကြ၍ အသီးသီး မျဉ်းတား တံတိုင်း၊ စီး၊ စောင်းရန်း၊ အကာအရံ၊ ဥပစာပရဝုဏ်ရှိသော ကျောင်းအများရှိသော နာနုပစာရ ဇကသီမကျောင်းတိုက်အတွင်း၌ နာနုပစာရ ကျောင်းနှစ်ကျောင်း ဝါကပ်လာဘ်ခံနေသော ရှင်ဥပနန် အား တစ်ကျောင်းမှ တစ်ပါးတွက် အလိုရှိအပ်သော ဝဿာဝါသိက သင်္ကန်းပေးရန် ခွင့်ပြုတော်မူအပ်သော– ဒေထ ဘိက္ခဝေ မောဃ ပုရိသဿ ..... ဒါတဗ္ဗော။ (ဝိ၊ ၃။ ၄၁၆။) ဟူသော ရှင်ဥပနန်အား ခွင့်ပြုတော် မူအပ်သော ဇကောဓိပ္ပါယာနုမတိ ပါဠိတော်နှင့် မဆန့်ကျင်ပါ။

သင် စောဒနာသော်လည်း စောဒနာရာ မရောက်။ ထိုကြောင့် "ကဒဠု နာနာလာဘေဟိ နာနူပစာရေဟိ ..... အန္တောသီမဂတာသု ပါပုဏာတိ။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၃။) ဟူ၍ဂင်း၊ သာရတ္ထ၊ ၃။ ၃၄၃။၌ ကဒန္တိ ကောဓိပ္ပါယဒါနံ ဟူ၍ဂင်း ဖွင့်ပြ မိန့်ဆိုအပ်ပြီ။

ဤသို့သာ ဒုတိယစောဒနာကို ဖြေရမည်။

ဤသို့ ဖြေသင့်သည်ကို မဖြေမူ၍- သစေ ပန စသော (ဝိ၊ ဋ္ဌ၊ ၃။ ၄၉၁။) အဋ္ဌကထာ၊ ကောဓိပ္ပါယာနုမတိ(ဝိ၊ ၃။ ၄၁၆။) ပါဠိတော်နှင့် မဆန့်ကျင်စေရန် ဟူသောအလိုဖြင့် တဖြင့်တခြား အဖြေမှားကို ဖြေကြားမိလေသည်။ ထိုဆရာ၏ အဖြေကား-

အဝိရောဓေဝ ဤစ္ဆိတဗ္ဗော --- နံ လဘန္တီတိ အဓိပ္ပါယော- ဟု ဖြစ်သည်၊ ဤအဖြေ၌ နှစ်ဝိကပ်ခွဲ၍-

ကေသို့ ဝါ နာနူပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ နံ လဘန္တီ-ဟူသော ပဌမဝိကပ်သည် ရှင်ဥပနန်၏ ကောဓိပ္ပါယာနုမတိနှင့် ဆန့်ကျင်လျက်ပင် ဖြစ်သည်။ သည်သာမကသေး **"နာနာသီ မာယ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာ ဤမသ္မိံ ဝိဟာရေ ကထိနတ္ထာရံ နံ လဘန္တီတိ အတ္ထော။"** (သာရတ္ထ၊ ၃။ ၃၃၅။) ဟူသော ဋီကာနှင့်လည်း ဆန့်ကျင်သည်သာ။

နာနာသီမသ္မိံ နာနူပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ နံ လဘန္တီ ဟူသော ဒုတိယဝိကပ်ကား မဆန့်ကျင်ပေ။ နာနာသီ မဖြစ်က နာနူပစာရ ဖြစ်သည်ချည်းဖြစ်၍ စကားထပ်သော အပြစ်မျှ သာရှိသည်။ ယထာဘူတ ကထိနဝိသေသသော်လည်း ကြံရာသည်။

ထိုကြောင့် ဤဝဇိရဗုဒ္ဓိဋီကာဆရာ၏ စောဒနာ, သောဓနာ စကားရပ်သည် မသင့်သည်သာ-ဟု ဇကန်ဆတ်ဆတ် သိမြင်မှတ်ယူအပ်သည်။

စလင်းဂဏ္ဌိဆရာတော်

မှတ်ချက်။ ။ စလင်းဂဏ္ဌိဆရာတော်ကား ဤစောဒနာသောဓနာအရာ၌လာသော ဇကသိမ၊ နာနာသိမတို့၏အရ ဗဒ္ဓသိမ်ကိုချည်းယူ၍ အဓိပ္ပါယ် ကောက်တော်မူသည်။

ထိုစလင်းဂဏ္ဌိဆရာ၏ အယူသည်–ကထိနတ္ထတသိမာယန္တီ ဥပစာရသိမံ သန္ဓာယ ဝုတ္တံ။ ဟူသော (ဝဇိရဗုဒ္ဓိ။ ၄၈၈။) ၏ ရှေ့စကား **ဇကသိမာယာတိ ဇကဥပစာရသိမာယာတိ အတ္ထော ယုဇ္ဇတိ**– ဟူသော (ဝဇိရဗုဒ္ဓိ။ ၄၉၀။)

ထိုဆရာ၏ နောက်စကားကို ထောက်၍ ဝဇိရဗုဒ္ဓိဋီကာဆရာ၏ အလိုအယူမဟုတ်။ ထိုဂဏ္ဌိဆရာ၏ သင့်စမ်းမည်ထင်သော အယူမျှသာဟု သိမှတ်ရမည်။

ထိုဂဏ္ဌိဆရာသည် အဆိုအမိန့် မငြိမ်မသက်၊ ဗောက်ဗက် ခတ်လှုသည်။ ရှေးက ဤဝဇိရဗုဒ္ဓိစကားကို ခုံတည်သောအားဖြင့် ဆိုအပ်သော စကားမဟုတ်ဟု ဆိုခဲ့ပြီးလျှင် နောက် လဒ္ဓဂုဏာ ပံနှိစ္ဆယကျတော့ သင့်ကြောင်းပြောပြန်သည်။ သည်သာမကသေး သာရတ္ထဋီကာကိုပင် ဝဇိရနှင့်အလားတူ ဖွင့်လေဟန် ကောက်ချက်ချပြန်သည်။ ထိုကြောင့် စကားမရှုပ်ထွေးစေရန် ဤ၌ မဖော်ပြလိုက်ပေ။

ဂရဟိတဇ္ဈ အယူဝါဒသာ

ယထာဘူတ ကျန–မှန်ကန်စွာ ယူအပ်ပြီးသော ဝဇိရဗုဒ္ဓိ ဋီကာကို ထောက်၍ "<u>တစ်ခုသော ကျောင်းတိုက်၌ ဝါဆိုခေတ် သီးခြားဖြစ်သော် ကထိန်အသီးသီး ခင်းကောင်း၏ ဟု ပြောဆို ကြသည်ကား ဝဇိရဗုဒ္ဓိဋီကာစကား သင့်/မသင့်</u>ကိုလည်း သဘောမိမိ မသိမမြင်၊ တစ်ခုသော ဥပစာရသိမ်(ကျောင်းတိုက်) သည် တစ်ခုသော ဝါဆိုခေတ်ဖြစ်သည်ကိုလည်း ယထာဘူတ မယူဆတတ်။ ဝသူ–

ပနာယိက ပညတ်အာဏာဘောတော်သည် တစ်ခုသော ဥပစာရသိမ် (ကျောင်းတိုက်ကြီး)ကို ပံ့နှုံ့၍သက်သည် အစိတ်စိတ် အမွှာမွှာ သီးသန့် ကွက်ခြား၍ မသက်သည်ကိုလည်း ဉာဏ်အမြင် မလင်းရှာ၊ ဝိနည်းအရာ မလိမ္မာသောကြောင့်သာ ပြောဆို ယူဆမိကြသည် ဖြစ်ရာသည်။ လဇ္ဇီ ပေသလ သိက္ခာ ကာမ ရဟန်းကောင်းမှန်သမျှ စွန့်ပစ်ပယ်ချ ကဲ့ရဲ့ရှုံ့ချအပ် သော ဂရဟိတဗွ အယူဝါဒသာ ဖြစ်သည်။ မသင့်ပါ–ဟု သန္နိဋ္ဌာန်ကျ သိမြင်ယူရမည်။

သာရတ္ထ, ဝိမတိ–အစရှိသော ရှေးဋီကာကြီးများ ယုံကြည်ခုံတင်ထိုက်သော ဝိနိစ္ဆယပြု ဝိနယညူဆရာတော်ကြီးများ တစ်လုံး တစ်ပါဒမျှ အဆိုအမိန့်မပြုကြ၊ လစ်လျူရှုကာ ကျင့်သုံးမှု မပြုခဲ့ကြသည်ကိုလည်း သတိမူရာသတည်း။

ဥပစာရသိမ် ကျောင်းတိုက်တစ်ခုလုံးသည် ဝသူ–ပနာယိက (ဝါဆို)ခေတ် ဖြစ်သည်။ ထို ဝသူပနာယိက (ဝါဆို) ခေတ်တစ်ခုလုံးခြုံ၍ ဝသူပနာယိက ပညတ်အာဏာတော်နှံ့ကွက်ခြားမရှိ သက်သည်တို့ကို အောက်ခြေခံစကားရပ်ခွဲ ယုတ္တိအာဂုမ် ဝိနယောပဒေသတို့ဖြင့် ထုတ်ပြခဲ့ပြီ၊ ပြန်၍ ကြည့်ရှု မှတ်သားရာသတည်း။

(ကထိန ဝိမတိဋ္ဌေဒနီ၊ အမရပူရဆရာတော်ဘုရားကြီး)

===၈===

ကထိနဒါန ကံဆောင်ရာဝယ်

ကထိနဒါနကံ ဆောင်ရာ၌ –

– ကထိန်သင်္ကန်းခံယူမည့် ရဟန်းတော် (၁)ပါး၊

– ကထိနဒါနကံဆောင်မည့် ရဟန်းတော် (၄)ပါး၊

အားဖြင့် အနည်းဆုံး ရဟန်းတော် (၅)ပါး ရှိရမည်။ ထိုထက်များလျှင် ပို၍ကောင်းပါသည်။

ကထိနကံဆောင်ရန် ကထိန်ခင်းမည့်ကျောင်းတိုက်၌ ပုရိမဝဿံဝုတ္ထ သံဃာ(၅)ပါး မရှိလျှင်– ပစ္ဆိမဝဿူပဂတ ရဟန်း, ဝဿစ္ဆေဒရဟန်း၊ အခြားကျောင်းမှ ရဟန်းများကို စတုဝဂ္ဂသံဃာ ကိုဏ်းပြည့်အောင် ဖြည့်တင်း ပင့်ဆောင်၍ ကထိနဒါနကံ ဆောင် ရွက်နိုင်ပါသည်။ (၀။ ၆။ ၃။ ၃၈၈။)

ကထိန်သင်္ကန်းခံယူမည့်ရဟန်း ကမ္မပတ္တာဖြစ်ရမည်

ကထိန်သင်္ကန်းကို ခံယူမည့်ရဟန်းသည် ကမ္မပတ္တာဖြစ် သောကြောင့် ကထိနကံဆောင်ရွက်သည့် သိမ်(ဟတ္ထပါသ်) အတွင်းရှိရပါမည်။ မရှိသော်လည်း အပ်ဇ၏ဟု အချို့ယူဆကြပါသည်။ (ဝဇိရ။ ၄၈၈။)

ကထိန်သင်္ကန်းကို

ကထိန်နှင့်စပ် အဂါရှစ်ရပ်ကို သိသောရဟန်းအား ကထိန်ခင်းမည့်သင်္ကန်း (ဒုကူဋ်၊ ကေသီ၊ သင်းပိုင်တို့တွင် တစ်ထည်ထည်) ကို ဥတ္တိဒုတိယကမ္မဝါစာဖြင့် ဗဒ္ဓ (ဥဒကုက္ခေပ၊ သတ္တဗန္ဓန၏) သိမ်အတွင်း၌သာ သံဃာက ပေးအပ်ရပါသည်။

မလှူမီကြိုတင်၍ ကျောင်းတိုက်အတွင်းသို့ ကထိန်သင်္ကန်းသွင်းသင့်

ကျောင်းတိုက်ရှိ ရဟန်းတစ်ပါးပါး၏ သံဃာအား လှူဒါန်း သောသင်္ကန်းဖြင့်ပင် ကထိနခင်းအပ်သောကြောင့် **မလှူမီရက် များတွင် ကထိန်သင်္ကန်းကို ကျောင်းတိုက်သို့ သွင်းကောင်း ပါသည်။** (မလှူရသေးပါ။)

စီဝရဝိစာရဏာမတ္တောနာတိ ဇဝံ ဝိစာရိတမတ္တောန။

(ဝိ၊ ဋ္ဌ၊ ၃။ ၃၉၁။) ဟူ၍လာသော အဋ္ဌကထာပါဠိ၌ ဆ-အဋ္ဌ-ဒသခန်းတို့ကို **"ဝိဝဋ္ဋမိ နာမ ကရိဿတိ"** အစရှိသည်ဖြင့် လာသော ပါဠိတော်မြတ်နှင့် အလွန်ဆန့်ကျင်လေရာသောကြောင့် အဋ္ဌကထာ မဆိုလေသည်။ စတုရင်္ဂုလ ဝိတ္ထာရပမာဏအောက် သေးငယ်စေ လွန်းသဖြင့် မသင့်မလျော်ပတ်သော မြောင်းတလုပ်လွှာတို့နှင့် ပမာဏ မခြားမနား ရှိလေရာသောကြောင့်လည်း ဇကာဒသမ ခန်းထက်လွန်၍ အဋ္ဌကထာ မဆိုလေသည်။

(ဝိနယသမူဟဝိနိစ္ဆယ၊ ၁။ ၃၄၂။)

ဤ၌ ဇကာဒသက(၁၁)ခန်းသက်နှံးကို အဆုံးသတ်ထားသော်လည်း အဝုတ္ထဝိကပ္ပန ဝါသဒ္ဒါကြောင့် ထို(၁၁)ခန်းထက်မျှားသော အခန်းရှိသော သက်နှံးမျှားကိုလည်း ယူနိုင်၏။ သို့သော် ထိုအခန်း မျှားသော သက်နှံးတို့မှာ အလုပ်တာဝန် မျှားသလောက် အသုံးပြုရာ၌ အကျိုးမမျှားပါ။ ရှေးကပံသုကူ သက်နှံးမျှား၌သာ တိုတိုထွာထွာ အဝတ်တွေကိုစပ်၍ ချုပ်ရသောကြောင့် အခန်းပမာဏမထားပဲ အလွန်မျှားရသည်။ ထို့ပြင် ရှိုးရှိုး သက်နှံးချုပ်ရာ၌ ပဌမ(ခေါင်)ဟု ခေါ်ရသော အဝတ်လွှာ၏ ဝဲဘက် ယာဘက်၌ အစုံရုံ၍ ချုပ်ရသောကြောင့် စုံဂဏန်း မရှိပဲ မ-ဂဏန်းချည်းသာ ရှိရပါသည်။

(မဟာဝါ၊ ဘာသာဋီကာ၊ ၂။ ၁၈၆-၇)

မခွဲ မဖြတ် စပ်ကြောင်းပြကာမျှ အပ်သလော?

အညတြ ပဋိကေန ဝါ.....ဒွတ္တိစတုခဏ္ဍေန ဝါ န ဝဋ္ဋတိ။

(ဝိ၊ ဋ္ဌ၊ ၃။ ၃၉၂။)

(၅)ခန်း၊ (၅)ခန်းထက်အလွန် အခန်းတို့ကို ပြုလုပ်ရမည်။

ထို့နောက် **မဟာမဏ္ဍလ, အဇ္ဈမဏ္ဍလာနိ ဒဿေတွာ**-ဟု အဋ္ဌကထာ၌ ပြသောကြောင့် မြောင်းတလုပ်မှာမဖြတ်ပဲ စပ်ကြောင်းပြ

ကာမျှ အပ်၏ဟု အဓိပ္ပါယ်ယူရမည်။

အတိရေက ပဋ္ဌကေန- အရကို- ဝိနယတ္ထ မဋ္ဌသာဠီကာ၌ သတ္တာဒိ ခဏ္ဍာနိ- ဟု ပြ၏။

ထိုသို့ပြရာ၌ <u>ကောဒသကအခန်းကို အဆုံးထား၍ ယူမှ အဋ္ဌကထာနှင့် ညီသည်။</u> (မဟာဝါ ပါဠိတော်နိဿသစ်၊ ၂၊ ၁၅၁။)

အစ္ဆိန္နကေန- ဤစကားကို ထောက်၍ <u>ကထိန်သင်္ကန်းသည် ဖြတ်၍ချုပ်ရသော သင်္ကန်းဖြစ်ရမည်။ မဖြတ်ပဲ ချုပ်ရသော သင်္ကန်း မဖြစ်ရ။ အနည်းဆုံး ငါးခန်းရှိသောသင်္ကန်း ဖြစ်ရမည် ဟုမှတ်ပါ။</u> ကထိန်သင်္ကန်း မဟုတ်လျှင်ကား အစ္ဆိန္နက (ဖြတ်အပ်သောသင်္ကန်း မဟုတ်သော်လည်း) ဝိကပ္ပနာပြု၍ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ဝတ်ကောင်း၏။) သို့သော် တိစီဝရိက် အဓိဋ္ဌာန်တင်၍ကား မဆောင်ကောင်းပါ။ (မဟာဝါ၊ ဘာသာဋီကာ၊ ၂။ ၁၉၂။)

<u>အရိပ်နိမိတ်ဟူသည်</u>

"ဤသင်္ကန်းသည် ကောင်း၏၊ ဤသင်္ကန်းဖြင့် ကထိန်ခင်းခြင်းဌာ သင့်လျော်၏။" ဟု သင်္ကန်းလှူချင်အောင် အရိပ်နိမိတ်ပြောဆိုသောကြောင့် လှူသောသင်္ကန်းဖြင့် ကထိန်မခင်းရ။ (ဝိ၊ ဋ္ဌ၊ ၃။၃၉၂)

<u>ပရိယာယ်ကထာဟူသည်</u>

"ကထိန်သင်္ကန်းကို ပေးလှူသင့်၏၊ (ဘာကြောင့် လှူသင့်သလဲဆိုတော့) ကထိနဒါယကာမှာ အကျိုးများသောကြောင့် ဖြစ်၏" ဟု ပရိယာယ်စကား ပြောကြားခြင်းကြောင့် ဖြစ်ပေါ်လာသော သင်္ကန်းဖြင့်လည်း ကထိန်မခင်းရ။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၂။)

<u>ကထိန်ခင်းခါနီးမှ အဓိဋ္ဌာန်တင်, ပစ္စုဒ္ဓိရ်ပြုမှု</u>

= ပရိက္ခာရစောဠ အဓိဋ္ဌာန်တင် ဆောင်ထားသော်လည်း

ယင်းသက်နှံးကို ပစ္စဒ္ဒါရ်ပြုရ် ကထိန်ခင်းခါနီးမှ တိစီဝရိက်အဓိဋ္ဌာန်တင်၍ ကထိန်ခင်းလျှင် ရသည်သာတည်း။ (ဝိနယာလင်္ကာရ၊ ၂။ ၁၁၃။)

– <u>ပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို "ကွမံ ပစ္စုဒ္ဓရာမိ" ဟု သာမညအားဖြင့်သာ ပစ္စုဒ္ဓိရ်ပြုရသည်။ "ကွမံ သဃ်္ဘဋ္ဌိ ပစ္စုဒ္ဓရာမိ" ဟု ဝိသေသအားဖြင့် ပစ္စုဒ္ဓိရ် မပြုရ။</u> အဓိဋ္ဌာန်တင်စဉ်က "ကွဒံ စီဝရံ ပရိက္ခာရစောဋ္ဌံ (ကွမာနိ စီဝရာနိ ပရိက္ခာရစောဋ္ဌာနိ) အဓိဋ္ဌာမိ" ဤသင်္ကန်းကို (ဤသင်္ကန်းတို့ကို) ပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန် တင်ထားသောကြောင့်တည်း။

(ဝိနယာလင်္ကာရ၊ ၂။ ၁၁၂။)

<u>တိစီဝရိက် အဓိဋ္ဌာန်တင်ထားမှုမရှိပဲ ကထိန်ခင်းသင့်၊ မခင်းသင့်</u>

'ရှေးက မဆောင်ဖူးပဲလျက် သံဃာ့အလယ်မှာမှ သင်္ကန်းဟောင်းကို အဓိဋ္ဌာန်တင်ပြီးလျှင် ချက်ချင်းအဓိဋ္ဌာန်ချ၍ ကထိန်သင်္ကန်းကို အဓိဋ္ဌာန်တင်ကြသည်ကား ကလေးကစားသည့်နှယ် ရယ်ချင်ဖွယ်ကောင်းလှ၏။။

(ဝိ၊၅။၃၀၂–၃။ဝိ၊ ၃။ ၃၅၂–၃။) ပါဠိတော်လာ အနတ္ထတာကာရ (၂၄)ပါး၊ အတ္ထတာကာရ (၁၇)ပါးတို့၌ သင်္ကန်း ဟောင်းကို တိစီဝရိက် အဓိဋ္ဌာန်တင်၍ ဆောင်မှ ကထိန်ခင်းကောင်း ကြောင်းကို အမြွက်မျှ မမိန့်မဆို။ သင်္ကန်းကို ခိုးသူ လုယက်သော ရဟန်းအား အဓိဋ္ဌာန်ချဖို့ရာ အဘယ်မှာ သင်္ကန်းဟောင်း ရှိချေအံ့နည်း၊ ထို့ကြောင့် <u>ရှေးက အဓိဋ္ဌာန်တင်၍ ဆောင်နေကျ သင်္ကန်းရှိလျှင် နောက်တင်မည့် ကထိန်သင်္ကန်းမှာ အဓိဋ္ဌာန် မစွဲမည်ကြောင့် သင်္ကန်းဟောင်းကို အဓိဋ္ဌာန်ချရသည်။</u>

အဓိဋ္ဌာန်တင်ထားသော သင်္ကန်းမရှိသောပုဂ္ဂိုလ်ကား အင်္ဂါရုစ်ပါး

နှင့် ပြည့်စုံပါလျှင် သာလွန်၍ ကထိန်ခင်းကောင်းတော့သည်။
(ဝိသုဒ္ဓါရုံအဆုံးအဖြတ်။ အတေစီဝရိက ကထိနတ္ထာရ ဝိနိစ္ဆယ။ ၄ရ။)

<u>သန္နိဓိ (၂)မျိုး</u>

၁။ ရှေးက ကထိန်လျာအဝတ်ကိုသာ လှူဒေလ့ရှိ၍ ယင်းအတွက် ကို လှူသည့်နေ့မှာ ချုပ်ဆိုးခြင်းမပြုပဲ သိမ်းဆည်းထားလျက် နောက်မှ ချုပ်ဆိုးမှုပြုခြင်းသည်။

<u>ကရဏသန္နိဓိ</u> = ပြုခြင်းအားဖြင့် သိုမှီးခြင်းဖြစ်၏။။

၂။ သံဃာသည် ယနေ့ရသောသင်္ကန်းကို နောက်နေ့မှ ကထိန်ခင်းမည့်ရဟန်းအား ဥတ်, ကမ္မဝါစာဖြင့် ပေးခြင်းသည် နိစယသန္နိဓိ= ကထိန်အဝတ်ကို မပေးသေးပဲ သိမ်းထားခြင်းအားဖြင့် သိုမှီးခြင်းဖြစ်၏။။
(ဝိ၊ ဋ္ဌ၊ ၃။ ၃၉၂။)

၁။ ဒါယကာထံမှ ကထိန်သင်္ကန်း (အဝတ်)ကို ရသောနေ့၌ပင် သံဃာက ကထိန်ခင်းထိုက်သော ရဟန်းအားမပေးလျှင် **'နိစယသန္နိဓိ'** ဖြစ်၏။။

၂။ ကထိန်ခင်းထိုက်သော ရဟန်းက သံဃာ့ထံမှ သင်္ကန်းရသောနေ့၌ပင် ကထိန်မခင်းလျှင် **'ကရဏသန္နိဓိ'** ဖြစ်၏။။
(ဝိနယာလင်္ကာရ၊ ၂။ ၁၀၅။)

<u>ပလိဗောဓ</u>-ဟူသည်

ကထိန်အာနိသင်(၅)ပါးကို မပျက်ပြယ်အောင် တားဆီးနှိုင်သော ပညတ်တစ်မျိုးကို <u>ပလိဗောဓ</u>- ဟု ခေါ်၏။။

ကထိန်မှ အခြံအရံ အာနိသင်အဖြစ်ဖြင့် ရအပ်သော အဝတ်သည် သင်္ကန်းချုပ်၍ မပြီးသေးသမျှ ထိုအာနိသင်တို့ကို တားဆီးနှိုင်သောကြောင့် <u>**စီဝရပလိဗောဓ**</u> မည်၏။။

ချုပ်၍ပြီးသောအခါဖြစ်စေ, ပျောက်ပျက်သွားသောအခါဖြစ်စေ, လာလတ္တံ့သာ အခြားနည်းဖြင့် ကိစ္စပြီးသောအခါဖြစ်စေ စီဝရပလိဗောဓ ပျက်၏။ သို့သော် ဤကျောင်းတိုက်၌ နေမြဲနေသေးလျှင်ကား အာဝါသပလိဗောဓက တားဆီးထားသောကြောင့် အာနိသင်ငါးပါးရသေး၏။ ဤကျောင်းတိုက်၌ မနေတော့အံ့ဟုကြံ၍ ရွှေပြောင်းဖဲသွားသောအခါ ထိုအာဝါသပလိဗောဓလည်းပြတ်၏။ ကထိန်အာနိသင်လည်း တပေါင်းလပြည့်နေ့ မရောက်စေကာမူ ပျက်ပြယ်လေတော့၏။

(မဟာဝါဘာသာဋ္ဌီကာ၊ ၂။ ၁၉၆။)

ကထိန်ကို တဖန်ထပ်၍ ခင်းကောင်းသလော?

ထပ်၍ ခင်းဖူးကြောင်း ထုံးဟောင်းသက်သေလည်း မရှိ၊ ပါဠိ-အဋ္ဌကထာ-ဋီကာ၌လည်း မမိန့် မဆိုချေ။ ထပ်၍ခင်းပြန်လျှင် ထပ်တုံတလဲလဲ လာဘ်မမြဲအပြစ်သာ ဖြစ်ပြန်တော့သည်။

ကထိန်နုတ်ပြီး၍ တစ်ဖန် ထပ်မံခင်းပြန်ခြင်းသည် တောထွက်ခင်ကြိုးများနှင့် အလားတူသည်။ ၎င်းခင်ကြိုးများသည် နံနက်ဆွမ်းခံသွားရာ ရွာသို့ရောက်လျှင် သီလရှင်တို့ဇရပ်က ဆီးကြို၍ ယာဂု တိုက်သည်ကို သောက်ခဲ့၊ ရွာတွင်း၌ သဒ္ဓါ၍ ကပ်လှူကြသော သူတို့၏အိမ်၌ နွားနို့များကိုလည်း သောက်ခဲ့ပြီးလျှင် တောကျောင်းသို့ ရောက်သည့်အခါ ၎ကသနိက်ဓုတင် ဆောက်တည်၍ စားကြပြန်သည်ဟု အမိန့်ရှိတော်မူသည်။ (စံကျောင်းဆရာတော်ကြီး)

ငါတို့ ရဟန်းငယ်ဖြစ်စဉ် ရွှေကျင်ကျောင်းတိုက်၌လည်း နန်းတော်က ကထိန်ခင်းပြီးနောက် အာဠဝီလမ်း သူဌေးတန်း ဒါယကာတို့က ကထိန်လှူလိုကြောင်းနှင့် လျှောက်ထားလာရာ ထပ်၍လည်းကောင်း၊ နုတ်၍လည်းကောင်း မခင်းကောင်းပြီ-ဟု ငါတို့ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီး မခံ၊ ပယ်လှန်တော်မူသောကြောင့် သက်သက်

လှူ၍သာ ဒါယကာတို့ ပြန်သွားကြရဖူးလေသည်။

တောင်ဖီလာဆရာတော်လည်း တောရဆောက်တည်စဉ် အခါက ကထိန်ဒါယကာ တစ်ဆယ့်တစ်ဦးများပင် ဆိုင်၍လျှောက် ထားသည်ကို ရှေးရှေးက ကထိန်ကို နှုတ်၍ နှုတ်၍ မခင်းပဲ ရက်ချင်းတူအောင် အခါပေးလျက် တစ်ရက်တည်း၊ တစ်ပေါင်းတည်း စု၍ လာဘ်များသူ သက်နှံးဖြင့် ကထိန်ခင်းကြောင်းကို ၎င်းဆရာတော် စီရင်သော ဝိနယာ လင်္ကာရကျမ်းတွင် ဆိုသတတ်။

(ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ အပုနကထိနတ္ထာရဝိနိစ္ဆယ။ ၄၅။ ၄၆။)
(အရှင်ဇောတာလင်္ကာရ မှတ်စု)

ကထိန်သင်္ကန်း လှူဒါန်းပုံ

ဒါနဝတ္ထုကို လှူရာဌာနသည် သံဃ–ဂဏ–ပုဂ္ဂလဟု သုံးပါး ရှိ၏။ ထို့တွင် သေနာသနကွန္ဓက (ဝိ၊ ၄။ ၂၉၁။) ၌

"တေန ဟိ တုံ့ ဂဟပတိ တေ သင်္ဃဝိဟာရေ အာဂတာနာဂတသ စာတုဒ္ဒိသသ သံဃသ ပတိဋ္ဌာ–ပေဟိ"–ဟူ၍လည်းကောင်း၊

ဒုတိယပါရာဇိကကဏ္ဍအဋ္ဌကထာ (ဝိ၊ ၆။ ၁။ ၂၉၆။) ၌

ဘိက္ခူနံ ဒိန္နံ ဝိဟာရံ ဝါ ပရိဝေဏံ ဝါ အာဝါသံ ဝါ မဟန္တမိဒံ ဒုဒ္ဒကမိဒံ အာဘိယုဇ္ဇတော အာဘိယောဂေါ နု ခွဟတိ၊ အစ္ဆိန္နံတွာ ဂဏှိတုမိဒံ နု သက္ကောတိ။

ကသ္မာ? သဗ္ဗေသံ ဓုရနိက္ခေပါဘာဝတော။ နု ဟေတ္ထ သဗ္ဗေ စာတုဒ္ဒိသာ ဘိက္ခူ။ ဓုရနိက္ခေပံ ကရောန္တီ
ဟူ၍လည်းကောင်း၊

ဤသို့အစရှိသည်ဖြင့်လာသော ကာလသုံးပါးတို့၌ တည်သော အရေအတွက် အပိုင်းအခြားမရှိသော ရဟန်းအပေါင်းသည် သံဃာမည်၏။ (တိပိဋက – ၅၅)

အနာဂတေ ကာသာဝကဗ္ဗာသံဃသ ဒိန္နဒက္ခိဏံ ပန ကောသောဧတိ? သာရိပုတ္တမောဂ္ဂလ္လာနာဒယော အသီတိမဟာထေရာသောဧန္တိ၊ အပိစ ထေရာ စိရနိဗ္ဗုတာ၊ ထေရေ အာဒိံ ကတွာ ယာဝဇ္ဇဧရမာနာ ခီဏာသဝါ သောဧန္တိယေဝ။ (မ၊ ဋ၊ ၄။ ၂၂၆။)ဟူသော ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာသာဓကကိုလည်းကောင်း၊ နံနက်အခါလျှင် မဝေဖန်အပ်သေးသော သင်္ကန်းစသည်ကို ညချမ်းအခါ ရဟန်းဖြစ်သော ပုဂ္ဂိုလ်တို့အား ဝေဖန်အပ်သော ယုတ္တိကိုလည်းကောင်း ထောက်၍ သိရာ၏။ (တိပိဋက = ၅၆)

ဎင်းပါရာဇိက ကဏ္ဍအဋ္ဌကထာ (၀၊ ဋ၊ ၁။ ၂၉၆။) ၌ပင် **ဒီဃဘာဏကာဒိဘေဒသ ပန ဂဏသ ကေပုဂ္ဂလသ ဝါ သန္တကံ အဘိယုဉ်္ဇိတွာ ဂဏ္ဍန္တော သင်္ကောတိ တေ ဓုရံ နိက္ခိပါပေတုံ။**

ဤသို့ အစရှိသည်ဖြင့်လာသော (၁)ပါး၊ (၂)ပါး စသည်ရေတွက် ပိုင်းခြားကောင်းသော ရဟန်းအပေါင်းသည် ဂဏမည်၏။ (တိပိဋက = ၅၇)

ဧဝံ ဣမသ္မိံ ကာလေ ယောဘုယျေန ပုဂ္ဂလသ္မေဝ ဒိန္နတ္တာ ပုဂ္ဂလိကဘူတံ စီဝရံ ဥတ္တိကမ္မဝါစာရဟံ နု ဟောတိ၊ သံဃိကမေဝ ဥတ္တိကမ္မဝါစာရဟံ ဟောတိ။ တဒေဝ ပဋိနိသံသကာရဏံ ဟောတိ။ တသ္မာ ပဏ္ဍိတေန ပုဂ္ဂလေန "ဥပါသကာ သံဃေ ဒေထ၊ သံဃေ ဒိန္နံ မဟပ္ဖလံ ဟောတီတိ အာဒိနာ နိယောဇေတွာ ဒါပေတဗ္ဗံ။ သယံ ဝါ သမ္မဋ္ဌဘိတွာ သံဃသ ပရိစ္စဇိတဗ္ဗံ။ ဧဝံ ပရိစ္စဇိတတ္တာ

သံယိကဘူတံ စီဝရံ ဉတ္တိကမ္မဝါစာရဟဉ္စ ဟောတိ ပဉ္စာနိသံ သနိပ္ပာဒကဉ္စ။ ဧဝံ နိယောဇနဉ္စ "သံယေ တွံ ဂေါတမိ ဒေဟိ၊ သံယေ တေ ဒိန္နေ အဟဉ္စေဝ ပုဇိတော ဘဝိဿာမိ သံယော စာတိ ဘဂဝတာ ဝုတ္တဝစနံ အနုဂတံ ဟောတိတိ ဒဋ္ဌဗ္ဗံ။ (ဝိနယာလင်္ကာရဋီ။ ၂။ ၁၀၄– ၅။)

ထိုပါဠိတို့တွင် "**ယဿ သံယော ကထိနစီဝရံ ဒေတိ**" (ဝိ၊ ဋ္ဌ၊ ၃။ ၃၈၉။)ဟူသောပါဠိဖြင့် တစ်ပါးသာရှိသောကျောင်း၌ တိုက်တစ်ပါး သံဃာသည် ကထိန်သင်္ကန်းကို ကထိန်ခင်းသောရဟန်းအား ပေးသည်ကို ပြသော အဋ္ဌကထာဆရာသည် ၎င်းကထိန်သင်္ကန်းသည် တိုက်တစ်ပါးသံဃာ ၏ သန္တကဖြစ်ကြောင်း ပြတော်မူ၏။ (တိပိဋကဂ = ၅၇)

= **သမ္မုခီဘူတေန သံယေန ဘာဇေတဗ္ဗံ**။

စသည်ဖြင့်လာသော သမ္မုခီဘူတသံဃာဟူသည်လည်း ဂဏပင်မည်၏။

တစ်ပါးသောရဟန်းသည် ပုဂ္ဂိုလ်မည်၏။ ထို့တွင် <u>ကထိန်အရာ၌ "သံဃဿ"ဟူရာ၌ စာတုဒ္ဒိသာသံဃာကိုသာ အလိုရှိအပ်၏။ ဂဏ, ပုဂ္ဂလတို့ကို အလိုမရှိအပ်။</u> ထို့ကြောင့် ကထိန-ကဉ္စကာ အဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၃။ ၃၈၉။) ၌

= **ကထိနံ ပန ကေန အတ္ထရိတဗ္ဗံ? ယဿ သံယော ကထိနစီဝရံ ဒေတိ**–ဟူ၍လည်းကောင်း၊

= **ဂရုဘဏ္ဍံ နု ဘဇေတဗ္ဗံ**–(ဝိ၊ ဋ္ဌ၊ ၃။၃၉၁။) ဟူ၍လည်းကောင်း (ဝိနယာလင်္ကာရဋီကာ၊ ၂။ ၁၃၉။) ၌

= **ယော စ တတ္ထ စီဝရပ္ပဒေါ သော နေသံ ဘဝိဿတီတိ စီဝရသေဝ အတ္ထတကထိနာနံ ဘိက္ခူနံ သန္တကဘာဝဿ ဘဂဝတာ ဝုတ္တတ္တာ စီဝရတော အညာနိ သံဃံ ဥဒ္ဒိဿ ဒိန္နာနိ ပိဏ္ဍပါတာဒီနိ ဝတ္ထုံ၊ နိ ဥပစာရသီမံ ပဝိဋ္ဌဿ**

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

အာဂတာဂတသေ သံယသေ သန္တိကဲ ဟောန္တိ-
ဟူ၍လည်းကောင်း၊

ကထိန်အာနိသင် ပဉ္စည်းမျှား

ဂရုဘဏ္ဍံ နု ဘာဇေတဗ္ဗံ- ဟူသောပါဠိဖြင့်လည်း ကထိန်သက်နှုန်းစပ်၍ လှူအပ်သော ဖျာ၊ သင်ဖြူး အစရှိသော ဂရုဘဏ်ကို မဝေဖန်အပ်ကြောင်းပြသော အဋ္ဌကထာဆရာသည် ဂရုဘဏ်နှင့်တကွ လှူအပ်သော သက်နှုန်းသည်လည်း စာတုဒ္ဒိသာသံယိက ဖြစ်ကြောင်း ကိုပင် ပြတော်မူ၏။

ထိုစကားသင့်စွ- ဖျာ၊ သင်ဖြူးအစရှိသော ဘဏ္ဍာသည် ဂိုဏ်း၊ ပုဂ္ဂိုလ်တို့၏ သန္တကဖြစ်အံ့။ ထိုပုဂ္ဂိုလ်တို့သည် အလိုရှိတိုင်း ဝေဖန်အပ်၊ ပေးအပ်စွန့်အပ်၏။ စာတုဒ္ဒိသာသံယိကဖြစ်သော်သာ မဝေဖန် အပ်ဟု-ဆိုက စာတုဒ္ဒိသာသံယိကဟု သိအပ်၏။

ထို့ကြောင့် ဝိမတိဋီကာ (ဝိမတိ၊ ၂။ ၂၀၁။) ၌

= ပါဋိယံ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ အာဂတာနာဂတသေ စာတုဒ္ဒိသသေ သံယသေဝ သန္တကံ ဟုတွာ ကဿစိ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ ဘဝိတုံ အနုဇာနာမီတိ အတ္ထော-ဟု မိန့်အပ်၏။

လှူဖွယ်ပဉ္စည်းမျှား ခွဲခြားခြင်း

ယော စ တတ္ထ စီဝရပ္ပါဒေါ-အစရှိသောပါဠိဖြင့် တိုက်တစ်ပါး သံဃာ၏ သန္တကဖြစ်သော်လည်း အသီးတိုက်နေ ပုဂ္ဂိုလ်တို့အား ဘုရားခွင့်ပြုတော်မူအပ်သည်ဖြစ်၍ သက်နှုန်းသာ ရောက်လာတိုင်းသော သံဃာ၏ သန္တက မဟုတ်ကြောင်း၊ သက်နှုန်းမှကြွင်း [illegible] ဆွမ်း၊ ဆန်၊ ဆီ အစရှိသော ဝတ္ထုဟူသမျှသည် ရောက်လာ

တိုင်းသော သံဃာ၏ သန္ဓကာ ဖြစ်ကြောင်း ပြတော်မူသော ဋီကာဆရာသည် ၎င်းဆွမ်းစသည်နှင့်တကွ လှူအပ်သော သင်္ကန်းသည် စာတုဒ္ဒိသာ သံဃိကဖြစ်ကြောင်း ပြတော်မူ၏။

ပုဂ္ဂလိက လှူလာလျှင်

၎င်း ဤမသို့ ကာလ ယေဘုယျနှ ပုဂ္ဂလသော ဒိန္နတ္တာ ပုဂ္ဂလိကဘူတံ စီဝရံ ဥတ္တိကမ္မဝါစာရဟံ နှ ဟောတိ (ဝိနယာလင်္ကာရဋီ၊ ၂။ ၁၀၄။) စသောပါဠိဖြင့် ဂိုဏ်း၊ ပုဂ္ဂိုလ်၏ သန္ဓကဖြစ်သော သင်္ကန်းသည် ဥတ်ကမ္မဝါစာဖြင့် ပေးခြင်းငှာ မထိုက်ကြောင်း၊ သံဃသန္ဓကဖြစ်သော သင်္ကန်းသည် ဥတ်ကမ္မဝါစာဖြင့် ပေးခြင်းငှာ ထိုက်ကြောင်း၊ အာနိသင်ငါးပါးတို့ကိုလည်း ပြီးစေတတ်ကြောင်း၊ သံဃာအားလှူအပ်သော သင်္ကန်းသည်သာ မဟပ္ပလ ဖြစ်၏–ဟု ပြောကြား၍ ဒါယကာတို့ကို သံဃိကမြောက်အောင် လှူဒါန်းစေခြင်းငှာ တိုက်တွန်းသင့်ကြောင်း၊ ဒါယကာတို့ လှူခြင်းငှာ မသိလျှင် မိမိက ခံယူ၍ သံဃာအား စွန့်လှူသင့်ကြောင်း၊ ၎င်းသံဃာအား စွန့်လှူခြင်းသည်သာ **"သံဃေ တွံ ဂေါတမီ ဒေဟိ"** အစရှိသော စကားတော်နှင့် လျော်ကြောင်း ပြတော်မူသော ဋီကာဆရာသည် "၎င်းကထိန်သင်္ကန်းသည် စာတုဒ္ဒိသာသံဃိက" ဖြစ်ကြောင်းကိုပင် ပြတော်မူ၏။

သည်သာမကသေး ပါရာဇိကဏ် အဋ္ဌကထာ၌လည်း **"မဟာပဇာပတိ ပန သင်္ဃေပဋ္ဌကထာယ အဝိသေသေန ဝုတ္တံ "ဆဋ္ဌိတဝိဟာရေ ပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ၊ ကသ္မာ? အာဂတာနာဂတာနံ သန္တကတ္တာ"** တိဟူ၍ လာ၏။ (ဝိ၊ ဋ္ဌ၊ ၁။ ၃၃၆) (တိပိဋက ၆၀)

ဤအဋ္ဌကထာ၌ သံဃာသည် စွန့်ပစ်အပ်သော ကျောင်း

သာမညဖြစ်ပါလျက် လှူပုံကို အထူးမပြပဲ ''အာဂတာနာဂတာနံ သန္တိ-ကတ္တာ''ဟု အစိုးရ ဥစ္စာရှင် သံဃာကိုသာ အထူးထုတ်၍ ပြခြင်းဖြင့် **"အာဂတာနာဂတ စာတုဒ္ဒိသဿ သံဃဿ ဒေမ"** ဟု အထူးဝိသေသ အားဖြင့် ဆို၍ လှူသော်လည်းကောင်း၊ အထူးအခြားမရှိ၊ စာတုဒ္ဒိသာ အာဂတာနာဂတ သံဃိကဖြစ်ကြောင်း ပြတော်မူသည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ (၃၄၃။)၌ အာဂတာနာဂတာနံ သန္တိကတ္တာတိ ''စာတုဒ္ဒိသဿ သံဃဿ ဒေမိ''တိ ဒိန္နတ္တာ ဝုတ္တံ၊ ဇေံ အဝတ္ထာ ''သံဃဿ ဒေမိ''တိ ဒိန္နမိ့ တာဒိသမေဝ–ဟု မိန့်အပ်သည်။ (တိပိဋကာ = ၆၁)

<u>ကထိန်သင်္ကန်းကို မြှောက်ဆို၍ လှူပုံ</u>

ဤသို့ ပြဆိုခဲ့ပြီးသော ပါရာဇိကဏ်အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၁။ ၃၃၆) ဝဇိရဗုဒ္ဓိဋီကာ(၃၄၃)တို့ကို ထောက်၍လည်း ''ဣမံ ကထိန စီဝရံ သံဃဿ ဒေမ'' ဟုဆို၍ လှူအပ်သောကထိန်သင်္ကန်း၏ စာတုဒ္ဒိသာ သံဃိကအဖြစ်သည် အလွန်ပင် ထင်ရှားလှ၏။ ဤသို့ ပါဠို၊ အဋ္ဌကထာ၊ ဋီကာတို့၌ပင် အစုံအညီ လာသောကြောင့်လည်းကောင်း၊ ''ကထိန အရာဒ္ဓ အာရောမိက၊ ဂဏိကပင် ဖြစ်လေသလော၊ ပုဂ္ဂလိကပင် ဖြစ်လေသလော''ဟု တွေးတောဒွိဟ သံသယကို မဖြစ်စေပဲ စာတုဒ္ဒိသာ အာဂတာနာဂတသံဃိက ဖြစ်ကြောင်းကိုသာ သက်ဝင်၍ ယုံကြည်အပ်၏။ ထို့ကြောင့် ''မယံ ဘန္တေ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ''ဟု ပါဠိကို သုံးခေါက်ဆို၍ စာတုဒ္ဒိသာသံဃိက ဖြစ်သည်အတိုင်း သိကြားနားလည်စေခြင်းငှာ–

<u>ဘန္တေ= အရှင်ဘုရားတို့။ မယံ= အကျွန်တို့သည် ဣမံ ကထိနစီဝရံ= ဤကထိန်သင်္ကန်းကို၊ သံဃဿ= ဤကျောင်းသို့ ရောက်–မရောက်သော အရပ်လေးမျက်နှာတို့၌ သွားနေထိုင်သော အညာတကောဏ္ဍညမထေရ်၊ အရှင်မောဂ္ဂလာန်မထေရ် အစရှိသော သာသနာတော် ငါးထောင်အတွင်း၌တည်သော</u>

သံဃာတော်မြတ်အား။ ဒေမ= ကပ်လှူပါကုန်၏ အရှင်ဘုရား။ ဤသို့ အနက်ကို တစ်ခေါက်ဆို၍ သံဃာ့ မျက်မှောက်၌ထား၍ လှူစေရာ၏။ ပုဂ္ဂလိကဖြစ်တတ်ရကား ရဟန်းလက်၌ ထား၍ မလှူစေရာ။ (တိပိဋက = ၆၂)

ကထိန်လျာသက်မှ်း

ကထိန်ခံသောရဟန်းသည် ယုတ်သော အပိုင်းအခြားအားဖြင့် (အနည်းဆုံး) ငါးပိုင်း ငါးစပ် ဓားဖြင့်ဖြတ်၍ မြောင်းတလုပ်ကို အပ်ဖြင့်ပြု၍ ချုပ်အပ်သော သက်မှ်းဖြင့်သာ ခင်းအပ်၏။ ငါးပိုင်း ငါးစပ် ဓားဖြင့် မဖြတ်အပ်သောသက်မှ်းဖြင့် မခင်းအပ်။ ထို့ကြောင့် အဋ္ဌကထာ၌-

> **အညတြ ပဋ္ဌကေန ဝါ အတိရေကပဋ္ဌကေန ဝါတိ ပဋ္ဌ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ကတွာ မဟာမဏ္ဍလ အမုမဏ္ဍလာနိ ဒဿေတွာ ကတေနေဝ ဝဋ္ဋတိ၊ ဧဝံ့ သမဏ္ဍလိကတံ ဟောတိ၊ တံ ဌပေတွာ အညေန အစ္ဆိန္နကေန ဝါ ဒွိတ္တိစတုခဏ္ဍေန ဝါ နံ ဝဋ္ဋတိ။** (ဝိ၊ ဋ၊ ၃။ ၃၉၂။) ဟု မိန့်အပ်၏။

အညစ်အကြေးလိမ်းကျံသော သက်မှ်း၊ ယက္ခန်းအိမ်မှ ဆောင်အပ်တိုင်းသော ဖျင်ကဲ့သို့ ကော်ထူသော သက်မှ်းဖြင့် လည်း မခင်းအပ်။ ထို့ကြောင့် အဋ္ဌကထာ၌ "**တန္တဝါယဂေဟတော ဟိ အာဘတသန္တာနေနေဝ ခလိမက္ခိတသာဋကော နံ ဝဋ္ဋတိ၊ မလိန သာဋကောပိ နံ ဝဋ္ဋတိ**" (ဝိ၊ ဋ၊ ၃။ ၃၈၉။) ဟု မိန့်အပ်၏။ စည်းငယ် ကော်ပါရုံမျှဖြင့် သာရုပ်ဖြစ်လောက်သော သက်မှ်းဖြစ်မူ အပ်၏။

အလှူရှင် များနေခဲ့သော် ၎င်းကထိန်သင်္ကန်းကို မခင်းအပ်မီ တစ်ပါးသော ကထိန်သင်္ကန်းကို ဆောင်ခဲ့အံ့၊ များစွာသော အာနိသင်သင်္ကန်းတို့ကို လှူအံ့၊ များစွာသော အာနိသင်သင်္ကန်းကို လှူသောသူ၏ ဥစ္စာဖြစ်သော သင်္ကန်းဖြင့်သာလျှင် ခင်းအပ်၏။ အနည်းငယ် အာနိသင် သင်္ကန်းလှူသော ဒါယကာကို မည်သူ၏သင်္ကန်းဖြင့် မဆို ကထိန်ခင်းခြင်း မည်သည်ကား သံဃာအားသာ ငါးပါးသော အကျိုးကို ရခြင်းအထူးဖြစ်သည်။ ဒါယကာတို့မှာ သံဃာအား လှူအပ်သည်ချည်း ဖြစ်သောကြောင့် အသင်္ခေယျ၊ အပ္ပမေယျ အကျိုးကို ရသည်ချည်းဖြစ်၍ စင်စစ်အကျိုးအား ဖြင့် ထူးခြားခြင်း မရှိ အစရှိသည်ဖြင့် ဆုံးမ၍ ဟောပြသိစေအပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌- **သစေ တသွဲ့ အနတ္ထတေယေဝ အညံ ကထိနသာဋကံ အာဟရတိ၊ အညာနိ စ ဗဟူနိ ကထိနာနိသံသဝတ္ထာနိ ဒေတိ၊ ယော အာနိသံသံ ဗဟုံ ဒေတိ၊ တဿ သန္တကေနေဝ အတ္ထရိတဗ္ဗံ၊ ဣတရော ယထာ တထာ ဩဝဒိတွာ သညာပေတဗ္ဗော။** (ဝိ၊ ဋ၊ ၃။ ၃၈၉။)

သစေ တသွဲ့ အနတ္ထတေယေဝ အညံ ကထိနသာဋကံ အာဟရတိ–ဟူသောပါဠိဖြင့် ကထိန်သင်္ကန်းဆို၍ လှူရလျှင် နှစ်သက်လှပါပြီ၊ မခင်းရလျှင် ရှိပါစေဟု လျှောက်ထားလျှင် အများပင် ကထိန်ဆို၍ လှူသည်ကို ခံအပ်ကြောင်း သိအပ်၏။

"အာနိသံသံ ဗဟုံ ဒေတိ"ဟူသောပါဠိဖြင့် ဗဟူနိ ကထိနာနိ သံသဝတ္ထာနိ–ဟု ဆိုရကား အရေအတွက်များသော သင်္ကန်းတို့ကို ယူအပ်၏။ အဖိုးများစွာထိုက်သော သင်္ကန်းကို မယူအပ်။ ထို့ကြောင့် (ဝိနယာလင်္ကာရဋီကာ၊ ၂။ ၁၃၁။)၌လည်း **တေန ဉာယတိ "ဝတ္ထမေဝ ဣဓ အာနိသံသော နာမ၊ နာ အဂ္ဃော။ ကထိနသာဋကေန သဒ္ဓိံ အာဘတာနံ အညသာဋကာနံ ဗဟုလဘာဝေန အတ္ထရိတဗ္ဗံ။ နာ ကထိနသာဋကဿ မဟဂ္ဃဘာဝေနာ"**တိ–ဟု မိန့်အပ်၏။

ဤကဲ့သို့ ဟောပြ၍ ဒါယကာက နှစ်သက်သော်လည်း ကောင်း၊ မနှစ်သက်သော်လည်းကောင်း မည်ကဲ့သို့ပြုရမည်ဟု ကျမ်းဂန်တို့၌မလာ၊ သို့မလာသော်လည်း သံဃာ၌ ပြစ်တင်ကဲ့ရဲ့ရန် ရှိရကား တိုက်တစ်ပါး၌ ခင်းလိုလျှင် ခင်းလော့-ဟု ပြန်၍ပေးခြင်းသည် သင့်လျော်မည်ဟု ငါတို့ ထင်၏။။

ခင်းပြီးကထိန်ကို ပြန်နုတ်၍ ခင်းကောင်းသလော

ယော အာနိသံသံ ဗဟုံ ဒေတိ၊ တဿ သန္တကေနေဝ အတ္ထရိတဗ္ဗံ၊ ဣတရော ယထာ တထာ ဩဝဒိတ္ဝာ သညာပေတဗ္ဗော။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၈၉။) -

ဟူသောပါဠိဖြင့် အာနိသင်များစွာလှူသော ဒါယကာ သင်္ကန်း ဖြင့်သာ ခင်းသင့်ကြောင်း၊ အနည်းငယ်သော အာနိသင်လှူသော ဒါယကာ၏သင်္ကန်းဖြင့် မခင်းသင့်ကြောင်း၊ ၎င်း ဒါယကာကို ကျေနပ် အောင် တရားဟောသင့်ကြောင်း'' ပြသော အဋ္ဌကထာဆရာသည် ''နှစ်ခါနှုတ်၍ မခင်းသင့်ကြောင်း'' ပြတော်မူ၏။ ထိုစကားမှန်၏။ ထပ်မံ၍ ခင်းကောင်းသည် ဖြစ်ငြားအံ့၊ တရားဟောရမည်ဟု အကြိတ်အခဲ စွဲလမ်း၍ မဆိုတန်၊ တစ်ဖန်နုတ်၍ ခင်းအပ်၏-ဟု ခွင့်ပြု၍ ရွှင်လန်းစေရာ၏။

ကထိန်နှုတ်ရမည့်ကာလ

အဋ္ဌကထာဆရာသာမဟုတ်၊ ''အကာလသင်္ကန်းလှူလို ပါသည်။ ကထိန်နှုတ်တော်မူပါ'' ဟု တောင်းပန်ခြင်းကြောင့် ကထိန် နုတ်ခြင်းကို ခွင့်ပြုတော်မူသော မြတ်စွာဘုရားသည်လည်း ကထိန် နုတ်သည်ရှိသော် အကာလဖြစ်သော တန်ဆောင်မုန်းလပြည့် ကျော်(၁)ရက်နေ့မှ တပေါင်းလပြည့်တိုင် (၄)လ၌သာ ကထိန် နုတ်သင့်ကြောင်း၊ ကထိန်နုတ်သော်လည်း အကာလ မဖြစ်သင့်

သော သီတင်းကျွတ် လပြည့်ကျော်(၁)ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့တိုင် စီဝရမာသ (၁)လအတွင်း၌ ကထိန်မနုတ်သင့်ကြောင်း ပြတော်မူ၏။ သို့ပြတော်မူခြင်းဖြင့် အလျင်းနုတ်၍ မခင်းသင့်ကြောင်းကိုပင် ပြတော်မူသည်ဟု မှတ်ရာ၏။

ကထိန်ခင်းပုံ အစီအစဉ်

ကထိန်ခံသော ရဟန်းသည် ဒုကုဋ်ဖြင့်ခင်းအံ့၊ ဒုကုဋ်ဟောင်းကို "**ဣမံ သံဃာဋိ ပစ္စုဒ္ဓရာမိ**"ဟု အဓိဋ္ဌာန်ချ၍ ဗိန္ဓုထိုးပြီးသော် ဒုကုဋ်သစ်ကို လက်ဖြင့်ကိုင်၍ အဓိဋ္ဌာန်တင်ရမည်။ အဓိဋ္ဌာန်တင်ပြီးလျှင် အယုတ်(အနည်း)ဆုံး လေးပါးသော သံဃာတော်၏ မျက်မှောက်၌ ကြားလောက်အောင် "**ဣမာယ သံဃာ ဋိယာ ကထိနံ အတ္ထရာမိ**"ဟု သုံးခေါက်ဆို၍ ခင်းရာ၏။ ကိုယ်ဝတ်ဖြင့် ခင်းအံ့ "**ဣမိနာ ဥတ္တရသင်္ကန**" သင်းပိုင်ဖြင့်ခင်းအံ့ "**ဣမိနာ အန္တရ ဝါသကေန ကထိနံ အတ္ထရာမိ**" ဟုဆို၍ ခင်းရာ၏။ အကြွင်းကား ရှေးနည်းနှင့် တူ၏။

ဤသင်္ကန်းကို ပေးခြင်းငှာသာ သံဃာကို လိုအပ်၏။ ပေးပြီးသော သင်္ကန်းကိုကား တစ်ပါးတည်းရှိသော်လည်း ယခင် နည်းဆို၍ ခင်းကောင်း၏ဟု အချို့ဆို၏။ သိကြား နားလည်အောင် နုတ်မြွက်၍ခင်းခြင်း အနုမောဒနာပြုခြင်းကို ပြုအပ်၏–ဟု ပရိဝါဠ်လာရကား နားထောင်သူ သံဃာမျက်မှောက်၌ (၂) ယောက်, (၃)ယောက် အစရှိသော ရဟန်းတို့ကို 'အတ္ထတံ ဘန္တေ သံဃသ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ' ဟု သုံးကြိမ်ဆို၍ တိုက်တွန်းရာ၏။

တစ်ပါးသော ရဟန်းကို "**အတ္ထတံ ဘန္တေ သံဃသ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါဟိ**" ဟု သုံးကြိမ်ဆို၍ တိုက်တွန်းရာ၏။ သို့တိုက်တွန်းအပ်သော (၂)ပါး (၃)ပါးသော ရဟန်းတို့သည်လည်း သံဃာ၏ မျက်မှောက်၌ "**အတ္ထတံ ဘန္တေ သံဃသ**

ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ” ဟု သုံးကြိမ်ဆို၍ အနုမောဒနာ ပြုရာ၏။ တိုက်တွန်းသောရဟန်း, အနုမောဒနာပြုသော ရဟန်းတို့သည် မထေရ်ကြီးဖြစ်အံ့ ‘ဘန္တေ’ နေရာ၌ ‘အာဝုသော’ဟု ဆိုလေ။ **(မိုးနံကုန်းဆရာတော်၊ တိပိဋကဿ ပကိဏ္ဏကဒီပနီ)**

=======

အာနိသင်ပဓဉ်း

<u>ကထိန်သက်န်းနှင့်တကွ ဆောင်အပ်သော အာနိသင်သက်န်းတို့ကို ကထိန်ခံသောရဟန်းအား ပင် ဒါယကာတို့သည် လှူကုန်အံ့။ ကထိန်ခံသောရဟန်း၏ သန္ဓကပင်ဖြစ်ကုန်၏။</u>

<u>ထိုသို့မလှူပဲ သံဃာ့ရှေ့၌ထား၍ မတုန်မလှုပ် နေကုန်အံ့၊ ကထိန်သက်န်းကဲ့သို့ပင် စာတုဒ္ဒိသာ သံဃိက ဖြစ်၏။ သံဃာသည် အစိုးရ၏။</u>

ထို့ကြောင့် အဋ္ဌကထာ(ဝိ၊ ဋ္ဌ၊ ၃။ ၃၉၀–၁) ၌

ဧဝံ အတ္ထတေ ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံသံ ဒါယကာ “ယေန အမှာကံ ကထိနံ ဂဟိတံ၊ တသ္မေ ဒေမာ”တိ ဒေန္တိ၊ ဘိက္ခုသံယော အနိဿရော၊ အထ ဝိစာရေတွာဝ ဒတ္တွာ ဂစ္ဆန္တိ၊ ဘိက္ခုသံယော ဣဿရော–ဟု မိန့်အပ်၏။

<u>**သံဃာအစိုးရသော်လည်း**</u> အထူးအားဖြင့် သဒ္ဓါတရား ပြန့်ပွားသိကြား နားလည်စေခြင်းငှာ ထိုအာနိသင်သက်န်းတို့ကို “**မယံ ဘန္တေ ဣမာနိ ကထိနစီဝရဿ အာနိသံသစီဝရာနိ သံဃဿ ဒေမ**” ဟု ပါဠိသုံးခေါက်ဆို၍ ဘန္တေ= တို့၊ မယံ= တို့သည်၊ ကထိနစီဝရဿ = ကထိန်သက်န်း၏၊ ဣမာနိ အာနိသံသစီဝရာနိ= အာနိသင်ဖြစ်သော ဤသက်န်းတို့ကို၊ <u>**သံဃဿ= ဤကျောင်းတိုက်သို့ ရောက်–**</u>

မရောက်သော အရပ်လေးမျက်နှာတို့၌ သွားလာနေထိုင်သော အညာတ ကောဏ္ဍညမထေရ်၊ အရှင်မောဂ္ဂလာန်မထေရ် အစရှိသော သာသနာတော် ငါးထောင်အတွင်း၌တည်သော သံဃာတော်မြတ် အား။ ဒေမ= ကပ်လှူပါကုန်၏ အရှင်ဘုရား။ ဤသို့ အနက်ကို တစ်ခေါက်ဆို၍ ရှေးကနည်းတူ လှူစေရာ၏။

မြို့ရွာတွင်း၌ ကထိန်သင်္ကန်းလှူလာလျှင်

ဤ၌ ခင်းလိုရင်း တိုက်တွင်းသို့ဝင်၍ ပြုအပ်ခဲ့သည့် အတိုင်းဆို၍ လှူခြင်းသာ အပ်သည်မဟုတ်၊ တိုက်ပ၌လည်းကောင်း၊ တစ်ခုသော တိုက်တွင်း၌လည်းကောင်း တည်၍ ခင်းလိုသော တိုက်အများကို ရည်ညွှန်း၍ ပြဆိုအပ်ခဲ့သည့်အတိုင်း ဆို၍ လှူခြင်းငှာလည်း အပ်၏။ (တိပိဋကဝ- ၆၃)

ဌင်းလှူအပ်ပြီးသော သင်္ကန်းတို့ကို ရည်သန်ရာ တိုက်သို့ ဆောင်၍ ခင်းရာ၏။ နီးရာတိုက်၌ မခင်းအပ်။ အထောက်ကား-သံဃာအားလှူအပ်သော ဥယျာဉ်တို့ကို စာတုဒ္ဒိသာသံဃိက ဖြစ်ခဲ့သော် နီးရာတိုက်၌ မဝေဖန်မူ၍ ရည်သန်ရင်းတိုက်သို့သာ ဆောင်၍ ဝေဖန်အပ်သကဲ့သို့တည်း။

တိုက်ပ၌တည်၍ မရည်သန်ပဲ လှူအံ့၊ တွေ့သော ရဟန်းက တိုက်သို့ဆောင်၍ ခင်းရာ၏။ တိုက်အများ ရဟန်းတို့ တွေ့အံ့၊ လာဘ်နည်းရာတိုက်သို့ ဆောင်၍ခင်းရာ၏။ လာဘ်မျှအံ့ မထေရ်ကြီးတိုက်သို့ ဆောင်၍ ခင်းရာ၏။ (တိပိဋက-၆၃)

ဤအရာ၌ အချို့ကား- ကထိန်သင်္ကန်းကိုသာ သံဃိက လှူစေကုန်၏။ အာနိသင်သင်္ကန်းတို့ကို ဒါယကာတို့ ပင့်ဆောင်အပ်သော တိုက်ပ ပုဂ္ဂိုလ်တို့နှင့်တကွ တိုက်တွင်းပုဂ္ဂိုလ်တို့အား ပုဂ္ဂလိကအလှူကို လှူစေကုန်၏။

အချို့ကား–တိုက်တွင်းပုဂ္ဂိုလ်အား အာနိသင်နှင့်တကွ ကထိန်သင်္ကန်းကို သံဃိက လှူစေကုန်၏။ တိုက်ပပုဂ္ဂိုလ်တို့အား ပုဂ္ဂလိက လှူစေကုန်၏။ သံဃာသို့ ညွတ်သောလာဘ်ကို ပုဂ္ဂိုလ်သို့ မညွတ်စေကောင်းရကား ဤအရာကို ဆိုလတ္တံ့သောနည်းဖြင့် စီစစ်ရာ၏။

ရှေးအခါ၌ ကထိန်သင်္ကန်းကို တိုက်တစ်ပါးသံဃာကို မပင့်ဆောင်ပဲ တိုက်ထည်းသို့ဝင်၍ စာတုဒ္ဒိသာ သံဃာအားသာ လှူကြကုန်၏။

ပင့်သံဃာများ လှူရန်ကိစ္စ

ဤသို့ လှူအပ်သော ကထိနဒါန၏ မဟပ္ဖလအဖြစ်ကို ကြားသိကုန်သော ယခုအခါ ဒါယကာတို့သည် ရှေးအခါ၌ကဲ့သို့ မဟပ္ဖလဘာဝကို တောင့်တ၍ပင် လှူဒါန်းခြင်းကို အလိုရှိကုန်၏။ သို့ လှူဒါန်းလိုကုန်သော်လည်း သင်္ကန်းအခါ၌ သံဃာအားလှူအပ်သော သင်္ကန်းကို တိုက်တစ်ပါးရဟန်းတို့ မရဟု နားမလည်ရကား လှူဒါန်းသောအခါ သံဃာဖြစ်၍ပင် ယခင်သင်္ကန်းကို ရလတ္တံ့ဟု တိုက်တစ်ပါးရှိ ပုဂ္ဂိုလ်တို့ကို ပင့်ဆောင်ကုန်၏။

ဥပမာကား– ဒွေဘာတိကဝတ္ထု၌ ဒါယကာတို့ကဲ့သို့ သင်္ကန်းအခါ၌ သံဃာအား လှူအပ်သောသင်္ကန်းကို တိုက်တစ်ပါးရဟန်းတို့ မရဟု နားမလည်ရကား တိုက်တစ်ပါးမှ ရောက်လာသော ဆွေမျိုးမထေရ်တို့အား ရလတ္တံ့ဟု ရုံးစုပြောကြား၍ များစွာသော ဆွမ်းနှင့်တကွသော သင်္ကန်းတို့ကို စာတုဒ္ဒိသာသံဃာအား လှူကုန်သကဲ့သို့တည်း။

ဤဝတ္ထု၌ တိုက်နေရဟန်းတို့သည် ထိုက်သင့်သော ဘာဂကို ယူကုန်လတ္တံ့လော–ဟု ပေးခြင်းကြောင့် အာဂန္ဆကရဟန်းတို့သည် ကာလသင်္ကန်းဖြစ်၍ မထိုက်ရကား ပယ်ကုန်၏။ တိုက်နေရဟန်းတို့က မိမိသန္တကအဖြစ်ကို ပြောကြား၍လှူမူ ခံကုန်ရာ၏။

ထို့ကြောင့် ယခုအခါ၌လည်း ရှေးအခါ၌ကဲ့သို့ပင် သံဃာသို့ ညွတ်သောလာဘ်တည်းဟု အာနိသင်နှင့်တကွ ကထိန်သင်္ကန်းကို မှတ်ယူရာ၏။။

ထို့ကြောင့် ယခင်ပြဆိုခဲ့သည့်အတိုင်း <u>သံဃာကို လှူစေပြီးမှ တိုက်တွင်းရဟန်းတို့က ရအပ်သော မိမိသင်္ကန်းတို့ကို တိုက်ပ ပုဂ္ဂိုလ်တို့အား လှူကုန်ရာ၏။။</u>

<u>ထိုကာလသင်္ကန်းကို တိုက်တစ်ပါးပုဂ္ဂိုလ်တို့အား လှူရာ၌ ဒါယကာတို့ ပင့်ဆောင်ရင်း ရှိသောကြောင့်လည်းကောင်း၊ သဘာဂ ဝိသာသိကရဟန်းချင်း ဖြစ်သောကြောင့်လည်း ကောင်း အပြစ်မရှိဟု မှတ်ရာ၏။။</u>

၈၀၌ ပန ဘိက္ခဝေ ကထိနံ အတ္ထာရိတမ္ဗံ။ (ဝိ၊၃။၃၅၂။)–ဟူရာ၌ ဂိုဏ်းအစွမ်း ဖြင့် ငါးယောက်, ငါးယောက်ထက်လွန်သော ရဟန်းတို့သာ ကထိန် ခင်းခြင်းငှာ ရကြောင်း၊

– <u>ဝါမှထသည်၏အစွမ်းဖြင့် ပုရိမဝါမှထသော ရဟန်းတို့သာ ရကြောင်း၊ ဝါပြတ်သောရဟန်း, ပစ္ဆိမဝါကပ်သော ရဟန်း, တစ်ပါးသောကျောင်း၌ ဝါမှထသော ရဟန်းတို့ မရကြောင်း၊</u>

ပုရိမဝါသား (၄)ယောက်၊ (၃)ယောက်၊ (၂)ယောက်ဖြစ်အံ့၊ ၎င်း ရဟန်းတို့ကို ဂိုဏ်းပြည့်ပြု၍ ခင်းသင့်ကြောင်း အဋ္ဌကထာ၌ ထင်ရှား လှ၏။။

ဤတွင် <u>တစ်ပါးသောကျောင်းဟူရာ၌–</u>

တစ်တိုက်တည်းဖြစ်စေကာမူ နာနုပစာရဖြစ်သော ကျောင်းကိုလည်း ယူသင့်ကြောင်း ဝဇိရဗုဒ္ဓိ(၄၈၉)၌ လာ၏။။

သာမဏေ

ဤမျှသာမဟုတ်၊ ပုရိမဝါ၌ဝါကပ်သော အသက်(၂၀)ပြည့်သော သာမဏေသည် ပစ္ဆိမဝါ၌ ရဟန်းခံအံ့၊ ဂိုဏ်းပြည့်လည်းဖြစ် ၏။။ အာနိ

သင်ကိုလည်း ရ၏။ ထို့ကြောင့် အဋ္ဌကထာ (၀ိ၊ဋ္ဌ၊ ၃။ ၃၈၈။) ၌

“ဧကော ပရိပုဏ္ဏာဒိသတိဝဿော သာမဏေရော၊ သော စေ ပစ္ဆိမိကာယ ဥပသမ္ပဒေတိ၊ ဂဏပူရကောစေဝ ဟောတိ၊ အာနိသံသဉ္စ လဘတိ ဟူ၍လည်းကောင်း၊

ဝဇိရဗုဒ္ဓိဋီကာ (----) ၌ ပစ္ဆိမိကာယ ဥပသမ္ပဒေန္တော ပဌမပဝါရဏာယ ပဝါရေတုံပိ လဘတိ၊ သဝဿိကော စ ဟောတိ၊ အာနိသံသဉ္စ လဘတိ” ဟုလည်းကောင်း မိန့်အပ်၏။

အဓိပ္ပါယ်ကား– ပဝါရဏာပြုခြင်းငှာ ရခြင်းကြောင့်မပြတ်သော နေခြင်းရှိ၏။ မပြတ်သောနေခြင်း ရှိခြင်းကြောင့် အာနိသင်ကို ရလို၏ဟူလို

ဤတွင် စာအများ၌ ကွက်လည်းမပါ ‘အဝဿိကော’ ဟု အ–နှင့်လည်း ရှိ၏။ ဝါလည်း မရ–ဟု အနက်သမ္ဗန်၍ ပဌမဝါ၌ ရဟန်းမဟုတ်ရကား ရက်–လ–ဟူသော ဝါလည်းမရဟု အဓိပ္ပါယ် ယူကြကုန်၏။ ပါဠိပျက်၊ အနက်ပျက်၊ အဓိပ္ပါယ်ပျက်ဟု မှတ်ရာ၏။

‘ပစ္ဆိမိကာယ ဥပသမ္ပန္နော’ အစရှိသောစကားကို ဒုတိယ ဝါဆို၍ ဒုတိယပဝါရဏာနေ့၌ ပဝါရဏာပြုရမည်လောဟု တွေးတော ယုံမှားဖွယ်ရှိ၍သာ ဆိုသည်။ ယုတ်သောအပိုင်းအခြားအားဖြင့် ပဌမဝါဆိုသောသာမဏေသည် ပဌမပဝါရဏာနေ့၌ ရဟန်းခံသော်လည်း ပစ္ဆိမဝါ၌ ရဟန်းခံသော သာမဏေနှင့် ဝါရခြင်းအားဖြင့် ထူးခြားခြင်းမရှိရကား ထိုနေ့၌ပင် ပဝါရဏာပြုခြင်းငှာ ရ၏။ အာနိသင်ကိုလည်း ရ၏–ဟု မှတ်ရာ၏။

ဤသို့ အဋ္ဌကထာဆရာသည် သာမဏေတို့အား ဝါကပ်ခြင်းကို ခွင့်ပြုတော်မူခြင်းကြောင့် သာမဏေတို့သည်လည်း ကထိန် အာနိသင်ကိုလည်း ရကုန်၏။ ထို့ကြောင့် ဝဇိရဋီကာ (၄၈၉)၌–

= ဣတိ သာမဏေရာနံ ဝဿူပဂမနံ အနုညာတံ ဟောတိ။ သာမဏေရာ ကထိနာနိသံသံ လဘန္တီတိ ဝဒန္တိ။

အနုမောဒနာပြုခြင့်

တစ်တိုက်တည်းဖြစ်သော်လည်း တူသောဥပစာရိသော ကျောင်း၌ <u>ပုရိမဝါမှထသော ရဟန်းတို့သည်သာ အနုမောဒနာ ပြုခြင်းငှာရ၏။ ဝါပြတ်သောရဟန်း၊ ပစ္ဆိမဝါကပ်သောရဟန်း၊ မတူသော ဥပစာရိသောကျောင်း၌ ပုရိမဝါမှထသော ရဟန်းတို့သည် အနုမောဒနာပြုခြင်းငှာ မရကုန်။</u> ထိုကြောင့်-(ဝိနယာ လင်္ကာရဋ္ဌီကာ၊ ၂။ ၁၃၁။) ၌

> **"ဣမေသု ပန သံဃပုဂ္ဂလေသု ယေ တသ္မိံ ဝိဟာရေ ပုရိမိကာယ ဝဿံ ဥပဂန္တွာ ပဌမပဝါရဏာယ ပဝါရိတာ၊ တေယေဝ အနုမောဒိတုံ လဘန္တိ၊ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဥပဂတာဝါ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာဝါ နာ လဘန္တီ**
> - ဟု မိန့်အပ်၏။

လိင်ကျသောသာမဏေ, လိင်ပြန်သော သာမဏေတို့သည်လည်း အနုမောဒနာပြုခြင်းငှာ မရကုန်။ ထိုကြောင့် ဝဇိရဗုဒ္ဓိဋီကာ (၅၀၀)၌ **"ဝဿံဝုတ္ထသာမဏေရော ပန သေ သိက္ခာပဒေသု ဇေကံ အတိက္ကမိတွာ ပုန ဂဟိတော လာဘံ နာ လဘတိ။ အန္တိမဝတ္ထုံ အာပန္နော နာမ ဟောတီတိ ဝဒန္တိ**- ဟု မိန့်အပ်၏။

<u>ကထိန်လှူသောရဟန်း</u>

ပုရိမဝါမှထသော ကထိန်လှူသောရဟန်းသည် ခင်းခြင်း အနုမောဒနာ ပြုခြင်းကို ရ/မရ ကျမ်းဂန်တို့၌ တိုက်ရိုက်မလာသော်လည်း ကထိန်ခင်းသောအရာ၌ **"အနိမိတ္တကတေန အတ္ထတံ ဟောတိ ကထိနံ၊ အပရိကထာကတေန အတ္ထတံ ဟောတိ ကထိနံ။** (ဝိ၊၃။ ၃၅၃)

ကထိနံ နာမ အတိဥက္ကင်္ဃံ ဝဋ္ဋတိ၊ မာတရမွိ ဝိညာပေတုံ နာ

ဝဋ္ဋတိ၊ အကာကာသတော ဩတိဏ္ဏာသဒိသမေဝ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၂။) ဤသို့ လာသည်။

ဤသို့ကြောင်းရိပ်မထင် စင်ကြယ်စွာဖြစ်မှ အပ်ကြောင်းပါဠိ, အဋ္ဌကထာ, တို့၌လာသောကြောင့်လည်းကောင်း၊ သံဃာများသော ကျောင်း၌ အာနိသင်အလို့ငှာ သံဃာပေးသည်ကို ခံ၍ခင်းသောအရာ အနုမောဒနာပြုသောအရာ၊ တစ်ပါးတည်း စိတ်ထားစင်ကြယ်စွာ ဖြစ်နိုင်ရန် မရှိသောကြောင့်လည်းကောင်း၊ <u>**ကထိန်လှူသောရဟန်း သည်ပင် ကထိန်ကိုခံ၍ခင်းခြင်း အနုမောဒနာပြုခြင်းကို မရ**</u>–ဟု မှတ်ယူသင့်သည်။ **(အမှာက် ခန္တီ ဝီမံသိတွာ ဂဟေတဗ္ဗံ။)**

<u>အနုမောဒနာ မပြုသောရဟန်း</u>

ပုရိမဝါမှထသော်လည်း အနုမောဒနာ မပြုသောရဟန်းသည် အာနိသင်ငါးပါးကိုမရ၊ ထိုကြောင့်– (ဝိနယာလင်္ကာရ ဋီကာ၊ ၂။ ၁၃၁) ၌ **'အနနုမောဒန္တာပိ အာနိသံသံ န လဘန္တီ'**–ဟု မိန့်အပ်၏။

<u>အနုမောဒနာ မပြုလျှင်</u>

ဤ၌ တိုက်တွင်းရှိရဟန်းတို့ကို လှူလျှင် လှူစဉ်ကပင် တိုက်ရှင်ရဟန်းတို့၏ သန္တကဖြစ်ခြင်းကြောင့် အနုမောဒနာ မပြုသေးသော်လည်း မပေးပဲ မနေအပ်။ စာတုဒ္ဒိသာသံဃာကို လှူလျှင် လှူစဉ်ကလျှင် တိုက်ရှင်ရဟန်းတို့၏ သန္တကမဖြစ်သေး၊ အနုမောဒနာပြုမှသာလျှင် ဖြစ်ရကား အနုမောဒနာမပြုသော ရဟန်းအား မပေးသော်ငြားလည်း အပြစ်မရှိ၊ ထိုကြောင့် အနုမောဒနာ မပြုသောရဟန်းသည် သင်္ကန်းအာနိသင်ကို မဲ့ရဟုပြသော ဋီကာဆရာသည်လည်း <u>**ကထိန်သင်္ကန်း၏ စာတုဒ္ဒိသာ သံဃိကအဖြစ်ကို ပြတော်မူ၏။**</u>

ကျောင်းတိုက် တစ်တိုက်တည်းအတွင်း၌ရှိသော ကျောင်းအသီးသီး

တူသော ဥပစာရှိသော တစ်သိမ်တည်း၌ များသော ကျောင်း ရှိကုန်အံ့၊ တစ်ခုသော ကျောင်း၌ပေါင်း၍ ခင်းအပ်၏။ အသီးသီး ခင်းခြင်းငှာ မအပ်။ ထိုကြောင့် အဋ္ဌကထာ (၀ိ၊ ၌၊ ၃၉၁။) ၌ "သစေ ပန ကေသိမာယံ ဗဟူ ဝိဟာရာ ဟောန္တိ၊ သမ္ဗေ ဘိက္ခူ သန္နိပါတေတွာ ကတေ ကထိနံ အတ္ထာရိတမ္ဗံ၊ ဝိသုံ ဝိသုံ အတ္ထာရိတုံ နာ ဝဋ္ဋတိ–ဟု မိန့်အပ်၏။

ကေသိမ နာနာသိမ

တစ်သိမ်တည်းဖြစ်သော်လည်း အသီးအသီး ဥပစာရှိကုန်သည် ဖြစ်အံ့၊ တစ်ခုတည်းသောကျောင်း၌ ပေါင်း၍ခင်းခြင်း ကထိန်လာဘ်ကို ယူခြင်းငှာ မအပ်၊ အသီးအသီးခင်း၍ အသီးအသီး သင်္ကန်းလာဘ်ကို ယူရာ၏။

ဝဇိရဗုဒ္ဓိဋီကာ (၄၈၉)၌ ဝုတ္တာဒေါတ် "ဒေထ ဘိက္ခဝေ တဿ မောဃပုရိသဿ ကောဓိပ္ပါယ" န္တိ။ ဣဒဉ္ဟိ ဝစနံ ဒွီသုပိ အာဝါသေသု တဿ ကထိနတ္ထာရသိဒ္ဓိံ ဒီပေတိတိ။ အဝိရောဓော ဣစ္ဆိတဗ္ဗော အပ္ပဋိသိဒ္ဓတ္တာ။ တသ္မာ ကေသိမသ္မိံ ဝါ နာနာသိမသ္မိံ ဝါ နာနုပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ နာ လဘန္တီတိ အဓိပ္ပါယော ဝေဒိတဗ္ဗော–ဟု မိန့်အပ်၏။

ဤ၌ ကျောင်းတို့သည် ကေသိမကျောင်း နာနာသိမကျောင်း ဟူ၍ (၂)ပါးရှိကုန်၏။ ထိုတွင် တစ်ခုသောကျောင်း, နှစ်ခုသော ကျောင်း စသည်တို့၏ အကြားအကြား၌ အတွင်းမျဉ်းတား အခြားမရှိသော်လည်းကောင်း၊ တစ်ခုသောမျဉ်းတား အခြားရှိသော်လည်းကောင်း၊ အပမျဉ်းတား အကြားမလပ်စပ်၍ တည်းခြင်းရှိသော ကျောင်းတိုက်သည်လည်းကောင်း **ကေသိမကျောင်း**တို့ မည်ကုန်၏။

နှစ်ခု, သုံးခုသောကျောင်းစသည်တို့၏ အကြားအကြား၌ မျဉ်းတား နှစ်ခု နှစ်ခုစီ ခြားခြင်းဖြင့် အလျဉ်းမစပ်သော မျဉ်းတားရှိသော ကျောင်းတို့သည်လည်းကောင်း၊ အရံမရှိက ခဲတစ်ကျကိုလွန်၍ တည်သောကျောင်းတို့သည်လည်းကောင်း၊ နာနာသီမကျောင်းတို့ မည်ကုန်၏။

၎င်းနာနာသီမကျောင်းမှာ ဥစ္စာရှင်တစ်ယောက်တည်း ဖြစ်ခြားသော်လည်း ခြားသောဥပစာရှိ၏ ဟုမှတ်ရာ၏။

၎ကသီမကျောင်းတို့သည် ၎ကူပစာရကျောင်း, နာနူပစာရကျောင်းဟူ၍ နှစ်ခုရှိကုန်၏။ ထိုတွင် နှစ်ခု, သုံးခုအစရှိသောကျောင်းတို့၏ အကြားအကြား၌ မျဉ်းတား အခြားမရှိသည်ဖြစ်စေ၊ တစ်ကျောင်းမှ တစ်ကျောင်းသို့ပေါင်း၍ အကြောင်းကိစ္စရှိက တကွ မိမိကျောင်းနှင့်မခြား အားထုတ်၍ အလုပ်ကိစ္စ တူမျှခြင်းရှိသော ကျောင်းတို့သည် ကူပစာရဖြစ်သော ကျောင်းတို့ မည်ကုန်၏။ ထိုစကားသင့်စွ တစ်ကျောင်းမှ တစ်ကျောင်း၌ လာဘ်ကိုသာယူကြ၍ ကိစ္စကို အားမထုတ်ချေလျှင် ကျောင်းနေရဟန်းတို့က လာဘ်ကိုယူကြသော ရဟန်းတို့လာ၍ လုပ်လတ္တံ့-ဟု ပျက်စီး၍ ကျသော်လည်း မော်၍မျှ မကြည့်ပဲနေရကား တစ်ပါးကျောင်းက လာဘ်ကိုမယူစေပဲ အလုပ်ကို စွဲ၍ ပညတ်တော်မူခြင်းကြောင့် ကိစ္စရှိက တကွအားထုတ်၍ အလုပ်တူခြင်းသည်သာ လာဘ်ရကြောင်းဖြစ်၍ စင်စစ် ၎ကူပစာရ ဖြစ်ခြင်း၏ အကြောင်းဖြစ်၏။

တံတိုင်းမျဉ်းတားအခြားမရှိခြင်းသည် ၎ကူပစာရဖြစ်သော အရာ၌ ပမာဏမဟုတ်၊ ဥပမာကား တံတိုင်းပင် ခြားသော်လည်း ဖြစ်ပွားသော ကိစ္စကို တကွအားထုတ်၍ အလုပ်တူခြင်းကြောင့် ၎ကူပစာရဖြစ်သော မန္တလေးမြို့မှ ကျောင်းတိုက်တို့ကဲ့သို့တည်း။

တစ်ကျောင်း၊ နှစ်ကျောင်းစသည်တို့၏ အကြားအကြား၌ မျဉ်းတား အခြားမရှိသည်ဖြစ်စေ၊ အခြားမရှိ အမှတ်မျှသာ ရှိသည့်

ဖြစ်စေ တစ်ကျောင်းမှ တစ်ကျောင်းသို့ပေါင်း၍ အကြောင်းကိစ္စရှိက တကွ အားမထုတ်၍ အလုပ်မတူသောကျောင်းတို့သည် **နာနုပစာရ ဖြစ်သော ကျောင်း**တို့ မည်ကုန်၏။ ထိုစကားသင့်စွ ပြဆိုအပ်ခဲ့ပြီး သောနည်းဖြင့် ကိစ္စရှိက တကွ အားမထုတ်၍ အလုပ်မတူခြင်း သည်သာ လာဘ်မရကြောင်းဖြစ်၍ စင်စစ် နာနုပစာရဖြစ်သော အရာ၌ ပမာဏမဟုတ်၊ ဥပမာကား တံတိုင်းမျဉ်းတား အခြားမရှိသော်လည်း ဖြစ်ပွားသောကိစ္စကို တကွအားမထုတ်၍ အလုပ်မတူခြင်းကြောင့် နာနု ပစာရဖြစ်သော ယခုအခါအရပ်ကြီး၌ တံတိုင်းမျဉ်းတား ကြား၌မပြတ် စပ်၍တည်သော ကျောင်းတို့ကဲ့သို့တည်း။

ထိုစကားသင့်စွ၊ ၎င်းကျောင်းတို့သည် အလုပ်မတူ၍ လာဘ် ယူကွဲပြားခြင်းဖြင့် ခြားသော ဥပစာရရှိခြင်းကြောင့် ပေါင်း၍ကထိန် ခင်းခြင်းငှာ မအပ်။ အသီးအသီး ခင်းရာ၏။

တေရသကဏ်ဋီကာ (သာရတ္ထ၊ ၃။ ၃၄၃။)၌ "**နာနာ ဝိသုံ ဝိသုံ ပါကာရာဒီဟိ ပရိစ္ဆိန္နော ဥပစာရော စတေသန္တိ နာနုပစာရာ**" ဟူသော စကားကို များသောအားဖြင့် <u>တံတိုင်း စသည် ခြားလျှင် အလုပ် ကွဲပြား လာဘ်ကွဲပြားတတ်သော ကျောင်းတို့ကို ရည်၍ ဆိုအပ်၏။ တံတိုင်းစသည် ခြားသောကျောင်းဟူက 'နာနု ပစာရ' မခြား သော ကျောင်းဟူက 'ဧကူပစာရ' ချည်းပင် မမှတ်သင့်။</u>

အလုပ်ကွဲပြား၍ လာဘ်ခြားသည်ဟူရာ၌ တစ်တိုက်တည်း ဖြစ်ငြားသော်လည်း ခြားသောဥပစာရိသောကျောင်း၌ နေသောရဟန်း တို့သည် ဝါဆိုလပြည့်ကျော်(၁)ရက်ကစ၍ ကထိန်ခင်းလျှင် တစ်ပေါင်း လပြည့်တိုင်(၈)လ မခင်းလျှင် တန်ဆောင်းမုန်းလပြည့်တိုင် လေးလ အတွင်း၌ သံဃာအားလျှုအပ်သော လာဘ်ကိုသာ မရအပ်။ ကြွင်းသော ဆန်,ဆီ,ဆား အစရှိသော အာမိသဆေး အစရှိသော အလုံးစုံသော ဘဏ္ဍာကိုကား ဝေဖန်ရာသို့ ရောက်လာ, တောင်းလာသော် ဥပစာခြား ရာ/ မခြားရာ တိုက်တွင်းရှိသော အလုံးစုံသော ကျောင်းတို့၌နေသော

ရဟန်းတို့သည် ရအပ်၏။ ထိုကြောင့် အဋ္ဌကထာ (၀ိ၊ ဋ္ဌ၊ ၃။ ၄၁၃။) ၌ **ဣဒဉ္စ နာနာလာဘေဟိ နာနူပစာရေဟိ ဧကသီမဝိဟာရေဟိ ကထိတံ၊ နာနာသီမဝိဟာရေ ပန သေနာသနဂ္ဂါဟော ပဋိပ္ပဿမ္ဘတိ။ တသ္မာ တတ္ထ စီဝရပဋိဝီသော နု ပါပုဏာတီ။ သေသံ ပန အာမိသဘေသဇ္ဇာဒိ သမ္ပံ သဗ္ဗတ္ထ အန္တောသီမဂတသ ပါပုဏာတိ**– ဟုမိန့်အပ်၏။

အာနိသင်သက်နှံးတို့ကို ဤသို့ဝေဖန်ရာ၏

ဒုကုဋ်ဖြင့် ခင်းသောရဟန်းတို့၏ ကြွင်းသော သက်နှံးတို့သည်လည်း ရိန္ဓမ်းကုန်သည်ဖြစ်အံ့။ ထိုသက်နှံးတို့၏လည်း အလို့ငှာ သံဃာကိုပန်၍ ပေးအပ်ကုန်၏။ ကထိန်ခင်းသော ရဟန်းအား ပေးအပ်သောသက်နှံးတို့မှ ကြွင်းသော သက်နှံးတို့တွင် ယခုအခါ ဝါဆိုသက်နှံးကိုပေးရာ ထေရ်စဉ် မရှိခြင်းကြောင့် မထေရ်ကြီးမှစ၍ တစ်ထည် တစ်ထည်သော သက်နှံးကိုလည်း ကောင်း၊ ပုဆိုးကိုလည်းကောင်း ပေးအပ်၏။ မကုန်ကြွင်းကျန်သေးသည်ရှိသော် တဖန် မထေရ်ကြီးမှစ၍ ပေးအပ်၏။ မလောက်သည်ရှိသော် ကျရောက်ရာ ထေရ်စဉ်ကိုမှတ်၍ နောက်ထပ် ရပြန်သော သံဃိကသက်နှံးကိုပေးရာ၏။ သိတင်းငယ်ကို ပေးသောအခါ၌လည်း မထေရ်ကြီး လာသည်ဖြစ်အံ့။ 'အရှင်ဘုရားတို့၏ ထေရ်စဉ်လွန်ပြီး'ဟူ၍ မဆိုအပ်။ ထေရ်စဉ်ကို တန့်ရပ်၍ မထေရ်ကြီးအား ပေးပြီးမှလာသော မထေရ်ကြီးတို့အား ပဌမအဖို့ကို မပေးအပ်။ ဒုတိယအဖို့ကိုသာ ပေးအပ်၏။ ထိုကြောင့်– အဋ္ဌကထာ (၀ိ၊ ဋ္ဌ၊ ၃။ ၃၉၁။)၌ **အထ အဝိစာရေတ္ထာဝ ဒတ္ဝာ ဂစ္ဆန္တီ။ ... ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနံ**–ဟူ၍လည်းကောင်း (၀ိနယာ လင်္ကာရဋ္ဌီကာ၊ ၂။ ၁၃၇–၈။)၌ "ဋ္ဌိတိကာယ အဘာဝေ ဒုတိယဘာဂတော ဝဿဂ္ဂေန ဒါတဗ္ဗော" ဟူ၍ဌင်း မိန့်အပ်၏။

·ကထိန်မခင်းမိ ကျောင်းဌဲ့ ကထိန်သင်္ကန်းထားခြင်း

ဒါယကာတို့ ကျောင်းသို့လာ၍ ကထိန်လျှာပုဆိုးကို ချုပ်စေရာ၌ သံဃာသည် ကထိန်ခင်းထိုက်သော ရဟန်းအားမပေးပဲ သိမ်းဆည်း၍ ထားခြင်းဟူသော နိစယသန္နိဓိတရားဖြင့် ယုံမှားဖွယ်ရှိသည် မဟုတ်လော? ဟူငြားအံ့၊ လှူဒါန်းပြီးသည်ကိုသာ သံဃာက မပေးပဲထားက နိစယသန္နိဓိ ဖြစ်သောကြောင့်လည်းကောင်း၊ ၎င်း ကထိန်လျှာသင်္ကန်းကို သံဃာအား မလှူသေးသောကြောင့်လည်းကောင်း၊ ယုံမှားဖွယ်မရှိ မှတ်ရာ၏။။ ထိုကြောင့် ဝိနယာလင်္ကာရဋ္ဌီကာ၊ (၂၊ ၁၀၅။။)၌ **ဒါယကဿ ဟတ္ထတော သာဋကံ လဒ္ဓဒိဝသေယေဝ သံဃေန အတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ၊ စဝံ အဒေန္တော နိစယသန္နိဓိ ဟောတိ**–ဟု မိန့်အပ်၏။။

အလှူရှင်ရဟန်း

ရဟန်းသည် မိမိနေရာတိုက်ဖြစ်အံ့၊ ကထိန်သင်္ကန်းကို လှူခြင်းငှာသာ အပ်၏။။ အာနိသင်ကို ရသောအရာ၌ ပါဝင်ခြင်းကြောင့် မိဖဆွမျိုးတို့ကို လှူစေခြင်းငှာ မအပ်။။ တိုက်တစ်ပါးဖြစ်အံ့၊ အာနိသင်ကိုရသော အရာ၌မပါဝင်ခြင်းကြောင့် မိဖဆွမျိုးတို့ကိုလည်း လှူစေခြင်းငှာအပ်၏–ဟု မှတ်ယူသင့်သည်။။

၎င်းသံဃာအား လှူအပ်သော ကထိန်သင်္ကန်းကို တူသော ဥပစာရိသော ကျောင်း၌နေသော တိစီဝရိက်ကိုဆောင်သော အဂါရှစ်ပါးနှင့် ပြည့်စုံသော, ရိန္ဒမ်းသော, သင်္ကန်းရှိသော မထေရ်ကြီးအား ဥပစာရသိမ်တွင်း၌ ခဏ္ဍာသိမ်ရှိသော် ၎င်းခဏ္ဍာသိမ်၌မရှိသော် အပဋ္ဌဖြစ်သော ခဏ္ဍာ/ ဥဒကုက္ခေပသိမ် အစရှိသည်၌ သံဃာသည် ပေးအပ်၏။။

ပေးအပ်ပြီးသောသင်္ကန်းကို ဆောင်ယူ၍ ဝါမှထရာ ဥပစာရသိမ်အတွင်း၌သာ ခင်းအပ်၏။။ ထိုစကားသင့်စွ ဥပုသ်ပြုသောအခါ၌ ၎င်းစရာသင်္ကန်းမရှိသော် မခင်းပဲပင် ပြုခြင်းငှာအပ်သကဲ့သို့၊ အခင်းရှိ

ခဲ့သော် မခင်းပဲပြုခြင်းငှာ မအပ်သကဲ့သို့။ ထို့အတူ သက်သက်သက်နှံး မရှိသော် တိစီဝရိက်ကိုမဆောင်သော ရဟန်းအား ပေးခြင်းငှာအပ်၏။ အယုတ်အားဖြင့် သင်းပိုင်မျှသော်လည်း ရှိလျက် မဆောင်သောရဟန်းအား ပေးခြင်းငှာ မအပ်။

(ဝိနယာလင်္ကာရဋ္ဌ ပရိက္ခာရစောဠ အဓိဋ္ဌာန်ဖြင့် သင်္ကန်းကို ဝတ်ရုံသုံးဆောင်သော ရဟန်းသည် ပရိက္ခာရစောဠအဓိဋ္ဌာန်ကို ပစ္စုဒ္ဓိုရ်ပြု၍ ကထိန်ခင်းကာနီးရာအခါ၌ တိစီဝရိက် အဓိဋ္ဌာန်တင်၍ တင်ခြင်းဖြင့် အဓိဋ္ဌာန်တင်၍ ကထိန်ခင်းခြင်းငှာ ရ၏-ဟု မိန့်သည်)

ကထိန်ခင်းမှု

အင်္ဂါ(၈)ပါးတို့ကို မိမိသိလျှင် မိမိပင် ခင်းရာ၏။ မသိလျှင် သိသောရဟန်းတို့ကို ပင့်ဆောင် သင်ကြား၍ ခင်းရာ၏။ မပင့်ဆောင် မသင်ကြားပဲ ခင်းခြင်းငှာ မအပ်။

သစေ ပုရိမိကာယ ဥပဂတာ ကထိနတ္ထာရကုသလာနံ ဟောန္တိတိအာဒိနာ အဋ္ဌမေ့ကောဝိဒေါ ဘိက္ခု၊ ကထိနတ္ထာရ မရဟတီတိ ဝိနယဝိနိစ္ဆယေ (၂၅၉) အာဂတတ္တာ သယံ စေ အဋ္ဌမေ့ကုသလော၊ သယမေဝ အတ္ထရိတဗ္ဗံ။ နော စေ အညေ အဋ္ဌမေ့ကုသလေ ပရိယေသိတွာ နေတဗ္ဗာ။ ဧဝံ အကတွာ ကထိနံ အတ္ထရိတုံ နံ ဝဋ္ဋတီတိ ဒဿေတိ။

(ဝိနယာလင်္ကာရဋ္ဌီ၊ ၂။ ၉၃။)

ကထိန်သင်္ကန်းပေးရာနှင့် ခင်းရမည့်ဌာန

ဥပစာရသိမ်အတွင်း၌ ခတ္ထာသိမ်ရှိအံ့၊ ထိုသိမ်၌ပေး၍ မရှိအံ့၊ တိုက်ပခတ္ထာသိမ်၊ ဥဒကုက္ခေပသိမ်တို့၌ ပေး၍ ဝါမှ ထရာ ဥပစာရတိုက်တွင်းသို့ ပြန်၍ ခင်းသင့်ကြောင်း။

အန္တောဥပစာရသီမာယ ပန ဗဒ္ဓသီမာယ သတိ တံ ဗဒ္ဓသီမံ

အဝတ္ထုရိတ္တာပိ ဥပစာရသိမာယ ဂမနတော သာ ဗဒ္ဓသိမာ ကမ္မဝါစာဘဏနာရဟာ စ ဟောတိ ကထိနတ္ထာရာရဟာ-စာတိ ဝေဒိတဗ္ဗာ။ (ဝိနယာလင်္ကာရဋီ၊ ၂။ ၁၁၅။)

အန္တောဥပစာရသိမာယံ ဗဒ္ဓသိမာယံ ဗဒ္ဓသိမာယ အဝိဇ္ဇာမာနာယ ဗဟိ ဥပစာရသိမာယံ ဝိဇ္ဇမာနဗဒ္ဓသိမံ ဝါ ဥဒကုက္ခေပနဋ္ဌာနံ ဝါ ဂန္ဒွာ ကမ္မဝါစံ ဝါစာပေတွာ ပုန ဝိဟာရံ အာဂန္ဒွာ ဝဿူပနာယိကခေတ္တာဘူတာယံ ဥပစာရ-သိမာယံ ဌတွာ ကထိနံ အတ္ထရိ တဗ္ဗန္တီ ဒဋ္ဌဗ္ဗံ။ (ဝိနယာလင်္ကာရဋီ၊ ၂။ ၁၁၆။)

<u>မျက်မှောက်ဥဿဂ်</u>

စီဝရပဋိဂ္ဂါဟကသမ္မုတိ အစရှိသောအရာတို့၌ သမုတ်အပ်သောရဟန်း၊ သမုတ်အပ်သော ဘဏ္ဍာအိမ်အစရှိသည်တို့ကို ဝတ္ထုဖြစ်၍ သံဃာ့မျက်မှောက်၌ထား၍ သမုတ်မှသာ အပ်သကဲ့သို့ <u>ဤကထိန်သင်္ကန်းကိုလည်း</u> ဝတ္ထုဝိပန္နံ ဟောတိတိ အကပ်ိယ ဒုဿံ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၄။ ၂၁၃။) ဤသို့လာသော ပရိဝါအဋ္ဌကထာ နှင့်အညီ <u>ဝတ္ထုဖြစ်၍ မျက်မှောက်၌ထား၍ ပေးမှသာလျှင် အပ်၏။ အပ၌ထား၍ ပေးအပ်သော် မအပ်။</u> ထိုစကားသင့်စွ၊ "အယံ နာဂေါ" "အယံ တိဿော" အစရှိသည်၌ ဣမသဒ္ဒါဖြင့် ညွှန်ပြအပ်သော ပဋ္ဌင်းလောင်းအစရှိသည်သည် ဝတ္ထုဖြစ်၍ မျက်မှောက်ရှိမှ အပ်သကဲ့သို့ ဣမသဒ္ဒါဖြင့် ညွှန်ပြအပ်သော ကထိန်သင်္ကန်းသည်လည်း မျက်မှောက်ရှိမှသာ အပ်၏ဟု မှတ်ရာ၏။

<u>ကထိန်ခံသောရဟန်း</u>

<u>ထိုကထိန်သင်္ကန်းကိုခံသော ရဟန်းသည်ကား ကထိန ဒါယကာ၏ စတုဝဏ်သံဃာသည် ပြုအပ်သော ကံဖြစ်သော</u>

ကြောင့် ဂဏာပူရကကမ္မပတ္တာလည်း မဟုတ်၊ ကထိန်သင်္ကန်းကဲ့သို့ ဝတ္ထုဖြစ်သော ကမ္မပတ္တာလည်း မဟုတ်ရကား အပဋ္ဌ တည်သော်လည်း အပ်၏ဟု မှတ်ရာ၏။။

တတြ စေ ဘိက္ခဝေ ယွာယံ စတုဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ တိဏံ ကမ္မာနိ ဥပသမ္ပဒံ ပဝါရဏံ အဗ္ဘာနန္တိ စမ္မေယျကွန္ဓကေ (ဝိ၊ ၃။ ၄၃၉။) ဝုတ္တတ္တာ နံ ပဋ္ဌဝဂ္ဂ ကရဏီယန္တိ ဂဟေတဗ္ဗံ။ တသ္မာ ယဿ သံဃော ကထိနဒုဿံ ဒေတိ၊ တံ ဟတ္ထပါသေ အကတ္ဝာပိ ဗဟိသီမာယ ဌိတဿာပိ ဒါတုံ ဝဋ္ဋတီတိ ဝဒန္တိ။
(ဝဇီရ။ ၄၈၈။) ဟူ၍- အပဋ္ဌ တည်သော်လည်း အပ်ကြောင်းတစ်ဝါဒ။

တံ ဟတ္ထပါသေ ကတ္ဝာဝေ ဒါတဗ္ဗံ။ ကသ္မာ? တဿ ကမ္မပတ္တတ္တာတိ ဝုတ္တံ- ဟူ၍ သံဃာမျက်မှောက်ရှိမှ အပ်သော တစ်ဝါဒ၊ ဤသို့ နှစ်ဝါဒပင် လာ၏။။

စတုဝဂ္ဂကရဏေ ကမ္မေ စတ္တာရော ဘိက္ခူ။ ပကတတ္တာ ကမ္မပတ္တာ (ဝိ၊ ၅။ ၃၈၁။၃၈၄) ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်နှင့်အညီ <u>**ကထိန်သင်္ကန်းကို ခံသောရဟန်းသည် လေးပါးသောရဟန်းမှ အလွတ်ဖြစ်၍ ကမ္မပတ္တစင်စစ် မဟုတ်သော**</u> <u>ကြောင့်</u> ဒုတိယဝါဒကို ဆင်ခြင်အပ်၏။။

<u>သင်္ကန်းဝေပနိခြင်း</u>

အာနိသင်သင်္ကန်းတို့တွင် ကောင်းသောသင်္ကန်း၊ ကောင်းသော ပုဆိုးတို့ကို မထေရ်ကြီးအား ပေးအပ်၏။။ မလောက်၍ ပဌမကြွင်းကျန်သော နဝကရဟန်းတို့ အလှည့်ရောက်သောအခါ နောက်လာ သင်္ကန်းကောင်းသည်ဖြစ်ခဲ့၊ "အရှင်ဘုရားတို့--- ဤသင်္ကန်းကို ယူလိုကြခဲ့၊

ပဌမညံ့သောသက်နှံးကိုစွန့်၍ ယူတော် မူကြပါလော''ဟု ပေး၍ မထေရ်ကြီးတို့ ကောင်းသည်ကိုယူ၍ စွန့်အပ်သော၊ ညံ့သောသက်နှံးကို သိတင်းငယ်ရဟန်းတို့အား ပေးအပ်၏။ ဤသို့ မထေရ်ကြီးတို့ နှစ်သက်ပါလျှင် ကောင်းရာ လဲလှယ်၍ လဲလှယ်ယူ၊ အကြင်းကို သိတင်းငယ်ရဟန်းတို့အား ပေးရာ၏။ မထေရ်ကြီးနှင့်အမျှ နဝကရဟန်းတို့ သက်နှံးကို ရပြီးသောအခါ နောင်လာသက်နှံးကို မထေရ်ကြီးနေရာကစ၍ ပေးအပ်၏။ ထိုကြောင့် (ဝိနယာလင်္ကာရ ဋီကာ။ ၂။ ၁၃၇-၁၃၈)၌ တေသု ပန ဝရံဝရံ ... သေနာသနက္ခန္ဓဋ္ဌကထာယံ ဝစနတော... ဝိညာ-ယတိ-ဟု မိန့်အပ်၏။

ပိတ်အုပ်ဖြစ်က အမျှအသုံးကျလောက်အောင် ဖြတ်၍ ဝေဖန်ရာ၏။ မလောက်လျှင် ထေရ်စဉ်ကို မှတ်ထားရာ၏။ သို့မဟုတ် လော်လီမှုခဲဖွယ်အတွက်နှင့် ဖျက်ဆီး၍ မပြစ်ရာ။ သံဃာအား မကင်းရာသော် သုံးဆောင်ဖွယ်ဖြင့် လဲလှယ်၍ သုံးသင့်၏။ ယခုအခါ ဆိုးကောင်းမမျှ မလောက်သဖြင့် စာရေးတံချ၍ ယူကြကုန်၏။ ဘဏ္ဍာအိမ်၌ ထားသောသက်နှံး၌သာ စာရေးတံချ၍ အဖိုးမျှသည်ကို ပြုသင့်သောကြောင့်လည်းကောင်း၊ ဤကထိန်သက်နှံးအရာ၌ စာရေးတံချ၍ အဖိုးမျှခြင်းကို မပြုသင့်သောကြောင့်လည်းကောင်း၊ သင့်ရိပ်မထင် ဟု (ဝိနယာလင်္ကာရဋီကာ၊ ၂။ ၁၃၇)၌ ဆိုအပ်၏။ ထိုကြောင့် ၎င်းဋီကာ၌ **တေန ဉာယတိ "ဘဏ္ဍာဂါရစီဝရဘာဇနေ အဂ္ဃသမတ္တံ ဣစ္ဆိတဗ္ဗံ၊ ကုသပါတော စ ကာတဗ္ဗောတိ။ ဣမသ္မိံ ပန ကထိနာနိသံသစီဝရဘာဇနေ အဂ္ဃသမတ္တံ န ဣစ္ဆိတဗ္ဗံ။ ကုသပါတော စ န ကာတဗ္ဗော**-ဟု မိန့်အပ်၏။

ထိုကြောင့် ယခုအခါ ပညာရှိသူတော်ကောင်းတို့သည် ပေါင်းစု၍ထားအပ်သော ဘဏ္ဍာတိုက်သက်နှံးမှ ကြွင်းသမျှ ကာလသက်နှံးဖြစ်စေ၊ အကာလသက်နှံးဖြစ်စေ၊ ကောင်းသောသက်နှံးဟူသမျှကို မထေရ်ကြီးနေရာကစ၍ လောက်သမျှ ပေးရာ၏။ ကြွင်းကျန်သောအခါ ဝါစဉ်ကို

မှတ်၍ နောက်ထပ်ရသောအခါ ပေးရာ၏။ မရသော်လည်းကောင်း၊ အာဂန္တုကချည်းဖြစ်ကြ၍ တကွ ပေါင်းဆုံရန် အခွင့်မရှိသော်လည်းကောင်း၊ လောက်သမျှ ပေးခြင်းဖြင့် ကြေအေးပြီး ဖြတ်ရာ၏။

ကောင်းသောသင်္ကန်း၊ မလောက်သောသင်္ကန်းတို့မှာ ဝါကြီးသော ပုဂ္ဂိုလ်တို့နှင့်သာ စပ်ရကား ၎င်းတို့က နှစ်သက်ကြလျှင် စာရေးတံချသော်လည်းအပြစ်မရှိ၊ ဝေဖန်ချလိုက ရပြီးပုဂ္ဂိုလ်ကို ချန်၍ ချရာ၏-ဟု ငါတို့ထင်၏၊ ဆင်ခြင်။

<u>ဘဏ္ဍာတိုက်၌ ထားအပ်သော အကာလသင်္ကန်းကို သံဃာကိစ္စကို အားမထုတ်သော သာမဏေတို့အား ရဟန်း တို့၏ ထက်ဝက်သောအဖို့၊ အားထုတ်သော သာမဏေတို့အား မျှသောဖို့ကို ပေးအပ်၏။ ကာလသင်္ကန်းကိုကား အားထုတ် သည်ဖြစ်စေ၊ အားမထုတ်သည်ဖြစ်စေ မျှသောအဖို့ ကို ပေးအပ်၏။</u> ထိုကြောင့် စီဝရက္ခန္ဓက အဋ္ဌကထာ (၀ိ၊ ဋ္ဌ၊ ၃။ ၄၀၅-၆။)၌ **"သာမဏေရာနံ ဥပမုပဋ္ဌိဝိသန္တိ စတ္တ ..... ကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ"**-ဟု မိန့်အပ်၏။

ဘဏ္ဍာတိုက်၌ ထားအပ်သော အကာလသင်္ကန်းဟူ၍ ဆိုခြင်းကြောင့် ရောက်ရောက်သမျှ ဝေဖန်၍ယူကြသော အကာလ သင်္ကန်းဖြစ်မူ ရဟန်းတို့နှင့်အမျှပင် ဝေဖန်အပ်၏။ သင်္ကန်းဝေဖန်ခြင်း အကျယ်ကို လိုမူ (၀ိနယာလင်္ကာရဋ္ဌီကာ၊ ၂။ ၁၃၂-၉ ။)မှ ယူအပ်၏။

(မိုးနံကုန်းဆရာတော်၊ တိပိဋကပကိဏ္ဏကဒီပနီ)

=====

ကထိန် အမေး/အဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဖြေဆိုမည့်ပုဂ္ဂိုလ်က ရေးဦးစွာရွတ်ဆိုရန်

(၁) ကထိနတ္ထာယ သံဃသ၊ ဣဒံ ကထိနစီဝရံ။
နိယျာတိတံ ဝိစာရေထ၊ ယထာဓမ္မံ သုဗုဒ္ဓိယာ။

ဘန္တေ၊ ဝိနည်းပိဋကတ် တရားမြတ်ကို အတတ်သေချာ စိန်ဝင်ရကဲ့သို့ရှုလျက် ကျနပါသဖြင့် ကောင်းစွာသိမြင် အို ... အသျှင်မြတ်ဘုရား။ ဣဒံ ကထိနစီဝရံ၊ ဗုဒ္ဓမြတ်စွာ စိန္တေယျာတို့ ကောင်းစွာချီးကျူး သကတ် ထူးကြောင့် ကွန်မြူးတင့်ဆန်း ဤကထိန်လျာသက်နှံးကို။ ကထိနတ္ထာယ၊ ဤတိဒုတိယ ကထိနကမ္မဝါ ဖတ်ရွတ်ကာဖြင့် ငါးဖြာပွားတိုး ကထိန်ကျူးကို မြော်ကိုး ဖြန့်ခင်းရန်အကျိုးငှာ။ သံဃသ၊ စတုဒ္ဒိသာ၊ လေးမျက်နှာ၌ အာဂတာနာဂတ ရှိသမျှသော သကျန္တယ်ခေါ် သံဃာတော်မြတ်အား။ နိယျာတိတံ၊ သုံးတန်စေတနာ မိုးသို့ရှာလျက် သဒ္ဓါ ရွှင်လန်း လှူဒါန်း ဆောင်နှင်းအပ်ပါပြီ။ တုမှေ၊ ဝိနယဝိဒူ တံခွန်ထူလျက် ဇမ္ဗူကျော်ကြား အသျှင်မြတ်ဘုရားတို့သည်။ တံ ကထိနစီဝရံ၊ ထိုသို့ ဆက်ကပ်လှူဒါန်း အပ်သော ကထိန်လျာသက်နှံးကို။ ယထာဓမ္မံ၊ ဝိနည်းဓမ္မက္ခန် မြတ်ကျမ်း ဂန်နှင့် လျော်ကန် သင့်မြတ်စွာ။ သုဗုဒ္ဓိယာ၊ ဝိနည်း ဓမ္မစက် အချက်ကျကျ ကောင်းစွာ သိနိုင်ကြရန်အကျိုးငှာ။ ဝိစာရေထ၊ ဝိနည်းကျမ်းလာ ဒေသနာကို သေချာဖော်လှစ် ပရိသတ်အများ သိမှတ်ထားရအောင် တအားသစ်၍ စိစစ်ထောက်လှမ်း မေးမြန်း စုံစမ်းတော်မူပါကုန်ဘုရား။

===ooo===

ပုစ္ဆကပုဂ္ဂိုလ်က ဒုတိယဂွတ်ဆိုရန်

(၂) ကောသလ္လတ္ထာယ ဝိနယေ၊
အသမ္မောဟာယ ဒါနိ တံ။
ပါဋိယတ္ထာနုသာရေန၊
ပုစ္ဆိသဲ့ တာဝ တံ အဟံ။

အာဝုသော၊ ပိဋ္ဌကတ်ဉာဏ် အမြင်သန်လျက် တန်တန်ဝဝ မေးသမျှကို တွေးဆမျော်မြင် ဖြေဆိုလတ္တံ့သော အိုဉ့်ရှင်။ ဝိနယေ၊ မဟာဝဂ္ဂ ကထိနဟု ခန္ဓကလာ ဝိနည်းကံအရာ၌။ ကောသလ္လတ္ထာယ၊ မောဟတိမ်သလာ အရှိန်မလာပဲ လိမ်မာခြင်းအကျိုးငှာလည်းကောင်း။ အသမ္မောဟာယ၊ မောဟလေပွေ့ မတိုက်စေပဲ မတွေဝေရခြင်းအကျိုးငှာလည်းကောင်း။ ပါဋိယတ္ထာနုသာရေန၊ ပါဋိ, အဋ္ဌကထာ, ဋီကာကျမ်းကြီးအစဉ်မှီးသဖြင့်။ ဒါနိ၊ ကထိနကံ မစိမ်မဆောင်ရွက်မီ အစဦးစွာ ယခုအခါ၌။ တံ၊ ဝဇိရစိန်အဟန် လျှင်မြန်တောက်တပို ဖြေဆိုပေလတ္တံ့သော သင်ပရိဟာရ်ပုဂ္ဂိုလ်ကို။ အဟံ၊ ဝိနည်းအရာ ဒေသနာကို သေချာစစ်မေးစေ့စေ့တွေးလျှက် မေးလတ္တံ့သောငါသည်။ တံ ဝိနယံ၊ ထိုကထိနကံ ဝိနည်းအစီအမံကို။ တာဝ ပုစ္ဆိသံ၊ ဝိနည်းမဟာဝဂ် ကျမ်းအထွက်ကို ထိပ်ရွက်စစ်ဆေး သက်ာအေးအောင် မေးရပေလိမ့်အံ့။

===ooo===

ဖြေဆိုမည့်ပုဂ္ဂိုလ်က ဒုတိယဂွတ်ဆိုရန်

= အာမ ပုစ္ဆထ ဘန္တေ။ ။ ဘန္တေ၊ ဝိနည်းထုံးတမ်းတရားလမ်းကို ခွဲခြမ်းဖောက်ထွင် သိကြားလက်နက် မိုးကြိုးစက်သို့ အချက်မြင်သည့် အိုး.. အသျှင်ဘုရားတို့။ တုမှေ၊ မေးနည်းများဖြင့် ကုန်အောင်မြင်သည့် အရှင်ဘုရားတို့သည်။ အာမပုစ္ဆထ၊ ဝိနည်းမဟာဝဂ် ကျမ်းအထွက်ကို ထိပ်ရွက်ဆွေးနွေး သက်ာအေးအောင် မေးမြန်းတော်မူပါကုန်ဘုရား။

===ooo===

(မေး-၁)။ ကေနဋ္ဌေန ကထိန်၊ ကျမ်းဂန်ဋီကာ မိန့်မှာအပ် သည်နှင့်အညီ ဤကထိန်ဟူသော အမည်သညာသည် ခေါ်ကာမတ္တ အမည်ရလျက် ပဝတ္တာဟိတ် အကြောင်းဆိတ်သဖြင့်၊ နိမိတ်မြုပ်တိမ်၊ ဂုဏ်သိရ် မည်၊ အကြောင်းကိုမမှီသည့် ရုဠီသညာတည်း ဖြစ်လေသလော။ ထိုသို့မဟုတ် သမုတ်ခေါ်မှု အကြောင်းပြုလျက်၊ တစ်ခုခုသော အကြောင်း နှင့် သင့်မြတ်၊ မှည့်ခေါ်ပညတ်၍၊ ဗျုပ္ပတ္တိဟိတ်၊ အကြောင်းမဆိတ်ဘဲ၊ နိမိတ္တာနုရူပ၊ အမည်ရသည့်၊ အနွတ္တသညာတည်း ဖြစ်လေသလော။ အဘယ်သို့သော သဘောရှိသော ဝိဂြိုဟ်, ဝစနတ် ဗျုပ္ပတ်မတိမ် မည်သို့ သော ဂုဏ်သိရ်ကြောင့် ကထိန်ဟုခေါ်ပါသနည်း။

(ဖြေ-၁)။ ကထိနန္တိ ပဋ္ဌနိသေသံ အညတ္ထ ဂန္ဆံ အဒတ္ထာ သင်္ဃာဏတ္ထေန ကထိနံ၊ ထိရန္တိ အတ္ထော-ဟူ၍ နိသဂ္ဂိယ ပထမ ကထိနသိက္ခာပုဒ်အဖွင့် ကခိါဝိတရဏီဋီကာ လာသောကြောင့်လည်း ကောင်း၊

ကထိနန္တိ ပဋ္ဌာနိသေသံ အန္တောကရဏာသမတ္ထတာယ ထိရန္တိအတ္ထော- ဟူ၍ မဟာဝဂ္ဂ ကထိနက္ခန္ဓကအဖွင့် ဝဇိရဗုဒ္ဓိ ဝိမတိဝိနောဒနီ ဋီကာကြီးသုံးစောင် လာသောကြောင့်လည်းကောင်း-

အနာမန္တ စသည်အပြား၊ ကျိုးငါးပါးကို၊ တခြားမထွက်ရ၊ အတွင်းကျအောင်၊ သီမဋ္ဌကသံဃာတွင်း၌ ထားခြင်းငှာ စွမ်းနိုင်၍ ကျောက်စာတိုင်ဟန် မြဲမြံခိုင်ခဲ့၊ တည်တံ့သောအနက်သဘော သတ္တိရှိ သော ထိရတ္တဝါစီ၊ ရုဠီ အနိပ္ပန္န၊ ပါဋိပဒိကပုဒ်ဖြစ်သောကြောင့်လည်း ကောင်း-

ကထတိ အကိစ္ဆေန ဇိဝတီတိ ကထိနော။ <u>ကထိနော ဝိယာတိ ကထိန်</u> မိန့်သံကျကျ ဝိနယာလင်္ကာရ ဋီကာအဆို၊ ဝိဂြိုဟ်ရိပ်အထွက် ဥပမာတဒ္ဓိတ်အချက်နှင့် လိုက်ဖက်သဖြင့်၊ ရှုဖွယ်တင့်၍၊ နိမ့်မြင့်ဆိုင်းဆိုင်း ခက်တိုင်းဝေဆာ၊ ဟေမဝါဝယ် သေလာဂနိုင် ရိပ်မြုံငထူးလည်း မြရည်စိုစို၊ မြိုင်ညိုစိမ့်စမ်း၊ ရဂုံလမ်းဝယ်၊ မှီးငြမ်းမရှိ၊ မိမိချည်းသာ ဖြစ်ရာအလျောက်၊ ပေါက်ရောက်ကြီးပွား၊ စည်ကားလေပြီး၊ သစ်ပင်ကြီးတမျှ၊ ခိုင်ခဲ့လှသော၊

အနက်သဘောသတ္တိ၊ ရှိသည်၏အဖြစ်ကြောင့်လည်းကောင်း-

ကတ္ထိယတေ သိလာဃီယတေ ဗုဒ္ဓါဒီဟိတိ ဝါ ကထိနံ-

ဟူသော ကမ္မသာဓန၊ ဝစနတ္ထဝိဂြိုဟ်၊ မိန့်ဆိုအပ်သည်နှင့်အညီ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ သာဝကအပေါင်း၊ သူတော်ကောင်းတို့သည်၊ နှစ်ထောင်းအားရ၊ သောမနဿဖြင့်၊ ဟာပြ ချီးမွမ်းအပ်သောကြောင့်လည်းကောင်း အကြောင်းမသိမ် ဤကဲ့သို့သော ဂုဏ်သိရ်ကြောင့် ကထိန်မည်ပါသည် ဘုရား။

===ooo===

(ဓမေး- ၂)။ ထိုကထိန်ကို အစိန္တေယျ၊ ဂုဏ်ပေါင်းခသည့်၊ သုံးလောက သင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူထွတ်ထား၊ မြတ်ဘုရားသည်၊ များပြားဌာန၊ ဇနပဒဟု၊ သေဋ္ဌသခရိုင်၊ ထီးမတ္တိုင်သို့၊ ရံပြိုင်လှည့်ဝိုက်၊ မဇ္ဈောတိုက် အဝင်အပါ၊

ဝေသာလိယာ ရာဇဂဟေ၊ သာဝတ္ထိယာ စ အာဠဝိ။

ကောသမ္ဗိယာ စ သင်္ကေသု၊ ဘဂ္ဂေသုစေဝ ပညတ္တာ-

ပရိဝါလာ သိက္ခာပုဒ်ပညတ်တော်မူရာ ခုနစ်ဌာနတို့တွင် အဘယ်ပြည်ဒေသ အဘယ် ဌာန မြို့မြတ်၌ ပညတ်တော်မူပါသနည်း။

(ဖြေ- ၂)။ **တေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟာရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ-** အစရှိသည်ဖြင့် မဟာဝဂ္ဂ၊ ကထိနက္ခန္ဓပါဠိ၊ (ဝိ၊၃။၃၅၁။)လာရှိသည်နှင့်အညီ၊ ဂုဏ်ဆီထွန်းဘိ၊ သာဝတ္ထိဟု၊ ပြည်ကြီးလက်ယာ၊ တောင်မျက်နှာ၌၊ သခ်္ခ မှန်လှ၊ တကောသဝယ်၊ ဇေတမင်းသား၏ ဥယျာဉ်သာ၌၊ အနာ ထပိဏ် သဒ္ဓါရှိန်ဖြင့် ဂုဏ်သိရ်ပျံ့မွှေး၊ အိမ်ရှင်သူဌေးသည်၊ ငါးဆယ့်လေးကုဋေ့၊ အသပြာငွေကို၊ မစ္ဆေ မဖက်၊ ရက်ရက်ရောရော၊ မက်မော မတွန့်၊ ပေးစွန့်လွှတ်၍၊ ဆွတ်ဆွတ် ကြည်ဖြူ၊ ကြေးမထူပဲ၊ ပေးလှူအပ်သော ဇေတဝန်ကျောင်းတော်၌ ယာပထ လေးဖော်ဖြင့်မျှ နေတော်မူဆဲအခါ ပညတ်တော်မူပါသည်ဘုရား။

===ooo===

(မေး-၃)။ ကောသလဇနပုဒ်၊ သမုတ်ခေါ်ဘိ၊ သာဝတ္ထိဟု၊ ပြည်ကြီးတောင်စွန်၊ ဇေတဝန်မည်မှတ် ကျောင်းတော်မြတ်၌၊ ပညတ်တော်မူသည့် အခင်းမှာ၊ လူမင်းတကာတို့၏ထိပ်တင်၊ သာကီဝင်မင်းတို့၏ဆရာ၊ နတ်, ဗြဟ္မာတို့၏ အဓိပတိ၊ ကဝိကုဋ္ဌရ၊ သုံးလောက ထိပ်တင်၊ ဘုရားရှင်သည်၊ စဉ်လာထုံးပြု၊ အကြောင်းတစ်ခုမှာ၊ အမှုသည် မရှိဘဲလျက်၊ ခွင့်ပြုမြဲ တံထွာ၊ ဓမ္မတာအာစိဏ္ဏ မဟုတ်ချေ၊ တစ်စုံတစ်ခုသော အကြောင်းထူး၊ လွန်ကျူးသူ အမှုရှိမှသာ၊ အနုညာတ၊ ပဋိက္ခေပ၊ သိက္ခာပုဒ်များကို၊ ဝတ္ထုအားလျော်စွာ၊ အရာရာကို ထောက်ချင့်၍၊ ခွင့်ပြုမြဲတံထွာ ဓမ္မတာ အာစိဏ္ဏဖြစ်၍၊ ဤကထိန်အရာဝယ်၊ အဘယ်မထေရ်တို့ကို အကြောင်း ပြု၍၊ ခွင့်ပြုတော်မူပါသနည်း။

(ဖြေ-၃)။ တန ဒေါ် ပန သမယေန တိသမတ္တာ ပါဝေယျကာ ဘိက္ခူ သဗ္ဗေယေဝ အာရညိကာ- အစရှိသည်ဖြင့် မဟာဝဂ်၊ ကထိနက္ခန္ဓပါဠိ၊ (၀ိ၊၃။၃၅၁။) လာရှိသည်နှင့်အညီ စုံညီပြည့်ဝ၊ ကောသလ-ဟု၊ ရဋ္ဌတိုင်းကြီး၊ ခွန်းသီးယူဘိ၊ သာဝတ္ထိခေါ် ရွှေမြို့တော် သခင်၊ ဘုရင်မင်းမြတ်၊ စောနေနတ်ဟု၊ ဥက္ကင်္ဌရာဇိန် အသမ္ဘိန္နု၊ ခတ္တိယ နွယ်ဆင်း၊ ကောသလမင်းနှင့်၊ သားချင်းဘ,တူ၊ မွေးကြူသတင်း၊ မပြတ် သင်းလျက်၊ မယွင်းညီနောင်၊ ဂုဏ်ရောင်မည်ကြူး၊ တန်ခိုးပေါ်ထင်၊ ဓုတင် တေရသ်၊ ပဋိပတ်ကျင့်စင်၊ ဂုဏ်များဖြင်ကြောင့် ပုထုဇဉ် တစ်ယောက် မျှမပါ ရဟန္တာလည်းမနှော သောတာပန် သကဒါဂါမ် အနာဂါမ်ချည်းသာ ဖြစ်သောကြောင့် ပါဝေယျက ရဋ္ဌဝါသီ နောင်ညီသုံးကျိပ် ဘုန်းရိပ်မပျက် ဘဒ္ဒဝဂ်သခင် ထေရ်အသျှင်တို့ကို အကြောင်းပြု၍ ပညတ်တော်မူပါသည် ဘုရား။

===ooo===

(မေး-၄)။ ပါဝေယျက၊ ရဋ္ဌဝါသီ၊ နောင်ညီသုံးကျိပ်၊ ဘုန်းရိပ် မပျက်၊ ဘဒ္ဒဝဂ်သခင်၊ ထေရ်အသျှင်တို့ကို အကြောင်းပြု၍ ခွင့်ပြုတော် မူသည့်အရာဝယ်၊ အမာမပေါ်ခင်၊ ဆေးတင်မှားသော သမားကဲ့သို့ သဗ္ဗညုသည် ခွင့်ပြုမြဲတံထွာ၊ ဓမ္မတာအာစိဏ္ဏမဟုတ်ချေ၊ တစ်စုံ

တစ်ခုသော အမှုအပြစ်ကို စိစစ်ထောက်လှမ်း မေးမြန်း၍သာ ခွင့်ပြုမြဲ ထုံးစံရှိခဲ့သည့် ထိုထေရ်အရှင်တို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူလျှင် အဘယ်သို့သော အပြစ်ကို စိစစ်ထောက်လှမ်း မေးမြန်း၍ ခွင့်ပြုတော်မူပါသနည်း။

(ဖြေ-၄)။ အထ ခေါ် တေ ဘိက္ခူ ဝဿံဝုတ္ထာ တေမာသစ္စယေန ကတာယ ပဝါရဏာယ ဒေဝေ ဝဿန္တေ ဥဒကသင်္ဂဟေ ဥဒကစိက္ခလ္လေ သြကပုဏ္ဏေဟိ ဗီဇေရေဟိ ကိလန္တေ့ရူပါ- အစရှိသည်ဖြင့် မဟာဝဂ္ဂ၊ ကထိနက္ခန္ဓပါဠိ၊ (ဝိ၊ ၃။၃၅၁။) လာရှိသည်နှင့်အညီ ပါဝေယျက ရဋ္ဌပါသီ နောင်ညီသုံးကျိပ် ဘုန်းရိပ်မပျက် ဘဒ္ဒဝဂ်သခင် ထေရ်အသျှင် ရှားတို့သည် ဘုရားသျှင်ကို ဖူးမြင်ခြင်းငှာ ပါဝါမြို့မှ သာဝတ္ထိပြည်သို့ အသာတွင် ဝါဆိုရာလ နီးကပ်လှသောကြောင့် သာဝတ္ထိပြည်သို့ မရောက်နိုင်ကြသဖြင့် ထိုမှသခ်ျာ ယူဇနာသတ္တ ရပ်ဌာနဝယ် သာကေတမြို့ တွင်ပင် ဘုရားသျှင်ကို ဖူးမြင်လိုသောဆန္ဒဖြင့် တမ်းတလျက်သာ ပုရိမဝါသို့ ကပ်ကြရသဖြင့် ဝါလကျွတ်၍ သာဝတ္ထိပြည်မှန် ဇေတဝန်သွား လမ်းခရီး အကြားဝယ် ထက်ဖျားအာကာ အဇ္ဈာဌ် တိမ်လွှာယှက်ရုံ ပဇုန်ဆူလှိုက် ခြုန်းရိုက်ထစ်ကြိုး ရွာသွန်းဖြိုးလျက် မိုးကြိုးသည်းထန်စွာ ရွာခဲ့ပါ၍ သွားရာ မကောင်း ညွန်ပျောင်းထူထပ် အရပ်ရပ်မြေပြင် ဘယ်တွင်မလစ် ဒူးပဆစ်မျှ ကျွံနစ်စရာ မဟာကန္တာရကြီး လမ်းခရီးသို့ အပြီးတိုင် လာကြရသည်ဖြစ်၍ ရွံ့နှစ်ညွန်စေး ညစ်ကြေးကပ်ငြို ရေစေးရှိသည့် တိစီဝရိတ် သင်္ကန်းဖြင့် ပင်ပန်းညှိုးငယ် နွမ်းနယ်ရိရှားလျက် ဘုရားရှင်အထံသို့ ရောက်လာကြသဖြင့် လောကစက္ခုသဗ္ဗညုသည် အာဂန္တုကရဟန်းတို့၌ အလိုက်သင့် ထောက်လှမ်း မေးမြန်းမြဲစဉ်လာ ဓမ္မတာအာစိဏ္ဏဖြစ်၍ **''ကစ္စိ ဘိက္ခဝေ ခမနီယံ၊ ကစ္စိ ယာပနီယံ''** အစရှိသည်ဖြင့် ပဋိသန္ထာရ ကထာကို ဦးစွာမဆွ မေးပြီးမှလျှင် ကန္တာရခရီးလမ်းဝယ် မပင်ပန်း မငြိုငြင်ကြဘဲ လာခဲ့ရသည်၏အဖြစ်ကို စိစစ်မေးမြန်းတော်မူလျှင် ကန္တာရကြမ်း၊ လမ်းပန်း မကောင်း၊ ညွန်ပျောင်းထူပြော၊ ရွံ့ရေပေါ်၍ ပန်းမောရိရှား တောင်ပါး မြောက်တိမ်း၊ ဘယ်ညာယိမ်းနွဲ့၊ ရှဲ့ငဲ့နောက်ယိုင်၊ ငေးမိုင်ညှိုးကြုံ၊ စက်တော်စုံသို့၊ ခိုလှုံရပါသော အကြောင်းအရာတို့ကို သေချာစွာ

လျှောက်ထားကြလေ့က ဓမ္မိဿရ၊ ဓမ္မသာမိ၊ မုနိသင်းကျစ်၊ ဓမ္မရာဇ်သည် ရွှံ့နှစ်ညွှန်စေး၊ ညစ်ကြေးကပ်ငြို၊ ရေစေးရှိသည့် တိစိဝရိတ်သင်္ကန်းဖြင့် ပင်ပန်းသောသဘောရှိသော ထိုရဟန်းတို့ကို မြင်တော်မူလှသဖြင့် သိဿာနုသိဿတို့အား အကျိုးစီးပွား မျှားစေခြင်းငှာ- အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။ အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ ပဠာနိသံသာ ကပ္ပိဿန္တီ- အစရှိသည်ဖြင့် ခွင့်ပြုတော်မူပါသည်ဘုရား။

===ooo===

(မေး-၅)။ ကထိနဿ အတ္ထာရမာသော ဇာနိတဗ္ဗော။

(ဝိ၅။၃၀၈။)ဟူ၍ ပရိဝါ ကထိနဘေဒပါဠို လာရှိသည်နှင့်အညီ ကထိန်ခင်းရာသော ခေတ်ကာလ အပိုင်းအခြားကို သိအပ်, သိသင့်, သိထိုက်, သိကောင်းသည်ဖြစ်၍ အဘယ်ခေတ်ကာလ၌ ကထိန်ခင်းအပ်ပါသနည်း။

(ဖြေ-၅)။ ဝဿာနဿ ပစ္ဆိမော မာသော ဇာနိတဗ္ဗောဟူသော ပရိဝါ ကထိနဘေဒ ပါဠိတော်နှင့်အညီ အဇဋ္ဌာဠ္ဍေ အာကာသေဝယ်၊ မြင်္ဂေ ရဟတ်၊ ရောင်နဝင်းစုံ၊ ပြောင်လင်းထုံ၊ စန်းယုန်နတ်နှင့်၊ နက္ခတ် တံခွန်၊ ပုလဲစုနယ်၊ ရှုစဖွယ်သည့်၊ ကြယ်တို့အမွန်၊ အလွန်မြိုင်ဆိုင်၊ ဗဟိုမြင့်ဖြူး၊ စွန့်စွန့်မိုးလျက်၊ တန်ခိုးရောင်ပြိုင်ကြ၍၊ ဂနိုင်တခွင်၊ မြိုင်အပြင်၊ အိုင်စဉ် တစ်လျှောက်၊ အံ့လောက်ထင်ရှား၊ ရေပြင်အားလုံး၊ ပျားပိတုန်းတို့ အုန်းအုန်း သံကျော်ကြား၍၊ ပြည်သားအပေါင်း၊ ကြာလက်စုံစိုပြေ၊ ပန်းပွင့်ရောင် ထိန်ဝေနှင့်၊ စိန္ဒေမှာညောင်ရေလောင်း၍၊ ဆုတောင်းမြွက်သံ၊ ဘဝဂ်ပျံမှ၊ ထက်နဘံချဉ်း၊ တက်လှုံဝင်းသည့်၊ သီတင်းကျွတ်ပုဏ္ဏမီ၊ ယုန်ရတီ၊ စုံညီပေါ်ထွက်၊ ကျော်-တစ်ရက်မှ၊ မျှောက်ဆက်ခါမီ၊ ဒွါဒသီ ဝယ်၊ ရာသီပြိုစွာ၊ မှောင်အလုံး အရောင်ဖုံးသည့်၊ တန်ဆောင်မုန်း ပုဏ္ဏမာ၊ ယုန်စန္ဒာညီမျှသည့်၊ ဤတစ်လလုံးလုံးမှာ၊ အုန်းအုန်းဆူ သိမ့်သိမ့်သဲ၊ သာဝတ္ထိ ပြည်သူတို့ ကြည်ဖြူစွာယှဉ်တွဲ၊ သင်္ကန်းလှူသဘင်ပွဲ၌၊ ဝင်နွဲသည့် သမယသည်၊ ဘုရားရှင် ရွှေလက်ထက်တော်မှစ၍ ယနေ့ထက်တိုင် ပင်လျှင်၊ ချစ်သျှင်မြတ်စွာ၊ သာသနာလှူင်၊ အခါတွင်ဆန်း၊ အစဉ်မြဲနှုန်းကြ

သည့်၊ သက်နှံးပွဲသမယ ဖြစ်ပါသည်ဘုရား။

===ooo===

(မေး-၆)။ ကတိဟိ အင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။ (ဝိ၊၅။၃၀၇။)ဟူ၍ ပရိဝါ ကထိနဘေဒ၌ ပုစ္ဆာပါဠို လာရှိသည်နှင့်အညီ အဘယ်မျှလောက်သော အင်္ဂါတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းထိုက်ပါသနည်း။

(ဖြေ-၆)။ အင်္ဂဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။ (ဝိ၊၅။ ၃၀၇။)- ဟူသော ပရိဝါ ကထိနဘေဒ ပါဠို လာရှိသည့်နှင့်အညီ အင်္ဂါရှစ်လီနှင့်ပြည့်စုံသော ရဟန်းမှ ကထိန် ခင်းထိုက်ပါသည် ဘုရား။

===ooo===

(မေး-၇)။ ကတမေဟိ အင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။(ဝိ၊၅။၃၀၇။) ဟူ၍ ပရိဝါ ကထိနဘေဒ၌ ပုစ္ဆာပါဠို လာရှိသည်နှင့်အညီ အင်္ဂါရှစ်လီနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ကထိန်ခင်း ထိုက်သောဟူပြီ၊ ဟုတ်ဟုတ်ငြားငြား မှတ်မထားသည့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံကာမျှဖြင့် ခင်းရမည်မဟုတ်ဖြစ်၍ အဘယ်အင်္ဂါရှစ်ပါး နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ခင်းအပ်ပါသနည်း။

(ဖြေ-၇)။ ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္ဆာဒ္ဒါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊ မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဒ္ဓါရံ ဇာနာတိ၊ အာနိသံသံ ဇာနာတိ၊ ကွေမေဟိ အင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ- (ဝိ၊၅။ ၃၀၇။)ဟူသော ပရိဝါ ကထိနဘေဒပါဠို လာရှိသည့်နှင့်အညီ၊ ရှေးဦးပြုလုပ်၊ ပစ္ဆာပ်,ဓိဋ္ဌာန်၊ ခင်းရန်အင်္ဂါ၊ မာတိကာ,ကြောင့်ကြ၊ ဥဒ္ဓါရ, အာနိသင် ဤရှစ်အင်္ဂါကို စုံလင်စွာသိသော ရဟန်းမှ ကယင်္ခန် ခင်းထိုက်ပါသည်ဘုရား။

===ooo===

(မေး-၈)။ ကထိနသဃ ကတိ မူလာနိ။ ။ ဟူ၍ ပရိဝါ ကထိန ဘေဒ၌ ပုစ္ဆာပါဠို လာရှိသည်နှင့်အညီ အဘယ်သည် ကထိန်၏ မူလမည် ပါသနည်း။

(ဖြေ-၈)။ ကထိနသဃ ဇကဲ့ မူလံ သံဃော။ (ဝိ၊၅။ ၃၀၆။)-ဟူသော ပရိဝါ ကထိနဘေဒပါဠို လာရှိသည်နှင့်အညီ၊ သံဃာသည် ကထိန်၏မူလ မည်ပါသည်ဘုရား။

===ooo===

(မေး-၉)။ ကထိနသဃ ကတိ ဝတ္ထူနိ။။။ ဟူ၍ ပရိဝါ ကထိနဘေဒ၌ ပုစ္ဆာပါဠို လာရှိသည်နှင့်အညီ တိစီဝရိတ်စသော ကိုးထည်သော သင်္ကန်း တို့တွင် အဘယ်သင်္ကန်းသည် ကထိန်၏ တည်ရာဝတ္ထု မည်ပါသနည်း။

(ဖြေ-၉)။ တိဏို ဝတ္ထူနိ သံဃာဠီ ဥတ္တရာသင်္ဂါ အန္တရ ဝါသကော။ (ဝိ၊၅။၃၀၆။)-ဟူသော ပရိဝါ ကထိနဘေဒပါဠို လာရှိသည်နှင့် အညီ၊ ကိုးထည်သော သင်္ကန်းတို့တွင် ဒုကူဋ်, ကိုယ်ဝတ်, သင်းပိုင်း အားဖြင့် သုံးထည်သော သင်္ကန်းတို့သာ ကထိန်၏ တည်ရာဝတ္ထု မည်ပါသည်ဘုရား။

===ooo===

(မေး-၁၀)။ ကထိနသဃ ကတိ ဘူမိယော ။ ။ ဟူ၍ ပရိဝါ ကထိနဘေဒ၌ ပုစ္ဆာပါဠို လာရှိသည်နှင့်အညီ ကထိန်၏ ဖြစ်ကောင်းရာ သော အဝတ်ကား ဘယ်နှစ်မျိုး ပြားပါသနည်း။

(ဖြေ-၁၀)။ ဆ ဘူမိသော ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္မလံ သာဏံ ဘင်္ဂံ ။ (ဝိ၊၅။ ၃၀၆။)-ဟူသော ပရိဝါ ကထိန ဘေဒပါဠို လာရှိသည်နှင့်အညီ၊ ခေါမမည်သော လျှော်တစ်မည် ဝါချည်တစ်မျိုး ပိုးထည်တစ်ရပ် သင်္ကလပ်တစ်တန် ပိုက်ဆံလျှော်တစ်ချက် ငါးပါးစုံ ရောယှက်၍ ယက်အပ်သော သင်္ကန်းဟူသည် ကထိနဘူမိသည်၊ ဇာတိ ဘေဒ အမည်အားဖြင့် ခြောက်မျိုး ပြားပါသည်ဘုရား။

===ooo===

(မေး–၁၁)။ ကထိနသ ကော အာဒိ၊ ကိ မဇ္ဈေ ကိ ပရိယော သာနံ။ ။ ဟူ၍ ပရိဝါ ကထိနဘေဒ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ ကထိန်၏ အစ, အလယ်, အဆုံး သုံးပါးလုံးကို သိမ်းကျုံး သိလွယ် မှတ်သားဘွယ်ကား အဘယ်သို့ပါနည်း။

(ဖြေ–၁၁)။ ကထိနသ ပုဗ္ဗကရဏံ အာဒိ၊ ကိရိယာ မဇ္ဈေ အတ္ထာရော ပရိယောသာနံ။ (ဝိ၊၅။၃၀၇။)–ဟူသော ပရိဝါ ကထိနဘေဒ ပါဠိလာရှိသည်နှင့်အညီ၊ ကောင်းစွာလျော်ဖွယ် သတ်မှတ်စီရင် ဖြတ်,ယှဉ်, ချုပ်, ဆိုး၊ ဝိန္ဒုထိုးခြင်း ဟုဆိုအပ်သော <u>ခုနစ်ပါးသော ပုဗ္ဗကရဏသည် ကထိန် အစ။ ပစ္စုဒ္ဓိရ်ပြုဟန် အဓိဋ္ဌာန်တင်ခြင်းသည် ကထိန် အလယ်။ ဝစီဘေဒ မြွက်ဟလှစ်ဖွင့် ကျူးရင့်ဆက်ဆက် နှုတ်မြွက်၍ ခင်းခြင်းသည် ကထိန်အဆုံး မည်ပါသည်။</u>

===ooo===

(မေး–၁၂)။ ကတမေသံ ပုဂ္ဂလာနံ ကထိနတ္ထာရာရဟန္တီ။ ဟူ၍ ပရိဝါကထိနဘေဒ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ ကထိန်ခင်းခြင်း အကြောင်းရင်းရှိသော အကျိုးဂုဏ်အင် အာနိသင်တို့ကို အဘယ်ပုဂ္ဂိုလ်တို့ ရထိုက်ပါသနည်း။

(ဖြေ–၁၂)။ တိဏ္ဏံ ပုဂ္ဂလာနံ ကထိနတ္ထာရာ ရဟန္တီ။ ကတမေတံ တိဏ္ဏံ ပုဂ္ဂလာနံ ကထိနတ္ထာရာ ရဟန္တီ။ သိမဋ္ဌော အနုမောဒတိ။ အနုမောဒန္တော ဝါစံ ဘိန္ဒတိ၊ ဝါစံ ဘိန္ဒန္တော ပရံ ဝိညာပေတိ။ ကမ္မမေသံ တိဏ္ဏံ ပုဂ္ဂလာနံ ကထိနတ္ထာရာ ရဟန္တီ။ (ဝိ၊၅။၃၀၇။)–ဟူသော ပရိဝါ ကထိနဘေဒ ပါဠိတော်နှင့်အညီ ဤသိမ် ဥပစာရ အတွင်း ကျ၍ အပဋ္ဌ မတည်သောရဟန်း၊ ဝစီဘေဒ မြွက်ဟဖွင့်လှစ် ကျူးရင့်ဆိုမှု အသံပြု၍ အနုမောဒနပြုသောရဟန်း နှုတ်မြွက်သောအား သူတစ်ပါးကို ကြားသိစေသောရဟန်း ဤရဟန်းသုံးပါးတို့သည် ကထိန် ခင်းခြင်းကြောင့် ဖြစ်သော အကျိုးဂုဏ်အင် အာနိသင်ကို ရထိုက်ပါသည် ဘုရား။

===ooo===

(မေး–၁၃)။ ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ နာ လဘန္တိ။ (ဝိ၊ဋ္ဌ၊၃။၃၈၈။)ဟူ၍ ဗုဒ္ဓမတ္တညူ ကျမ်းပြုဆရာ မဟာဝဂ္ဂ ကထိနက္ခန္ဓက အဋ္ဌကထာသဒၵ အသျှင်မြတ်တို့ မိန့်အပ်သည်နှင့်အညီ ဤကထိန် ခင်းခြင်းကို အဘယ်မျှလောက်သော အရေအတွက်ရှိသော ရဟန်းတို့ သည် ရထိုက်ပါသနည်း။

(ဖြေ–၁၃)။ ဂဏဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စ ဇနာ လဘန္တိ၊ ဥဒ္ဒံ သတသဟဿမ္ပိ–ဟူ၍ (ဝိ၊ဋ္ဌ၊၃။၃၈၈။) မဟာဝဂ္ဂ ကထိနက္ခန္ဓ အဋ္ဌကထာဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ အယုတ် အားဖြင့် ငါးပါးအရေအတွက် ထိုထက်သာ၍ အရာအထောင်ဖြစ်သော ရဟန်းတို့သည် ကထိန်ခင်းခြင်းကို ရထိုက်ပါသည်ဘုရား။

===ooo===

(မေး–၁၄)။ အယုတ်အားဖြင့် ငါးပါးအရေအတွက် ထိုထက် သာ၍ အရာမက များပြားလှသော ရဟန်းတို့ ရထိုက်သော ဟူပြီ၊ အယုတ်အားဖြင့် ငါးပါးအရေအတွက် ထိုထက် သာ၍လွန်ကာမျှဖြင့် ခင်းရမည်မဟုတ်ဖြစ်၍ အဘယ်သို့သော ဂုဏ်ထူးရှိသော ရဟန်းတို့ ခင်းထိုက်ပါသနည်း။

(ဖြေ–၁၄)။ ဝုတ္ထဝဿဝသေန ပုရိမိကာယ ဝဿံ ဥပဂန္တ္ဝာ ပထမပဝါရဏာယ ပဝါရိကာ လဘန္တိ–ဟူ၍ (ဝိ၊ဋ္ဌ၊၃။၃၈၈။) မဟာဝဂ္ဂ ကထိနက္ခန္ဓ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ နွယ်သာ ခေါ်မှီ၊ အာသာဠှိဝယ်၊ ပုဏ္ဏမီပေါ်တက်၊ ကျော်တစ်ရက်ဟု၊ အထွက်နေ့ ရောက်ခါ၊ ရပ်ရွာတစ်ပါး၊ မသွားမပြောင်း၊ ရောက်ရာကျောင်း၌၊ ကိန်း အောင်း၍သာ၊ ပုရိမဝါသို့မပြတ်၊ ကပ်သောဝါရှိသဖြင့်၊ ပထမပဝါရဏာ နေ့၌၊ ချမ်းမြေ့ကြည်သာ၊ ပဝါရဏာပြုကြသော၊ ရဟန်းတို့သာ ကထိန် ခင်းခြင်းငှာ ထိုက်ပါကုန်သည်ဘုရား။

===ooo===

(မေး–၁၅)။ ပုရိမဝါ ပဌမပဝါရဏာနေ့၌ ချမ်းမြေ့သာယာ ပဝါရဏာ ပြုကြသော ရဟန်းတို့သာ ကထိန်ခင်းခြင်းငှာ ထိုက်သည်ရှိသော်။ ။ **ကထိနံ ကေန ဒိန္နံ ဝဋ္ဋတိ။** (ဝိ၊ဋ္ဌ၊၁။၃၈၉။)ဟူသော ပုစ္ဆာကို မဟာဝဂ်၊ ကထိနကွန္ဓ အဋ္ဌကထာသဘင် အသျှင်မြတ်တို့ မိန့်အပ်သောကြောင့် အဘယ်သူ လှူဒါန်းအပ်သော သင်္ကန်းဖြင့် ခင်းအပ်ပါသနည်း။

(ဖြေ–၁၅)။ ယေန ကေနစိ ဒေဝေနဝါ မနုဿေနဝါ ပဉ္စန္နံဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ–ဟူ၍ မဟာဝဂ် ကထိနကွန္ဓ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ ဒေဝီ, ဒေဝါ၊ သင်္ကာ,မာရာ၊ သဒ္ဓါကြည်ဖြူ၊ ခြောက်ထပ်သူတို့၊ ကပ်လှူအပ်သော သင်္ကန်းပင်ဖြစ်စေ၊ ဗြဟ္မာအများ၊ ညွတ်တွားကော်ရော် ပူဇော်အပ်သော သင်္ကန်းပင်ဖြစ်စေ၊ ဘိက္ခု,ဘိက္ခုနီ၊ တစ်လီ, သိက္ခမာန၊ သာမဏေရ၊ သာမဏေရီ၊ ငါးလီ သဟဓမ္မိက သဟဗြဟ္မစာရီ၊ တရားကိုမှီလျက်၊ သာဇီဝသိက္ခာ၊ မကွာ ထပ်တူ ကျင့်ကြသူချင်း၊ သီတင်းသုံးဖော် ငါးယောက်တို့တွင် တစ်ယောက် ယောက်သောသူ ကပ်လှူအပ်သော သင်္ကန်းပင်ဖြစ်စေ အမှတ်မထား တစ်ပါးပါးသောသူ လှူအပ်သော သင်္ကန်းဖြင့် ခင်းအပ်ပါသည်ဘုရား။

===ooo===

(မေး–၁၆)။ နတ်, လူ, ဗြဟ္မာ သိက္ခာသာဇီဝ ကျင့်ကြသူချင်း သီတင်းသုံးဖော် ငါးဦးတို့တွင် အမှတ်မထား တစ်ပါးပါးသောသူသည် ကြည်ဖြူ။ ဝမ်းမြောက် သဒ္ဓါပေါက်၍ မျက်မှောက်ဆက်ကပ် လှူဒါန်းအပ်သော သင်္ကန်းဖြင့် ခင်းအပ်သော ဟူပြီ။ အဘယ်သို့ဆို၍ လှူအပ်သော သင်္ကန်းဖြင့် ခင်းအပ်ပါသနည်း။

(ဖြေ–၁၆)။ ကျွမ် ကထိနစီဝရံ သံဃသ္သ ဒေမာတိ ဝတ္တုံ–ဟူ၍ ဝိနယာလင်္ကာရဋ္ဌီကာ မိန့်မှာအပ်သည်နှင့်အညီ၊ **''ကျွမ် ကထိနစီဝရံ သံဃသ္သ ဒေမ''**ဟု ဆို၍ စာတုဒ္ဒိသာ အာဂတာနာဂတ၊ သံဃိက မြောက်အောင် နှုတ်ထောက်ရည်မှန်း လှူဒါန်းအပ်သော သင်္ကန်းဖြင့် ခင်းအပ်ပါသည်ဘုရား။

===ooo===

(မေး-၁၇)။ ကျွမ် ကထိနစီဝရံ သံဃသ ဒေမ-ဟု ဆို၍ လှူအပ်သော သင်္ကန်းဖြင့် ခင်းအပ်သည်ရှိသော်။ ။ ကထိနံ ပန ကေန အတ္ထရိတဗ္ဗံ။ (ဝိ၊ဋ္ဌ၊၃။၃၈၉။)-ဟူသော ပုစ္ဆာကို မဟာဝဂ္ဂ၊ ကထိနက္ခန္ဓက အဋ္ဌကထာသဒၵင် အသျှင်မြတ်တို့ မိန့်အပ်သောကြောင့် အဘယ်သူသည် ကထိန် ခင်းထုံက်ပါသနည်း။

(ဖြေ-၁၇)။ ယသ သံဃော ကထိနစီဝရံ ဒေတိ။ (ဝိ၊ဋ္ဌ၊၃။၃၈၉။)-ဟူ၍ မဟာဝဂ္ဂ ကထိနက္ခန္ဓ အဋ္ဌကထာဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ စည်းဝေးရာပါ သံဃာအများသည် အကြွင်ရဟန်းအား ပေး၏။ ထိုရဟန်းသည် ခင်းအပ် ပါသည်ဘုရား။

===ooo===

(မေး-၁၈)။ သံဃေန ပန ကဿ ဒါတဗ္ဗံ။ (ဝိ၊ဋ္ဌ၊၃။၃၈၉။)-ဟူ၍ မဟာဝဂ္ဂ၊ ကထိနက္ခန္ဓက အဋ္ဌကထာပါဠ် မိန့်အပ်သည်နှင့်အညီ သံဃာသည် အာဘယ်ရဟန်းအား ပေးအပ်ပါသနည်း။

(ဖြေ-၁၈)။ ယော ဇိဏ္ဏစီဝရော ဟောတိ။ (ဝိ၊ဋ္ဌ၊၃။၃၈၉။)-ဟူ၍ မဟာဝဂ္ဂ ကထိနက္ခန္ဓ အဋ္ဌကထာဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ အကြွင် ရဟန်းသည် ဆွေးမြေ့နွမ်းပါး ပါးရှားသော သင်္ကန်းရှိ၏။ ထိုရဟန်း အား ပေးအပ်ပါသည်ဘုရား။

===ooo===

(မေး-၁၉)။ ချို့တဲ့ခေါင်းပါး ပါးရှားရိနွမ်း သင်္ကန်းမရှိသော ရဟန်း အား ပေးအပ်ခဲ့လျှင် ဤသီမဋ္ဌက သိမ်အပြင် သံဃာ့အစည်းအဝေးဝယ် ဘယ်ရဟန်းသည် သင်္ကန်းရှားပါး ခေါင်းပါး နွမ်းနယ်ပါသနည်း။

(ဖြေ-၁၉)။ ဤသီမဋ္ဌကသိမ်အပြင် သံဃာ့အစည်းအဝေးဝယ် ရှေးရှေးသော ဘဝန္တရ ကာလအထူးတို့က ဆည်းပူးခဲ့ကြသော သမ္ဘာရပါရမီ စုံညီပြည့်ဝသော ပုဂ္ဂိုလ်ချည်းဖြစ်၍ ဆွေးမြေ့ခေါင်းပါး ပါးရှားသောရဟန်း မရှိပါဘုရား။

(မေး- ၂၀)။ ထိုထို ဘဝန္တရကာလအထူးတို့က ဆည်းပူးခဲ့ကြသော သမ္ဘာပါရမီ စုံညီပြည့်ဝသော ပုဂ္ဂိုလ်ချည်းသာ ဖြစ်ကြ၍ သင်္ကန်းရှားပါး ခေါင်းပါးနွမ်းနယ်သော ရဟန်းမရှိခဲ့သော် ဘယ်ရဟန်းအား ပေးအပ်ပါသနည်း။

(ဖြေ- ၂၀)။ ဝုမှသ ဒါတဗ္ဗံ (ဝိ၊ဋ္ဌ၊၃။၃၈၉။)- ဟူ၍ မဟာဝဂ် ကထိနက္ခန္ဓ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်အပ်သည် နှင့်အညီ ဤသိမဋ္ဌက သိမ်အပြင် သံဃာ့အစည်းအဝေးဝယ် အရွယ်သိက္ခာ ထေရ်ဝါကြီးများ ဂုဏ်များသခင် ထေရ်အသျှင်အား ပေးအပ်ပါသည်ဘုရား။

===ooo===

(မေး- ၂၁)။ ဤ သိမဋ္ဌကသိမ်အပြင် သံဃာ့အစည်းအဝေးဝယ် အဘယ်ထေရ်သည် သီတင်းကြီးပါသနည်း။

(ဖြေ- ၂၁)။ ခမာ ဇာဂရိယုဋ္ဌာနံ၊
သံဝိဘာဂေါ ဒယိက္ခဏာ။
ဆဟိ ဂုဏေဟိ သမ္ပန္နော၊
ဝိသုတော သံဃနာယကော။

သဘောအရ၊ တစ်လောကဌ်၊ ထောမနဂုဏ်၊ ပြောပြ၍မကုန် နိုင်အောင်၊ ကျော်ဟုန်ကိတ္တိ၊ ဘဝဂ်ထိမ္မ၊ နှံ့သိကျော်ညာ၊ ဂုဏ်ပေါင်းဖြာ လျှက်၊ ခမာ, ဇာဂရိယ၊ ရှေးဦးစသည့်၊ နာယကခြောက်လုံး အမြောက် ဗုံးတို့ကို၊ ထောက်နှုန်းစွဲကိုင်၊ အမြဲပိုင်လျက်၊ နိုင်ငံတကာ၊ သာသနာ၊ ဝါဝါ ဝင်းတောက်၊ သတင်းမောက်အောင်၊ ကင်းပျောက်ညစ်ကြေး၊ အားသစ်ဆေးလျက်၊ နောင်ရေးမျှော်ရှု၊ ဗိုလ်မှူးပြု၍၊ နယုပဒေ၊ နည်း ထွေထွေကို၊ ခွဲဝေဖြန့်ဖြူး၊ အပေးထူးသည့်၊ ညောင်ဦးမြို့ မဟာဝိသုတာ ရာမတိုက် ဆရာတော်ဘုရားကြီးသည် သီတင်းကြီး ဖြစ်ပါသည်ဘုရား။

===ooo===

(မေး- ၂၂)။ ထိုထေရ်အသျှင်သည် ယခင်ဆိုအပ်ပြီးသော။ အဌ ဟင်္ဂေါ်ဟိ သမန္နာဂတော-စသော ပါဠို လာရှိသည်နှင့်အညီ ကောင်းစွာလျော်ဖွယ် သတ်မှတ်စီရင် ဖြတ်, ယှဉ်, ချုပ်ဆိုး, ပိန္ဒုထိုးခြင်းဟုဆိုအပ်သော ခုနစ်ပါးသော ပုဗ္ဗကာရဏ၊ ပစ္ဆိဒ္ဓါရ အစီအမံ အဓိဋ္ဌာန်တင်ခြင်းခင်းရမည့်အစဉ်အလာ မာတိကာအပြား နှစ်ပါးသော ကြောင့်ကြ ဥဒ္ဓါရ်စ အင် အာနိသင်ငါးပါးတို့ကို ပိုင်းခြားမကျန် ဝေဖန် ခွဲခြမ်း၍ သိစွမ်းနိုင်ခြင်းတည်းဟူသော အဂါရ်စ်ပါးနှင့် ပြည့်စုံပါ၏လော။

(ဖြေ- ၂၂)။ ရှစ်သောင်းလေးထောင် နက်ဆောင်သမုဒ္ဒရာ၊ အဏ္ဏဝါနှင့်၊ ပမာထပ်တူ၊ သုံးဆူပိဋ္ဌက၊ နိကာယငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန်ပေါင်း ရှစ်သောင်းလေးထောင်၊ ကုန်အောင်မွေနှောက်၊ ထွင်းကာဖောက်လျက်၊ စိန်ကျောက်အရှိန်၊ ဝဇိရစိန်အဟန်၊ ထက်သော ဉာဏ်ဖြင့်၊ ကြွင်းကျန်မရှိ ပါဠိ,အဋ္ဌကထာ၊ ဋီကာ,အနု၊ မဓု,ဂဏ္ဌိ၊ နေတ္တိတခဏ်း၊ ဆန်းအလင်္ကာ၊ သဒ္ဒါ, မောဂ္ဂလာန်၊ အဘိဓာန်, ဗျာကရဏ်း၊ ကျမ်းအားလုံးကို၊ ထုံးမှုန့်အလား၊ ထွားထွားညက်ညက်၊ ကွက်ကွက်ကွင်းကွင်း၊ ဉာဏ်ရောင်လင်း၍၊ ကြွင်းကျန်သည်မရှိ၍၊ မွှေနှောက်မိသောကြောင့်၊ ထုတိယောသ၊ သဒ္ဒကိတ္တိ၊ ကျော်စောခြင်း ရှိသော၊ ပဏ္ဍိတစာရင်းဝင်၊ ထေရ်ရှင်အပေါင်း၊ သူတော်ကောင်းတို့၏ နည်းကောင်းလမ်းမှန်ကို၊ နာခံရသော ပုဂ္ဂလဝိသေသဖြစ်၍ ရှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံပါသည်ဘုရား။

===ooo===

(မေး- ၂၃)။ ဝုဗုသုပိ ယော မဟာပရိသော တဒဟေဝ စီဝရံ ကတွာ အတ္ထရိတုံ သင်္ကော်တိ တသ ဒါတဗ္ဗံ။ (ဝိ၊ဋ္ဌ၊၃။၃၈၉။)ဟူ၍ မဟာဝဂ်၊ ကထိနက္ခန္ဓ အဋ္ဌကထာပါဠ် မိန့်အပ်သည်နှင့်အညီ၊ မိမိအထံ ခြွေရံတပည့် စုံညီလှည့်ပတ် ပရိသတ်များပြားလှ၍ ကထိန်လျာသင်္ကန်းကို ရသည့်နေ့၌သာ ကောင်းစွာလျော်ဖွယ် သတ်မှတ်စီရင် ဖြတ်,ယှဉ်, ချုပ်ဆိုး, ပိန္ဒုထိုးခြင်းဟုဆိုအပ်သော ပုဗ္ဗကရဏာခုနစ်ပါးတို့ကို ပြုခြင်းငှာ စွမ်းနိုင်သော ထေရ်အားသာ ပေးသင့်လေသောကြောင့် ထိုအသျှင်သည် ကထိန်လျာ သင်္ကန်းကို ရသည့်နေ့၌ပင်

ခုနစ်'၊သော ပုဗ္ဗကရဏတို့ကို ပြုလုပ်ခြင်းငှာ စွမ်းနိုင်ပါ၏လော။

(ဖြေ-၂၃)။ ချုပ်ပြီး, ဆိုးပြီးဖြစ်၍ ပြုလုပ်ရန်ကိစ္စ မရှိပါ။ ။ ချုပ်ပြီးဆိုးပြီးပင် မဟုတ်သော်လည်း ကြွယ်ပေါင်းခသောလကဲ့သို့၊ ဂဏာစရိယ၊ ဂဏပါမောက္ခ၊ ဂဏဝါစက၊ သုတဓရ ပုဂ္ဂလဝိသေသဖြစ်၍၊ ဝန်းကျင်လှည့်ပတ်၊ တပည့်ပရိသတ်တို့နှင့်ပြည့်စုံသည်ဖြစ်၍လည်းကောင်း ထိုကဲ့သို့ မပြည့်စုံသော်လည်း သံဃာအများသည် ထောက်ပံ့အပ်သည်ဖြစ်၍လည်းကောင်း စွမ်းနိုင်ပါသည်ဘုရား။

===ooo===

(မေး-၂၄)။ ချုပ်ပြီး ဆိုးပြီးမဟုတ်ခဲ့သော်၊ သံဃာတော်အပေါင်းသည် ထောက်ပံ့ကူညီအပ်သော ဟူပြီ။ ထေရ, နဝ, မဇ္ဈိမတို့တွင် အဘယ်ပုဂ္ဂိုလ်များသည် ထောက်ပံ့ ကူညီအပ်ပါသနည်း။

(ဖြေ-၂၄)။ အဟံ ထေရောတိဝါ ဗဟုသုတောတိဝါ ဇကေနာပိ အကာတုံ နှ လဗ္ဘတိ။ သဗ္ဗေဟေဝ သန္နိပတိတ္တာ ဓောဝန သိဗ္ဗန ရဇနာနိ နိဋ္ဌာပေတဗ္ဗာနိ။ (ဝိ၊ဋ္ဌ၊၃။၃၉၀။)-ဟူ၍ မဟာဝဂ္ဂ ကထိနက္ခန္ဓ အဋ္ဌကထာ မိန့်မှာအပ်သည်နှင့်အညီ။ ထေရ, နဝ, မဇ္ဈိမတို့တွင်၊ မည်သူအားမျှ၊ ရှောင်ရှား ကွေကွင်း၍၊ နေခြင်းငှာမသင့်ပါ၊ ဤကမ္ဘာမှ သခ်ၤာတွက်ကိန်းကပ် တစ်သိန်းအလွန်မှာ ရောင်ဝါတင့်တယ် ဂုဏ်ပေါင်းခြယ်လျက် ပြည့်ကြွယ်ကောင်းမှု အပေါင်းစုသည့် ပဒုမုတ္တရ၊ အမည်တော်ရသော ဇိနဗုဒ္ဓါ စောမြတ်စွာ၏ လက်ယာတော်ရံ ဌာနန္တရ ရာထူးရသော သုဇာတ ရဟန္တာသည် ကထိန်လျာသက်နှံးကိုခံလျှင် သယမ္ဘူမုနီ တုမရှိသည့် ထုတိ တောက်ပြောင် ငါးမာရ်အောင်သည်၊ ဘုန်းရောင်ပဝင်း အမင်းမင်းမကိုင့်၊ ဦးတိုက်ညွတ်တွား အမှူးထားသည့် ဘုရားစင်စစ် ဇကန်ဖြစ်တကားဟု ကိုးစားတော်မမူ လျစ်လျူမရှု အရေးတော်ပြု၍ ပေါင်းစုသခ်ၤာ များစွာဂဏန်း ခြောက်သန်းရှစ်သိန်း တွက်ကိန်းများဖော် သံဃာတော်နှင့်တကွ လောကမှူးပိုင် ဘုန်းတော် လှိုင်သော်မှလည်း ကိုယ်တော်တိုင် ပြုသည့် အရာတော်ဖြစ်၍ ငါကားထေရ်ကြီး ငါကားဂဏာစရိယ ငါကားပါမောက္ခ၊ ငါကား

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

ဂဏ္ဌာဝါစက သုတရေဖြစ်တကားဟု မည်သူအားမျှ ရှောင်ရှား ကွေကွင်း၍ နေခြင်းငှာ မသင့်ပါဘုရား။

===ooo===

(မေး- ၂၅)။ ကထိန် နာမ အတိဉ္ဇက္ခဋ္ဌံ၊ မာတရမ္မိ ဝိညာပေတုံ နု ဝဋ္ဋတိ ။(ဝိ၊ဋ္ဌ၊၃။၃၉၂။)ဟူ၍ မဟာဝဂ္ဂ ကထိနက္ခန္ဓက အဋ္ဌကထာ ဆရာမြတ်ကို မိန့်အပ်သည်နှင့်အညီ ဤကထိန်လျာသက်နန်းမည်သည် အတိဉ္ဇက္ခဋ္ဌ အလွန်မြတ်မှသာ အပ်သည်ဖြစ်၍၊ ပဝါရိတ၊ ဉာတိမဆို၊ အမိကိုသော်လည်း မတောင်းအပ်၊ ဝိညတ် ပရိယာယ်ကထာ သြဘာနိမိတ် အရိပ်အရောင်မရှိ မိမိသဘာဝအလျောက်၊ ပေါ်ပေါက်လာရ ကောင်း ကင်ဝက လျောက်ပျသည့်နှယ် စင်ကြယ်သော သက်နန်းဖြင့်သာ ခင်းအပ် လေသောကြောင့် ယခု ခင်းလတ္တံ့သော ကထိန်လျာသက်နန်းသည် ထိုကဲ့သို့ စင်ကြယ်သော သက်နန်းဟုတ်ပါ၏လော။

(ဖြေ- ၂၅)။ တစ်စုံတစ်ယောက်သော ရဟန်းမျှ ဝိညတ်ပရိယာ သြဘာ နိမိတ် အရိပ်အရောင် မပြုကြဘဲ သဘာဝအလျောက် ပေါ်ပေါက် လာရသဖြင့် ကောင်းကင်ဝက လျောက်ပျသည့်နှယ် စင်ကြယ်သော သက်နန်း ဟုတ်ပါ၏ဘုရား။

===ooo===

(မေး- ၂၆)။ နု အညတြ သံဃာဋ္ဌိယာ အတ္ထတံ ဟောတိ **ကထိနံ**- အစရှိသော မဟာဝဂ္ဂ၊ ကထိနက္ခန္ဓကပါဠိ (ဝိ၊၃။၃၅၃။)လာရှိသည်နှင့် အညီ ပဉ္စခဏ်း, သတ္တခဏ်း စသည်ဖြတ်၍ အနားပတ် လေးဘက်တင်သဖြင့် ကထိန်လျာဝင်ထိုက်သော ဒုကုဋ္ဋ, ကိုယ်ဝတ်, သင်းပိုင်အားဖြင့် သုံးထည်သောသက်နန်းတို့သာ ကထိန်အပါအဝင် ကထိန်အရာ အမြောက်ထိုက်သောကြောင့် ယခုခင်းအပ်သော ကထိန် လျာ သက်နန်းသည် ဆိုအပ်ခဲ့ပြီးသော သုံးထည်သော သက်နန်းအပါ အဝင် ဖြစ်၍ ကထိန်လျာ မြောက်ထိုက်သော သက်နန်းဟုတ်ပါ၏လော။

(ဖြေ– ၂၆)။ ကိုးထည်သောသင်္ကန်းတို့တွင် ကထိန်အရာမပြောက် ပယ်ဖျောက်စွန့်ပစ်အပ်သော သင်္ကန်းမဟုတ်၊ သမုတ်လမ်းမှန်၊ ကျမ်းဂန်အရ၊ မှန်းညာဏ်ဆလျက်၊ ပဥ္စခဏ်း, သတ္တခဏ်း, နဝခဏ်း စသည်ဖြတ်၍ အနားပတ်လေးဘက်တင်သဖြင့် ကထိန်လျာ ဝင်ထိုက်သော ဒုကူဋ္ဌ, ကိုယ်ဝတ်, သင်းပိုင်အားဖြင့် သုံးထည်သော သင်္ကန်းအဝင်အပါ ကထိန်လျာမြောက်သော သင်္ကန်းဟုတ်ပါ၏ဘုရား။

===ooo===

(မေး– ၂၇)။ သာဓု – သာဓု၊ အတုလတုလ၊ တုမရသည့်၊ သုဂတဘုန်းခေါင် ရောင်တဝင်းဝင်း။၊ အမှောင်ကင်းအောင် ပြောင်လင်း ဆောင်သည့်၊ မာရ်အောင်ထွတ်ဖျား၊ လောကဥက္ကင်္ဒ၊ မြိုက်ရောင်ဟပ်သည့်၊ မြတ်ဘုရား၏၊ တရားဥပဒေ၊ မိန့်ဗျာရွှေနှင့်၊ သဝေမယွင်း၊ ပြစ်မျိုးကင်း၍၊ သန့်ရှင်းတင့်ဆန်း၊ ဤကထိန်လျာ သင်္ကန်းသည်၊ ဝိနည်း လာထုံးတမ်း အလိုက်ဖြင့်၊ ခင်းထိုက်သော သင်္ကန်းမှန်ပေပြီ။ ဤသို့ ကျမ်းဂန်အရ၊ လမ်းမှန်ကျအောင် နန်းဆန် လှသော ယခုနှစ်ကထိန်ပွဲမှာ၊ အသဲစွဲဘယ်အရပ်က၊ သဒ္ဓါဓာတ်ဉာဏ်အမြင့်နှင့်၊ သမ္ဘဇဉ်ဖွေးဖြူ၍၊ ပေးလှူအပ်သော သင်္ကန်းဖြစ်ပါသနည်း။

(ဖြေ– ၂၇)။ ဥက္ကာတိဥက္ကဋ္ဌ၊ ဥက္ကဇာတ်မှ၊ ဥက္ကဝံသာ သက္ကာ ဓိပတိ တြိခေတ္တ အစိုးရသဖြင့် နရိန္ဒ ဗြဟ္မိန္ဒပဝရ ဇနေန္ဒြ ဘဝန္ဒြ မဟေန္ဒြ ပရမမကုဋ္ဌကူဋ္ဌ အတုလတုလ သုဂတကတ ဒေဝဒေဝေါ် ပါရမီအကျိုး အလီလီတိုးသည့် တန်ခိုးတော်ဖြင့် မပေါ်ဖက်နှုန်း စကားပိုင်လျက် တရားခိုင်အချက်ဖြင့် ပြုင်ဘက်သုံးသည့် စက်ဘုန်းသယမ္ဘူ တိုင်းပြည်စိုးခြင်း ပိုင်သနင်းသည့် မင်းဆူဆူတို့ သရဖူရတနာ နီဗွာန်ကြင့်နှိုး စိတ်ကြံ လှမ်းလျက် မှန်းဆကာဖြင့် စူဠာစိန်ထွဋ္ဌ ရတနာရောင်ရှိန် ဝင်းဝင်းထိန်လျက် ဦးနှိမ်ညွတ်ရသည့် စက္ကဝတ်မင်းဖျား ကရဏာဓာတ် ရှည်ဩာတတ်သည့် မြတ်ဘုရား၏ သုံးပါးသာသနာ ကျင့်ဂုဏ်တောက်ပြောင် အမြဲဆောင်ရသည့် ရောင်အဝါ၏ တသံရောမခို့။ အများခို့ကျူး ဂုဏ်ပေါင်းထူးသည့် ညောင်ဦးမြို့၌ မမွေးဆာ နီဗွာန်အောင်မြေ စိတ်ကြိုဆောင်စေသည့် စေတနာ

ရောတည်လျက် မဟာပုည အဟုန်ရသဖြင့် ဘဝအဆက်ဆက် မပျက်ကောင်းကျိုး နာဂါတ်ထိုထို မပြတ်စိုမည့် ကုသိုလ်မျိုးကို အားကြိုး ဖွေရှာအခြေမယိုင် အရှည်ခိုင်အောင် နေထိုက်လေ့ရှိပါသော ကျောင်းဒါယကာ-
---------- ကျောင်းဒါယိကာမ ----------
---------- သားသမီးအပေါင်း နောင်ရေးရှုမြော် ကောင်းမှု ပျော်သည့် သူတော်ကောင်းတို့က နှစ်ထောင်းအားရ သဒ္ဓါစာတ်ပြော မပြတ်စောမည့် သောမနဖြင့် သဘောကျကြိုက်ကာ မြန်မကြာနှောင်တွင်း သံသရာထောင်အကျဉ်းမှ ရှောင်ကွင်းလွတ်ရာ မဟာအသင်္ခတ နိဗ္ဗာန ရွှေဘုံဇယျခုံတိုက်ခန်း အမြိုက်နန်းသို့ ဆိုက်မြန်းခိုလှုံဘွယ် ရည်ရွယ် ရိုးရင်းနှလုံးသွင်း၍ ညစ်ကင်းသပသိမ်မွေ့ တစ်နှစ်တွင်းမှ တစ်ကြိမ် တွေ့ရသော သူတော်လေ့ ကထိန်လျာကို ဝတီသာခေတ်ဘောင်မှာ နှစ်တစ်ထောင်ကွာဆန်းအောင် အာသာပန်းနွယ်နီကို လယ်ချီကာ ထပ်မနားစွန့်ပြီးလျှင် နတ်အများလင့်ဆိုင်းသကဲ့သို့ ချင့်နှိုင်း ရှုထောက်စာ၍ ကျမ်းဂန်လာနိသဏရည်းတို့ကို လမ်းမှန်စွာမလိပ်လည်းရအောင် သိပ်သည်းစွာ ချုပ်ထိုးရွှေဖန်ရည် အုပ်ဆိုးလျက် တုပ်လျှိုးကာ လှုဒါန်းသည့် ကထိန်သင်္ကန်းဖြစ်ပါသည်ဘုရား။

သာဓု - သာဓု၊ အတုလဘာဂျဝါ၊ မကုဋ္ဌ ကုဋ္ဌာ၊ ဥက္ကဋ္ဌာတိ ဥက္ကဋ္ဌ၊ ဥတ္တမ ဥတ္တမာ၊ ရာဇာမိ ရာဇိန္ဒ၊ ဒေဝါမိ ဒေဝိန္ဒ၊ သက္ကာမိ သက္ကိန္ဒ၊ ဗြဟ္မာမိ ဗြဟ္မိန္ဒ၊ ဧဇ္ဇ သေဋ္ဌ၊ အတုလတုလ၊ ဇိနဘဂဝါ၊ အမိတပမာ၊ ထဝိတယသဝါ၊ သတ္ထာသုဂတ၊ ဥက္ကဋ္ဌသာမိ၊ အနုတ္တရ ဉာဏီ၊ သမုဂ္ဂတသမာဓိ၊ မုနိသက္ယ၊ ထုတိဘာဂျဝါ၊ ဇုတိ အနုဿ၊ ဉာဏာဓိပတိ၊ ဒွိပဒုတ္တမ၊ ဝိဇယုသဝ၊ တြိဥက္ကဋ္ဌအစစ် ဖြစ်ကြိုးဖြစ်တော်မူ၍ အမော်တကာတို့၏ ထိပ်သီး၊ အကြိုးတကာတို့၏ ထိပ်တင်၊ ဘုရင်တကာတို့၏ ထိပ်ထား၊ သိကြားတကာတို့၏ ထွင့်ချာ၊ ဗြဟ္မာတကာတို့၏ ထိပ်ပန်း၊ ရဟန်းတကာတို့၏ သင်းကျစ်၊ ဓမ္မရာဇမှန်ကူ၊ အမဇာပြည်နိဗ္ဗာန် ရည်စိတ်သန်သည့် သယမ္ဘူဟု၊ စံတူ ကင်းပျောက်၊ စက်ဝဠာတွင်၊ ဘက်ပမာကင်းအောင်၊ သတင်းမောက်လျက်၊ ဝင်းတောက်ကျက်သရေ၊ ကံအမျိုးမျိုး ဉာဏ်တန်ခိုးဖြင့်၊ တက်ဖြားဝေ၍၊ ကိုးထွေဂုဏ်တော်၊ ဆည်းပူးရာမှ၊ သမ္ဘာစုသည့်၊

အာနုဘော်ဖြင့်၊ အဟော် အစ္ဆရိ၊ သတင်းနှံ့လွယ်၊ သင်းပျံ့ ကျယ်အောင်၊ အံ့ဘွယ်ရှိသည့်၊ မုနိထိပ်တင်၊ နိကာယ်အများ၊ ငြိတွယ် သနားသည့်၊ ဘုရားရှင်သည်၊ ဒီပင်္ကရာ သောင်းလောကဓာတ်၊ ပြောစမှတ်သည့်၊ စောမြတ်စွာ၏၊ ရှေ့မှာဝပ်စင်း၊ ဘုရားညာဏ်သွား ဆုပန်ထားလျက်၊ တံတားခင်းသဖြင့်၊ ရင်းနှီးသမျှ၊ ဗိုလ်ထုဝေနေ၊ ကျွတ်ဆုဝေမည့်၊ သုမေဓာဟု၊ မဟာအစစ်၊ညာဏ်တော်ဓလေ့၊ စျာန်ပျော်မွေ့သည့်၊ ရသေ့အဖြစ်မှ၊ ဝေဿန္တရာ၊ ပါရမီအခြင်၊ အထွဋ်တင်သည့်၊ ဘုရင်ရာဇာဟု၊ မဟာမင်းဖျား၊ ပါရမီမြှင့်သုံး၊ ဖြည့်ကျင့်နှုန်းဖြင့်၊ နောက်ဆုံးထား၍၊ အများရှည်ကြာ၊ သခ္ခေါသခ်ျာ၊ မယှဉ်သာသည့်၊ ကပ္ပါပါဠ်၊ မဟာဆန္ဒ၊ ကာယဒုက္ခာ၊ မဆုတ်ခွာသည့်၊ ဥဿာဟဖြင့်၊ လုံးလအားခဲ၊ အလောင်းဓမ္မတာ မပြောင်းသာအောင်၊ ကောင်းစွာစွဲလျက်၊ အမြဲစိတ်ကူး၊ ပါရမီရင့်သန်၊ အခွင့်မြန်အောင်၊ ကျင့်ဟန်ထူးသဖြင့်၊ ကွန့်မြူးရောင်ရှိန်၊ အဂ္ဂါမဂ္ဂ၊ ဘက်မမျှသည့်၊ဝဇိရစိန်ဖြင့်၊ နေအိမ်ခန္ဓာ၊ မသိတွေဝေ၊ ကြိတ်ဘိချေ သည့်၊ ကိလေသာကို၊ ပယ်ခွာပစ်ခဲ့၊ ညာဏ်အလင်းရောင်၊ ဝင်းဝင်းပြောင်သည့်၊ စစ်အောင်ပွဲကို၊ မစဲနေ့ည၊ မာရ်အသင်းပင်း၊ ရန်ကင်းရှင်းအောင်၊ ခင်းကျင်းပြသလျက်၊ ဓမ္မသဘင်၊ နိဗ္ဗာန်စွဲမှီး၊ အံ့ဝဲချီးအောင်၊ ပွဲကြီးယင်၍၊ အစဉ်နောင်လာ၊ အများနှစ်သိမ့်၊ ပီတိဖိမ့်အောင်၊ ကောင်းစိမ့်ငှာဟု၊ ကောင်းစွာ ဟောထား၊ သတ္တဝါခပဲ၊ ထပ်မကွာစွဲက၊ မြဲတိုးပွားမည့်၊ သုံးပါးရတနာ၊ ကျင့်ဂုဏ်တောက်ပြောင်၊ အမြဲဆောင်သည့်၊ ရောင်အဝါ၏၊ တည်ရာမချို့၊ အများချီးကျူး၊ ဂုဏ်ပေါင်းထူးသည့်၊ ညောင်ဦးမြို့၌၊ မို့မို့ဝေဆာ၊ နိဗ္ဗာန်အောင်မြေ၊ စိတ်ကြိုဆောင်ပေမည့်၊ စေတနာ၊ ဇော တည်လျက်၊ မဟာပုည၊ အဟုန်ရသဖြင့်၊ ဘဝအဆက်ဆက်၊ မပျက်ကောင်းကျိုး၊ နာဂါတ်ထိုထို၊ မပြတ်စိုမည့်၊ ကုသိုလ်မျိုးကို၊ အားကြိုးဖွေရှာ၊ အခြေ မယိုင်၊ အရှည်ခိုင်အောင်၊ နေထိုင်လေ့ရှိပါသော ကျောင်းဒါယကာ

----------ကျောင်းဒါယိကာမ ----------

သားသမီးအပေါင်း၊ နောင်ရေးရှုမြော်၊ ကောင်းမှုပျော်သည့်၊ သူတော်ကောင်းတို့က၊ နှစ်ထောင်းနှိုင်းချိန်၊ ငါးပါးအကျိုး၊ များများတိုးအောင်၊ တန်ခိုးရှိန်သည့်၊ ကထိန်သင်္ကန်း၊ မစ္ဆေရကြေးမထူ၊ သဒ္ဓါဇော ဖွေးဖြူလျက်၊

ပေးလှူဒါန်းသဖြင့် ရဟန်း သံဃာ၊ သီလစွမ်းရည်၊ စိတ်တည်ကြည်သည့်၊ ထေရ်မဟာတို့၊ ကျမ်းလာမပျက်၊ မဟာဝဂ္ဂ၊ ကထိနဟု၊ ဓမ္မစက်နှင့်၊ အချက်မမှား၊ လမ်းမှန်အရိုး၊ ကျမ်းဂန်ကိုးလျက်၊ အကျိုးများအောင်၊ တရားထုံးနဲ၊ ဥတ်–ကံနှစ်ကြိမ်၊ ဖတ်နှံချိန်သည့်၊ ကထိန်ပွဲကို၊ ချီးပဲ့နိုင်ကြောင်း၊ မနောဓိဋ္ဌာန်၊ ဇောဖိတ် လှုံအောင်၊ စိတ်ကြံကောင်းသည့်၊ တစ်သောင်းစကြဝဠာ၊ ပီတိဇောဝင်၊ သဘောမြင်သည့်၊ နတ်ဗြဟ္မာနှင့်၊ သတ္တဝါအပေါင်း၊ ဝမ်းမြောက်နေမော်၊ သာဓုခေါ်မည့်၊ သူတော်ကောင်းတို့သည်၊ နှစ်ထောင်းအား၊ သောမနဿဖြင့်၊ သဘောကျ ကျေညာ၊ မြေပထဝီ တုန်ဟီး၊ ပဲ့တင်ဟီးအောင်၊ ကောင်းချီးသြဘာ၊ ထောမနာ တပြောင်ပြောင်၊ ပီတိရောင်တဖိတ်ဖိတ်၊ သာဓုသံ အောင် နိမိတ်ဖြင့်၊ အောင်ဘိသိက် သွန်းကြပါစေသော်။

ဤတွင် ကထိန်အမေး/အဖြေကဏ္ဍ ပြီး၏။

ကထိန်အနုမောဒနာ ပန်းကြားလွှာ

==========

ကထေသိ ကထိနံ ထောမျံ၊
နာထော ဝီတ ကထံ ကထော။
တဗ္ဗိဓီ ကထယိဿာမ၊
ကထံ ကထံ ပဟာတဝေ။

နာထော၊ ပစ္စုပ်သံသာ နှစ်ဖြာကောင်းကျိုး ပွားဆင့်တိုးအောင် မျှော်ကိုးတောင့်တတောင်မူတတ်သော ရှင်တော်မြတ်ဘုရားသည်။

ဝီတကထံကထော၊ သို့လော သို့လော ကြံတွေးတော၍ သဘောမရှင်း ယုံမှားခြင်းမှ လွတ်ကင်း စင်ကြယ်တော်မူပြီးသည်ဖြစ်၍။

ထောမျံ၊ ဂဂီဝါလု သဲစုအသွင် ဘုရားရှင်တို့ မြောက်မြှင့်ပြုခန်း

ဂုဏ်ခန်းခန်းဖြင့် ချီးမွမ်းတော်မူအပ်သော။

ကထိနံ၊ တနှစ်မှတခါကြိမ်သည့် မဟာကထိန် အလှူတော်ကြီးကို။

ကထေသိ၊ အလှူပေးအလှူခံ နှစ်တန်ပေါင်းစု စင်ကြယ်မှုဖြင့် ခွင့်ပြုပညတ်တော်မူခဲ့လေပြီ။

မယံ၊ သံဃထံမှောက် ပန်လျှောက်စိမ့်ငှါ မိန့်အာဏာကို ကြည့် သာနှစ်သက် ဦးထိပ်ရွက် ပန်ဆင်ရသော အကျွန်ုပ်တို့သည်။

ကထံကထံ၊ ကထိန်သဘော ဘယ်ပုံဟောသည်ဟု သို့လော သို့လော တွေးတောမရှင်း ယုံမှားခြင်းကို။

ပဟာတဝေ၊ ကျမ်းစာများမြောက် အာဂုမ်ထောက်၍ ကင်းပျောက် ပါစေခြင်း အကျိုးငှါ။

တဗ္ဗိမိ၊ ကထိန်နှင့်စပ် ပညတ်တော်အစဉ် ဝိနည်းလာ အစီ အရင်များကို။

ကထယိဿာမ၊ လိုရာရွေးကောက် လိုရင်းရောက်အောင် တင်လျှောက် ပန်ကြားပါရစေကုန်ဘုရား။

===OOO===

ကထိန်အစီအရင် လျှောက်ထားလွှာ

=====

ကထိနန္တိ ပဉ္စနိသံသေ အန္တော ကဏ္ဍ သမတ္ထတာယ ထိရန္တိ အတ္ထော။

ပဉ္စနိသံသေ၊ အနာမန္တာ အသမာနှင့် ယာဝဒတ္ထ စီဝရလည်း ဂဏ ဒေဘောဇန် သက်နှံးရံဟု ငါးတန်သော အကျိုးဆက်ဂုဏ်အင် အာနိသင်

အန္တောကရဏာ သမတ္ထတာယ၊ အတွင်းသွင်းပြု စွမ်းနိုင်မှု ကြောင့်။

ထိရံ၊ ဖရိုဖရဲ မပြန့်ကြဲအောင် ခိုင်မြဲစေကြောင်း ရုပ်နာမ်အပေါင်း သည်။ (ပုရိမဝဿံဝုတ္ထ ရဟန်း, ငါးပါးအောက်မယုတ်သော သံဃာ, စီဝရမာသ ဓမ္မိယလဒ္ဓ စသော ရုပ်နာမ်အပေါင်းဟူသော သမ္ဘဟပညတ် သည်)။

ကထိနန္တိ၊ ကထိန်မည်၏ဟူသော သာရတ္ထ ဝိမတိ ဝဇိရ ဗုဒ္ဓိဋီကာ မိန့်မှာသည်နှင့်အညီ-

(၁) ဘောဇ္ဈင်ငါးပါး ပင့်လျှောက်ထားသော် ထင်ရှားရှိမှန် ရဟန်းထံ၌ မပန်မကြား ယောက်ရားဘာသာ သွားလိုရာသို့ သွားနိုင်ခြင်းဟူ သော အနာမန္တာစာရတစ်ပါး။

(၂) ဝိနည်းဓိဋ္ဌာန် တင်ပြီးမှန်သော်လည်း သုံးတန်သံဃာဋ္ဌ မဆောင် အပ်ဘဲ ရပ်ရွာတစ်ပါးသို့ လှည့်လည်သွားရခြင်းဟူသော အသမာ ဒါနာစာရတစ်ပါး။

(၃) မန္ဒူတ်မခြင်း ငါးလတွင်းဝယ် ထင်လင်းစီမံ ဝိနည်းကံဟု ဓိဋ္ဌာန် ဝိကပ် မပြုအပ်ဘဲ သံဃာဋ္ဌအပို အလိုရှိသမျှ ဆောင်ခွင့်ရခြင်း ဟူသော ယာဝဒတ္ထစီဝရတစ်ပါး။

(၄) မအပ်နိမန် ဝစီကံဖြင့် ဂိုဏ်းထံရောက်လာ ဂိုဏ်းဥစ္စာဟု နှစ်ဖြာဘောဇဉ် ပညတ်တော်အစဉ်မှ မရှောင်ကြဉ်ရခြင်းဟူသော ဂဏဘောဇနလည်းတစ်ပါး။

(၅) ကထိန်ခင်းရာ သံဃာအား ပေါ်လာဖြစ်လာ ရရှိလာသော သင်္ကန်းဟူသမျှ ရနိုင်ခြင်းဟူသော ယော စ တတ္ထ စီဝရပ္ပါဒ တစ်ပါး။

ဤသို့အားဖြင့် ငါးပါးသောအကျိုး ဖွံ့ဖြိုးခိုင်ဖြိုး ပေါင်းစည်းညီမျှ သိမဋ္ဌကအတွင်း သိမ်းသွင်းနိုင်သော သဘောကို ကထိန်ဟု ခေါ်ဆိုရပါ သည်ဘုရား။

ထိုကထိန်ကို အစိန္တေယျ လောကမျက်ရှု သဗ္ဗညုဘုရားရှင်သည် သာဝတ္ထိပြည်ရှင် ဘုရင်ကောသလနှင့် တဘသားချင်း ညီနောင်အရင်းဖြစ်ကြသော ဘဒ္ဒဝဂ္ဂိ မဟာထေရ်သုံးကျိပ်တို့ဆည် ဘုရားရှင်ကိုဖူးမြော်ခြင်းငှါ သာဝတ္ထိပြည်သို့အလာတွင် ခုနစ်ယူဇနာ အဝွန့်ခြားကွာသည် မဟာကန္တရကြီး ခရီးတလျှောက် ရွံ့ညွန်ပေါက်အောင် မိုးပေါက်မိုးသီး မိုးရေကြီးအတွင်း၌ ဆင်းဆင်းရဲရဲ ညွှန်ခဲညွှန်နှစ် အညစ်အကြေး ရောသွေးလိမ်းကျံလေးလံသော တိစီဝရိက်သင်္ကန်းဖြင့် ပင်ပန်းညှိုးငယ်စွာ လာခဲ့ရသည်ဖြစ်၍ ဘုရားရှင်ထံမှောက် ဆင်းရဲစွာ ဆိုက်ရောက်၍ အကြောင်းစုံပြန်လျှောက်လေလျှင် ချင့်ထောက်စာနာ ငဲ့ညှာသနားတော်မူလျှ၍ လေးလံထူထပ် မပြတ်ဆောင်အပ်သော တိစီဝရိက်သင်္ကန်းနှင့် ညှဉ်ကင်း၍ နေစိမ့်သောငှါ "အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ၊ အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စာနိသံသာ ကပ္ပိဿန္တီ" အစရှိသည်ဖြင့် ခွင့်ပြု ပညတ်တော်မူပါသည်။

ထိုသို့ ကထိန်ခင်းမှု ခွင့်ပြုပညတ်တော်မူရာတွင် ကထိန်အခါနှင့်စပ် မကန့်သတ်ဘဲ အမှတ်မဲ့ ခင်းလိုရာကာလ၌ ခင်းခွင့်ရသည်မဟုတ်၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ စီဝရမာသ သင်္ကန်းကာလခေါ်သော ဤတစ်လအတွင်း၌သာ ခင်းခွင့်ရသည်ဖြစ်၍ ဤကထိန်အလှူပွဲတော်ကြီးသည် ဘုရားသခင်ကိုယ်တော်တိုင် စီရင်သတ်မှတ်သည့် နက္ခတ်ကောင်း ခပတ်ကောင်း အခါကောင်းကြုံကြိုက်၍ ကာလဒါနမြောက်သော သင်္ကန်းအလှူတော်ကြီးဖြစ်ပါသည်၊ ထိုပွဲတော်ကြီး၏ အစမှအဆုံးတိုင်အောင် အောင်မြင်ထမြောက် အပြီးသို့ ရောက်သည်အထိ လိုအပ်သည့် အစီအရင် ပတ်ဝန်းကျင် အခမ်းအနားတို့ကို ပိုင်းခြားသီးသန့် တကန့်စီ စုံညီအောင် လျှောက်ရပါလျှင်-

(၁) "ကထိနဿ ဇကံ မူလံ သံဃော" ဟူသော ပရိဝါပါဠိတော်နှင့် အညီ ဘုရားရှင်လက်ထက်တော်မှစ၍ ယနေ့အထိ တကမ္ဘာလုံး

တသာသာသနာလုံးရှိ ရဟန်းသံဃာတော်အပေါင်းသည် ဤယနေ့ ပေါ်ပေါက်လာသော ကထိန်သင်္ကန်းကို အလှူခံရမည့် အလှူခံပုဂ္ဂိုလ်ကြီးများဖြစ်၍ ဤကထိန်ပွဲတော်ကြီး၏ မူလပသဝ အခြေအမြစ်၌ ပါဝင်လျက်ရှိပါသည်။

(၂) "ကထိနဿ တီဏိ ဝတ္ထူနိ သံဃာဋိ ဥတ္တရာသင်္ဂေါ အန္တရဝါသကော" ဟူသော ပရိဝါပါဠိတော်နှင့်အညီ ကောင်းစွာလျှော်ဖွပ်ညှိညှော်စီရင် ဖြတ်ယှဉ်ချုပ်ဆိုးကပွပဒိန္နဟုထိုးခြင်းဟု ဆိုအပ်သော ပုဗ္ဗကိစ္စ(၇)ပါးဖြင့်ကောင်းစွာ စီရင်အပ်ပြီးသော ဒုကင်္ဌသင်္ကန်းကြီးဖြစ်စေ ကိုယ်ဝတ်ဧကစီ သင်္ကန်းဖြစ်စေခါးဝတ်သင်းပိုင်ဖြစ်စေ တထည်ထည်သော သင်္ကန်းသည် ကထိန်ခေါ်မှန်း သင်္ကန်းပွဲတော်ကြီး၌ လိုရင်းအချုပ်အချာ အဂါရပ်တခု အလှူဝတ္ထုအဖြစ်ဖြင့် ပါဝင်ရပါသည်။

(၃) ထိုအလှူဝတ္ထုသည်လည်း "ကထိနဿ ဆ ဘူမိယော ခေါမံ ကောသေယျံ ကပ္ပါသိကံ ကမ္မလံ သာဏံ ဘင်္ဂံ" ဟူသော ပရိဝါ ပါဠိတော်နှင့်အညီ ခုံချည်သင်္ကန်း ဝါချည်သင်္ကန်း ပိုးချည်သင်္ကန်း သက္ကလပ်သင်္ကန်း ပိုက်ဆံလျော်သင်္ကန်း အဆိုပါချည်မျိုးငါးပါးရော၍ ယက်သောသင်္ကန်း ဤသို့ဇာတိဘေဒအားဖြင့် ခြောက်မျိုးရှိသည်တို့တွင် တမျိုးမျိုးဖြစ်ရပါသည်။

(၄) ထိုမှတစ်ပါး "ယေန ကေနစိ ဒေဝေန ဝါ မနုဿေန ဝါ ပဋိဂ္ဂဟိတာ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ" ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ နတ်ဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ သာမဏေဖြစ်စေ တစ်ဦးဦးသောအလှူပေး အလှူရှင်ပုဂ္ဂိုလ်တို့သည် "ကွမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟု နှုတ်မြွက်ကြည်ဖြူ လှူလာပါသော်လည်း "ကထိနံနာမ အတိ ဥက္ကဋ္ဌံ မာတရံပိ ဝိညာပေတုံ န ဝဋ္ဋတိ၊ အာကာသတော သြတိဏ္ဏာ သဒိသမေဝ ဝဋ္ဋတိ" ဟူ၍ ဝိနယ မဟာဝဂ္ဂ ကထိ

နက္ခန္တကာ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ ကထိန်လျာသင်္ကန်းဟူသည် ဉာတိ ပဝါရိဟာ ကုလမဆို ဘယ်ပုဂ္ဂိုလ်ကိုမှ မတောင်းအပ်၊ အယုတ်သဖြင့် အမိအရင်းကိုသော်လည်း မတောင်းခံကောင်းသည်ဖြစ်၍ ကောင်းကင်ကျရေသဖွယ် အလွန်စင်ကြယ်မွန်မြတ်သော သင်္ကန်းဖြစ်မှသာ ကထိန် ဆိုင်ရာ အင်္ဂါစုံလင်သည့် ပွဲဝင်ကထိန်ဖြစ်ပါသည်။

(၅) ထိုမှတစ်ပါး ''တန္တဝါယ ဂေဟတောဟိ အာဘတသန္တာနေ နေဝ ခလိမက္ခတသာဋ္ဌကောပိ နဝဋ္ဌတိ'' ဟူ၍ အဋ္ဌကထာ မိန့်မှာ အပ်သည်နှင့်အညီ ယက်ကန်းသည်တို့၏ ယက်ကန်းစင် ယက် ကန်းတန်းမှ ရည်မှန်းတိုင်းတာ ဖြတ်ယူလာခဲ့တိုင်းသော အသွင် ဖြင့် စင်အောင်မဆွတ် မဖွပ်မလျော် ကော်ဖြင့် လိမ်းကျုံ၍ သုံးရန်မကောင်း မပျော်းမပျော့ ကော့ရရော့ခက်မာ အစာမကျေသေးသော ပုဆိုးကြမ်းညစ်နွမ်းပေရသော ပုဆိုးကြမ်းတို့ဖြင့် မခင်းအပ် မခင်းကောင်း၊ တကြောင်းထို့ပြင် ကထိန့်အစီအရင်တို့တွင် ''နဥလ္လိခိတ မတ္တောန အတ္ထတံ ဟောတိ ကထိနံ'' စသော ပရိဝါပါဠိလာရှိသည်နှင့်အညီ ဓားခွဓားဖြတ် ညီစွာစပ်၍ အနား ပတ်လေးဖက် ပတ်လျက်ဝိုက်သန်း ပဉ္စခန်း သတ္တခန်း နဝခန်း စသည်ကျမ်းဂန်ညီအောင် စီရင်ခြင်းဟူသော ပုဗ္ဗကရဏ ကိစ္စဥသုံ ကုန်စုံပြီးမြောက်မှသာ ကထိန်အရာ အင်္ဂါလုံလောက်၍ ဂုဏ်မြောက်သည့် သင်္ကန်းဖြစ်နိုင်ပါသည်။

(၆) ထိုမှတစ်ပါး ''န အညတြ သံဃာဋ္ဌိယာ အတ္ထတံ ဟောတိ ကထိနံ'' စသော ပရိဝါပါဠိတော်နှင့်အညီ ကိုးထည်သော သင်္ကန်းတို့တွင် အမှတ်မထင် မြင်မြင်ဝါးဝါး တစ်ပါးပါးသော သင်္ကန်းဖြင့် ခင်းထိုက်သည်မဟုတ်၊ ဒုကူဋ္ဌကိုယ်ဝတ် ခါးဝတ် တစ်သွယ် သုံးထည်သော သင်္ကန်းသည်သာ ကထိန်လျာ အင်္ဂအပါဖြစ်၍ ကထိန်အင်္ဂါဖြစ်၍ ကထိန်အင်္ဂါမြောက်သော သင်္ကန်းဖြစ်ပါသည်။

(၇) ထိုသက်နန်းကိုလည်း တစုံတယောက်သော ပုဂ္ဂိုလ်ကိုရည်မှန်း၍ လျှာဒါန်းအပ်သည်မဟုတ်၊ တသာသနာလုံးသိမ်းကျုံးပါဝင် အရှင်သံဃာတော်အပေါင်းတို့ကို ညွတ်ပြောင်းကြည်ဖြူ လှူလာပါသော်လည်း "ယော တတ္ထစီဝရပ္ပါဒေါ" သဘောသင့်မျှ ပကတိသိဒ္ဓဖြစ်သော စီဝရမာသ မူလကထိန်ခေတ်အတွင်း သက်ဆင်းကျရောက်လေသောကြောင့် တစ်ကမ္ဘာလုံးရှိ စာတုဒ္ဒိသာ သံဃာတော်အပေါင်းတို့မှာ ဆိုင်ရုံသာဆိုင်ကြ၍ ခံယူပိုင်ခွင့် မရှိကုန်၊ တစ်စုံတစ်ရာ လှူဒါန်းရာဖြစ်သော ဥပစာကျောင်းတိုက်အတွင်းရှိ သံဃာတော်တို့သာ ဆိုင်လည်းဆိုင် ပိုင်လည်း ပိုင်စေဟု အခွင့် အရေးပေးတော်မူခဲ့သည့်အလျောက် မျက်မှောက်ရှိဝါဆို သံဃာတော်တို့ ခွဲခြားဝေဘန် ခံယူခွင့်ရှိပါသည်။

ထို့ကြောင့် ဤယနေ့ ဤမဟာ ဝိသုတာရာမကျောင်းတိုက်ကြီးအတွင်း၌ အလျဉ်းသင့်စွာ ပေါ်ပေါက်လာသော ကထိန်လျှာသက်နန်းသည် မည်သည့်ရဟန်းမျှ တိုက်တွန်းတောင်းခံ ဥဏ်ပရိယာယ်မြှုဆွယ်သွေးဆောင်ခြင်းမရှိ ပကတိကောင်းကင်မှ စင်ကြယ်စွာကျလာသော ရေကြည်ရေသန့်ကဲ့သို့ ပခုက္ကူခရိုင်ရဲခန်ကြီးအမှူးပြုသော ရဲအဖွဲ့ကြီး၏ မူလပင်ကိုယ် အလိုအလျောက် သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းအပ်သည် ဖြစ်သောကြောင့် သုံးလောကမကိုဋ္ဌ အမိုက်ရောင်ပွင့် နေမင့်ဗန္ဓု သဗ္ဗညုဇ၏ နယုပဒေ မိန့်ဗျာဒွေန့် သဝေမဖီ အညီထွန်းသစ် အပြစ်ကင်းဝေး ညစ်ကြေးမထင် လွန်သန့်စင်သည့် ပဲ့ဝင်သင်္ကန်းဖြစ်ပါသည်။

ထိုသို့ဖြစ်ရာ ဤမဟာဝိသုတာရာမ ကျောင်းတိုက်အတွင်း ဝါတွင်းသုံးလမပြတ် ဝါကပ်တော်မူကြသော သံဃာတော်(၇၀၀)ကျော်တို့ ပိုင်ခွင့် ဆိုင်ခွင့် ခံယူခွင့်ရှိကြပါသော်လည်း "ယော ဇိဏ္ဏစီဝရော တသ ဒါတဗ္ဗော" ဟူသော အဋ္ဌကထာ ဒေသနာနှင့်အညီ ရှေးဦးစွာ ဆွေးမြေ့နွမ်းပါး ၁က်နန်းရှားသည့် ရဟန်းအားသာ အများသံဃာ ညီညွတ်စွာဖြင့် ကမ္မဝါ

ဥတ် ဖတ်၍မနှေး ပေးရမည်ဖြစ်သောကြောင့် ဤသံဃာ အစည်းအဝေး၌ ဆွေးမြေ့နွမ်းပါး သင်္ကန်းရှားသောရဟန်းသည် ဤသင်္ကန်းကို ခံယူနိုင်ပါသည်။

ဤသီမဋ္ဌက သိမ်အပြင် သံဃာအစည်းအဝေး၌ ရှေးရှေးသော ဘဝန္တရ ကာလအထူးတို့က ဆည်းပူးခဲ့ကြသော သမ္မာရပါရမီ စုံညီပြည့်ဝသော ပုဂ္ဂိုလ်ချည်းဖြစ်ကြ၍ တစုံတယောက်မျှသင်္ကန်း ရှားပါးနွမ်းနယ်သူ မရှိပါလျှင် "ဝုဟုသ ဒါတဗ္ဗံ" ဟူသော အမိန့်ဥပဒေနှင့်အညီ ဆရာတော်ကြီးအား အများသံဃာ ညီညွတ်စွာဖြင့် ကမ္မဝါဥတ် ဖတ်၍ မနှေး ပေးရမည်ဖြစ်ပါကြောင်းကို ဦးခေါင်းဝပ်လျှိုး ရှိခိုးပန်ကြား လျှောက်ထားအပ်ပါသည် သံဃာတော်အရှင်သူမြတ်တို့ဘုရား။

===ooo===

ကထိန်အနုမောဒနာ တိုက်တွန်းလွှာ

==========

အဟောဒါနံ ပရမဒါနံ၊
သာသနေ သုပွတိဋ္ဌိတံ။
တသ္မာ ကလ္လာဏသက်ပွါ၊
အနုမောဒန္တု သာဓဝေါ။

ဘောန္တော၊ အို ....ပရိသတ်အပေါင်း သူတော်ကောင်းတို့။

ဘောန္တော၊ လူနတ်ဗြဟ္မာ များစွာသောင်းသောင်း အို သူတော်ကောင်းအပေါင်းတို့။

ဒါနံ၊ တစ်နှစ်မှတစ်လ တစ်လမှတစ်ခါကြိမ် ဂုဏ်ရောင်ရှိန်လွှန်ကဲသည့် ဤယနေ့ ကထိန်အလှူပွဲတော်ကြီးသည်။

အဟော၊ များလှစွာလင် မြင်ကြားသူ သူတော်စင်တို့ ကြည်ရွှင်စွာ စိတ်မြတ်ဖောဖြင့် သြော် ....အံ့သြချီးမွမ်းထိုက်လှပါပေစွတကား။

ပရမဒါနံ၊ ဘယ်အလှူပွဲနှင့်ယှဉ်ယှဉ် ပြိုင်လာလျှင် အမှန်ရှုံးရမည့် အမြတ်ဆုံး ကထိန်အလှူတော်ပွဲကြီးပါတကား။

သာသနေ၊ သမ္မာသမ္ဗုဒ္ဓ အတုလထွတ်ခေါင် တမွတ်ရှောင် ဥက္ကင်္ဌ စောနေနတ် မြတ်ဘုရား၏ တောက်ကြားလှုံဖြာ သာသနာတော် မြတ်ကြီး၌။

သာသနေ၊ သာသနာတော်အကျိုးကို သည်ပိုးရွက်ဆောင် ဂုဏ်ရောင်ပြန့်ပွါး ဤမဟာဝိသုတာရာမတို့က် သံဃာတော်များ၌။

သုပ္ပတိဋ္ဌိတံ၊ ရဲဝန်းကြီးဦးစီးသည့် အသီးသီးသော ကုသိုလ်ရှင် တို့က ကြည်ရွှင်စွာ စိတ်ရွှင်ဖြိုး၍ မိုးကျကထိန်ခေါ် ကုသိုလ်မျိုးကို စိုက်ပျိုးတည်ထောင် အပ်လေပြီတကား။

တသ္မာ၊ အံ့သြချီးမွမ်း ဂုဏ်ထူးလွှမ်း၍ တင့်ဆန်းရောင်ရှိန် ကထိန်ခေါ်ရိုး ကုသိုလ်မျိုးကို စိုက်ပျိုးတည်ထောင်အပ်ပြီးသည်၏ အဖြစ် ကြောင့်။

ကလျာဏသက်ပွါ၊ တင့်တယ်လျောက်ပတ် လွန်ကောင်းမြတ် သည့် တလျပ်လျပ်ထိန်လှို့ စိတ်အကြိုက်အစည် အလိလီအဝဝ ကိုယ်စီ ကိုယ်ငှ ရှိကြပေကုန်သော။

သာဓဝေါ၊ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ သာ ဓဝေါ၊ လူဘုံနတ်ဘုံ ဗြဟ္မာ့ဘုံဝယ် ခိုလှုံနေအောင်း သူတော်ကောင်း တို့သည်။

ဒါနံ၊ ဤယဇ္ဉပြုကြသည့် ကထိနခေါ် ကုသိုလ်မင်္ဂလာတော် ကြီးကို။

ဒါနံ၊ အလှူတွင်ထိပ်ခေါင် တူမယှဉ်နိမိတ်ဆောင်သည့် အရိပ် အရောင်ထူးကဲ ဤယဇ္ဉ ကထိန်အလှူပွဲတော်ကြီးကို။

အနုမောဒန္တု၊ အဖန်ဖန် ဝမ်းမြောက်ကြပါစေကုန်သတည်း။

အနုမောဒန္တု၊ သဘောကျကြည်လင် သောမနဿိယှဉ် ဇောဟ

ဒယ မနသီအစဉ်ဖြင့် တရွှင်ရွှင်တဖိမ့်ဖိမ့် နှစ်သိမ့်လျှစ်စွာ သာဓုသံသုံးကြိမ် ဖြာလျက် ဤကမ္ဘာမြေတုန်ဟီးလောက်အောင် ညီညာညာ သံစုံတီး၍ မို့ဝမ်းအမြောက်ကြီး ဝမ်းမြောက်ကြပါစေကုန်သတည်း။

မှတ်ချက်။ ။၁၃၂၃-ခု၊ တန်ဆောင်မုန်းလဆန်း(၆)ရက် စနေနေ့တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၌ ခရိုင်ဝန်ကြီးဦးစီးသော ရဲအမှုထမ်းတို့က ကထိန်ခင်းရာ (က) ကထိန်အနုမောဒနာ ပန်ကြားလွှာ (ခ) ကထိန်အစီအရင် လျှောက်လွှာနှင့် (ဂ) ကထိန်အနုမောဒနာ တိုက်တွန်းလွှာသုံးမျိုးကို ဆရာတော်ဦးနန္ဒိယက ရေးသားချီးမြှင့်ခဲ့ပါသည်။

===ooo===

ကထိန်သက်န်းလှူဒါန်းပုံ
အဆုံးအဖြတ်

====

၁၃၁၃-ခု၊ သီတင်းကျွတ်လဆုတ်(ဂ)ရက်။

ဘိုကလေးမြို့ သာသနဇောတိကာရုံကျောင်းတိုက် အရှင်ကုဏ္ဍလ မေးလျှောက်အပ်သော ပုစ္ဆာသုံးချက်။

(၁) ဓမ္မာရုံစသည်၌ တည်၍ သုံးကျောင်း လေးကျောင်းစသော ကျောင်းများ၌ ကထိန်ခင်းရန် လှူဒါန်းအပ်သော ကထိန် သက်န်းသည် ကထိန်မြောက်ထိုက် မမြောက်ထိုက်။

(၂) ကျောင်းတိုက်တခုအတွင်း အသီးအခြား ကျောင်းတဆောင်ဆောက်၍ နေသောရဟန်းအား အရာမ်ပိုင်ကျောင်းထိုင်ပုဂ္ဂိုလ်က အရာမ်အသီးအခြား ခွဲခြမ်းဝေဘန်၍ပေးရာ ပထမအရာမ်၊ ဒုတိယအရာမ်နှစ်ခုလုံး၌ ကထိန်ခင်းထိုက် မခင်းထိုက်။

(၃၀၄) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

(၃) တစ်ပါးတစ်ခြားသော ကျောင်းတိုက်ကသံဃာ များကို တစ်ပါး တစ်ခြားသော ကျောင်းတိုက်သို့ပင့်၍ လေးတိုက် ငါးတိုက်အတွင်း လှူဒါန်းအပ်သော ကထိန်လျာသက်နှံးသည် ကထိန်မြောက်ထိုက် မမြောက်ထိုက်။

နံပါတ်(၁)ပုစ္ဆာက စ၍ဖြေအံ့။

(၁) . ကထိန်သက်နှံးလှူလိုသော ဒါယကာသည် ကထိန် ခင်းရာ ကျောင်းတိုက်သို့ ကိုယ်တိုင်လာ၍ လှူအပ်သောသက်နှံးဖြင့်သာ ကထိန်ခင်းထိုက်၏။ တစ်ပါးသောအရပ်ကတည်၍ လှူအပ်သော ကထိန်သက်နှံးဖြင့် ကထိန်ခင်းခြင်းငှါမထိုက်၊ ကထိန်မခင်းကောင်းဟူ၍ ဟောအပ် ဖွင့်ဆိုအပ်သောစကားကို မဟာဝဂ္ဂ ကထိနက္ခန္ဓက ပါဠိ အဋ္ဌကထာ ဋီကာကြီးသုံးစောင်နှင့်တကွသော ဝိနည်းငါးကျမ်းတို့၌ မတွေ့ရဘူးပေ။

အကယ်၍ ကထိန်ခင်းရာကျောင်းတိုက်သို့လာ၍ လှူအပ်သော သက်နှံးမှသာ ကထိန်မြောက်ထိုက်ခဲ့အံ့၊ ပါဠိတော်မှာလည်း တိုက်ရိုက် ဟောတို့ရှိ၏။ ပါဠိတော်မှာလည်း မဟောခဲ့၊ ပါဠိတော်၌ မဟောခဲ့သော် အဋ္ဌကထာ ဋီကာ၌သော်လည်း ဖွင့်ဆိုထိုက်၏။ အဋ္ဌကထာဋီကာများ၌လည်း မဖွင့်ဆိုကြ၊ ကထိနစီဝရဒါနကံသည်လည်း အပလောကနကံ လည်းမဟုတ်ခဲ့၊ ဉ တ္တိကံလည်းမဟုတ်ခဲ့၊ ဉ တ္တိဒုတိယကံဖြစ်၍ ဂရုက ကံပေတည်း၊ ဂရုကံပေတည်း၊ ဂရုကကံဖြစ်၍ ဝိသေသအားဖြင့်ဆိုသင့် ဆိုထိုက်၏။ သို့ဆိုသင့်ပါလျက် ဝိသေသအားဖြင့်လည်းမဆိုခဲ့၊ ဤအရာ များကို ထောက်ခဲ့သော် ဒါယကာ၏ (ရည်ရွယ်ချက်အတိုင်းသာ) ဘယ်အရပ်ကလှူလှူ ဒါယကာ၏ ရည်ရွယ်ချက်အကိုင်းသာ ဖြစ်သင့် ဖြစ်ထိုက်၏။

===ooo===

“နာ အာဂမနံ သန္ဓာယ ဝုတ္တန္တိ စေ၊ နာ၊ ဣဒမိ အာဂမနမေဝ သန္ဓာယ ဝုတ္တံ” ဟု

ကထိနကွန္ဓက ဝတ္ထုနှာ ဝဓိရဟုဒ္ဒိဋ္ဌကာဒ္ဒကား အထူးဆိုလျက် ရှိ၏။။ ကွဲဒံဝစနံ၊ ကထိနဒါယကဿ ဝတ္တံ အတ္ထိအစရှိသော ဤစကား ကို။ အာဂမနံ၊ ကထိနဒါယကာ၏ ကထိန်ခင်းရာကျောင်းသို့လာခြင်းကို။ ဝါ၊ ကထိနဒါယကာ၏ ကထိန်ခင်းရာကျောင်းသို့လာ၍ လှူခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ သင်္ဃကာရေန။ အဋ္ဌကထာဆရာသည်။ နဝတ္တံ၊ မိန့်ဆိုအပ်သည်မဟုတ်။ ကွတိ၊ ဤသို့။ ကောစိ၊ တစုံတယောက် သော စောဒကသည်။ စေဝဒေယျ၊ အကယ်၍ဆိုလာငြားအံ့။ ပိ၊ ထိုသို့ပင် ဆိုလာပါသော်လည်း။ ကွဲဒံ ဝစနံ၊ ကထိနဒါယကဿ ဝတ္တံအစရှိသော ဤစကားကို။ အာဂမနေမေဝ၊ ကထိနဒါယကာ၏ ကထိန်ခင်းရာကျောင်း သို့လာခြင်းကိုသာ။ ဝါ၊ ကထိနဒါယကာ၏ ကထိန်ခင်းရာကျောင်းသို့လာ၍ ကထိန်သင်္ကန်းလှူခြင်းကိုသာ။ သန္ဓာယ၊ ရည်၍။ သင်္ဃကာရေန၊ အဋ္ဌကထာဆရာသည်။ ဝတ္တံ၊ ဆိုအပ်ပြီ။ အနာဂမနံ၊ ကထိနဒါယကာ၏ ကထိန်ခင်းရာကျောင်းသို့ မလာခြင်းကို။ ဝါ၊ ကထိနဒါယကာ၏ ကထိန် ခင်းရာကျောင်းသို့ မလာမူ၍ ကထိန်သင်္ကန်းလှူခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ သင်္ဃာ ကာရေန၊ အဋ္ဌကထာဆရာသည်။ နဝတ္တံ၊ ဆိုအပ်သည် မဟုတ်။ (ဧဝသဒ္ဒါ နိဝတ္တေတဗ္ဗဖော်) ကွတိ၊ ဤသို့။ ဝိဿဇ္ဇေယျ၊ ဖြေဆိုရာ၏။။

ကထိန ဒါယကဿ ဝတ္တံ အတ္ထိ အစရှိသော ဤစကားကို ကထိန်ဒါယကာ၏ ကထိန်ခင်းရာကျောင်းသို့လာ၍ ကထိန်သင်္ကန်း လှူခြင်းကိုသာ ရည်ရွယ်၍ အဋ္ဌကထာဆရာဆိုအပ်၏။ ကထိန်ခင်းရာ ကျောင်းတိုက်သို့လာ၍ ကထိန်သင်္ကန်းလှူသော ဒါယကာသည်သာ (ကထံ ဘန္တေ ကထိနံ ဒါတဗ္ဗံ)ဟု မေးနိုင်ပေမည်။ အမေးရှိမှလည်း (တိဏ္ဏံစီဝရာနံ အညတရပ္ပဟောနကံ သူရိယုဂ္ဂမန သမယေ ဝတ္ထံ ကထိနစီဝရံ ဒေမာတိ ဒါတုံဝဋ္ဋတိ)ဟု ရဟန်းများကဆိုနိုင်ပေမည်။

ထို့ကြောင့် ကထိနဒါယကာ၏ ကျောင်းသို့လာ၍ ကထိန်သင်္ကန်း လှူခြင်းကိုသာ ရည်ရွယ်၍ ကထိန ဒါယကဿ ဝတ္တံ အစရှိသော

ဤစကားကို အဋ္ဌကထာဆိုအပ်၏။ ကထိနဒါယကာ၏ ကထိန်ခင်းရာကျောင်းသို့မလာမူ၍ ကထိန်သင်္ကန်းလှူသော ဒါယကာကား ဆိုခဲ့ပြီးသောနည်းဖြင့် မေးနှိုင်ခွင့်မရှိ၊ မေးနှိုင်ခွင့်မရှိက ရဟန်းများကဖြေဆိုနှိုင်ခွင့်မရှိသောကြောင့်ဟူလို။

ဤဝဇိရဗုဒ္ဓိဋီကာစကားကို ထောက်သော် <u>ကထိန်ခင်းရာကျောင်းတိုက်သို့လာ၍ လှူအပ်သောကထိန်သင်္ကန်း ကထိန်ခင်းရာကျောင်းတိုက်သို့မလာမူ၍ လှူအပ်သောကထိန်သင်္ကန်းဟူ၍ နှစ်မျိုး နှစ်စားရှိကြောင်း</u> ထင်ရှား၏။ အခြို့သောဆရာများက ကထိန်လှူလိုသော ဒါယကာသည် ကထိန်ခင်းရာ ကျောင်းတိုက်သို့ ကိုယ်တိုင်လာ၍ လှူအပ်သောသင်္ကန်းဖြင့်သာ ကထိန်ခင်းခြင်းငှါ ထိုက်၏။ တစ်ပါးတစ်ခြားသော အရပ်ကတည်၍ လှူအပ်သောသင်္ကန်းဖြင့် ကထိန်ခင်းခြင်းငှါမထိုက် ကထိနက်မမြောက် ထိုက်ဟုဆိုကြ၏။ ထိုဆရာများကား–

“တသ္မာ ဥပစာရသီမာယ ပရိစ္ဆိန္နေ ဝိဟာရေ ဇကော ဝါ ဒ္ဝေ ဝါ၊ တယော၀ါ စတ္တာရော ဝါ ဘိက္ခူ ဝိဟရန္တိ၊ တတ္ထ ကထိန စီဝရေ ဥပ္ပန္နေ အညတော ပရိယေသိတ္ဝာ စတုဝဂ္ဂသံယော ဇကော ပဋိဂ္ဂါဟကော‌တိ ပဉ္စန္နံ ဘိက္ခူနံ ပူရဏေ သတိ ကထိနံ အတ္ထရိတုံ လဘတိ၊ နာသတိ”

ဟူသော စာမျက်နှာ နံပါတ် ၆၃၊ ကြောင်းရေ ၁၀၊ ကထိနတ္ထာရ ဝိနိစ္ဆယကထာ၊ ဝိနယာလင်္ကာရ ဋီကာပါဠိကို အားကိုးတစ်ခု (သာဓက)ပြု၍ ဆိုကြ၏။ ၎င်းဋီကာပါဠိကို ဤသို့ ယောဇနာရာ၏။

တသ္မာ၊ ထိုသို့ စတုဝဂ္ဂသံယာကို မရအပ်ခဲ့သော် အကြိမ်ပေါင်းတစ်ထောင်(ကထိနံ ဒမ္မိ)ဟု ဆိုအပ်သော်လည်း ကထိန်မမည်သည်၏ အဖြစ်ကြောင့်။ ဥပစာရသီမာယ၊ ဥပစာရသီမ်ဖြင့်၊ ပရိစ္ဆိန္နေ၊ ပိုင်းခြားအပ်ပြီးသော။ ဝိဟာရေ၊ ကျောင်း၌။ ဇကော၊ တစ်ပါးသော။ ဘိက္ခူ ဝါ၊ ရဟန်းသည်သော်လည်း။ ဝိဟရတိ၊ နေအံ့။ ဒ္ဝေ၊ နှစ်ပါးကုန်သော။ ဘိက္ခူဝါ၊ ရဟန်းတို့သည်၎င်း။ တယော၊ သုံးပါးကုန်သော။ ဘိက္ခူဝါ၊

ရဟန်းတို့သည်သော်၎င်း။ စတ္တာရော၊ လေးပါးကုန်သော။ ဘိက္ခု၂ဝါ၊ ရဟန်းတို့သည်သော်၎င်း။ ဝိဟရန္တိ၊ နေကုန်အံ့။ တတ္ထ တသ္မိဝိဟာရေ၊ တစ်ပါး နှစ်ပါး သုံးပါး လေးပါးကုန်သော ရဟန်းတို့နေရာ ထိုကျောင်း၌ (ဥပ္ပန္နေ အတ္ထရိတုံ လဘတိ၊ ကြိယာတို၌စပ်) ကထိနစီဝရေ= ကထိန်သင်္ကန်းသည်။ ဥပ္ပန္နေ= ဖြစ်ပေါ်လာသည်ရှိသော်။ အညတော= အခြားသောကျောင်းမှ။ ပရိယေသိတွာ= ကိုယ်းပြည့်အောင် ရဟန်းတို့ကို ရှာမှီးပြီး၍။ ဝါ၊ ရှာမှီးခြင်းကြောင့်။ (ပူရဏော်ကြိယာ၌စပ်) စတုဝဂ္ဂသံယော၊ လေးပါးရဟန်းတို့၏ အပေါင်း အစုဖြစ်သော သံဃာသည်၎င်း။ ဝါ၊ လေးယောက်အစုရှိသောသံဃာ၎င်း ဇကော၊ တစ်ပါးသော။ ပဋိဂ္ဂါတကော၊ ကထိန်သင်္ကန်းကို ခံယူတတ်သောရဟန်းဂုဏ်း။ ဣတိ၊ ဤသို့။ ပဒ္ဓန်၊ ငါးယောက်ကုန်သော။ ဘိက္ခု၂နံ၊ ရဟန်းတို့၏။ ပူရဏော၊ ပြည့်ခြင်းသည်။ သတိ၊ ရှိသော်သာ။ (ဝါ) ရှိမှသာ။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်းငှါ။ လဘတိ၊ ရ၏။ ပဒ္ဓန်၊ ငါးယောက်ကုန်သော။ ဘိက္ခု၂နံ၊ ရဟန်းတို့၏။ ပူရဏော၊ ပြည့်ခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်း ငှါ။ န လဘတိ၊ မရ။ (ဣသို့ ယောဇနာမှူ ပြုရာ၏)။

ဆောင်ပြအပ်ပြီးသော ဝိနယာလင်္ကာရဋီကာပါဠိဝယ် တတ္ထ ကထိန စီဝရေ ဥပ္ပန္နေ ဟူသောပါဠိကား ထိုဆရာတို့အားကိုး လိုရင်းဖြစ်သော သာဓကပါဠိတည်း။ ထိုပါဠိဝယ် တတ္ထဟူသောပုဒ်ကို ဥပ္ပန္နေဟူသောပုဒ်၌ စပ်ရသောကြောင့် ကထိန်သင်္ကန်း ကပ်လှူလိုသော ဒါယကာသည် ကထိန်ခင်းရာကျောင်းတိုက်သို့လာ၍ လှူအပ်သော သင်္ကန်းဖြင့်သာ ကထိန်ခင်းထိုက်၏။ ကထိန်ခင်းလိုရာကျောင်းတိုက်မှ တပါးသော အရပ်ကနေ၍ လှူအပ်သောသင်္ကန်းဖြင့် ကထိန်မခင်းထိုက်ဟု ယူလိုသတတ်၊ **ထိုအယူသည် ယုတ္တိမရှိ၊** အဘယ့်ကြောင့်နည်း။

စတုမဟာရာဇ်စသော နတ်ပြည်ခြောက်ထပ်ကဖြစ်စေ၊ အသည္တသတ်ဘုံကြဉ်သော ရူပတစ်ဆယ့်ငါးဘုံမှဖြစ်စေ နေ၍ ဇောတဝန်ကျောင်း

တော်၌ ကထိန်ခင်းအံ့ဟုရည်မှတ်၍ လှူဒါန်းခဲ့သောငင်း။ မန္တလေးကဖြစ်စေ၊ ရန်ကုန်ကဖြစ်စေ နေ၍ မဟာဝိဇ်တာရာမကျောင်းတိုက်၌ ကထိန်ခင်းအံ့ဟု ရည်မှတ်၍ လှူဒါန်းခဲ့သောငင်း၊ (ဇေတဝန ဝိဟာရေ ကထိနစီဝရေ ဥပ္ပန္နေ) ဟူ၍ငင်း။ (မဟာဝိဇ်တာရာမေ ကထိနစီဝရေ ဥပ္ပန္နေ) ဟူ၍ငင်း ဆိုရာသကဲ့သို့ ထို့အတူ "ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ်ိတဗ္ဗံ" ဟူသော စူဠဝဂ္ဂ သေနာသနက္ခန္ဓက၊ အဋ္ဌကထာလာ၊ ပရိဘာသာနှင့်အညီ <u>ကထိန်သင်္ကန်း ကပ်လှူလိုသော ဒါယကာသည် ကထိန်ခင်းလိုရာ ကျောင်းတိုက်မှ တစ်ပါးသော တစ်စုံတစ်ခုသော အရပ်ကဖြစ်စေ၊ မိမိအိမ်ကဖြစ်စေ၊ နေ၍ ရဟန်းတစ်ပါးနေရာကျောင်း၊ နှစ်ပါးနေရာကျောင်း၊ သုံးပါးနေရာကျောင်း၊ လေးပါးနေရာကျောင်း၊ တစ်ရာ တစ်ထောင်နေရာကျောင်းများကို ရည်မှန်း၍ ကထိန်သင်္ကန်း လှူဒါန်းခဲ့သော်– တတ္ထ တသ္မိံ ဝိဟာရေ၊ ထိုတစ်ပါးနေရာကျောင်း၊ နှစ်ပါး သုံးပါး လေးပါး နေရာကျောင်း၊ တစ်ရာတစ်ထောင် နေရာကျောင်း၌။ ကထိနစီဝရေ၊ ကထိန်သင်္ကန်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်ဟု ဆိုအပ်ဆိုထိုက် ဆိုပိုင် ဆိုနိုင်သောကြောင့်တည်း။</u>

<u>အခို့ကလည်း နေရာကျောင်းတည်းဟူသော ဌာနကိုရည်မှန်း၍ ရည်မှန်း၍ ရည်မှတ်၍ လှူဒါန်းအပ်သော ကထိန်သင်္ကန်းသည် ပုဂ္ဂလိက ဖြစ်သွားလိမ့်မည်ဟု ဆိုကြသေး၏။ ထိုစကားလည်း ယုတ္တိကင်းမဲ့လွန်း၏။ အဘယ်ကြောင့်နည်း၊ ကထိန်လှူလိုသော ဒါယကာမှန်သမျှမှာ ကထိန် မခင်းမီ ရှေ့မဆွကပင်လျှင် ဤအမည်ရှိသောကျောင်းတိုက်၌ ကထိန် ခင်းမည်ဟု ရည်မှတ်ပြီးဖြစ်သောကြောင့်တည်း၊ ဌာနကိုရည်မှန်း၍ လှူဒါန်းအပ်သော ကထိန်သင်္ကန်းသည် ပုဂ္ဂလိကဖြစ်ခဲ့သော် ကထိန်သင်္ကန်း ဟူသမျှမှာ ရှေးမဆွကပင် ဤမည်သော ကျောင်းတိုက်၌ ကထိန်ခင်းအံ့–ဟု ရည်မှန်းပြီးဖြစ်သောကြောင့် သံယိက ဖြစ်နိုင်ဘွယ်မရှိ။</u>

သီမာယဒါန၊ ကတိကာယဒါန၊ ဘိက္ခာပညတ္တိယာဒါန၊ သံဃဿဒါန၊ ဥတ္တရာ သံဃဿဒါန၊ ဝသံဝုတ္ထသံဃဿဒါန၊

အာဒိဿဒါန၊ ပုဂ္ဂလဿဒါန ဟု မဟာဝဂ္ဂစီဝရကွန္ဓကပါဠိတော် အဋ္ဌကထာဠီကာ တတိယ ကထိန သိက္ခာပုဒ်အဖွင့် ကခိၖဝိတရဏီ အဋ္ဌကထာတို့၌လာသော စီဝရုပ္ပါဒ မာတိကာ ရှစ်ပါးတို့တွင် သီမာယ ဒါန၊ ကတိကာယဒါန၊ ဘိက္ခာပညတ္တိ ယာဒါန ဤသုံးပါးသောဒါန များကား ဌာနကိုရည်မှန်း၍ လှူဒါန်းအပ်သော ဒါနချည်းသာတည်း၊ ဤသုံးပါးသော ဒါနခဏ်းအဖွင့် သံဝဏ္ဏနာများ၌လည်း ပုဂ္ဂလိက အရိပ်အရောင် မတွေ့ရ။ သံဃိကအရိပ်အရောင်ချည်းသာ တွေ့ရ၏။

ဤမည်သောကျောင်းတိုက်၌ ကထိန်ခင်းမည်ဟုရည်မှတ်ပြီး မရှိက ကထိန်ခင်းရာကျောင်းတိုက်သို့ မရောက်နိုင်သည်ကိုလည်း သတိပြုသင့်၏။ ထို့ကြောင့်ဆောင်ပြအပ်ပြီးသော ဝိနယာလင်္ကာရဋီကာပါဠိသည် ထိုဆရာတို့အားကိုး လိုရင်းအတိုင်း(သာဓက) သက်သေမဖြောက်ထိုက်၊ (သက်သေအရာမဝင်ဟူလို)။

ဤ ဝိနယာလင်္ကာရ ဋီကာပါဠိသည်လည်း ကထိန်ခင်းရာကျောင်းတိုက်သို့ ကိုယ်တိုင်လာ၍ လှူအပ်သောသင်္ကန်းမှသာ ကထိန်ဖြောက်ထိုက်ကြောင်းကို ပြလိုရင်းပါဠိမဟုတ်၊ "ကထိနသေ ဇကံ မူလံ သံဃော" ဟူသော ပရိဝါကထိန ဘေဒပါဠိတော်အတိုင်း ကထိန်လျှာသင်္ကန်းပေးသော ရဟန်းလေးပါး၊ ကထိန်လျှာသင်္ကန်းခံသော ရဟန်းတစ်ပါးအားဖြင့် ငါးပါးပြည့်မှသာ ကထိန်မည်သောကြောင့် သံဃာသာ ကထိန်၏ မူလဖြစ်သင့်ကြောင်းကို ပြဆိုသောပါဠိတည်း။

ထို့ကြောင့် ငါတို့ကား ကထိန်လှူလိုသောဒါယကာသည် အမှတ်မထား တပါးပါးသောအရပ်ကကျ၍ မိမိကထိန်ခင်းလိုရာကျောင်းတိုက်ကို ရည်မှန်း၍ "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ (မဟာဝိသုတာရာမေ) (မဟာဝိဇိတာရာမေ) (မဟာဇောတိကာရာမေ) ကထိနံ အတ္ထရိတုံ" ဟူ၍ဌင်း၊ "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ (မဟာဝိသုတာရာမေ) (မဟာဝိဇိတာရာမေ) (မဟာဇောတိကာရာမေ) ကထိနံ အတ္ထရိတုံ" ဟူ၍ဌင်းဆို၍ လှူဒါန်းအပ်သော သင်္ကန်းသည် ကထိန်ဖြောက်ထိုက်၏ဟူ၍ ယူဆပေကုန်၏။

ပဌမ ပုစ္ဆာ အဖြေပြီး၏။

===oOo===

မူလပိုင်ရှင်ရဟန်းက အာရာမ်သတ်မှတ်၍ အပြီးအပြတ် အပိုင်ပေးပြီးဖြစ်သည့်အတိုင်း ဝါဆိုစည်း ဝါဆိုအာရာမ် ကွဲပြားပြီးဖြစ်ကကထိန် မြောက်ထိုက်သောကြောင့် ဒုတိယပုစ္ဆာကို အကျယ်ချဲ့၍ ဖြေဆိုရန်မလို၊ တတိယပုစ္ဆာအဖြေသည်လည်း ပဌမပုစ္ဆာအဖြေဖြင့်ပင် သိသာနိုင် လောက်ပြီဖြစ်၍ အကျယ်ဖြေဆိုရန် မလိုပြီ။

ကထိန်သင်္ကန်း ကပ်လှူပုံ အဆုံးအဖြတ် ပြီး၏။

===ooo===

၁၃၁၃-ခု၊ တန်ဆောင်မုန်းလဆုတ်- ဂ-ရက်နေ့ ဘိုကလေးမြို့၊ သာသနဇောတိကာရုံကျောင်းတိုက် ရှင်ကုဏ္ဍလမေးအပ်သော ပုစ္ဆာသုံးချက်အဖြေပြီး၏။

ပေးလိုက်သောစာကို စောစောကကြိုတင်၍ရသော်လည်း
မိမိမှာ အားလပ်ခွင့်များများမရသောကြောင့်
ယခုမှရေး၍ပေးလိုက်ရကြောင်း သိစေအပ်သည့် ကုဏ္ဍလ။

ဆရာတော် ဦးနန္ဒိယ

ရတနာသိဒ္ဓိကျောင်း၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

ကျမ်းကိုး။ (မာဂဓီ -သာစည်၊ စုစည်းတင်ပြသော ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ ၏ ဘဝဖြစ်စဉ်နှင့် အမြုတေစာပေများ၊ စာမျက်နှာ-၂၇၆-၂၇၇-၂၇၈-၂၇၉-၂၈၀-၂၈၁-၂၈၂-၂၈၄-၂၈၅-၂၈၆-၂၈၇-၂၈၈။)

===ooo===

ကထိန်ဆိုင်ရာ သိမှတ်ဖွယ်ရာ
ကထိနကမ္မ ပြီးပါပြီ။

ကမ္ဘာကမ္ဘဝါသာ

ရဟန်းခံ/ရှင်ပြုဆိုင်ရာ

ဥပသမ္ပဒကမ္မ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	စာဂဟေဆန်း ဤနိဒါန်း	
၂။	ဂျင်ရဟန်း ပြုမပေးထိုက်သူများ	၁
၃။	ဂျင်ပြုပေးသင့်သောအရွယ်	၃
၄။	ရဟန်းမပြုထိုက်သော ပုဂ္ဂိုလ်များ	၉
၅။	ကမ္မဝါစာ လူမဖတ်ရ	၁၀
၆။	ဥပသမ္ပဒကထာ	၁၅
၇။	ပဓာနကိစ္စတစ်ပါး	၁၇
၈။	ကမ္မဝါစာ ၃–ပါးဖတ်ခြင်း	၂၄
၉။	ရဟန်းလောင်းကို အပသို့ထုတ်ရာ၌	၂၆
၁၀။	ဒုန္နဥပသမ္ပဒ	၂၉
၁၁။	ရဟန်းလောင်းကို ဒွန်တွဲရာ၌	၃၂
၁၂။	စတုတ္ထဇ္ဈာန သမုစ္စယဒွန်ဝါဒ စိစစ်ဝေဖန်ချက်	၄၀
၁၃။	သိမ်	၄၂
၁၄။	အဗ္ဘန္တရသိမ်	၄၅
၁၅။	ရဟန်းလောင်းဆုံးမခန်း	၄၇
၁၆။	သြဝါဒခန်း	၆၅

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကမ္မာကမ္မ
ရဟန်းခံ/ရှင်ပြုဆိုင်ရာ ဥပသမ္ပဒကံ

ရှင်/ရဟန်း ပြုမပေးထိုက်သူများ

၁။ ဟတ္ထဆ္ဆိန္နဒ္ဒ = လက်ပြတ်သောသူ
၂။ ပါဒဆ္ဆိန္နဒ္ဒ = ခြေပြတ်သောသူ
၃။ ဟတ္ထပါဒဆ္ဆိန္နဒ္ဒ = လက်, ခြေ ပြတ်သောသူ
၄။ ကဏ္ဏဆ္ဆိန္နဒ္ဒ = နားရွက်ပြတ်သောသူ
၅။ နာသဆ္ဆိန္နဒ္ဒ = နှာခေါင်းပြတ်သောသူ
၆။ ကဏ္ဏနာသဆ္ဆိန္နဒ္ဒ = နား, နှာခေါင်း ပြတ်သောသူ
၇။ အင်္ဂုလဆ္ဆိန္နဒ္ဒ = ခြေချောင်း, လက်ချောင်း ပြတ်သောသူ
၈။ အင်္ဂဆ္ဆိန္နဒ္ဒ = ခြေမ, လက်မ ပြတ်သောသူ
၉။ ကဏ္ဏရုဆ္ဆိန္နဒ္ဒ = အကြောမ ပြတ်သောသူ
၁၀။ ဖဏဟတ္ထက = ခြေချောင်း, လက်ချောင်း ပူးသောသူ
၁၁။ ခုဇ္ဇ = ကုန်းသောသူ
၁၂။ ဝါမန = ပုကွသောသူ
၁၃။ ဂလဂဏ္ဍီ = လည်ပင်းကြီးနာရှိသူ
၁၄။ လက္ခဏာဟတ = သံပူကပ်၍ တံဆိပ်ခတ်နှိပ်ထားသောသူ
၁၅။ ကသာဟတ = ကြိမ်ဒဏ်ပေးခံရသူ
၁၆။ လိခိတက = တွေ့.ရာအရပ်၌သတ်ရန် ကြော်ငြာ ထားသောသူ
၁၇။ သီပဒီ = ခြေထိုင်းသောသူ

၁၈။ ပါပရောဂီ = အနာဆိုးရှိသောသူ
၁၉။ ပရိသဒူသက = (အသွင်ချို့တဲ့သဖြင့်) ပရိသတ်၏ ကြည်ညို မှုကို ဖျက်ဆီးသောသူ
၂၀။ ကာဏ = မျက်စိတစ်ဖက် မမြင်သူ
၂၁။ ကုဏီ = လက်, ခြေ ကောက်သောသူ
၂၂။ ခဉ္ဇ = ခွင်သောသူ
၂၃။ ပက္ခဟတ = ဖက်သကပ်နာစွဲသူ (ကိုယ်တစ်ခြမ်း သေသောသူ)
၂၄။ ဆိန္နိရိယာပထ = ဆွံ့သောသူ
၂၅။ ဇရာဒုဗ္ဗလ = အိုမင်း မစွမ်းသောသူ
၂၆။ အန္ဓ = မျက်စိနှစ်ကွင်း အလင်းမရသူ
၂၇။ မူဂ = စကားဆွံ့အသူ
၂၈။ ဗဓိရ = နားပင်း (နားမကြား)သူ
၂၉။ အန္ဓမူဂ = ကန်းလည်းကန်း, အ-လည်း အ-သူ
၃၀။ အန္ဓဗဓိရ = ကန်းလည်းကန်း, နားလည်းပင်း (နားလည်း မကြား)သူ
၃၁။ မူဂဗဓိရ = အ-လည်း အ, နားလည်းပင်း (နားလည်း မကြား)သူ
၃၂။ အန္ဓမူဂဗဓိရ = ကန်းလည်းကန်း, အ-လည်း အ, နားလည်းပင်း (နားလည်းမကြား)သူ

===OOO===

ရှင်ပြုပေးသင့်သောအရွယ်

= နှ ဘိက္ခဝေ ဥနပန္နရသဝဿော ဒါရကော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

= အနုဇာနာမိ ဘိက္ခဝေ ဥနပန္နရသဝဿံ ဒါရကံ ကာကုဋ္ဌေ-ပကံ ပဗ္ဗာဇေတုံ။ (ဝိ၊ ၃။ ၁၁၀။)

၃၆၈။ သူမိ, သူဘ၊ ခွင့်ပြုမှ၊ ပြုရ ပဗ္ဗဇ္ဇာ။

၃၆၉။ ဆံရိတ်တခန်း၊ သင်္ကန်းပေးတုံ၊ သရဏဂုံပေးငြား၊ ဤသုံးပါး၊ ခေါ်ငြား ပဗ္ဗဇ္ဇာ။

၃၇၀။ တိုက်တွင်းဝယ်ဘိ၊ သံဃာရှိ၊ ပန်ဘိဆံရိတ်မှာ။

၃၇၁။ ဥပဇ္ဈာယ်ဆရာ၊ အဂါညီလှ၊ ဆယ်ဝါရ၊ ပေးကြ-

သင်္ကန်းမှာ။

- ဆယ်ဝါမရသေးသောရဟန်းငယ်နှင့်
- ဝါ ၆၀-ပင်ရသော်လည်း ဗဟုသုတအဂါနှင့် မပြည့်စုံသော ရဟန်းတို့သည် သင်္ကန်းပေးမှုကို အစိုးတရ မပြုထိုက်။

၃၇၂။ ခိုင်းစေတုံလတ်၊ ကိုယ်စားမှတ်၊ ပြုအပ် ထေရ်ငယ်မှာ။

- ဥပဇ္ဈာယ်အဂါနှင့်ပြည့်စုံသော ဆရာကစေခိုင်းသော ရဟန်းနှင့်
- ဥပဇ္ဈာယ်အဂါနှင့် ပြည့်စုံသော ရဟန်းတော်တို့ကို ရည်မှန်း၍ သင်္ကန်းပေးသောရဟန်းတို့သည် ရှင်ပြုပေးကောင်း၏။

သင်္ကန်းပေးရာ၌ -

- သကလဝဋ္ဋ-ဆို၍ပေးခြင်း၊
= ရှင်ပြုရန်အတွက် ဤသင်္ကန်းကို ငါပေး၏၊ ဝတ်ချေ, ရုံချေ-ဟု ဆို၍ သင်္ကန်းပေးခြင်း၊
= ဤသင်္ကန်းတို့ကိုယူ၍ ဤရှင်လောင်းအား သင်္ကန်းဝတ်ရုံ၍

(၃၁၆) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

ပေးလိုက်လော့-ဟု ရဟန်း, ရှင်, လူတို့ကို စေခိုင်းခြင်း-ဟု သုံးမျိုး ရှိသည်။

၃၇၃။ ဥပဇ္ဈာယ်ဆရာ၊ အဂိုညီမှ၊ ဆယ်ဝါရ၊ ပေးကြသရဏာ။

- ကျမ်းဂန်၌ ဥပဇ္ဈာယ်ဆရာကိုယ်တိုင် သရဏာဂုမ်ပေးရမည်၊
- ဥပဇ္ဈာယ်ဆရာ၏ ကိုယ်စားလည်း ပေးနိုင်သည်။

၃၇၄။ နိဂ္ဂဟိတံ၊ မ-ကာရံ၊ နှစ်တန် ပေးနည်းလာ။

သရဏာဂုမ်ပေးရာ၌ -

- နိဂ္ဂဟိတန္တပေးနည်း၊
- မ-ကာရန္တပေးနည်းဟု နှစ်မျိုးရှိ၏။

နှစ်မျိုးလုံး ခံတွင်း, နှုတ်ခမ်းတို့ကို ပိတ်၍ ရွတ်ဆိုခြင်းပင်ဖြစ်သည်။

အထူးမှာ -

- နိဂ္ဂဟိတ်မည်သည် ရှေ့သရကိုမှီသော ဗျည်းအထူးဖြစ်၏၊ ပုဒ္ဓံ- ဠ်ဝ်-ဗျည်းနှင့် နိဂ္ဂဟိတ်တို့မှီရာတူ၏၊ ထိုကြောင့် နိဂ္ဂဟိတန္တ နှင့် ရွတ်ဆိုသောအခါ၌ ဝ်-ဗျည်းနှင့် နိဂ္ဂဟိတ်အကြားမှာ အသံ တစ်မျိုး အခြားမရှိစေမူ၍ တစပ်တည်းပြု၍ ရွတ်ဆိုရာ၏။
- မ်-အက္ခရာသည်မူကား မှီရာသရ မရှိသော်လည်း နောက်သရကို မှီသော ဗျည်းမျိုးဖြစ်၍ ဝ်-ဗျည်းနှင့် မှီရာကွဲပြား၏၊ ထိုကြောင့် မ်-ကာရန္တနှင့်ရွတ်ဆိုသောအခါ၌ ဝ်-ဗျည်းနှင့် မ်-အက္ခရာ အကြားမှာ အတန်ငယ်ခြားပြီးမှ ခံတွင်းပိတ်မှုကို ပြုရာ၏။

ဣမာနိ စ ပန ဒဒမာနေန ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ ဧဝံ ဧက သမ္ဗန္ဓာနိ အနုနာသိကန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ၊ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ ဧဝံ ဝိစ္ဆိန္ဒိတွာ မ-ကာရန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ။ (ဝိ၊ ဋ္ဌ၊ ၃။ ၂၅၀။)

၃၇၅။ ဋာန်, ကရဏ၊ ပယတ်ကျ၊ ပြီသ လိုလှစွာ။

၃၇၆။ ဆရာလည်းပီ၊ တဗျည့်ပီ၊ စုံညီ ကြမှသာ။

သရဏဂုမ် ဌာန်, ကရိဏ်းမကျ၍ သာမဏေအစစ် မဖြစ်သော်လည်း ဖြစ်သည်မှတ်၍နေလျှင် အပြစ်မရှိ၊ မဖြစ်မှန်းသိလျက် သာမဏေကောင်းတို့နှင့် ပေါင်းဖော်၍နေသော်လည်း သင်္ဃန်းခံယူမှုက စောင့်ရှောက်လျက်ရှိသောကြောင့် ထေနကမဖြစ်၊ သရဏဂုမ် အောင်မြင် ခဲ့လျှင် "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"၌ မိ-အက္ခရာအဆုံးတွင် ရှင်သာမဏေအစစ်ဖြစ်လေ၏၊ သာမဏေတို့ ကျင့်အပ်သော ၁၀-ပါး သီလ, လိုင် ၁၀-ပါး, ဒဏ် ၁၀-ပါးတို့မှစ၍ အလုံးစုံသော ကျင့်ဝတ်တရား (၁၀၉) ပါးတို့ကို ဆောက်တည်မှုကိစ္စ တစ်ချက်တည်းပြီးလေ၏၊ သီလခံယူဖွယ်ကိစ္စမရှိ၊ ခံယူသော်လည်း အပြစ်မရှိ။

လိုင် ၁၀-ပါးတို့တွင် တစ်ပါးပါးကိုပြုမိသော် သရဏဂုမ်ပျက်၏။ သင်္ဃန်းပေးမှုကား မပျက်၊ နောင် ရှောင်ကြဉ်ပါမည်ဆိုလျှင် ရေဒဏ်, သဲဒဏ်ပေးပြီး သရဏဂုမ်ကိုသာ ထပ်မံ၍ ပေးအပ်၏၊ နောင်လွန်ကျူးပြန်၍ ရှောင်ကြဉ်ပါတော့မည်ဆိုပြန်လျှင် သုံးကြိမ်တိုင်အောင်ပင် သရဏဂုံကိုသာ ထပ်မံ၍ ပေးအပ်၏၊ နောင်လွန်ကျူးပြန်၍ ရှေ့သို့လည်း ရှောင်ကြဉ်မည့်သူမဟုတ်-ဟု သိခဲ့လျှင် လူဝတ်လဲ၍ တခါတည်း ထွက်သွားစေရသည်။

ရှင်ပြုပေးရာ၌

ရှင်လောင်းသည် -

- ရှင်ပြုမပေးရသော အပြစ်အမျိုးမျိုးမှ ကင်းလွတ်သူဖြစ်ခြင်း၊
- မိဘနှစ်ပါးက ရှင်ပြုခွင့်ပေးခြင်း အင်္ဂါရုပ်များနှင့် ပြည့်စုံရမည်။

ရှင်ပြုခြင်းကိစ္စကို ဥပဇ္ဈာယ်ဆရာတော် မအားလပ်ပါက ရဟန်းငယ်တစ်ပါးပါးကို ဆံချခြင်း, သင်္ဃန်းဝတ်ခြင်းကိစ္စတို့ကို တာဝန်ပေး၍ စေခိုင်းရမည်၊ လူ, သာမဏေကိုလည်း စေခိုင်းနိုင်သည်၊ သို့သော် သရဏဂုမ်ကိုတော့ ဥပဇ္ဈာယ်ဆရာတော်ကိုယ်တိုင် ပေးရမည်။

ပုဂ္ဂလဝိသေသ

= ဘဗ္ဗရူပ = သစ္စာလေးပါးသိနိုင်သည့် ပါရမီထူးရှိသူ၊
= သဟေတုက = သာသနာတော်အတွက် အကျိုးဆောင်နိုင်သော အရည်အချင်းရှိလောက်သူ၊
= ဥာတ = ထင်ရှား ကြော်ကြားသူ၊
= ယသဿီ = အခြံအရံများသူ၊

ယင်းပုဂ္ဂိုလ်မျိုးဖြစ်လျှင် အားလပ်ခွင့်ကိုယူ၍ ဥပဇ္ဈာယ်ဆရာတော်ကိုယ်တိုင် ရှင်ပြုပေးရမည်။

ပွေး, ဝဲ-စသော အရေပြားရောဂါရှိသူဖြစ်လျှင် မခွံမရှာဆပ်ပြာစသည်ဖြင့် ပွတ်တိုက်၍ ကိုယ်တိုင်ရေချိုးပေးရမည်။

o

အကျိုးကျေးဇူးများ

- ဆရာ, ဥပဇ္ဈာယ်တို့၌ ချစ်ခင်ရင်းနှီးမှုများခြင်း၊
- သာသနာတော်၌ ချစ်ခင်မှုများပြားခြင်း၊
- ထက်မြက်သော ရိုသေမှုရှိခြင်း၊
- သာသနာတော်မှ ပြန်လည်ဆုတ်နစ်မှု မရှိခြင်း၊
- သာသနာတော်၌ မပျော်မွေ့မှုကို ပယ်ဖျောက်၍ မထေရ်အဖြစ်သို့ ရောက်နိုင်ခြင်း၊
- သူ့ကျေးဇူးကို သိတတ်ခြင်း၊
- သိသည်အတိုင်း ကျေးဇူးဆပ်နိုင်ခြင်း-စသော အကျိုးကျေးဇူးများ ဖြစ်လာစေနိုင်သည်။

ရှောင်ရန်

- ရေချိုးခြင်း, ဆံချခြင်းတို့၌ ရှင်လောင်း, ရဟန်းလောင်းတို့ကို မြောက်(?)၍ ပြောဆိုခြင်းများကို မပြောဆို, မပြုလုပ်ရ။

လိုက်နာပြုလုပ်ရန်

တစပဉ္စက ကမ္မဋ္ဌာန်းကိုသာ အဆင်း, အသံ, အနံ့, တည်ရာ ဌာန တို့၏ အစွမ်းအားဖြင့် မစင်ကြယ်ပုံ, စက်ဆုတ်ဖွယ်ရှိပုံ, သတ္တဇီဝ မဟုတ်ပုံ တို့ကို ပြောကြားရမည်။

ဆံချပြီးလျှင် နန္ဒင်းမှုံ, နံ့သာမှုံမျှားဖြင့် ဦးခေါင်းနှင့် ခန္ဓာကိုယ် တို့ကို ပွတ်တိုက်ပေးရမည်။

- ဘိက္ခုနာ ဟိ သဟတ္ထေန ဝါ အာဏတ္တိယာ ဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ၊ အဒိန္နံ န ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃။ ၂၅၀။)
- သာမဏေရပဉ္ဇာ ပန ဥဘတောသုဒ္ဓိယာဝ ဝဋ္ဋတိ။
- ပဉ္ဇာ ဟိ သရဏဂမနေဟေဝ သိဒ္ဓါ၊ သိက္ခာပဒါနိ ပန ကေဝလံ သိက္ခာပူရဏတ္ထံ ဇာနိတဗ္ဗာနိ။
- တသ္မာ တာနိ ပါဋိယံ အာဂတနယေန ဥဂ္ဂဟေတုံ အသက္ကောန္တဿ ယာယ ကာယစိ ဘာသာယ အတ္ထဝဏ္ဏနာပိ အာစိက္ခိတုံ ဝဋ္ဋတိ (၂၅၂။)

ဥပသမ္ပဒကထာ

၁။ **ပုဗ္ဗကရဏလေးပါး**

သံယာမစည်းဝေးမီ ရှေ့အဘို့၌

၁။ တံမြက်လှည်းခြင်း

၂။ ညဉ့်အခါဖြစ်မူ ဆီမီးညှိထွန်းခြင်း

၃။ သောက်ရေ, သုံးရေ တည်ထားခြင်း

၄။ နေရာခင်းခြင်း-တို့ကို စီစဉ်ထားရမည်။

၁။ **ပတ္တကလ္လ ၅-ပါး**

၁။ ဝတ္ထုသမ္ပဒါ = အဘဗ္ဗ, အန္တိမဝတ္ထု အဇ္ဈာပန္န, ဉီန

ဝိသတိဝဿ ပဋိုလ်တို့မှတစ်ပါး လူဇာတ်
သာမဏေဖြစ်ခြင်း၊
၂။ အန္တရာယိကေဟိ ဓမ္မေဟိ
ပရိသုဒ္ဓတာ = ဥပသမ္ပဒန္တရာယ်တို့မှ ကင်းလွတ်ခြင်း၊
၃။ သီမာသမ္ပဒါ
၄။ ပရိသသမ္ပဒါ
၅။ ပုဗ္ဗကိစ္စနိဋ္ဌာပန (ဝိမတိ၊ ၂။ ၁၃၅)

၁။ ပုဗ္ဗကိစ္စ ၁၀-ပါး
၁။ နာမဂ္ဂါဟကိစ္စ = ဥပဇ္ဈာယ်ဆရာတော်နှင့် ရဟန်းလောင်း
တို့အား အမည်မှည့်ခြင်း၊
၂။ ဥပဇ္ဈာယဂ္ဂါဟနကိစ္စ = ဥပဇ္ဈာယ်ယူခြင်း၊
၃။ ပတ္တစီဝရာစိက္ခနကိစ္စ =
၄။ ဟတ္ထပါသတော ဗဟိကရဏကိစ္စ =
၅။ အနုသာသကသမ္မုတိကိစ္စ =
၆။ အနုသာသနကိစ္စ =
၇။ ဩသာရဏကိစ္စ =
၈။ ဥပသမ္ပဒါယာစာပနကိစ္စ =
၉။ အန္တရာယိကဓမ္မ ပုစ္ဆကသမ္မုတိကိစ္စ =
၁၀။ သမ္မတေန ပုစ္ဆနကိစ္စ =

ဧတသ္မိံ စ ပုဗ္ဗကမ္မနိဋ္ဌာပနေ သတိဧဝ ဣဒံ သံဃသ္သ ဥပသမ္ပဒါ ကမ္မံ ပတ္တကလ္လံ နာမ ဟောတိ၊ နာသတိ၊ ဧတေသု ပန ပုဗ္ဗကမ္မေသု အကတေသုပိ ကတံ ကမ္မံ ယထာဝုတ္တာဝတ္ထုသမ္ပတ္တိ အာဒီသု ဝိဇ္ဇမာ-နေသု အကုပ္ပမေဝ ဟောတိ။ (ဝိမတိ၊ ၂။ ၁၃၆။)

ယင်းသို့ပင် ပုဗ္ဗကိစ္စဆယ်ပါးမဆောင်ရွက်ပဲ ဥပသမ္ပဒကံ ဆောင်ရွက်လျှင် ဥပသမ္ပဒကံအောင်မြင်ငြားသော်လည်း ဝိနည်းဓမ္မကံ လုပ်ထုံး

လုပ်နည်း စည်းမျဉ်းကျအောင် ပုဗ္ဗကိစ္စဆယ်ပါးကို ဆောင်ရွက်ပြီးမှသာ လျှင် ဥပသမ္ပဒကံ ဆောင်ရွက်သင့်သည်။

ပဓာနကိစ္စတစ်ပါး

ဥတ္တိစတုတ္ထကမ္မဝါစာကို ဗျတ္တ, ပဋိဗလနှင့် ပြည့်စုံသော ရဟန်းတို့က အကြိမ်ကြိမ်ဖတ်ရွတ်ခြင်းသည် ဥပသမ္ပဒကံ ဆောင်ရွက်ရာ၌ ပဓာနကိစ္စ ဖြစ်သည်။

ဝေဠု ပန ဘိက္ခဝေ ဥပသမ္ပာဒေတဗ္ဗော၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံယော ဉာပေတဗ္ဗော။ (ဝိ၊ ၃။ ၇၁။)

ဗျတ္တ = ဝိနည်းပိဋကတ်၌ ကျွမ်းကျင်လိမ္မာခြင်း၊
- ဥတ္တိစတုတ္ထကမ္မဝါစာကို ကောင်းစွာ တတ်မြောက်သော ဆရာတို့အထံမှ ဌာန်, ကရိဏ်း, ပယတ်နှင့် တက္ခ ဗျဥ္ဇနဗုဒ္ဓိဆယ်ပါး အစီအရင်တို့ကို ဆရာနည်းကျနစွာ သင်ယူပြီး ကမ္မဝါစာ၌ပါရှိသော ပုဒ်, ပါဠ်, အက္ခရာတို့ကို အထစ်အငေါ့မရှိ ချောမောစွာ ရွတ်ဖတ်နိုင်ခြင်း၊

ပဋိဗလ = ကျန်းမာရေးကောင်းသဖြင့် ဥတ္တိစတုတ္ထ ကမ္မဝါစာကို ပီသအောင် ရွတ်ဖတ်နိုင်ခြင်း၊
- ချောင်းဆိုးရောဂါစသည် ကင်းခြင်း၊
- နှုတ်ခမ်း, လျှာ, သွားစသည်တို့ လူစဉ်မီခြင်း၊
- ပိဋကတ်စာပေသင်ကြားတတ်မြောက်ခြင်း ၃-ချက်ညီမှ ပဋိဗလဖြစ်သည်။

၃၇၇။ ဝတ်, ဥတ်, ကမ္မဝါ၊ သိမ်,ပရိသာ၊ ငါးဖြာသမ္ပတ္တိ။
၃၇၈။ ပဉ္စင်းမြောက်ရန်၊ အင်ငါးတန်၊ ပြန်လေဝိပတ္တိ။
၃၇၉။ ပဉ္စင်းလောင်းကို၊ ဝတ္ထုဆို၊ ထိုမှ သမ်, ဝိပ်ရှိ။

၃၈၀။ ဥိနဝိသ၊ အန္တိမ၊ ဘဗ္ဗ တစ်ဆဲ့တစ်။
၃၈၁။ ဆဲ့သုံးဝိပတ်၊ ကင်းစင်လတ်၊ အမြတ်သမ္ဗတ္တိ။
၃၈၂။ သန္ဓေတည်နေ့၊ စတုံရွေ့၊ ပြေစေ့ ဝီသတိ။
- အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝီသံ ဥပသမ္ပာဒေတုံ။

၃၈၃။ ခုနစ်လဘွား၊ ဆယ်လဘွား၊ ထင်ရှား လူဝယ်ရှိ။
၃၈၄။ ဖွားသက္ကရာဇ်၊ ဆဲ့ကိုးနှစ်မှ၊ ငါးလ, နှစ်လ၊ စွန်းတုံက၊
ဂဗ္ဘဝီသပြည့်။

- ၇-လဖွား ၁၉-နှစ်, ၅-လ။
- ၁၀-လဖွား ၁၉-နှစ်, ၂-လ။

၃၈၅။ ရက်သုံးဆယ်လ၊ ဆဲ့နှစ်လ၊ ဝသ အမှန်သိ။
= တစ်နှစ်တွင် ရက်ပေါင်း ၃၀-မပြည့်သော လပေါင်း ၆-လ ပါရှိ၏။
= ဝါထပ်သည့်အတွက် တစ်နှစ်တွင် ၁၃-လရှိသောနှစ်မျိုးသည်
သုံးနှစ်လျှင် တစ်ကြိမ်, တစ်ကြိမ် လာ၏။

၃၈၆။ ဆဲ့ကိုးနှစ်ကို၊ ခြောက်လပို၊ ဝါဆိုထပ်သည်တွက်။
၃၈၇။ လေးလမျှတုံ၊ ယုတ်လျော့ကုန်၊ မစုံ လအတွက်။
ဖွားသည့်နေ့မှ ၁၉-နှစ်ပြည့်သည့်အခါ ဝါထပ်သည့်လ အတွက်
၆-လ အပို ထွက်လာ၏။ (၁၉, ၆)
ရက်မစုံလအတွက် ရက်ပေါင်း (၁၁၄)ရက် လျော့ရမည်။
ထိုသို့လျော့သည့်အခါ ၃-လနှင့် ၂၄-ရက် ကျန်သည်။

၃၈၈။ ယုတ်ပိုညီက၊ ကျန်သေသ၊ နှစ်လ ခြောက်ရက်ထွက်။
၃၈၉။ သုံးလစွန်းက၊ ခုနစ်လ၊ ဂဗ္ဘဝီသပြည့်။
- ၇-လဖွား ၁၉-နှစ်, ၃-လ။
- ၁၀-လဖွား ၁၉-နှစ်တင်းတင်းပြည့်လျှင် အသက် ၂၀-ပြည့်ပြီဖြစ်၍
ရဟန်းခံနိုင်သည်။

ရဟန်းမပြုထိုက်သော ပုဂ္ဂိုလ်များ

၁။ **အဒ္ဓါဟီန** = နှစ်ကာလမပြည့်သော (အသက် နှစ်ဆယ် မပြည့်သော) ပုဂ္ဂိုလ်။

၂။ **အင်္ဂဟီန** = အင်္ဂါချို့ယွင်းသော ဟတ္ထစ္ဆိန္န-အစရှိ သော ပုဂ္ဂိုလ်၊ (၃၂)

၃။ **ဝတ္ထုဝိပန္န** = တိရစ္ဆာန်, ပဏ္ဍာုက်, ဥဘတောဗျည်း-ဟူသော ဝတ္ထုချို့တဲ့သူ။ (၁၀)

၄။ **ကရဏဒုက္ကဋ** = ထေယျသံဝါသက, (၃) တိတ္ထိယပက္ကန္တက, အာနန္တရိယကံထိုက်သူ ၅-ယောက်, ဘိက္ခုနီ ဒူသက-ဟူသော ပစ္စက္ခဘဝ၌ မိမိပြုအပ်သော မကောင်းမှုကံကြောင့် ရဟန်းအဖြစ်ကို မရထိုက်သော ပုဂ္ဂိုလ်၊ (၁၀)

၅။ **အင်္ဂဟီနပုဂ္ဂိုလ်သည်**
ရဟန်းဖြစ် = ဥပဇ္ဈာယ်ဆရာနှင့် ကာရကသံဃာ အာပတ်သင့်။ ကျန်ပုဂ္ဂိုလ် ရဟန်းမဖြစ်။

ဂဇ္ဈဝိသ

(က) ၁၂-လ ပဋိသန္ဓေနေ၍ သီတင်းကျွတ်လပြည့်နေ့ ဖွားမြင်သော သူသည် အသက် ၁၉-နှစ်ပြည့်သည့် သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့၌ ရဟန်းခံနိုင်သည်၊

(ခ) ၁၀-လ ပဋိသန္ဓေနေ၍ သီတင်းကျွတ်လပြည့်နေ့၌ ဖွားသော သူသည် အသက် ၁၉-နှစ်ပြည့်သည့် သီတင်းကျွတ်လပြည့်နေ့ထက် နှစ်လပ်ကျော်သည့် နတ်တော်လပြည့်နေ့၌ ရဟန်းခံနိုင်သည်၊

(၈) ၇-လ ပဋိသန္ဓေနေ၍ သီတင်းကျွတ်လပြည့်နေ့၌ ဖွားမြင်သော သူသည် အသက် ၁၉-နှစ်ပြည့်ပြီး တပေါင်းလပြည့် ကျော် ၁-ရက်နေ့၌ ရဟန်းခံနိုင်သည်။

ရဟန်းလောင်း၏အမိဖြစ်သူက သူ၏သားသည် "ဆယ်လဖွား ဖြစ်ပါသည်"ဟု အတတ်ပြောသော်လည်း အမှန်မုချ အယုံခက်လှသော အရာမျိုးဖြစ်၍ အယုတ်ဆုံးအားဖြင့် ခုနစ်လဖွားကို အတည်ပြု၍ ရှေးဆရာမထေရ်ကြီးတို့၏အလိုအရ လ. ထပ်ရက်ကို ထည့်သွင်းရေတွက်လျှင် (၁၉)နှစ်နှင့် (၃)လအောက် မယုတ်စေရ။

မူလအဋ္ဌကထာ၏ အလိုအရ - လ. ထပ်ရက်ကို ထည့်သွင်း မရေတွက်လျှင် (၁၉)နှစ်နှင့် (၅)လအောက် မယုတ်လျှော့စေရ၊ ပိုလျှင်သာ ပိုရမည်-ဟု စံကျောင်းဆရာတော်ဘုရားကြီး အမိန့်ရှိကြောင်း လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူ၏။

– အသက် ၂၀–မပြည့်သေးသောရဟန်းလောင်းကို အသက် ၂၀–ပြည့်ပြီး အမှတ်ဖြင့် ရဟန်းခံလျှင် –

- ဥပဇ္ဈာယ်ဆရာ, ကမ္မဝါစာဆရာ, ကာရကသံဃာတို့ အသက် ၂၀- ပြည့်ပြီးအမှတ်ဖြင့် ရဟန်းခံပေးသောကြောင့် အာပတ်မသင့်၊

- ရဟန်းလောင်း ရဟန်းမဖြစ်။

အနာပတ္တိ ဥနဝီသတိဝဿံ ပရိပုဏ္ဏဝီသတိဝဿသညိတိ ဇတ္ထ ကိဉ္စာပိ ဥပသမ္ပာဒေန္တသ အနာပတ္တိ၊ ပုဂ္ဂလော ပန အနုပသမ္ပန္နော၀ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃။ ၁၃၆။)

– ဥနဝီသတိဝဿပုဂ္ဂိုလ်သည် ရဟန်းခံပြီး၍ ရဟန်းဖြစ်သည်တူသော အမှတ်ဖြင့် နေကြားအံ့ –

- အပြစ်မရှိပါ။

သောပိ စ ယာ၀ နှ ဇာနာတိ၊ တာ၀ဿ နေ၀ သဂ္ဂန္တရာယော နှ မောက္ခန္တရာယော၊ ဥတွာ ပန ဥပသမ္ပဒိတ္ထိ။ (ဝိ၊ဋ္ဌ၊၃။၁၃၆)

– ဥိနဝိသတိဝဿပုဂ္ဂိုလ်သည် ရတန်းမဖြစ်ပဲလျက် မိမိကိုယ်ကို ရတန်း ဖြစ်သည်ထင်မှတ်၍ ဆယ်ဝါရလျှင် တပါးသော ရတန်းလောင်းကို ဥပဇ္ဈာယ်ပြု၍ ရတန်းခံပေးမူ –

ထိုဥိနဝိသတိဝဿပုဂ္ဂိုလ်မှတပါး ကိုဏ်းပြည့်မူ ရဟန်းလောင်းသည် အောင်မြင်စွာ ရဟန်းဖြစ်ပါသည်။

သစေ ပန သော ဒသဝဿစ္စယေန အညံ ဥပသမ္ပာဒေတိ၊ တဉ္စေ မုဉ္စိတ္ဝာ ဂဏှော ပုဂ္ဂလော ဒသဝဿစ္စယေန အညံ ဥပသမ္ပာဒေတိ၊ သူပသမ္ပန္နော။ (ဝိ၊ ၅၊ ၃။ ၁၃၆။)

– မူလက ရတန်းမဖြစ်ဘဲ မိမိကိုယ်ကို ရတန်း–တူ မှတ်ထင်နေသော ရတန်း၊

– ပါရာဇိကကျသောရတန်းတို့ ကမ္မဝါစာဖတ်လျှင် –

ဗျတ္တော, ပဋိဗလ အဂ်ါနှင့်ပြည့်စုံအောင် ကမ္မဝါစာဖတ်နိုင်ပါက ထိုရဟန်းတို့မှတစ်ပါး သံဃာဂိုဏ်းပြည့်လျှင် ရဟန်းခံသော ရဟန်းလောင်းသည် ရဟန်းဖြစ်သည်။

အညံ ဥပသမ္ပာဒေတိ (ဝိ၊ ၅၊ ၃။ ၁၃၆)တိ ဥပဇ္ဈာယော ကမ္မဝါစာ စရိယော ဝါ ဟုတ္ဝာ ဥပသမ္ပာဒေတိ။

(ဝဇိရ။ ၃၃၃။ သာရတ္ထ၊ ၃။ ၈၆။ ဝိမတိ၊ ၂။ ၄၇။)

အဘိက္ခုနော ကမ္မဝါစာယ သာဝိတာယပိ ကမ္မံ ရုဟတိ၊ ကမ္မ-ဝိပတ္တိယာ အသမ္ဘဝတော။ (ဝဇိရ။ ၁၀၉။)

အဘိက္ခုနော = ရဟန်းအစစ် မဟုတ်သောသူသည်။ ဝါ = ရဟန်းအသွင်ကို မစွန့်သောသူသည်။

"ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံယော ဉာပေတဗ္ဗော"တိ ဝစနတော ထေယျသံဝါသကာဒိ အာစရိယေဟိ အနုဿဝနာယ ကတာယ ဥပသမ္ပဒါ န ရုဟတိ၊ တေသံ အဘိက္ခုတ္တာတိ ဝစနမ်ပိ န ဂဟေတဗ္ဗံ။ (ဝိနယာလင်္ကာရ၊ ၁။ ၂၇၂။)

ဣမာနိ စတ္တာရိ ကမ္မာနိ ပဠုဟာကာရေဟိ ဝိပဇ္ဇန္တိတိ အာဒိနာ နယေန ကမ္မာနံ သမ္ပတ္တိဝိပတ္တိယာ ကထိယမာနယ "သတ္တာဟိ အာကာရေဟိ ကမ္မာနိ ဝိပဇ္ဇန္တိ ဝတ္ထုတော ဝါ ဥတ္တိတော ဝါ အနုသ-ဝနတော ဝါ သီမတော ဝါ ပရိသတော ဝါ ဥပဒ္ဓါယတော ဝါ အာစရိယ တော ဝါ"တိ အကထိတတ္တာ နု ဂဟေတဗ္ဗံ။ (လက်ာရ၊ ဋီ၊ ၁။)

ကမ္မဝါစာ လူမဖတ်ရ

- ဥပသမ္ပန္နပုဗ္ဗော ဧဝ စေ ကမ္မဝါစံ သာဝေတိ၊ သံယော စ တသ္မိံ ဥပသမ္ပန္နသညီ ဧဝဠွေ ကမ္မံ ရုဟတိ၊ န အညထာတိ နော ခန္ဓိတိ အာစရိယာ။ (ဝဇိရ။ ၁၀၉။)

- ဂဟဋ္ဌော ဝါ တိတ္ထိယော ဝါ ပဏ္ဍကော ဝါ အနုပသမ္ပန္နသညီ ကမ္မဝါစံ သာဝေတိ၊ သံယေန ကမ္မဝါစာ နု ဝုတ္တာ ဟောတိ။ "သံယော ဥပသမ္ပာဒေယျ။ သံယော ဥပသမ္ပာဒေတိ၊ ဥပသမ္ပန္နော သံယေနာ"တိ ဟိ ဝစနတော သံယေန ကမ္မဝါစာယ ဝတ္တဗ္ဗာယ သံယပရိယာပန္နေန သံယပရိယာပန္နသညိတေန ဝါ ဧကေန ဝုတ္တာ သံယေန ဝုတ္တာဝ ဟောတီတိ ဝေဒိတဗ္ဗော၊ အယမေဝ သဗ္ဗကမ္မေသု ယုတ္တိ။ (ဝဇိရ)

- ပါရာဇိကကျသောရဟန်းသည် ပိပိပါရာဇိက ကျသည်၏ အဖြစ်ကို ဝန်မခံသမျှ ကာလပတ်လုံး ရဟန်းတုခေါ်ထိုက်၏၊ သံသယရှိသော်လည်း ရဟန်းကောင်းတို့၌ ရှိခိုးခြင်း, လက်အုပ်ချီခြင်းကို ပြုရာ၌ အပြစ်မရှိ။

- ပါရာဇိကံ အာပန္နော ဟိ တံ ပဋိစ္ဆာဒေတွာ ယာဝ ဘိက္ခုပဋိဉ္ဉော ဟောတိ၊ တာဝ ဘိက္ခုဧဝ ဟောတိ ဘိက္ခူနမေဝ ပါရာဇိကဿ ပညတ္တတ္တာ။ (ဝိမတိ၊ ၁။ ၁၅၆။)

- သံယကမ္မေသု ဟိ သေ ဂဏပူရကောပိ နှ ဟောတိ။
(ကခ်ီ။ ၁၀၉)

- အယဥ္စိ ယသ္မာ ပါရာဇိကံ အာပန္နော၊ တသ္မာ ဘိက္ခုဘာဝေ ဌတွာ အဘဗ္ဗော စျာနာဒီနိ အဓိဂန္တုံ၊ ဣစ္စသ ဘိက္ခုဘာဝေါ ဝိသုဒ္ဓိ နာမ နှ ဟောတိ။ (ကခ်ီ။ ၁၂၅။)

- နှ ဟိ ပါရာဇိကံ အနဇ္ဈာပန္နသ သိက္ခံ အပစ္စက္ခာယ "ဝိဇ္ဇမိသာမိ"တိ ဂိဟိလိင်္ဂဂဟဏမတ္တေန ဘိက္ခုဘာဝေါ ဝိနသ္သတိ။

ပါရာဇိကံ အာပန္နော စ ဘိက္ခုလိင်္ဂေ ဌိတော ယာဝ နပ္ပဋိဇာနာတိ၊ တာဝ အတ္ထေဝ တသ္သ ဘိက္ခုဘာဝေါ။ နှ သော အနုပသမ္ပန္နသခ္မိံ ဂစ္ဆတိ။
(သာရတ္ထ၊ ၂။ ၁၀၄။ ဝိမတိ၊ ၁။ ၁၅၆။)

- အကုပ္ပေန ဥပသမ္ပန္နော ပန ပစ္ဆာ ပါရာဇိကောပိ ဇာတိတော ဥပသမ္ပန္နဌာနေ တိဋ္ဌတိ။ (ဝဇိရ။ ၉၅။)

- အန္တိမဝတ္ထုံ အဇ္ဈာပန္နသ အဝန္ဒနိယေသု အဝုတ္ထတ္တာ တေန သဒ္ဓိံ သယန္တသ သဟသေယျာပတ္တိယာ အဘာဝတော တသ္သ စ ပဋိဂ္ဂဟဏသ ရုဟနတော တဒေဝ ယုတ္တတရန္တိ ဝိညာယတိ။
(သာရတ္ထ၊ ၂။ ၃၅၁။)

- ကိဉ္စာပိ ယာဝ သော ဘိက္ခုဘာဝံ ပဋိဇာနာတိ၊ တာဝ ဝန္ဒိတဗ္ဗော၊ ယဒါ ပန "အဿမဏော်မှိ"တိ ပဋိဇာနာတိ၊ တဒါ နဝန္ဒိတဗ္ဗော။ (၃၅၁)

– ပါရာဇိကကျသောရဟန်းတု သံသယရှိလျက် ထိုရဟန်းနှင့် ကံအတူပြုမူ

ပါရာဇိကကျသောရဟန်း၌ သံသယမကင်းသော်လည်း "ရဟန်း

မဟုတ်"ဟု အမှန်မဆိုနိုင်သောကြောင့်၎င်း၊ ရဟန်း မဟုတ် သော်လည်း "ရဟန်း"ဟု ဝန်ခံသောကြောင့်၎င်း "ရဟန်း" ဟူသော အမှတ်သညာဖြင့် အတူတကွ ကံဆောင်လျှင် ဆောင်အပ်သောကံ သံယောလောက်လျှင် အောင်မြင်ပါသည်။

ဥပဇ္ဈာယ်ဆရာမပါဘဲ ကမ္မဝါစာဖတ်ခြင်း

- သိမ်အတွင်း၌ ဥပဇ္ဈာယ်ဆရာတော်မရှိဘဲ
- သိမ်ပ၌ရှိသော ဥပဇ္ဈာယ် (သို့မဟုတ်) ပျံလွန်တော်မူသော ဥပဇ္ဈာယ်၏ အမည်ကို သုံးသပ်၍ ကမ္မဝါစာဖတ်ရာ၌ -
- နာ ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္မာဒေတဗ္ဗော၊ ယော ဥပသမ္မာ ဒေယျ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃။ ၁၂၄။)

၁။ အနုပဇ္ဈာယကန္တိ ဥပဇ္ဈံ အဂါဟာပေတွာ သဗ္ဗေန သဗ္ဗံ ဥပဇ္ဈာယ ရဟိတံ၊ ဧဝံ ဥပသမ္ပန္နော နေဝ ဓမ္မတော နာ အာမိသတော သင်္ဂဟံ လဘန္တိ၊ တေ ပရိဟာယန္တိယေဝ နာ ဝဍ္ဎန္တိ။

၂။ နာ ဘိက္ခဝေ အနုပဇ္ဈာယကောတိ ဥပဇ္ဈံ အဂါဟာပေတွာ နိရုပဇ္ဈာယကော နာ ဥပသမ္မာဒေတဗ္ဗော၊ ယော ဥပသမ္မာဒေယျ အာပတ္တိ ဒုက္ကဋဿာတိ သိက္ခာပဒပညတ္တိတော ပဌာယ ဧဝံ ဥပသမ္မာ-ဒေန္တဿ အာပတ္တိ ဟောတိ၊ ကမ္မံ ပန နာ ကုပ္ပတိ၊ ကေစိ ကုပ္ပန္တိတိ ဝဒန္တိ၊ တံ နာ ဂဟေတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၀၇။)

- **သဗ္ဗေန သဗ္ဗံ ဥပဇ္ဈာယ ဝိရဟိတံ**
  ၏ အဓိပ္ပါယ်ကား - ထိုပဋိဉ်းလောင်းမှာ ယခုသိမ်အပြင်၌ ယူသော ဥပဇ္ဈာယ်လည်း မရှိ၊ သိမ်အတွင်းသို့မရောက်မီ ရှေးအဖို့၌ ယူဖူးသော သိမ်တွင်း, သိမ်ပ၊ တိုက်တွင်း, တိုက်ပ၊ အနီးနေ, အဝေးနေ ဥပဇ္ဈာယ်လည်း မရှိ၊ အချင်းခပ်သိမ်းဥပဇ္ဈာယ်ဟူ၍ လုံးဝမရှိသည်ကို ဆိုသည်။
- ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟတို့ဖြင့် ခိုးမြောက်ထောက်ပံ့မည့် ဥပဇ္ဈာယ်

ဆရာသည် ထိုသိမ်အတွင်းမှာ မပါမူ၍ တိုက်တွင်း, တိုက်ပအနီး အဝေးမှာ ရှိခဲ့သော် အနုပဇ္ဈာယက = ဥပဇ္ဈာယ်မရှိသော ရဟန်း လောင်းဟု မဆိုနိုင်။

ဥပဇ္ဈာယ်ဆရာသည် ရဟန်းခံရာသိမ်အပြင်၌ မပါမူ၍ သိမ်ပ, တိုက်ပ, အနီးအဝေး၌ ဥပဇ္ဈာယ်ဆရာထံမှာ ဥပဇ္ဈာယ်ယူစေ၍ ကမ္မဝါစာဖတ် မည်ရှိသောအခါ၌ "မည်သည့်ဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ဆရာ ဟူ၍မှတ်၊ **ထိုဘုန်း**တော်ကြီး၏အမည်ကို တိသ-ဟူ၍မှတ်ဟူ အသိ ပေး၍ ဖတ်ရွတ်ကြလျှင် ကမ္မဝါစာဆရာ, ကာရကသံဃာတို့၌လည်း အာပတ်သင့်ဖွယ် ကိစ္စမရှိပြီဟူသော အဓိပ္ပါယ်သည်လည်း ဧကန္တ ပြီးစီး၏။

"ကမ်ံ ပန နကုပ္ပတီ"တိ ကဒံ ဥပဇ္ဈာယာဘာဝေပိ "ကတ္ထန္နာမသာ ဥပသမ္ပဒါပေက္ခော၊ ကတ္ထန္နာမေန ဥပဇ္ဈာယေနာ"တိ မတာသာ ဝါ ဝိဇ္ဇာမန္တသာ ဝါ ပုရာဏဥပဇ္ဈာယသာ အညသာ ဝါ ယသာ ကသာစိ အဝိဇ္ဇမာနသာပိ နာမေန သဗ္ဗတ္ထ ဥပဇ္ဈာယကိတ္တနသာ ကတတ္တာ ဝုတ္တံ။ (ဝိမတိ၊ ၂။ ၁၂၅။)

(က) တတ္ထ "အယ"န္တိ ဥပသမ္ပဒါပေက္ခသာ ဟတ္ထပါသေ သန္နိဟိတ ဘာဝဒသာနံ။ တေန စ ဟတ္ထပါသေ ဌိတသေဝ ဥပသမ္ပဒါ ရုဟတီတိ သိဒ္ဓတိ ဟတ္ထပါသတော ဗဟိ ဌိတသာ "အယ"န္တိ နာ ဝတ္တဗ္ဗတော။

တေနေဝ အနုသာသကသမ္မုတိယံ သော ဟတ္ထပါသတော ဗဟိ ဌိတတ္တာ "အယ"န္တိ နာ ဝုတ္တော၊ တသ္မာ ဥပသမ္ပဒါ-ပေက္ခော အနုပသမ္ပန္နော ဟတ္ထပါသေ ဌပေတဗ္ဗော အယံ ကတ္ထန္နာမောတိ အယံ သဒ္ဒါ စ အဝသာံ ပယုဇ္ဇိတဗ္ဗော။

(ခ) နနု စေတ္ထ ဥပဇ္ဈာယောပိ ဥပသမ္ပဒါပေက္ခော ဝိယ ဟတ္ထပါသေ ဌိတော ဧဝ ကတ္ထန္နာမောတိဗ္ဗော၊ အထ ကသ္မာ "အယံ ကတ္ထန္နာမော

ဣမသ္မ ဣတ္ထန္နာမသ္မ ဥပသမ္ပဒါပေက္ခော”တိ ဧဝံ ဥပဇ္ဈာယ ပရာမသနေပိ ဣမသဒ္ဒသ္သ ပယောဂေါ န ကတောတိ? နာယံ ဝိရောဓော ဥပဇ္ဈာယသ္သ အဘာဝေပိ ကမ္မကောပါ ဘာဝတော။

ကေဝလဥ္စိ ကမ္မနိပ္ဖတ္တိယာ သန္တပဒဝသေန အဝိဇ္ဇမာနသ္သာပိ ဥပဇ္ဈာယသ္သ နာမကိတ္တနံ အနုပဇ္ဈာယသ္သ ဥပသမ္ပဒါဒိသုပိ ကရီယတိ။ တသ္မာ ဥပဇ္ဈာယသ္သ အသန္နိဟိတတာယပိ တပ္ပရာမသနမတ္တေနေဝ ကမ္မသိဒ္ဓိတော “ဣမသ္သာ”တိ နိဒ္ဒိသိတုံ န ဝဋ္ဋတိ။ (ဝိမတိ၊ ၂။ ၁၃၄။)

“သုဏာတု မေ ဘန္တေ သံယော၊ အယံ ဣတ္ထန္နာမော ဣတ္ထန္နာမသ္သ ဥပသမ္ပဒါပေက္ခော”ဟူသော ဥတ်ကမ္မဝါစာ ပါဠ်တို့၌ အယံ- ဆိုသည်ကား ပဉ္စင်းလောင်း၏ သံယဟတ္ထပါသ်အတွင်း အနီး၌ ထင်ရှားရှိသည်ကို ပြသောပုဒ်တည်း။

- ထိုအာသန္နပစ္စက္ခအနက်ကို ပြတတ်သော ဣမ-သဒ္ဒနာမ် ပုဒ်ဖြင့်ပြီးသော အယံ-သဒ္ဒါကိုဆိုသောကြောင့် ရဟန်းလောင်းသည် သံယဟတ္ထပါသ် အတွင်း၌ ရှိနေမှသာ ကံမြောက်၏။

အဘယ်ကြောင့်နည်းဟူမူကား -

သံယဟတ္ထပါသ်မှ အပ၌တည်သော ပဉ္စင်းလောင်းကို အယံ-ဟူ၍ အာသန္နပစ္စက္ခအနက်ကိုဟောသော ဣမ-သဒ္ဒါနှင့် မဆိုထိုက်သောကြောင့်တည်း။

- (ခ) ပဉ္စင်းလောင်းကို သံယဟတ္ထပါသ်၌တည်ရှိသည်ကို အလိုရှိအပ်သကဲ့သို့ ဥပဇ္ဈာယ်ဆရာကိုလည်း သံယဟတ္ထပါသ်၌ တည်ရှိသည်ကိုသာ အလိုရှိအပ်သည် မဟုတ်လော? ထိုသို့ အလိုရှိအပ်သည်မှန်လျှင် ပဉ္စင်းလောင်းကို “အယံ ဣတ္ထန္နာမော” ဟု ဟော်တော်မူသကဲ့သို့ ဥပဇ္ဈာယ်ကိုလည်း “ဣမသ္သ ဣတ္ထန္နာ မသ္သ” ဟု ဣမ-

သဒ္ဒါနှင့် ဟောတော်မူသင့်သည် မဟုတ်ပါလော?

ဤသို့ အပြစ်တင်စောဒနာအံ့ -

ဤအပြစ်တင်ခြင်းသည် မရှိသင့်ပါ၊ အဘယ့်ကြောင့်နည်း ဟူမူ သိမ်အတွင်း၌ ဥပဇ္ဈာယ်မရှိသော်လည်း ကံပျက်ခြင်းမရှိခြင်း ကြောင့်တည်း။

ထိုစကားသည် မှန်၏ -

သဒ္ဓိဝိဟာရိကအား ဖြင့် ကံပြီးခြင်းအကျိုးငှာ ကမ္မဝါစာ၌ ထင်ရှားရှိသော ပုဒ်, ပါဠိ၏ အစွမ်းဖြင့် သိမ်တွင်းဟတ္ထပါသ်၌မရှိသော ဥပဇ္ဈာယ်ဆရာ၏အမည်ကို ဖတ်ကြားခြင်းကို ဥပဇ္ဈာယ်မရှိသော ပဉ္စင်းခံမူတို့၌လည်း ပြုအပ်သည်သာဖြစ်၏၊ ထို့ကြောင့် သိမ်အပြင် သံဃဟတ္ထပါသ်အတွင်း၌ ဥပဇ္ဈာယ်ဆရာ မရှိငြားသော်လည်း ဥပဇ္ဈာယ်ဆရာကို သုံးသပ်၍ ဖတ်ရွတ်ကာမျှဖြင့်ပင်လျှင် ကံမြောက်လျက်ရှိသောကြောင့် ဣမသ-ဟူ၍ ညွှန်ပြဖတ်ရွတ်ခြင်းငှာ မသင့်ပြီ။

"သပိတ် သင်္ကန်း မပြည့်စုံသောသူကို ရဟန်းမခံရ"ဟု ဆိုငြားသော်လည်း သပိတ်, သင်္ကန်း မရှိပဲလျက် "ပရိပုဏ္ဏာသ ပတ္တစီဝံရံ"ဟု ဖတ်ရွတ်သော် ကံမပျက်သကဲ့သို့ဌင်း၊

မတောင်းပန်သော် ရဟန်းမခံရ-ဟု ဆိုငြားသော်လည်း မတောင်းပန်သူကို "သံဃံ ဥပသမ္မဒံ ယာစတိ"ဟု ဖတ်ရွတ်သော် ကံမပျက်သကဲ့သို့ဌင်း၊ **ဥပဇ္ဈာယ်ဆရာအနီး၌ မရှိငြားသော်လည်း ဥပဇ္ဈာယ်၏အမည်ကို ကမ္မဝါစာ၌ ထည့်သွင်း၍ ဖတ်ခဲ့သော်** ကံ မပျက်ဟု မှတ်ရမည်။

ဥပဇ္ဈံ အဂါဟေပေတွာပိ "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ"တိ ဧဝံ ဥပဇ္ဈံ အဂါဟာပေတွာ။ ကမ္မဝါစာယ ပန ဥပဇ္ဈာယကိတ္တနံ ကတံ ယေဝါတိ ဒဋ္ဌဗ္ဗံ။ အညထာ "ပဋ္ဌလံ နာ ပရာမသတီ"တိ ဝုတ္တ ကမ္မဝိပတ္တိ သမ္ဘဝတော ကမ္မံ ကုပ္ပေယျ။ တေနေဝ "ဥပဇ္ဈာယံ

အကိတ္တောတ္တာ"တိ အဝတ္တာ "ဥပဇ္ဈံ အဂါဟာပေတ္တာ" ဣစ္စေဝ ဝုတ္တံ။

ယထာ စ အပရိပုဏ္ဏာပတ္တစီဝရဿ ဥပသမ္ပာဒနကာလေ ကမ္မဝါစာယ "ပရိပုဏ္ဏာဿ ပတ္တစီဝရ"န္တိ အဿန္တဝတ္ထုံ ကိတ္တေတ္တာ ကမ္မဝါစာယ ကတာယပိ ဥပသမ္ပဒါ ရုဟတိ၊ ဧဝံ "အယံ ဗုဒ္ဓရက္ခိတော အာယသ္မတော ဓမ္မရက္ခိတဿ ဥပသမ္ပဒါပေက္ခော" တိ အဿန္တံ ပုဂ္ဂလံ ကိတ္တေတ္တာ ကေဝလံ သန္တပဒ နိဟာရေန ကမ္မဝါစာယ ကတာယ ဥပသမ္ပဒါ ရုဟတိယေဝါတိ ဒဋ္ဌဗ္ဗံ၊ တေနေဝါဟ "ကမ္မံ ပန နာ ကုပ္ပတီ'တိ။

(သာရတ္ထ၊ ၃။ ၂၆၃။)

ပါဠိတော်၌ "ဥပဇ္ဈာယ် ထင်ရှားမရှိသောရဟန်းလောင်းကို ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ်သင့်ကြောင်း"မျှကိုသာ ဟောတော်မူသည်၊ ထို ရဟန်းလောင်းသည် ရဟန်းမဖြစ်-ဟုကား ဟောတော်မမူ။ ထိုကြောင့် "ဥပဇ္ဈာယ်မရှိသော ရဟန်းလောင်းကို ရဟန်းခံပေးလျှင် ကံပျက်၏"ဟု ဆိုကုန်သော ကေစိဆရာတို့၏ အဆိုကို မမှတ်ယူအပ်-ဟု အဋ္ဌကထာဆရာ မိန့်တော်မူ၏။

နာ ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပ သမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿသာတိ ဧတ္တကမေဝ ဝတ္တွာ "သော စ ပုဂ္ဂလော အနုပသမ္ပန္နော"တိ အဝုတ္တတ္တာ ကမ္မဝိပတ္တိ လက္ခဏဿ စ အသမ္ဘဝတော "တံ နာ ဂဟေတဗ္ဗ"န္တိ ဝုတ္တံ။

(သာရတ္ထ၊ ၃။ ၂၆၃။)

ကမ္မဝါစာ ၃-ပါး ဖတ်ခြင်း

ပေါရာဏကဝိနယာဓရထေရာ ကမ္မဝိပတ္တိသင်္ကာ ပရိဟရဏတ္ထံ ဒ္ဝိဟိ တီဟိ ဧကေဟာ အနုဿာဝနံ သာဝယန္တိ-ဟူသော ဝိနယ ဝိနိစ္ဆယဋီကာ၌ ပြဆိုအပ်သော စကားနှင့်လျော်စွာ ၂-ပါး, ၃-ပါးသော ကမ္မဝါစာဆရာတို့ တပြိုင်နက်ရွတ်ဖတ်ခြင်းသည်သာ ကောင်းမြတ်၏၊

တီဟိ အာစရိယေဟေဝ၊ ဧကတော အနုသာဝနံ။
သြသာရေတွာ ကတံ ကမ္မံ၊ နု စ ကုပ္ပတိ ကပ္ပတိ။
(ဝိနယဝိနိစ္ဆယ)

* ရဟန်းလောင်းကို အပသို့ထုတ်ရာ၌

ဟတ္ထပါသ်သည် -

၁။ တစ်တောင့်ထွာ ဟတ္ထပါသ်

၂။ နှစ်တောင့်ထွာ ဟတ္ထပါသ်

၃။ တစ်ဆယ့်နှစ်တောင် ဟတ္ထပါသ်ဟူ ၃-မျိုးရှိ၏၊

အမှုမှိ သြကာသေ-အရ တစ်ချို့က ၂-တောင်ထွာ ဟတ္ထပါသ်, တစ်ချို့က ၁၂-တောင်ဟတ္ထပါသ်ဟူ အသီးအသီး ယူကြ၏။

= ဂစ္ဆ-ဟူသောပါဠ်အရ အလွန်ကြီးသွားလိုက်မည်စိုး၍ "အမှုမှိ သြကာသေ တိဋ္ဌာဟိ"ဟု နှစ်တောင့်ထွာဟတ္ထပါသ် လွတ်လောက်ရာအရပ်၌ မသွားတံ့ဖို့ရန် ထပ်မံ၍ ညွှန်ကြားခြင်းဖြစ်သည်။ (တိပိ၊ မင်းကွန်း)

= နု ဘိက္ခဝေ အသမ္မတေန အနုသာဝိတတ္တော၊ ယော အနုသာ-သေယျ၊ အာပတ္တိ ဒုက္ကဋဿ။

= အနုဇာနာမိ ဘိက္ခဝေ သမ္မတေန အနုသာဝိတုံ။ (ဝိ၊ ၃။ ၁၃၀။)

= အနုဇာနာမိ ဘိက္ခဝေ ပဌမံ အနုသာသိတွာ ပစ္ဆာ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ။

= အနုဇာနာမိ ဘိက္ခဝေ ဧကမန္တံ အနုသာသိတွာ သံဃမဇ္ဈေ အန္တရာယိ ကေ ဓမ္မေ ပုစ္ဆိတုံ။

= နု ဘိက္ခဝေ ဧကတော အာဂန္တုံ၊ အနုသာသကေန ပဌမတရံ အာဂန္တွာ သံယော ဉာပေတဗ္ဗော။

(သစေ ဥတ္တိဒုတိယကမ္မံ ဘဝေယျ၊ ကမ္မနိဋ္ဌာနဝါကျံ သကိံ အနုသာဝိတဗ္ဗံ၊

- သစေ ဥတ္တိစတုတ္ထကမ္မံ ဘဝေယျ၊ တိက္ခတ္တုံ၊ အနုသာဝိတဗ္ဗန္တိ အာစရိယေဟိ ဝုတ္တံ)
- ယဿာယသ္မာတော-ကို ဆဋ္ဌီကတ္တားဟုဆိုရာ၌ ခမတီ-ကြိယာပုဒ်က ကမ္မဝါစကဖြစ်၍ ဆိုခြင်းမဟုတ်၊
- ဘောဟောကြိယာ၊ နောက်၌တခြား၊ ရှိတုံငြားမူ၊ ကတ္တား ဆဋ္ဌီမှန်၊
- ယူ, တ, တိ, ဏာ၊ ဘောဟောပါမူ၊ ရံခါနှစ်ပါး၊ ကံကတ္တား၊ သက်ငြား ဆဋ္ဌီပြ-ဟူသောနိယံအရ "ကမ္မသ္မာ ကထိနစိဝရဿ ဒါနံ" တွင် ဒါနံ-ဟူသော ဘာဝဝါစကကြိယာ၌ စပ်ခိုက်ကိုရည်၍ ဆိုတော်မူခြင်းဖြစ်ပါသည်။

ဘောဟော အပဓာနကြိယာသို့စပ်ရသောကတ္တားနှင့် ကံပုဒ်တို့သည် ဆဋ္ဌီ ကတ္တား, ဆဋ္ဌီကံဖြစ်လာရသည်သာ ထူး၏-ဟု ပြအပ်သော နောက်စကားရပ်ကို ထောက်ထားပါလေ။

ဒွန္ဒဥပသမ္ပဒ

အနုဇာနာမိ ဘိက္ခဝေ ဒ္ဝေ အနုသာဝနေ ကာတုန္တိ အနုဇာနာမိ ဘိက္ခဝေ ဒ္ဝေ တယော ကောနုဿဝနေ ကာတုံ၊ တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန၊ န တွေဝ နာနုပဇ္ဈာယေနနာတိ စ။ (ဝိ၊ ၃။ ၁၂၉။)

ဝစနတော အယံ ဒွန္ဒကမ္မဝါစာဝိဓိ။

= တဇ္ဇနီယကမ္မပါဠိအနုလောမံ

သုဏာတု - - - ဣမေ (နာဂသိဟဒတ္တာ)

= အနုသိဋ္ဌာ တေ မယာ၊ (ဗဟုဝုစ်ကမ္မဝါ)

= ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ။

= ဥပသမ္ပဒကမ္မဝါစာဝယ် "ပရိပုဏ္ဏာသ ပတ္တစီဝရံ"ဟူသော မူလကမ္မဝါစာ၌ "ပရိပုဏ္ဏာသ"ကို "ပရိပုဏ္ဏံ အာသ"ဟု ပုဒ်ဖြတ်၍ 'အာသ'၌ 'အ'သည် ဣမ-သဒ္ဒါ၏ ကာရိယ၊ တ-သဒ္ဒါ၏ ကာရိယ ဤနှစ်မျိုးတို့တွင် တ-သဒ္ဒါ ၏ ကာရိယဖြစ်ကြောင်း ပါဠိတော်

အထောက်အထား ဆဋ္ဌသံဂါယနာ မြန်မာပြန် အထောက်အထားများ ခိုင်လုံစွာ တွေ့ရပါသောကြောင့် ဤ၌ "ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ" ဟူ၍ ဖော်ပြ ရိုက်နှိပ်စေပါသည်။

(က) သုဏာတု မေ ဘန္တေ သံယော-ဟူသော ဥယျောဇနဝါကျ။

(ခ) အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊

ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ-ဟူသော ပထမအကြိမ် ဝတ္ထုကြောင်းကို ဖော်ပြသည့် ဥဒ္ဒေသဝါကျ။

(ဂ) ပရိပုဏ္ဏာဿ ပတ္တစီဝရံ -

ရဟန်းလောင်း နာဂကို တစ်ဖန်ထပ်၍ ညွှန်ပြသော အနုဒ္ဒေသဝါကျ -

ဤဝါကျ၌ ပရိပုဏ္ဏာဿ-ကို ပရိပုဏ္ဏံ အဿ-ဟု ပုဒ်ဖြတ်ရာ အဿ-၌ အ-သည် အနုဒ္ဒေသဖြစ်သည်၊ တ-သဒ္ဒါ၏ ကာရိယ ဖြစ်ကြောင်း ဖော်ပြလတ္တံ့သောပါဠိတော် နိဿယ၊ ပိဋကမြန်မာပြန် အထောက် အထားတို့အရ သိသာလှသော ကြောင့် ဤဥပသမ္ပဒါ ဒွိန္နကမ္မဝါစာ၌ "ပရိပုဏ္ဏံ တေသံ ပတ္တ စီဝရံ" ဟူ၍ မိမိတို့၏ဆရာ စဉ်ဆက် ရွတ်ဖတ်သည့်အတိုင်း ရိုက်နှိပ်စေပါသည်။

ပါဠိတော်အထောက်

၁။ သုဏာတု မေ ဘန္တေ သံယော။ (ဥယျောဇန)

= ကဿာနာမော စ ကဿာနာမော စ ဘိက္ခု။ ကဿာနာမဿ ဘိက္ခုနော သံယဘေဒါယ ပရက္ကမန္တဿ အနုဝတ္တကာ ဝဂ္ဂဝါဒကာ၊

(ဝတ္ထုပြု ဥဒ္ဒေသဝါကျ)

= တေ တံ ဝတ္ထုံ နပ္ပဋိနိဿဇ္ဇန္တိ၊ (တစ်ဖန်ညွှန်ပြ အနုဒ္ဒေသဝါကျ)

(ဝိ၊ ၁။ ၂၆၉။)

၂။ သုဏာတု မေ ဘန္တေ သံယော။
= အယံ ဣတ္ထန္နာမော ဘိက္ခု သံယေန ပဇ္ဇာဇနိယကမ္မကတော ဘိက္ခု။ ဆန္ဒဂါမိတာ ဒေါသဂါမိတာ မောဟဂါမိတာ ဘယဂါမိတာ ပါပေတိ၊ (ဥဒ္ဒေသဝါကျ)
= သော တံ ဝတ္ထုံ နပ္ပဋိနိဿဇ္ဇတိ၊ (အနုဒ္ဒေသဝါကျ)
(ဝိ၊ ၁။ ၂၈၂။)

၃။ သုဏာတု မေ ဘန္တေ သံယော၊
= အယံ ဣတ္ထန္နာမော ဘိက္ခု သမ္မဟူလာ သံယာဒိသော အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ နု ဇာနာတိ၊ ရတ္တိပရိယန္တံ နု ဇာနာတိ၊
= ရတ္တိပရိယန္တေ ဝေမတိကော။ (ဥဒ္ဒေသ ၇-ဝါကျ)
= သော သံယံ တာသံ အာပတ္တိံ နံ သုဒ္ဓန္တပရိဝါသံ ယာစတိ၊
(အနုဒ္ဒေသဝါကျ- ဝိ၊ ၃။ ၁၅၂။)

နိဿယ

အသ = ထိုပဉ္စင်းလောင်းအား။
ပတ္တစီဝရံ = သည်။
ပရိပုဏ္ဏံ = ပြီ။
- ဝေယ်ဘုံသာ၊ ဝိ၊ ၃။ နိသျ - ၁၉၇။
- ဆင်တဲ၊ ဝိ၊ ၃။ နိသျ-ပ။ ၂၀၆။

မြန်မာပြန်

ထိုပဉ္စင်းလောင်းအား သပိတ်, သင်္ကန်းပြည့်စုံ၏။ (ဝိ၊ ၃။ မြန်-၁၃၃။)
- ဣဒံ မေ ဘန္တေ နဝံ ဒုဿယုဂံ ဘဂဝန္တံ ဥဒ္ဒိဿ သာမံ ကန္တံ သာမံ ဝါယိတံ၊
- တံ မေ ဘန္တေ ဘဂဝါ ပဋိဂ္ဂဏှာတု၊ အနုကမ္ပံ ဥပါဒါယ။
(မ၊ ၃။ ၂၉၆)

(တိပိဋကမင်းကွန်းကမ္မဝါစာ)

* **<u>ရဟန်းလောင်းကို ဒွန်တွဲရာ၌</u>**

- အယံ နာဂေါ စ အယံ နာဂေါ စ-ဟု နိဂ္ဂဟိတန္တာ အားဖြင့်လည်း ရွတ်ဖတ်အပ်၏။

- အယဉ္စ နာဂေါ အယဉ္စ နာဂေါ-ဟု ဝိမုတ္တအားဖြင့်လည်း ရွတ်ဖတ်ခြင်းငှာ အပ်၏။

အဋ္ဌကထာဆရာသည်

ကေနာစရိယေန ဒွေ ဝါ တယော ဝါ အနုဿာဝေ-တဗ္ဗော-ဟူသောပါဠိဖြင့် တစ်ယောက်သော ကမ္မဝါစာဆရာသည် နှစ်ယောက်, သုံးယောက်သော ရဟန်းလောင်းတို့ကို ဖတ်ရွတ်အပ်ကုန်၏။

ဒ္ဝိဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ကေန ကေဿာတိ ဝေံ ကေပဟာရေနေဝ ဒွေ တိဿော ဝါ ကမ္မဝါစာ ကာတဗ္ဗာ-ဟူသောပါဠိဖြင့် နှစ်ယောက်သော ကမ္မဝါစာဆရာ, သုံးပါးသော ကမ္မဝါစာဆရာတို့သည် အသီးအသီး တစ်ယောက်သော ရဟန်းလောင်းအားငဲ့၍ တစ်ပြိုင်နက်တည်းသော ခဏ၌ပင် နှစ်ကြိမ်သော ကမ္မဝါစာကိုဝင်း, သုံးကြိမ်သော ကမ္မဝါစာကိုဝင်း ရွတ်ဖတ်အပ်ကုန်၏။

= ထိုနှစ်ချက်သော အာဘောဂတို့တွင် **ဒုတိယအာဘောဂ** အချက်ကို ဖော်ပြရာ၌ ရှေးဦးစွာ စိစစ် ဝေဖန်ပြပေအံ့ -

ဆိုအပ်ခဲ့ပြီးသောမဟာဝါပါဠိတော်၏ အာဘောဂ နှစ်ချက်တို့တွင် ဒုတိယအာဘောဂအချက်ကို ဖော်ပြတော်မူသော ဗုဒ္ဓမတညူ အဋ္ဌကထာဆရာသည် ပါရာဇိကဏ်ပါဠိတော် သံယာဒိသိသ် ကုလဒူသကသိက္ခာပုဒ်၌ ဝစ္စဖြစ်သော ကာရကပဒ, ဝါစကဖြစ်သော ကြိယာပဒတို့ကို ဗဟုဝစန၏ အစွမ်းဖြင့် ဟောတော်မူအပ်သော - **သုဏာတု မေ ဘန္တေ သံယော၊ ဣမေ အဿဇိပုနဗ္ဗသုကာ ဘိက္ခူ။ ကုလဒူသကာ ပါပသမာစာရာ**- စသော ပဗ္ဘာဇနီယကမ္မဝါစာ ဗဟုဝစန

ဒေသနာတော်ကို သိမြင်တွေ့ရှိတော်မူသည်ဖြစ်၍ ထိုပဗ္ဘာဇနိယ ကမ္မဝါစာ ဗဟုဝစနဒေသနာကဲ့သို့ ဤသို့လည်း-

- သုဏာတု မေ ဘန္တေ သံယော၊ ဣမေ နာဂါ အာယသ္မတော တိဿသ္သ ဥပသမ္မဒါပေက္ခာ- စသည်ဖြင့်ဂျင်း၊

- သုဏာတု မေ ဘန္တေ သံယော၊ ဣမေ ဗုဒ္ဓရက္ခိတ ဓမ္မရက္ခိတာ အာယသ္မတော တိဿသ္သ ဥပသမ္မဒါပေက္ခာ-

စသည်ဖြင့် ဗဟုဝစန၏ အစွမ်းဖြင့် ဖတ်ရွတ်ရမည်ဟု လွယ်လင့်တကူ အာဘောဂကို ပြုတော်မမူဘဲ အဘယ်ကြောင့် နှစ်ယောက်သော ကမ္မဝါစာဆရာ, သုံးယောက်သော ကမ္မဝါစာဆရာတို့သည် အသီးသီး တစ်ယောက်သော ကမ္မဝါစာဆရာသည် တစ်ယောက်သော ရဟန်းလောင်းအား၌ တစ်ပြိုင်နက် ဖတ်ရသည်ဟု ခက်ခက်ခဲခဲ အာဘောဂကို ဖော်ပြပါသနည်းဟူမူ - အကယ်၍ ဆိုအပ်ခဲ့ပြီးသော ပဗ္ဘာဇနိယကမ္မဝါစာ ဗဟုဝုစ်ဒေသနာကဲ့သို့ ဥပသမ္မဒကမ္မဝါစာ ဒေသနာကိုလည်း ဗဟုဝစန၏အစွမ်းအားဖြင့် ဖတ်ရွတ်ရမည်ဟု အာဘောဂ နှလုံးသွင်းဖော်ပြခြင်းကို ပြုသည်ရှိသော် ဥပသမ္မဒ ကမ္မဝါစာ ဧကဝစနဒေသနာ ပျက်စီးခြင်းသို့ရောက် ခြင်းကြောင့် ဥပသမ္မဒကံလည်း ပျက်စီး၏-ဟူသော အနိဋ္ဌ ဒေါသသည် ရောက်ရာ၏။

နှစ်ယောက်, သုံးယောက်သော ကမ္မဝါစာဆရာတို့သည် အသီးသီး တစ်ယောက်သော ကမ္မဝါစာဆရာသည် တစ်ယောက်သော ရဟန်းလောင်းအား ဝဲ၍ တပြိုင်နက် ဖတ်ရွတ်အပ်ကုန်၏-ဟု အာဘောဂ = နှလုံးသွင်းကို ဗဟုဝစန၏အစွမ်းဖြင့် ဖတ်ရွတ်ရမည်ဟု အာဘောဂ ပြုတော်မမူဘဲ အသီးသီးဝဲ၍ ဖတ်ရွတ်ရမည်ဟုသာ အာဘောဂ ပြုတော်မူသည်။

= ပဌမအာဘောဂ အချက်ကို စိစစ်ဝေဖန်ပေအံ့

ဆိုအပ်ခဲ့ပြီးသောမဟာဝါပါဠိတော်၏ ရှေးဦးစွာ အာဘောဂ၏

အဖြစ်ဖြင့် အဋ္ဌကထာဆရာသည် ဖော်ပြအပ်သော - ဧကေနာစရိ-ယေန ဒွေ ဝါ တယော ဝါ အနုသာဝေတဗ္ဗာ-ဟူသော အဋ္ဌကထာပါဠိ၏ အာဘောဂကို အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ အာယသ္မတော သံယရက္ခိတသ္ဓ ဥပသမ္ပဒါ ပေက္ခောတိ အာဒိနာ နယေန ဧကေန အာစရိယေန ဒ္ဝိန္နံ ကေသ္မိ ခဏေ အနုသာဝနနယော ဒဋ္ဌဗ္ဗော၊ ဣမိနာဝ နယေန တိဏ္ဏမ္ပိ ဧကေန အာစရိယေန ကေဂ္ဘဏေ အနုသာဝနံ ဒဋ္ဌဗ္ဗံ-ဟူ၍ သမုစ္စယဒွန်၏အစွမ်းဖြင့် ဖတ်ကြားရမည်ဟု ဝိမတိ ဝိနောဒနိဋီကာအရှင်သည် ဖော်ပြတော်မူ၏၊ ထိုဝိမတိ ဝိနော-ဒနိဋီကာအရှင်သည် မိမိတွေ့ရှိ သိမြင်အပ်သော ပဗ္ဘာဇနိယ ကမ္မဝါစာ ဗဟုဝစန ဒေသနာကဲ့သို့ ဥပသမ္ပဒ ကမ္မဝါစာ ဧကဝစန ဒေသနာကိုလည်း ဗဟုဝစနပြင်၍ ဖတ်ရွတ်ရမည်ဟု အာဘောဂမပြုဘဲ အာဘယ့်ကြောင့် သမုစ္စယဒွန်၏အစွမ်းဖြင့် ဖတ်ရွတ်ရမည်ဟု အာဘောဂပြုပါသနည်းဟူမူ-ဗဟုဝစနပြင်၍ ဖတ်ရွတ်ရမည်ဟု အာဘောဂပြုခဲ့သော် ဧကဝစနမှ ဖောက်ပြန်၍ ဗဟုဝစန၏အဖြစ်သို့ ရောက်သောကြောင့် ဧကဝစနဒေသနာ ပျက်စီးရကား ကံလည်းပျက်စီး၏-ဟူသော အလို မရှိအပ်သော အနိဋ္ဌဒေါသသည် စင်စစ်ကောန် အမှန်ရောက်တော့သည်။

သမုစ္စယဒွန်၏အစွမ်းအားဖြင့် အာဘောဂပြုသော် - အက္ခရံ ဝါ ပဒံ ဝါ ဆဋ္ဌေန္တောပိ ဒုရုတ္တံ ကရောန္တောပိ အနုသာဝနံ ဟာပေတိယေဝါတိ ဝေဒိတဗ္ဗော-ဟူသော ပရိဝါ ကမ္မဝဂ် အဋ္ဌကထာ၊ အက္ခရပရိဟီနေယေဝ ဟိ သဒေါသော၊ အက္ခရာဓိကေပိ နိဒ္ဒေါသော ယေဝါတိ ဝေဒိတဗ္ဗံ-ဟူသော ဝဇိရဗုဒ္ဓိဋီကာတို့၌ အက္ခရ ဟီန, ပဒဟီန ဖြစ်သော် အပြစ်ရှိသည်၊ အက္ခရာဓိက, ပဒါဓိက ဖြစ်သော် အပြစ်မရှိ-ဟု မိန့်တော်မူကြသည်နှင့်အညီ စ-နိပါဌ်ပုဒ် စသည်တို့ ပိုလွန်ခြင်းကြောင့် အပြစ်ဒေါသ မရှိသည့်အပြင် အရင်းမူလဖြစ်သော ဥပသမ္ပဒကမ္မဝါစာ ဧကဝစန ဒေသနာလည်း မပျက်စီးသည်ဖြစ်၍

ကံလည်း အောင်မြင် အထမြောက်ခြင်းတည်းဟူသော ကုဋ္ဌဖလတည်း ဟူသော လိုအပ်သောအကျိုးကိုလည်း ကောန်ရတော့သည်။ ထိုကြောင့် "ဗဟုဝစန၏အစွမ်းဖြင့်သာ ဖတ်ရွတ်ရမည်"ဟု အာဘောဂ ပြုတော် မမူဘဲ သမုစ္စယဒွန်၏အစွမ်းဖြင့် ဖတ်ရွတ်ရမည်-ဟု အာဘောဂ ပြုတော်မူသည်။

သို့ဖြစ်၍ ဗဟုဝစနဒေသနာကို အဋ္ဌကထာဆရာ, ဋီကာဆရာ တို့ကား မမြင်၊ ငါတို့သာ မြင်သည်-ဟု အထင်မာန်တင်းသော ဆရာ တို့၏ ကောဝစန ဥပသမ္ပဒကမ္မဝါစာကို ဗဟုဝစန ပြင်၍ ဖတ်ကြသည်ကား ကမ္မဝါ-ဟူသည် ယထာရုတဖြစ်၍ သတိထားသင့်၏။

ပရိပုဏ္ဏာသ ပတ္တစီဝရံ-၌ အဿ-ဟူသောပုဒ်ကို သမုစ္စယဒွန်၏ အစွမ်း အားဖြင့် အသီးသီးသောဆရာတို့ ဖတ်ရွတ်ပုံ အဆုံးအဖြတ်-ဆိုခဲ့ပြီးသော မဟာဝါပါဠိတော်၏ ပဌမအာဘောဂကို ဖော်ပြတော်မူ သော အဋ္ဌကထာစကား၏ အာဘောဂကို တဖန် ဝိမတိဆရာသည် ဖော်ပြအပ်သော အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ အာယသ္မာတော တိဿသ္သ ဥပသမ္ပဒါပေက္ခောတိ အာဒိနာ နယေန ကေနာစရိယေန ဒ္ဝိန္နံ ကေသ္မိ ခဏေ အနုဿာ-ဝနနယော ဒဋ္ဌဗ္ဗော။ ကုမိနာဝ နယေန တိဏ္ဏမ္မိ ကေနာ-စရိယေန ကေကဉ္စေ အနုဿာဝနံ ဒဋ္ဌဗ္ဗံ-ဟူ၍ မိန့်အပ်သော ပဌမန္တ ကတ္တာပဒ သမုစ္စယဒွန္ဒ ဥပလက္ခဏအာဒိ ဒီပကနည်းပြကို မှီငြမ်း ပြု၍ ပရိပုဏ္ဏာသ ပတ္တစီဝရံ-ဟူသော ဝါကျ၌ အဿ-ဟူသော စတုတ္ထန္တ သမ္ပဒါနပဒကို ရှေးဆရာကြီးတို့ သည် အသီးသီး မိမိ မိမိတို့၏ ဉာဏ်၌ သက်ရောက်ကြသလို ဖတ်ရွတ်တော်မူကြကုန်သည်။ ဖတ်ရွတ် တော်မူကြပုံမှာ -

အချို့ကား - ပရိပုဏ္ဏာသ စ အဿ စ-ဟူ၍ ၎င်း၊
အချို့ကား - ပရိပုဏ္ဏံ အဿ စ အဿ စ-ဟူ၍ ၎င်း၊

အချို့ကား - ပရိပုဏ္ဏာသ အသ စ-ဟူ၍ ၎င်း၊
အချို့ကား - ပရိပုဏ္ဏာသ စ ပရိပုဏ္ဏာသ စ-ဟူ၍ ၎င်း ဖတ်ရွတ်ကြကုန်၏။

ထိုဆိုအပ်ခဲ့ပြီးသော ဒွန္ဒလေးဝါရတို့တွင် ပဌမဝါရကို ရှေးဦးစွာ သဒ္ဒယုတ္တိ, အတ္ထယုတ္တိ, အာဂမယုတ္တိ ရှိ/မရှိ ဉာဏ်ဖြင့် ရှေ့နောက် ညှိ၍ အတိအကျ ဆုံးဖြတ်ပေအံ့ -

ဥပသမ္ပဒ ဥတ္တိစတုတ္ထကမ္မဝါစာအရာ၌ သမာသဒ္ဓန်, အသမာသဒ္ဓန်အားဖြင့် နှစ်ပါးတို့တွင် အသမာသဒ္ဓန်သာ ဖြစ်သင့်သည်။

တစ်နည်း - သမုစ္စယဒ္ဓန်, အန္ဝာစယဒ္ဓန်, သမာဟာရဒ္ဓန်, ဣတရီတရ ယောဂဒ္ဓန်အားဖြင့် လေးပါးသောဒ္ဓန်တို့တွင် သမာဟာရဒ္ဓန်, ဣတရီတရ ယောဂဒ္ဓန် နှစ်ပါးတို့သည် သမာသ်အရာ၌သာဖြစ်သောကြောင့် ဤ၌ မဖြစ်သင့်။

သမုစ္စယဒ္ဓန်, အန္ဝာစယဒ္ဓန်တို့တွင်လည်း အန္ဝာစယဒ္ဓန်သည် "ဒါနဉ္စ ဒေတိ သီလဉ္စ ရက္ခတိ"၌ကဲ့သို့ ကြိယာကာရက အသီးသီး ဆည်းသောကြောင့် ဤ၌ မဖြစ်သင့်။

စင်စစ်တမူကား - သမဏော စ ဗြာဟ္မဏော စ ဂစ္ဆတိ-ဟူသော ဝါကျဝယ် ဂမနကြိယာတစ်ခုတည်း၌ သမဏော ဗြာဟ္မဏော-ဟူသော ပဌမန္တ ကတ္တုကာရက အချင်းချင်းကိုဆည်းသော သမုစ္စယဒ္ဓန်ကဲ့သို့ဌင်း၊ သမဏဉ္စ ဗြာဟ္မဏဉ္စ ဝန္ဒတိ-ဟူသော ဝါကျဝယ် ဝန္ဒန ကြိယာတစ်ခုတည်း၌ သမဏံ ဗြာဟ္မဏံ-ဟူသော ဒုတိယန္တ ကမ္မကာရက အချင်းချင်းဆည်းသော သမုစ္စယဒ္ဓန်ကဲ့သို့ဌင်း၊ သမဏေန စ ဗြာဟ္မဏေန စ ဒါနံ ပဋိဂ္ဂဟိတံ-ဟူသော ဝါကျဝယ် ပဋိဂ္ဂဟဏကြိယာ တစ်ခုတည်း၌ သမဏေန ဗြာဟ္မဏေန-ဟူသော တတိယန္တ ကတ္တုကာရက အချင်းချင်းဆည်းသော သမုစ္စယဒ္ဓန်ကဲ့သို့ဌင်း၊ သမဏဿ စ ဗြာဟ္မဏဿ စ ဒါနံ ဒေတိ-ဟူသော ဝါကျဝယ် ဒါနကြိယာတစ်ခုတည်း၌ "သမဏဿ

ဗြာဟ္မဏသ” ဟူသော စတုတ္ထဝိဘတ်သမ္ပဒါနကာရက အချင်းချင်း ဆည်းသော သမုစ္စယဒွန်ကဲ့သို့ဎင်း၊ ထို့အတူ ကြိယာတစ်ခုတည်း၌ ကာရက အချင်းချင်းဆည်းသော သမုစ္စယဒွန်သာ ဖြစ်သင့်သည်။ ထိုကြောင့် ဝိမတိဝိနောဒနီဋီကာ၌ -

အယံ ပုဒ္ဓရက္ခီတော စ အယံ ဓမ္မရက္ခီတော စ အာယသ္မတော သံယရက္ခီတသ္သ ဥပသမ္ပဒါ ပေက္ခော-ဟု ဥပေက္ခနကြိယာတစ်ခုတည်း၌ အယံ ပုဒ္ဓရက္ခီတော အယံ ဓမ္မရက္ခီတော-ဟူသော ပဌမန္တ ကတ္တုကာရက အချင်းချင်းဆည်းသော သမုစ္စယဒွန်ကို မိန့်တော်မူသည်။

ထိုဝိမတိဋီကာ၌ အပေက္ခနကြိယာတစ်ခုတည်း၌ ပဌမန္တ-ကတ္တုကာရ က အချင်းချင်းဆည်းသော သမုစ္စယဒွန်ကဲ့သို့ ထို့အတူ ပရိပုဏ္ဏာသ ပတ္တ စီဝရံ-ဟူသောဝါကျကိုလည်း ပရိပုဏ္ဏာကြိယာ တစ်ခုတည်း၌ “အသ အသ” ဟူသော စတုတ္ထဝိဘတ်သမ္ပဒါနကာရက အချင်းချင်းဆည်းသော သမုစ္စယဒွန်ဟု ကြံတော်မူလျက် ပရိပုဏ္ဏာသ စ အသ စ ပတ္တစီဝရံ-ဟု ဖတ်ရှတ်တော်မူကြခြင်းသည် သဒ္ဒယုတ္တိ, အတ္ထ-ယုတ္တိ, အာဂမယုတ္တိ ရှိရကား ဟောတော်မူရင်း ပါဠိလည်း မပျက်, အနိဋ္ဌဒေါသလည်း မစွန်း မဖက် ကံအချက်လည်း ထမြောက်အောင်မြင်ရကား ကောင်းမြတ်သောဝါဒဟု မှတ်ယူရမည်။

အကယ်၍ ရှေ့ဝါကျက အယံ ပုဒ္ဓရက္ခီတော စ-စသည်ဖြင့် သမုစ္စယဒွန်ကို ဖတ်ရှတ်အပ်ခဲ့သည် ဖြစ်ပါလျက် ဤ “ပရိပုဏ္ဏာသ ပတ္တ စီဝရံ”ဟူသော နောက်ဝါကျသို့ ရောက်ခါကျမှ သမုစ္စယဒွန်ကို မဖတ်ရှတ်ဘဲ နေခဲ့ချေမူ ရှတ်ဖတ်ခြင်းငှာ အားထုတ်အပ်သော သမုစ္စယဒွန် အစဉ်ပျက်ကွက်ခြင်းကြောင့် ဘဂ္ဂရီတိဒေါသ ရောက်သည့်အပြင် သမုစ္စယဒွန်အရာ၌ ရှတ်အပ် ရှတ်သင့် ရှတ်ထိုက်သော စ-နိပါတ်ပုဒ်နှစ်ခုနှင့် အသ-ပုဒ်တို့ကို မရှတ် ဆိုခြင်းကြောင့် **ကမ္မဝါစာအန္တရေ အက္ခရသ္သ ဝါ ပဒသ္သ ဝါ အနုစ္စာရဏံ ဝါ ဒုရုစ္စာရဏံ ဝါ**

သာဝနာယ ဟာပနံ နာမ-ဟူသော အဌကထာ, အက္ခရပရိဟီနေ ယေဝ ဟိ သဒေါသော အက္ခရာဓိကေပိ နိဒ္ဒေါသောဧဝါတိ ဝေဒိတဗ္ဗံ-ဟူသော ဝဇိရဗုဒ္ဓိဋီကာတို့နှင့်အညီ ပဒသာဝနဟာပန ဒေါသတို့လည်း မချွတ်ကေန် ရောက်တော့သည်၊ ရောက်လည်း ရောက်သင့်။ ထိုကြောင့် "ပရိပုဏ္ဏာဿ စ အဿ စ ပတ္တစီဝရံ"ဟု သမုစ္စယ ဒွန်ပြင်၍ ဖတ်ရွတ်ကြသောဝါဒသည် အပြစ်ကင်းစင်၍ကံ အထမြောက်ရကား အလွန်ကောင်းမြတ်သော ဝါဒဟု မှတ်ယူရမည်။

ဒုတိယ သမုစ္စယဒွန်ဝါဒ စိစစ်ချက်

ပရိပုဏ္ဏံ အဿ စ အဿ စ-ဟု သမုစ္စယဒွန် ဖတ်ရွတ်ကြသော ဝါဒသည် သဒ္ဒယုတ္တိ, အတ္ထယုတ္တိ, အာဂမယုတ္တိကား ရှိပေ၏၊ သို့ရာတွင် "ပရိပုဏ္ဏာဿ"ဟု သမ္ဗန္ဓနှင့် ဟောတော်မူသည်ကို "ပရိပုဏ္ဏံ အဿ" ဟု ဝဝတ္ထိတပြု၍ ဖတ်ရွတ်ခြင်းကြောင့် မူလဟောရင်းဖြစ်သော ဒေသနာပျက်စီးရကား ပရိဝါ ကမ္မဝဂ် အဌကထာလာ ဗျဉ္ဇနဗုဒ္ဓိနှင့် မညီညွတ်ခြင်းကြောင့် မသင့် ထင်၏။

တတိယ သမုစ္စယဒွန်ဝါဒ စိစစ်ဝေဖန်ချက်

ပရိပုဏ္ဏာဿ အဿ စ-ဟု သမုစ္စယဒွန်ပြု၍ ရွတ်ဖတ်သော ဝါဒသည် "တတ္ထ တဒတ္ထဇောတကော စ သဒ္ဒေါ ဇော ဝါ ဗဟု ဝါ ယောဇေတုံ ဝဋ္ဋတိ-ဟူ၍ နိဒ္ဒေသဌ္ဌ သမုစ္စယဒွန် အရာဝယ် သမုစ္စယတ္ထဇောတကဖြစ်သော စ-သဒ္ဒါ တစ်လုံးဖြစ်စေ, အများဖြစ်စေ ယှဉ်ခြင်းငှာ အပ်၏-ဟု မိန့်သောကြောင့် သဒ္ဒယုတ္တိ, အတ္ထယုတ္တိ, အာဂမယုတ္တိလည်း ရှိသည့်အပြင် ဟောတော်မူရင်း ပါဠိလည်း မပျက်ငြားသော်လည်း ရှေးဝါကျ ပဌမန္တ ကတ္တုပဒ၌ စ-သဒ္ဒါ အသီးသီးယှဉ်၍ ဖတ်ရွတ်ခဲ့သည်ဖြစ်

ပါလျက် ဤစတုတ္ထမြန်တွ သမ္မဒါန ကာရကပဒသို့ ရောက်ကာမှ နှစ်ပုဒ်စလုံး မယှဉ်ဘဲ တစ်ပုဒ်တည်းသာယှဉ်၍ ဖတ်ခြင်းသည် ရွှတ်ဆိုခြင်းငှာ အားထုတ်အပ်သော သမုစ္စယဇောတက စ-သဒ္ဒါ တစ်လုံး ကျိုးပျက်ခြင်းကြောင့် ဘဂ္ဂရီတိဒေါသသို့ ရောက်သည်၊ ထိုကြောင့် ဤဝါဒလည်း သင့်အံ့ မထင်။

စတုတ္ထမြန် သမုစ္စယဒွန်ဝါဒ စိစစ်ဝေဖန်ချက်

"ပရိပုဏ္ဏာသ စ ပရိပုဏ္ဏာသ စ"ဟု အန္ဓာစယဒွန်ပြု၍ ဖတ်ရွတ်သော ဝါဒသည် ရှေ့ဝါကျက ပဌမန္တ ကတ္တုကာရကပဒကို သမုစ္စယဒွန်ပြု၍ ဖတ်ရွတ်ခဲ့သည်ဖြစ်ပါလျက် ဤဝါကျ စတုတ္ထမြန် သမ္မဒါနကာရကပဒသို့ ကျရောက်ခါမှ **အန္ဓာစယဒွန်ပြု၍ ဖတ်ရွတ်ခြင်းကြောင့် ပုဗ္ဗာပရဝိရောဓိ ဒေါသရောက်သည့်ပြင် ဘဂ္ဂရီတိဒေါသလည်း ရောက်ရကား အလွန်မနှစ်သက်အပ်သော ဝါဒဟု မှတ်ယူရမည်။**

(ပဉ္စနိကာယကမ္မဝါစာ)

ပရိပုဏ္ဏိမေသံ။ ။"ဣမေ အဿဇိ ပုနဗ္ဗသုကာ ဘိက္ခူ၊ ကုလဒူသကာ ပါပ သမာစာရာ၊ ဣမေသံ ပါပကာ သမာစာရာ ဒိဿန္တိစေဝ သုယျန္တိ စ၊ ကုလာနိစ ဣမေဟိ ဒုဋ္ဌာနိ ဒိဿန္တိစေဝ သုယျန္တိ စ"ဟု (ဝိ-၁၊၂၇၉/ဝိ-၄၊၂၈) ဝိနယပါဠိတော်လာ "ပဗ္ဘာဇနီယကမ္မဝါစာ"ဝယ် ပထမဝါကျ၌ ဣမေဟု ဆိုခဲ့ပြီးသည်ကိုပင် ဒု+တ ဝါကျတို့၌ ထပ်၍ဆိုရာတွင် တ,သဒ္ဒါဖြင့်မဆိုပဲ ဣမ-သဒ္ဒါဖြင့်ပင် ဣမေသံ, ဣမေဟိ-ဟု ပြဆိုထားသည်နှင့် ဤ ဒွန္ဒ ဥပသမ္မဒ ကမ္မဝါစာ+ ဗဟုဝစန ဥပသမ္မဒ ကမ္မဝါစာ"တို့၌ ပထမဝါကျ၌ရှိသော"ဣမေ (နာဂါ)"ကို ငဲ့၍ "ပရိပုဏ္ဏိမေသံ"ဟု ဣမသဒ္ဒါဖြင့်ပင် ကျေးဇူးရှင်ဆရာတော်ကြီးများ ထားတော်မူခဲ့ခြင်းသည် ထပ်တူ ထပ်မျှ တူညီလှပါပေ၏။

(မြင်းခြံကမ္မဝါစာ)

ရဟန်းလောင်း ဆုံးမခန်း

==========

၁။ **နာမကွါတနကိစ္စ** = ဥပဇ္ဈာယ်ဆရာတော် နှင့် ရဟန်းလောင်း တို့ကို အမည်မှည့်ခြင်းကိစ္စ။

ယခုအခါ၌ဥပသမ္ပဒကံ လွယ်လွယ်ကူကူ ရွက် ဆောင်နိုင်ရန်အကျိုးငှာ ဥပဇ္ဈာယ်ဆရာတော် အဖြစ် ဆောင်ရွက်တော်မူ မည့်----------

----------ဆရာတော်ဘုရား ကြီး၏ အမည်ကို ''အရှင်တိသမဇေဌ'' ဟု မှည့်ပါ၏၊ ဥပသမ္ပဒာတ်, ကမ္မဝါစာရွတ်ဖတ်ရာ၌ ''အာယသ္မတော တိဿသ္သ, အာယသ္မတာ တိသေသန'' ဟု ရွတ်ဖတ်လျှင် ရဟန်းလောင်းက မိမိ၏ ဥပဇ္ဈာယ် ဆရာတော်ဘုရားကြီး၏ အမည် ကို ဖတ်သည်ဟုမှတ်။ ဥပဇ္ဈာယ်ဆရာတော် ဘုရားနှင့် ကာရကသံဃာတော်များကလည်း ဥပဇ္ဈာယ်ဆရာတော်ဘုရား ကြီး၏ အမည်ကို ဖတ်သည်ဟု မှတ်တော်မူကြပါဘုရား။

ရဟန်းလောင်း၏အမည်ကို 'နာဂ'ဟု မှည့်ပါ၏၊ ဥပသမ္ပဒာတ်, ကမ္မဝါစာရွတ်ဖတ်ရာ၌ - ''နာဂေါ, နာဂံ, နာဂသ'' ဟု ရွတ်ဖတ်သည်ရှိသော် ရဟန်းလောင်းက မိမိ၏နာမည်ကို ဖတ်သည်ဟု မှတ်ပါ။ ဥပဇ္ဈာယ်ဆရာတော် ဘုရားကြီးနှင့်တကွ ကာရကသံဃာတော် အရှင်မြတ်များကလည်း ထို့အတူ မှတ်တော်မူကြပါဘုရား။

၂။ **ဥပဇ္ဈာယ္ဂတဏကိစ္စ** = ဥပဇ္ဈာယ်ဆရာတော်အဖြစ် ဆောင်ရွက်ပေးဖို့ လျှောက်ထားခြင်းကိစ္စ။

ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော-ဟူသော ဒေသနာတော်အရ ဦးရှင် ရဟန်း လောင်း ''ဥပဇ္ဈာယ်ဆရာမရှိသော ရဟန်းများသည် ဥပဇ္ဈာယ်ဆရာတော်၏ ပစ္စယာနုဂ္ဂဟ,ဓမ္မာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်မှုကို မရရှိသဖြင့် ဝတ်ရုံပုံ, စားသောက်ပုံ,

နေထိုင်ပုံမှ စ၍ အစစအရာရာ အချိုး မကျ အဆင်မပြေ ကြည်ညိုဖွယ်ဂုဏ်ကို မဆောင်နိုင်ကြ၊ ဒကာ, ဒကာမများ၏ ကြည်ညိုလေးစားမှုကို မခံယူကြရသဖြင့် သာသနာတော်၌ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးတို့ဖြင့် ကြီးပွားခြင်းမရှိကြသောကြောင့် ဘုရားရှင်က ''ဥပဇ္ဈာယ်ဆရာမရှိသော ရဟန်းလောင်းကို ရဟန်းခံမပေးရ''ဟု သိက္ခာပုဒ် ပညတ်တော်မူခဲ့တယ်။ အဲဒါကြောင့် ----------

----------ဆရာတော်ဘုရားကြီးကို ''ဥပဇ္ဈာယ်ဆရာတော်အဖြစ် ဆောင်ရွက်ပေးတော်မူပါဘုရား''လို့ လျှောက်ထားပါ။

ရတနာလောင်း = ဥပဇ္ဈာယော မေ ဘန္တေ ဟောတိ၊ ဆရာ့တော် အရှင်မြတ်ဘုရား ..... ဆရာတော်ဘုရားသည် တပည့်တော်ကို အပြစ်ကြီး, အပြစ်ငယ်တို့ကို မတွယ်မကပ်ရအောင် အမြဲမပြတ် ကြည့်ရှုဆုံးမတော်မူသည့် ဥပဇ္ဈာယ်ဆရာတော်အဖြစ် ဆောင်ရွက်ပေးတော်မူပါဘုရား။ **(သုံးခေါက် လျှောက်ပါ)**

ဥပဇ္ဈာယ်ဆရာတော် = ပါသာဒိကေန သမ္ဟာဒေဟိ၊ ဒကာ, ဒကာမများ ဖူးမြင်ရလျှင် ကြည်ညိုဖွယ်ကို ခံယူနိုင်သည့် ကိုယ်အမူအရာ, နှုတ်အမူအရာတို့ဖြင့် အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ပြည့်စုံအောင် ဖြည့်ကျင့်နေရမည်။

ရတနာလောင်း = အာမ ဘန္တေ၊ နေထိုင်ပါမည်ဘုရား။

၃။ **ပတ္တစီဝရာစိက္ခနကိစ္စ** = သပိတ်, သင်္ကန်း ပြောကြားခြင်းကိစ္စ။

ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ–ဟူသော ဒေသနာတော်အရ ဥပဇ္ဈာယ်ဆရာတော်အဖြစ် ဆောင်ရွက်ပေးဖို့ လျှောက်ထားပြီးနောက် 'ငါ့ရှင် ရဟန်းလောင်း၏ ကိုယ်ပိုင် သပိတ်, သင်္ကန်းမရှိလျှင်

ရဟန်းခံမပေးရ'–ဟု ဘုရားရှင်က မိန့်ကြားတော်မူခဲ့တယ်။ အဲဒါကြောင့် ငါ့ရှင်ပိုင်ဆိုင်ထိုက်တဲ့ ကိုယ်ပိုင်သပိတ်, သင်္ကန်းကို ပြောကြားပါမယ်။

အယံ တေ ပတ္တော = ငါ့ရှင် ရဟန်းလောင်း ငါ့ရှင်ရဲ့ရှိသော ဤသပိတ်သည် ရဟန်းဒါယကာ ဦး_____, ရဟန်းဒါယိကာမ ဒေါ်_____မိသားစုတို့က နိဗ္ဗာန်ကိုရည်မှန်း၍ ငါ့ရှင်အား သဒ္ဓါကြည်ဖြူ ပေးလှူပြီးဖြစ်သောကြောင့် လိုတိုင်းပြုနိုင် မှားမဆိုင်သည့် ငါ့ရှင်၏ ကိုယ်ပိုင် သပိတ်ပေတည်း။ ကိုယ်ပိုင်သပိတ်ဟု မှတ်ထားပါ။။

(အာမ ဘန္တေ)

အယံ သံဃာဋိ = နှစ်လွှာနှစ်ထပ် ချင်းချင်းစပ်၍ ချုပ်ထားအပ်သော ဤဒုကူဋ်သင်္ကန်းကြီးသည် ရဟန်းဒါယကာ ဦး_____ရဟန်းဒါယိကာမ ဒေါ်_____တို့က ငါ့ရှင်အား ကြည်ကြည်ဖြူဖြူ ပေးလှူအပ်ပြီးဖြစ်သောကြောင့် ငါ့ရှင်ပိုင်ဆိုင်သည့် ကိုယ်ပိုင်နှစ်ထပ်သင်္ကန်းကြီးဟု မှတ်ထားပါ။ (အာမ ဘန္တေ)

အယံ ဥတ္တရာသင်္ဂေါ = ငါ့ရှင် ရဟန်းလောင်း ငါ့ရှင် ပခုံးပေါ်၌ တင်လွှမ်း၍ ဆင်မြန်းဝတ်ရုံထားသည့် ဤဧကသီ သင်္ကန်းသည် ရဟန်းဒါယကာ ဦး_____, ရဟန်းဒါယိကာမ ဒေါ်_____တို့က ငါ့ရှင်အား သဒ္ဓါကြည်ဖြူ ပေးလှူပြီး ဖြစ်သောကြောင့် ငါ့ရှင် ပိုင်ဆိုင်သည့် ကိုယ်ပိုင်ဧကသီသင်္ကန်းဟု မှတ်ထားပါ။ (အာမ ဘန္တေ)

အယံ အန္တရဝါသကော = ငါ့ရှင် ရဟန်းလောင်း ငါ့ရှင်၏ ခါးအရပ်၌ဝတ်ထားအပ်သော အစချင်းဆိုင် ဤသင်းပိုင်သည် ရဟန်းဒါယကာ ဦး_____။ ရဟန်းဒါယိကာမ ဒေါ်_____ တို့က ငါ့ရှင်အား သဒ္ဓါကြည်ဖြူ ပေးလှူပြီးဖြစ်သော

(၃၄၈) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

ကြောင့် ငါ့ရှင်ပိုင်ဆိုင်သည့် ကိုယ်ပိုင်သင်းပိုင်သက်နှံးဟု မှတ်ထားရမည်။

(အာမ ဘန္တေ)

၄။ တတ္ထပါသဗတိကရဏကိစ္စ =

၈ဆ အပုပ္ပိ ဩကာသေ တိဋ္ဌာတိ = ငါ့ရှင် ရဟန်းလောင်း ငါ့ရှင်ကိုရဟန်းခံပေးရာ၌ ငါ့ရှင်၏ ခန္ဓာကိုယ်၌ ငါ့ရှင်၏ ရဟန်းဖြစ်/မဖြစ်၊ ဥပဇ္ဈာယ်ဆရာတော်ဘုရားနှင့် ကာရက သံဃာတော်များအား ဝိနည်းဒေသနာတော်အရ အပြစ်လွတ်/မလွတ်, အပြစ်များ ရှိ/မရှိကို သံဃာ့အလယ်၌ စစ်ဆေး မေးမြန်းတော်မူလိမ့်မည်။ စစ်ဆေးမေးမြန်းသည့်အခါ လွယ်လွယ်ကူကူ ပြေဆိုနိုင်ဖို့အတွက် ဘုရားရှင်က ရဟန်းလောင်းကို သင့်လျော်ရာနေရာသို့ ခေါ်သွားပြီး မေးပုံ, ပြေနည်းကို သင်ကြားပေရမည်-ဟု မိန့်ကြားတော်မူခဲ့ပါတယ်။ မေးပုံ, ပြေနည်း သင်ကြားပေးဖို့အတွက် ဥပသမ္ပဒ ကံစီမံဆောင်ရွက်ရန် စည်းဝေးနေတော်မူသည့် သံဃာတော်များမှ နှစ်တောင့်ထွာ ဟတ္ထပါသ်လွတ်လောက်ရာ ထိုပြင်ပအရပ်သို့ သံဃာတော်ကို ရှေးရှု မျက်နှာမူ လက်အုပ်ချီ၍ နောက်ဆုတ် နောက်ဆုတ် သွားပြီး မတ်တတ်ရပ်စောင့်နေပါ။ အနုသာသနဉတ် ပြီးဆုံးလတ်သော် ဆတ်ဆတ် မသွေ ငါလိုက်လာခဲ့ပါမယ်။

=====OOO=====

(အနုသာသနဥတ် ရွတ်ဖတ်ခြင်း)

၁။ **အနုသာသကကိစ္စ** = မေးပုံ, ဖြေနည်း သင်းကြားပေးခြင်းကိစ္စ။

(က) သုဏာသိ ဥပသမ္ပဒါပေက္ခ = ငါ့ရှင်ရဟန်းလောင်း နားစိုက် ၍ထောင်ပါ။

(ခ) အယံ ဇေတ သစ္စကာလော ဘူတကာလော = ဥပသမ္ပဒကံ စီမံဆောင်ရွက်ရန် နီးကပ်နေရာ ဤအချိန်အခါသည်ကား ငါ့ရှင်ရဟန်းလောင်း၏ ရှိသမျှ ဟုတ်သမျှ ဖြစ်သမျှ သဘာဝကို မထိန်မချန်ပဲ မှန်ရာ, ဟုတ်ရာကိုသာ လျှောက်ထားရမည့်အခါဖြစ်တယ်။

(ဂ) ယံ ဇာတံ၊ တံ သံဃမဇ္ဈေ ပုစ္ဆန္တေ သန္တံ အတ္ထိတိ ဝတ္တဗ္ဗံ = သံဃာ့အလယ်ရောက်သည့်အခါ ပုစ္ဆက သမ္မုတိရဟန်းတော်က ငါ့ရှင်၏ ခန္ဓာကိုယ်မှာ ငါ့ရှင် ရဟန်းဖြစ်/မဖြစ်၊ ငါ့ရှင်ကို ရဟန်းခံပေးသည့် ဥပဇ္ဈာယ်ဆရာတော် ဘုရားနှင့် ကာရကသံဃာတော် များမှာ ဝိနည်းဒေသနာတော်အရ အာပတ် သင့် / မသင့်, အပြစ်များ ရှိ/မရှိကို စစ်ဆေးမေးမြန်းတော်မူ လိမ့်မည်။ အဲဒီလို စစ်ဆေးမေးမြန်းတော်မူသည့်အခါ–

လေးပါးဓာတ်ခို ငါ့ရှင်၏ခန္ဓာကိုယ်မှာ ရှေး အတိတ်ကံ ပြုစီမံသဖြင့် အမှန်ပကတိ ထိုအပြစ်များ ရှိခဲ့, ဖြစ်ခဲ့ လို့ရှိလျှင် အာမ ဘန္တေ = ရှိပါသည်၊ ဖြစ်ပါသည်၊ ဟုတ်ပါသည်ဘုရားဟု ရိုးရိုးသားသား အကျိုးများအောင် အမှန်အတိုင်း လျှောက်ထားပါ။

(ဃ) **အသန္တံ နတ္ထိတိ ဝတ္တဗ္ဗံ** = မရှိခဲ့၊ မဖြစ်ခဲ့၊ မဟုတ်ခဲ့ လို့ရှိလျှင်လည်း နတ္ထိ ဘန္တေ = မရှိပါ၊ မဖြစ်ပါ၊ မဟုတ်ပါဘုရား–ဟု ရှင်းလင်း ပြတ်သား လုံးစိုကြားအောင် လျှောက်ထားပါ။

(c) **မာ ခေါ် ဝိတ္ထာယိ** = သံဃာ့အာလယ်၌ လျှောက်ထား၍ မည်ဖြစ်လို့ တချို့ ရဟန်းလောင်းများ ကြောက် ကြောက် လန့်လန့် ဖြစ်တတ်ကြတယ်။ ကသရာဇာ ခြင်သေ့မင်းကဲ့သို့ ရဲရဲတင်းတင်း ကြောက်စိတ်ကင်းလျက် ရှင်းလင်းပြတ် သား လုံးစုံကြားအောင် လျှောက်ထားပါ။

(စ) **မာ ခေါ် ပက်ံ အတောသိ** = ရှိ/မရှိ အပြစ်ဘေးကို မျက် မြင်အနေအားဖြင့် သိနိုင်လျက်သားနဲ့ အထပ် ထပ်စစ်ဆေး မေးမြန်းရမည်လားဟု နှလုံးထားပြီး တချို့ ရဟန်းလောင်းများ မျက်နှာပျက်တတ်ကြတယ်။ မျက်နှာ မပျက်ပဲ လပြည့်ဝန်းကဲ့သို့ မျက်နှာ ကြည်ကြည် လင်လင်ထားပြီး လျှောက်ထားပါ။

(ဆ) **ဧဝံ တံ ပုစ္ဆိသန္တိ** = ပုစ္ဆကသမ္မုတိရ ရဟန်းတော်က ငါ့ရှင်ကို ဤကဲ့သို့ မေးမြန်းတော်မူလိမ့်မည်။

(ဇ) **သန္တိ တေ ဧဝရူပါ အာဗာဓာ** = ငါ့ရှင်၏ခန္ဓာကိုယ်မှာ ကျင်နာခံခက် ကိုယ်လုံးပျက်အောင် နှိပ်စက်တတ် သော ဤသို့သော အနာရောဂါဆိုးများ ရှိပါသလား။

(ဈ) **သန္တိ တေ ဧဝရူပါ အာဗာဓာ** = ငါ့ရှင်၏ခန္ဓာကိုယ်မှာ ကျင်နာခံခက် ကိုယ်လုံးပျက်အောင် နှိပ်စက်တတ် သော ဤသို့သော အနာရောဂါဆိုးများ ရှိပါသလား။

(ဈ) **ကဋ္ဌံ အတ္ထိ** = နူနာရောဂါဆိုတဲ့ အနာကြီးရောဂါ ရှိပါသလားလို့ မေးလိမ့်မယ်။

(မရှိလျှင်) နတ္ထိ ဘန္တေ = မရှိပါဘုရားလို့ လျှောက်ထား ပါ။

(ည) **ဂဏ္ဍော အတ္ထိ**= ဒကာ, ဒကာမများ အကြည်ညို ပျက်စေတတ်သော မြင်းပုရောဂါ ရှိပါသလားလို့ မေးလိမ့် မယ်။

(မရှိလျှင်) နတ္ထိ ဘန္တေ = မရှိပါဘုရားလို့ လျှောက်ထား ပါ။

(၄) **ကိလာသော အတ္ထိ** = ပွေး, ညှင်း, တင်းတိတ်, ခရုသင်း ရောဂါ ရှိပါသလားလို့ မေးလိမ့်မယ်။
(မရှိလျှင်)နတ္ထိ ဘန္တေ = မရှိပါဘုရားလို့ လျှောက် ထားပါ။

(၅) **သောသော အတ္ထိ** = အသွေးအသားကို ခြောင်းပါး စေတတ်သော ချောင်းဆိုးသွေးပါ မြစ်ချောက်နာ တီဘီခြောက်တဲ့ ကူးစက်တတ်သောအဆုတ်နာရောဂါ ရှိပါသလားလို့ မေးလိမ့်မယ်။

(မရှိလျှင်) နတ္ထိ ဘန္တေ = မရှိပါဘုရားလို့ လျှောက်ထား ပါ။

(၃) **အပမာရော အတ္ထိ** = သည်းချေပျက်ရူး နတ်, စုန်း, ဘီလူး ဖမ်းစားပူးခြင်းကြောင့်ဖြစ်သော "အရူး ရောဂါ" ရှိပါသလားလို့ မေးလိမ့်မယ်။
(မရှိလျှင်) နတ္ထိ ဘန္တေ = မရှိပါဘုရားလို့လျှောက်ထားပါ။

(အဲဒီ အနာရောဂါဆိုးငါးမျိုးရှိသူများကို ရဟန်း ခံမပေးရ ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ် သင့်စေလို့ မြတ်စွာဘုရား သိက္ခာပုဒ်ပညတ်တော်မူခဲ့တယ်၊ ရဟန်းခံပေး လျှင် ရဟန်းဖြစ်ပါတယ်။ ရဟန်းခံပေးတဲ့ သံဃာတော်မှာ ဒုက္ကဋ်အာပတ် သင့်ပါတယ်။)

(၆) **မနုဿောသိ** = လူယောင်ဖန်ဆင်းနိုင်တဲ့ တန်ခိုး ရှိကြတဲ့ နတ်, နဂါး, သိကြား, ဂဠုန်, ကုမ္ဘဏ်, ရက္ခိုသ်များကို ရဟန်း ခံမပေးရ၊ ရဟန်းခံ ပေးသော်လည်း ရဟန်းမဖြစ်၊ ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ်သင့်စေ-လို့ မြတ်စွာဘုရား သိက္ခာပုဒ်ပညတ်တော်မူခဲ့ပါတယ်။ အဲဒါကြောင့် ငါ့ရှင်သည် လူကမွေးဖွားသည့် လူသားစင်စစ် ဖြစ်ပါသလော-လို့

မေးတော်မူလိမ့်မည်။ ဟုတ်လျှင် အာမ ဘန္တေ = လူသားစင်စစ် ဟုတ်မှန်ပါသည် ဘုရားလို့ လျှောက်ထားပါ။

(ဏ) **ပုရိသောသိ** = ငါ့ရှင် ရဟန်းလောင်း . . . . . တချို့နက ယောကျ်ားမဟုတ်သူများ သာသနာတော်သို့ ဝင်ရောက်လာကြပါတယ်။ ယောကျ်ားမဟုတ်သူများကို အကြောင်းပြုပြီး သာသနာတော်ကို မကြည်ညိုသူများက မဆင်မခြင် စွပ်စွဲကြတဲ့အတွက် ဘုရားရှင်က ယောကျ်ားမဟုတ်သူကို ရဟန်းခံ မပေးရ၊ ရဟန်းခံပေးလျှင် ရဟန်းလည်းမဖြစ်၊ ရဟန်းခံပေးသော ရဟန်းများလည်း ဒုက္ကဋ်အာပတ် သင့်စေလို့ ပညတ်တော်မူထားတဲ့အတွက် – ငါ့ရှင်သည် လူသား စင်စစ်ဖြစ်သော်လည်း ပုဏ္ဏောထင်ရှား ယောကျ်ား ဖြစ်ပါ၏လော–လို့ မေးမြန်း လိမ့်မယ်။

ယောကျ်ားဖြစ်တဲ့အတွက် အာမ ဘန္တေ = ယောကျ်ား စင်စစ် ဖြစ်ပါ၏ဘုရားလို့ လျှောက်ထားရမယ်။

(တ) **ဘုဇိသောသိ** = ကျွန်ဖြစ်သူကို ရဟန်းခံမပေးရ၊ ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ်သင့်စေလို့ ဘုရားရှင် သိက္ခာပုဒ် ပညတ်တော်မူထားပါတယ်။ ရဟန်းခံပေးလျှင် ရဟန်းတော့ဖြစ်ပါတယ်၊ ရဟန်းခံပေးတဲ့ သံဃာတော်မှာ ဒုက္ကဋ်အာပတ် သင့်ပါတယ်။ ကျွန်ဖြစ်သူကို ရဟန်းခံပေးလိုလျှင် ရှေးဦးစွာ ကျွန်အဖြစ်က ကင်းလွတ်အောင် ပြုလုပ်ပေးပြီးမှ ရဟန်းခံပေးရပါတယ်။ သို့မဟုတ်လျှင် ကျွန်ပိုင်ရှင်များ၏ နောက်ယှက်မှုကို ခံရပါတယ်။ ဒါကြောင့် ငါ့ရှင်သည် တော်လှန်မင်းစစ် သူတစ်ပါးကျွန်အဖြစ်မှ လွတ်ကင်းသူ ဖြစ်ရဲလားလို့ မေးမြန်းတော်မူလိမ့်မယ်။

ကျွန်မဟုတ်သူဖြစ်လျှင် **အာမ ဘန္တေ** = သူတစ်ပါး ကျွန်မဟုတ်သူ မှန်ပါသည်ဘုရားလို့ လျှောက်ထားပါ။

(ထ) **အတ္ထဇော်သိ** = ကြွေးရှိသူ သာသနာတော်သို့ ဝင်ရောက်ပြီး သာသနာ့လုပ်ငန်းများကို အားထုတ် တဲ့အခါ အနှောက်အယှက်များ ဖြစ်တဲ့အတွက် ကြွေး ရှိသူများကို ရဟန်းခံ မပေးရ၊ ရဟန်းခံပေးလျှင် ရဟန်းခံပေးတဲ့ရဟန်းတော် များမှာ ဒုက္ကဋ်အာပတ် သင့်စေ-လို့ ဘုရားရှင် သိက္ခာပုဒ် ပညတ်တော်မူထား တယ်၊ ရဟန်းကတော့ ဖြစ်ပါတယ်၊ အကယ်၍ ကြွေးရှိသူများ ရဟန်ခံချင်လို့ရှိလျှင် ကြွေးကင်း အောင် ပြုလုပ်ပြီးမှ ရဟန်းခံပေးရမည်ဖြစ်ပါတယ်။ ဒါ ကြောင့် "ငါ့ရှင်သည် ကြွေးကင်းသူမှန်ရဲ့လား" လို့ မေး မြန်းပါလိမ့်မယ်။

ကြွေးကင်းသူဖြစ်လျှင် **အာမ ဘန္တေ** = ကြွေးကင်း သူ မှန်ပါသည်ဘုရားလို့ လျှောက်ထားရမယ်။

(ဒ) **နသိ ရာဇဘဋော** = သာသနာတော်ကို မကြည်လို ကြတဲ့ အစိုးရမင်းများကြောင့် ရဟန်းတော်များ အကျိုးပျက် စီးနိုင်ပါတယ်။ အဲဒါကြောင့် အစိုးရ အမှုထမ်းကို ရဟန်း ခံမပေးရ၊ ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ်သင့်စေ လို့ ဘုရားရှင် ပညတ်တော်မူထားပါတယ်။ ရဟန်းတော့ ဖြစ်ပါတယ်၊ အကယ်၍ အစိုးရအမှုထမ်းဖြစ်လျှင် သက် ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များထံ ရဟန်းပြုခွင့်တောင်းပြီး ရဟန်း ပြုခွင့်ရမှ ရဟန်းပြုရမှာဖြစ်ပါတယ်။ ရဟန်း ပြုခွင့်ရ ထားတဲ့အချိန်မှာ အစိုးရအမှုထမ်းအဖြစ် ကင်းလွတ် ပါတယ်၊ ဒါကြောင့် "ငါ့ရှင်သည် အစိုးရ မင်းအမှုထမ်း မဟုတ်သူ မှန်ရဲ့လား" လို့ မေးမြန်းပါလိမ့်မယ်။

အာမ ဘန္တေ = အစိုးရအမှုထမ်း မဟုတ်သူ မှန်ပါ သည်ဘုရားလို့ ကျွန်တော်ထားပါ။

(ဂ) **အနုညာတောသိ မာတာပိတူတိ** = မိဘတို့က ခွင့်မပြုသော သားသမီးကို ရှင်, ရဟန်းပြုမပေး၊ ပြုပေးလျှင် ဒုက္ကဋ် အာပတ်သင့်စေလို့ ဘုရားရှင် ပညတ်တော်မူခဲ့ခြင်းကြောင့် ''ငါ့ရှင်သည် မိဖ နှစ်ပါး တို့က ရဟန်းပြုခွင့် ပေးလိုက်သူ မှန်ရဲ့လား'' လို့ မေးတော်မူလိမ့်မယ်။

ငါ့ရှင်သည် မိဖနှစ်ပါးတို့က ရဟန်းပြုခွင့် ပေးသူ မှန်လျှင် **အာမ ဘန္တေ** = မိဖတို့က ရဟန်းပြုခွင့်ပေး လိုက်ပါသည် ဘုရားလို့ ကျွန်တော် ထားပါ။

(ဃ) **ပရိပုဏ္ဏဝီသတိဝဿာသိ** = အသက်နှစ်ဆယ် မပြည့် သေးတဲ့သူသည် အပူဒဏ်, အအေးဒဏ်ကိုလည်း ကြုံကြုံ မခံနိုင်သေးဘူး၊ သူတပါးပြောကြားတဲ့ စကားကိုလည်း အမှား, အမှန် ဝေဖန်ပြီးမသိတတ်သေးဘူး၊ ထမင်းဆာ လောင်မှုဒဏ်ကိုလည်း မခံနိုင်သေးလို့ ရဟန်းတရားကို ပြည့်ပြည့်ဝဝ အားမထုတ်နိုင်သေးတဲ့အတွက် အသက် နှစ်ဆယ် မပြည့်သေး သူကို ရဟန်းခံမပေး၊ ရဟန်းခံပေး လျှင်လည်း ရဟန်းမဖြစ်ဖူး၊ ဥပဇ္ဈာယ်ဆရာတော် ပါစိတ် အာပတ်၊ ကာရကသံဃာ ဒုက္ကဋ် အာပတ်သင့်ပါတယ်။ အဲဒါကြောင့် ''ငါ့ရှင်သည် ပဋိသန္ဓေ နေ့သည့်နေ့ကစ၍ ရေတွက်သည်ရှိသော် အသက်နှစ်ဆယ် ပြည့် ကြွယ်ပြီးသူ မှန်ရဲ့လား'' လို့ မေးမြန်းတော်မူလိမ့်မယ်။

အသက် နှစ်ဆယ်ပြည့်ပြီးလျှင် **အာမ ဘန္တေ** = အသက် နှစ်ဆယ်ပြည့်ပြီးပါပြီဘုရားလို့ ကျွန်တော် ထားပါ။

(ဖ) **ပရိပုဏ္ဏံ ဇေတ ပတ္တစီဝရံ** = ကိုယ်ပိုင် သပိတ်, သင်္ကန်း မပါလျှင် ရဟန်းခံမပေးရ၊ ရဟန်းခံပေးလျှင်ဒုက္ကဋ် အာပတ် သင့်စေလို့ ဘုရားရှင် ပညတ်တော်မူခဲ့ ပါတယ်။ အဲဒါကြောင့် ''ငါ့ရှင်မှာ ကိုယ်ပိုင် သပိတ်, သင်္ကန်း ပြည့်စုံပြီ လား'' လို့ မေးတော်မူလိမ့်မယ်။ ငါ့ရှင် ရဟန်းလောင်း ငါ့ရှင်အား ရဟန်းဒါယကာ ----------တို့က နိဗ္ဗာန်ကိုရည်မှန်းပြီး သပိတ်, သင်္ကန်း ပေးလှူထားပြီး ဖြစ်တဲ့အတွက် အာမ ဘန္တေ = သပိတ်, သင်္ကန်း ပြည့်စုံ ပါပြီဘုရားလို့ လျှောက်ထားပါ။

(ဗ) **ကိ နာမောသိ** = အခြားတနေရာရောက်တဲ့အခါ သင် နာမည် ဘယ်လိုခေါ်ပါသလဲလို့ မေးမြန်းသလို ယခုလဲ သင်နာမည်ကို မေးမြန်းတော်မူလိမ့်မယ်။

အဟံ ဘန္တေ နာဂေါ် နာမ = တပည့်တော်၏အမည် နာဂ–ပါဘုရားလို့ လျှောက်ထားပါ။

(ဘ) **ကော နာမော တေ ဥပဇ္ဈာယော** = ငါ့ရှင်၏နာမည်ကို မေးမြန်းပြီးသည့်အခါ ငါ့ရှင်၏ မိဖ နာမည်ကို မေးမြန်းကြသလို ယခုလည်း ငါ့ရှင်ကို အပြစ်ကြီး, အပြစ်ငယ် မတွယ် မကပ်ရအောင် အမြဲမပြတ် ကြည့်ရှုဆုံးမတော်မူသည့် မိဖသဖွယ် ဥပဇ္ဈာယ်ဆရာတော်ဘုရား၏ ဘွဲ့အမည်တော် ဘယ်လိုခေါ်ပါသလဲလို့ မေးမြန်းတော်မူလိမ့်မယ်။ အဲဒီလို မေးမြန်းတဲ့အခါ ''ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ = တပည့်တော်၏ ဥပဇ္ဈာယ်ဆရာတော်သည် သက်တော်ရာကျော် ရှည်တော်မူ လတ္တံ့ဖြစ်သော အရှင်တိဿထေရ် အမည် ရှိပါ၏ဘုရားလို့ လျှောက်ထားပါ။

ငါရှင်ရဟန်းလောင်း ငါရှင်ကို သံဃာ့အလယ်မှာ မေးမြန်း စိစစ်သည့် အခါ ယခု ငါသွန်းသင်ပြ၍ နည်းလမ်းပေးခဲ့သည့်အတိုင်း လျှောက်ထားပါ။

ယခုအခါ သင်နှင့်အတူတကွ ငါသည် သံဃာ့အလယ်သို့ သွားရောက်ရန် မသင့်လျော်သေးချေ။ သင့်ကို အန္တရာယိကဓမ္မကို ဖြေကြားတတ်စေရန် သွင်သင်ပြ သ နည်းလမ်းပြပြီးကြောင်း လျှောက်ထားပြီး အဇ္ဈာနဉာတ် ပိန့်တော်မြတ်ဖြင့် ခေါ်လိုက်သည့်အခါ လက်သည်းအပေါင်း ထိပ်ဝယ်ညောင်းလျက် ဦးခေါင်းတင်ခါ လိုက်လာခဲ့ပါလေ။

အဇ္ဈာနကိစ္စ = ရဟန်းလောင်းကို သံဃာ့အလယ်သို့ သွတ် သွင်းခေါ်ဆောင်ခြင်းကိစ္စ။

===ooo===

အဇ္ဈာနဉာတ် ရွတ်ဖတ်ခြင်း

အာယာစနကိစ္စ = ရဟန်းပြုပေးရန် လျှောက်ထား တောင်း ပန်ခြင်း ကိစ္စ။
အရပ်ထဲမှာ အလုပ်လုပ်ချင်လျှင် လျှောက်လွှာ တင်ပြီး လျှောက်ထားရတယ်။ အခုလည်း ရဟန်းပြုပေးပါရန် သံဃာတော်ကို ဦးတိုက် ပြီး လျှောက်ထားရမယ်။

ရဟန်းလောင်း

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

– ဒုတိယပို ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

_ တတိယပို ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

အရှင်ဘုရားတို့ တပည့်တော်သည် သံဃာတော်ကို မြင့်မြတ်သော ရဟန်းအဖြစ်ကို ပြုပေးတော်မူပါရန် ရိုသေစွာ လျှောက်ထား တောင်းပန်ပါ၏ဘုရား။

အရှင်ဘုရားတို့ သံဃာတော်သည် တပည့်တော်ကို သနားစောင့်ရှောက် ခြိုးမြှောက်သောအားဖြင့် ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှ ထုတ်နှုတ်၍ မြင့်မြတ်သောရဟန်းအဖြစ်၌ တည်စေတော်မူပါဘုရား။ မြင့်မြတ်သော ရဟန်းပြုပေးတော်မူပါဘုရား။

အရှင်ဘုရားတို့ ထို့အတူ နှစ်ကြိမ်မြောက် နောက်ထပ် တဖန်လည်း ရဟန်းပြုပေးတော်မူပါရန် ရိုသေစွာ လျှောက်ထား တောင်းပန်ပါ၏ဘုရား။

အရှင်ဘုရားတို့ ထို့အတူ သုံးကြိမ်မြောက် နောက်ထပ် တဖန် လည်း ရဟန်းပြုပေးတော်မူပါရန် ရိုသေစွာ လျှောက်ထား တောင်းပန်ပါ၏ဘုရား။

ပုစ္ဆနဉ်တ်ရွတ်ဖတ်ခြင်း

အန္တရာယိကဓမ္မ ပုစ္ဆနကိစ္စ = အန္တရာယိကဓမ္မတို့ကို မေးမြန်း စိစစ်ခြင်းကိစ္စ။

- **သုဏာသိ ဥပသမ္ပဒါပေက္ခ** = ရဟန်းလောင်း နားစိုက်၍ ထောင်ပါ။
- **အယံ တေ သစ္စကာလော** = ဥပသမ္ပဒကံ စိမံဆောင်ရွက်ရန် အချိန်နှီး ကပ်နေရာ ဤအချိန်အခါသည်ကား ငါ့ရှင် ရဟန်း လောင်း၏ မှန်ရာကိုသာ လျှောက်ထားရမည့် အခါ ဖြစ်တယ်။
- **ဘူတကာလော** = ရှိသမျှ၊ ဖြစ်သမျှ၊ ဟုတ်သမျှ သဘာဝကိုသာ လျှောက် ထားရမည့် အခါဖြစ်တယ်။

- **ယံ ဇာတံ၊ တံ ပုစ္ဆာမိ** = ငါ့ရှင်၏ခန္ဓာကိုယ်မှာ ငါ့ရှင် ရဟန်း ဖြစ်/မဖြစ်။ ငါ့ရှင်ကို ရဟန်းခံပေးသည့် သံဃာတော်မှာ အပြစ် လွတ်/မလွတ် အပြစ်များ ရှိ/မရှိကို စစ်ဆေးမေးမြန်းပါမယ်။

- **သန္တံ အတ္ထိတိ ဝတ္တဗ္ဗံ** = ရှိခဲ့၊ ဖြစ်ခဲ့၊ ဟုတ်ခဲ့လို့ရှိလျှင် ''အာမ ဘန္တေ = ရှိပါသည်၊ ဖြစ်ပါသည်၊ ဟုတ်ပါသည် ဘုရား''လို့ ရိုးရိုးသားသား လျှောက်ထားပါ။

- **အသန္တံ နတ္ထိတိ ဝတ္တဗ္ဗံ** = မရှိခဲ့၊ မဖြစ်ခဲ့၊ မဟုတ်ခဲ့လို့ရှိလျှင် ''နတ္ထိ ဘန္တေ = မရှိပါ၊ မဖြစ်ပါ၊ မဟုတ်ပါဘုရား''လို့ ရှင်းရှင်း လင်းလင်း ပြတ်ပြတ်သားသား လျှောက်ထားပါ။

- **သန္တိ တေ ဇဝရူပါ အာဗာဓာ** = ငါ့ရှင်၏ခန္ဓာကိုယ်မှာ ကျွဲကဲ့သို့ ဆိုးဝါးသည့် အနာရောဂါဆိုးများ ရှိပါသလား?

- **ကုဋ္ဌံ** = နူနာဆိုတဲ့ အနာကြီးရောဂါ ရှိပါသလား?

  ဂဏ္ဍော = ဒကာ, ဒကာမများကို အကြည်ညို ပျက်စေတတ်သည့် မြင်းဖု ရောဂါ ရှိပါသလား?

  ကိလာသော = ပွေး, ညှင်း, တင်းတိတ်, ခရုသင်းရောဂါရှိပါသလား?

  သောသော = အသွေးအသားကို ခမ်းခြောက်စေတတ်သည့် တီဘီခေါ်သည့် အဆုတ်နာရောဂါ ရှိပါသလား?

  အပမာရော = သည်းခြေပျက်ရူး နတ်၊ စုန်း၊ ဘီလူး ဖမ်းစားပူးသည့် အရူးရောဂါ ရှိပါသလား။

  မနုဿောသိ = ငါ့ရှင်သည် လူကမွေးဖွားသည့် လူသားစင်စစ်ကော ဟုတ်ပါရဲ့လား?

  ပုရိသောသိ = ငါ့ရှင်သည် ပုဏ္ဏားထင်ရှား ယောကျ်ားဟုတ်ပါရဲ့လား?

ဘုဇိဿသိ = ငါ့ရှင်သည် သူတစ်ပါးကျွန်အဖြစ်မှ လွတ်ကင်း သန့်ရှင်းစင်ကြယ်သူ ဟုတ်ပါရဲ့လား?

အဏဇောသိ = ငါ့ရှင်သည် ချွေးငှားယူထား ကြွေးမြီများ ကင်းရဲ့လား?

နသိ ဂဂဘဇ္ဇော = ငါ့ရှင်သည် မင်းဏိရိကွာ လစာကို ယူထား သုံးစား မင်းမှုထမ်းယောကျ်ားများ အစိုးရ အမှုထမ်းမဟုတ်သူ မှန်ရဲ့လား?

ပရိပုဏ္ဏာဝိသတိဝဿောသိ = ငါ့ရှင်သည် ပဋိသန္ဓေနေသည့်ရက်မှ စ၍ ရေတွက်သည်ရှိသော် အသက်နှစ်ဆယ် ပြည့်ပြီးပြီလား?

အနုညာတောသိ မာတာပိတူတိ = ငါ့ရှင်ကို မိဘနှစ်ပါးတို့က ရဟန်းပြု ရန်အတွက် ခွင့်ပြုလိုက်ပါ၏လော။

ပရိပုဏ္ဏံ တေ ပတ္တစီဝရံ = ငါ့ရှင်မှာ သပိတ်တစ်လုံး သင်္ကန်းသုံးထည် ပြည့်စုံပြီလော။

ကီ နာမောသိ = ငါ့ရှင်၏နာမည် ဘယ်လိုခေါ်ပါသလဲ။

ကော နာမော တေ ဥပဇ္ဈာယော = ကြီးငယ်နှစ်ပါး အပြစ်များကို မြစ်တားသမှု ဝန်ကြီးပြု၍ အမြဲမပြတ် ကြည့်ရှု ဆုံးမတတ်သည့် ငါ့ရှင်၏ ဥပဇ္ဈာယ် ဆရာတော်၏အမည်က ဘယ်လိုခေါ်ပါသလဲ။

====OOO====

သဝါဒခန်း

- တာဝဒေဝ ဆာယာ မေတဗွာ၊ ဥတုပွမာဏံ အာစိက္ခိ-တပ္ပံ၊ ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော၊ သံဂီတိ အာစိက္ခိတဗ္ဗာ-ဟူသော ဒေသနာတော်အရ ရဟန်းဖြစ်သည့်အချိန် ဥတု,လ,နှစ်, နေ့,ရက်တို့ကို တိတိကျကျ ပြောကြားရမည်ဟု ဘုရားရှင် အမိန့်တော်မြတ် ရှိတော်မူခြင်းကြောင့် ငါရှင်၏ ရဟန်းဖြစ်ချိန်ကို ပြောထားလိမ့်မည်။ ရှေးကတော့ နာရီမရှိသေးလို့ နာရီအစား အချိန်ကို လူ၏အရိပ်ဖြင့်တိုင်းကာ ပြောကြားခဲ့တယ်။ အခုတော့ နာရီအချိန်နဲ့ ပြောပေးပါလိမ့်မယ်။

ရဟန်းဖြစ်ချိန်ကို ကြိုတင်ပြီး ပြောကြားတဲ့အကြောင်းက သာသနာတော်မှာ မထေရ်ကြီးများကို ဦးစားပေးရတဲ့ အစဉ်အလာရှိပါတယ်။ အဲဒါကြောင့် ထေရ်ကြီးထေရ်ငယ် ရွေးချယ်လို့ လွယ်ကူအောင် ဖြစ်ပါတယ်။ နောက်တစ်ချက်က မိမိအရင် ရဟန်းဖြစ်နေကြ တဲ့ အရှင်မြတ်တွေ ရှိပါတယ်။ ထိုအရှင်မြတ်များက လိုအပ်လျှင် ငါရှင်ကို သွန်သင်ဆုံးမတော်မူကြလိမ့်မယ်။ ထိုအခါ ထိုအရှင်မြတ်များ၏ သွန်သင်ဆုံးမချက်များကို လေးလေးစားစား လိုက်နာကျင့်သုံးဖို့နဲ့ . . . ငါရှင်၏နောက်မှ ရဟန်းပြုလာသော ရဟန်း များနှင့်တွေ့လျှင် ငါရှင်က အရိုအသေပြု ခံနိုင်အောင် ကျင့်သုံးဖို့၊ အဲဒီအချက် သုံးမျိုးကို ပြောပြထားခြင်း ဖြစ်ပါတယ်။

စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ-ဟူသော ဒေသနာတော်အရ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော ပစ္စည်းလေးပါးကို အမှီပြုပြီး ရဟန်းတော်များသည် သာသနာတော်၏လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရသည့်အတွက် အဲဒီပစ္စည်းလေးပါးကို မှီရာလေးပါးလို့ ခေါ်ပါတယ်။ အဲဒီမှီရာလေးပါးအကြောင်းကို ပြောကြားပါမယ်။

= **ပိဏ္ဍိယာလောပ ဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ**-ဟူသော

ဒေသနာတော်အရ ရဟန်းဘဝမှာနေသရွေ့ မိမိရှေ့မှာရှိတဲ့ သပိတ်ဖြင့် ဆွမ်းခံ၍ ဘုဉ်းပေးရမယ်။ ဒကာ-ဒကာမများက ကြည်ညိုလို့ လှူဒါန်းလာလျှင်

၁။ သံဃာအားလုံးကို လှူဒါန်းသည့်ဆွမ်း၊

၂။ နှစ်ပါးသုံးပါးစသည် ရည်မှန်းသတ်မှတ်၍ လှူဒါန်းသည့်ဆွမ်း၊

၃။ မိမိကို ပင့်ဖိတ်၍ လှူဒါန်းသည့်ဆွမ်း၊

၄။ စာရေးတံမဲချ၍ လှူဒါန်းသည့်ဆွမ်း၊

၅။ (၁၅)ရက်တစ်ကြိမ်၊ (၁-ပက္ခ ၁-ခါ) လှူဒါန်းသည့်ဆွမ်း

၆။ ဥပုသ်နေ့၌ လှူဒါန်းသည့်ဆွမ်း၊

၇။ ဥပုသ်အထွက် နောက်တစ်ရက်၌လှူဒါန်းသည့်ဆွမ်း-

အစရှိသော ဆွမ်းတို့ကို အလှူခံဘုဉ်းပေးပြီး ရဟန်းတရားကို ပွားများအားထုတ်နေရမည်။ (အာမ ဘန္တေ)။

= **ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ**–ဟူသော ဒေသနာတော်အရ သာသနာတော်မှာနေသရွေ့ ရဟန်းတော်များသည် ပံသုကူသင်္ကန်းကို ဝတ်ရုံ၍ ရဟန်းတရား ပွားများအားထုတ်ရမည်။ လှူဒါန်းသူ ဒါယကာများ ရှိလာပါက-

၁။ ခုံချည် (ခေါမတိုင်းဖြစ်)သင်္ကန်း၊ ၂။ ဝါချည်သင်္ကန်း၊

၃။ ပိုးချည်သင်္ကန်း၊ ၄။ သားမွေးချည်သင်္ကန်း၊

၅။ ပိုက်ဆံလျော်ချည်သင်္ကန်း၊

၆။ အထက်ပါချည်ငါးမျိုးကိုပေါင်းစု၍ ယက်လုပ်အပ်သောသင်္ကန်း-

အစရှိသော တိုင်းရင်းဖြစ်သင်္ကန်း, နိုင်ငံခြားဖြစ်သင်္ကန်းတို့ကို လှူလာလျှင် အလှူခံဝတ်ရုံပြီး ရဟန်းတရားကို ပွားများ အားထုတ်ရမည်။ (အာမ ဘန္တေ)။

= **ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ**–ဟူသော ဒေသနာတော်

အရ ရဟန်းတော်များသည် သစ်ပင်ရင်း သစ်ပင်ရိပ်, သစ်ပင်အောက်ကျောင်း, အိပ်ရာနေရာများ၌ နေထိုင်သီတင်းသုံးပြီး ရဟန်းတရားများကို ပွားများ အားထုတ်ရမည်။ အလှူရှင်များရှိလာပါက-

၁။ အမိုးနှစ်ဖက်မိုးသောကျောင်း၊

၂။ အမိုးတစ်ဖက်သာ မိုးသောကျောင်း၊

၃။ ဘုံသုံးထပ်အစရှိသော ပြဿာဒ်ရှည်၊

၄။ အုတ်တိုက်၊

၅။ လိုဏ်ဂူ - အစရှိသော ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းလာလျှင် အလှူခံသီတင်းသုံးနေထိုင်ပြီး ရဟန်းတရားများကို ပွားများအားထုတ်ရမည်။ (အာမဘန္တေ)။

= **ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗစ္စော**–ဟူသော ဒေသနာတော်အရ ရဟန်းတော်များသည် နွားကျင်ငယ်ရေဖြင့် စိမ်ထားအပ်သော ဆီးဖြူသီး, ဖန်ခါးသီးအစရှိသော ဆေးပစ္စည်းများကို မကျန်းမာသည့်အခါ ဘုဉ်းပေးပြီး ကျန်းမာအောင်လုပ်၍ ရဟန်းတရားကို ပွားများအားထုတ်ရမည်။ ပူတိမုတ္တဘေသဇ္ဇထက် ပိုလွန်ပါမူ- ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲ- အစရှိသည်တို့ဖြင့် ဖော်စပ်ထားသော မိမိဝေဒနာနှင့် သင့်လျော်သော တိုင်းရင်းဆေး, နိုင်ငံခြားဆေးအစရှိသော ဆေးပစ္စည်း တို့ကို ဒကာဒကာမတို့ လှူဒါန်းလာလျှင် အလှူခံဘုဉ်းပေး၍ ရဟန်း တရားကို ပွားများအားထုတ်ရမည်။ (အာမ ဘန္တေ)။

= **ဥပသမ္ပန္နေန ဘိက္ခုနာ မေထုနော ဓမ္မော န ပဋိသေဝိ-တဗ္ဗော**- အစရှိသော ဒေသနာတော်အရ ရဟန်းတော်များသည် ရဟန်းဖြစ်ပြီးသည့်အခါနှင်ကစ၍ မေထုန်အကျင့်ကို မမှီဝဲရပါဘူး။ လူအချင်းချင်းတွင်မကဘဲ တိရစ္ဆာန်များနှင့်သော်မှ မမှီဝဲရပါဘူး။ မေထုန်အကျင့်ဆိုတာ အယဉ်ကျေးဆုံး စကားနှင့်ပြောလျှင် အိမ်ထောင်သားမွေးအလုပ်ဖြစ်ပါတယ်။ မေထုန်မှီဝဲလျှင် ရဟန်းအစစ် မဖြစ်တော့ဘူး။ သကျပုတ္တ-သာကီဝင်မင်းသား ဘုရားသားတော်လို့လည်း ခေါ်ဆိုနိုင်ခွင့် မရှိတော့ပါဘူး။

ဥပမာပြောရလျှင် လည်ပင်းကပြတ်သွားတဲ့ ယောက်ျားဟာ လည်ပင်းနှင့်ကိုယ်ခန္ဓာ ပြန်ဆက်သော်လည်း အသက် ပြန်မရှင်နိုင်တော့သလို မေထုန်မှီဝဲသောရဟန်းသည် ရဟန်းအဖြစ် နောက်ထပ်တဖန် ခံယူခွင့် မရတော့ပါဘူး။ အဲဒါကြောင့် ငါ့ရှင်ရဟန်းသစ်သည် သိက္ခာပုဒ် တော် ကိုယ်ဝယ်တည်နေသမျှ ကာလပတ်လုံး မေထုန်မှီဝဲမှုအကျင့်ကို မပြုကျင့်ပါနဲ့။ (အာမ ဘန္တေ)

= **ဥပသမ္ပန္နေန ဘိက္ခုနာ အဒိန္နံ ထေယျသင်္ခါတံ နာဒါတဗ္ဗံ**-အစရှိသော ဒေသနာတော်အရ ရဟန်းတော်များသည် ပိုင်ရှင်က ကိုယ်နှုတ်နှစ်ပါး တစ်ပါးပါးဖြင့်မပေးအပ်သော သူတစ်ပါး ပစ္စည်းကို မခိုးယူရ၊ အယုတ်ဆုံးအားဖြင့် ပိုင်ရှင်ရှိလျှင် မြက်ပင်, နှီးပင် လေးများကစပြီး မခိုးယူရပါ။

ပိုင်ရှင်က မပေးသော တမတ်သောအသပြာ, တမတ်တန်ပစ္စည်း, တမတ်ထက် ပိုလွန်သော အသပြာ, တမတ်ထက် ပိုလွန်စွာ ထိုက်တန် သော ပစ္စည်းကို ခိုးယူမိလျှင် ရဟန်းအစစ် မဖြစ်တော့ပါ။ သာကီဝင် မင်းသား ဘုရားရှင်၏ သားတော်လို့လဲ ခံယူခွင့် မရှိတော့ပါ။

ဥပမာအားဖြင့် အညာက ကျွေကျသွားသော သစ်ရွက်ဝါ ကလေး သည် အညာနှင့် ပြန်၍ဆက်စပ်သော်လည်း မူလအတိုင်း စိမ်းစိမ်းစိုစို မဖြစ်နိုင်တော့သလို တစ်မတ်သောအသပြာ, တစ်မတ်တန်ပစ္စည်း တမတ် ထက်များသောအသပြာ, တမတ်တန်ထက် များစွာထိုက်တန်သော ပစ္စည်း တို့ကို ခိုးယူမိလျှင် ရဟန်းအစစ် မဖြစ်တော့ဘူး၊ သာကီဝင်မင်းသား ဘုရား ရှင်၏သားတော်လို့လဲ ခံယူခွင့်မရှိတော့ဘူး၊ ထိုကြောင့် သင်ပဉ္စင်း သစ်သည် သာသနာတော်မှာနေသရွေ့ သိက္ခာပုဒ်တော်ကိုယ်၌ တည်သမျှ ကာလ ပတ်လုံး သူတစ်ပါးပစ္စည်းကို မခိုးမယူပါနှင့်။ (အာမ ဘန္တေ)။

ဥပသမ္ပန္နေန ဘိက္ခုနာ သဉ္စိစ္စပါဏောဇီဝိတာ နဝေါရောပေတဗ္ဗော-အစရှိသော ဒေသနာတော်အရ ရဟန်းတော်များ သည် သူတစ်ပါးအသက်ကို မသတ်ရပါဘူး။ အယုတ်ဆုံးအားဖြင့် ပိုးကောင် လေးတွေ, ပုရွက်ဆိတ်ကလေးတွေကိုတောင်မှ မသတ်ရပါဘူး။

အကယ်၍ သေစေလိုသောစေတနာဖြင့် လူကိုသတ်လျှင် အယုတ် ဆုံးအားဖြင့် မိမိပယောဂဖြင့် ကိုယ်ဝန်ပျက်အောင် ဖျက်ဆီးလျှင် ရဟန်းအစစ် မဖြစ်တော့။ သာကီဝင်မင်းသား ဘုရားသားတော်လို့လည်း ခေါ်ယူခွင့် မရှိတော့ပေ။

ဥပမာအားဖြင့် နှစ်ပိုင်းကွဲပြတ်ပြီးတဲ့ ကျောက်ပြားကြီးကို ပြန်လည် ဆက်စပ်သော်လည်း မူလအတိုင်း မဆက်စပ်နိုင်တော့သလို ထို့အတူ သေစေလိုသောစေတနာဖြင့် လူကိုသတ်မိသော ရဟန်းသည် ရဟန်းအစစ် မဖြစ်တော့ဘူး၊ သာကီဝင်မင်းသား ဘုရားရှင်၏ သားတော်လို့လဲ ခံယူခွင့် မရှိတော့ဘူး၊ ထို့ကြောင့် သင်ပဉ္စင်းသစ်သည် သာသနာတော်မှာ နေသရွေ့၊ သီကွာပုဒ်တော် ကိုယ်၌ တည်သရွေ့ ကာလပတ်လုံး သူတစ်ပါးအသက်ကို မသတ်ပါနဲ့။ (အာမ ဘန္တေ)။

ဥပသမ္ပဒေန ဘိက္ခုနော ဥတ္တရိမနုဿဓမ္မော နာ ဥလ္လပိတဗ္ဗော-အစရှိသော ဒေသနာတော်အရ ရဟန်းတော်သည် စျာန်, မဂ်, ဖိုလ် မရပဲ စျာန်ရသည်၊ မဂ်ရသည်၊ ဖိုလ်ရသည်-ဟု လိမ်ညာ ဝါကြွားပြီး မပြောရပါ။ အယုတ်ဆုံးအားဖြင့် "ဆိတ်ငြိမ်ရာအရပ်မှာ ပျော်မွေ့ပါ တယ်" လို့တောင် မပြောရပါ။

နာမည်ကြီးလိုခြင်း၊ ပစ္စည်းလာဘ်လာဘ ပေါများလိုခြင်း-အစရှိသော ယုတ်ညံ့သောအလိုဆန္ဒဖြင့် စျာန်, မဂ်, ဖိုလ်မရပဲ စျာန် မဂ်ဖိုလ်ရသည်လို့ လိမ်ညာပြီးပြောလျှင် ပါရာဇိက ကျတော့တာပဲ။

ဥပမာအားဖြင့် လည်ဆစ်ကပြတ်ပြီးသော အုံးပင်, ထန်းပင်များမှာ အရွက်, အသီးတို့ မထွက်နိုင်တော့သလို ထို့အတူ စျာန်မဂ်ဖိုလ် မရပဲ လိမ်ညာပြီးပြောလျှင် ပါရာဇိက ကျပါတော့တယ်။ အဲဒါ ကြောင့် သင်ရဟန်း သစ်သည် သီကွာပုဒ်တော် ကိုယ်ဝယ်တည်သရွေ့ သာသနာတော်မှာ နေသမျှ ကာလပတ်လုံး ယုတ်ညံ့သော အလိုဆန္ဒဖြင့် စျာန် မဂ်ဖိုလ် မရပဲ လိမ်ညာပြီး မပြောလေနဲ့။ (အာမ ဘန္တေ)။

တောင်းပန်လျှောက်ထားခြင်း

ငါ့ရှင်ရဟန်းသစ် ငါ့ရှင်သည် ဥပဇ္ဈာယ်ဆရာတော်, ကမ္မ ဝါစာ ဆရာတော်, ကာရကသံဃာတော်တို့က ခြီးမြှောက်တော်မူကြသဖြင့် ရဟန်း ဘဝဒုလ္လဘကို ရရှိပေပြီ၊ ဥပဇ္ဈာယ်ဆရာတော်, ကမ္မဝါစာ ဆရာတော်, ကာရကသံဃာတော်များသည် ငါ့ရှင်၏ ဆရာသခင်များဖြစ်တော်မူကြသည်။ ငါ့ရှင်ကား ထိုဥပဇ္ဈာယ်ဆရာတော် အစရှိသော အရှင်ြမတ်များ၏ တပည့်ဖြစ်သည်။ သာသနာတော်၌ ဆရာ, တပည့် အချင်းချင်း ပြုလုပ်ကြရမည့် ဝတ္တရားများရှိသည်၊ ဝတ္တရားမကျေလျှင် သာသနာမှာနေသရွေ့ အပြစ်များ ရှိသည်။

မိမိတို့ အချင်းချင်း တစ်နေရာစီ ခွဲခွါ၍ နေကြရခြင်း-အစရှိသည်တို့ကြောင့် ထိုဝတ္တရားများကို မပြုလုပ်နိုင်ခဲ့သော် ခွင့်ပြုတော်မူကြပါဟု တောင်းပန်ထားလျှင် အပြစ်မှလွတ်သည်။ ထိုကြောင့် သံဃာတော်များကို တောင်းပန်ရမည်။

ဥပဇ္ဈာယ်ဆရာတော်, ကမ္မဝါစာဆရာတော်, ကာရက သံဃာတော် အရှင်မြတ်တို့ဘုရား --- အရှင်မြတ်တို့အပေါ်၌ ပြုသင့် ပြုထိုက်သော ဝတ္တရားများ ရှိပါသည်ဘုရား။ ထိုဝတ္တရားများကို ပြုလုပ်နိုင်ပါက ပြုလုပ်ပါမည်ဘုရား။ အကြောင်းအမျိုးမျိုးအရ မပြုလုပ်နိုင်ခဲ့သော် တပည့်တော်အား ခွင့်ပြုတော်မူကြပါ။ ဆရာတော်တို့ကလည်း တပည့်တော်အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ္တရားများကို ပြုနိုင်ပါက ပြုတော်မူပေးကြပါဘုရား။ မပြုနိုင်ပါက ချမ်းချမ်းသာသာ သီတင်းသုံးနေတော်မူကြပါဘုရား။ တပည့်တော်အနေဖြင့် ကျေနပ်ပါသည်ဘုရား။

ဤတွင် ရဟန်းခံ/ရှင်ပြုဆိုင်ရာ ဥပသမ္ပဒကမ္မ ပြီးပါပြီ

ကမ္ဘာကမ္ဘာသာ

သိမ်ဳန္ရတ်၊ သိမ်ဳသမုတ်ဆိုင်ရာ

(သိမ်ဳသင်တန်း အကျဉ်းချုပ်)

ဒီဗာတမ္မ

ကမ္ဘာကမ္ဘာသာ
သီဟကမ္ဘ

(သိမ်နှုတ်၊ သိမ်သမုတ် အပါအဝင်
သိမ်သင်တန်း အကျဉ်းချုပ်)

ဘုရားမြတ်စွာ သာသနာတော်

လောကသားတို့ကို ပစ္စုပ္ပန်, တမလွန်, နိဗ္ဗာန်ချမ်းသာဟူသော ချမ်းသာသုခအမျိုးမျိုးကို အလိုရှိတိုင်း ခံစားစေနိုင်ရန်အတွက် ဘုရားရှင်သည် ဤသတ္တလောကကြီးအတွင်း၌ ပွင့်ထွန်းတော်မူခဲ့ပါသည်။ ဘုရားမြတ်စွာသည် ချမ်းသာ (၃)မျိုးကို ရရှိခံစားစေနိုင်သော သူတော်ကောင်းတရားတည်းဟူသော အလင်းရောင်ကို ဤလောကအတွင်း၌ ထွန်းလင်း တောက်ပြောင်စေတော်မူခဲ့ပါသည်။

ထိုသူတော်ကောင်းတရားဟူသည် သီလ, သမာဓိ, ပညာ-ဟူသော သာသနာတော်ပင် ဖြစ်ပါသည်။ သီလတရားဖြင့် သတ္တဝါ တို့၏ မယဉ်ကျေး, ရိုင်းပြသော ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို ယဉ်ကျေးစေပါသည်။ သမာဓိဖြင့် စိတ်ပူပန်မှုများကို ငြိမ်းအေးစေပြီး စိတ်အစဉ်ကို ယဉ်ကျေးစေပါသည်။ ပညာဖြင့် သတ္တဝါတို့ကို မယဉ်ကျေးအောင် စီမံဖန်တီးပေးသော ကိလေသာ စိတ်ယုတ်မာတို့ကို အခြေခံမှစ၍ အပြီးတိုင် သန့်ရှင်း စင်ကြယ်စေသဖြင့် လောကတွင် အယဉ်ကျေးဆုံး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အဖြစ်သို့ ရောက် ရှိစေနိုင်ပါသည်။

အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခြင်း

ဘုရားမြတ်စွာ၏ လေးဆယ့်ငါးဝါ ကာလပတ်လုံး လောကသားတို့အတွက် ဟောကြားတော်မူခဲ့သော သိကၡာသုံးရပ် သူတော်ကောင်းတရားဟူသော သာသနာတော်မြတ်ကို ဤလူ့လောကအတွင်းက ပျောက်ကွယ်မသွားဘဲရှိရန် အရှင်မဟာကဿပမထေရ် အမှူးရှိသော

ရဟန္တာမထေရ်မြတ်တို့သည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ–ဟု ပိဋကတ် သုံးသွယ် နိကာယ်ငါးရပ်ကို တူရာပေါင်းစု၍ သံဂါယနာတင် အတည်ပြု တော်မူခဲ့ပါသည်။ ထိုနိကာယ်ငါးရပ်တို့ကို သင်ကြား၊ ပို့ချ၊ ဆောင်ထားကြ ရန် အသီးသီးခွဲဝေ တာဝန်ယူ၍ အဆက်ဆက် ထိန်းသိမ်း စောင့်ရှောက် တော်မူခဲ့ကြပါသည်။

ဆရာဒကာ လက်တွဲညီညာ

ရဟန်းတော်များက သင်ကြား၊ ပို့ချ၊ ကျင့်ဆောင်ကြသဖြင့် ဘုရား မြတ်စွာ သာသနာတော်သည် ယနေ့တိုင် မကွယ်မပျောက် တည်ရှိခဲ့ပါ သည်။ ရဟန်းတော်များအနေဖြင့် ထိုသို့ သာသနာတော်မြတ်ကို စွမ်းစွမ်း တမံ ဆောင်ရွက် စောင့်ရှောက်တော်မူနိုင်ရေးအတွက် ဗုဒ္ဓဘာသာဝင် မင်းနှင့်ပြည်သူ သာသနာပြုဘက် ဒကာ–ဒကာမများက ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိအောင် ထောက်ပံ့လှူဒါန်း၍ ဆရာ+ဒကာ လက်တွဲညီညာ စွာဖြင့် သာသနာပြုလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

သာသနာတော်တည်တံ့ရေးအတွက် သိမ်သည် အရေးအကြီးဆုံး

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အနီးကပ် စောင့်ရှောက် ထိန်း သိမ်းရန်အတွက် သံဃာ့အဖွဲ့အစည်းကြီးသည် မရှိလျှင် မဖြစ်သော အင်အားထုကြီး ဖြစ်ပါသည်။ ထိုသံဃာ့အဖွဲ့အစည်းကြီး၏ ရေရှည် တည်တံ့ ခိုင်မာနိုင်ရေးအတွက် သာသနာ့ဝန်ဆောင် ရဟန်းတော်ကောင်း များ အထူးလိုအပ်ပါသည်။

ထိုရဟန်းတော်ကောင်းများ အကျင့်သိက္ခာပြည့်ဝအောင် ကျင့် ဆောင်နိုင်ရေးအတွက် သံဃာ့ကံများကို ဆောင်ရွက်ရန် အောင်မြင် သော သိမ်ရှိမှ ဖြစ်နိုင်ပါမည်။ အောင်မြင်သောသိမ်သည် သံဃာ့ကံများကို အောင်အောင်မြင်မြင် ဆောင်ရွက်ခြင်း၊ သာသနာတော်မြတ် သန့်ရှင်းစင် ကြယ်စေခြင်း၊ ရဟန်းကောင်းများ ပေါ်ထွန်းလာစေခြင်းဖြင့် ဘုရားမြတ်စွာ သာသနာတော်မြတ်ကြီး ရှည်မြင့်စွာ သန့်ရှင်းတည်တံ့ ပြန့်ပွားစေရေး

အတွက် အဓိကလိုအပ်ပြီး အရေးအကြီးဆုံးသော ခံတပ်မြို့ကြီးပင် ဖြစ်ပါသည်။

သိမ်

သီမာ = သိမ်/သီးသန့် ပိုင်းခြားသတ်မှတ်ထားသည့် နေရာဌာန။ ရဟန်းတော်များ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဥပုသ်အစရှိသော ကံကြီးကံငယ်များ အလွယ်တကူ ပြုလုပ်ဆောင်ရွက် နိုင်ရန် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ သတ်မှတ် ပိုင်းခြား၍ သမုတ်ထားအပ်သော နေရာ/ အဆောက်အအုံ။

သိမ်အမျိုးအစားများ

၄၃၉။ ကြီး,ငယ်,ကျိုးရိပ်၊ အနိမိတ်၊ ဗဟိဒ္ဓ တည်သမုတ်။
၄၄၀။ အိုင်,သမုဒ္ဒ,မြစ်၊ စပ်,လွှမ်းလစ်၊ ဆဲ့တစ် သိမ်ပျက်ထုတ်။
၄၄၁။ ဗဒ္ဓါ ဗဒ္ဓ၊ သိမ်နှစ်ဝ၊ ဗဒ္ဓခဏ်, မဟာ။
၄၄၂။ တိုက်ထောင့်ခဏ္ဍာ၊ တိုက်လုံးကျ၊ ဗဒ္ဓသိမ်မဟာ။
၄၄၃။ နိမိတ်,ကမ္မဝါ၊ ပရိသာ၊ သုံးဖြာ ဝိပ်, သမ်လာ။
၄၄၄။ တောင်,ကျောက်,တော,သစ်၊ မဂ်,ရေ,မြစ်၊ တောင်ရှစ် နိမိတ်လာ။
၄၄၅။ ဗာတ္တိသပလ၊ တင်လဲမျှ၊ လောက်ထ ကျောက်နိမှာ။
၄၄၆။ ထွက်ရေ, လောင်းရေ၊ ဤနှစ်ထွေ၊ လောက်လေ ရေနိမှာ။
၄၄၇။ ကံပြီးရုံမျှ၊ တည်နေက၊ လောက်ထ ရေနိသာ။

- အနည်းအများမှာလည်း နိမိတ်ကြားခါနီမှသည် သိမ်သမုတ် ကမ္မဝါ ပြီးဆုံးသည်တိုင်အောင် မကုန်မခမ်းဘဲ တည်နေ လောက်အောင် ပင် နိမိတ်လောက်၏။

၄၄၈။ ဗဒ္ဓသိမ်ချင်း၊ လွှမ်းစပ်ခြင်း၊ အလျှင်းမပြုရာ။
၄၄၉။ သိမ်မှိထိက၊ ကံပျက်ရ၊ သီမ သက်ရာ။
၄၅၀။ သိမ်ဟောင်းတစိ၊ ရှိ, မရှိ၊ အသိ ခက်လှစွာ။
၄၅၁။ သိမ်မှိရောထ၊ သက်ရ၊ ကြောင့်ကြစိုက်ဘို့ရာ။ (ဗဒ္ဓသိမ်ပြီး၏)

၄၅၂။ ရွာနယ်, မြို့နယ်,၊ နိုဂုံးနယ်၊ သိမ်နယ်သီးသီးသာ။
၄၅၃။ ဂါမကြီး၌၊ နယ်သီးကွက်မှ၊ မင်းစိုးပြု၊ ဝိသုဂါမသာ။

တစ်ခုသောရွာနယ်ကြီးအတွင်း၌ တစ်ခုသော မြေကွက် အတွက်ကို အရပ်လေးမျက်နှာသတ်မှတ်ပိုင်းခြား၍ 'ဤအရပ်သည် နယ်သီးဖြစ်စေ'ဟု မြေ ရေကိုပိုင်သော မင်းစိုးရာဇာတို့က နယ်သီး ပြုလုပ်ခဲ့သည်ရှိသော် ထိုအရပ် အကွက်သည် အသီးသော ဂါမသိမ် (ဝိသုံဂါမသိမ်)ဖြစ်၏။

ယံပိ ကေသ္မိယေဝ ဂါမခေတ္တေ ကံ့ ပဒေသံ "အယံပိ ဝိသုံဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ။ သောပိ ဝိသုံ ဂါမသီမာ ဟောတိယေဝ-ဟူသော အဋ္ဌကထာ၌ ယခုကာလကဲ့သို့ သိမ်သမုတ်ရန် အမိန့်ခံသော ဝိသုံဂါမကို ပြလိုရင်းမဟုတ်၊ **တစ်ဦး တစ်ယောက်သောသူအား အထူးချီးမြှောက်သောအားဖြင့် နယ်စား, ပယ်စား ကွက်ခြား၍ ပေးမှုကို ဆိုသတည်း။**

ယခုကာလ၌ ဗဒ္ဓသိမ်သမုတ်လောက်ရုံ အနည်းအကျဉ်းမျှ ဖြစ်သော မြေကွက်ကို သိမ်သမုတ်ရန် အမိန့်ခံရာမျိုး၌မူကား နယ်စား, ပယ်စား အဖြစ်နှင့် တစ်စုံတစ်ယောက်သောသူအား မပေးဘဲနှင့်ပင်လျှင် **"ဤအရပ်သည် နယ်သီး, ပယ်သီး ဖြစ်စေ" ဟူ၍ ရေမြေကိုပိုင်သော မင်းစိုးရာဇာတို့က ပြုလုပ်၍ ပေးခဲ့သည်ရှိသော် ဝိသုံဂါမ ဖြစ်တော့သည်သာ။**

ထိုအရပ်အကွက်သည် ရွာကြီးနယ်မဟုတ်ပြီ၊ ရွာကြီး သူကြီး ပိုင်မဟုတ်ပြီ၊ ဘယ်သူပိုင်သနည်းဟူမူ နယ်သီးပြုလုပ်သော မင်းစိုးရာဇာပိုင်၏၊ **ထိုအရပ် အကွက်သည် ဥယျာဉ်, လယ်ယာ လုပ်ကိုင် စားသောက်သူ မြေရှင်၏ မြေပင် ဖြစ်၏၊ လုပ်ကိုင်စားသောက်ရ၏၊ ဝိသုံဂါမအဖြစ်နှင့် ကံကြီး ကံငယ်လည်း ဆောင်ရ၏၊ ဗဒ္ဓသိမ်သမုတ်လိုလျှင် ဂါမကြီးကို မသိမ်းဘဲပင် သမုတ်ရ၏။**

၄၅၄။ ရွာနယ်လွတ်လေ၊ တောတောင်မြေ၊ ယူလေ သတ္တဗ္ဘန္တရာ။

၄၅၅။ တောင် နှစ်ဆယ့်ရှစ်၊ အဇ္ဈန်တစ်၊ ခုနစ်ဆ နောင။
၄၅၆။ ထုတ်ချင်းခတ်မူ၊ နှစ်ပြန်ယူ၊ တောင်မူ ဒွိနောတေး။
၄၅၇။ သံဃာစွန်းမှ၊ ခုနစ်အန္တရာ၊ ယူမြဲသာ၊ သံဃာ ပွားတိုင်းပွား။
၄၅၈။ မြစ်သမုဒ္ဒြာ၊ ဇာတဿရ၊ ရေနယ်ကျ၊ ဥဒကုက္ခေပါ။
၄၅၉။ မိုးမှန်ရွာက၊ မိုးလေးလတွင်း၊ သင်းပိုင်စွတ်လောက်၊
စီးတုံမြောက်၊ လောက်ပြီး မြစ်အဂီ။
၄၆၀။ မိုးခေါင်သော်ငင်း၊ ဆောင်းနွေရောက်ဘိ၊ ရေမရှိ၊ သတိမြစ်ပင်သာ။
၄၆၁။ လူမပြုဘဲ၊ သူ့အလိုဇဖ်၊ အင်းအိုင်ဖြစ်၍၊ မိုးခေတ်လေးလ၊ ရေတည်က၊ လောက်ထ ဇာတဿာ။
၄၆၂။ ဆောင်းနွေရောက်ဘိ၊ ရေမရှိ၊ ပကတိပင်သာ။
၄၆၃။ အားကုန်လွှဲ၍၊ ရေ,သဲကြဲပစ်၊ ကျရာခေတ်၊ သိမ်ဖြစ်ရေသောင်မှာ။
၄၆၄။ ရေပြင်, ရွံ့ပြင်၊ ဖြစ်ခဲ့လျှင်၊ ထိုတွင် သိမ်, ငြမ်းထား။
၄၆၅။ လှ ဖောင်နှင့်သာ၊ ပြုကြရာ၊ ကမ်းမှာမချည်ရ။
၄၆၆။ ဂါမနှင့်သတ်၊ ဥရောလတ်၊ မအပ် ကံပျက်ကြ။
၄၆၇။ ဂါမနှင့်ဗဒ်၊ လွှမ်းစပ်ရောဘိ၊ ပြစ်မရှိ၊ နီသိ, နီသယ။
၄၆၈။ ဗဒွနှင့်သတ်၊ ဥရောလတ်၊ သုံးရပ်အပြစ်ရ။

===ooo===

= **အလ္လောတ္ထရဏာ** = ၂-ကျိပ်, ၁-ယောက် စည်းဝေးလောက် သည်မှ စ၍ ထိုထက်အလွန် သိမ်နယ်ချင်း ထပ်မိခြင်း၊
= **သမ္မန္ဓ** = ၂-ကျိပ်, ၁-ယောက် စည်းဝေးလောက် သည်မှ ယုတ်လျော့၍ ထပ်မိခြင်း၊
= **သက်ရ** = သိမ်နယ်အတွင်း၌ ပေါက်ရောက်သော သစ်ပင်, ခြုံ, နွယ် ကူးယှက်ထိပါးခြင်း၊

= ကံပြုမှု တပြိုင်နက်ကျလျှင် ၂-သိမ်လုံး ပျက်၏၊ ရှေ့နောက်ဖြစ် လျှင် နောက်သိမ်ပျက်၏။
= တောနယ်မှာ အကြား အတောင် ၃၀၀-ထက် မနည်းစေရ။
= ရေနယ်ဖြစ်အံ့ အတောင် ၁၀၀-ထက် မနည်းစေမူ၍ ကံပြုရမည်။
= ဂါမနှင့် သတ္တဗ္ဗန္တရ။
= ဂါမနှင့် ဥဒကုက္ခေပ-တို့၌ အဇ္ဈောတ္ထရဏ, သမ္ဗန္ဓ ၂-ပါး မရှိ၊ သစ်ပင်, ချုံနွယ်-စသည် ထိစပ်မှုအတွက် ကံပျက် သက်ရကိုသာ ရအပ်၏။

သိမ် (၂)မျိုး

ထိုသိမ်အမျိုးအစားသည် -

၁။ **ဗဒ္ဓသိမ်** = ကမ္မဝါစာဖြင့် သံဃာတော်များ သမုတ်အပ်သော သိမ်၊

၂။ **အဗဒ္ဓသိမ်** = ကမ္မဝါစာဖြင့် သမုတ်ထားခြင်းမရှိဘဲ ဝိနည်း ကံများ ဆောင်ရွက်နိုင်သည့် လောကသဘော အားဖြင့် တည်ရှိနေ သည့်သိမ်-ဟု (၂)မျိုးရှိပါသည်။

ဗဒ္ဓသိမ်

ထိုသိမ်(၂)မျိုးတို့တွင် ဗဒ္ဓသိမ်သည်-

၁။ **မဟာသိမ်**- ကျောင်းတိုက်ကြီးတစ်တိုက်လုံးကို ဖြစ်စေ၊ ဂါမခေတ် နှစ်ခု သုံးခုကိုဖြစ်စေ သုံးယူဇနာထက် မကျယ်စေဘဲ သမုတ် အပ်သောသိမ်။

၂။ **ခဏ္ဍသိမ်** = မဟာသိမ်ကိုပိုင်းဖြတ်၍ ယင်းမဟာသိမ် နှင့်လည်း မထိစပ် မရောနှောစေဘဲ သမုတ်အပ်သောသိမ်၊ သို့မဟုတ် ဂါမခေတ်ကိုပိုင်းဖြတ်၍ ယင်းဂါမခေတ်နှင့်လည်းမထိစပ် မရောယှက် စေဘဲ သမုတ်အပ်သောသိမ်၊ သို့မဟုတ် ကျောင်းတိုက်အတွင်း သတ်မှတ်ပိုင်းခြား ထားသော ရဟန်းတော် နှစ်ကျိပ်တစ်ပါး စည်းဝေးလောက်သော နေရာ

မှစ၍ မဟာသိမ်လောက် မကြီးစေဘဲ သမုတ်အပ်သော သိမ်–ဟု (၂)မျိုး ရှိပါသည်။

ဗဒ္ဓသိမ်သမုတ်ခြင်း

ဗဒ္ဓသိမ်သမုတ်ခြင်းသည် –

၁။ ပကတိဂါမ၌ နယ်သိမ်သမုတ်ခြင်း။

၂။ ဝိသုံဂါမ၌ သမုတ်ခြင်းဟူ၍ (၂)မျိုးရှိပါသည်။

ထိုတွင် ပကတိဂါမသိမ်၌ နယ်သိမ်းသမုတ်မည်ဖြစ်အံ့–

၁။ သိမ်သမုတ်မည့်နေရာကို စည်မျက်နှာပြင်ကဲ့သို့ ညီညာအောင် ပြုလုပ်ခြင်း။

၂။ ကျမ်းဂန်တတ်ဆရာတော်ကြီးများက ကျမ်းဂန်နှင့်အညီ မိန့်ကြားသည့်အတိုင်း သိမ်နှုတ်ခြင်းကိစ္စတို့ကို ဆောင်ရွက်ခြင်း။

၃။ သိမ်သမုတ်မည်ရှိသောအခါ ထိုပကတိ ဂါမခေတ် အတွင်း၌ တည်ရှိသော ရဟန်းတော်များကို သိမ်သမုတ်မည့်နေရာ သံဃာ့ဟတ္ထပါသ်သို့ ပင့်ဆောင်ခြင်း၊ သို့မဟုတ် ဆန္ဒယူခြင်း၊ ဆန္ဒကို သံဃာတော်များအား လျှောက်ထားခြင်း၊ သို့မဟုတ် မိမိတို့ ကျောင်းတိုက်အတွင်းရှိ ခဏ္ဍသိမ်အတွင်း၌သာ နေထိုင်ကြရန် လျှောက်ထားခြင်း၊ ထိုသိမ်သမုတ်မည့် ဂါမခေတ်အတွင်းသို့ တခြားသော ဂါမခေတ်အတွင်းမှ ရဟန်းတော်များ ဝင်ရောက်မလာစေရန်လမ်း၊ မြစ်ဆိပ်၊ ကားဂိတ်၊ ရွာတံခါး စသည်တို့၌ အစောင့်အရှောက်များ ချထားခြင်း။

၄။ သိမ်သမုတ်မည့်အချိန်နှင့် သမုတ်ပြီးချိန်တို့၌ စောင့်ရှောက်မှုကိစ္စများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စည်၊ ခရာသင်း၊ ကြေးစည်၊ ခေါင်းလောင်း စသော အမှတ်သညာတို့ကို ပြုလုပ်ခြင်း။

၅။ ဝိနည်းဓမ္မကံနှင့်အညီ သိမ်နိမိတ်ကြားပြီးနောက် သမာန သံဝါသက သီမာသမ္မုတိကမ္မဝါစာကို အကြိမ်ကြိမ် ရွတ်ဖတ်၍ သမုတ်ခြင်းတို့ကို ပြုလုပ်ရမည်။ သမာနသံဝါသက သီမာသမ္မုတိကမ္မဝါစာရွတ်ဖတ်ပြီးသည်၏အဆုံး၌ နိမိတ်တို့ကိုအပပြု၍ မြေအောက်၌တည်ရှိသော ရေတိုင်အောင် သမာန သံဝါသကသိမ် အောင်မြင်စွာ သက်ရောက်ပါသည်။

အဝိပ္ပဝါသိမ် သမုတ်ခြင်း

အဝိပ္ပဝါသသိမ်သည် သမာနသံဝါသကသိမ်ပေါ်၌ထပ်၍ သမုတ်သော သိမ်ဖြစ်သည်။ ထိုသို့ သမုတ်အပ်ပြီးသော သမာနသံဝါသက သိမ်ကိုပင် ထပ်၍သမုတ်ရသည်ဖြစ်သောကြောင့် အဝိပ္ပဝါသသိမ်အတွက် သီးခြား နိမိတ်ကြားရန် မလိုပါ။ (ဝိ၊ ဋ၊ ၃။ ၃၃၂)

သမာနသံဝါသကသိမ် မြဲမြံစွာတည်ရှိရန်အလို့ငှါ အဝိပ္ပဝါသ သီမာသမ္မုတိကမ္မဝါစာကို ရွတ်ဖတ်၍ သမုတ်ရသည်။ သိမ်သမုတ်စဉ်က သမာနသံဝါသကသိမ်ကို ပထမသမုတ်ပြီးနောက် အဝိပ္ပဝါသ သိမ်ကို ထပ်၍သမုတ်ထားခြင်းဖြစ်ရာ ထိုသို့သမုတ်ထားသည်ကို မသိသော ဆန့်ကျင်ဘက်ရဟန်းတို့က ရှေးဦးစွာ အဝိပ္ပဝါသသိမ်ကိုမနုတ်ဘဲ သမာန သံဝါသကသိမ်ကိုနှုတ်လျှင် အဝိပ္ပဝါသသိမ် အပေါ်က ခံနေသော ကြောင့် သမာနသံဝါသကသိမ်ကို ကျွတ်အောင် မနုတ်နိုင်သည်ဖြစ်၍ မိမိတို့သိမ် မပျက်စီးခြင်း အကျိုးရှိပါသည်။

တိစိဝရိတ်အဓိဋ္ဌာန်တင်သော သင်္ကန်းနှင့် ညဉ့်ကင်း၍ နေခြင်း ကြောင့် အာပတ်မှလွတ်ကင်းရန် အကျိုးကိုရည်ရွယ်၍ အဝိပ္ပဝါသ သိမ်သမုတ်ရန် ပညတ်တော်မူခြင်း ဖြစ်ပါသည်။ သို့သော် ထိုသင်္ကန်းနှင့် ညဉ့်ကင်း၍ နေနိုင်ခြင်းအကျိုးငှါ ကျောင်းတိုက်အပြင် ရွာ၊ ရွာ၏ ဥပစာမှ လွတ်သော မြေအရပ်များပါဝင်သော မဟာသိမ်ကြီးမျိုးမှာသာ အကျိုးထူး ပေသည်။ ကျောင်းတိုက်ကို သမုတ်သောသိမ်၊ ကျောင်းတိုက်အတွင်း ပိုင်းခြား၍သမုတ်သော ခဏ္ဍသိမ်တို့၌ကား အကျိုး မထူးလှပေ။ အဝိပ္ပဝါသ

သိမ် မသမုတ်သော်လည်း ကျောင်းတိုက်အတွင်းဖြစ်၍ သင်္ကန်းနှင့် ညဉ့်ကင်း၍ နေနိုင်ခြင်းအကျိုးကို ရသည်သာဖြစ်ပါသည်။

ရဟန်းတို့၏ အဝိပ္ပဝါသသိမ်သည် ရွာ၊ ရွာ၏ဥပစာသို့ မသင်္ကြားသော်လည်း ဆရာတို့၏ အလေ့အကျက်ဖြစ်သော အကျင့်ဖြင့် ထိုဆရာတို့၏ အလေ့အကျင့်ကို လေးစားသောအားဖြင့် အဝိပ္ပဝါသသိမ်ကို ထပ်၍ သမုတ်ကြခြင်းဖြစ်ပါသည်။ အခြား တစ်စုံတစ်ရာသော အကျိုးကိုငဲ့၍ သမုတ်ခြင်းမဟုတ်ဟု ဝဇိရ (၄၅၇)၌ မိန့်ပါသည်။

သီမန္တရိက်

ခဏ္ဍသိမ်ကို သမုတ်ပြီးလျှင် သီမန္တရိက်ကျောက်တို့ကို ထားအပ်ကုန်၏။ သီမန္တရိက်အကွာအဝေး တစ်ခုနှင့်တစ်ခု အကွာအဝေး ပမာဏသည် အယုတ်ဆုံးအားဖြင့် တစ်တောင်အတိုင်းအရှည် ရှိလျှင် အပ်ပါတော့သည်။ တစ်ထွာပမာဏရှိလျှင်ပင် အပ်ပါသည်။ (ကုရုန္ဒီ) လက်လေးသစ် ပမာဏရှိလျှင်လည်း အပ်ပါသည်။ (မဟာပစ္စရီ)

အဋ္ဌကထာတို့၌ ခဏ္ဍသိမ်ကိုပတ်၍ မဟာသိမ်သမုတ်မည့် အရာ၌သာ သိမ်နှစ်လုံးအကြား အပိုင်းအခြား သီမန္တရိက်ကို ထားရမည်ဟု မိန့်ဆိုချက်ရှိသည်။ ယခုခေတ်၌ကား ခဏ္ဍသိမ်တစ်ခုတည်း သမုတ်ရာ၌လည်း သီမန္တရိက်ကို အစဉ်အလာအားဖြင့် ရှေ့ဆရာတော်ကြီးများ အဆက်ဆက် ထားရိုးရှိပါသည်။

ဝိသုဂါမသိမ်

တစ်ခုသောရွာနယ်ကြီးအတွင်း၌ တစ်ခုသောမြေကွက်ကို အရပ်လေးမျက်နှာတို့၌ ပိုင်းခြားသတ်မှတ်၍ "ဤမြေအရပ်သည် နယ်သီးရွာသီးဖြစ်စေ"ဟု ရေမြေကိုပိုင်သော အစိုးရပိုင်မင်းနှင့် ထိုမင်းတို့ထံမှ နယ်မြေကို ခွဲဝေပိုင်ခြားနိုင်ခွင့်ရှိသော မှူးမတ်၊ ဝန်ကြီး စသော်သူတို့က နယ်သီးပြုလုပ်ခဲ့သည်ရှိသော် ထိုအရပ် ထိုအကွက်သည် "ဝိသုဂါမသိမ်" ဖြစ်၏။ (ဝိ၊ ၄။ ၃။ ၃၃၃။)

ဤ၌ ''ရာဇာ''အရ ရေမြေကိုအစိုးရသော မင်း၊ မင်းကဲ့သို့ နယ်သီး၊ ရွာသီးဖြစ်အောင် ပိုင်းခြား သတ်မှတ်နိုင်သော မင်းထံမှ သြဇာအာဏာ ရာထူးဌာနန္တရရှိသော မှူးကြီး၊ မတ်ကြီး၊ ဝန်းကြီး–စသော သူတို့ကို ယူရပါမည်။ (ဝိ၊ ၁။ ၅၅။ ဝိ၊ ၌၊ ၁။ ၂၆၈။ ဝိ၊ ၌၊ ၂။ ၁၈၃)

ဤဝိသုံဂါမအရာ၌ ''အလိုရှိတိုင်း ပြုလုပ်ဆောင်ရွက် စီရင်လေ''ဟူ၍ဌင်း၊ ''ဥပဒေအတိုင်း ပြုလုပ်ဆောင်ရွက် စီရင်လေ'' ဟူ၍ဌင်း မင်းကလွဲအပ်၍ မင်းကိစ္စကို ပြုလုပ်ဆောင်ရွက်ကြသော မဟာမတ္တာတို့သည် ''ရာဇာ''အရ မင်းမည်သည်ချည်းသာ ဖြစ်ပါသည်။

သမုဒ္ဒရာအတွင်းရှိ ကျောက်ဖျာသည် တစ်ပါးသော ဂါမခေတ် တို့နှင့် မဆက်စပ်ပါမူ ''ဝိသုံဂါမ''ဖြစ်၏။ (ဝဇိရ။ ၄၅၉)

ဝိသုံဂါမ အင်္ဂါလေးပါး

ဝိသုံဂါမအင်္ဂါတို့ဟူသည်မှာ–

၁။ ပကတိဂါမဖြစ်ခြင်း။

၂။ ပကတိဂါမခေတ်အတွင်း တစ်စိတ်သောမြေအဖို့, အရပ်ဖြစ်ခြင်း။

၃။ အဌကထာပြု အခြင်းအရာအာကာရဖြင့် နယ်ပိုင်းခြား သတ်မှတ်ခြင်း။

၄။ နယ်ပိုင်းခြားသတ်မှတ်သောသူသည် ရေမြေကို အစိုးရ သောမင်းနှင့် မင်းထံမှ နယ်ပိုင်းခြား သတ်မှတ်နိုင်ခွင့် အာဏာ ရှိသော မှူးမတ်၊ ဝန်ကြီး–အစရှိသော လက်အောက် အရာရှိဖြစ်ခြင်း– ဟူသော ဤအကြောင်းအင်္ဂါလေးပါးနှင့် ပြည့်စုံမှသာလျှင် ဝိသုံဂါမ မြောက်ပါသည်။

၁။ **ပထမအင်္ဂါဖြင့်** = ဂါမခေတ်မဟုတ်သော ဂါမခေတ်မှ ကင်းလွတ်သော မြစ်၊ သမုဒ္ဒရာ၊ ဇာတသရ–စသော အရပ်တို့၌ မင်းတို့က

နယ်ပိုင်းခြားသတ်မှတ်၍ ပေးသော်လည်း ဝိနည်းအလို ဝိသုံဂါမ မမြောက်ပါ။

(ဝိသုံဂါမလျှောက်ထားသူသည် သို့မဟုတ် ဝိသုံဂါမဘောဇကသည် ပကတိဂါမရှင် သူကြီးမဖြစ်စေရ၊ သူကြီးမှတစ်ပါး အခြားသူတစ်ဦးဦး ဖြစ်ရမည်။) (မိုးနံကုန်း၊ တိပိဋကဂါ၊ ၁၆၄။)

၂။ **ဒုတိယအင်္ဂါဖြင့်** = ပကတိဂါမခေတ်အားလုံးကို ဝိသုံဂါမ ပေးသော်လည်း ဝိသုံဂါမမမြောက်ပါ။

၃။ **တတိယအင်္ဂါဖြင့်** = ဤအရပ်သည် ဘုရားမြေဖြစ်စေ၊ ကျောင်းမြေဖြစ်စေ-စသည်ဖြင့် အပိုင်းအခြားပြု၍ လှူဒါန်းပေးကမ်းသော်လည်း ဝိသုံဂါမ မမြောက်ပါ။

၄။ **စတုတ္ထအင်္ဂါဖြင့်** = မင်းနှင့်မင်းထံမှ နယ်ကိုပိုင်းခြားခွင့် ရရှိကြသော အာဏာရ မှူးမတ်၊ ဝန်ကြီး-စသည်တို့မှတစ်ပါး၊ ပိုင်းခြားခွင့် အာဏာမရကြသော မှူးမတ်၊ ဝန်ကြီး-စသော အစိုးရအရာရှိတို့က မိမိသဘောအလျောက် ပိုင်းခြားပေးသော်လည်း ဝိသုံဂါမ မမြောက်ပါ။

(ဝိ၊ ပကိဏ္ဏက၊ ၁၈၀-၁၈၁။)

လူတို့အား မြေပိုင်ဖြစ်စေခြင်းအကျိုးငှါ ပေးအပ်သောအရာသည်သာ ဝိသုံဂါမသိမ် မဖြစ်သည်မဟုတ်သေး။ <u>သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တို့ အကျိုးငှါ ကျောင်းအားလည်းကောင်း၊ ဘုရားအားလည်းကောင်း မြေပိုင် ဖြစ်စေခြင်းငှါ လှူအပ်သောအရပ်သည်လည်း ဝိသုံဂါမသိမ် မဖြစ်။</u>

ထိုစကား သင့်စွ၊ ကျောင်းအားလည်းကောင်း၊ ဘုရားလည်းကောင်း လှူအပ်သောအရပ်သည် 'လာဘသိမ်'မည်၏။ ဝတ္ထုကံလည်းမည်၏။ ၎င်းလာဘသိမ်, ဝတ္ထုကံ မြေအရပ်သည် ပထမရဟန်းတော်ရှင်တော်တို့၏ မိဘပိုင်ဆိုင်သော အခွန်ကောက်ခြင်း မရှိ၊ 'လွတ်ငြိမ်းစေ' ဟူသော မင်း၏အာဏာဖြင့် အခွန်ကောက်ခြင်း မရှိသော်လည်း ရွာသီးမဖြစ်သကဲ့သို့ သဒ္ဓါ၍ မင်းကလှူခြင်းဖြင့် အခွန်ကောက်ခြင်း မရှိသော်လည်း ရွာသီးမဖြစ်။

ထိုစကားလည်း သင့်ပေစွ၊ သိမ်သမုတ်ရန်ပေးရာ၌ သိမ်သမုတ် ခြင်းကိုစွဲ၍ ရွာသီးဖြစ်အံ့သည်၊ ရည်သန်းရင်းဖြစ်သည်၊ မြေပိုင်ကို ရည်သန်း ရင်းမဟုတ်။ လာဘသိမ်, ဝတ္ထုကံမြေကိုလှူရာ၌ လာဘ်ကိုစွဲ၍ မြေပိုင်းကို ရည်သန်းရင်းဖြစ်သည်။ ရွာသီးကို ရည်သန်ရင်းမဟုတ်။ ၎င်းလာဘသိမ်, ဝတ္ထုကံမြေအရပ်သည် ရာဇဝတ်ရေးစသည်မှ စောင့်ရှောက်တတ်သော သူနှင့် ကင်း၍လည်းမဖြစ်။ တစ်ပါးသော နယ်ရှင်သူကြီးတို့ကလာ၍ စောင့်ရှောက်ရန် အခွင့်လည်းမဟုတ်၊ သို့ဖြစ်၍ ၎င်းရွာသူကြီး ကပင် ရာဇဝတ် ရေးစသည်မှ စင်စစ် စောင့်ရှောက်အပ်သည်ဖြစ်၍ ၎င်းလာဘ သိမ် ဝတ္ထုကံမြေအရပ်သည် **'ဝိသုဂါမသိမ် မဖြစ်'**ဟု စင်စစ် သက်ဝင် ယုံကြည် မှတ်သားအပ်၏။ (မိုးနံကုန်း၊ တိပိဋကဝါ၊ ၁၆၅။)

ပကတိဂါမနှင့် ဝိသုဂါမ

ဝိသုဂါမသိမ်နှင့် ပကတိဂါမသိမ်သည် အကျဉ်းအကျယ်မျှသာ ထူးပါသည်။ ဤမှတစ်ပါး အထူးမရှိ၊ သို့ဖြစ်၍ ပကတိဂါမသိမ်၌ ရွာသီး ဖြစ်သည်သာ ပမာဏဖြစ်သည်။ မြေပိုင်ပမာဏ မဟုတ်သကဲ့သို့ ဝိသုဂါမ သိမ်၌လည်း ရွာသီးဖြစ်သည်သာ ပမာဏဖြစ်ပါသည်။ မြေပိုင်ပမာဏ မဟုတ်ပါ။

ဝိသုဂါမသိမ်၌ ''ရွာသီးဖြစ်စေ''ဟု ပိုင်းခြားပေးခြင်းသာ ပမာဏဖြစ်သည်။ အခွန်ကောက်ခံခြင်း၊ ခိုင်စားခြင်း ပမာဏ မဟုတ် သကဲ့သို့ ပကတိဂါမသိမ်၌လည်း နယ်သီးခန့်ထားခြင်းသည်သာ ပမာဏဖြစ်ပါသည်။ အခွန်တော်ကောက်ခံခြင်း၊ ခိုင်စားရခြင်း ပမာဏ မဟုတ်ဟု မှတ်ရာ၏။ (မိုးနန်ကုန်း ဆရာတော်)

ခဏ္ဍာသိမ်သမုတ်ရခြင်းအကျိုး

၁။ သာမဏေလောင်းများ ဆံချရာတွင် ဥပစာရသိမ် အတွင်းရှိ ရဟန်းတော်များကို ပန်ကြားရန် မလိုခြင်း။

၂။ သံဃာ့ကံဆောင်လျှင် ဂါမခေတ်အတွင်းရှိ ရဟန်း များကို ဟတ္ထပါသ်သို့ပင့်ဆောင်ရန်၊ ဆန္ဒခံယူရန်၊ ဆန္ဒ

ကြားရန်၊ မိမိတို့ ခဏ္ဍာသိမ်အတွင်း၌သာနေကြရန် လျှောက်ထားဖွယ် အခြားသော ဂါမခေတ်မှ ရဟန်းများ ကံဆောင်ချိန် မဝင်ရောက်စေရန် နယ်စောင့်ချထားပြီး စောင့်ရှောက်ရန် မလိုခြင်းကြောင့် သံဃာ့ကံများ လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်းစသော အကျိုးတရားများကို ရရှိနိုင်ပါသည်။

ခဏ္ဍာသိမ်နှင့်စပ်၍ သိမှတ်ဖွယ်

၁။ ခဏ္ဍာသိမ် သမုတ်ပြီးနောက် ယင်းမြေနေရာ နိမ့်ကျနေသဖြင့် မြေစသည်ဖို့၍ မြင့်အောင်ပြုလုပ်ငြားအံ့၊ သိမ်မပျက်၊ သိမ်ပင် ဖြစ်သည်။

၂။ သိမ်သမုတ်ပြီးသော သိမ်အပြင်၌ ကျောင်းဆောက်ငြားအံ့၊ ထိုကျောင်းသည် သိမ်၌တည်သည်ဖြစ်၍ သိမ်ပင်ဖြစ်၏။။ ထိုကျောင်း၌ တည်၍ ကံပြုအပ်၏။။

၃။ သမုတ်ပြီးသောသိမ်မြေပေါ်၌ ရေကန်တူးငြားအံ့၊ သိမ်ပင် ဖြစ်၏။။ ရေကန်ပါ သိမ်ဖြစ်သွားတော့သည်။

၄။ ရေးကြီးသောအခါ၌ သိမ်မြေအပြင်ကို ရေလွှမ်းနေအံ့၊ သိမ် အပြင် ရေပေါ်၌ ငြမ်းထိုး၍ ကံပြုခြင်းငှါ အပ်၏။

===ooo===

အဗဒ္ဓသိမ်

အဗဒ္ဓသိမ်သည် -

၁။ ဂါမသိမ်

၂။ သတ္တဗ္ဘန္တရသိမ်

၃။ ဥဒကုက္ခေပသိမ်-ဟူ၍ သုံးမျိုးရှိပါသည်။

ရွာသီး၊ နယ်သီးပြုလုပ်နိုင်သော အစိုးရမင်းတို့က ပိုင်းခြားသတ်မှတ်အပ်သော သူကြီးတစ်ယောက် အုပ်စိုးရာဖြစ်သော ဥတ္တို ဒုတိယကမ္မဝါစာဖြင့် မသမုတ်ရသေးသော ဗဒ္ဓသိမ်ကဲ့သို့ အကျဉ်း အကျယ် မပိုင်းခြားအပ်သေးသော အသီးသီးသော ဂါမခေတ်၊ နိဂမ ခေတ်၊ နဂရခေတ် တစ်ခုစီသည် တစ်ခုတစ်ခုသော ဂါမသိမ်၊ နိဂမ သိမ်၊ နဂရသိမ်မည်၏။ (ဝိ၊ ၃။ ၁၅၀။ ဝိ၊ ၆၊ ၃။ ၃၃၃။ ဝိ၊သင်္ဂဟ၊ ၁၉၄)

ထိုဂါမခေတ်၌ ဟတ္ထပါသ်စပ်အောင် သံဃာစုရုံးပြီးလျှင် ဗဒ္ဓသိမ်ကဲ့သို့ ကံကြီးကံငယ်ကို ဆောင်ရွက်နိုင်ပါသည်။ (ဝိမတိ၊ ၂။ ၁၅၆။)

၁။ 'ဤရွာသည် ဤမျှ ကရီသ အတိုင်းအရှည်ရှိ၏' ဤသို့အစရှိသည်ဖြင့် အစိုးရမင်းတို့၏ စာရွက်စာတမ်း မြေပုံတို့၌ ရေးသားတင်ပြအပ်သော မြေအဖို၌ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ရွာစားတို့သည် အခွန်ကိုရသော အခွန်ထွက်သော လယ်မြေ၊ ကိုင်းမြေ၊ ခြံမြေ စသော အရပ်များ။

၂။ အခွန်အတွက်မရသော်လည်း အစိုးရမင်းတို့က နယ်ပယ်စသည် ပိုင်းခြားအပ်သောအရပ်၊ အတွင်းကျသောမြစ်၊ ဆားငံချောင်း၊ ဇာတသရအိုင်တို့မှတစ်ပါး တဘက်ဆည်ကန်၊ သုသာန်၊ တော၊ တောင်၊ ချောင်း၊ မြောင်း–စသော အရပ်များ။

၃။ သမုဒ္ဒရာအလယ်၌ မိုးလေးလအတွင်း ရေမလွှမ်း သော တံငါသည်တို့ နေ့ချင်းပြန် သွားလာနိုင်သော ခရီးအတွင်းတည် ရှိသော ကျွန်း၊ သောင်၊ တောင်၊ ကျောက်ဆောင်၊ ကျောက်ဖျာ၊ သစ်ပင်–စသည်တို့သည် ''ပကတိဂါမသိမ်''မည်၏။

(ဝိ၊ ၆၊ ၂။ ၃၃၃–၆။ ဝိမတိ၊ ၂။ ၁၅၇။)

အမှတ် (၃)ဌာနသည် မိုးတွင်းအခါ ရေလွှမ်းလျှင် ဥဒကုက္ခေပသိမ်အဖြစ်ဖြင့် ကံပြုခြင်းငှါအပ်၏။

ဂါမသိမ်ကျောက်ဖျာ၌ ကံပြုလျှင် အနီးရှိသောဂါမသိမ်ကို မသုတ်သင်ဘဲ ကံမပြုရာ၊ ယင်းကျောက်ဖျာသည် လှည့်လည်သွား

လာနေသော ရွာသားတို့၏ ဂါမသိမ်ဖြစ်ပါသည်။ ယင်းဂါမသိမ် ကျောက်ဖျာသည် ရဟန်းနှစ်ကျိပ်တစ်ပါး စည်းဝေးလောက်လျှင် အလိုရှိရာ သံဃာ့ကံပြုနိုင်၏။ တစ်တောင်ပတ်လည်ရှိမူ ရဟန်းတစ်ပါးတည်း အဓိဋ္ဌာန်ဥပုသ်ပြုနိုင်၏။

---oOo---

ဂါမသိမ်နှင့် ဗဒ္ဓသိမ်

ဂါမသိမ်မှ သစ်ပင်အကိုင်းအခက်က ဗဒ္ဓသိမ်ဘက်သို့ ရောက်ရှိထိနေစေကာမူ ဗဒ္ဓသိမ်၌ ကံပြုရာဝယ် သစ်ကိုင်းအစရှိသည်ကို ဖြတ်တောက်စရာမလို၊ ဂါမသိမ်ဘက်မှ သစ်ပင်သည် ဂါမသီမဋ္ဌဖြစ်၍ နိဿယ နိဿိတ သဘာဂသိမ်ဖြစ်သောကြောင့်ကည်း။

သို့သော်လည်း ဂါမဟုဆိုစေကာမူ ရှေးရှေးအခါကရှိသော ဗဒ္ဓသိမ်အတွင်း၌ ပေါက်ရောက်နေသော သစ်ပင်ဖြစ်ပါမူ သမ္ဘေဒအဇ္ဈောတ္ထရဏ ဒေါသရှိနိုင်သည်-ဟု ယူဆလိုပါက ယူဆဖွယ်ပင်။ ထို့ကြောင့် ဘာတစ်ခုမျှ ထိစပ်ကူးစက်ခြင်း မရှိအောင် သုတ်သင်ပြုလုပ်ထားလျှင် အကောင်းဆုံး သံဃယ အရှင်းဆုံးဖြစ်ပေသည်။

---oOo---

သတ္တဗ္ဘန္တရသိမ်

၁။ ရွာ၊ နိဂုံး၊ မြို့၊ အပိုင်းအခြားတို့မှ လွတ်သော တော၊

၂။ ရွာဟူသော ဝေါဟာရမရှိရာ၊ လူတို့သွားရောက်၍ လုပ်ကိုင် စိုက်ပျိုးမှု မပြုရာသော တော။

၃။ တံငါသည်တို့ နေ့ချင်းပြန်မသွားရောက်နိုင်သော သမုဒ္ဒရာ အလယ်ကျွန်း၊ တောင်များသည် "သတ္တဗ္ဘန္တရသိမ်" ဖြစ်၏။

အဗ္ဘန္တရတစ်ခု၌ (၂၈)တောင်ရှိ၏။ အဗ္ဘန္တရ (၇)ခုသည် အတောင်

(၁၉၆)တောင် ရှိ၏။ ဤအတောင် (၁၉၆)တောင်သည် တစ်မျက်နှာသာဖြစ်၏။ အရွေ့၊ အနောက်၊ တောင်၊ မြောက် တစ်ဘက်ဘက်ကို ထုတ်ချင်းခတ်တိုင်းလျှင် (၃၉၂)တောင် ရှိ၏။ ဤကား ''သတ္တဗ္ဘန္တရ'' တစ်ခု၏ အကျယ်ပမာဏတည်း။

ဥပုသ်, ပဝါရဏာပြုရာ ဥပသမ္မဒစသော ကံကြီး–ကံငယ် ဆောင်ရာအခါ၌ သံဃာအများ စည်းဝေးရာဝယ် သံဃာ့ ပရိသတ်အစွန်မှ အပြင်ဘက်၌ သတ္တဗ္ဘန္တရ သွား၏။ ထို့ကြောင့် သတ္တဗ္ဘန္တရသိမ်သည် သံဃာပွားတိုင်း သိမ်နယ်လည်း ကျယ်ပွား၏။

(ဝိ၊ ၃။ ၁၅၀။ ဝိ၊ ဋ္ဌ၊ ၃။ ၃၃၃–၆)

သတ္တဗ္ဘန္တရသိမ်နှစ်ခု၌ သံဃာနှစ်ဖွဲ့ ကံဆောင်လျှင် အလယ်၌ သတ္တဗ္ဘန္တရတစ်ခုစာခြား၍ ကံပြုရမည်။ ဤသတ္တဗ္ဘန္တရသိမ်၌ တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော ရဟန်းသည် တိစီဝရိက်သင်္ကန်းနှင့် ညဉ့်ကင်း၍ နေခွင့်ရသည်။

ဥဒကုက္ခေပသိမ်

လက္ခဏာမြောက်သော မြစ်၊ သမုဒ္ဒရာ၊ ဇာတသရအိုင် အတွင်း သောင်ပြင်၌ သံဃာအစွန်မှနေ၍ အားအလယ်အလတ်ရှိ သောယောကျ်း ပစ်ကြဲအပ်သော ရေ/ သဲကျရာအရပ်အတွင်းသည် ''ဥဒကုက္ခေပသိမ်'' ဖြစ်၏။

ရေ/သဲ ပစ်ကြမှုသည် သိမ်ရောက်ရာဌာန သိလိုသော်သာ ပစ်ကြဲရသည်၊ ရေ/သဲ ပစ်ကြဲမှ ဥဒကုက္ခေပသိမ်ဖြစ်သည်ဟု ဆိုလို ရင်းမဟုတ်ပါ။

ကံပြုဆဲမဟုတ်သောသံဃာသည် ကံပြုဆဲသံဃာ၏ ဥဒကု–က္ခေပပမာဏ၏အပဋ္ဌ တစ်ထောင့်တွာခွါ၍ တစ်ရာ, တစ်ထောင်မျှ ဝိုင်းဝန်း၍ နေသော်လည်း ကံမပျက်။

ဤဥဒကုက္ခေပသိမ်ကိုပင် နဒီသိမ်၊ သမုဒ္ဒသိမ်၊ ဇာတသရ သိမ်–ဟူ၍ ဆိုနိုင်သည်။ ဥဒကုက္ခေသိမ်နှစ်ခု၌ သံဃာနှစ်ဖွဲ့ ကံပြုကြလျှင်

သိမ်နှစ်ခုအကြား ဥဒကုက္ခေပသိမ်တစ်ခုစာ ဥပစာခြား၍ ကံပြုရပါမည်။

ဥဒကုက္ခေပသိမ်အတွင်း လှေ၊ ဖောင်၌တည်၍ သံဃာ့ကံ ပြုလုပ်ဆောင်ရွက်လျှင် လှေ၊ ဖောင်ကို ထိုးဝါးဖြင့် ရပ်တန့်စေ၍ဖြစ်စေ၊ ကျောက်ချ၍ ဖြစ်စေ၊ မြစ်အတွင်း၌ပေါက်နေသော သစ်ပင်၌ချည်၍ ဖြစ်စေ၊ သံဃာ့ကံကို ပြုလုပ်ဆောင်ရွက်ရမည်။ လှေ၊ ဖောင်သည် ကံပြုနေဆဲ အချိန်မှာ အစုန်အဆန်မရှိ ငြိမ်သက်နေရန် လိုအပ်ပါသည်။ သွားလာရွေ့လျားနေသော လှေ၊ ဖောင်၌ ကံမပြုရပါ။

ထို့ပြင် ဝိဟာရသိမ်၊ ဂါမသိမ်တို့၌ ပေါက်ရောက်နေသော သစ်ပင်တို့၏ မြစ်ဘက်သို့ဝင်၍ မြစ်ပေါ်၌ဝဲနေသော အကိုင်းအခက်တို့၌ လှေ၊ ဖောင်ကိုဖွဲ့ချည်၍ ကံမပြုရပါ။

ရေသိမ်ဆောက်၍ တံတားပြုရာ၌

ဥဒကုက္ခေပသိမ်အတွင်း၌ ကံဆောင်ရွက်ရန်ပြုလုပ်သော လှေ၊ ဖောင်၊ အဆောက်အအုံတို့ကို မည်သည့်နည်းနှင့်မျှ ကမ်းနှင့် ဆက်သွယ်မှုမဖြစ်စေရန် သတိပြုရမည်။

ရေသိမ်ဆောက်လုပ်ရာ၌ တံတားကို ကမ်းနှင့်စပ်၍ ထိုးလာပြီး သိမ်ကျောင်းရောက်မှ သိမ်ကျောင်းနှင့်မစပ်မိအောင် နှစ်တောင်၊ သုံးတောင်ခန့်ဖြတ်၍ ထားတတ်ကြသည်။ ထိုသို့ပြုလုပ်ရာ၌ တံတားတိုင်တို့သည် မူလဥဒကုက္ခေပသိမ်၏ အခြားမဲ့၌ –

ဥဒကုက္ခေပ ရေတစ်ကျအတွင်း၌ပင် တည်နေကြသဖြင့် ထိုသိမ်သည် ဂါမနှင့်စပ်မြဲစပ်လျက်ပင် ဖြစ်နေ၏။ ထို့ကြောင့် ဂါမနှင့်မစပ်ရအောင် –

၁။ တံတားကို ကမ်းမှဖြတ်၍ ထားရမည်။

၂။ တစ်နည်း – မြစ်ကမ်းဂါမမှ ဥဒကုက္ခေပသိမ်သို့ လာ ရောက်သော တံတားတို့ကို မူလဥဒကုက္ခေပသိမ်၏ အခြားမဲ့ တစ်ပါးသော ရေတစ်ကျ သာသာ၏ အပြင်ဘက်၌ စိုက်ထူ၍ ဆောက်လုပ်ရမည်။

၃။ ထို့ပြင် ကမ်းဂါမခေတ်မှ ထိုးလာ၍ ဥဒကုက္ခေပအတွင်း ကျရောက်သက်ဝင်နေသော သစ်မြစ်၊ သစ်ပါးပျဉ်းများ ကိုလည်း သုတ်သင်ရမည်။

ဥဒကုက္ခေပသိမ်၌ ဒေါသသုံးပါး

၁။ ဥဒကုက္ခေပသိမ်၌ ကံပြုဆဲသံဃာနှစ်စုတို့သည် ဒုတိယ ဥဒကုက္ခေပတစ်ခုစာကို မလွန်စေမူ၍ ကံပြုခဲ့သော် နှစ်ကျိပ် တစ်ယောက် စည်းဝေးလောက်သည်မှစ၍ ယင်းထက်အလွန် သိမ်နယ်ချင်းစပ်ခဲ့သော် အဇ္ဈောတ္ထရဏာဒေါသဖြစ်၏။

၂။ နှစ်ကျိပ်တစ်ယောက် စည်းဝေးလောက်သည်မှအောက် လျော့၍ လက်တစ်သစ်, နှစ်သစ်မျှ သိမ်နယ်ချင်းထပ်ခဲ့သော် သမ္ဘေဒ ဒေါသဖြစ်၏။

၃။ သိမ်နယ်တွင် ပေါက်ရောက်သော သစ်ပင်၊ ချုံနွယ်စသည် ကူးယှက်ထိပါးခဲ့သော် သင်္ကိစ္စဒေါသဖြစ်၏။

အချင်းချင်းစပ်ကောင်းသော သိမ်များ
(သဘာဂ)

၁။ ဂါမသိမ်အချင်းချင်း၊
၂။ ဂါမသိမ်နှင့် ဗဒ္ဓသိမ်၊
၃။ နဒီ၊ ဇာတဿရ၊ သမုဒ္ဒနှင့် ဥဒကုက္ခေပသိမ်၊
၄။ အရညနှင့် သတ္တဗ္ဘန္တရသိမ်၊

မြစ်သမုဒ္ဒရာဇာတဿရအိုင်တို့၌ ကမ္မဝါစာဖြင့် သမုတ်သော်လည်း ဗဒ္ဓသိမ် မဖြစ်၊ ဗဒ္ဓသိမ်မဟုတ်၊ ကမ္မဝါစာဖြင့် သမုတ်စရာမလို မိမိ သဘောအားဖြင့်သာလျှင် အလိုလို သိမ်ဖြစ်နေသည်။ (ဝိ၊ဋ္ဌ၊၃။၃၃၃။)

အလွန်မိုးကောင်းသောကာလ၌ ကမ်းကိုလွန်၍ ရေတက်နေသော အရပ်ကို နဒီသိမ်ဟူ၍ မယူအပ်၊ ၎င်းနေရာအရပ်သည် ဂါမသိမ်ပင်ဖြစ်၏။။

လခွဲတစ်ကြိမ်၊ (၁၀)ရက်တစ်ကြိမ်၊ (၅)ရက်တစ်ကြိမ် မိုးရွာသည်ဖြစ်၍ မိုးကောင်းသောကာလ၌ မိုးလေးလပတ်လုံး နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ရေစီးဆင်းမှုမပြတ်သော အယုတ်ဆုံးအားဖြင့် ပရိမဏ္ဍလသိက္ခာပုဒ်လာ အဝန်းသုံးပါးဖြင့်ဝတ်၍ ရေဆိပ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကူးဖြတ်သောဘိက္ခုနီမ၏ သင်ပိုင်းကို လက်တစ်သစ် လက်နှစ်သစ်မျှ ရေစိုစွတ်သော ရေရှိသော မြစ်သည်လည်းကောင်း၊ ချောင်းသည်လည်းကောင်း နဒီမည်၏။။ (ကခ်၊ ၉၀။)

ထိုမြစ်ချောင်းတို့သည် မိုးလေးလပတ်လုံး ရေတည်ရှိပြီးလျှင် မိုးခေါင်သည်ဖြစ်၍ ဆောင်းအခါ နွေအခါတို့၌ သဲသောင်ပြင် ဖြစ်နေသော်လည်း ကံပြုကောင်းသည်။ (ကခ်၊ ၉၁။)

နွေအခါ သဲသောင်ပြင်ဖြစ်နေသော မြစ်အတွင်း၌ ရေတွင်းတူးခြင်း, ဗူး ဖရုံစသည်တို့ စိုက်ပျိုးထားသောနေရာသာ ဂါမခေတ်ဖြစ်၏၊ နဒီသိမ် မပျက် ကံကြိုးကံငယ် ပြုကောင်း၏။။

အချင်းချင်းမစပ်ကောင်းသော သိမ်များ
(ဝိသဘာဂ)

၁။ ဗဒ္ဓသိမ်အချင်းချင်း၊
၂။ ဥဒကုက္ခေသိမ်အချင်းချင်း
၃။ သတ္တဗ္ဘန္ဇရသိမ်အချင်းချင်း
၄။ ဗဒ္ဓသိမ်နှင့် ဥဒကုက္ခေပသိမ်၊
၅။ ဗဒ္ဓသိမ်နှင့် သတ္တဗ္ဘန္ဇရသိမ်၊
၆။ ဥဒကုက္ခေပသိမ်နှင့် ဂါမသိမ်၊
၇။ ဥဒကုက္ခေပသိမ်နှင့် သတ္တဗ္ဘန္ဇရသိမ်၊
= သဘာဂသိမ်အချင်းချင်း သစ်၊ ဝါး-စသည် ရောယှက်ခြင်း ကြောင့် သီမာသမ္ဘေဒ၊ သီမာသင်္ကရဒေါသ မဖြစ်နိုင်။

(၃၈၆) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

= ဝိသဘာဂသိမ်အချင်းချင်း သစ်၊ ဝါး-စသည် ရောယှက်မှုသာ သိမသမ္ဗေဒ၊ သိမသင်္ကရဒေါသ ဖြစ်နိုင်သည်။

---oOo---

ပြာသာဒ်နှစ်ထပ်ကျောင်းတိုက်အပေါ်ထပ်၌ သမုတ်အပ်သော သိမ်အမျိုးအစားများ

၁။ အောက်ထပ်သို့ မသက်သောသိမ်

ပြာသာဒ်နှစ်ထပ်ကျောင်းတိုက်၏ အပေါ်ထပ်၌ သိမ် သမုတ်လျှင် နံရံကိုနိမိတ်မကြားဘဲ နံရံတို့၏အတွင်း၌ ကျောက်နိမိတ် တို့ကိုထား၍ သိမ်သမုတ်နိုင်သည်။

အကယ်၍ ပြာသာဒ်၊ ကျောင်း၊ တိုက်တို့၏အတွင်း ခန်းမဆောင်သည် သံဃာနှစ်ကျိပ်တစ်ပါး မစည်းဝေးလောက်လျှင် ကျောင်းဦး(ဆင်ဝင်)၌ ကျောက်နိမိတ်ထား၍ သမုတ်ရမည်။ ဤသို့ အောက်ထပ်အပြင်နံရံနှင့် အထက်အောက် အညီအမျှဆက်စပ်သော နံရံရှိသော ပြာသာဒ်၊ ကျောင်း၊ အုတ်တိုက်တို့၏ အထက်ထပ်နံရံတွင်း၌ နိမိတ်ကျောက်တို့ကိုထား၍ နိမိတ်ကြား၍ သမုတ်သောကြောင့် ပြာသာဒ်၊ ကျောင်း၊ တိုက်တို့၏ အပေါ်ထပ်၌သာ သိမ်ဖြစ်၍ အောက်ထပ်ဟင်းလင်းအပြင်သို့ သိမ်မသက်ပါ။ (ဝိ၊၌၊ ၃။ ၃၂၅။ သာရတ္ထ၊ ၃။ ၂၇၂။ ဝိ၊ ပကိဏ္ဏက၊ ၂၄၅။)

၂။ အောက်ထပ်သို့ သက်သောသိမ်

များစွာသောတိုင်တို့၏ထိပ်၌ တင်ထားအပ်သော ထုတ်၊ လျှောက်တို့၏အထက်၌ ဆောက်လုပ်အပ်သော ပြာသာဒ်၊ ကျောင်း၊ အုတ်တိုက်တို့၏ အပေါ်ထပ်နံရံ၏အတွင်း နိမိတ်ကျောက်တို့ကိုထား၍ သမုတ်လျှင် ပြာသာဒ်၊ ကျောင်း၊ အုတ်တိုက်၏ အောက်ထပ်နံရံသည်

အထက်နိမိတ်တို့၏အတွင်း၌ ကျသည်ဖြစ်အံ့၊ ပြာသာဒ်၊ ကျောင်း၊ အုတ်တိုက်၏ အောက်ထပ်သို့လည်း သိမ်သက်၏။ (၀ိ၊ ပက်ထွာက၊ ၂၅၆-၂၅၇။)

၃။ အထက်ထပ်သို့ မတက်သောသိမ်

ပြာသာဒ်၏အောက်၊ ကျောင်း၏အောက်၊ အုတ်တိုက်၏ အောက်ထပ်၌ သိမ်သမုတ်လျှင် အုတ်၊ သစ်သားဖြင့်ပြီးသော နံရံ ကိုဌင်း၊ သစ်သားတို့ကိုဌင်း၊ နိမိတ်မကြားမူ၍ နံရံအပြင်မှ နံရံနှင့် ကပ်ငြိနေသော လေးမျက်နှာရှိ ကျောက်သည်တိုင်တို့ကို နိမိတ်ကြား၍ သမုတ်အပ်၏။ ဤသို့ နံရံနှင့်ကပ်ငြိနေသော ကျောက်သည်တိုင်တို့ကို နိမိတ်ကြား၍ သမုတ်အပ်သောသိမ်သည် အထက်ထပ်နှင့် နံရံမကပ် ငြိခဲ့သော် ပြာသာဒ်၊ အောက်ထပ်၌ အစွန်းဖြစ်သော နိမိတ်ကျောက် တိုင်၏အတွင်း၌ သိမ်ဖြစ်၏။

၄။ အထက်ထပ်သို့ တက်သောသိမ်

အကယ်၍ ပြာသာဒ်၊ အုတ်တိုက်အောက်ထပ်နံရံသည် အထက်ထပ်နှင့် တစ်စပ်တည်းစပ်နေလျှင် အထက်ထပ်သို့လည်း သိမ်တက်၏။ (၀ိ၊ ပက်ထွာက၊ ၂၆၀။)

၅။ နှစ်ထပ်လုံးသိမ်

ပြာသာဒ်၏အပ မြေပြင်တံစက်မြိတ် ရေကျရာအရပ်၌ နိမိတ်ကျောက်တို့ကိုထား၍ သမုတ်လျှင် ပြာသာဒ်အထက်အပြင်နှင့်တကွ တစ်စပ်တည်းနံရံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အလုံးစုံသော ပြာသာဒ်၊ ကျောင်း၊ အုတ်တိုက်သည် သိမ်ဖြစ်ပါသည်။(၀ိ၊ ပက်ထွာက၊ ၂၆၁-၂၆၂။)

သိမ်ပျက် (၁၁)မျိုး

၁။ အတီခုဒ္ဒကာ = နှစ်ကျိပ်တစ်ပါး မစည်းဝေးလောက်သော အလွန်ငယ်သောသိမ်ပျက်၊

၂။ အတိမဟီ = သုံးယူဇနာထက်ကျယ်သော အလွန်ကြီးသော သိမ်ပျက်။

(၃၈၈) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

၃။ ခဏ္ဍနိမိတ္တာ = နိမိတ်စပ်အောင် မကြားဘဲ သမုတ် သဖြင့် နိမိတ်ကျိုးပြတ်သော သိမ်ပျက်။

၄။ ဆာယာနိမိတ္တာ = တောရိပ်၊ တောင်ရိပ်၊ သစ်ပင်ရိပ်ကို နိမိတ်ပြုလုပ်သောသိမ်ပျက်။

၅။ အနိမိတ္တာ = နိမိတ်လုံးလုံးမရှိဘဲ သမုတ်အပ်သော သိမ်ပျက်။

၆။ ဗဟိ သီမေ-
ဋ္ဌိတသမ္မတာ = သိမ်အပဋ္ဌိတည်၍ သမုတ်အပ်သော သိမ်ပျက်။

၇။ နဒီယံသမ္မတာ = မြစ်ပြင်၌ သမုတ်အပ်သောသိမ်ပျက်။

၈။ သမုဒ္ဒေသမ္မတာ = သမုဒ္ဒရာအပြင်၌ သမုတ်အပ်သော သိမ်ပျက်။

၉။ ဇာတသရေ-
သမ္မတာ = ဇာတသရရေအိုင်အပြင်၌ သမုတ် အပ်သောသိမ်ပျက်။

၁၀။ သီမာယသီမံ-
သမ္ဘိန္နန္တေနသမ္မတာ = သိမ်ဟောင်းနှင့်စပ်၍ ထပ်၍သမုတ် အပ်သောသိမ်ပျက်။

၁၁။ သီမာယသီမံ-
အဇ္ဈောတ္ထရန္တေန-
သမ္မတာ = သိမ်ဟောင်းကိုခြုံငုံ၍ သမုတ်အပ်သော သိမ်ပျက်-ဟူ၍ ဝိပတ္တိသိမ်ပျက် (၁၁) မျိုး ရှိပါသည်။ (ဝိ၊ ပကိဏ္ဏက၊ ၁၄၆။)

ဆောင်ဒုဒ်။ ကြီး, ငယ်, ကျိုး, ရိပ်၊ အနိမိတ်၊ ဗဟိဒ်တည် သမုတ်၊ အိုင်,သမုဒ်,မြစ်၊ စပ်,လွှမ်းလစ်၊ ဆယ့်တစ် သိမ်ပျက်ထုတ်။ (သံခိပ်၊ ၄၃၉-၄၄၀)

နိမိတ်လောက်သော နိမိတ်များအကြား၌ နိမိတ်မလောက် သော ဝတ္ထုကိုဖြစ်စေ၊ နိမိတ်မလုပ်ကောင်းသော သစ်ငုတ်၊ မြေပုံ၊ သဲပုံ စသော ဝတ္ထုကိုဖြစ်စေ နိမိတ်အဖြစ်ထား၍ကြားပြီး သမုတ်အပ်သော သိမ်သည် နိမိတ်ကျိုးပြတ်သော သိမ်ပျက်မည်၏။။

သမ္မတ္တိသိမ်

၁။ နိမိတ္တသမ္မတ္တိ – နိမိတ်၏ပြည့်စုံခြင်း။

၂။ ပရိသသမ္မတ္တိ – သီမာသမ္မုတိကမ္မာရဟ ရဟန်း ပရိသတ်၏ ပြည့်စုံခြင်း။

(က) သမုတ်လတ္တံသောသိမ်အပြင်၌ ရဟန်းတော်လေးပါးတို့ စည်းဝေးပြီးလျှင် ထိုသမုတ်လတ္တံသော သိမ်၏တည်ရာ ပကတိဂါမ ခေတ်အတွင်း၌ ဗဒ္ဓသိမ်သို့ဖြစ်စေ၊ မြစ်သမုဒ္ဒရာ ဇာတဿရ အိုင်သို့ဖြစ်စေ မသက်ဝင်မှု၍ တည်နေသောရဟန်းတို့ကို ဟတ္ထပါသ်သို့ ဆောင်ခြင်း။

(ခ) ဆန္ဒာရဟရဟန်းတို့၏ ဆန္ဒကိုဆောင်ယူခြင်း။

(ဂ) မျက်မှောက်ရဟန်းတို့၏ သီမာသမ္မုတိကံကို မတားမြစ် ခြင်း။ ဤလက္ခဏာသုံးပါးနှင့်ပြည့်စုံလျှင် ပရိသသမ္မတ္တိ ဖြစ်သည်။

ဤပရိသသမ္မတ္တိသုံးပါးသည် နယ်သိမ်းသမုတ်သော ဗဒ္ဓ သိမ်နှင့် သာ သက်ဆိုင်ပါသည်။ ဝိသုဂါမသိမ်၌ကား– အမှတ်(ဂ)သာ လိုအပ် ပါသည်။

(၃) ကမ္မဝါစာသမ္မတ္တိသည်– စည်းကမ်း (ဌာန်,ကရိဏ်း, ပယဒ်)တကျ ကမ္မဝါစာကို ရွတ်ဖတ်နိုင်ကြသဖြင့် ကမ္မဝါစာ၏ပြည့်စုံခြင်း၊ ဤသုံးမျိုးသော သမ္မတ္တိတို့နှင့် ပြည့်စုံသောသိမ်သည် အောင်မြင်သော သိမ်ဖြစ်သည်။

သိမ်နိမိတ်(၈)မျိုး ဆောင်ပုဒ်

♠ တောင်, ကျောက်, တော, သစ်၊
တောင်ပို့, မြစ်၊ ခရီး, ရေစစ်၊ နိမိတ်ရှစ်။

ကျောက်နိမိတ်

= အကြီးဆုံး နွားကြီး ကျွဲကြီးလောက် ရှိရမည်။
= အငယ်ဆုံး သုံးဆယ့်နှစ်ပိုလ် (တစ်ပိသာနှင့် နှစ်ဆယ့် ရှစ်ကျပ်သား) ရှိရမည်။ ထိုပမာဏရှိသော ကျောက်ခဲ, သံခဲ တစ်မျိုးမျိုးသည် ကျောက်နိမိတ်လောက်ပါသည်။
(အရှင်ဇောတာလင်္ကာရမှတ်စု၊ ၃၂-၃၃။ ဝိ၊ ပကိဏ္ဏက၊ ၁၅၂-၁၅၃။)

ကျောက်ဖျာပေါ်၌ သမုတ်သောသိမ်

ကျောက်ဖျာပေါ်၌ သိမ်သမုတ်သောအခါ သိမ်အပိုင်းအခြား ထင်ရှား သိရှိနိုင်ရန် အရေးအသား မျဉ်းကြောင်း ထွင်းထု၍လည်းကောင်း၊ ဆုံငယ်နှင့်တူသော တွင်းငယ်များကို တူး၍လည်းကောင်း၊ နိမိတ် မပြုအပ်။ ဤအရာများသည် ရှစ်ပါးသောနိမိတ်တို့တွင် မလာသောကြောင့် မအပ်သည်မှာ ထင်ရှားသော်လည်း ဤအမှတ်အသားသည် မပျက်မစီးနိုင်သော အမှတ်အသားပင်ဟု မှတ်ထင်၍ မသိ နားမလည်သူတို့ကို နိမိတ်ပြုလုပ်မည့် ဝိပတ္တိဘေးကို ဝေးဝေးမှရှောင်ကြဉ်ရန် "နိမိတ္တံ န ကာတဗ္ဗံ"ဟု အဋ္ဌကထာ ဆရာတို့ ဆိုပေသည်။

ထို့ကြောင့် နိမိတ်လောက်သော ကျောက်ကို အပေါ်ကထား၍ နိမိတ်ကြားအပ်၏။ ကျောက်ဖျာပေါ်မှာ သမုတ်သည်ဖြစ်၍ ကျောက်ဖျာ အောက်သို့ သိမ်မသက်ဟု မမှတ်အပ်။ မြေကိုခံသော ရေတိုင်အောင် သိမ်သက်၏ဟုမှတ်ပါ။

သိမ်သမုတ်ပြီးသည့် နောက်အခါတွင် နိမိတ်ပြုလုပ်ထားသော ကျောက်တို့သည် ထားမြဲနေရာ၌ တည်ကြမည်မဟုတ်သောကြောင့် သိမ်အပိုင်းအခြားကို သိရှိကြရန်-

(က) သိမ်၏လေးဘက်ပတ်လည် အရေးအသား မျဉ်းကြောင်း များကိုလည်း ထွင်းထုထားရမည်။

(ခ) ထောင့်လေးထောင့်မှ တွင်းငယ်များကိုလည်း ထွင်းထုမှုတ်သား ထားရမည်။

(ဂ) ဤမှ ဤတိုင်အောင် သိမ်အပိုင်းတည်း–ဟူ၍လည်း အက္ခရာစာများ ထွင်းထုထားရမည်။

အကယ်၍ ရန်သူတို့က သိမ်ကို မီးရှို့ဖျက်ဆီး၍ ကျောက်ဖျာကြီး မီးလောင်းသွားသော်လည်း သိမ်မပျက်ပါ။

ရေနိမိတ်

လှေ,အိုးကြီးစသည်တို့၌ ရေပြည့်စေ၍ နိမိတ်မကြားရ၊ မအပ်၊ မြေ၌တည်သောရေကိုသာ နိမိတ်ကြားခြင်းငှါ အပ်သည်။ ယင်းရေသည် တွင်း၊ လေးဒေါင့်ကန်၊ တဘက်ဆည်ကန်၊ ဇာတသရအိုင်၊ ဆားငန်ချောင်းစသည်တို့၌တည်သော မစီးဆင်းသောရေသည်သာ အပ်ပါသည်။

အယုတ်ဆုံးအားဖြင့် ဝက်တူးအိုင်၌ရှိသော ရေဖြစ်စေ၊ ကလေးသူငယ်တို့ ကစားသောတွင်း၌ဖြစ်စေ၊ သိမ်သမုတ်ခါနီးမှာ တွင်းတူး၍ လောင်းထည့်အပ်သော ရေဖြစ်စေ၊ သမာနသံဝါသက ကမ္မဝါစာပြီးဆုံးသည့်တိုင်အောင်ရှိလျှင် နည်းသည်ဖြစ်စေ၊ များသည် ဖြစ်စေ၊ ရေနိမိတ်ကြား၍ သမုတ်နိုင်ပါသည်။

သို့ရာတွင် ရှေးဆရာတော်ကြီးများ အဆက်ဆက် ကျင့်သုံးဆောင်ရွက်တော်မူကြသည့်အတိုင်း အဝိပ္ပဝါသကမ္မဝါစာ ရွတ်ဖတ်ပြီးဆုံးသည်အထိ ရေတည်ရှိအောင် ဆောင်ရွက်သင့်ပါသည်။

ရေနိမိတ်ဖြင့် သိမ်သမုတ်ရာ၌ သိမ်မသမုတ်မီ ရေလောင်းရန် တွင်းတူးပြီး လေးငါးရက်ခန့် ကြို၍တင်ရန် ရေလောင်းထားရသည်။ နိမိတ်ကြားပြီးနောက် ရေ ထပ်မလောင်းရ–ဟု အဆိုရှိသောကြောင့် နိမိတ်ကြားခါနီး၌ ရေပြည့်အောင် လောင်းထည့်ပြီးနောက် ရေထပ်၍ မလောင်းရတော့ပါ။

အကယ်၍ တူးထားသောတွင်း၌ အပေါက်ရှိ၍ ရေ မတည်နေခဲ့သော် ရေတည်နေအောင် အတွင်း၌ ဘိလပ်မြေ အစရှိသည်တို့ဖြင့် လုံအောင် လိမ်းကျံခြင်း, ခွက်အစရှိသည်တို့၏အတွင်း၌ ထည့်ခြင်း အစရှိသည်တို့ကို မပြုရပါ။

နိမိတ်မကြားမီ ဖြည့်စွက်လောင်းထည့်အပ်သော ရေသည်သာ နိမိတ္တာသမ္ဘတ်ဖြစ်သည်–ဟု မုချ မှတ်ယူရမည်။
(အရှင်ဇောတာလင်္ကာရမှတ်စု၊ ၃၄။ ဝိ၊ ဟကိတ္ထာကာ၊ ၂၇၆–၉။)

===ooo===

ရှေးဆရာတော်ကြီးများ အသုံးများသော
သိမ်နှုတ်နည်း

ရှေးဆရာတော်ကြီးများလက်ထက်က သိမ်နှုတ်သောအခါ–
၁။ အကွက်မချဘဲ နှုတ်နည်း၊
၂။ အကွက်ချပြီး နှုတ်နည်း– ဟု နှစ်မျိုးရှိပါသည်။

ထိုနှစ်မျိုးတို့တွင် အကွက်မချဘဲနှုတ်လိုသော် သိမ်သမုတ်မည့်နေရာ၌ သာသနာတော် တည်ထွန်းဖူးရာဖြစ်၍ ရှေးအခါက သမုတ်ခဲ့ကြသော ဗဒ္ဓသိမ်ဟောင်းများ အကယ်၍ရှိခဲ့သော် သမ္မောဒဒါသ, အဇ္ဈောတ္ထရဏာဒါသ, သင်္ကရဒါသများ မဖြစ်ရလေအောင် သိမ်ဟောင်းရှိလိမ့်မည် ထင်လောက်သောအရပ်တို့၌ အကယ်၍ သိမ်ဟောင်းတစ်ခုမက နှစ်ခုအခြင်းခြင်း နီးနီးကပ်ကပ်ရှိနေလျှင် ကမ္မပတ္တာသံဃာနှင့် ကမ္မဝါစာများ ထိုထိုသိမ်ဟောင်းမှာ ကျရောက်စေခြင်းအကျိုးငှါ သံဃာများလျှင် များသည့်အလျောက် နှစ်တန်းစဉ်၍ ဟတ္ထပါသ်စပ်အောင်၊ သံဃာနည်းလျှင် နည်းသည့်အလျောက် တစ်တန်းစဉ်၍ သမုတ်လတံ့သော သိမ်သစ်နှင့် ဤနေရာ၌ ရှိသည်ဟုယူဆထားသော (သို့မဟုတ်) အကယ်၍ ရှိနေသောဗဒ္ဓ သိမ်ဟောင်းနှင့် သမ္မောဒဒါသ, သင်္ကရ

ဒေါသများ မဖြစ်ရလေအောင် ကမ္မပ္ပတ္တသံဃာသည် ပခုံးချင်း, လက်ရုံးချင်း, သက်နှိုးစွန်းချင်း မထိစပ်စေဘဲ ထိုင်၍ဖြစ်စေ၊ ရပ်၍ဖြစ်စေ သုံးပါး တစ်ဆိုင်း ဖတ်ရသည်။ ပထမအတန်း အစဉ်ဖတ်ပြီးမှ ဒုတိယ အတန်းအစဉ်သို့ ရွှေ့ပြောင်း၍ ဖတ်ရသည်။

ယင်းသို့ဖတ်ရာ၌ ဆယ်ပါးဖတ်ရာ၌ အစသုံးပါးက ဖတ်ရုံ ဖြင့် လုံလောက်အောင်မြင်မည်မဟုတ်ပေ။ သိမ်ဟောင်းပေါ်သို့ အနည်းဆုံး လေးပါးတည်ရှိရပါမည်။ ထိုလေးပါးတို့တွင် ကမ္မဝါစာဖတ်သူ ပါဝင်ရမည်။ ဤသို့ဆောင်ရွက်ပါမှ သိမ်ဟောင်း ကျွတ်မည်ဖြစ်ရာ ဆယ်ပါးတန်း၍ နေရာတွင် အစပိုင်းသုံးပါးဖတ်ပြီးနောက် အတန်းမပြောင်းသေးဘဲ အစွန်းပိုင်းမှ သံဃာသုံးပါး ဖတ်သင့်ပါသည်။

အပါးနှစ်ဆယ် စသည်တန်းစီ၍ နေရာ၌ကား ထို့ထက်ပင် တစ်တန်း တစ်တန်း၌ အကြိမ်များများဖတ်ပြီးမှ အတန်းရွှေ့၍ ကမ္မဝါစာ ဖတ်ရမည်ဖြစ်ပါသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားက "သံဃာကွန်ဖြစ်စေ၊ တစ်ပါး ခြား နှစ်ပါးခြားဖြစ်စေ၊ သံဃာများများ တစ်ပြိုင်နက်တည်း ရွတ်ဖတ်၍ နှုတ်အပ်၏" ဟု မိန့်တော်မူပါသည်။ ဤသို့လျှင် အကွက်မချဘဲ သိမ်ဟောင်းကို နှုတ်နိုင်ပါသည်။ (ဝိ၊ပကိဏ္ဏက၊ ၂၁၀-၂။)

အကွက်ချ၍ သိမ်နှုတ်နည်း

အကွက်ချ၍ သိမ်နှုတ်ရာ၌ -

၁။ ကလျာဏီကျောက်စာ၌ လာသောနည်း။

၂။ ဝိနယာလင်္ကာရဋ္ဌီကာ၌ လာသောနည်း။

၃။ သိမ်ပုံကျမ်း၌ လာသောနည်း နှင့်

၄။ ရှေးဆရာတော်ကြီးများ တီထွင်ထားသော-

☼ ကြက်ခြေ, ထောင့်တန်း၊ ရင်ဘောင်တန်း,
လယ်လမ်း ထောင့်ပတ်သာ။

☼ ခရု ပျားကြီး၊ လယ်ဆုံစည်း၊ ပြင်စည်း ငါးမျိုးလာ-
ဟူသော နည်းအမျိုးမျိုး ရှိရာတွင် -

၁။ ကလျာဏီကျောက်စာလာ သိမ်နှုတ်နည်း

ကလျာဏီကျောက်စာလာ သိမ်နှုတ်နည်းဟူသည်-
သမုတ်လတံ့သော သိမ်နေရာ၌ နိမိတ်၏အတွင်း၌ လေးတောင်
ပတ်လည် ငါးတောင်ပတ်လည် အကွက်များ ရေးသား၍၎င်း၊ နိမိတ်၏
အပြင်ဘက်၌လည်း လေးတောင်ပတ်လည် ငါးတောင်ပတ်လည်
အကွက်များ ရေးသား၍၎င်း ပထမအစ ပထမအကွက်၌ ကမ္မပ္ပတ္တ
ရဟန်းလေးပါး လေးပါးထက်အလွန် ဟတ္ထပါသ်စပ်အောင် ထိုင်ပြီးလျှင်
သီမာသမူဟနနကမ္မဝါစာကို ဖတ်၍နှုတ်ရမည်။

ထိုအကွက်၌ပင် ရဟန်းများ နေရာပြောင်းကာ ပြောင်းကာဖြင့်
ခုနစ်ကြိမ်အထိ နှုတ်သည်ဟု-ကျောက်စာ၌ ဆိုပါသည်။

ခုနစ်ကြိမ် မဖတ်နိုင်သည့်တိုင်အောင် တစ်ကွက် တစ်ကွက်
၌ သုံးကြိမ်, လေးကြိမ်မျှဖတ်လျှင် သင့်လျော်ပါသည်။ နိမိတ်အပြင်
ဘက် လေးမျက်နှာပတ်လည်၌လည်း အကွက်များရေးသား၍ အကွက်
စေ့အောင် နိမိတ်အတွင်းနှုတ်သကဲ့သို့ နှုတ်ရပါမည်။ ဤသို့ နှုတ်
နည်းကား ကလျာဏီကျောက်စာအရ နှုတ်နည်းဖြစ်ပါသည်။

၂။ ဝိနယာလင်္ကာရဋ္ဌီကာလာ သိမ်နှုတ်နည်း

ဝိနယာလင်္ကာရဋ္ဌီကာ၌လာသောနည်းကား လေးထောင့်စပ်စပ်
အကွက်များမဟုတ်ဘဲ ညောင်စောင်းအကွက်များ ချပုံကို ပြဆိုထားပါ
သည်။ ညောင်စောင်းပမာဏကိုလည်း အလျား ၅-တောင်၊ အနံ
၅-ထွာဟု ပြဆိုပါသည်။ အကွက်ချပုံ၊ နှုတ်ရာ၌သွားပုံ၊ အကွက်

ရွှေပြောင်းပုံ အစီအစဉ်များမှာ ကလျာဏီကျောက် စာမှာ ပြထားသည့်နှင့် အတ်ူတူပင် ဖြစ်ပါသည်။ ဝိနယာလင်္ကာရ ဋီကာနည်းသည်လည်း ဝိမတိဋီကာမိန့်ဆိုချက်ကို နည်းမှီပြီး ပြဆိုထားခြင်း ဖြစ်ပါသည်။

မဟာသိမ်ကြီးရှိမူကား – ထိုမဟာသိမ်ရောက်ရာ ကျောင်းတိုက်အတွင်းရှိ ရဟန်းများကို သိမ်း၍သော်၎င်း၊ ဆန္ဒကိုဆောင်၍ သော်၎င်း နှုတ်မှ ကျွတ်နိုင်သည်။

မဟာသိမ်ကား မရှိနိုင်ရာ။ ခဏ္ဍာသိမ်ပင် ရှိနိုင်ခဲမျှဖြစ်သည်။ သံသယဝိနယကုက္ကုစ္စပျောက်အောင်သာ တွေးတောရမ်းဆ၍ နည်းမျိုးစုံဖြင့် နှုတ်ကြရသည်။

သိမ်ဟော်ငြားရောက်ရာ ရှိရာ၌ သံဃာတော်များနှင့် ကမ္မဝါစာဖတ်ခြင်းကျရောက်လျှင် တစ်သိမ်လုံး (သိမ်တစ်ခုလုံး) တစ်ပြိုင်နက် တည်း ကျွတ်ပါသည်။ သိမ်ဟောင်းရှိရာလောက်ရာ အနီးအပါးတွင် ဝေယျာဝစ္စဆောင်ရွက်နေသော ရဟန်းတော်များ သိမ်နှုတ်ရာသို့ မလာရောက်နိုင်လျှင် ဆန္ဒပေးလိုက်ရပါသည်။

၃။ သိမ်ပုံကျမ်းလာ သိမ်နှုတ်နည်း

မိုင်းခိုင်ဆရာတော်ဘုရား၏ သိမ်ပုံကျမ်း၌ ဖော်ပြထားသော ညောင်စောင်းကွက်ချ နည်းကား– ဝိနယာလင်္ကာရ ဋီကာနှင့်မတူဘဲ တစ်မျိုး ပြထားပါသည်။

ဝိနယာလင်္ကာရဋီကာ၌ ပြသည့်နည်းမှ ညောင်စောင်း အစွန်းချင်း ညီညာစွာ စီထားသည့် နှစ်မျိုးဖြစ်သည်။ သိမ်ပုံကျမ်း၌ ပြသောနည်းမှာ– အုတ်စီသကဲ့သို့ ရှေးတိုး နောက်ဆုတ် အကွက်ကျအောင် စီထားသော နည်းဖြစ်သည်။

ဝိနယာလင်္ကာရဋီကာ၌ ညောင်စောင်းအကွက်များမှာ– အရပ်တစ်ခု တစ်ခုသို့သာဦးတည်၍ ပြထားသော်လည်း သိမ်ပုံကျမ်းနည်း၌မူ အရှေ့နှင့်တောင် သို့မဟုတ် အနောက်နှင့်မြောက် အရပ်မျက်နှာသို့ ဦးတည်၍ပြထားသည်ဟု မှတ်ယူရပါမည်။

သမုတ်မည့်နေရာ၌ အကယ်၍ သိမ်ဟောင်းရှိခဲ့လျှင် ထိုသိမ်ဟောင်းသည် အနေအထားအမျိုးမျိုးဖြင့် တည်ရှိနေချင်သလို တည်ရှိနေမည်ဖြစ်ရာ ဤသိမ်ပုံကျမ်းနည်းကား သေချာကောင်းမွန် သည်ဟု ဆိုရပါမည်။

ညောင်စောင်းပမာဏမှာ– အလျား ၄–တောင်၊ အနံ ၂–တောင် ဖြစ်ပါသည်။ နုတ်ပုံမှာ– အမှတ်တစ်အကွက်မှ စတင်၍ အမှတ်စဉ်အတိုင်း လှည့်၍နုတ်ရပါမည်။ အမှတ်ငါးဆယ်အကွက် နုတ်ပြီးလျှင် ပြီးပါတော့သည်။ ဤအကွက်တို့၌ ရဟန်းငါးပါးမျှသာ ချောင်ချောင်ချိချို တစ်ဦးနှင့်တစ်ဦး ပခုံးချင်း, လက်ရုံးချင်း, သင်္ကန်းချင်း မထိခိုက်ဘဲ ထိုင်နိုင်ပါသည်။

þ en fr&a , ck cg]]**ခရုပတ်**''ဟု ခေါ်သောနည်းနှင့် အတူတူပင် ဖြစ်ပါသ်ည်။

✡ ✡ ✡ ✡ ✡

(၉)ဌာနသံသယ သိမ်နုတ်နည်း

ယခုကာလ မြန်မာနိုင်ငံ၌ကား မဟာသိမ်ကို သံသယ မရှိသင့်၍ဖြင်း၊ ရှိ၍နုတ်ကလည်း မဖြစ်နိုင်၍ဖြင်း၊ ခဏ္ဍာသိမ်ကိုသာ သံသယရှိ၍ နုတ်ကြရသောကြောင့် ခဏ္ဍာသိမ်သည်လည်း တစ်ဖျာရာ– တစ်ညောင်စောင်းမျှမဟုတ်ဘဲ အယုတ်ဆုံး နှစ်ကျိပ် တစ်ယောက် စည်းဝေးလောက်အောင် သမုတ်ရမြဲဖြစ်ရကား ယခုကာလ သမုတ်လတ့ံသော သိမ်နေရာမျိုး တောင်ဘက်တူရွာကသော်ဖြင်း၊ အနောက်ဘက် တူရွာက

သော်ငှင်း၊ မြောက်ဘက်တူရွာကသော်ငှင်း၊ အရှေ့ဘက် တူရွာကသော်ငှင်း သိမ်ဟောင်းတစ်စိတ်ထပ်လျက် ရှိတန်ရာ၏။။

ထို့ပြင် ထောင့်လေးထောင့် အရပ်တို့ကသော်လည်း သိမ်ဟောင်းတစ်စိတ် အထောင့်အားဖြင့် ထပ်လျက်ရှိတန်ရာ၏။။ ထို့ပြင် ယခု သမုတ်လတံ့သောနေရာနှင့် အညီအမျှမူလည်း သိမ်ဟောင်း ထပ်လျက်ရှိတန်ရာ၏။။ ဤသို့ ပြဆိုအပ်ပြီးသည့်အတိုင်း (၉)ဌာနကသာ သိမ်ဟောင်းရှိသင့်ရာ၏။။

ယင်းသို့မဟုတ် ဤအတောအတွင်းမှာ ဘယ်နေရာကပင် သိမ်ဟောင်းရှိစေကာမူ ၎င်း(၉)ဌာနကနေ၍နှုတ်လျှင် သိမ်ဟောင်း မကျန်နိုင်တော့ပါ။။ နှုတ်သောအခါ၌ ဘေးသိမ်ရှိ ထောင့်သိမ်များကို နှုတ်သော် ယခုသမုတ်လတံ့သော သိမ်နေရာမှ ပြင်ပနှစ်တောင် သုံးတောင် ပမာဏမျှ ခွာခြား၍ နှုတ်ရပါမည်။။ ဤသို့ ခွဲခြား၍ နှုတ်သည် ရှိသော် သီမန္တရိက်နေရာ၌ သိမ်ဟောင်းမရှိဟု သံသယကင်းရာ၏။။ ဤစကားကို ၎င်းပြင်ပ သီမန္တရိက်နေရာမှလည်း သိမ်ဟောင်းထပ်နိုင်သောကြောင့် ဆိုသည်။။ ဤသို့ (၉)ဌာနထပ်ပုံ၊ နှုတ်ပုံကို ပြဆိုခြင်းသည်ကား- ယခုကာလ အတောင်-၂၅၊ အတောင် ၃၀-မျှရှိသော သမုတ်လတံ့သော သိမ်နေရာမျိုးဌ်သာ ပြဆိုခြင်း ဖြစ်ပါသည်။။ ထို့ထက် အလွန် ကျယ်ဝန်း၍ သမုတ်လ တံ့သော သိမ်နေရာမျိုးဌ်ကား ကျယ်ဝန်းသည့်အလျောက် ပြဆိုခဲ့ပြီးသော (၉)ဌာနထက် သာလွန်ပိုမို၍ သိမ်ဟောင်းရှိတန်သလောက် မှတ်သား၍ အကြိမ်များစွာ နှုတ်ရပါမည်။။

(မိုးနံကုန်းဆရာတော် အဆုံးအဖြတ်)

---ooo---

အခြားနည်းများဖြင့် သိမ်နှုတ်ရန် ပြဆိုခြင်း

☼ ကြက်ခြေ, ထောင့်တန်း၊ ရင်ဘောင်တန်း, လယ်လမ်း ထောင့်ပတ်သာ။

☼ ခရု ပျားကြီး၊ လယ်ဆုံစည်း၊ ပြင်စည်း ငါးမျိုးလာ-ဟူသော ရှေးဆရာတော်ကြီးများ၏ မိန့်ဆိုချက်လက်ံနှင့် အညီ-

၁။ ကြက်ခြေခတ်ဖတ်၍ နုတ်နည်း၊

၂။ ထောင့်တန်းဖတ်၍ နုတ်နည်း၊

၃။ ရင်ဘောင်တန်းဖတ်၍ နုတ်နည်း၊

၄။ ခရုပတ်ခွေ၍ နုတ်နည်း၊

၅။ ပျားကြီးစွဲဖတ်၍ နုတ်နည်း-ဟူ၍ ၅-မျိုးရှိရာတွင်

၁။ ကြက်ခြေခတ်ဖတ်၍ နုတ်နည်း

သိမ်နုတ်မည့်မြေကွက်နေရာတွင် သိမ်နေရာအနား၏ အလယ်မှ နေ၍ အရှေ့မှအနောက်သို့ အလျားလိုက် အကွက်တန်း ချလျက် တစ်ကြိမ်၊ တောင်မှမြောက်သို့ အနံလိုက် အကွက်တန်းချလျက် တစ်ကြိမ် စသည်ဖြင့် တစ်ကွက်ပြီးတစ်ကွက် နုတ်ရသော နည်းဖြစ်ပါသည်။

၂။ ထောင့်တန်းဖတ်၍ နုတ်နည်း

သံဃာများ ထောင့်တန်းစီနေ၍ နုတ်သောနည်းဖြစ်ပါသည်။ ဤနည်းဌ အရှေ့မြောက်ထောင့်, အနောက်တောင်ထောင့်တို့မှ တန်းစီ၍ တစ်ကြိမ်၊ အရှေ့တောင်ထောင့်, အနောက်မြောက်ထောင့်တို့မှ တန်းစီ၍ တစ်ကြိမ် နုတ်ရမည်။

၃။ ရင်ဘောင်တန်းဖတ်၍ နုတ်နည်း

သိမ်သမုတ်လတံ့သောနေရာတွင် နှစ်တောင်ပတ်လည် ဖြစ်စေ၊ တစ်ထောင့်တွာပတ်လည်ဖြစ်စေ အကွက်များချ၍ တစ် ကွက်လျှင် တစ်ပါးစီနေ၍ နုတ်ရသောနည်းဖြစ်ပါသည်။

ဤနည်း၌ (၁)အမှတ်ကွက်တို့၌ ရဟန်းတစ်ပါးစီနေ၍ နုတ်ရပါသည်။ တစ်တန်း တစ်တန်း၌ သိမ်အကျဉ်းအကျယ်ကို လိုက်၍ ကမ္မဝါစာ နှစ်ဆိုင်းဖြစ်စေ၊ သုံးဆိုင်ဖြစ်စေ ဖတ်ရပါသည်။ ကမ္မဝါစာ တစ်ကြိမ်ဖတ်လျှင် တစ်တန်းပြီးတော့သည်။ ထို့နောက် ရှေ့သို့တစ်တန်းတက်၍ (၂)အတန်း၌နေ၍ နုတ်ရပါမည်။ ဤသို့ (၁၀)တန်းပြီးလျှင် ဤနည်းအရ သိမ်နုတ်ခြင်းကိစ္စ ပြီးပါတော့သည်။

၄။ ခရုပတ်ခွေဖတ်၍ နုတ်နည်း

ဤနည်းမှာ ခရုသင်းအရစ်ကဲ့သို့ လှည့်ပတ်သွား၍ နုတ် သောနည်းဖြစ်ပါသည်။ သိမ်ပုံကျမ်းလာ ညောင်စောင်းကွက် ပုံ(၃)သည် ဤခရုပတ်နည်းပင် ဖြစ်ပါသည်။ သိမ်ပုံကျမ်း၌ ဖော်ပြထားသော အကွက်ပုံ (၃) ညောင်စောင်းကွက်များတွင် အတွင်းမှစ၍ နုတ်သောနည်း၊ အပြင်မှစ၍ နုတ်သောနည်းဟု– (၂)မျိုး ရှိပါသည်။

အမှတ်(၁)အကွက်မှ စဖတ်လျှင် အတွင်းမှစ၍နုတ်သော ခရုပတ်နည်းမည်၏။ အဆုံးအမှတ် (၅၀)အကွက်မှ စဖတ်လျှင် အပြင်မှ စ၍နုတ်သော ခရုပတ်နည်းမည်၏။

၅။ ပျားကြိုးစွဲဖတ်၍ နုတ်နည်း

ဤနည်းမှာ ပျားစွဲသောအခါ စုအုံ၍(စုပြုံ၍) စွဲနေသလို ကံပြုသောသံဃာတော်များ စုအုံ၍နေကာ နုတ်သောနည်းဖြစ်ပါသည်။ ဤနည်း၌ အမှတ်(၁)အကွက်မှစ၍ သံဃာရှိသလောက် (၁၀)ပါးဖြစ်စေ၊ (၂၀)ပါးဖြစ်စေ၊ ထို့ထက်အလွန်ဖြစ်စေ၊ တစ်စုတည်းနေပြီး အကွက်အစဉ်အတိုင်း နုတ်သွားသောနည်း ဖြစ်ပါသည်။(စိ၊ပက်ဏ္ဏက၊ ၂၁၂-၂၂၄)

ပျက်ကြီးခဲ့ ပထမနည်း



ပျက်ကြီးခဲ့ ဒုတိယနည်း



သိမ်နှုတ်ပုံဇယားကွက်များ အထူးသတိပြုရန်
နံပါတ်(၁)ပုံကို ပထမအသုံးပြု၍ နံပါတ်(၇)ပုံကို
နောက်ဆုံးသိမ်သမုတ်သည့်တိုင်အောင် အသုံးပြုပါက
ဝိနယသံသယ ကင်းလောက်ပါသည်။

(၁)

ပျားကြီးစွဲ ပတ်ပတ်
လည်၊ ထောင့်တန်း
ကြက်ခြေခတ်နှုတ်ပုံ



(၂)

အရှေ့.မြောင်ထောင့်မှစ၍
လူးလာပြန်ခေါက် နှုတ်ပုံ

၁	၂	၃	၄	၅	၆
၁၂	၁၁	၁၀	၉	၈	၇
၁၃	၁၄	၁၅	၁၆	၁၇	၁၈
၂၄	၂၃	၂၂	၂၁	၂၀	၁၉
၂၅	၂၆	၂၇	၂၈	၂၉	၃၀

(၃)

အရှေ့.ဈးဈးမှစ၍
လက်ယာရစ်လည် နှုတ်ပုံ

၁၇	၁၀	၁	၂	၃	၄
၁၆	၁၉	၂၀	၂၁	၂၂	၅
၁၅	၁၈	၂၅	၃၀	၂၃	၆
၁၄	၂၇	၂၆	၂၅	၂၄	၇
၁၃	၁၂	၁၁	၁၀	၉	၈

(၄)

အလယ်အကွက်မှစ၍

လက်ယာရစ် နှုတ်ပုံ

၂၁	၂၆	၂၇	၂၈	၂၉	၃၀
၂၄	၉	၁၀	၁၁	၁၂	၁၃
၂၃	၈	၁	၂	၃	၁၄
၂၂	၇	၆	၅	၄	၁၅
၂၁	၂၀	၁၉	၁၈	၁၇	၁၆

(၅)

ရက်ကန်းစပ် နှုတ်ပုံ

၁	၂	၃	၄	၅	၆
၁	၂	၃	၄	၅	၆
၁	၂	၃	၄	၅	၆
၁	၂	၃	၄	၅	၆
၁	၂	၃	၄	၅	၆

(၆)

အရှေ့.မြောက်ထောင့်မှစ၍

ထောင့်တန်းစပ်၍ နှုတ်ပုံ

၁	၃	၆	၁၀	၁၅	၂၀
၂	၅	၉	၁၄	၁၉	၂၄
၄	၈	၁၃	၁၈	၂၃	၂၂
၇	၁၂	၁၇	၂၂	၂၆	၂၉
၁၁	၁၆	၂၁	၂၅	၂၈	၃၀

ဝိမတိဋ္ဌီကာ, ဝိနယလင်္ကာရဋ္ဌီကာတို့၌
လာသောနည်းအတိုင်း အလျား ၄-တောင်၊
အနံ ၂-တောင်ရှိ ညောင်စောင်းကွက်ချ၍ နှုတ်ပုံ

(၇)



အလယ်မှစ၍ ဂဏန်းအစဉ်အတိုင်း လှည့်နှုတ်သော်
အကွက်နံပါတ် (၅၀)ကွက်သို့ရောက်လျှင်
ပြီးပါတော့သည်။

၈၆။ ၉-ဌာန သံသယသိမ်ပုံနှင့် သိမ်နှုတ်နည်း

အကွက်ပုံ (၄)



မဏ္ဍာပ်ဆောက်၍
သိမ်နှုတ်အပ်/မနှုတ်အပ်နှင့်
သမုတ်အပ်/မသမုတ်အပ်
ဝိနိစ္ဆယ အဆုံးအဖြတ်များ

ဗဒ္ဓသိမ်သည် ဂါမဋ္ဌတည်၍ သမုတ်အပ်သောကြောင့်ဎင်း၊ ဂါမနှင့်ဗဒ္ဓတို့သည် နိဿယ/နိဿိတဖြစ်၍ သမ္မေဒဒေါသမရှိသောကြောင့်ဎင်း ဗဒ္ဓချင်း သမ္မေဒဒေါသရှိသော်လည်း တစ်နေရာ တစ်နေရာ၌ သံဃာတစ်စုတည်းတည်၍ နှုတ်ရာ၌ ဝဂ်မဖြစ်သောကြောင့်ဎင်း နိမိတ်အတွင်း အလုံးစုံသောသိမ်အပြင်၌ ဆက်မိအောင် ဖျာခင်းခြင်း၊ တန်ဆောင်း၊ မဏ္ဍာပ်ဆောက်လုပ်ခြင်းများ ပြုလုပ်၍ သိမ်နှုတ်ခြင်း၊ သိမ်သမုတ်ခြင်းငှါ အပ်၏ဟု မှတ်ရာ၏။

ဂါမဋ္ဌတည်သော သည်တိုင်ကြမ်းပြင်တို့နှင့် ဗဒ္ဓ၌တည်သော သည်တိုင်ကြမ်းပြင်တို့သည် စပ်ငြားသော်လည်း သမ္မေဒဒေါသမရှိဟူသောအနက်ကို ပြတော်မူ၏။ သစ်ပင်နိမိတ်ကို ခွင့်ပြုတော်မူသော မြတ်စွာဘုရားသည်လည်း ဂါမသို့ဎင်း၊ ဗဒ္ဓသို့ဎင်း၊ ကြီးပွား၍ ဝင်သော သစ်ပင်ကြောင့် ဂါမနှင့်ဗဒ္ဓ သမ္မေဒမရှိဟူသောအနက်ကို ပြတော်မူပါသည်။

ဗဒ္ဓသိမ် ရောယှက်သော်လည်း တစ်ဘက်၌တည်၍ ကံပြုခြင်းငှါ အပ်၏။

"**မဟာသီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗံ**" ဟူသော အဋ္ဌကထာ၊ (ဝိ၊ဋ္ဌ၊၃။၃၂၅ရှု။) "**မဟာသီမဂတာ ဘိက္ခူ ဟတ္ထပါသံ အာနေတဗ္ဗာ**" ဟူသော သာရတ္ထဋီကာပါဋ္ဌတို့ဖြင့် ငါးပါး ခြောက်ပါး အစုရှိသော ရဟန်းတို့သည် တစ်စုတည်းနေ၍ ထိုမှဤမှ လှည့်ပတ်၍ သိမ်နှုတ်ကြရာ ကျောင်း၊ အဆောက်အအုံ၊ တိုင်၊ ထုပ်၊ လျှောက်၊ မဏ္ဍာပ်တိုင်၊ တန်း၊ အမိုး၊ ဝါး–စသည်တို့ဖြင့် သိမ်ရာမြေ တစ်ပြင်

လုံးစပ်သော်လည်း တစ်ခုတစ်ခုသောနေရာမှ တစ်သိမ်တည်းဌိနေ၍ နှုတ်သည်ဖြစ်၍ ဝဂ်မဖြစ်သောကြောင့် အပ်၏။။

ထို့ကြောင့် ဇရပ်၊ တန်ဆောင်း၊ မဏ္ဍပ်၊ ကျောင်းဆောက်လုပ်ပြီးမှ သိမ်နှုတ်ကြရာ ရဟန်း ငါးပါး၊ ခြောက်ပါး၊ ထို့ထက်များ၍ ဖြစ်စေ၊ ဆောက်လုပ်ပြီးသော တန်ဆောင်း၊ မဏ္ဍပ်၊ ကျောင်း အတွင်းမှ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာတို့တွင် တစ်မျက်နှာ နေရာတစ်ဘက်ဘက်ကသာ ဝိုင်းစုကာနေ၍ဖြစ်စေ၊ အစဉ်တန်း၍ ဖြစ်စေ၊ တစ်လှည့်စီနေ၍ နှုတ်ကြကာမူ ဗဒ္ဓသိမ်ဟောင်းနှစ်လုံး အကယ်၍ အနီးအစပ်ရှိ၍ တိုင်၊ အမိုး၊ ထုပ်၊ လျှောက်၊ တန်း၊ ဝါး–စသည်တို့ စပ်နေသော်လည်း တစ်ဘက်ဘက်ကနေ၍ သိမ် တစ်လုံးပေါ်၌ ကျနေ၍ တစ်လုံးက ရဟန်းမရှိမူ ဝဂ်မဖြစ်၍ အပ်သည်ဟု မှတ်ရာ၏။။

(ဝိ၊ပကိဏ္ဏက၊ ၂၂၄–၈။ ၂၂၉။)

ဂါမနှင့်ဗဒ္ဓ သမ္မေဒဒေါသ မရှိသောကြောင့်လည်းကောင်း၊ ဗဒ္ဓချင်း သမ္မေဒဒေါသရှိသော်လည်း တစ်စုတည်းတည်၍ နှုတ်ရာ၌ ဝဂ်မဖြစ်သောကြောင့်လည်းကောင်း၊ နိမိတ်အတွင်း အလုံးစုံသော သိမ်အပြင်၌ စပ်မိအောင် ဖျာခင်းခြင်း၊ တန်ဆောင်း, မဏ္ဍပ်ဆောက်ခြင်းကို ပြုခြင်းငှါအပ်၏။။

✿ ✿ ✿ ✿ ✿

ပိုလ်အဆုံးအဖြတ်

=====

(၁) စတ္တာရော ဝီဟယောဂ္ဂါ၊
ဒွေဂ္ဂါ မာသကော ဘဝေ။
ဒွေအက္ခာ မာသကာ ပဋ္ဌ၊
ကွာနံ ဓရဏာမဋ္ဌကံ။

(၂) သုဝဏ္ဏော ပဋ္ဌဓရဏံ၊
နိုကွံတွ နိတ္ထိ ပဋ္ဌ တေ။
ပါဒေါ ဘာဂေ စတုတ္ထေထ၊
ဓရဏာနိ ပလံ ဒသ။

(ဘူကဏ္ဍ၊ စတုဗ္ဗဏ္ဏ ဝေဿဝဏ်၊ အဘိဓာန်)

(၁) အထော၊ ထိုမှတစ်ပါး။ စတ္တာရော ဝီဟယော၊ စပါးလေး လုံးတို့သည်။ ဂုဠ္ဘာ၊ တစ်ချင်းရွေးသည်။ သိယာ– ဖြစ်ရာ၏။ ဒွေ ဂုဠ္ဘာ၊ နှစ်ချင်းရွေးတို့သည်။ မာသကော၊ (တစ်မာသက) တစ်ပဲသည်။ ဘဝေ၊ ဖြစ်၏။ (တစ်ပါးသော ကျမ်းများ၌ ငါးချင် ရွေးသည် တစ်မာသက–ဟု ဆိုသည်။) အက္ခာ၊ (တစ်အက္ခ) သစ်ဆိမ့်သီးတစ်လုံး သည်။ ဘဝေ၊ ဖြစ်၏။ အက္ခာနံ၊ (အက္ခ) သစ်ဆိမ့်သီးတို့၏။ အဋ္ဌကံ၊ ရှစ်ခုသည်။ ဓရဏံ၊ ဓရဏာတစ်ခုသည်။ ဘဝေ၊ ဖြစ်၏။ (ဤကား အဘိဓာန်ဋီကာနည်းတည်း။) တစ်နည်း။ ပဋ္ဌမာသကာ၊ ငါးမာသက တို့သည်။ ဒွေအက္ခာ၊ (နှစ်အက္ခ) ဆယ်ရွေးတို့သည်၊ ဘဝန္တိ၊ ဖြစ်ကုန်၏။ အက္ခာနံ၊ အက္ခတို့၏။ အဋ္ဌကံ၊ ရှစ်လီသည်။ ဓရဏံ၊ (ဓရဏာတစ်ခု) ရွေးလေးဆယ်သည်။ ဘဝေ၊ ဖြစ်၏။ (ဤကား သီဟိုဠ် နိသျနည်း တည်း။)

(၂) ပဋ္ဌဓရဏံ၊ (ငါးဓာရဏာ) ရွေးနှစ်ရာသည်။ သုဝဏ္ဏော၊

တစ်သုဝဏ်သည်။ ဘဝေ၊ ဖြစ်၏။။ တု၊ ထိုမှတစ်ပါး။။ တေ ပဋ္ဌ၊ ထို (ငါးသုဝဏ်) ရွေးတစ်ထောင်တို့သည်။ နိကဲ့၊ တစ်နိကွသည်။ ဘဝေ၊ ဖြစ်၏။။ အနိတ္ထိ၊ နိကွသဒ္ဒါ ကွတ္ထိလိင်မဟုတ်။ ပါဒေါ၊ ပါဒသဒ္ဒါသည်။ စတုတ္ထေ၊ လေးခုတို့၏ပြည့်ကြောင်း (လေးဘို့တစ်ဘို့)ဖြစ်သော။ ဘာဂေ၊ အဘို့အပုံ၌။ ဘဝေ၊ ဖြစ်၏။။ အထ၊ ထိုမှတစ်ပါး။။ ဒသဓရဏာနိ၊ (ဆယ်ဓရဏ) ရွေးလေးရာတို့သည်။ ပလံ၊ (တစ်ပိုလ်) လေးကျပ်သား သည်။ ဘဝေ၊ ဖြစ်၏။။

(၃) **ပလံ ကဿစတုက္ကံ၊**
တန္တိ သတ္ထေ တောလစတုက္ကံ၊
ဝဇ္ဇကေ အဋ္ဌတောလကံ၊
လောကိကေသဋ္ဌရတ္တိ ဒ္ဝိမာသကတောလတ္တယံ။

(ကပ္ပဒ္ဗုမအာဘိဓာန်)

(၃) ကဿစတုက္ကံ၊ ကဿလေးလီ (လေးကျပ်)သည်။ ပလံ၊ ပလ(တစ်ပိုလ်)မည်၏။။ တု၊ ကျမ်းနည်းကွဲပြား ဝါဒများကို ထင်ရှားပြအံ့။ တံ ပလံ၊ ထိုပလ(တစ်ပိုလ်)သည်။။ သတ္ထေ၊ ရှေးကျမ်းဟောင်း၌။ တောလစတုက္ကံ၊ တောလလေးလီ (လေးတိုလာ)သည်။။ ဟောတိ၊ ဖြစ်၏။။ တံ ပလံ၊ ထိုပလ (တစ်ပိုလ်)မည်၏။။ ကွတိ၊ ဤသို့။။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။။ လောကိယေသု၊ လောကလူတို့ အသုံးတို့၌။။ အဋ္ဌရတ္တိဒ္ဝိမာသကတောလတ္တယံ၊ သုံးတိုလာနှစ်ပဲရှစ်ရွေးသည်။။ တံ ပလံ၊ ထိုပလ (တစ်ပိုလ်)မည်၏။။

မှတ်ချက်။ ။ ဤဂါထာ၌ ငါးမူးဟော တောလသဒ္ဒါ၊ တစ်ကျပ်ဟော တောလသဒ္ဒါဟု နှစ်မျိုးရှိရာ ငါးမူးဟော တောလသဒ္ဒါကို ယူ၍ (အဋ္ဌတောလကံ)ဟု ဆေးကျမ်းတို့၌ဆိုအပ်သော စကားသည် တစ်ကျပ်ဟော တောလသဒ္ဒါကိုယူ၍ (တောလစတုက္ကံ)ဟု ရှေးကျမ်း ဟောင်းတို့၌ ဆိုအပ်သောစကားနှင့်တူ၏။။ ဤမာဂဓအဘိဓာန်၌

ဆယ်ဓရဏာ ရွေးလေးရာသည် ပလမည်၏ဟု ဆိုအပ်သောစကားအရ ကိုးဆယ့်ခြောက်ရွေးရှစ်ဆယ်ဟု ကျပ်ဖွဲ့နည်းနှစ်မျိုးရှိရာ ကိုးဆယ့်ခြောက်ရွေးနှင့် ခွဲဝေသည်ရှိသော် (လေးကျပ်) တစ်ဆယ့်ခြောက်ရွေးဖြစ်၍ (အပ္ပကံ အဓိကံ ဂဏနူပဂံ နှ ဟောတိ) ဟူသော ပရိဘာသာအတိုင်း အနည်းငယ်ပိုလွန်သော်လည်း မရေတွက်လောက်သောကြောင့် (ပလံ ကဿ စတုက္ကံ) ဟူသော မူလဝါဒနှင့် နှီးနှောတိုက်ဆိုင်မိ၏။

(၄) ဇကံ ပလံ နာမ ဒဿကဥ္စန္တိ ဝဒန္တိ။
(နိဒါန ဝဏ္ဏနာ၊ ကခ်ီဋ္ဌီကာသစ်)

ဒဿကဥ္စ၊ ရွေးသုံးရာရှိသော ဆယ်ကဥ္စသည်။ ဇကံ ပလံ နာမ၊ တစ်ပလ (တစ်ပိုလ်)မည်၏။ ကွတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ..... ဤကခ်ီဋ္ဌီကာသစ် ဝါဒအတိုင်း ဆယ်ကဥ္စသည် တစ်ပလမည်၏–ဟု ဆိုရာမှာ –

(၅) သဋ္ဌာလီ ဝုစ္စတေ ဂုဉ္ဆာ၊
တာ တိသော ရူပကံ ဘဝေ။
ရူပကဒသေဟိ ဝုတ္တော၊
ကဥ္စော နာမ နာမတော။

(ယုတ္တိ ကပ္ပ တရုကျမ်း)

ဂုဉ္ဆာ၊ တစ်ချင်ရွေးကို။ သဋ္ဌာလီ၊ သဋ္ဌာလီဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ တာ တိသော၊ ထိုသုံးချင်ရွေးတို့သည်။ ရူပကံ၊ ရူပက တစ်ခုသည်။ ဘဝေ၊ ဖြစ်၏။ ရူပကဒသေဟိ၊ ရူပကတစ်ဆယ်တို့ဖြင့်။ (ဝါ)ရူပကတစ်ဆယ်တို့ကို (ဝါ) ဆယ်ရူပကတို့ကို။ (ဝိဘတ္တိ ဝိပလ္လာသ ပထမာအနက်၌ တတိယာသက်) နာမတော၊ အမည်အားဖြင့်၊ ကဥ္စော နာမ၊ ကဥ္စတစ်ခုမည်၏ဟူ၍။ ဝုတ္တော၊ ဆိုအပ်ပြီ။

ဤဂါထာနှင့်အညီ သုံးရွေးရူပကတစ်ခု၊ ဆယ်ရူပက ကဥ္စ

တစ်ခု ရွေးပေါင်း သုံးဆယ်ဖြစ်၏။ ဆယ်ကဥ္ဇာမှာ ရွေးပေါင်းသုံးရာရှိ၏။ ထိုရွေးသုံးရာကို (ကိုးဆယ့်ခြောက်ရွေး)နှင့် ရေတွက်သည်ရှိသော် သုံးကျပ်တစ်ဆယ့်နှစ်ရွေးဖြစ်၍ လောကသုံး သုံးတိုလာနှစ်ပဲရှစ်ရွေး တပလ (တစ်ပိုလ်)ဟူသော စကားနှင့်နီးနှော တိုက်ဆိုင်၏။

တစ်ဆယ့်နှစ်ရွေးသည် နှစ်ပဲ နှစ်ရွေးဖြစ်၍ ခြောက်ရွေး ယုတ် လျော့သော်လည်း ''အပွက် ဦးနံ ဂဏနူပဂံ နာ ဟောတိ'' ဟူသော ပရိဘာသာနှင့်အညီ မရေတွက်လောက်သောကြောင့် လောကသုံး သုံးတိုလာ၊ နှစ်ပဲရှစ်ရွေးနှင့် ညီညွတ်၏ဟု ဆိုရ၏။။ (သုံးဆယ်နှစ်ရွေး) သည် ကဥ္ဇ တစ်ခုဆိုသောသခ်ၤာ ပကာသကကျမ်း အလို အားဖြင့် ကဥ္ဇ (တစ်ဆယ်)၌ ရွေးသုံးရာနှစ်ဆယ်ဖြစ်၍ ထိုရွေး သုံးရာနှစ်ဆယ်ကို ရွေး (ရှစ်ဆယ်)နှင့် ရေတွက်သည်ရှိသော် လေးကျပ် ဖြစ်၏။။

တစ်ပလ (တစ်ပိုလ်)ဟူသည် (လေးကျပ်)တည်း။ သို့မဟုတ် သုံးကျပ်၊ နှစ်ပဲ၊ ရှစ်ရွေးအချိန်ရှိသော ဝတ္ထုတည်း၊ အနေကန်မဟုတ်၊ ဇကန်မှတ်အပ်၏။။

(၆)　ဤပလအရာ၌-

ဟေဠိမပရိစ္ဆေဒေန　ဒွတ္တိံသပလ
ဂုဠပိဏ္ဍပရိမာနော　နိမိတ္တာပဂေါ၊

ဟူသော နိဒါနဝဏ္ဏနာ ကခါဂိတရဏီအဋ္ဌကထာနှင့်

မဂဓနာဠိ နာမ　အဗုတေရသပလာ
ဟောတီတိ　အန္ဓကအဋ္ဌကထာယံ　ဂုတ္တံ။

ဟူသော နိဿဂ်ိယပတ္တာသိက္ခာပုဒ်၊ ဥဘတောဝိဘင်း အဋ္ဌ-ကထာလာ စကားများနှင့်လည်း စံထားနှိုင်းယှဉ်ဘို့ လိုအပ်ပေလိမ့်မည်။

အနက်၊ ။ ဟေဠိမပရိစ္ဆေဒေန၊ အောက်ဆုံး၌ဖြစ်သော အပိုင်းအားဖြင့်၊ ဒွတ္တိံသပလဂုဠ ပိဏ္ဍပရိမာဏော၊ သုံးဆယ့်နှစ်ပိုလ် တင်လဲခဲအတိုင်း

အရှည်ရှိသော။ ပါသာဏော၊ ကျောက်သည်။ နိမိတ္တ။ပ၊ဂေါ၊ ကျောက်နိမိတ်၏အဖြစ်သို့ရောက်သည်။ (ဝါ) ကျောက်နိမိတ်လောက်သည်။ ဟောတိ၊ ဖြစ်၏။။

မဂဓနာဠိ နာမ၊ မဂဓကွမ်းစားမည်သည်။ (ဝါ) မဂဓ စလယ်မည်သည်။ အဗုတေရသပလာ၊ အခွဲနှင့်တကွ တစ်ဆယ့်သုံးပိုလ် ရှိသည်။ (ဝါ) တစ်ဆယ့်နှစ်ပိုလ်ခွဲရှိသည်။ ဟောတိ၊ ဖြစ်၏။။ ကွတိ၊ ဤသို့။ အန္ဓကအဋ္ဌကထာယံ၊ အန္ဓကအဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်ပြီ။။

သုံးဆယ့်နှစ်ပိုလ်တင်လဲခဲဟူရာမှာ တစ်ရာ့နှစ်ဆယ်ရှစ်ကျပ်သား (တစ်ပိသာ နှစ်ဆယ့်ရှစ်ကျပ်သား)ရှိသော တင်လဲခဲမျှလောက်ကြီးသောကျောက်သည် နိမိတ်လောက်၏ဟူလို။။

ရွှေဥမင်နိသျှဉ် တပလ (တစ်ပိုလ်)ဟူသည် တစ်ပိသာတည်းဟုဆို၏။။ တစ်ပိုလ် တစ်ပိသာဖြစ်ခဲ့လျှင် သုံးဆယ့်နှစ်ပိုလ်အရသုံးဆယ့်နှစ်ပိသာ ရှိရလိမ့်မည်။။ သုံးဆယ့်နှစ်ပိသာရှိခဲ့သော် ကျောက်နိမိတ်အရာနှင့် ဆီလျော်သကဲ့သို့ ရှိသော်လည်း ''မဂဓနာဠိ နာမ အဗုတေရသပလာ ဟောတိ''ဟူသော နိဿဂ်ယပတ္တာသိက္ခာပုဒ် အန္ဓကအဋ္ဌကထာစကားအရ တစ်ဆယ့်နှစ်ပိုလ်ခွဲသည် မဂဓ တစ် ကွမ်းစား (စလယ်) မည်၏–ဟူသောစကားအရ ပိသာနှင့်ရေတွက်ခဲ့ သော် တစ်ဆယ့်နှစ်ပိသာခွဲရှိသော ချင့်တောင်းသည် မာဂဓတစ်ကွမ်းစား (စလယ်)မည်၏–ဟုဆိုရာ ရောက်သောကြောင့် ကွမ်းစား (စလယ်) အရာနှင့် ဆီလျော်ဘို့ရန် အလွန်ခဲယဉ်း၏။။

အဋ္ဌကထာဋီကာများ၌လည်း မည်သည့်အရာ မည်သည့်အချိန် မည်သည့်အရေအတွက်ရှိသောဝတ္ထုကို ပိုလ်ယူရမည်ဟူအတိအကျ ဆုံးဖြတ်ချက်မရှိခဲ့။ မြန်မာနိုင်ငံ၌လည်း ပိုလ်အဆုံးအဖြတ်ကိုဆိုသော ကျမ်းဂန်အထောက်အထားမရှိခဲ့။ အဋ္ဌကထာဋီကာများမှာကား အိန္ဒိယနိုင်ငံခေါ်သော မဇ္ဈိမဒေသနှင့် ဆက်စပ်နေသည်ဖြစ်၍ အိန္ဒိယနိုင်ငံ၌ ပိုလ်အဆုံးအဖြတ်ကိုဆိုသော ကျမ်းဂန်များ၊ ပိုလ်အသုံးများ၊

ထင်ရှားပြီးဖြစ်သောကြောင့် အထူးဆုံးဖြတ်ရန်မလို။

ထို့ကြောင့် အောက်ကဆိုခဲ့ပြီးသော ကျမ်းဂန်များအတိုင်း လေးကျပ်တစ်ပိုလ် (သို့မဟုတ်) သုံးကျပ်နှစ်ပဲ ရှစ်ရွေးတစ်ပိုလ်ဖြစ်၍ သုံးဆယ့်နှစ်ပိုလ်အရ (တစ်ရာ့နှစ်ဆယ့်ကျပ်) တစ်ပိသာ နှစ်ဆယ့် ရှစ်ကျပ် သားရှိသော တင်လဲခဲမျှလောက် ပမာဏရှိသောကျောက် သည်သာ နိမိတ်လောက်၏ဟု မှတ်ယူထိုက်၏။

ပိုလ်နှင့်ပတ်သက်၍ အကျဉ်းသိဘွယ်

စတ္တာရော ဝိဟာယော စသော အဘိဓာန်နှစ်ဂါထာအရ-

စပါး ၄-လုံး	=	တစ်ချင်းရွေး
နှစ်ချင်းရွေး	=	တစ်ပဲ
(ငါးရွေး)	=	တစ်ပဲ (အခြားကျမ်းများ)
၁၀-ပဲ	=	တစ်အက္ခ(သစ်ဆိမ့်သီးတစ်လုံး)
၈-အက္ခ	=	တစ်မာရဏ (အဘိဓာန်ဋီကာနည်း)
၅-ပဲ	=	၂-အက္ခ (ဆယ်ရွေး)
၈-အက္ခ	=	တစ်မာရဏ(ရွေး-၄၀) (သီဟိုဠ်နိဿယ)
ငါးမာရဏ(ရွေး၂၀၀)	=	တစ်သုဝဏ်
ငါးသုဝဏ်	=	တစ်နိက္ခ
ရွေး ၄၀၀	=	တစ်ပိုလ် (၄-ကျပ်သား-မဂဓအဘိဓာန်)
ကဿ ၄-ခု	=	(၄)ကျပ်၊ တစ်ပိုလ်
လေးတောလ	=	တစ်ပိုလ် (ရှေးကျမ်းဟောင်း)
ရှစ်တောလ	=	တစ်ပိုလ် (ဆေးကျမ်း)
၃-တိုလာ၊ ၂-ပဲ၊		
ရှစ်ရွေး	=	တစ်ပိုလ် (လောကီယအသုံး)

ပိုလ်အဆုံးအဖြတ် ပြီးပါပြီ။

သိမ်သစ် သမုတ်ရာ/နုတ်ရာ၌ ကြေးနန်းကြိုး ဖြတ်သန်းသွားလျှင် အပ်/မအပ် ဝိနိစ္ဆယ အဆုံးအဖြတ်များ

==========

သိမ်သစ် သမုတ်ရာ/ နုတ်ရာ၌ ကြေးနန်းကြိုး ကြေးနန်း တိုင်တို့ဖြင့် ဖြတ်သန်းသွားလျှင် ထိုကြေးနန်းကြိုးသည် ဂါမသိမ် မှလာသော ကြေးနန်းကြိုးလော့၊ ဗဒ္ဓသိမ်မှလာသော ကြေးနန်းကြိုး လော့-ဟု ဆင်ခြင်ရမည်။

ဂါမသိမ်မှလာသော ကြေးနန်းကြိုးဖြစ်အံ့- တစ်ဂါမနှင့် တစ်ဂါမ ကူးယှက်ခြင်းကြောင့် သင်္ကရဒေါသ မဖြစ်နိုင်။ ဂါမသိမ်မှ ဗဒ္ဓသိမ်သို့ လာသော ကြေးနန်းကြိုးဖြစ်အံ့- ဂါမသိမ်နှင့်ဗဒ္ဓသိမ်တို့ စပ်ခြင်းကြောင့် သင်္ကရဒေါသ မဖြစ်နိုင်။

ထို့ကြောင့် ကြေးနန်းကြိုး ကြေးနန်းတိုင်တို့ ဖြတ်သန်းသွား သော ဂါမခေတ်၌ သိမ်သစ်သမုတ်လိုလျှင် ဝိသုံဂါမအဖြစ် မခံယူ စေကာမူ ဂါမခေတ်ကို စောင့်ရှောက်၍ သိမ်သမုတ်နိုင်ပါသည်။ ကြေးနန်း ကြိုး ကြေးနန်းတိုင်တို့သည် လာရင်းဂါမဘက်ကလည်း ဗဒ္ဓသိမဌ ဖြစ်ငြားအံ့- မိမိသိမ်နုတ်မည့်နေရာကလည်း ဗဒ္ဓသိမဌ အကယ်၍ဖြစ် နေမူကား လာရင်းဗဒ္ဓသိမ်ကို သုတ်သင်၍ရင်း၊ ကြေးနန်းကြိုး ကြေးနန်း တိုင်တို့ကို သုတ်သင်၍ရင်း သိမ်နုတ်ခြင်း၊ သိမ်သမုတ်ခြင်းကံကို ဆောင် ရွက်ရပါမည်။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၂၇။ ဝိ၊ပကိဏ္ဏက၊ ၂၄၂။)

ဟံသာဝတီ ပဲခူးဝမ္မစေတီမင်း၏ ကလျာဏီသိမ်နုတ်စဉ်, သမုတ်စဉ်ကလည်း ဦးစွာ ဇရပ်ဆောက်လုပ်ပြီးမှ နုတ်ကြ, သမုတ်ကြ သတတ်၊ အတိုချုပ်မှာ သိမ်နှုတ်သောအခါ အဆောက်အဦ ရှိသည်ဖြစ် စေ, မရှိသည်ဖြစ်စေ သိမ်သမုတ်လိုရာ အရပ်နိမိတ်အတွင်း၌ ရဟ်,

လေးပါးဖြစ်စေ ရဟန်းငါးပါးဖြစ်စေ ဟတ္ထပါသိမလွတ်စေမူ၍ ငါးတောင်ပမာဏလောက်ရှိသော ရပ်ကွက်၌ထိုင်၍ ဆိုအပ်ခဲ့ပြီးသော သီမာသမူဟာနန အဂါနှစ်ပါးနှင့် ပြည့်စုံစေလျက် အကွက်စေ့အောင် နှုတ်ပြီးလျှင် နိမိတ်ပြင်ဘက် ပတ်လည် ငါးတောင်စီလောက် ၎င်းနည်းအတိုင်း ကမ္မဝါဖတ် နှုတ်သွားပြီးလျှင် ဘယ်လိုပင် သိမ်ဟောင်း သိမ်ဝက်ရှိစေ ကာမူ ကျွတ်လွတ်ကင်းရှင်း စင်ကြယ်ခြင်းသို့ ရောက်နိုင်လောက်ပြီဟူ၍ မှတ်သင့်မှတ်ထိုက်တော့သည်။ (ဝိမတိစ္ဆေဒနီ၊ ၂၂၄။ ဝိ၊ပကိဏ္ဏက၊ ၂၂၈-၉။)

ဗဒ္ဓသိမ်၌ ဖိလာဖြတ်၍သွားသော ကြေးနန်းကြိုးတို့သည် ဗဒ္ဓသီမဋ္ဌဖြစ်၍ မြေသို့ထိအောင် ဗဒ္ဓသိမ်ချည်းပင်ဖြစ်၏။ ဗဒ္ဓသိမ်၌ ဖြတ်၍မသွားအံ့၊ ဂါမသိမ်ချင်း သမ္ဗေဒမရှိသည်ဖြစ်၍ ၎င်းကြေးနန်းကြိုးသည် မိမိတို့ဘက်၌သာ မိမိတို့ပိုင်းခြားရင်းအတိုင်း ဂါမသိမ်ဖြစ်၏။ သမ္ဗေဒမရှိ၊ တိုက်နယ်ကို စောင့်ရှောက်မြဲ စောင့်ရှောက်၍သာ ဖွဲ့သမုတ်အပ်၏။
(မိုးနံကုန်း။ တိပိဋကဝ၊ ၁၇၀။)

======

နာနာဂါမဆေတ်ကို အတွင်းသွင်း၍ သိမ်သမုတ်ပံ

ဂါမဆေတ် တစ်ခုတည်း၌သာ ဗဒ္ဓသိမ်အဖြစ် သမုတ်နိုင်သည်မဟုတ်၊ နာနာဂါမဆေတ်၌လည်း ဗဒ္ဓသိမ် သမုတ်နိုင်ပါသည်။ ထို့ကြောင့် ဗဒ္ဓသိမ်တစ်လုံး၏ မှီရာသည် ဂါမဆေတ် တစ်ခုတည်းလည်း ဖြစ်နိုင်သည်။ ဂါမဆေတ် နှစ်ခု သုံးခုပေါင်းစပ်၍လည်း ဖြစ်နိုင်သည်။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၂၂-၃၂၃။ ဝိ၊ ပကိဏ္ဏက၊ ၂၄၃။)

နာနာဂါမခေတ်တို့ မည်ကုန်သည် အသီးအခြားသော ဗဒ္ဓသိမ်တို့နှင့် တူကုန်သည်၏အဖြစ်ကြောင့် နာနာဂါမခေတ်တို့မှ ဆန္ဒပါရိသုဒ္ဓိသည် အခြားသော နာနာဂါမခေတ်သို့မလိုက်၊ မလိုက်သောကြောင့် ဝဂ်မဖြစ်၊ ဝဂ်မဖြစ်သောကြောင့် သမာနသံဝါ သကသိမ် သမုတ်စည်အခါ နိမိတ်ပြင်ပ ရဟန်းတော်တို့ကို မဆို ထားဘိ၊ နိမိတ်အတွင်းရှိ ရဟန်းတို့သော်မှ လာလိုလျှင်လာ၊ မလာလိုလျှင်မလာဘဲ နေနိုင်သည်။ လာခြင်းကြောင့်လည်း **'သီမာ သမ္မုတိကံ'**အား အနှောင့်အယှက် တစ်စုံတစ်ခု မပြုနိုင်။ "ကာယသာမဂ္ဂိဖြင့် ခိုးမြောက်အံ့" –ဟုလာလျှင် သာမိစဝတ်ကျေရုံမျှသာ ရှိပါသည်။

သမာနသံဝါသကသိမ်သမုတ်၍ ပြီးဆုံးသောအခါ၌မူကား– နိမိတ်အတွင်း၌ မူလပကတိဂါမနှင့် နောက်တိုးချဲ့ထားသော အညဂါမနှစ်ရပ်လုံး ဇကသီမာဗဒ္ဓသိမ် တစ်လုံးတည်းဖြစ်သွားခြင်းကြောင့် နိမိတ်အတွင်းရှိ ရဟန်းများကို **ဗဟိကရဏ သီမာဝိသောဓက, ဟတ္ထပါသာနယန သီမာဝိသောဓန, ဆန္ဒာဟရဏ သီမာ–ဝိသောဓန**–တို့ဖြင့် ထိုက်သည်အားလျော်စွာ သုတ်သင်ပြီးမှ အဝိပ္ပဝါသကမ္မဝါစာ ဖတ်ရမည်ဟု မိန့်တော်မူပါသည်။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၂၃။ ဝိ၊ ပကိဏ္ဏက၊ ၂၄၄–၅။)

=====

ခဏ္ဍသိမ်ပမာဏ

ခဏ္ဍသိမ်သည် အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် ရဟန်းတော် နှစ်ကျိပ်တစ်ပါးဆံ့လျှင် အပ်ပါသည်။ ထို့အောက်ငယ်လျှင် မအပ်ပါ။ အကြီးဘက်ပမာဏ ပြဆိုရာဝယ် "ရဟန်း (၁၀၀) ဆံ့သော်လည်း အပ်သည်"ဟူသော စကားဌ၌ ရဟန်းတော် (၁၀၀) ဆံ့သည့် အထိသာ ခဏ္ဍသိမ်ဟု ခေါ်ရပါသည်။ ရဟန်း (၁၀၀) ဆံ့သော ပမာဏသည် ခဏ္ဍသိမ်၏ အကြီးဆုံး ပမာဏဖြစ်သည်ဟု မမှတ်ရပါ။

ရဟန်းတော် (၁၀၀၀)ထက် အလွန်ဆုံးသော်လည်း မဟာသိမ်အတွင်း၌ ဖြစ်လျှင် ခဏ္ဍာသိမ်ဟုပင် ခေါ်ရပါသည်။

(ဝိ၊ ပကိဏ္ဏက၊ ၂၅၀-၁။ ဝိ၊ ဋ္ဌ၊ ၃။ ၃၂၃။)

ဗဒသိမ်သမုတ်နိုင်သော
တည်ရာဌာနများ

၁။ ကျောက်ဖျာပေါ်၌ သမုတ်အပ်သောသိမ်၊
၂။ ကျောင်းငယ် (မြက်မိုးကျောင်း)၌ သမုတ်အပ်သောသိမ်၊
၃။ လိုဏ်၌ သမုတ်အပ်သောသိမ်၊
၄။ ပြာသာဒ် (နှစ်ထပ်ကျောင်း၊ နှစ်ဆင့်တိုက်) ၌ သမုတ်အပ်သောသိမ်၊
၅။ တောင်ထိပ်၌ သမုတ်အပ်သောသိမ်- ဟု ငါးမျိုးရှိပါသည်။ (ဝိ၊ ပကိဏ္ဏက၊ ၂၅၁-၂။

✡ ✡ ✡ ✡ ✡

၁။ ကျောင်းငယ်၌ သမုတ်အပ်သောသိမ်

ကျောင်းငယ်၌ သမုတ်အပ်သောရဟန်းတို့သည် အုတ်, သစ်သားတို့ဖြင့်ပြီးသောနံရံကို နီမိတ်မကြားဘဲ ရဟန်းတော် နှစ်ကျိပ်တစ်ပါး စည်းဝေးလောက်သောအရပ်ကို အတွင်းပြု၍ နံရံအတွင်းမှာပင် ကျောက်နိမိတ်ကိုထား၍ သမုတ်ရပါမည်။ ယင်းသို့သမုတ်လျှင် နံရံတို့၏အတွင်းဘက်ကျသောအရပ်၌ ထားအပ်သော ကျောက်နိမိတ်တို့၏ အတွင်းအရပ်သာလျှင် သိမ်ဖြစ်ပါသည်။

အဋ္ဌကထာ၌ "**ဘိတ္တိ**"အရ အုတ်, သစ်သား, မြေညှက်တို့ဖြင့်ပြီးသော နံရံကိုမှတ်ယူပါ။ ကျောက်ဖြင့်ပြီးသော နံရံ၌ကား နိမိတ်လောက်သော တစ်ခုသောကျောက်ခဲကို ထိုထိုအရပ်မျက်နှာ၌

ကျောက်တစ်လုံးတစ်ကြိမ်သာ နိမိတ်ကြားခြင်းငှါ အပ်သည်။ များစွာသော ကျောက်ခဲတို့ဖြင့် စီအပ်သော အလုံးစုံသောနံရံကို ကျောက်နိမိတ်တစ်ခုတည်း အဖြစ်ဖြင့် နိမိတ်ကြားခြင်းငှါ မအပ်။ အကြောင်းကား "ဧသော ပါသာဏော နိမိတ္တံ" ဟူ၍ ဧကဝုစ်ဖြင့် ရွတ်ဆို၍ ကြားအပ်သည်၏ အဖြစ်ကြောင့်တည်း။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၂၅။ ဝိမတိ၊ ဋီ၊ ၂။ ၁၄၄။)

တစ်ထပ်သော ကျောင်းငယ်၏နံရံအတွင်း၌ နှစ်ကျိပ်တစ်ပါးသော ရဟန်းတို့၏ တည်ရန်နေရာ အကယ်၍ မရှိငြားအံ့။ ကျောင်းစမုတ် (ဆင်ဝင်)၌ နိမိတ်ကျောက်တို့ကိုထား၍ သမုတ်အပ်ပါသည်။

ကျောင်းဦးစမုတ် (ဆင်ဝင်)၌ နိမိတ်ကျောက်များထား၍ သမုတ်အပ်ငြားသော်လည်း သံဃာနှစ်ကျိပ်တစ်ပါးတို့ အကယ်၍ မစည်းဝေးလောက်ငြားအံ့– အလုံးစုံသော ကျောင်းငယ်၏ ထက်ဝန်း ကျင်ပြင်ဘက် တံစက်မြိတ်ရေကျရာ အရပ်၌လည်း နိမိတ်တို့ကိုထား၍ သမုတ်အပ်၏။။

ဤသို့သမုတ်လျှင် ကျောင်းငယ်တစ်ကျောင်းလုံး သိမ်၌ တည်သည်ဟု မှတ်ရပါသည်။ (ဝိ၊ပကိဏ္ဏက၊ ၂၅၀–၁။ ဝိ၊ ဋ္ဌ၊ ၃။ ၃၂၅။)

======

မင်းပြောင်းမှုရှိပါက
ဝိသုဒ္ဓိမ ပျက်/မပျက်

ထိုရွာ၌ မင်းသည် ပကတိဂါမကိုဖြစ်စေ၊ ဝိသုဒ္ဓိဂါမကိုဖြစ်စေ၊ အခြားရွာတစ်ရွာနှင့်ပေါင်းသော် ယင်းပကတိဂါမ၊ ဝိသုဒ္ဓိဂါမသည် နောက်ပေါင်းအပ်သောရွာသို့ သက်ဝင်၏။။ ရှေးဖြစ်သော ဂါမသိမ်, ဝိသုဒ္ဓိဂါမသိမ် ပျက်ပါသည်။။ (ဝိမတိ၊ ၂။ ၁၅၅။)

အကြင်ရွာတို့ကို မင်းတို့သည် စွန့်အပ်ကုန်သည်ဖြစ်၍ အခြားမဲ့

ထက်ဝန်းကျင်မှ ဂါမခေတ် မရှိကုန်သည်ဖြစ်၍ တောကြီးနှင့် တစ်ဆက်တည်း တစ်ပေါင်းတည်း ဖြစ်ကုန်၏။။

ထိုမင်းတို့စွန့်သောရွာတို့သည် ရွာမဟုတ်သော အရည်သိမ်အဖြစ်သို့ ရောက်ကုန်၏။။ ရှေးဖြစ်သော ဂါမသိမ်, ဝိသုံဂါမသိမ်သည် ပျက်၏။။

ကမ္မဝါစာဖြင့် ဗဒ္ဓသိမ်သမုတ်ပြီးလျှင်ကား မင်းပြောင်းသွားသော်ငင်း၊ နယ်နိမိတ် တစ်ခုနှင့်တစ်ခု ပေါင်းသော်ငင်း မပျက်။။ အကြင်ရွာတို့ကိုကား မင်း ခိုးသူစသောဘေးသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ လူတို့ စွန့်အပ်ကုန်၏။။ ကြာမြင့်စွာလည်း လူကင်းကုန်သည်ဖြစ်၍ တည်ကုန်၏။။ ထက်ဝန်းကျင်မှကား ရွာရှိကုန်၏။။ ထိုလူ ကင်းဆိတ်သော ရွာတို့သည် အသီးအခြား ဂါမသိမ်တို့ပင် ဖြစ်ကုန်၏။။ (ဝိမတိ၊ ဋီ၊ ၂။ ၁၅၅ဂ။။ ဝိ၊ပကိဏ္ဏကဒီပနီ၊ ၂၃၇-၈။။)

======

ဥပစာရသိမ် ဘုရားဝတ္ထုကံမြေ/ ကျောင်းမြေများ ဝိသုံဂါမ ဖြစ်/မဖြစ် ဝိနိစ္ဆယ အဆုံးအဖြတ်များ

"ဥပစာရသိမ်၊ ဘုရားဝတ္ထုကံမြေ၊ ကျောင်းမြေတို့သည် ဝိသုံဂါမ ဖြစ်သည်"ဟု အချို့က အယူရှိကြကုန်၏။။ အမှန်မှာ ထိုအယူသည် မှားပါသည်။။ "မဖြစ်"ဟု မှတ်ရပါမည်။။

အဘယ့်ကြောင့်နည်းဟူမူ-"တစ်ခုသောဂါမခေတ်၌ သိမ်သမုတ်ရာ ဗဒ္ဓသိမ်၊ နဒီသမုဒ္ဒရာ၊ ဇာတဿရသို့ မသက်မူ၍ ဂါမခေတ်၌ တည်နေသောရဟန်းတို့ကို ဟတ္ထပါသ်သို့ ဆောင်ရမည်။။ ဆန္ဒထိုက်သော ရဟန်းတို့၏ဆန္ဒကို ဆောင်ရမည်"ဟု ကခ်ီအဋ္ဌကထာ၌ ဆိုသောကြောင့်တည်း။။

အကယ်၍ ဥပစာရသိမ်၊ ဘုရားဝတ္ထုကံမြေ၊ ကျောင်းမြေတို့

သည် ဝိသုဂါမမြောက်ခဲ့အံ့–ဗဒ္ဓသိမ်၊ နဒီသမုဒ္ဒရာ၊ ဇာတသဃရတို့၌ မတည်သော ရဟန်းများကို ၎င်းတို့၏တည်နေရာ ဥပစာရသိမ် စသည်တို့သည် ဝိသုဂါမသီးခြားဖြစ်၍ မဆောင်ရ၊ ဆောင်ဖွယ်မရှိ ဖြစ်ရာ၏။ ဆောင်ကား ဆောင်ရမည်–ဟု အဋ္ဌကထာဆရာတို့ ဆိုထားသောကြောင့် ''ဥပစာရသိမ် စသည်တို့သည် ဝိသုဂါမ မဖြစ်'' ဟု မှတ်ယူရပါမည်။ (၀ိ၊ ပကိဏ္ဏက၊ ၂၃၈။ ကခ်ီ၊ ဋ္ဌ၊ ၈၉။)

✿ ✿ ✿ ✿ ✿

ပျော်ဘွယ်မြို့၊ သာယာကုန်းကျောင်း ဘုန်းတော်ကြီး ဦးနာဂိန္ဒလျှောက်ထားသော သီမာသမ္ဗေဒ ဝိနိစ္ဆယကထာ

မူလသိမ်ဟောင်း အဆောက်အအုံကိုပြင်၍ သိမ်တိုက် ဆောက်လုပ်ထားသော်လည်း သိမ်အတွင်း၌ ဆောက်လုပ်အပ် သော ဥပုသ်အိမ်သည် သီမဋ္ဌပင်ဖြစ်၍ အပ်ပါသည်။ ယုံမှား သံသယဖြစ်ရန် မရှိပါ။ (၀ိ၊ ဋ္ဌ၊ ၃။ ၃၂၆။)

၁။ သိမ်တိုက်နှင့်ဆက်၍ အပြင်နိမိတ်တိုင်ကို ကျော်လွန်၍ ပြုလုပ်ထားအပ်သော အုတ်ရေကန်၊

၂။ သိမ်အုပ်တိုက်နှင့်ဆက်၍ ခဲ့ထားသော သမံတလင်း၊

၃။ သမံတလင်းနှင့် တစ်ဆက်တည်းပြုလုပ်ထားသော အုတ်တံတိုင်းတို့သည် ဗဒ္ဓသိမ်နှင့်ဂါမသိမ်၊ အုတ်ကန်၊ အုတ်သမံ တလင်း၊ အုတ်တံတိုင်းတို့ဖြင့် ဆက်စပ်ငြားသော်လည်း နိဿယ နိဿိတ ဖြစ်သော ဂါမသိမ်နှင့်ဗဒ္ဓသိမ်တို့ စပ်ယှက်ခြင်းကြောင့် ဝိနည်းအားဖြင့် သံသယဖြစ်ရန် အကြောင်းမရှိပါ။

အကယ်၍ ယင်းကဲ့သို့ စပ်ယှက်သော နိမိတ်တိုင်ပြင်ပ၌ ဝိသဘာဂသိမ်များရှိခဲ့သော် ပရိကပ္ပအားဖြင့် မှတ်ယူရန် ရှိငြားအံ့– စပ်ယှက်သောအရာဝတ္ထုတို့သည် ဘူမိဂတိက အုတ်ဖြစ်ခြင်းကြောင့် သံသယဖြစ်ရန် မရှိပါ။

သို့ဖြစ်၍ ၎င်းသိမ်၌ ဥပုသ်, ပဝါရဏာ စသော ကံကြီးကံငယ်များကို သံသယကင်းရှင်းစွာ ပြုလုပ်ဆောင်ရွက်သင့်သည်ဟု မှတ်ယူရပါမည်။ (၀ိ၊ ဋ္ဌ၊ ၃။ ၃၂၆။ ၀ိမတိ၊ ဋီ၊ ၂။ ၁၄၈။ ၁၅၀။ ၁၅၁။ ၁၆၄။ ၁၆၉။)

မူလသိမ်ဟောင်း၏ အပြင်သို့ထွက်၍ လှေခါး (သိမဋ္ဌ) ထုတ်လုပ်သည်ရှိသော် ပကတိဂါမဖြစ်သော ပကတိဂါမ–ဟု စိတ်ချရသော သီမန္တရိက်အတွင်း၌သာ ထုတ်လုပ်သင့်သည်၊ ပကတိဂါမ–ဟု စိတ်မချရသော အမှတ်အသား ပျောက်ကွယ်နေသော ဗဒ္ဓသိမ်ဟောင်းရှိမူ ရှိရာ၏ –ဟု စိတ်မချရသော အာသင်္ကာရှိထိုက်သော သီမန္တရိက်၏အပြင်သို့ ကျအောင် မထုတ်လုပ်သင့်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်သည်။ (၀ိမတိဋ္ဌဒနီ၊၆၅။)

===ooo===

သိမ်နိမိတ်ကြားရာ၌

နိမိတ်ကြားသော ဝိနည်းဓိုရ်သည် ရဟန်းသာ ဖြစ်ရမည်။ နိမိတ်စောင့်၍ ဖြေသောပုဂ္ဂိုလ်သည် ရဟန်း, သာမဏေ, လူတို့တွင် တစ်ဦးဦး ဖြစ်နိုင်သည်။

နိမိတ်ကြားခြင်းသည် –

၁။ နိမိတ်စောင့် (ဖြေ)သောပုဂ္ဂိုလ်က အသီးအသီး ဆိုင်ရာ နိမိတ်အနီးတွင် အပြင်ဘက်မှနေ၍ ဝိနည်းဓိုရ်က နိမိတ်ရှိရာသို့သွား၍ မေး, ဖြေကြားသောနည်း။

၂။ ဝိနည်းဓိုရ်က တစ်နေရာတည်းတွင် သံဃာ့အလယ်က နေ၍ မေး, ဖြေကြားသောနည်း။

၃။ ဝိနည်းဓိုရ်ရော နိမိတ်စောင့်ဖြေသူပါ သံဃာ့အလယ်မှာ နေ၍ မေး, ဖြေကြားသောနည်း။

၄။ ဝိနည်းဓိုရ်သည် နိမိတ်တို့၏ အပြင်ဘက်၌တည်၍ ကြား နည်း-ဟု နည်းအားဖြင့် ၄-နည်း ရှိပါသည်။

===ooo===

သိမ်နိမိတ်ကြားနည်း

သိမ်နိမိတ်ကြားနည်းသည် မာဂဓ (ပါဠို) သက်သက်ကြား နည်း၊ မြန်မာသက်သက်ကြားနည်း၊ မာဂဓ (ပါဠို)+မြန်မာ ရော ယှက်လျက်ကြားနည်း အားဖြင့် (၃)မျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် မာဂဓသက်သက်ဖြင့် ကြားနည်းကို ရှေးဦးစွာ ပြဆိုပါအံ့။

ဝိနည်းဓိုရ်မေး။ "ပုရတ္ထိမာယ ဒိသာယ ကိ နိမိတ္တံ။
နိမိတ်စောင့်ဖြေ။ ဥဒကံ ဘန္တေ။
ဝိနည်းဓိုရ်ကြား။ ဧတံ ဥဒကံ နိမိတ္တံ။
ဝိနည်းဓိုရ်မေး။ ပုရတ္ထိမာယ အနုဒိသာယ ကိ နိမိတ္တံ။
နိမိတ်စောင့်ဖြေ။ ဥဒကံ ဘန္တေ။
ဝိနည်းဓိုရ်ကြား။ ဧတံ ဥဒကံ နိမိတ္တံ။
ဝိနည်းဓိုရ်မေး ဥတ္တရာယ ဒိသာယ ကိ နိမိတ္တံ။
နိမိတ်စောင့်ဖြေ။ ဥဒကံ ဘန္တေ။
ဝိနည်းဓိုရ်ကြား။ ဧတံ ဥဒကံ နိမိတ္တံ။
ဝိနည်းဓိုရ်မေး။ ဥတ္တရာယ အနုဒိသာယ ကိ နိမိတ္တံ။
နိမိတ်စောင့်ဖြေ။ ဥဒကံ ဘန္တေ။
ဝိနည်းဓိုရ်ကြား။ ဧတံ ဥဒကံ နိမိတ္တံ။

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

ဝိနည်းဓိရ်မေး။ ပုရတ္ထိမာယ ဒိသာယ ကိ နိမိတ္တံ။
နိမိတ်စောင့်ဖြေ။ ဥဒကံ ဘန္တေ။
ဝိနည်းဓိရ်ကြား။ ဧတံ ဥဒကံ နိမိတ္တံ။ ဤကား မာဂဓ (ပါဠို)သက်သက်ဖြင့် ကြားနည်းတည်း။

ဗုတ်ခြင်္ဂါ။ ။ နိမိတ်ရှိရာ နိမိတ်အနီးသို့ မသွားဘဲ သံဃအလယ်က ကြားခဲ့သော် "**ဧတံ ဥဒကံ**"ဟု အဝေးဟော **ဧတ**–သဒ္ဒါနှင့် ကြားရမည်။ နိမိတ်ရှိရာ နိမိတ်အနီးသို့သွား၍ ကြားခဲ့သော် "ကေ္ကဒံ ဥဒကံ"ဟု အနီးဟော ကေ္ကမ–သဒ္ဒါနှင့် ကြားရမည်။

မြန်မာနည်းသက်သက်ဖြင့် ကြားနည်းကို ပြအံ့

မေး။ ။ ဤသမုတ်အပ်လတ့ံသော သိမ်၏အရှေ့အရပ်မျက်နှာအရပ်က ဘယ်နိမိတ်နည်း။
ဖြေ။ ။ ရေနိမိတ်ဘုရား၊ပါဘုရာ။
ကြား။ ။ ငါ့ရှင်လျှောက်ထားအပ်သော ထိုရသည် (အဝေးဖို့) ငါ့ရှင် လျှောက်ထားအပ်သော ဤရသည် (အနီးဖို့) ဤသမုတ်အပ်လတ့ံသော သိမ်၏အရှေ့အရပ်မျက်နှာအရပ်က နိမိတ်တည်း။

==========

မေး။ ။ ဤသမုတ်အပ်လတ့ံသော သိမ်၏အရှေ့တောင်ထောင့်အရပ်က ဘယ်နိမိတ်နည်း။
ဖြေ။ ။ ရေနိမိတ်ဘုရား၊ပါဘုရာ။
ကြား။ ။ ငါ့ရှင်လျှောက်ထားအပ်သော ထိုရသည် (ငါ့ရှင် လျှောက်ထားအပ်သော ဤရသည်) ဤသမုတ်အပ်လတ့ံသောသိမ်၏ အရှေ့တောင်ထောင့် အရပ်က နိမိတ်တည်း။ (ပ) ။

မေး။ ။ ဤသမုတ်အပ်လတ္တံသော သိမ်၏ မြောက်အရပ်မျက်နှာအရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ။ ရေနိမိတ်ဘုရားပါဘုရာ။

ကြား။ ။ ငါ့ရှင်လျှောက်ထားအပ်သော ထိုရေသည် (ငါ့ရှင် လျှောက်ထားအပ်သော ဤရေသည်)
ဤသမုတ်အပ်လတ္တံသောသိမ်၏ မြောက်အရပ်မျက်နှာ အရပ်က နိမိတ်တည်း။

==========

မေး။ ။ ဤသမုတ်အပ်လတ္တံသော သိမ်၏ အရှေ့မြောက် ထောင့်အရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ။ ရေနိမိတ်ဘုရားပါဘုရာ။

ကြား။ ။ ငါ့ရှင်လျှောက်ထားအပ်သော ထိုရေသည် (ငါ့ရှင် လျှောက်ထားအပ်သော ဤရေသည်)
ဤသမုတ်အပ်လတ္တံသောသိမ်၏ အရှေ့မြောက် ထောင့် အရပ်က နိမိတ်တည်း။

==========

မေး။ ။ ဤသမုတ်အပ်လတ္တံသော သိမ်၏ အရှေ့မျက်နှာ အရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ။ ရေနိမိတ်ဘုရားပါဘုရာ။

ကြား။ ။ ငါ့ရှင်လျှောက်ထားအပ်သော ထိုရေသည် (ငါ့ရှင် လျှောက်ထားအပ်သော ဤရေသည်)
ဤသမုတ်အပ်လတ္တံသောသိမ်၏ အရှေ့မျက်နှာအရပ်က နိမိတ်တည်း။ ဤကား မြန်မာသက်သက်ဖြင့် ကြားနည်း တည်း။

မာဂဓ(ပါဠို)+မြန်မာနည်းဖြင့် ကြားနည်းကို ပြအံ့

မေး။ ။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံသော။ ကျွမိသ၊ာ သီမာယ၊ ဤခဏ္ဍာသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ် ပိုင်းခြား မှတ်သားကြောင်းဖြစ်သော နယ်နိမိတ်သည်။ကိ၊ တောင်, ကျောက်, တော, သစ်၊ တောင်ဗို့မြစ်နှင့်၊ ရေစစ် ခရီး၊ နိမိတ်ကြိုးရှစ်ပါးတို့တွင် အဘယ်နည်း။

ဖြေ။ ။ ဘန္တေ၊ အရှင်ဘုရား။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ် လတ္တံသော။ ကျွမိသာ သီမာယ၊ ဤခဏ္ဍာသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်းဖြစ်သော နယ်နိမိတ်သည်။ ဥဒကံ၊ တောင်,ကျောက်, တော, သစ်၊ တောင်ဗို့မြစ်နှင့်၊ ရေစစ်ခရီး၊ နိမိတ်ကြိုးရှစ်ပါးတို့တွင် ရေနိမိတ်ပါဘုရား။

မေး။ ။ **တစ်နည်း**။ ။ ကိ၊ တောင်, ကျောက်, တော, သစ်၊ တောင်ဗို့မြစ်နှင့်၊ ရေစစ် ခရီး၊ နိမိတ်ကြိုးရှစ်ပါးတို့တွင် အဘယ်သည်။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံသော။ ကျွမိသာ သီမာယ၊ ဤခဏ္ဍာသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်းဖြစ်သော နယ်နိမိတ်နည်း။

ဖြေ။ ။ ဘန္တေ၊ အရှင်ဘုရား။ ဥဒကံ၊ တောင်, ကျောက်, တော, သစ်၊ တောင်ဗို့မြစ်နှင့်၊ ရေစစ် ခရီး၊ နိမိတ်ကြိုး ရှစ်ပါးတို့တွင် ရသည်။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ် လတ္တံသော။ ကျွမိသာ သီမာယ၊ ဤခဏ္ဍာသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။

နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်းဖြစ်သောရေ
နိမိတ်ပါဘုရား။။

တစ်နည်းမေး။။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံသော။။ ဤမိသာ
သီမာယ၊ ဤခဏ္ဍသိမ်၏။။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။။
ဒိသာယ၊အရပ်မျက်နှာ၌။။ ကိ နိမိတ္တံ၊ တောင်, ကျောက်,
တော, သစ်၊ တောင်ပို့ မြစ်နှင့်၊ ရေစစ် ခရီး၊ နိမိတ်
ကြီးရှစ်ပါးတို့တွင် အဘယ် နိမိတ်နည်း။။

ဖြေ။ ။ ဘန္တေ၊ အရှင်ဘုရား။။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်
လတ္တံသော။။ ဤမိသာ သီမာယ၊ ဤခဏ္ဍသိမ်၏။။
ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။။ ဒိသာယ၊ အရပ်မျက်
နှာ၌။။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်း
ဖြစ်သော ဥဒကံ၊ တောင်, ကျောက်, တော, သစ်၊
တောင်ပို့မြစ်နှင့်၊ ရေစစ် ခရီး၊ နိမိတ်ကြီး ရှစ်ပါးတို့
တွင် ရေနိမိတ်ပါဘုရား။။

ကြား။။ ။ ဇေတံ ဥဒကံ– ငါ့ရှင်လျှောက်ထားအပ်သော ထိုရေသည်
(အဝေးဖို့) (ဤဒံ ဥဒကံ၊ ငါ့ရှင် လျှောက်ထားအပ်သော
ဤရေသည် (အနီးဖို့))သမ္မနိတဗ္ဗာယ၊ သမုတ်အပ်
လတ္တံသော။။ ဤမိသာယ သီမာယ၊ ဤ ခဏ္ဍသိမ်၏။။
ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။။ဒိသာယ၊ အရပ်မျက်နှာ၌။။
နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်းဖြစ်သော
နယ်နိမိတ်တည်း။။

ကြား ။ **တစ်နည်း**။။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံသော။။
ဤမိသာ သီမာယ၊ ဤခဏ္ဍသိမ်၏။။ ပုရတ္ထိမာယ၊
အရှေ့ဖြစ်သော။။ ဒိသာယ၊ အရပ်မျက်နှာ၌။။ နိမိတ္တံ၊
သတ်မှတ်ပိုင်းခြား မှတ်သားကြောင်းဖြစ်သော နယ်
နိမိတ်သည်။။ ဇေတံ ဥဒကံ၊ ငါ့ရှင် လျှောက်ထား

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

အပ်သော ထိုရေတည်း။ (ကြံ့ ဥဒကံ၊ ငံ့ရှင်လျှောက် ထားအပ်သော ဤရေတည်း။

==========

မှတ်ချက်။ ။ ဤနည်းကိုမှီ၍ ကြွင်းသောနိမိတ်ရှစ်ပါးတို့၌လည်း မေးနိုင်၊ ဖြေနိုင်၊ ကြားနိုင်လောက်ပြီ။ အထူးကို သာ ရေးသားတင်ပြပါအံ့။

= ပုရတ္ထိမာယ အနုဒိသာယ၊ အရှေ့တောင်ထောင့်အရပ်၌။
= ဒက္ခိဏာယ၊ တောင်ဖြစ်သော။
= ဒိသာယ၊ အရပ်မျက်နှာ၌။
= ဒက္ခိဏာယ အနုဒိသာယ၊ အနောက်တောင်ထောင့်အရပ်၌။
= ပစ္ဆိမာယ၊ အနောက်ဖြစ်သော။
= ဒိသာယ၊ အရပ်မျက်နှာ၌။
= ပစ္ဆိမာယ အနု ဒိသာယ၊ အနောက်မြောက်ထောင့်အရပ်၌။
= ဥတ္တရာယ၊ မြောက်ဖြစ်သော။
= ဒိသာယ၊ အရပ်မျက်နှာ၌။
= ဥတ္တရာယ အနုဒိသာယ၊ အရှေ့ မြောက်ထောင့်အရပ်၌။
= ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ်မျက်နှာ၌။

ဤကား မာဂဓ (ပါဠို)+ မြန်မာ ရောယှက်လျက် ကြားနည်းဖြစ်ပါသည်။

မှတ်ချက်= (၂) ။ ဝိနည်းဝိုရ် ရဟန်းများကသာ မေးကောင်း ကြားကောင်း၏။ ဖြေရာ၌ကား ရဟန်းဖြစ်စေ၊ သာမဏေဖြစ်စေ၊ လူဖြစ်စေ၊ အခွင့်သလို ဖြေဆိုကောင်း၏။ နိမိတ်ကြားသည့်အခါ၌ လည်း နိမိတ်တွင်းကဖြစ်စေ၊ နိမိတ်ပြင်ကဖြစ်စေ ကြားကောင်း၏–ဟု ကျမ်းဋီကာတို့၌ ဆို၏။ ကမ္မဝါစာဖတ်သောအခါ၌ကား နိမိတ်အတွင်းကသာ ဖတ်ရမည်။ (သီမာဝိနိစ္ဆယကျမ်း၊ ၃၉-၄၅)

သိမ်နှုတ်/သိမ်သမုတ်မှတ်တမ်းလွှာများ

ဗုဇ္ဈိုးမြို့၊ ကုမာရာရာမတိုက်သစ်
အမှတ် (၈)
ပြည်ဆောင်စံကျောင်းတိုက်
သိမ်နှုတ်မှတ်တမ်းလွှာ

၁၃၃၈–ခုနှစ်၊ ကဆုန်လဆန်း ၁၃–ရက်၊ (၁၀၊၅၊၁၉၇၆) တနင်္လာနေ့။

==========

နံနက် ၅–နာရီ၊ ၂၅–မိနစ်အချိန်တွင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ ရတနာသိဒ္ဓိကျောင်း ဂဏဝါစက (စာချ) ဆရာတော် အရှင်ကုသလထေရ်ကြီးမှူး၍ ပုပ္ပါးမြို့၊ ကုမာရာရာမ တိုက်သစ်၊ အမှတ် (၈)၊ ပြည်ဆောင်စံ (ဦးတိက္ခဉာဏ) ကျောင်းတိုက် အတွင်း ပြည်ဆောင်စံ မြတ်စွာဘုရား၏ အရှေ့ဘက်ရှိ အလျား–အနံ ပေ ၄၀×၄၀–ရှိ မြေကွက်လပ်တွင် သိမ်နုတ်ကံ ဆောင်ရွက်ရန်အတွက် အရှေ့မြောက်ထောင့် အရပ်တွင် စတင်၍ ပန္နက်ရိုက်ကြပါသည်။

ဆက်လက်၍ အလျား ၆–ပေ၊ ၈–လက်မ၊ အနံ ၃–ပေ၊ ၄–လက်မရှိ ညောင်စောင်းအကွက် အရှေ့အရပ်တွင် ၂၀၊ အနောက် အရပ်တွင် ၂၀၊ တောင်အရပ်တွင် ၁၅၊ မြောက်အရပ်တွင် ၁၅၊ အလယ် အရပ်တွင် ၂–ကွက်၊ စုစုပေါင်း ၇၂–ကွက် ပန္နက်ရိုက်ကြရာ ၇–နာရီ ၄၀–မိနစ်အချိန်တွင် ပြီးစီးခဲ့ပါသည်။

ထို့နောက် ပထမအကြိမ်တွင် ထောင့်ဖြတ် ကြက်ခြေခတ် သိမ်နုတ် နည်းဖြင့် သံဃာတော် (၁၃)ပါးတို့က သိမ်နုတ်ကံကို ဆောင်ရွက်တော် မူကြပါသည်။

ဒုတိယအကြိမ်တွင် ခရုပတ်သိမ်နုတ်နည်းဖြင့် ဆက်လက် ဆောင်ရွက်တော်မူကြရာ နံနက် ၉–နာရီ၊ ၁၀–မိနစ်အချိန်တွင် ရပ်နားတော် မူကြပါသည်။

မှတ်ချက် ။ ။ <u>ထောင့်ဖြတ် ကြွက်ခြေခတ်သိမ်နုတ်နည်း</u>- ဟူသည် အရှေ့မြောက်ထောင့်အရပ်မှ အနောက်တောင်ထောင့် အရပ်သို့ တန်းစီထိုင်ကာ အရှေ့တောင်ထောင့်အရပ်သို့ မျက်နှာမူ ၍၎င်း၊ အရှေ့တောင်ထောင့်အရပ်မှ အနောက်မြောက်ထောင့်အရပ်သို့ တန်းစီထိုင်ကာ အရှေ့မြောက်ထောင့်အရပ်သို့ မျက်နှာမူ၍၎င်း၊ ဟတ္ထပါသ်ချင်း စပ်အောင် ထိုင်လျက် သိမ်နုတ်ရသောနည်း ဖြစ်ပါသည်။

<u>ခရုပတ်သိမ်နုတ်နည်းမှာ</u>- အရှေ့မြောက်ထောင့်အရပ် အစဆုံး အကွက်မှ စတင်ကာ ရနိုင်သမျှ တစ်ကွက်လျှင် ၃-ပါးကျ စီထိုင်၍ အကွက်အစဉ်အတိုင်း လက်ျာရစ်လှည့်ပတ်ကာ ဆက်စပ်အောင် ဆောင်ရွက်ရသောနည်းဖြစ်ပါသည်။ အလယ်ဗဟိုကွက်သို့ ရောက်အောင် ဆောင်ရွက်ရသည်။ အလယ်ဗဟိုကွက်သို့ရောက်လျှင် တစ်စပ်ပြီးစီးသည်။ ယင်းနည်းမှာ ထောင့် ၄-ထောင့်မှစတင်၍ နုတ်သိမ်းနိုင်သည်။ ၄-စပ်တိတိ ရနိုင်ပါသည်။

ဆက်လက်၍ အနားပန္နက်များမှ ၃-ပေ၊ ၄-လက်မစီခြားကာ အရပ်လေးမျက်နှာ၌ သီမန္တရိုက်ပန္နက်များ ရိုက်ကြပါသည်။

ညနေပိုင်း ၆-နာရီအချိန်မှစတင်၍ ပထမအကြိမ်တွင် <u>ရှင်ဘောင်တန်း</u> (စဒုတ်တိုက်) သိမ်နုတ်နည်းဖြင့် ဆောင်ရွက်တော်မူကြပါသည်။ ဒုတိယအကြိမ်တွင် ဆက်လက်၍ <u>တောင်တက်နည်း</u>ဖြင့် ဆောင်ရွက်တော်မူကြရာ ည ၁၀-နာရီအချိန်တွင် ရပ်နားကြပါသည်။

မှတ်ချက် ။ ။ <u>ရှင်ဘောင်တန်း (စဒုတ်တိုက်) သိမ်နုတ်နည်း</u> ဟူသည်မှာ- အရှေ့မှ အနောက်သို့မျက်နှာမူကာ အလျားကွက်ဖြစ်ပါက တစ်ကွက်လျှင် ၃-ပါးစီ၊ ဒေါင်လိုက်ကွက်ဖြစ်ပါက တစ်ပါးကျ စီထိုင်ကာ အနောက်မျက်နှာကွက်သို့ရောက်အောင် သိမ်နုတ်ရသောနည်း ဖြစ်ပါသည်။

<u>တောင်တက် သိမ်နုတ်နည်း</u> ဟူသည်မှာ- ထောင့်လေး ထောင့်တွင် တစ်နေရာရာမှစတင်ကာ အလျားအကွက်များအတိုင်း တစ်ကွက်လျှင် ၃-ပါးကျစီထိုင်လျက် အလယ်အကွက်သို့ရောက်အောင် နုတ်သိမ်းရသော

နည်း ဖြစ်ပါသည်။ တစ်မျက်နှာပြီး တစ်မျက်နှာ ဆက်လက်၍ ဆောင်ရွက်ရပါသည်။ လေးမျက်နှာစေ့မှ တစ်စပ်သာရသည်။

===OOO===

ကဆုန်လဆန်း (၁၄)ရက်၊
(၁၁၊ ၅၊ ၁၉၇၆) အင်္ဂါနေ့။

နံနက် ၅-နာရီ၊ ၁၅-မိနစ်အချိန်မှစတင်၍ ပထမအကြိမ် တောင်ဆင်းသိမ်နှုတ်နည်းဖြင့် နှုတ်သိမ်းတော်မူကြပါသည်။

ဒုတိယအကြိမ်တွင် ပုရွက်ကြောင်းလိုက် သိမ်နှုတ်နည်းဖြင့် သိမ်နှုတ်ကံ ဆောင်ရွက်တော်မူကြပါသည်။ ဆက်လက်၍ သီမန္တရိုက် အတွင်းပိုင်းကိုလည်း အရှေ့မြောက်ထောင့်အရပ်က စတင်ကာ နှုတ်သိမ်းတော်မူကြရာ နံနက် ၈-နာရီ၊ ၃၅-မိနစ်အချိန်တွင် ရပ်နား ကြပါသည်။

မှတ်ချက် ။ ။ <u>တောင်ဆင်းသိမ်နှုတ်နည်း</u> ဟူသည်မှာ- အလယ်ဗဟိုကွက်များမှ စတင်၍ အလျားကွက်များအတိုင်း တစ်ကွက်လျှင် ၃-ပါးကျစီ ရနိုင်သမျှထိုင်ကြကာ ဆင်းမည့်အရပ်မျက်နှာသို့ မျက်နှာမူလျက် အနားကွက်ထိအောင် အရပ်လေးမျက်နှာစေ့အောင် တစ်မျက်နှာပြီးတစ်မျက်နှာ လှည့်လည်၍ နှုတ်သိမ်းရသောနည်း ဖြစ်ပါသည်။ အရပ်လေးမျက်နှာစေ့မှ တစ်စပ်သာရပါသည်။

<u>ပုရွက်ကြောင်းလိုက် သိမ်နှုတ်နည်း</u> ဟူသည်မှာ- အလယ်ဗဟိုကွက်မှ သိမ်အပြင်ဘက်သို့ မျက်နှာမူ၍ အလျားကွက်များ အတိုင်း အကွက်အစဉ်အလိုက် လက်ဝဲမှရစ်ပတ်၍ အနားအစကွက် အရှေ့မြောက်ထောင့်သို့ရောက်အောင် သိမ်နှုတ်ရသောနည်း ဖြစ်ပါသည်။

ညနေ ၅-နာရီ၊ ၁၅-မိနစ်အချိန်တွင် စတင်၍ ဆရာတော် ဦးပညိန္ဒ၊ ဦးဝိလာသနှင့် သံဃာတော် (၁၅)ပါးတို့က ပထမအကြိမ် **ပျားကြိုး စွဲ သိမ်နှုတ်နည်း**ဖြင့်ငင်း၊ ဒုတိယအကြိမ်တွင် ဆရာတော် ဦးပညိန္ဒ၏

အစိအစဉ်အရ ကြွက်ခြေးစု သိမ်နုတ်နည်းဖြင့်ငင်း ဆောင်ရွက်တော် မူကြရာ မိုးကျလာ၍ ဖတ်လက်စ အရှေ့မြောက် အရပ်ကို အရပ်ဖတ်ပြီး ၆-နာရီ၊ ၃၅-မိနစ်အချိန်တွင် ရပ်နားကြပါသည်။

မှတ်ချက် ။ ။ ပျားကြီးစွဲ သိမ်နုတ်နည်း ဟူသည်မှာ- တစ်ဖက်ပါပုံစံအတိုင်း ဒုတိယနည်းဖြစ်ပါသည်။ ပျားကောင်များသည် ထောင့်လေးထောင့်တွင် ကင်းချပြီးမှ အလယ်တွင်စွဲကြသလို ထိုနည်း အတူ ပျားကြီးစွဲ သိမ်နုတ်နည်း ဟူသည်မှာလည်း ထောင့်လေး ထောင့် ဖတ်ပြီးကာမှ အလည်သို့လှည့်ပတ်ကာ ဝင်ရပါသည်။

ကြွက်ခြေစု သိမ်နုတ်နည်း ဟူသည်မှာ- ထောင့် လေးထောင့် တွင် တစ်ကွက်လျှင် ၃-ပါးကျ ရှေ့ဆင့် နောက်ဆင့် ထိုင်ကြကာ တစ်ထောင့်လျှင်တစ်ကြိမ်၊ အလယ်ဗဟိုတွင် တစ်ကြိမ် အားဖြင့် ၅-ကြိမ်တိတိ နုတ်သိမ်းရပါသည်။ ယင်း ၅-ကြိမ်စေ့ကာမှ တစ်စပ်သာ ရပါသည်။

===ooo===

ကဆုန်လပြည့် (၁၂၊ ၅၊ ၁၉၇၆) ဗုဒ္ဓဟူးနေ့။

နံနက် ၇-နာရီ၊ ၅-မိနစ်အချိန်တွင် ယမန်နေ့ညက ဆောင်ရွက်ဆဲဖြစ်သော ကြွက်ခြေးစုသိမ်နုတ်နည်းကို ဆက်လက်၍ ဆောင်ရွက်တော်မူကြပါသည်။

ဒုတိယအကြိမ်တွင် ဝက်ခေါင်းထိုးသိမ်နုတ်နည်းဖြင့် သိမ်နုတ်ကံ ဆောင်ရွက်တော်မူကြပါသည်။

မှတ်ချက် ။ ။ ဝက်ခေါင်းထိုး သိမ်နုတ်နည်း ဟူသည်မှာ- အရှေ့အရပ်အနားကွက် အလယ်ပန္နက်မှ အနောက်တောင်ထောင့်သို့ စိတန်းကာ ဟတ္ထပါသ်ချင်းစပ်အောင်ထိုင်လျက် အနောက်မြောက်သို့ မျက်နှာမူ၍ငင်း၊ တဖန် ယင်းအရပ် အလယ်ပန္နက်မှပင် အနောက်မြောက် ထောင့်သို့ ယခင်နည်းအတိုင်းထိုင်၍ အနောက်တောင်ထောင့်သို့ မျက်နှာ

မူ၍၎င်း၊ တောင်အရပ်အနားကွက် အလယ်ပန္နက်မှ အရှေ့မြောက်ထောင့်သို့ ယခင်နည်းအတိုင်းထိုင်ကာ အနောက်မြောက်ထောင့်သို့ မျက်နှာမူ၍၎င်း၊ တဖန် ယင်းအရပ် အလယ်ပန္နက်မှပင် အနောက်မြောက်ထောင့်သို့ ယခင်နည်းအတိုင်ထိုင်ကာ အရှေ့မြောက်ထောင့်သို့ မျက်နှာပြု၍၎င်း၊ အနောက်အရပ် အနားကွက်ပန္နက်မှ အရှေ့မြောက်ထောင့်သို့ ရှေးနည်းအတိုင်းထိုင်ပြီး အရှေ့တောင် ထောင့်သို့ မျက်နှာပြု၍၎င်း၊ တဖန် ယင်းအရပ် အလယ်ပန္နက် မှပင် အရှေ့တောင်ထောင့်သို့ ရှေးအနည်းအတိုင်း ထိုင်လျက် အရှေ့မြောက် ထောင့်သို့ မျက်နှာပြု၍၎င်း၊ မြောက်အရပ်အနားကွက် အလယ်ပန္နက်မှ အရှေ့တောင်ထောင့်သို့ ရှေးနည်းအတိုင်းထိုင်လျက် အနောက် တောင်ထောင့်သို့ မျက်နှာပြု၍၎င်း၊ တဖန် ယင်းအရပ် အလယ်ပန္နက်မှပင် အနောက်တောင်ထောင့်သို့ ရှေးနည်းအတိုင်း ထိုင်လျက် အရှေ့တောင်ထောင့်သို့ မျက်နှာပြု၍၎င်း တစ်မျက်နှာလျှင် ၂-ကြိမ်ကျစီ နုတ်သိမ်းရပါသည်။

ည ၇-နာရီ၊ ၃၀-မိနစ်အချိန်တွင် စတင်၍ <u>စကြာလည် (ဆီဆုံလည်) သိမ်နုတ်နည်း</u>ဖြင့် သိမ်နုတ်ကံ ဆောင်ရွက်တော် မူကြရာ ည ၉-နာရီ၊ ၂၅-မိနစ်အချိန်တွင် ရပ်နားတော်မူကြပါသည်။

မှတ်ချက်။ ။ <u>စကြာလည် (ဆီဆုံလည်) သိမ်နုတ်နည်း</u> ဟူသည်မှာ- အလယ်ဗဟိုကွက်မှ အရှေ့ထိပ်အနားကွက်အထိ ဟတ္ထပါသ်ချင်း စပ်အောင်ထိုင်လျက် အနားကွက်များစပ်သွားအောင် လက်ယာရစ်လည်၍ အနားကွက် တစ်ကွက်ပြီးတစ်ကွက် နုတ်သိမ်းရသောနည်း ဖြစ်ပါသည်။ အလယ်ကွက်မှနေသော ပုဂ္ဂိုလ်မှာ အကွက်မပြောင်းရဘဲ လှည့်ရပါသည်။ တစ်ပတ်မိသောအခါမှ တစ်စပ်ပြီးပါသည်။

ကဆုန်လပြည့်ကျော် (၁)ရက်၊
(၁၃၊ ၅၊ ၁၉၇၆) ကြာသပတေးနေ့

နံနက် ၈–နာရီ၊ ၁၅–မိနစ်အချိန်မှစတင်၍ ပထမအကြိမ်တွင် ယက္ကန်းခတ် (ဆက်ရက်ခုန်)နည်းဖြင့်၎င်း၊ ဒုတိယအကြိမ်တွင် ကြက်ခြေခတ်နုတ်သိမ်းနည်းဖြင့်၎င်း ဆောင်ရွက်တော်မူကြရာ ၉–နာရီ၊ ၁၅–မိနစ်အချိန်တွင် သိမ်နုတ်ခြင်းကိစ္စ အဝဝတို့ ပြီးစီးရုပ်သိမ်းတော်မူကြပါသည်။

<u>မှတ်ချက်</u>။ ။ <u>ယက္ကန်းခတ် (ဆက်ရက်ခုန်) သိမ်နုတ် နည်း</u>မှာ– မြောက်အရပ် အနားကွက်များမှ စတင်၍ အလျားကွက်ဖြစ်ပါက တစ်ကွက်လျှင် ၃–ပါးကျ၊ ထောင်လိုက်ကွက်ဖြစ်ပါက တစ်ကွက်လျှင် ၁–ပါးကျစီဖြင့် စီတန်းထိုင်ကြကာ ပထမအကွက်ပြီး ပါက တဲတိယအကွက်သို့ကျော်၍ နုတ်သိမ်းရပါသည်။ တတိယတန်း အကွက်ပြီးပါက ဒုတိယတန်း အကွက်သို့ ပြန်၍ နုတ်သိမ်းရသောနည်း ဖြစ်သည်။ ယင်းသို့ဖြင့် ရှေ့သို့တစ်ကွက် တစ်တန်းကျော်တက်၊ နောက်သို့ တစ်ကွက်တစ်တန်း ပြန်ဆုတ်လိုက်ဖြင့် တောင်အရပ် အနားကွက်ထိအောင် နုတ်သိမ်းရသည်။ ယင်းအနားကွက်သို့ ရောက်ပါမှ တစ်စပ်သာရသည်။

<u>ကြက်ခြေခတ်နည်း</u>ဟူသည်မှာ– အရှေ့မှ အနောက်သို့ ဟတ္ထပါသ်ချင်းစပ်အောင် စီတန်းထိုင်လျက် ၁–ကြိမ်၊ တောင်မှ မြောက်သို့ ယခင်နည်းအတိုင်းထိုင်လျက် ၁–ကြိမ်၊ နုတ်သိမ်းရသော နည်းဖြစ်သည်။ ထိုနည်းကို နောက်ဆုံးမှ နုတ်လေ့ရှိကြသည်။

======

ကဆုန်လပြည့်ကျော် (၂)ရက်၊
(၁၄၊ ၅၊ ၁၉၇၆) သောကြာနေ့

သိမ်ရှင်ဆရာတော်၏ ဆန္ဒအရ နံနက် ၇–နာရီမှစတင်၍ သီမန္တရိက်အတွင်းအပြင် လေးမျက်နှာစေ့အောင် သိမ်နုတ်ကံ ဆောင်ရွက်တော်မူကြရာ ၈–နာရီ၊ ၃၀–မိနစ်အချိန်တွင် ပြီးစီးတော်မူကြပါသည်။

ည ၉-နာရီအချိန်တွင် ပခုက္ကူမြို့၊ သီဟိုဠ်ရှင်ဘုရားကြီးတိုက် ဆရာတော်၊ ပုပ္ပါးမြို့၊ မြို့ရှေ့ကျောင်းဆရာတော်၊ မြင်းခြံမြို့၊ ကိုးဆောင်တိုက်၊ အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူကျောင်းသစ်ဆရာတော် တို့က ထပ်မံ၍ ပျားကြီးစွဲသိမ်နှုတ်နည်းဖြင့် အလယ်မှတစ်ကြိမ် သိမ်နှုတ်ကံ ဆောင် ရွက်တော်မူကြပါသည်။

ယင်းကိစ္စပြီးသောအခါ ဆန္ဒဆောင်ယူလာကြသည့် ပုဂ္ဂိုလ် တို့၏ဆန္ဒကို သံဃာ့ထံမှောက် ပန်ကြားလျှောက်ထားကြသည်။

သိမ်နှုတ်ရာ၌
နှုတ်သိမ်းသော နည်းများနှင့်
ရွတ်ဖတ်သည့် ကမ္မဝါစာ အကြိမ်အရေအတွက်

၁။	ထောင့်တန်းနည်း	၂-ကြိမ်
၂။	ခရုပတ်သိမ်နှုတ်နည်း	၁၈-ကြိမ်
၃။	ရင်ဘောင်တန်း(စဒုက်တိုက်)နည်း	၁၈-ကြိမ်
၄။	တောင်တက်သိမ်နှုတ်နည်း	၂၄-ကြိမ်
၅။	တောင်ဆင်းသိမ်နှုတ်နည်း	၁၈-ကြိမ်
၆။	ပုရွက်ကြောင်းလိုက်	၁၈-ကြိမ်
၇။	သီမန္တရိုက်	၁၆-ကြိမ်
၈။	ပျားကြီးစွဲ	၁၅-ကြိမ်
၉။	ကြက်ခြေးစု	၅-ကြိမ်
၁၀။	ဝက်ခေါင်းထိုး	၈-ကြိမ်
၁၁။	စကြာလည်(ဆီဆုံလှည့် ငှက်ကြီးဝဲ)	၂၃-ကြိမ်
၁၂။	ယက္ကန်းခတ် (ဆက်ရက်ခုန်)	၁၂-ကြိမ်
၁၃။	ကြက်ခြေခတ်	၂-ကြိမ်
၁၄။	ပျားကြီးစွဲ	၁-ကြိမ်
	စုစုပေါင်း	၁၂၆-ကြိမ်

ပုပ္ပါးမြို့၊ ကုမာရာရာမတိုက်သစ်
အမှတ် (၈)
ပြည်အောင်စံ ဦးတိက္ခညာဏကျောင်းတိုက်
သိမ်သမုတ်မှတ်တမ်းလွှာ

♣♣♣♣♣♣♣

ပခုက္ကူမြို့၊ သီဟိုဠ်ရှင်ဘုရားကြီးကျောင်းတိုက်ဆရာတော်၊ ပုပ္ပါးမြို့၊ မြို့ရှေ့ကျောင်းဆရာတော်၊ ညောင်ဦးမြို့၊ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော်၊ မြင်းခြံမြို့၊ ကိုးဆောင်တိုက် အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူကျောင်းသစ်ဆရာတော်၊ ဤဆရာတော်ဘုရားကြီး လေးပါးတို့ကို အမှူးပြု၍ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ ဂဏဝါစက (စာချ)ဆရာတော်များ၊ ပုပ္ပါးမြို့နှင့် တောင်ကလာပ်ဆရာတော်များ အစရှိသော သံဃာတော် (၆၆)ပါးတို့က ပုပ္ပါးမြို့၊ ကုမာရာရာမတိုက်သစ်၊ အမှတ်(၈)၊ ပြည်အောင်စံ ဦးတိက္ခညာဏကျောင်းတိုက် အတွင်း၌ ပြည်မြို့နယ်၊ ကျိုးသဲမြို့၊ ဘုရားကြီးလမ်း၊ငွေအိုးကြီးမော်တော်ပိုင်ရှင်၊ သိမ်ဒါယကာ ဦးကြည်သန်း+ သိမ်ဒါယိကာမ ဒေါ်အေးကြိုင်၊ သားသမီးများဖြစ်ကြသော မောင်အောင်သွင်ဦး၊ မစန်းစန်းရီ၊ မောင်လှထွန်းမြင့်၊ မသန်းသန်းဆွေ၊ မောင်ဇော်မြင့်၊ မောင်သက်ဝင်း၊ မခိုင်ခိုင်ထွေး၊ မနိုင်နိုင်ငယ်ထွန်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူကြ၍ ''သာသနာ့သောဘိနီ'' အမည်ရှိသော ခဏ္ဍသိမ်တော်ကြီးကို သာသနာသက္ကရာဇ် - ၂၅၂၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် - ၁၃၂၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂-ရက်၊ သောကြာနေ့ည-၁၀နာရီ၊ ဝဂ-မိနစ်အချိန်တွင် သမုတ်တော်မူကြပါသည်။

သိမ်နိမိတ်ကြား ဆရာတော်များ

၁။ ပခုက္ကူမြို့၊ သီဟိုဠ်ရှင်ဘုရားကြီးတိုက်ဆရာတော် ဧး ၂၀-နာရီ
၂။ ပုပ္ပါးမြို့၊ မြို့မအရှေ့ကျောင်းဆရာတော် ဧး ၃၀-နာရီ
၃။ ညောင်ဦးမြို့၊ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဧး ၃၅-နာရီ
၄။ မြင်းခြံမြို့၊ ကိုးဆောင်တိုက်၊
အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူကျောင်းသစ်ဆရာတော် ဧး ၄၅-နာရီ

သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ
ပထမအကြိမ် ရွတ်ဖတ်သည့်ဆရာတော်များ

၁။ ပခုက္ကူမြို့၊ သီဟိုဠ်ရှင်ဘုရားကြီးတိုက်ဆရာတော် ၁၀း ၁၀-နာရီ
၂။ ညောင်ဦးမြို့၊ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ၁၀း ၁၀-နာရီ
၃။ မြင်းခြံမြို့၊ ကိုးဆောင်တိုက်၊
အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူကျောင်းသစ်ဆရာတော် ၁၀း ၁၀-နာရီ

====

သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ
ဒုတိယအကြိမ် ရွတ်ဖတ်သည့်ဆရာတော်များ

၁။ စစ်ကိုင်းမြို့၊ မဟာဝိသုတာရာမဓညဝတီဆရာတော် ၁၀း ၁၃-နာရီ
၂။ ပုပ္ပါးမြို့၊ မြို့မအရှေ့ကျောင်းဆရာတော် ၁၀း ၁၃-နာရီ
၃။ ပုပ္ပါးတောင်ကလပ် ရွှေဂူချောင်ဆရာတော် ၁၀း ၁၃-နာရီ

=====

သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ
တတိယအကြိမ် ရွတ်ဖတ်သည့်ဆရာတော်များ

၁။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
မင်္ဂလာအေးကျောင်းဆရာတော် ၁၀း ၁၄-နာရီ
၂။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
သာသနဇောတိကတိုက်ကျောင်းဆရာတော် ၁၀း ၁၄-နာရီ
၃။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
ဓမ္မောဒယကျောင်းဆရာတော် ၁၀း ၁၄-နာရီ

====

သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ
ခတ္တုတ္ထအကြိမ် ရွတ်ဖတ်သည့်ဆရာတော်များ

၁။ တောင်ဇင်းနယ်၊ ကွင်းဖလားကျောင်းဆရာတော် ၁၀း ၁၈-နာရီ
၂။ တောင်ဇင်းနယ်၊ မင်းကျောင်းဆရာတော် ၁၀း ၁၈-နာရီ
၃။ တောင်ဇင်းနယ်၊ ခွေးတောက်ပြုတ်ကျောင်းဆရာတော် ၁၀း ၁၈-နာရီ

=====

သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ
ပဉ္စမအကြိမ် ရွတ်ဖတ်သည့်ဆရာတော်များ

၁။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
ဓမ္မစေတီယတိုက်ကျောင်းဆရာတော် ၁၀း ၁၉-နာရီ
၂။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
ရတနသိဒ္ဓိကျောင်းဆရာတော် ၁၀း ၁၉-နာရီ
၃။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
သဒ္ဓမ္မဇောတိကတိုက်ကျောင်းဆရာတော် ၁၀း ၁၉-နာရီ

=====

သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ
ဆဋ္ဌမအကြိမ် ရွတ်ဖတ်သည့်ဆရာတော်များ

၁။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
ဓမ္မဓာရတိုက်ကျောင်းဆရာတော် ၁၀း ၂၂-နာရီ
၂။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
သီရိမာလာကျောင်းဆရာတော် ၁၀း ၂၂-နာရီ
၃။ မြိုင်မြို့၊ စိမ့်ကန်ကျောင်းဆရာတော် ၁၀း ၂၂-နာရီ

=====

သမာနသံဝါသ သီမာသမ္မုတိကမ္ဘဝါစာ
သတ္တမအကြိမ် ရွတ်ဖတ်သည့်ဆရာတော်များ

၁။ ဂူကျွန်းကျောင်းဆရာတော် ၁၀း ၂၆-နာရီ
၂။ အင်တိုင်းကျောင်းဆရာတော် ၁၀း ၂၆-နာရီ
၃။ ညောင်ဦးမြို့၊ ရှစ်မျက်နှာကျောင်းဆရာတော် ၁၀း ၂၆-နာရီ

=====

အဝိပ္ပဝါသ သီမာသမ္မုတိကမ္ဘဝါစာ
ပထမအကြိမ် ရွတ်ဖတ်သည့်ဆရာတော်များ

၁။ ညောင်ဦးမြို့၊ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ၁၀း ၃၀-နာရီ
၂။ မြင်းခြံမြို့၊ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ်
ဆရာတော် ၁၀း ၃၀-နာရီ
၃။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
မင်္ဂလာအေးကျောင်းဆရာတော် ၁၀း ၃၀-နာရီ

=====

အဝိပ္ပဝါသ သီမာသမ္မုတိကမ္ဘဝါစာ
ဒုတိယအကြိမ် ရွတ်ဖတ်သည့်ဆရာတော်များ

၁။ စစ်ကိုင်းမြို့၊ မဟာဝိသုတာရာမညဝတီဆရာတော် ၁၀း ၃၅-နာရီ
၂။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
သာသနဇောတိကတိုက်ကျောင်းဆရာတော် ၁၀း ၃၅-နာရီ
၃။ မြိုင်မြို့၊ စိမ့်ကန်ကျောင်းဆရာတော် ၁၀း ၃၅-နာရီ

အဝိပ္ပဝါသ သီမာသမ္မုတိကမ္မဝါစာ
တတိယအကြိမ် ရွတ်ပတ်သည့်ဆရာတော်များ

၁။ စစ်ကိုင်းမြို့၊ မဟာဝိသုတာရာမတိုက်
သာသနာလင်္ကာရတိုက်ဆရာတော် ၁၀း ၃၆-နာရီ

၂။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
သာသနဇောတိပါလကျောင်း ဦးတေဇောဘာသ ၁၀း ၃၆-နာရီ

၃၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
သာသနဇောတိပါကျောင်း ဦးပညိန္ဒြိယ ၁၀း ၃၆-နာရီ

အထက်ပါအစီအစဉ်ဖြင့် ၄-ကြိမ်တိုင်တိုင် နီမိတ်ကြားတော်မူ ကြ၍ သမာနသံဝါသသီမာသမ္မုတိကမ္မဝါစာ ၎-ကြိမ်၊ အဝိပ္ပဝါသ သီမာသမ္မုတိကမ္မဝါစာ ၃-ကြိမ်စီတို့ကို ဗျဥ္ဇနဗုဒ္ဓိ ၁၀-ပါးနှင့် လျော်ညီစွာ ရွတ်ဖတ်တော်မူကြသဖြင့် ၁၃၃၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂-ရက်၊ (၁၄၊ ၅၊ ၁၉၇၆) သောကြာနေ့၊ ည ၁၀း ၃၈-နာရီအချိန်တွင် သိမ်နုတ်/သိမ်မုတ်ခြင်း စီစဉ်ဆောင်ရွက်မှုများ ပြီးစီးအောင်မြင်ပါသတည်း။

✡ ✡ ✡ ✡ ✡

သိမ်အောင်စာ

လောကဂ္ဂ'ဝါဏိ မဏိသဏ္ဌပဒန္ဓနိ၊
ပုဏ္ဏိန္ဒု'သိမဌ'နိမိတ္တ'မာလိနိ။
ကာသာယ'ပဇ္ဇောတ'သုဒိတ္တကောမုဒီ၊
ဇောတေသု စက္ကမ္မရဝေဂ,စာရိနိ။

လောကဂ္ဂဝါဏိ မဏိသဏ္ဌပဒန္ဓနိ = သုံးလောက ဘုံသူတို့သည် ကြည်ဖြူလေးမြတ် ပူဇော်အပ်သည်ဖြစ်၍ လောကသုံးပါး ထက်မြတ်သော အစိန္တေယျ ဂုဏသခင် ရှင်တော်မြတ်ဘုရား၏ ရွှေနှုတ်

တော်တည်းဟူသော ကုမုဒြာကြာ တိုက်တော်အတွင်းမှ သန့်ရှင်း သာယာ ထွက်ပြူလာသော ဥတ္တိဒုတိယကမ္မဝါစာ အာဏာဓမ္မစက် ကျောက်မျက်ရတနာ သာခါဘော်စင် ငွေနန်းမြှင့် တို့ဖြင့် ဆင်ယင်ရစ်ပတ် အထပ်ထပ်အကြိမ်ကြိမ် ဖွဲ့လိမ်ယှက်သန်း၍ ရှုမခန်းအောင် ဆန်းလည်း ဆန်းကြယ်ပေထသော။ **အဋ္ဌနိမိတ္တာမာလိနီ** = အရှေ့,အနောက်,တောင်, မြောက်ထောင့်တန်း ရပ်ရှစ်ခန်းတို့၌ ရစ်သန်းပိုင်းခြား နောင်ထင်ရှားအောင် မှတ်သားနိုင်မှု အကြောင်းပြုသည့် ရှစ်ခုသော နိမိတ်တည်းဟူသော နက္ခတ်တာယာ ရောင်ဝါကဲဆင့် ပုလဲပွင့်တို့ဖြင့် တင့်တင့်တယ်တယ် စံပယ်ကွန်မျိုး ကြည်နူးဘွယ်လည်း ရှိပေထသော။ **အယံ ပုတ္ထိန္ဒုသီမာ**= သာသနာဝင် ရှင်ရဟန်းတော်တို့၏ ကမ္မာကမ္မ ကိစ္စကြီးငယ် အသွယ်သွယ်ကို အလွယ်တကူ ပြုမူကျင့်ဆောင်ရာ "**သာသနာ့ သောဘိနီ**" အမည်ပညတ် သမုတ်အပ်သော ဤခဏ္ဍာသီမ်တည်းဟူသော လမင်းကြီးသည်။ **ကာသာယပဓ္ဓောတ သုဒိတ္တာကောမုဒီ**= ဥပသမ္ပဒ စရိုက်များမြောင် ကံဆောင်အရှင်မြတ်တို့၏ တလျှပ်လျှပ် တရှိန်ရှိန် တထိန် ထိန်ထွန်းပြောင်သည့် သင်္ကန်းရောင်တည်းဟူသော ကုမုဒြာကြာရုံ ဖူးငုံအပေါင်းတို့ကို အကြောင်းစုံသင့် ကားကားစွင့်အောင် ပွင့်စေ တတ်သော ကောမုဒီငွေရောင်ဖြင့် တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်း တောက်ပသည်ဖြစ်၍။ **စက္ကမ္မရဝေဂစာရိနီ**= ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၏ တရားအာဏာ ဒေသနာ ဓမ္မစက်တို့၏ မပျက်အရှည် လည်ရာဖြစ်၍ သာသနာတော်တည်းဟူသော အဇ္ဈာဝေဟင် ထက်ကောင်းကင်ခရီးဌ အဟုန်လျှင်လှား ကျက်စားလှည့်လည်လျက်။ ဇောတေသု = သာသနာ့သံဝေသ် အနှစ်ငါးထောင် ကာလပတ်လုံး ပျက်ပြုံးမရှိ စည့်စည့်ဝင်းဝင်း ထွန်းလင်း တောက်ပပါစေသတည်း။ ထွန်းလင်း တောက်ပ ပါစေသော်။

✿ ✿ ✿ ✿ ✿

သိမ်အောင်စာ (မြန်မာပြန်)

အောင်သူတကာတို့၏ ဇေယျာဘိဇေယျ ဥက္ကင်္ဌမင်္ဂလာ မဟာမုနီ တြိလောကန္တရူ သယမ္ဘူအစစ် ဖြစ်ကြီးဖြစ်တော်မူသော ငါတို့ မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါ နှစ်ပေါင်းကြာအောင် သတ္တဝါ ဗိုလ်လူဟိန္ဒူတို့ကို ကယ်ယူချွေချွတ် တမွတ်ရိပ်သန့် ပြည်နိဗ္ဗာန်သို့ လျှင်မြန်ထုတ်ချောက် ရောက်ကြီးရောက်စေတော်မူပြီးနောက် ပွင့်ထောက်မနီး ကျွတ်ပွဲကြီးကို မမှီရသူ ကြွင်းဗိုလ်လူတို့အား သနားငဲ့ညှာ ကရုဏာတော်ဖြင့် သာသနာတော်သုံးရပ်ကို ပညတ် ပိုင်းခြား ထားတော်မူခဲ့ရာ ဤယခုအခါ မြန်မာနိုင်ငံတော် တဝှမ်းလုံး၌ ထောက်နှုံးမရ ထွန်းပပွင့်လင်း နဝမခေတ်အတွင်း၌ ကြံချင်းလှလှ ကြံကြရသဖြင့် သီမဗန္ဓနထာဝရကုသိုလ် ပြုလိုသော စေတနာ, သဒ္ဓါတရားကောင်းရှိကြသော ပြည်မြို့နယ်၊ ကျိုးသဲမြို့၊ ဘုရားကြီးလမ်း၊ ငွေအိုးကြီးမော်တော်ပိုင်ရှင် သိမ်ဒါယကာ **ဦးကြည်သန်း**+ သိမ်ဒါယိကာမ **ဒေါ်အေးကြိုင်**၊ သားသမီးများဖြစ်ကြသော **မောင်အောင်သွင်ဦး၊ မစန်းစန်းရီ၊ မောင်လှထွန်းမြင့်၊ မသန်းသန်းဆွေ၊ မောင်ဇော်မြင့်၊ မောင်သက်ဝင်း၊ မခိုင်ခိုင်ထွေး၊ မနိုင်နိုင်ငယ်ထွန်း** မိသားစုတို့သည် လောကမျက်မြင် ထင်ထင်သမျှ သခါရဟု ဘောဂဝတ္ထု အစုစုကား ခုမြင်ခုပျောက် နှိုင်းထောက်ပုံမှီ ရေပွက်တည်သကဲ့သို့ အရှည်မခိုင် ယိမ်းယိုင်ပျက်စီး ပျက်ကြီး ပျက်ဆုံး ပျက်တုံးပျက်ဆဲ ပျက်မစဲဟု မမြဲသောသခါရ ဘိဇ္ဈန သဘောတို့ကို တွေးတောဆင်ခြင် အမှန်ကိုသိမြင်၍ ကိုယ်တွင်ကိန်းဝပ် ဝန်တို တတ်သည့် စေးကပ်သမျှ ကိလေသာအတွင်းရန်ကို တွန်းလှန် ပယ်ရှားပြီး၍ ယထာဗလ ပစ္စယာနုဂ္ဂဟဖြင့် ထောက်မကြည်ဖြူ။ ပေးလှူပူဇော်လိုပါသောကြောင့် အရှင်ကောင်းတို့ဆိုင်ရာ သာသနာ့ကိစ္စ သီမာဗန္ဓနသံဃာ့လုပ်ငန်းကြီးကို ကြိုးပမ်း ဆောင်ရွက်တော်မူပါရန် တောင်းပန်လျှောက်ချက်ကို နှစ်သက်ကြည်ဖြူ။ လက်ခံတော်မူကြသော ပခုက္ကူမြို့၊ ပဟာဝိသုတာရာမတိုက် ဂဏမဟာဝိနာယက ဆရာတော်ဘုရားကြီး၊

ပခုက္ကူမြို့၊ သီဟိုဠ်ရှင်ဘုရားကြီးတိုက် ဆရာတော်ဘုရားကြီး၊ ပုပ္ပါးမြို့၊ မြို့အရှေ့ကျောင်း ဆရာတော်ဘုရားကြီး၊ မြင်းခြံမြို့၊ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးတို့ အမှူးရှိသော သံဃာတော် အရှင်မြတ်အပေါင်းသည် ပုပ္ပါးမြို့၊ ပြည်အောင်စံ ဘုရားအနီး ပြည်အောင်စံ (ဦးတိက္ခဉာဏ) ကျောင်းတိုက်အတွင်း၌ သန့်ရှင်းပြေပြစ် ဖုထစ်မထင် စည်မျက်နှာအသွင်ကဲ့သို့ မြေပြင်ပြန့်ပြန့် မြေကိုသန့်ပြီးလျှင် "**နံ စ ဘိက္ခဝေ သီမာယ သီမာ သမ္ဘိန္နံတဗ္ဗာ၊ ယော သမ္ဘိန္ဒေယျ၊ အာပတ္တိ ဒုက္ကဋဿ**" "**နံ ဘိက္ခဝေ သီမာယ သီမာ အဖ္ဖောတ္ထရိတဗ္ဗာ၊ ယော အဖ္ဖောတ္ထရေယျ အာပတ္တိ ဒုက္ကဋဿ**"(ဝိ၊ ၃။ ၁၅၀။)ဟူသော အမိန့်တော် (၂)ရပ်ကို လေးမြတ်ရိုသေစွာ နာခံမှတ်သားလျက် ရှည်လျားမြင့်ကြာ သာသနာတော် ထွန်းကားသော အရပ်ဖြစ်၍ အမှတ် သင်္ကေတမရှိ မသိကောင်း မမြင်ကောင်းသော ရှေးဟောင်းသိမ်ဝှက်တို့ ငုတ်ကွယ်လျက် ရှိရာသော ကြောင့် စပ်မိခြင်း ထပ်မိခြင်းဟူသော သမ္ဘေဒ အဖ္ဖောတ္ထရဏာ ဒေါသ ပေါရယ် မငြိတွယ်ဘဲ စင်ကြယ်စေခြင်းငှါ "**ပဌမံ တိစီဝရေန အဝိပ္ပ-ဝါသော သမ္ဖုဟန္တေဗ္ဗော၊ ပစ္ဆာ သမာနသံဝါသသီမာ သမ္ဖုဟန္တေဗ္ဗာ**" (ဝိ၊ ၃။၁၄၉။)ဟူသော ဒေသနာတော်နှင့်လျော်ညီစွာ **အဝိပ္ပဝါသ သီမာသမ္ဖုဟနကမ္မဝါစာ သမာနသံဝါသ သီမာသမ္ဖုဟနန ကမ္မဝါစာတို့ဖြင့်** ထပ်ခါကြိမ်ဖန် ဂန္ဓဋ္ဌရ ညွှန်ပြစေစပ် **ခရုပတ်, ဟူးကြီးစွဲ, ငှက်ကြီးဝဲ, ရင်ဘောင်တန်း, ထောင့်တန်း ကြက်ခြေ,** အထွေထွေ အနည်းနည်း ရှေးထုံးကြီးဖြင့် မြေကြီးမလပ် ခြေရာထပ်မျှ စပ်ကာစပ်ကာ ဖတ်ရွတ်ကာဖြင့် သက်ာသက် သံသယဆူးငြောင့် မနှောင့်မယှက် ပျက်စေကင်းစေ ရှင်းစေပြီးမှ အတိခုဒ္ဒကစသည် ဆယ့်တစ်ချက် သိမ်ပျက်လက္ခဏာ ဝိပ္ပတ္တိအခြင်းအရာတို့ကို စင်ကွာ လွတ်မြောက်စေ၍ နိမိတ်စေ့စပ် ပရိသတ်ကမ္မဝါ လက္ခဏာသုံးအင် ပြည့်စုံလင်၍ အောင်မြင် ထမြောက်ကြောင်း ကောင်းသော ကျေးဇူးဂုဏ်အင်တို့နှင့် ပြည့်စုံလုံ

လောက်စေခြင်းငှါ "**ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ**"(ဝိ၊ ၃၊ ၁၄၄၊) ဟူသော ဒေသနာတော်နှင့်အညီ ပတ်လည်ရှစ်ရပ် နိမိတ်စပ်အောင် ပရိယတ္တိ ဝိသာရဒ ဗျတ္တာ ပဋိဘလဂုဏ် လောက်လုံပြည့်စုံတော်မူသော အရှင်မြတ်တို့ အဖန်ဖန် အထပ်ထပ် နိမိတ်ဖတ်ကြားတော်မူပြီးနောက် "**နိမိတ္တာ-ကတ္တာနာနန္တရိ ဝုတ္တာယ သုဏာတု မေ ဘန္တေ သယောတအာဒ-ကာယ ကမ္မဝါစာယ သိမာ ဗန္ဓိတဗ္ဗာ**" (ဝိ၊ ဋ၊ ၃။၃၂၃။)ဟူ၍ အဋ္ဌကထာပါဠိ မိန့်အပ်သည်နှင့်အညီ ဆယ်ပါးဗျုဒ္ဓန ဗုဒ္ဓိကျအောင် ဌာနပယတ် ကရိဏ်းစပ်၍ အထပ်ထပ်အကြိမ်ကြိမ် ထေရ်မဟိန်တို့ ငြိမ်ဆိတ်လေးမြတ် သပ်ရပ်သားနား ဖတ်ကြားသမုတ်အပ်သော "သာသန သောဘိနီ" သည်ထွန်းသစ် ဤခဏ္ဍသိမ်သစ်သည် သာသနာသက္ကရာဇ် အတိတ်နှစ်အားဖြင့် ၂၅၂၀-ပြည့်၊ ကောဏာသက္ကရာဇ် နှစ်ပမာဏအားဖြင့် ၁၃၃၈-ခုနှစ်၊ ဥတုဂိမ္ဟန္တ ကဆုန်လ၌ ကာဠဆုတ်ပက် ကျော်နှစ်ရက်တွင် ချိန်စက်နာရီ ယဉ့်တွက်စပ် ၁၀-နာရီ၊ ၁၀-မိနစ်အချိန်တွင် မြတ်စွန်ကို မုခပါဠ၌ ဥတ္တိဒုတိယ ကမ္မဝါစာ အာဏာ တော်မြတ်အမိန့်ကြောင့် (၂)သိန်း (၄)သောင်း ထုပေါင်းယူဇနာ မဟာပထဝီ မေဒနီဟု မြေဆီထွင်းဖောက် ရေတိုင်ရောက်အောင် မပြောက်မပျက် ထွန်းတက်မြင့်ရှည် တည်လေရာကား သိကြား, ဗြဟ္မာ ဒေဝါသူရ ဂန္ဓဗ္ဗနှင့် ယက္ခဗိုလ်လူ ခပ်သိမ်းသူတို့ ကြည်ဖြူဟစ်ကြွေး ကောင်းချီးပေးလျှက် ငြိမ့်လေးသာဓု ဧယျတုဖြင့် အောင်ဆုအောင်ပန်း လန်းပါ စေသတည်း။　　။

ဝိသုဂါမသိမ် သမုတ်ရန်

(ဝိသုဂါသိမ် မသမုတ်မီ ပြုလုပ်ရမည့် အစီအစဉ်)

၁။ သိမ်သမုတ်မည့်မြေကွက်သည့် အခွန်လွတ် သာသနာ့မြေ ဖြစ်ရမည်။ မြို့နယ်မြေစာရင်းဦးစီးဌာန၌ ဆောင်ရွက်ရမည်။

၂။ သိမ်သမုတ်မည့်မြေကွက်ကို သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနသို့ တင်ပြရမည်။

၃။ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ တည်ဆဲ စည်းမျဉ်း ဥပဒေများအရ လက်ခံဆောင်ရွက်ပြီး မိမိတို့မြို့နယ်ရှိ ဆိုင်ရာရုံးသို့ တင်ပြရမည်။

၄။ (ဆိုင်ရာ မြို့နယ်)ရုံးမှ သဘောထားမှတ်ချက်နှင့်တကွ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပြန်လည်ပို့ပေးရန်။

၅။ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ မြို့နယ်အဆင့် ဆောင်ရွက်ချက်မှတ်တမ်း အပြည့်အစုံနှင့်တကွ အမှုတွဲကိုပြည်နယ်/တိုင်း အခွန်ဦးစီးဌာနမှူးရုံးသို့ တင်ပြရန်။ မြို့နယ်ပြီးလျှင် ခရိုင်အဆင့်သို့ တင်ပြရမည်။

၆။ ပြည်နယ်/တိုင်း အခွန်ဦးစီးဌာနမှူးရုံးမှ မိမိသဘောထားမှတ်ချက်နှင့်တကွ ပြည်နယ်/တိုင်း အဆင့်ဆင့် အဖွဲ့သို့ တင်ပြရန်။

၇။ ပြည်နယ်/တိုင်းအဖွဲ့က မိမိသဘောထား မှတ်ချက်နှင့်တကွ ပြည်နယ်/တိုင်း အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန်။

၈။ ပြည်နယ်/တိုင်း အခွန်ဦးစီးဌာနမှူးရုံးမှ ပြည်နယ်/တိုင်း အဆင့် ဆောင်ရွက်ချက်များနှင့်တကွ ထိုမှတစ်ဆင့် သာသနာရေး ဦးစီးဌာနသို့ ပေးပို့ရောက်ရှိ၍ သာသနာရေး

ဦးစီးဌာနက သဘောထားမှတ်ချက် ပြန်လည် တင်ပြရန်။ သဘောထားမှတ်ချက် ရရှိပြီးပါက ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရန်။

ဤသို့ အဆင့်ဆင့်တင်ပြပြီး ဝိသုဂါမသိမ်သမုတ်ရန် အမိန့် ရရှိပါက သိမ်သမုတ်မည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်နုတ်၊ သိမ်သမုတ်ကံများ စီမံ ဆောင်ရွက်နိုင်တော့သည်။

ရှေးယခင်က အသုံးပြုခဲ့သော သိမ်အမိုနှ့်ပေးပုံစံကို နောင်လာနောက်သားများ ဗဟုသုတရ၍ သိနိုင်စေရန် ရည်ရွယ်၍ ထည့်သွင်းအသုံးပြု ဖော်ပြလိုက်ပါသည်။

သိမ်အမိုနှ့်ပေးပုံစံ

မြေရာ မှတ်ပုံတင်စာအုပ် နံပါတ် (၁)တွဲတွင် ၁၉ .....၁၉ .....ခုနှစ်၊ ဆိုင်ရာနံပါတ်စဉ် နှင့် ရေးသွင်းပြီးဖြစ် သည်။

ခရိုင်ရုံး။ ၁၉ .....၁၉ ..... ခုနှစ်၊ အခွန်တော်မူ နံပါတ် (မူရင်းခွဲ)

ဗဒ္ဓသိမ်သမုတ်ရန် မြေပေး အမိန့်တော်

၁။မြန်မာနိုင်ငံတော်အထက်ပိုင်း မြေခွန်တော် နည်းဥပဒေ ၅၃ က။
၂။မြန်မာနိုင်ငံတော်အထက်ပိုင်း မြေခွန်တော် နည်းဥပဒေ ၃၄ ။
၃။မြန်မာနိုင်ငံတော်အထက်ပိုင်း မြေခွန်တော် နည်းဥပဒေ ၅၂။

..... ခရိုင်၊ ..... မြို့နယ်၊ .....ကျေးရွာမြေ၊ ရွာနေ၊ လျှောက်ထားသူ၊ ....

နာခံရမည်မှာ၊..... ခရိုင်၊ .....

မြို့နယ်၊..... တိုက်နယ်၊.....

ကွင်းအမှတ် ..... တွင် တည်ရှိ၍ ပူတွဲပါ မြေပုံအရ အောက်ပါ နယ်နိမိတ်များအတွင်း ပိုင်းခြားသတ်မှတ်ထားသော ဧက..... ရှိ

ပြေသည် ပကတိဂါမ္ဂုလရွာမှ ဝိသုဂါမအသိုးအခြားရွာ တစ်ခုဖြစ်ဧစေ။ ဤပိုင်းခြား သတ်မှတ်ပြီးသော အသိုးအခြားအရပ်ကို ဧလျှောက်ထားသူ .... အား ဝိသုဂါမ ဘောဇက အသိုးအခြား ရွာစားအဖြစ်ဖြင့် ခန့်အပ်ပေးသနားတော်မူသည်။

ဧလျှောက်ထားသူ ..... က ဝိသုဂါမ ဘောဇက အသိုးအခြားရွာစား သနားတော်ခံဧစေ။

၁။ ပြောက်အလား .....

၂။ ဧတောင်အလား .....

၃။ အရွှေအလား .....

၄။ အနောက်အလား .....

သနားတော်ခံရသည့်ပြေကို ဗဒ္ဓသိမ်သမုတ်ရန် အသုံးမပြုလျှင် သနား တော်မူရင်း အမိန့်တော်မှာ ပျက်ပြယ်ဧစေ။

ရက်စွဲ။ ။ ၁၉--------ခုနှစ်၊

ကော်လိပ်တော်အရာရှိ

လ၊ ရက်။ အရေးပိုင်။

ကျေးရွာ/အုပ်စု၊ နယ်/မြို့မ ဆိုရာအခွန်တော်။

မြေတိုင်း စာရေးထိ ဆင့်စာ

ပူးတွဲပါ နယ်ပုံတွင် ဖော်ပြသည့် မြေကွက်ကို မြေပုံတွင် ပုံထုတ်ရေးသွင်းပြီးနောက်၊ ရေးသွင်းမှတ်သားပြီးကြောင်း သက်သေခံ လက်မှတ်နှင့်တကွ ယခုအမိန့်တော် မူရင်းခွဲကို ပြန်ပို့စေလိုကြောင်း။

အမိန့်ထုတ်ပေးသူ အရာရှိ။

မြို့ ..... ၊ ရာထူး ..... ၊

၁၉ ..... ခုနှစ်၊ .....လ၊ ..... ရက်။

အုပ်စုနယ်

မြို့မ

..... ထံသို့ အစီအရင်ခံစာ။

(၁) ပူးတွဲပါ မြေပုံနှင့်တကွ အမိန့်တော်မူရင်းခွဲကို

၁၉ ..... ခု၊ ..... လ၊ ..... ရက်နေ့တွင် လက်ခံရရှိပြီးဖြစ်၍။

(၂) ၁၉ ..... ခု၊ ..... လ၊ ..... ရက်နေ့တွင်

(၄၄၈) ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

ပြန်ပို့ပါကြောင်း၊ ပူးတဲပါနယ်ပုံတွင် ဖော်ပြသည့် ပေးသနားတော်မူသော
မြေကွက်ကို မြေပုံတွင် ပုံထုတ်ရေးသွင်းပြီးကြောင်း။ သက်သေခံ
လက်မှတ်များ ရေးထိုး၍ ပေးပို့ပါကြောင်း။

..... မြို့၊ အခွန်တော် မြေတိုင်းစာရေး။

၁၉ ..... ခု၊ ..... လ၊ ..... ရက်။

၁၉ ..... ခု၊ ..... လ၊ ..... ရက်နေ့တွင်
လက်ခံရရှိသည့် အမှုတွဲတွင် တွဲထားရမည်။

၁၉ ..... ခု၊ ..... လ၊ ..... ရက်။

အမိန့်ထုတ်ပေးသူ အရာရှိ။

ဗန္ဓသိမ်သမုတ်ရာ၌ ဝိသုဂါမ ခံယူရန် လျှောက်လွှာပုံစံ (က)

၁၂–ပဲတန် ရုံးအခွန်တော်တံဆိပ်
ခေါင်းကပ်ရန်နေရာ။

.....မြို့၊

အရေးပိုင်မင်း ရုံးတော်သို့

လျှောက်ထားရန်။

၁၉ ..... ခု၊ ..... လ၊ ..... ရက်။

လျှောက်ထားသူ .....၊ .....၊.....မြို့။

အထက်အမည်ပါ လျှောက်ထားသူက အောက်ပါအတိုင်း လျှောက်ထားပါသည်။

၁။ လျှောက်ထားရန်အကြောင်းမှာ ပူးတွဲတင်ဆက်ပါ မြေပုံအရ ..... မြို့၊ ..... ကွင်းနံပါတ် ..... ခုနှစ်၊ ဦးပိုင်အမှတ်။

ဧရိယာ ကော .....၊ ဒသမ ..... အနက်မှ မှင်နီပြင် ပြထားသော မြေကော .....၊ ဒသမ ..... သို့မဟုတ် အလျားပေ ( ) အနံပေ ( )ရှိ မြေရာကို (ပကတိ ဂါမ) မူလရှာမှခွဲထုတ်၍ (ဝိသုဂါမဘောဇက) အသီးအခြားရှာစားခန့်အပ် ပေးသနားရန် လျှောက်လွှာ တင်သွင်းပါသည်။

၂။ လျှောက်လွှာနှင့်ပူးတွဲ၍ သက်ဆိုင်ရာ နေထိုင်သိတင်းသုံး တော်မူသော ဘုန်းတော်ကြီး၏ ခွင့်ပြုထောက်ခံလွှာကိုလည်း တင်သွင်း ပေးပို့ပါသည်။

သို့ပါ၍ ပူးတွဲပါမြေပုံအရ မှင်နီဖြင့်ပြထားသော မြေရာအရပ်ကို (ပကတိဂါမ) မူလရွာမှခွဲထုတ်၍ ဇဒ္ဓသိမ်သမုတ်ရန်၊ (ဝိသုံဂါမ ဘောဇက) အသီးအခြား ရွာစား ခန့်အပ်ပေးသနား ပါမည့် .အကြောင်း။

လျှောက်လွှာတင်သွင်းသူလက်မှတ်-

စားရေးသူလက်မှတ် -

Land Revenue II
Grant 1-B,

ဗဒ္ဓသိမ်သမုတ်ရုန် ပြေပေး အမိန့်တော်

၁။ မြန်မာနိုင်ငံတော်အထက်ပိုင်း ပြေခွန်တော် နည်းဥပဒေ ၅၃ က။
၂။ မြန်မာနိုင်ငံတော်အထက်ပိုင်း ပြေခွန်တော် နည်းဥပဒေ ၃၄ ။
၃။ မြန်မာနိုင်ငံတော်အထက်ပိုင်း ပြေခွန်တော် နည်းဥပဒေ ၅၂။

..... ခရိုင်၊ ..... မြို့နယ်၊ .....ကျေးရွာပြေ၊
..... ရွာနေ၊ လျှောက်ထားသူ၊ .....
နာခံရမည်မှာ၊ ..... ခရိုင်၊ ..... မြို့နယ်၊
..... တိုက်နယ်၊ ..... ကွင်းအမှတ် ..... ဘွင် တည်ရှိ၍
ပူးတွဲပါ ပြေပုံအရ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း
ပိုင်းခြားသတ်မှတ်ထားသော ကေ..... ရှိ ပြေသည် ပကတိဂါမ မူလရွာမှ
ဝိသုဂါမ အသီးအခြား ရွာတစ်ခုဖြစ်စေ။

ဤပိုင်းခြားသတ်မှတ်ပြီးသော အသီးအခြားအရပ်ကို–

လျှောက်ထားသူ ..... အား ဝိသုဂါမဘောဇက အသီးအခြား
ရွာစားအဖြစ်ဖြင့် ခန့်အပ်ပေးသနားတော်မူသည်။

လျှောက်ထားသူ ..... က ဝိသုဂါမဘောဇက
အသီးအခြား ရွာစား သနားတော်ခံစေ။

၁။ ဓမ္မာကာ်အလား .....

၂။ တောင်အလား .....

၃။ အရှေ့အလား .....

၄။ အနောက်အလား .....

အသနားတော်ခံရသည့်ပြေကို ဗဒ္ဓသိမ်သမုတ်ရန် အသုံးမပြုလျှင် သနားတော်မူရင်း အမိန့်တော်မှာ ပျက်ပြယ်စေ။

========

ကမ္ဘာကမ္ဘဆိုင်ရာ
ကမ္ဘဝါစာရွက်ဖတ် အသံထွက်နည်းများ

==========

ကမ္ဘဝါစာဖတ်နည်း

(၁)"ကမ္ဘဝါ လျှောက်ကျိုးစေရမည်"ဟူသော ရှေးဝိနည်းဓိုရ် မထေရ်မြတ်တို့၏ မိန့်မှာတော်မူချက်အရ သက်ဆိုင်ရာ ကမ္ဘဝါစာပါဠိအတွက် သိထိလ, ဓနိတ, နိဂ္ဂဟိတ, ဝိမုတ္တ-စသော အရေးကြီးသည့် ဗျည္ဇနဗုဒ္ဓိများ, ဌာန်နေ ဌာန်ထား, ကရိဏ်း ပယတ် အသွားများကို ရှေးဦးကပင် နားလည်သိရှိပြီးဖြစ်ကာ ကမ္ဘဝါစာအတွက် လျှောက်ကျိုးပြီးသော ပုဂ္ဂိုလ်သူမြတ် ဖြစ်သင့်ပါသည်။

(၂) အထူးအားဖြင့် တစ်ခါတစ်ရံ "မြင်းကောင်း ခွါလိပ်"ဟူသကဲ့သို့ သမ္ဗန္ဓကို ဝဝတ္ထိတပြုကာ အမှတ်တမဲ့ ရွတ်ဆိုမိတတ်ပါသည်၊

ဥပမာ- ဥပသမ္ပဒ ကမ္ဘဝါစာ၌ အာယသ္မတော တိဿသ္သ ဥပသမ္ပဒါပေက္ခော-ကို ရွတ်ဆိုရာဝယ် အာယသ္မတော တိဿသ္သ-တွင် စဉ်းငယ်ရပ်တန့်၍ ဥပသမ္ပဒါပေက္ခောကို သက်သက်သာသာ ရွတ်ဆိုလျှင် ဝဝတ္ထိတမဖြစ်ဘဲ သမ္ဗန္ဓစင်စစ် ဖြစ်နိုင်ပါသည်၊ သို့သော် ထိုသံပုဒ်ကို တဆက်တည်းရွတ်ဆိုသည့်အတွက် လေမမီပဲ ဥပသမ္ပဒါပေက္ခောဝယ် ဥပသမ္ပဒါ-တွင်သာ လေပြတ်ရပ်၍ ပေက္ခော-ကို သီးခြား ရွတ်ဆိုမိတတ်ပါသည်၊ ထိုအချက် သတိချပ်ဖွယ်ဖြစ်ပါသည်။

(၃) ထို့ပြင် ဥပသမ္ပန္နော သံယေန-၌ကဲ့သို့ (သမ် - ပန်- သံ)ဟူသော (အမ် -အန် - အံ)သံုးချက်ကို ကွဲပြားစွာရွတ်ဆိုမိရန်လည်း သတိပြုသင့်ပါသည်၊ ထင်ရှားစေပါဦးအံ့ - ဥပသမ္ပန္နော သံယေန-ဝယ် (က)မကာရန္တဖြစ်သော (သမ်)အတွက် နှုတ်ခမ်းကို ပိတ်ပြီးလျှင် ပြီးချင်း

ဖွင့်ပေးလိုက်ခြင်းဖြင့် ပီသသော မ-ကာရန္တ အသံကို ရနိုင်ပါသည်။
(ထိုအချက်ကိုထင်ရှားစေရန် မ-အက္ခရာချည်းသက်သက် စဉ်းစား၍
မ. မ. မ. မ-ဟု လေးကြိမ်လောက်ရွတ်ကြည့် စမ်းသပ်နိုင်ပါသည်)

(ခ) န-ကာရန္တဖြစ်သော (ပန်)အတွက် လျှာဖျားကို သွားရင်း
သွားခြေသို့ထိ၍ ရွတ်ဆိုခြင်းဖြင့် ပီသသော န-ကာရန္တအသံကို
ရနိုင်ပါသည်။ (ထိုအချက်ကိုထင်ရှားစေရန်လည်း န-အက္ခရာ
ချည်းသက်သက် စဉ်းစား၍ န. န. န. န-ဟု လေးကြိမ်လောက်
ရွတ်ကြည့်ပြီး စမ်းသပ်နိုင်ပါသည်။)
(ဂ) နိဂ္ဂဟီတန္တဖြစ်သော (သံ)အတွက်ကား **ကရိဏ်းကို နှိပ်
နိဂ္ဂဟီတ် ပိတ်၍ ရွတ်လေပါ**-ဟူသောအတိုင်း နှုတ်ခမ်းကို ပိတ်၍
ရွတ်ခြင်းဖြင့် ပီသသော နိဂ္ဂဟီတန္တအသံကို ရနိုင်ပါသည်
ဤအချက်ကိုကား ဝိနည်း ဓိုရ်အရှင်မြတ်တိုင်း အထူးသတိ ချပ်ပြီး
ဖြစ်ကြသည်က များပါသည်။

ဤဖော်ပြရာပါ (အမ် - အန် - အံ)သုံးချက်ကို အထူးသတိ
ချပ်ပါမှ အန္တရာယိကေဟိ-စသော န-ကာရန္တ, ဥပသမ္ပဒါပေက္ခော-
စသော မ-ကာရန္တအရာတို့၌ မိမိကိုယ်မိမိ ကျေနပ်အားရ နိုင်ပါ
သည်၊ မှန်၏ အန္တရာယိကေဟိ-ဝယ် (အန်) ၌ (နှ်)အတွက် တစ်ကြိမ်
(တ)အတွက် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် လျှာဖျားကို သွားရင်း
သွားခြေသို့ထိ၍ ရွတ်ဆိုမှ မိမိ ကျေနပ် အားရသော န-ကာရန္တသံကို
ရရှိမည်ဖြစ်ပါသည်၊ စမ်းသပ်၍ ရွတ်ဆိုကြည့်တော်မူရန် ဖြစ်ပါသည်။

ဥပသမ္ပဒါပေက္ခော-၌လည်း (သမ်)၌ (မ်)အတွက် တစ်ကြိမ်
(ပ) အတွက်တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် နှုတ်ခမ်းကို ပိတ်ဖွင့် ပိတ်ဖွင့်
ရွတ်ဆိုမှ မိမိကျေနပ်အားရသော မ-ကာရန္တသံကို ရရှိမည်ဖြစ်ပါ
သည်။

(၄) ထို့ပြင် (ဋ္ဌ - ဌ - ဍ - ပ - ဏ - ရ - ဠ)တည်းဟူသော မုဒ္ဓဇအက္ခရာ (တ - ထ - ဒ - ဓ - န - လ - သ)ဟူသော ဒန္တဇအက္ခရာတို့၌လည်း မုဒ္ဓဇအက္ခရာဝယ် (ရ)သည် မှန်ဖြစ်၏၊ တစ်နည်း ဆရာဖြစ်၏၊ ထိုမုဒ္ဓဇ (ရ)ကိုရွတ်ဆိုသောအခါ၌ မိမိ၏ လျှာနေလျှာထားကို အမှတ်ပြု၍ ကျန်သော မုဒ္ဓဇအက္ခရာတို့၌လည်း (ရ)နည်းတူ လျှာကိုထား၍ ရွတ်ဆိုလျှင် ကျေနပ်အားရလောက်သော မုဒ္ဓဇအက္ခရာကို ပီသစွာ ဖြစ်ပေါ် လာပါမည်။

ဒန္တဇအက္ခရာတို့တွင်လည်း (သ)သည် မှန်ဖြစ်၏၊ တစ်နည်း ဆရာဖြစ်၏၊ ထိုဒန္တဇ (သ)အက္ခရာကို ရွတ်ဆိုသောအခါ၌ မိမိ၏ လျှာနေလျှာထားကို သတိပြု၍ သ. သ. သ. သ- ဟု လေးကြိမ်လောက် ရွတ်ဆိုကြည့်လျှင် လျှာဖျားကို သွားရင်းသွားခြေသို့စိုက်၍ ရွတ်ဆိုသည်ကို တွေ့ရှိရပါမည်။ ကြွင်းကျန်သော ဒန္တဇအက္ခရာတို့၌လည်း (သ)အက္ခရာနည်းတူ လျှာကိုထား၍ ရွတ်ဆိုလျှင် ကျေနပ်အားရလောက်သော ဒန္တဇအက္ခရာငှို့ ပီသစွာဖြစ်ပေါ် လာပါမည်။ **(တိပိဋကဓရ၊ မင်းကွန်းမဟာထေရ်)**

<u>ကမ္မဝါစာကြောင့် ကံပျက်ခြင်း</u>

၃၉၀။ ဝတ်-သံ-ပုဂ်-ဉတ် မသုံးသပ် ဉတ်ကို နောက်မှာထား။

၃၉၁။ ဉတ္တိဝိပတ် အပ်ငါးရပ် သမ္မတ်အပြန်ငါး။

၃၉၂။ ကမ္မဝါလဲ ဉတ္တိနဲ့ ခွဲလေစိပ်, သမ်ငါး။

၃၉၃။ အက္ခရပဒံ ယုတ်လျော့ကျန် ဆယ်တန်သဒ္ဒါမှာ။

၃၉၄။ ကမ္မဝါမှာ ကံပျက်ရာ ဉတ်မှာ ထိုနည်းလား။

၁။ **ဝတ္ထုအပရာမသန** = ရဟန်းလောင်း၏နာမည်ကို မရွတ်မဖတ်ခြင်း၊

၂။ **သံဃအပရာမသန**= သံဃော–ဟူသောပုဒ်ကို မရွတ်မဖတ် ခြင်း၊

၃။ **ပုဂ္ဂလအပရာမသန**= ဥပဇ္ဈာယ်ဆရာတော်၏အမည်ကို မရွတ် မဖတ်ခြင်း၊

၄။ **သာဝနဟာပန**= ကမ္မဝါစာကို မရွတ်မဖတ်ခြင်း၊

၅။ **အကလေ ဝါ သာဝန**= ကမ္မဝါစာကို ရွတ်ဖတ်ပြီးမှ ဥတ်ကို ရွတ်ဖတ်ခြင်း၊

ဟု ကမ္မဝါစာကြောင့် ကံပျက်ကြောင်း ငါးပါးရှိသည်။

သာဝနဟာပန–ဟူသည် ကမ္မဝါစာကို လုံးဝ မရွတ် ဖတ်ဘဲ ဥတ်ကိုချည်း ရွတ်ဖတ်ခြင်းဖြစ်သည်။ ဥတ္တိဒုတိယကံ ကမ္မ ဝါစာ ရွတ်ဖတ်သည်ရှိသော် အက္ခရာကိုဖြစ်စေ, ပုဒ်ကိုဖြစ်စေ ပီပီသသ မရွတ်ဖတ်နိုင်ခြင်းသည်လည်း 'သာဝနဟာပန' ပင်ဖြစ်သည်။

ဥတ္တိစတုတ္ထကံ၌ ဥတ်ကို ၁–ကြိမ်, ကမ္မဝါစာကို ၃–ကြိမ်ရွတ် ဖတ်သော်လည်းကောင်း၊ အက္ခရာကိုဖြစ်စေ, ပုဒ်ကိုဖြစ်စေ ကျနေသော် လည်းကောင်း၊ ပီပီသသ(ဌာန်–ကရိဏ်း–ပယတ်စနစ်တက္ခ) မရွတ် ဖတ်နိုင်ခြင်းသည်သော်လည်းကောင်း 'သာဝနဟာပန' ပင်ဖြစ်သည်။

ဒုရုတ္တ = ပီပီသသမရွတ်ဖတ်နိုင်ခြင်းဟူသည် ရွတ်ဖတ်လိုသည့် အက္ခရာကတစ်မျိုး ရွတ်ဖတ်သည့်အက္ခရာအသံကတစ်ခြားဖြစ်သည် ကိုဆိုသည်။

ထိုကြောင့်–

သိထိလံ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုကံ လဟုကဉ္စ နိဂ္ဂဟီတံ။
သမ္ဗန္ဓံဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါတိ။
(ဝိ၊သင်္ဂဟ။၃၉၈။)

"လျော့-ပြင်း-ရှည်-တို လေး-ပေါ့ဆို ပိတ်-သို-လွှတ်-စပ်-ဖြတ်-ဟူသော ဗျဉ္ဇနဗုဒ္ဓိ အသံဆယ်မျိုးကို သိရှိနားလည်ရမည်။

ဌာန်, ကရိဏ်း, ပယတ်ကိုလည်း သေသေချာချာနားလည်ပြီး အသံမှန်မှန်ထွက်နိုင်အောင် ဂရုတစိုက် ပီပီသသ ရွတ်ဖတ်တတ်အောင် လေ့ကျင့်ရမည်။

၄၁။ **ပ . တ သိထိ၊ ဝဂ်တွင်ရှိ၊ ဓနီ-ဒု စမှတ်။**

ဝဂ်နှစ်ဆယ့်ငါးလုံးတို့တွင်-

ပဌမအက္ခရာ(၅)လုံး၊ တတိယအက္ခရာ (၅)ငါးလုံးသည် သိထိလအက္ခရာမည်၏။ က-ဂ၊ စ-ဇ၊ ဋ-ဍ၊ တ-ဒ၊ ပ-ဗ၊ ဤဆယ်လုံးတည်း။

ဒုတိယအက္ခရာငါးလုံး, စတုတ္ထအက္ခရာငါးလုံးသည် ဓနီတ မည်၏။ ခ-ဃ၊ ဆ-ဈ၊ ဌ-ဘ၊ ထ-ဓ၊ ဖ-ဘ၊ ဤဆယ်လုံးတည်း။

၄၁။ **ငါးလုံးဒီဃ၊ သုံးရဿ၊ ဂ . လ နှစ်မည်ထပ်။**

အာ-ဤ-ဦ-ဧ-ဩ ဤငါးလုံးသည် ဒီဃ-လည်းမည်၏။ ဂရု-လည်းမည်၏။ အ-ဣ-ဥ သုံးလုံးသည် ရဿ- လည်းမည်၏။ လဟုလည်းမည်၏။ ဤအရာ၌ ဒီဃသရနှင့် ယှဉ်(တွဲ)သောဗျည်း တို့သည်လည်း ဒီဃ-ပင် မည်ကုန်၏။ ရဿသရနှင့် ယှဉ်(တွဲ)သော ဗျည်းတို့သည်လည်း ရဿ-ပင်မည်ကုန်၏။

၄၂။ **သံယုဂ်, နိဂ္ဂဟိတ၊ နှောင်းပြန်က၊ ရဿ ဂရုမှတ်။**

ရဿ-ပင်ဖြစ်သော်လည်း နောက်၌သံယုဂ် (လုံးတင်အက္ခရာ) ရှိခဲ့သော်လည်းကောင်း၊ နိဂ္ဂဟိတ်ရှိခဲ့သော်လည်းကောင်း ဂရု-မည် ပြန်၏။

အတ္ထ၊ ဓမ္မ၊ ဣဋ္ဌ၊ ယိဋ္ဌ၊ ဥဒ္ဓ၊ မုဒ္ဓ၊ သံဃ-စသည်။

၄၁။ **ဗိန္ဒု နိဂ္ဂဟိတ်၊ ခံတွင်းပိတ်၊ မပိတ် ဝိမုတ်မှတ်။**

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) စုစည်း၊ထုတ်နှုတ်၊တင်ပြသော

ခံတွင်းကိုပိတ်၍ရွတ်အပ်သော ပိန္ဓုတစ်ခုသည် 'နိဂ္ဂဟိတ်' မည်၏။။

ခံတွင်းကို မပိတ်မူ၍ ရွတ်အပ်သော အက္ခရာစုသည် 'ဝိမုတ္တ' မည်၏။။

၄၁၄။ **သမ္မန်သန္ဓိ၊ ပုဒ်ဖြတ်ဘိ၊ ဝဝတ္ထိတမှတ်။**

–ယသာ ယသ္မတော ခမတိ။ (သမ္မန္ဓ)

–ယသ အာယသ္မတော ခမတိ။ (ဝဝတ္ထိတ)

၄၁၅။ သိ–ဓ–နိဂ်–ဝိ၊ ပြန်လှန်ဘိ၊ ပျက်၏ ဥတ်–ကမ္မဝါ။

သိထိလကို ဓနိတ၊ ဓနိတကိုသိထိလ တစ်စုံ၊ နိဂ္ဂဟိတကို ဝိမုတ္တ၊ ဝိမုတ္တ နိဂ္ဂဟိတကိုတစ်စုံ၊ ဤသဒ္ဒါအစုံ နှစ်ခုသည် ပြန်၍ရွတ် ဆိုခဲ့သော် ဥတ္တိဝိပတ္တိ၊ ကမ္မဝါစာဝိပတ္တိဖြစ်၏။ ကံပျက်၏။။

၄၁၆။ ဒီ–ရဿ၊ ဓ–လံ၊ ဝဝတ်–သမ်၊ ကံကို မဖျက်ရာ။

ဒီဃ–ရဿ တစ်စုံ၊ ဂရု–လဟု တစ်စုံ၊ သမ္မန္ဓ–ဝဝတ္ထိတ တစ်စုံ၊

ဤသုံးစုံတို့သည် ပြန်လှန်ရွတ်ဆိုမိသော်လည်း ကံကိုမဖျက် တတ်ကုန်၊ ဝိမတိဋ္ဌီကာ၌– သိထိလချင်းဖြစ်သော်လည်း ဝဂ်တစ်ပါး၌ သိထိလအက္ခရာကို ဝဂ်တစ်ပါး၌ သိထိလပြု၍ ရွတ်ဆိုမိခဲ့သော်ကံပျက် ၏။။ ဟု မိန့်ဆို၏။။

ကမ္မဝါစာ ရွတ်ဖတ်ရာဝယ်

သိထိလ	ဓနိတ	မှတ်ချက်
သုဏာတု	သုဏာထု	ကံပျက်
ပတ္တကလ္လံ	ပတ္ထကလ္လံ	။။

သော ဉတ္တိ သော ဉတ္တိ ။

<u>ဓနိတ</u> <u>သိထိလ</u>

ဘန္တေ ဗန္တေ ။

သံယော သံဂေါ ။

<u>ဝိမုတ္တ</u> <u>နိဂ္ဂဟိတ</u>

သုဏာတု သုဏံတု ။

သော ဉတ္တိ သေံ ဉတ္တိ ။

<u>နိဂ္ဂဟိတ</u> <u>ဝိမုတ္တ</u>

ပတ္တကလ္လံ ပတ္တကလ္လာ ။

အနုရူပအရာ

- ဒီဃ--------- ရဿ
- ဘိက္ခူနံ--------- ဘိက္ခုနံ
- ဗဟူသု --------- ဗဟုသု
- နက္ခမတိ--------- နာ ခမတိ
- ဥပသမ္ပဒါပေက္ခော---------ဥပသမ္ပဒါပေခါ

ဤသို့လျှောက်ပတ်သော အရာ၌သာလျှင် ဒီဃ-ရဿ၊ ရဿ-ဒီဃ အစရှိသည်ဖြင့် ရွတ်ဖတ်အပ်၏။

အနနုရူပအရာ

- နာဂေါ---------နဂေါ

- သံယော--------သယော
- တိသော------တိသော
- ယာစတိ-------ယာစန္တိ

ဤသို့ မလျှော်ပတ်သောအရာတို့၌ ဒိယ-ရဿ၊ ရဿ-ဒိယအစရှိသည်ဖြင့် ပြန်လှန်၍ မရွတ်မဖတ်ရ။

သမ္မန္နနှင့်ဝတ္ထိသဒ္ဒါကိုကား အချင်းခပ်သိမ်းပြန်လှန်၍ ရွတ်ဖတ်နိုင်သည်။

သစ္ဆိကတ္ထပရမတ္ထေန= သစ္ဆိကဋ္ဌ ပရမဋ္ဌေန-ဟု သင့်လျော်သော အာဒေသဖြစ်လျှင် ဝဂ်တစ်ပါးက ဓနိတအက္ခရာကို ဝဂ်တစ်ပါးက ဓနိတအက္ခရာပြု၍လည်းကောင်း၊ ဝဂ်တစ်ပါးက သိထိလအက္ခရာကို ဝဂ်တစ်ပါးက သိထိလအက္ခရာပြု၍လည်းကောင်း ရွတ်ဆိုနိုင်၏။ ဒုရုတ္တမပြစ်။

မသင့်လျော်သော အာဒေသဖြစ်မူကား သိထိလအက္ခရာကို ဓနိတအက္ခရာ ပြုသည်ကိုမဆိုထားဘိ ဝဂ်တစ်ပါးကသိထိလအက္ခရာကို ဝဂ်တစ်ပါးကသိထိလအက္ခရာ ပြု၍လည်းကောင်း၊ ဝဂ်တစ်ပါးက ဓနိတအက္ခရာကို ဝဂ်တစ်ပါးကဓနိတအက္ခရာ ပြု၍လည်းကောင်း၊ ရွတ်ဆိုလျှင် ဒုရုတ္တဖြစ်၏။

သိထိလ	သဏာတု	သဏာဋ္ဌ
	စိဏ္ဏမာနတ္တော	စိဏ္ဏမာနဋ္ဌော
ဓနိတ	အနုသိဋ္ဌော	အနုသိတ္ထော
	ပရိသုဒ္ဓါ	ပရိသုဓော

ဝဂ်၏ပဉ္စမအက္ခရာငါးလုံးနှင့် အ-ဝဂ်အက္ခရာ ၈-လုံးတို့ကို သိထိလ-ဟူ၍လည်းကောင်း၊ ဓနိတဟူ၍လည်းကောင်း၊ အဋ္ဌကထာ, ဋီကာတို့၌ မဖွင့်မဆိုကြ၊ ထို့ကြောင့် ထို(၁၁)လုံးသောအက္ခရာတို့ကို ''ဥဘယဝိမုတ္တအက္ခရာ'' ဟူ၍ဆိုသင့်၏။ ထို(၁၁)လုံးသောအက္ခရာ တို့ကို

လျော့လျော့ ရွတ်မိသည်ဖြစ်စေ၊ ပြင်းပြင်းရွတ်မိသည်ဖြစ်စေ၊ ဒုရုတ္တာမဖြစ်၊ ကံမပျက်။

သုဏာတု–၌ 'ဏာ'သည် မုဒ္ဓဇ ဏကြီး၏၊ အရာသာဖြစ်၏၊ ဒန္တဇ'န'ငယ်၏ အရာမဟုတ်။ ဏ–ကြီးဖြစ်အောင် လျှာကိုပြုပြင်မှု၌ မလိမ်မာသောသူအား ဏ–ကြီးရွတ်ဆိုမည်ဟု ကမ္မဝါစာကို ကြောင်ကြောင်ကြည့်၍ ရွတ်ဆိုသော်လည်း နှုတ်လျှာမှာ 'န' ငယ်သာဖြစ်နေတတ်၏။ ဤသို့ဌာန်,ကရိဏ်းအစီအရင်တို့၌ မလိမ်မာသည့်အတွက် ပျက်ကွက် မှားယွင်းမှုတို့ကိုရည်၍ ဋီကာရှင် ဆိုပေသည်။

ဉာတ်–ကမ္မဝါရွတ်တတ်သောသူသည် ဌာန်–ကရိဏ်းပယတ်တို့၌လည်းကောင်း၊ သဒ္ဒါ(အသံ)ဆယ်ပါးတို့၌လည်းကောင်း၊ ကောင်းစွာ လိမ်မာရာ၏။ လိမ်မာသောသူမှသာလျှင် ဖတ်ရွတ်ခြင်းငှာ ထိုက်၏။ ထို့ကြောင့် ဉာတ်,ကမ္မဝါစာတို့နှင့် စပ်လျဉ်းရာတို့၌ ''ဗျတ္တောန ဘိက္ခုနာ ပဋိဗလေန သံဃေ ဉာပေတဗ္ဗော'' ဟူ၍ ဗျတ္တနှင့်ပဋိဗလကို အထူးထုတ်ဖော်၍ ဟောတော်မူပေသတည်း။

ထိုအစီအရင်တို့ကို သိတတ်ရုံမျှနှင့်လည်း မဖြစ်သေး၊ သိမ်အပြင်၌ ကမ္မဝါဖတ်ခွင့်သို့ မဝင်မီရှေ့အဖို့ကပင် ထိုထိုအက္ခရာတို့၌ ဌာန်း–ကရိဏ်းကျ နှုတ်လျှာကိုပြုပြီးသော သူမှသာ ကမ္မဝါစာဖတ်ခွင့်သို့ ဝင်သင့်သည်။

စိတ်ကပင်သိသော်လည်း နှုတ်လျှာမကျိုးဖူးချေက သံဃာ့ အလယ်၌ ဖတ်သောအခါ နှုတ်,လျှာ အချော်အခွတ်များ၍ နေတတ်လု၏။ ထို့ကြောင့် ရဟန်းပြုပြီးသောအခါမှစ၍ ကမ္မဝါဖတ်သင်ကြားမှုများကို အထူးကြောင့်ကြစိုက်ကြကုန်ရာ၏။

၃၉၅။ ရင်–လည်–အာ–အာ သွား–နှုတ်–နှာ ဖြစ်ရာဌာန်ခုနှစ်။
ဉရ=ရင်။ ကဏ္ဌ=လည်ချောင်း။ တာလု=အာစောက်။ မုဒ္ဓ=အာခေါင်။ ဒန္တ=သွား။ သြဋ္ဌ=နှုတ်ခမ်း။ နာသိကာ=နှာခေါင်း။

၃၉၆။ လျှာလယ် လျှာဖျား၊ နှီးအပါး၊ ဌာန်အားကရိဏ်းလေး။
ဇိဝှါမဇ္ဈ= လျှာလယ်။ ဇိဝှါပဂ္ဂ= လျှာဖျား၏အနီး။
ဇိဝှဂ္ဂ= လျှာဖျား။ သကဌာန= မိမိတို့၏ဌာန်။

၃၉၇။ ပိတ်, ဘွင့် ခိုက်ထိ၊ စဉ်းငယ်ထိ၊ ပြုဘိပယတ်လေး။
သံဝုဠ= ပိတ်မှု။ ဝိဝဋ= ဘွင့်မှု။ ဖုဋ္ဌ= ထိမှု။ ဤသံဖုဋ္ဌ= စဉ်းငယ်ထိမှု။

အထက်သွားဇ၏ အတွင်းဖြစ်သော အာခေါင်အရပ်မှစ၍ လည်ချောင်းပေါက်ဝသို့ဆိုက်အောင် ခံတွင်းဇ၏ အထက်အပြင်ကို နှစ်ဘို့ပြု၍ အတွင်းအဘို့ကို အာစောက်ဟုခေါ်သည်၊ ပြင်အာဘို့ကို အာခေါင်ခေါ်သည်။ လျှာထိပ်ဟူ၍လည်းဆိုကြ၏။ ခံတွင်းမှနာခေါင်းသို့ထွက်သွားသော အပေါက်တစ်လျှောက်လုံးကို နာသိကဌာန်းဟုဆိုသည်။

သံဝုဠ–ပိတ်ခြင်းဆိုသည်ကား– ဘွင့်၍မလွတ်ဘဲ ချုပ်အုပ်၍ ရွတ်ဆိုခြင်းကို ဆိုသည်။

၃၉၈။ က–ခ–ဂ–ဃ–င၊ အ–အာ–ဟ၊ အဋ္ဌ လည်ချောင်းဖြစ်။
(ကဏ္ဌဇ ရှစ်လုံး)

၃၉၉။ စ–ဆ–ဇ–ဈ–ည၊ ဣ–ဤ–ယ၊ အဋ္ဌ အာစောက်ဖြစ်။
(တာလုဇ ရှစ်လုံး)

၄၀၀။ ဋ–ဌ–ဍ–ဎ–ဏ၊ ရ–ဠ–ဋ္ဌ၊ သတ္တ အာခေါင်ဖြစ်။
(မုဒ္ဓဇ ခုနှစ်လုံး)

၄၀၁။ တ–ထ–ဒ–ဓ–န၊ လ–ဋ္ဌ–သ၊ သတ္တ သွားမှာဖြစ်။
(ဒန္တဇ ခုနှစ်လုံး)

၄၀၂။ ပ–ဖ–ဗ–ဘ–မ၊ ဥ–ဦ–မ္ဘ၊ သတ္တ နှုတ်ခမ်းဖြစ်။
(ဩဋ္ဌဇ ခုနှစ်လုံး)

၄၀၃။ ဝဂ္ဂန်ပဌ၊ နိဂ္ဂဟိတ၊ ဆမှာ နှာခေါင်းဖြစ်။
ငဉကဏနမ ဤဝဂ္ဂန္တငါးလုံးကို 'ဝဂ္ဂန်ပဌ' ဟုဆိုသည်။
သေးသေးတင်ခေါ်သော ပိန္ဒုငယ်တစ်ခုကို နိဂ္ဂဟိတခေါ်သည်။

၄၀၄။ လည်-နှုတ် ဩ-သာ ဇ-လည်-အာ ဝ-မှာ သွား-နှုတ်ဖြစ်။
-ဩ-သည် လည်ချောင်းနှုတ်ခမ်း၌ဖြစ်၏။
-ဇ-သည် လည်ချောင်း အာစောက်၌ဖြစ်၏။
-ဝ-သည် သွားနှုတ်ခမ်း၌ဖြစ်၏။

၄၀၅။ ဂဂ္ဂန်-ယ-ဝ ယှဉ်သည်ဟ ဥရဏာန်၌ဖြစ်။
ဝဂ္ဂန္တငါးလုံး ယ-ရ-လ-ဝ လေးလုံး ဤကိုးလုံးနှင့်ယှဉ်သော ဟ-အက္ခရာသည် ရင်၌ဖြစ်သည်ဟုလာ၏။ ဥကြီးနှင့်ယှဉ်လျှင် လည်း ထို့အတူယူလေ။(ငဉကဏနမ-ယရလဝ- ၉)

၄၀၆။ အာစောက်မဇ္ဈ ခေါင်ပဂ္ဂ ဒန္တောဋ္ဌာဖျားစပ်။
- အာစောက်(တာလု)ဌာန်နှင့် ဇိဝှါမဇ္ဈ(လျှာလယ်) ကရိဏ်း တွဲဘက်၊
- အာခေါင်(မုဒ္ဓ)ဌာန်နှင့် ဇိဝှေါပဂ္ဂ(လျှာဖျား၏အနီး)ကရိဏ်း တွဲဘက်၊
- သွားအရုပ်(ဒန္တ)ဌာန်နှင့် ဇိဝှဂ္ဂ(လျှာဖျား)ကရိဏ်းတွဲဘက်။

တာလုဇအက္ခရာကို ဖြစ်စေလိုသော် လျှာလယ်အရုပ်၌ လုံ့ဆော်၍ပေးမှ ဖြစ်နိုင်ကြကုန်သည်။ စ-ဝဂ်ပဌ ဣ-ဤယတို့ကို ရွတ်ဆို၍ကြည့်လေ။ မဇ္ဈိမသား သိဟိုဠ်သားတို့သည် စ-ဝဂ်ငါးလုံးကို အစဉ်အတိုင်း ကျ-ချ-ဂျ-ဃျ-ဈျ ဟု ရွတ်ဆိုကြကုန်၏။

မုဒ္ဓဇအက္ခရာတို့ကို ဖြစ်စေလိုသော် လျှာဖျား၏အနီးဖြစ်သော လျှာအရုပ်နှင့် လုံ့ဆော်ပေးမှဖြစ်နိုင်ကြကုန်သည်။ ဋ-ဝဂ်ပဌ ရနှင့်ဋ တို့ကိုရွတ်ဆို၍ကြည့်လေ။ ရ-ကြီးကိုပီသအောင် ရွတ်လိုသော် လျှာကို အထက်သို့ခေါက်လိပ်၍ အထက်အာခေါင်အရုပ်ကို ထိခိုက်၍ ပေးမှ

လျှာလိပ်သံပေါ်၍ ရ-ကြီးအက္ခရာ ပီသစွာဖြစ်နိုင်သည်။ ဋ-ဌ-ဍ-ဗ-ဏ-ဠ ကြီးတို့ကို ရွတ်လိုသောအခါ၌လည်း လျှာကိုအထက်သို့ ခေါက်လိပ်၍ပေးရမည်။ ရကြီးနှင့်ဌာန်တူ ကရိုဏ်းတူဖြစ်ကြသည်။ လျှာကိုအထက်သို့ ခေါက်လိပ်၍ မပေးခဲ့လျှင် တ-ထ-ဒ-ဓ-န-လ-ဟူသော ဒန္တဇတွေဖြစ်ကုန်၏။ မှဒွဇတွေ ဖြစ်မလာကုန်။

သုဏာတု မေ-၌ ဏာ-ကို ရွတ်မည်ဟု ရွတ်ပါသော်လည်း လျှာကိုတန်းတန်းထား၍ ရွတ်ခဲ့သော် ဒန္တဇ-နာ-အက္ခရာသာဖြစ်လေ၏။

ပဋိ ဆန္နာနဒ္ဓ-၌ 'ဋိ'ကို အနုသိဋ္ဌော-၌ 'ဋ္ဌော'ကို ရွတ်မည်ဟု ရွတ်ပါသော်လည်း လျှာကိုတန်းတန်းထား၍ ရွတ်ခဲ့သော် ဒန္တဇ-တိ၊ ဒန္တဇ-ထော-တို့သာ ဖြစ်၍သွားကုန်၏။ ဤမှဒွဇအက္ခရာခုနှစ်လုံးတို့နှင့် ဒန္တဇခုနှစ်လုံးတို့သည် ဌာန်လည်း တခြားစီဖြစ်ကြကုန်၏။ ကရိုဏ်းလည်း တခြားစီဖြစ်ကြကုန်၏။

ဋ္ဌ-သံနှင့် တ-သံ ကွဲအောင်ရွတ်ရလိမ့်မည်။
ဌ-သံနှင့် ထ-သံ
ဍ-သံနှင့် ဒ-သံ
ဠ-သံနှင့် ဓ-သံ
ဏ-သံနှင့် န-သံ ကွဲစေရမည်။
ရ-သံနှင့် ယ-သံ ကွဲစေရမည်။
ဋ္ဌ-သံနှင့် လ-သံ ကွဲစေရမည်။
ကွဲအောင်မရွတ်တတ်လျှင် ကမ္မဝါဖတ်ခြင်းငှာမထိုက်။
သုဏာတု-၌ပင် အလွဲလွဲအချော်ချော် ဖြစ်လိမ့်မည်။
သတိကြီးကြီးထားသင့်လှ၏။

"ဒန္တလျှာဖျားစပ်" ဆိုသည်ကား- ဒန္တဌာန်နှင့်လျှာဖျားကရိုဏ်းတွဲဘက်။ ဒန္တဇအက္ခရာတို့ကိုဖြစ်စေလိုသော် လျှာပြင်နှင့်အထက်သွားကို

လုံးဆော်၍ပေးမှဖြစ်နိုင်သည်။ တ–ဝဂ်ပဉ္စ လနှင့်သတို့ကိုရွတ်ဆို၍ကြည့်လေ။ လျှာကအထက်သို့ ခေါက်လိပ်၍ရွတ်ဆိုခဲ့လျှင် မုဒ္ဓဇတွေဖြစ်၍ လာလိမ့်မည်။ သုဏာတု–ဒ္ဒ တု–ကို လျှာလိပ်သံနှင့်ရွတ်ခဲ့လျှင် ဋ္ဌ–ဖြစ်သွား၏။ နာဂေါ–ဒ္ဒ နာကို လျှာလိပ်သံနှင့် ရွတ်ခဲ့လျှင် ဏာ–ဖြစ်၍သွား၏။ အကြွင်းသိသာပြီ။

ဆိုပြီးသည်မှ ကြွင်းကုန်သော ကဏ္ဍဇရှစ်လုံး၊ သြဋ္ဌဇ ခုနှစ်လုံးတို့၌ ဌာန်ကရိဏ်းအခြားမရှိ၊ ဌာန်သည်ပင်ကရိဏ်းဖြစ်၏။ က–ဝဂ်ပဉ္စ အ–အာ–ဟ–တို့၌ လည်ချောင်းသားချင်းလုံးဆော်သည်။ ပ–ဝဂ်ပဉ္စ ဥဝဏ္ဏတို့မှာ နှုတ်ခမ်းသားနှစ်ခုချင်း လုံးဆော်သည်၊ကရိဏ်းအသီးအခြားမရှိပြီ၊ နှာခေါင်းဖြစ် အက္ခရာခြောက်လုံးတို့၌ နှုတ်ခမ်းကို ကရိဏ်းဆိုသင့်၏။ နှုတ်ခမ်းကိုပိတ်၍ပေးမှ နှာခေါင်းသို့လေနှင့်တကွ အသံလုံး၍သွားသဖြင့် နှာခေါင်းသံပီသစွာပေါ်လေသည်။

၄၀၇။ **အ–သံဝဠု၊ ကြွင်းသရ၊ သ–ဟ– ဝိဝဋ္ဋာ။**
၄၀၈။ **ဝဂ်မှာဖုဋ္ဌံ၊ ယ–ဝမှန်၊ ဤသံဖုဋ္ဌသာ။**

အ–သည် သံဝဠုပယတ်ရှိ၏။ လည်ချောင်းကိုပိတ်သောအခြင်းအရာထင်၏။ ပိတ်လေ ပြီသလေဖြစ်၏။

ကြွင်းသောသရ–ခုနှစ်လုံး သ–ဟတို့သည် ဝိဝဋ္ဋပယတ်ရှိကုန်၏။

အာ–ကို ရွတ်သောအခါ လည်ချောင်းပေါက်ကို ပွင့်ပွင့်ပြု၍ရွတ်၊ ဣ–ဤကို ရွတ်သောအခါ အာစောက်ဌာန်နှင့် လျှာလယ်ကရိဏ်းကို ပွင့်ပွင့်ပြု၍ရွတ်။

ဧ–ဩ–သ–ဟ–တို့မှာလည်း သူတို့ဆိုင်ရာဌာန်–ကရိဏ်းတို့နှင့်ခွဲလေ။

က–ဝဂ် ငါးလုံး၊ စ–ဝဂ် ငါးလုံး၊ ဋ္ဌ–ဝဂ် ငါးလုံး၊ ပ–ဝဂ်ငါးလုံးတို့ကိုရွတ်သောအခါ သူဌာန်တို့နှင့် သူကရိဏ်းတို့ကို စဉ်းငယ်

သာ ထိခိုက်စေ၍ရွတ်။
ယ–ရ–လ–ဝ–တို့ကို ရွတ်သောအခါ သူတို့ဌာန်နှင့် ကရိဏ်း တို့ကို စဉ်းငယ်သာ ထိခိုက်စေ၍ရွတ်။
ပ–ဝ်ဂ် ငါးလုံးတို့သည် နှုတ်ခမ်း၌ဖြစ်ကုန်၏။ ဥ–ဦ နှစ်လုံး တို့လည်း နှုတ်ခမ်း၌ဖြစ်ကုန်၏။ ပယတ်မူကား ကွဲကြ၏။ ပ–ဝ်မှာ ဖုဋ္ဌပယတ်ရှိ၏။ နှုတ်ခမ်းချင်းနာနာထိလေ ပြီသလေဖြစ်ကုန်၏။ ဥ–ဦ နှစ်လုံးတို့မှာ ဝိဝဋ္ဋပယတ်ရှိကုန်၏။ နှုတ်ခမ်းချင်းဖွင့်၍ ရွတ်မှပြီသကုန်၏။ ထိ၍ရွတ်လျှင် မပြီသကုန်ပြီ။ ဤနည်းကို အမှီပြု၍ကြွင်းသောဌာန်တူ, ကရိဏ်းတူ, ပယတ်ကွဲအက္ခရာတို့၌ ရွတ်ပုံအထူးအပြားတွေကို အကုန်ဝေဖန်၍ သိလေမြင်လေ။

ပတ်ဝိုင်းကို လက်ဖြင့်တီးကြရာ၌ စီတန်း၍နေသော ဗုံတောင် ကြီးငယ်စုနှင့် ဌာန်ခုနှစ်ပါးတူသည်။

အလိုရှိရာကိုလှည့်လည်၍ တီးခေါက်သောလက်နှင့် ကရိဏ်း လေးပါးတူသည်။ တစ်ခုသောဗုံကို တီးခေါက်ရာ၌ တစ်ခုသောဗုံမျက်နှာ အပြင်မှ အသံတို–အသံရှည်၊ အသံမာ–အသံပျော့ အမျိုးမျိုးဖြစ်လေ အောင်ပြုပြင်သောအမူအရာ အထွေအပြားတို့နှင့် ပယတ်မူလေးပါးတူသည်။

===OOO===

ညှိနှိုင်းပြချက်

အ–ကဏ္ဌဌာန်၊ သကဋာနကရိဏ်း၊ သံဝုဋ္ဌပယတ်။
အာ– ကဏ္ဌဌာန်၊ သကဋာနကရိဏ်း၊ ဝိဝဋ္ဋပယတ်။
က–ဤ တာလုဋ္ဌာန်၊ ဇိဝှါမဇ္ဈာကရိဏ်း၊ ဝိဝဋ္ဋပယတ်။
ဥ–ဦ ဩဋ္ဌဌာန်၊ သကဋာနကရိဏ်း၊ ဝိဝဋ္ဋပယတ်။
ဇ–ကဏ္ဌ, တာလုဋ္ဌာန်၊ သကဋာနကရိဏ်း၊ဇိဝှါမဇ္ဈကရိဏ်း၊ ဝိဝဋ္ဋပယတ်။

သြ–ကဏ္ဍ,သြဋ္ဌာန်၊ သကဋ္ဌာနကရိုဏ်း၊ ဝိဝဋ္ဋပယတ်။
က–ခ–ဂ–ဃ–င– ကဏ္ဌာဋ္ဌာန်, သကဋ္ဌာနကရိုဏ်း၊ သမ္ဖုဋ္ဌပယတ်။
စ–ဆ–ဇ–စျ–ည– တာလုဋ္ဌာန်၊ဇိဝှါမဇ္ဈကရိုဏ်း၊ သမ္ဖုဋ္ဌပယတ်။
ဋ္ဌ–ဌ–ဍ–ဎ–ဏ– မုဒ္ဓဋ္ဌာန်၊ ဇိဝေါပဂ္ဂကရိုဏ်း၊ သမ္ဖုဋ္ဌပယတ်။
တ–ထ–ဒ–ဓ–န– ဒန္တဋ္ဌာန်၊ ဇိဝှဂ္ဂကရိုဏ်း သမ္ဖုဋ္ဌပယတ်။
ပ–ဖ–ဗ–ဘ–မ– သြဋ္ဌဋ္ဌာန်၊ သကဋ္ဌာနကရိုဏ်း။ သမ္ဖုဋ္ဌပယတ်။
ယ– တာလုဋ္ဌာန်၊ ဇိဝှါမဇ္ဈကရိုဏ်း ဤသံဖုဋ္ဌပယတ်။
ရ– မုဒ္ဓဋ္ဌာန်၊ ဇိဝေါပဂ္ဂကရိုဏ်း ဤသံဖုဋ္ဌပယတ်။
လ– ဒန္တဋ္ဌာန်၊ ဇိဝှဂ္ဂကရိုဏ်း ဤသံဖုဋ္ဌပယတ်။
ဝ– ဒန္တ သြဋ္ဌဋ္ဌာန်၊ ဇိဝှဂ္ဂကရိုဏ်း ဤသံဖုဋ္ဌပယတ်။
သ– ဒန္တဋ္ဌာန်၊ ဇိဝှဂ္ဂကရိုဏ်း၊ ဝိဝဋ္ဋပယတ်။
ဟ– ကဏ္ဌဋ္ဌာန်၊သကဋ္ဌာနကရိုဏ်း၊ ဝိဝဋ္ဋပယတ်။
ဠ– မုဒ္ဓဋ္ဌာန်၊ ဇိဝေါပဂ္ဂကရိုဏ်း၊ သမ္ဖုဋ္ဌ ဤသံဖုဋ္ဌပယတ်။
– နာသိကဋ္ဌာန်၊ သြဋ္ဌကရိုဏ်း၊ သံဝုဋ္ဌပယတ်။

<u>ယျ–သံယုဂ်</u>

ယျ–သံယုဂ်မှာ ရွတ်စဉ်မထင်ရှား၊ ထို့ကြောင့် ‘‘သေယျ’’ ဟူသော ပုဒ်၌ ယ–သံယုဂ်၏ရှေ့၌ရှိသော ‘သေ’ကို သေတ်–ဟူ၍ လည်းကောင်း၊ သည်–ဟူ၍လည်းကောင်း၊ သေ့–ဟူ၍လည်းကောင်း၊ ရွတ်ဖတ်သင့်ကြောင်း မိန့်ဆိုကြပြီး အနည်းနည်းအထွေထွေ ဖတ်ကြလေ၏။

၁။ ‘‘သေတ်ယျ’’ဟူ၍ ဖတ်သောဝါဒမှာ– မောဂ္ဂလ္လာန်၌ သံယုဂ်၏ ရှေ့၌ရှိသော ဇ,သြ–တို့မှာ ဒီဃမဖြစ်သင့်၊ ရဿသာ ဖြစ်သင့် သည်–ဟု ယူဆပြီး ‘‘ဇတ်’’ သရ ‘‘သြတ်’’ သရ ရဿသရ သစ်နှစ်လုံး ထည့်သွင်း၍‘‘ဒသာဒေါသရာ’’ဟု သရဆယ်လုံး ပြရာ၌ ‘‘ဇတ်’’သရကို ထောက်၍ဖတ်ခြင်း ဖြစ်ရာ၏။

၂။ ''သေည်ယျ''ဟူ၍ ဖတ်သောဝါဒမှာ ''ဇေယျသူရ''သဒ္ဒါကို ''စည်သူ''ဟူ၍လည်းကောင်း၊ ''ဇဏေယျ''သဒ္ဒါကို 'ဇဏီသား' ဟူ၍လည်းကောင်း၊ ယ–သံယုတ်ကို ည–သတ်သံနှင့် လုံးကြိုး တင်ဆံခပ်သံ ရေးသားသော ရှေးဝေါဟာရ အစရှိသည်တို့၌ ယ–သံယုတ်ကိုထောက်၍ ဖတ်ခြင်းဖြစ်ရာ၏။

၃။ အောက်မြစ်သံနှင့် 'သေ့ယျ'ဟူ၍ ဖတ်သောဝါဒမှာ–(ရဿကဲ့သို့ရှတ်အပ်၏။ဟူသည်ကား အောက်မြစ်သံရှတ်ရမည်ဟု ဆရာတို့ဆိုကုန်၏။) ဟူသော ရူပသိဒ္ဓိနိယျ၌ မှာထားချက်ကို ထောက်၍ ဖတ်ခြင်းဖြစ်ရာ၏။ ယင်းသို့ဖတ်ခြင်းမှာ မဂဓဘာသာ၌ ဝိသဇ္ဇနီသံ မရှိ၍ သင့်အံ့မထင်။

ထိုသုံးဝါဒတို့တွင်– သံယုဂ်အရာကိုထောက်လျှင် ညသတ်သံနှင့် လုံးကြိုးတင် ဆံခတ်သံဖတ်သော ဒုတိယ ဝါဒဝသည်သာလျှင် ရှေးဝေါဟာရပြယုဂ်ရှိသည်နှင့် ညီညွတ်သဖြင့် သင့်တင့်သကဲ့သို့ဖြစ်၏။

===000===

သမုဟနေယျ၊ သော ဘာသေယျ၊ ဥပသမွာဒေယျ၊ ဖတ်ပုံများ

(က) သင်္ကတကျမ်း၌ ရိ–သရကဲ့သို့ ဇအောက်မြစ်သံနှင့် ရှတ်ရမည်ဟု စာတတ်ဆရာတော် ဦးဗုဒ်မိန့်တော်မူ၏။ ထိုကို သာဓကပြု၍ –

''သမုဟနေ့ယျ၊ သော ဘာသေ့ယျ၊ ဥပသမွာဒေ့ယျ'' အစရှိသည်ဖြင့် မြန်မာနိုင်ငံ သုဓမ္မာဂိုဏ်းဝင်, ရွှေကျင်ဂိုဏ်းဝင် ကျမ်းဂန်တတ် ကမ္ဘာကျော် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များပင် ဖတ်ရှုံးပြုတော်မူကြ၏။

(ခ) မောဂ္ဂလ္လာန်ကျမ်း၌ 'သေဋ္ဌိ, သောတ္ထိ' အစရှိသောပုဒ် များကဲ့သို့ တော်ရဿ, သြရဿတို့သာရှိသည်။ အေ့-ဟု ဖတ်ရသော ဇ့ရဿ၊ အော့-ဟုဖတ်ရသော သြ့ရဿမရှိ၊ ထို့ကြောင့်- "သမုဟနေတ်ယ၊ သော ဘာသေတ်ယ၊ ဥပသမ္ဘာဒေတ်ယ" အစရှိသည်ဖြင့် ယ-သံယုတ်၏ရှေ့၌ကျသောသေ-ကို 'သေတ်' ဟု ဖတ်ရမည်ဟုမိန့်တော်မူ၏။။

(ဂ) သံယုတ်၏ရှေ့ ဇ-ဒီဃ၊ သြဒီဃတို့ကို ရဿကဲ့သို့ ရွတ်ဖတ်ရာ၌ ဇ-နောက်မှာ က-သံယုဂ်, တ-သံယုတ်, ပ-သံယုတ်, သ-သံယုတ်ရှိလျှင် စသတ်သံကဲ့သို့ ဇစ်သံ၊ သြနောက်မှ ရှိလျှင် ဝဆွဲတသတ်သံကဲ့သို့ သြတ်သံဖြစ်၍ "ဇက္ကာ၊ သေဋ္ဌိ၊ သောတ္ထိ" စသည် စ-သတ်သံကဲ့သို့ထွက် ရကား "ယထာပါဋိယာ နိရုတ္တိ' သောဓေတွာ ဒသဝိဓာယ ဗျဉ္ဇနနိရုတ္တိယာ ဝုတ္တဒေါသေ ပရိဟရန္တေန ကမ္မဝါစာ ကာတဗ္ဗာ ဣတရထာ ဟိ သာဝနံ ဟာပေတိ နာမ။။ (ဝိ၊ဋ္ဌ၊၄။၂၄၈။)

အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန ကမ္မဝါစာ ကာတဗ္ဗာ။။ (ဝိ၊ဋ္ဌ၊၄။၂၄၈။)

ဂင်းအဋ္ဌကထာတို့နှင့်အညီ-ရှေးရှေးအရိယာ သူတော်ကောင်းတို့ ဖတ်ရိုးဖတ်စဉ် ပဝေဏီကို မပျက်စီးစေပဲ ကမ္မဝါစာကို ဖတ်ရမည်လာသောကြောင့် "သမုဟနစ်ယျ၊ သောဘာသစ်ယျ၊ ဥပသမ္ဘာဒစ်ယျ" အစရှိသည်ဖြင့် စ-သတ်သံကို ဆရာတော်တို့ ဖတ်ရွတ်ကြသတည်း။။

(ဃ) ယ-သတ်၌- "ဒိယျတိ၊ သုယျတိ၊ မိယျတိ၊ ဘိယျော၊ ဥယျုတ္တံ" စသည်၌ နှ-သတ်သံ ဖတ်ရိုးရှိသကဲ့သို့လည်းကောင်း၊ လ-သတ်၌- "ပတ္တကလ္လံ၊ မလ္လော၊ မလ္လသေ" အစရှိသည်၌ နှ-သတ်သံ ဖတ်ရိုးရှိသကဲ့သို့လည်းကောင်း၊ ဏ-သတ်၌ "မေဏ္ဍကော" နှ-သတ်၌ "ပုဏ္ဏေန္ဒု ဒေန္ဒု အာနေဉ္ဇ

ပူရေန္တိ၊ ကရောန္တိ၊ ကရောန္ဒံ၊ ဝိနာသမေန္တူ'' အစရှိ သည်၌ ကဏ္ဍ၀ ပဋ္ဌမ ၎-သတ်သံ ဖတ်ရိုး ရှိသကဲ့သို့လည်းကောင်း ''သမုဟနင်ယျ သော ဘာသင်ယ၊ ဥပသမ္ပာဒင်ယ'' အစရှိ သည်ဖြင့် ကဏ္ဍ၀ ပဋ္ဌမက္ခရာ ၎သတ် အင်္ကာရန်နှင့်လည်း ဖတ်တော်မူကြသတည်း။

(၎) မင်္ဂလာအနက်ဟော 'သေယျ' သဒ္ဒါကို 'ရပ်သင်္ကလည် မြေကြီးသေည်၌' ဟူသောလင်္ကာ၊ 'ဇေယျသူရ' သဒ္ဒါကို 'စည်သူ'ဟော ရှေးဝေါဟာရ၊ 'အာဇာနေယျ' သဒ္ဒါကို 'အာဇာနည်'ဟူသော ရှေးဝေါဟာရ အစရှိသည်တို့၌ ယ-သံယုဂ်သံကို ည-ကြီးသတ် အည်ကာရန်ဖြင့် ဖတ်ရိုးဖတ်ထုံးရှိသကဲ့သို့ ''သမုဟနည်ယ၊ သော ဘာသည်ယ၊ ဥပသမ္ပဒည်ယ'' အစရှိသည်ဖြင့် အည်ကာရန်နှင့်လည်း ဖတ်တော်မူကြသည်။

(ဂ) သံယုတ်၏ ရှေး၌ဖြစ်ကုန်သော ဇ-အက္ခရာ၊ ဩ-အက္ခရာတို့ကို ရသကဲ့သို့ ရွတ်ဆိုအပ်၏ ဟု ဆိုရာ၌ အာ-သည် အ၏ ဝုဒ္ဓိဒီဃ၊ ဤ-ဇ-သည် ဣ၏ဝုဒ္ဓိဒီဃ၊ ဥ-ဩသည် ဥ၏ဝုဒ္ဓိဒီဃ-ဟု သဒ္ဒါဗျာကရဏ်းကျမ်းတို့၌ လာရကား ဇ-၏ရသ ဣ၊ဩ၏ရသ ဥ-ဖြစ်၍ ''သမုဟနိန်ယ၊ သော ဘာသိန်ယ၊ ဥပသမ္ပာဒိန်ယ'' အစရှိသည်ဖြင့် န-သတ်သံကဲ့သို့ရွတ်ဖတ်ရမည်ဟု မိန့်ဆိုကြကုန်၏။

(စ) သံယုတ်၏ ရှေး၌ဖြစ်ကုန်သော ဇ-အက္ခရာ၊ ဩ-အက္ခရာတို့ကို ရသကဲ့သို့ ရွတ်ဆိုအပ်၏ ဟု ဆိုရာ၌ အာ-သည် အ၏ ဝုဒ္ဓိဒီဃ၊ ဤ-ဇ-သည် ဣ၏ဝုဒ္ဓိဒီဃ၊ ဥ-ဩသည် ဥ၏ဝုဒ္ဓိဒီဃ-ဟု သဒ္ဒါဗျာကရဏ်းကျမ်းတို့၌ လာရကား ဇ-၏ရသ ဣ၊ဩ၏ရသ ဥ-ဖြစ်၍ ''သမုဟနိန်ယ၊ သော ဘာသိန်ယ၊ ဥပသမ္ပာဒိန်ယ'' အစရှိသည်ဖြင့် န-သတ်သံကဲ့သို့ရွတ်ဖတ်ရမည်ဟု မိန့်ဆိုကြကုန်၏။

(ဆ) ''အယျာယော၊ ကယျတိ၊ ဒယ့တိ'' အစရှိသောပြယုဂ်တို့၌ ယ-သတ်သံထွက်သကဲ့သို့ ''သမုဟနယ်ယ၊ သောဘာသယ်ယ၊ ဥပသမ္ပာဒယ်ယ''ဟု ဇ-ကို သံယုဂ်အတွက် ဖျောက်၍လည်း ရွတ်ဖတ်တော်မူကြသည်။

(ဇ) အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တော-အရ ရှေးရှေးဆရာတော်တုရားကြီးတို့ ဖတ်ရိုးဖတ်စဉ် ပဝေဏီအာဂတ ဥစ္စာ ရဏာ=

ရွတ်ဖတ်နည်းကို မပျက်စေရ၊ ကမ္ဘဝါစာဖတ်ရမည်ဟု ပရိဝါကမ္ဘဝက် အဋ္ဌကထာလာသော ကြောင့် ''သမုဟနေယျ'' အစရှိသောပြယုဂ်၌ ဗျဉ္ဇနမိဿက သေရကို ဒီဃ အတိုင်းထား၍ သံယုဂ်ယ–တစ်လုံးကိုချ၍ ''သမုဟ နေယ၊ သော ဘာသေယ၊ ဥပသမ္ဘာဒေယ'' အစရှိသည်ဖြင့်လည်း ရှေးဆရာတော်ကြီး ဖတ်တော်မူကြသတည်း။ ဤသို့အားဖြင့်----

၁။ အောက်မြစ်နှင့် သမုဟနေ့ယ ဟူ၍လည်းကောင်း၊

၂။ တ သတ်သံနှင့် သမုဟနတ်ယဟူ၍လည်းကောင်း၊

၃။ စ–သတ်သံနှင့် သမုဟနစ်ယ ဟူ၍လည်းကောင်း၊

၄။ ဂ–သတ်သံနှင့် သမုဟနင်ယ ဟူ၍လည်းကောင်း၊

၅။ ညကြီးသတ်သံနှင့် သမုဟနည်ယ ဟူ၍လည်းကောင်း၊

၆။ ဝိပရိတ်–ကွရသ ဟူ၍ နှ–သတ်သံနှင့် သမုဟနိန်ယ ဟူ၍လည်းကောင်း၊

၇။ ယ–သတ်သံနှင့် သမုဟနယ်ယ ဟူ၍လည်းကောင်း၊

၈။ သံယုဂ်ယ–တစ်လုံးဖျောက်၍ သမုဟနေယဟူ၍လည်းကောင်း၊

ဖတ်တော်မူရိုး (၈)မျိုးပြားသတည်း။

ထို့တွင် ပထမဝါဒကို ဆရာတော်ဦးဗုဒ္ဓ၊ စံကျောင်းဆရာတော်, စလင်းဆရာတော်၊ မိုင်းခိုင်းဆရာတော်၊ ရွှေကျင်ဆရာတော်၊ လယ်တီ ဆရာတော်၊ အစရှိသော ရှေးရှေးဆရာတော်ကြီးတို့ ဖတ်ရိုးပြုတော်မူ ကြကြောင်း၊ ''ထိုဝါဒ၌ အထောက်အထားမရချေ'' ဟု အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ (၄)ပြုံကိုဂုဏ်းချုပ် ကျေးဇူးရှင်မန်လည်ဆရာတော်ဘုရားကြီး မိန့်တော်မူ၏။

ထိုမန်လည်ဆရာတော်ဘုရားကြီးကား– တ–သတ်သံနှင့် 'သမုဟနတ်ယ' ဟူ၍လည်းကောင်း၊ ညကြီးသတ်သံနှင့် ''သမုဟနည်

ယ''ဟူ၍လည်းကောင်း၊ စ–သတ်သံနှင့် 'သမုဟနစ်ယ' ဟူ၍လည်းကောင်း၊ ဖတ်ရွတ်တော်မူသည်ကို နှစ်သက်တော်မူ၏။။

စံကျောင်းဆရာတော် အစရှိသော ဆရာတော်တို့ကား– ပထမဝါဒ၊ ဒုတိယဝါဒ၊ တတိယဝါဒ၊ အဋ္ဌမဝါဒတို့ကို ရဟန်းခံကိစ္စများ၌ မိမိတပည့်သားမြေး ရဟန်းလောင်းကိစ္စတွင် ကြွင်းသောဝါဒများကို သိမ်နုတ်, သိမ်သမုတ်ကိစ္စများ၌ သုံးရိုးပြုတော်မူ၏။။

မဟာဝိသုဒ္ဓါရာမဆရာတော်၊ ဝဇိရာရာမဆရာတော်၊ စကုဆရာတော်၊ မှန်ကင်းဆရာတော်တို့ကား ပထမဝါဒ၊ ဒုတိယဝါဒ၊တတိယဝါဒကိုနှစ်သက်တော်မမူ။ ''သမုဟနေးယ''ဟူသော ဝိသဇ္ဇနီသံကိုလည်းခွင့်ပြုတော်မူ၏။။

ဘုရားကြီးဆရာတော်ကား– စတုတ္ထဝါဒ၊ အဋ္ဌမဝါဒကို နှစ်သက်တော်မူ၏။။ လယ်တီဆရာတော်ဘုရားကြီးကား– ပထမဝါဒနှင့် ဒုတိယဝါဒတို့ကို နှစ်သက်တော်မူ၏။။ အဋ္ဌမဝါဒနှင့် ဝိသဇ္ဇနီသံဝါဒကိုကား ပယ်တော်မူ၏။။

ဤသို့အစရှိသည်ဖြင့် ဝါဒအမျိုးမျိုး ရွတ်ဖတ်ပုံကွဲကြ၏။။ သို့သော်လည်း ရှေးရိုးအစဉ်အလာအတိုင်း ပေါရာဏပဝေဏီ ရွတ်ဖတ်ရိုးထုံးစံကြီးတွေ သာဓကအသီးသီးရှိပေသဖြင့် အဋ္ဌကထာ, ဋီကာလာပုံနှင့် မဆန့်ကျင်ရကား ဘယ်ဝါဒမသင့်ဟု ဆိုခြင်းငှာ မတတ်ကောင်းပေ။

ကမ္ဘဝါစာရွတ်ဖတ်နည်း

အကျဉ်းချုပ်

သုဏာတု–ဝယ် သု–၌ သ အက္ခရာသည် ဒန္တဇာန် ဇိဝှဂ် ကရိဏ်း၊ ဝိဝဋ္ဋပယတ်ဖြစ်၍ လျှာဖျားနှင့်သွားတို့အကြား ဖွင့်လှစ်၍ (လေထွက်ပေါက်ပေး၍) ဖတ်ရာ၏။ သွားနှင့်လျှာဖျားကိုထိ၍ ပိတ်၍ မရွတ်မဖတ်ရာ၊ ယခုခေတ်၌ သ–ကို လျှာဖျားနှင့်ထိ၍ ရွတ်ခြင်းကြောင့် ပယတ်လက္ခဏာ ချို့တဲ့တတ်၏။ ချို့တဲ့သည်ကား များ၏။ လျှာဖျားနှင့် သွားကြားမှ လေပြေးသာအောင် ရွတ်ရမည်။

တ–ဝဂ်ကို ရွတ်ဖတ်ရာ၌ ဖုဋ္ဌ ပယတ်ဖြစ်ခြင်းကြောင့် လျှာဖျားနှင့်သွားကိုထိ၍ ရွတ်ဖတ်ရာ၏။ သွားဖုံးအတွင်းသားနှင့် လျှာဖျားကိုထိ၍ မရွတ်ဖတ်ရာ။ ယခုခေတ် ဗမာလူမျိုးတို့က သအက္ခရာရွတ်သကဲ့သို့ တဝမ်းပူဝဂ်ကို ရွတ်ဖတ်ရာ၏။

လ–လေး (လ–ငယ်)အက္ခရာသည် ဒန္တဇာန် ဇိဝှဂ်ကရိဏ်း ဣသံဖုဋ္ဌပယတ်ဖြစ်၍ သွားနှင့် လျှာဖျားကို သာသာထိ၍ ရွတ်ဖတ်ရာ၏။

ဏာ–အက္ခရာ၌ ယခု အက္ခန္ဒုပ်တို့ ရွတ်ဖတ်နည်းအတိုင်း အတွင်းသွားဖုံးသား၌ လျှာဖျားအနီးဖြင့် ထိခတ်၍ ရွတ်ဖတ်ရာ၏။ ထိုနည်းအတူ ဋ္ဌသံညှင်းချိတ် (ဋ္ဌသံလျင်းချိတ်) ဝဂ်အက္ခရာတို့ကို ရွတ်ဖတ်ပါလေ။ အထူးအားထုတ်၍ ပြင်ဆင်ရွတ်ဖတ်ရန် မလို။ မုဒ္ဓဇဇ္ဈာန် ဇိဝှောပဂ္ဂကရိဏ်း ပြင်းပြင်းထိ၍ ရွတ်ဖတ်ရာ၏။ တဝမ်းပူဝဂ်ကို ရွတ်ဆိုရာအခါ ဋ္ဌသံညှင်းချိတ်ဝဂ်ကို ရွတ်ဆိုခြင်းနှင့် ထပ်တူဖြစ်နေတတ်၏။ အချင်းချင်းကွဲအောင် အထူးသတိ ရှိရာ၏။ ရ–အက္ခရာကို ရွတ်ဖတ်ကြည့်လျှင် မုဒ္ဓဇဇ္ဈာန် ဇိဝှောပဂ္ဂကရိဏ်းကို နေရာတကျ သိနိုင်၏။ ဋ္ဌ–ကြီးအက္ခရာကိုလည်း မုဒ္ဓဇဇ္ဈာန်ဖြစ်အောင် ရွတ်ဖတ်ပါ။

မေ–ဦ့ မ–အက္ခရာသည် သြဋ္ဌဌာန် သကဋာနကရိုဏ်းဖြစ်၍ နှုတ်ခမ်းအချင်းချင်း ပြင်းပြင်းထိခတ်စေလျက် ရွတ်ဖတ်ရာ၏။ ကြွင်းသော ပ–ဝဂ် အက္ခရာများကိုလည်း ထိုနည်းတူ ရွတ်ပါ။

ဥ–ဦ့ သရနှစ်လုံး ဝိဝဋ္ဋပယတ်ဖြစ်၍ နှုတ်ခမ်းနှစ်ခုအကြား လေသွားသာအောင် လမ်းပေါက်ပေး၍ ရွတ်ဖတ်ရာ၏။

ဘန်–အက္ခရာ၌ ဝဂ္ဂန္တ နာ–နှင့် ယှဉ်သည်ဖြစ်၍ ဒန္တဇနာသံ အဆုံးသတ်လျက် ရွတ်ဖတ်ရာ၏။ နှုတ်ခမ်းချင်းထိပြီးနောက် ဖွင့်လှစ်ချိန်၌ လျှာဖျားကို သွားနှင့် ထိထားလျက် (လျှာဖျားနှင့် သွားအချင်းချင်း ထိထားလျက်) အဆုံးသတ်ပါ။ နငယ်တစ်ခြမ်း သံပါအောင် သတိပြုရာ၏ ဟူလို။ ဓနိတဖြစ်သော ဘ–ကုန်းအက္ခရာကိုလည်း ဟ–အက္ခရာ၏ ဗျာပါရကဲ့သို့ ပြင်းပြင်းရွတ်ဖတ်ရန် သတိပြုရာ၏။

သံယောဝယ် သံ–အက္ခရာ၌ သ–ကိုဆိုပြီးသော နည်းအတိုင်း ပီသအောင် ရွတ်ဖတ်၍ နိဂ္ဂဟိတ်အတွက် "အဝိဝဋ္ဋေန မုခေန" ဟု ဆိုသောကြောင့် ပါးစပ်ကိုဟ၍ မရွတ်ဘဲ သွားစိ၍ (အထက်အောက် သွားချင်းထိ၍) နှုတ်ခမ်းကိုလည်းဖွင့် နှာခေါင်းသံကိုလည်း ထင်အောင် ရွတ်ပါဟုဆိုလို၏။ အခြား နိဂ္ဂဟိတန္တတို့ကို ရွတ်းဖတ်နည်းကိုလည်း ဤနည်းအတိုင်း သိရာ၏။

ပတ္တကလ္လံ–ဝယ် ကလ်–ကို ရွတ်ဆိုရာ၌ က–ကို ဌာန်ကရိုဏ်းကျအောင် ရွတ်ပြီးနောက် လ–တစ်ခြမ်းသံ ယှဉ်ကပ်၍ ရွတ်ဖတ်ရာ၏။

အယံ နာဂေါ–ဝယ် ယံ–ကို ရွတ်ဆိုရာ၌ ယ–သည် တာလုဌာန်ဇိဝှါမဇ္ဈ ကရိုဏ်းဖြစ်၍ လျှာလယ်ဖြင့် လျှာထိပ် အာထိပ်ခေါ်သော မုဒ္ဓဌာန်၏ အတွင်းဖက်ခံတွင်း ထမင်းလုပ်တည်ရာ နံရံကဲ့သို့ မတ်စောက်တည်နေသော သွားဖုံး၏ အထက်အရပ်၌ (ယင်းကို အာစောက်ဟု ခေါ်သည်) စဉ်းငယ်ထိ၍ နိဂ္ဂဟိတ်သံပါအောင် ရွတ်ဖတ်ရာ၏။ ယ–အက္ခရာကို ရွတ်ဖတ်စမ်းသပ်လျှင် အာစောက်ခေါ် ဌာန်၏

တည်ရာကို အလွယ်တကူ သိနိုင်၏။ ယင်းဌာန်၌ဖြစ်သော စ–ဝဂ်များကိုလည်း လျှာဖြင့် အာစောက်၌ ပြင်းစွာထိ၍ ရွတ်ဖတ်ရာ၏။

''က္ခ၊ ဂ္ဃ၊ ဂ္ဂ၊ ဃ္ဂ၊ ည၊ (ငျ)''ဟု အနောက်နှိုင်ငံသားတို့ ရွတ်ဖတ်နည်းကား စ–ဝဂ်အတွက် ဌာန်ကရိဏ်း ပီသပါပေ၏။ သို့ရာတွင် ဗမာရွတ်နည်းရွတ်ဟန်ဖြင့် ရွတ်ရပါလျှင် လျှာဖျားကို အောက်သွား၌ (ဖြင့်) နှင့် ထိစေလျက် လျှာလယ်ကို အထက်အောက် ကော့ကာ ရွတ်ဖတ်လျှင် ဌာန်ကရိဏ်းကျသည်ဟု ဆရာတို့ မိန့်ဆိုကြသည်။

ဣဝဏ် (၂)လုံးကို ရွတ်ရာ၌ ဝိဝဋ္ဋပယတ်ထင်အောင် နှုတ်ခမ်းကို ဖွင့်လှစ်၍ ရွတ်ဖတ်ရာ၏။

က–ဝဂ် (၅)လုံး၊ အဝဏ် (၂)လုံး၊ ဟ–အက္ခရာတို့ကို ရွတ်ဖတ်ရာ၌ လည်ချောင်းဌာန် လည်ချောင်းကရိဏ်းဖြစ်သည့် အလျောက် ပယတ်အားလျော်စွာ ရွတ်ဖတ်ရာ၏။ လည်ချောင်း၏ နယ်ပယ်ကို အ–က္က–ဥ အက္ခရာ အသံထွက်ရာ ဌာနမှစ၍ လျှာလယ်မရောက်ခင် လျှာရင်းအပိုင်းအထိ သတ်မှတ်ရာ၏။

ထိုတွင် အ–ကို သံဝုဋ္ဌဖြစ်၍ ပိတ်လျက်လည်းကောင်း၊ ဤ–စသောသရနှင့် ဟ–အက္ခရာကို ဝိဝဋ္ဋပယတ်ဖြစ်၍ ဖွင့်လျက်လည်းကောင်း၊ က–ဝဂ် (၅)လုံးကို ဖုဋ္ဌပယတ်ဖြစ်၍ ခတ်ပြင်းပြင်း ထိခတ်၍ လည်းကောင်း၊ အသီးအသီး ရွတ်နည်းကို သတိပြုရာ၏။

''ဘာသေယျ''စသည်၌ သံယုတ်အက္ခရာယှဉ်ခြင်းကြောင့် သေ–ကို ရှည်ရှည်မရွတ်ဘဲ တိုတိုရွတ်၍ ယ–တစ်ခြမ်း သံပါအောင် ရွတ်ဆိုရာ၏။ ဝဂ္ဂန္တအက္ခရာတို့ကို ရွတ်ဖတ်ရာ၌လည်း ဝဂ္ဂန္တတစ်ခြမ်း သံထင်အောင် ရွတ်ဖတ်ရာ၏။

ဌာန်မတူသော 'တသ္မာ'စသော သံယုဂ်မျိုး၌ သံယုဂ်အက္ခရာ ၂–လုံး သံထင်အောင် ရွတ်ဖတ်ရာ၏။ ဌာန်တူဖြစ်သော တတ္ထ–စသော

သံယုဂ်မျိုးဌ် သံယုဂ်မထင်သော်လည်း အပြစ်မရှိရာ။ ဤကား အနုက္ကမာဂတပ ဝေဏီအဝိနာသနဖြစ်အောင် အကျဉ်းချုပ် ရွတ်ဖတ် နည်းတည်း။
(ရွတ်ဖတ်နည်း အကျဉ်းချုပ်တည်း။)

(အညွှန်း= ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ တိုက်အုပ် ဆရာတော် အရှင်နန္ဒိယမဟာထေရ်၏– ဘဝဖြစ်စဉ်နှင့်အမြုတေ စာပေများ စာအုပ်၊ ၁၈၀–၁၈၃။)

===ooo===

ဝဂ်အက္ခရာ (၂၅)လုံးတို့၏ ဌာန် ကရိုဏ်း ပယတ်

အက္ခရာများ	ဌာန်	ကရိုဏ်း	ပယတ်
က ခ ဂ ဃ င	ကဏ္ဌ	သက	သံဖုဋ္ဌ
စ ဆ ဇ ဈ ဉ	တာလု	ဇိဝှါမဇ္ဈ	သံဖုဋ္ဌ
ဋ ဌ ဍ ဎ ဏ	မုဒ္ဓ	ဇိဝှေါပဂ္ဂ	သံဖုဋ္ဌ
တ ထ ဒ ဓ န	ဒန္တ	ဇိဝှဂ္ဂ	သံဖုဋ္ဌ
ပ ဖ ဗ ဘ မ	ဩဋ္ဌ	သက	သံဖုဋ္ဌ

===ooo===

အဝဂ် အက္ခရာ (၈)လုံးတို့၏ ဌာန် ကရိုဏ်း ပယတ်

အက္ခရာများ	ဌာန်	ကရိုဏ်း	ပယတ်
ယ	တာလု	ဇိဂ္ဂါမဇ္ဈ	ဤသံဖုဋ္ဌ
ရ	မုဒ္ဓ	ဇိဂ္ဂေါပဂ္ဂ	ဤသံဖုဋ္ဌ
လ	ဒန္တ	ဇိဂ္ဂဂ္ဂ	ဤသံဖုဋ္ဌ
ဝ	ဒန္တ/သြဋ္ဌ	သက	ဤသံဖုဋ္ဌ
သ	ဒန္တ	ဇိဂ္ဂဂ္ဂ	ဝိဝဋ္ဋ
ဟ	ကဏ္ဌ	သက	ဝိဝဋ္ဋ
ဠ	မုဒ္ဓ	ဇိဂ္ဂေါပဂ္ဂ	အထူးမပြ
အံ	နာသိက	သက	ရဿသရံ နိဿာယ

===ooo===

သရ(၈)လုံး၏ ဌာန် ကရိုဏ်း ပယတ်

အက္ခရာများ	ဌာန်	ကရိုဏ်း	ပယတ်
အ	ကဏ္ဌ	သက	သံဝုဋ္ဋ
အာ	ကဏ္ဌ	သက	ဝိဝဋ္ဋ
ဣ	တာလု	ဇိဂ္ဂါမဇ္ဈ	ဝိဝဋ္ဋ
ဤ	တာလု	ဇိဂ္ဂါမဇ္ဈ	ဝိဝဋ္ဋ
ဥ	သြဋ္ဌ	သက	ဝိဝဋ္ဋ
ဦ	သြဋ္ဌ	သက	ဝိဝဋ္ဋ
ဧ	ကဏ္ဌ/တာလု	သက	ဝိဝဋ္ဋ
ဩ	ကဏ္ဌ/သြဋ္ဌ	သက	ဝိဝဋ္ဋ

===ooo===

ဖြစ်ရာဌာန၊ ဌာန်ခြောက်ဝ၊ တူလုစည်မျက်နှာ။
လက်ခတ်ပုံပြ၊ ရွတ်ကြောင်းပ၊ မှတ်ကြကရိဏ်းမှာ။
အားထုတ်လုံ့လ၊ ပယတ၊ လေးဝ မှတ်ဖွယ်ရာ။

===oOo===

ဤတွင် ကမ္မာကမ္မဆိုင်ရာ
ကမ္မဝါစာရွတ်ဖတ်နည်းများ
ပြီး၏ပါပြီ

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်
မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်
ပဓာနနာယကဆရာတော်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဒုတိယပါမောက္ခချုပ်ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တကုမာရထေရ် ၏

ရေးသား,ပြုစု၊ ထုတ်နှုတ်တင်ပြ ပြန်လည်ကူးယူ ဖော်ပြ၍
ဓမ္မဒါနအဖြစ် ရိုက်နှိပ်လွှာဒါန်းပြီးသော

ကျမ်းစာအုပ်များ စာရင်းမှတ်တမ်း

==========

ခရီးသွားမှတ်တမ်း စာအုပ်များ

၁။ ၁။ ငါးနှိုင်ငံလေ့လာရေး ခရီးသွားမှတ်တမ်း (၁၃၅၃-၁၉၉၁)

၂။ ၂။ ထိုင်းနိုင်ငံ ပရိယတ္တိပညာသင်ကြားမှု
လေ့လာရေးအဖွဲ့၏ ခရီးသွားမှတ်တမ်း (၁၃၅၉-၁၉၉၇)

၃။ ၃။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာဆိုင်ရာ
တက္ကသိုလ်များလေ့လာရေးခရီးထွက်ခြင်း
ခရီးသွားမှတ်တမ်း (၁၃၆၇-၂၀၀၅)

၄။ ၄။ ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်း
ဝပ်ဖရဓမ္မကာယ၌ ကျင်းပပြုလုပ်သည့်
မာဃပူဇာ မှတ်တမ်းလွှာ (၁၃၆၈-၂၀၀၆)

၅။ ၅။ ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်း
ဝပ်ဖရဓမ္မကာယ၌ ကျင်းပပြုလုပ်သည့်
မာဃပူဇာ မှတ်တမ်းလွှာ (၂) (၁၃၆၉-၂၀၀၈)

♦ ♦ ♦ ♦ ♦

သမိုင်းမှတ်တမ်း စာအုပ်များ

၆။ ၁။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
သမိုင်းအကျဉ်း (၁၃၆၀-၁၉၉၈)

၇။ ၂။ ဝိဟာရာနုမောဒနကထာနှင့် မဟာသိမ်တော်ကြီး
ပရိယတ္တိစာသင်တိုက်ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း
(၁၃၆၁-၁၉၉၉)

၈။ ၃။ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
ဖြစ်ပေါ်လာပုံ သမိုင်းမှတ်တမ်း (၁၃၆၂-၂၀၀၀)

၉။ ၄။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ဘွဲ့နှင်းဓမ္မာရုံသိမ်တော်ကြီးဖြစ်ပေါ်လာပုံ
မှတ်တမ်းသမိုင်း (၁၃၆၃-၂၀၀၁)

၁၀။ ၅။ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်
သမိုင်းအကျဉ်း (သီးသန့်) (၁၃၆၅-၂၀၀၃)

၁၁။ ၆။ သုံးခွပြို့နယ်၊ ဘုရားကြီးကျေးရွာ
ထန်းငြိမ်းစေတီတော်သမိုင်းမှတ်တမ်း (၁၃၇၀-၂၀၀၉)

♦ ♦ ♦ ♦ ♦

ဝိနည်းပါဠိတော်ဇါးကျမ်းနှင့် ဇာတ်အဋ္ဌကထာ ခက်ဆစ်အလင်းပြ ကျမ်းစာအုပ်များ

၁၂။ ၁။ ပါရာဇိကဏ်ပါဠိတော် ခက်ဆစ်ကျမ်း (၁၃၆၃-၂၀၀၂)

၁၃။ ၂။ ပါစိတ္တိယပါဠိတော် ခက်ဆစ်ကျမ်း (၁၃၆၁-၁၉၉၉)

၁၄။ ၃။ မဟာဝဂ္ဂပါဠိတော် ခက်ဆစ်ကျမ်း (၁၃၆၂-၂၀၀၁)

၁၅။ ၄။ စူဠဝဂ္ဂပါဠိတော် ခက်ဆစ်ကျမ်း (၁၃၆၀-၁၉၉၈)

၁၆။ ၅။ ပရိဝါရပါဠိတော် ခက်ဆစ်ကျမ်း (၁၃၆၀-၁၉၉၈)

၁၇။ ၆။ ပထမကြိုးတန်း ဇာတ်အဋ္ဌကထာ
ခက်ဆစ်အလင်းပြကျမ်း (၁၃၆၅-၂၀၀၃)

♦ ♦ ♦ ♦ ♦

ဓမ္မဒေသနာတော်ဆိုင်ရာ ကျမ်းစာအုပ်များ

၁၈။ ၁။ ဝိဟာရာနုမောဒနကထာ (၁၃၆၀-၁၉၉၈)

၁၉။ ၂။ မိုးပျံအဏ္ဏဝါဓမ္မကထာ (၁၃၆၁-၁၉၉၉)

၂၀။ ၃။ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်
မင်္ဂလာဂါထာတော်များ (၁၃၆၃-၂၀၀၂)

၂၁။ ၄။ ကုရုဓမ္မဇာတ်တော် (၁၃၆၃-၂၀၀၂)

♦ ♦ ♦ ♦ ♦

အခြားရေးသားပြုစုပြီးသော ကျမ်းစာအုပ်များ

၂၂။ ၁။ ဘုရားရှင်၏ သွားတော်ဓာတ် အံတော်မြတ်
သမိုင်းနှင့် ဘုရားဖြစ်တော်စဉ် ဗုဒ္ဓဝင်အကျဉ်း(၁၃၅၉-၁၉၉၇)

၂၃။ ၂။ ကမ္မာကမ္မဘာသာ(သိမ်သင်တန်းအကျဉ်းချုပ်)(၁၃၆၀-၁၉၉၈)

၂၄။ ၃။ ရှစ်ကျိပ်တစ်ဆူသာသနာဝင်(အကျဉ်း) (၁၃၆၂-၂၀၀၁)

၂၅။ ၄။ ဆဋ္ဌသင်္ဂါယနာသဘင် မှတ်တမ်းအကျဉ်းချုပ်နှင့်
ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာ ဋီကာ
ကျမ်းစာအုပ်များ စာရင်းမှတ်တမ်း (၁၃၆၃-၂၀၀၂)

၂၆။ ၅။ ရန်ကုန်တိုင်း၊ သုံးခွမြို့၊ မဟာဇောဓိ
ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလသာမိဘိဝံသ
ထေရ်၏ ထေရုပ္ပတ္တိကထာ (၁၃၆၅-၂၀၀၃)

၂၇။ ၆။ ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ သာသနာ့အောင်
ဗိမာန်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသာသနဓဇရတနာဘိဝံသ
ထေရပ္ပတ္တိကထာ (၁၃၆၅-၂၀၀၃)

၂၈။ ဂျ။ ပထမငယ်တန်း ဇာတ်အဋ္ဌကထာ
ခက်ဆစ်အလင်းပြကျမ်း (၁၃၆၂-၂၀၀၁)

၂၉။ ၈။ အာဘိဓမ္မဟာဝဋ္ဋဂုရု မော်လမြိုင်မြို့၊
ဝဲပုံဆရာတော်၏ အတ္ထုပ္ပတ္တိ (၄၆)ဂါထာ(၁၃၆၃-၂၀၀၂)

၃၀။ ၉။ မိဘက်ဖဘက် ဆွေစဉ်မျိုးဆက်မှတ်တမ်း(၁၃၆၃-၂၀၀၂)

၃၁။ ၁၀။ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊
ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရထေရ၏
'အဂ္ဂမဟာပဏ္ဍိတ' ဂုဏ်ဟူဇာ ထေရပ္ပတ္တိကထာ
(၁၃၆၇-၂၀၀၅)

၃၂။ ၁၁။ ဝါကျနိယံမှတ်စု (၁၃၆၇-၂၀၀၅)

၃၃။ ၁၂။ ထေရ်ပညာရှင်တို့၏ အဆုံးအမ အဆိုအမိန့်များ
(၁၃၆၉-၂၀၀၇)

၃၄။ ၁၃။ မှတ်စုမှတ်ရာ ဆေးနည်းတိုထွာနှင့်
ဆေးပညာဆိုင်ရာဆောင်းပါးများ (၁၃၆၉-၂၀၀၇)

♦ ♦ ♦ ♦ ♦

ပေမှမှ ကွန်ပျူတာမှသို့ ပြန်လည်ရိုက်နှိပ်ပြီးသော ကျမ်းစာအုပ်များ

၃၅။ ၁။ ဒါဋ္ဌာဓာတုဝံသကျမ်း (ပေမှုမှကွန်ပျူတာစာမူသို့ ပြန်လည်ရိုက်နှိပ်ခြင်း)　　(၁၃၇၀/ ၂၀၀၈)

၃၆။ ၂။ မဟာရဟန်တိကျမ်း (အရှင်မဟာသီလဝံသ–၏ အဆုံးအမများကို ကွန်ပျူတာ စာစီစာအုပ်အဖြစ် ပြန်လည်ထုတ်ဝေလွှဲဒါန်းခြင်း)　　(၁၃၆၅– ၂၀၀၃)

၃၇။ ၃။ အနာဂတဝံသပါဠိ၊ အဋ္ဌကထာနှင့် အရိမေတ္တေယျ ဗုဒ္ဓဝင်စာစုများ (ပေမှုမှ ကွန်ပျူတာစာမူသို့ စာစီတည်းဖြတ်)　　(၁၃၆၂– ၂၀၀၁)

၃၈။ ၄။ ဒသဇောဓိသတ္တုပ္ပတ္တိကထာ (ပေမှုမှ ကွန်ပျူတာ စာမူအဖြစ် ပြန်လည်ရိုက်နှိပ်လွှဲဒါန်း)　　(၁၃၆၇– ၂၀၀၆)

၃၉။ ၅။ ဝိမုတ္တိမဂ္ဂ (သီဟိုဠ်ပါဠိမှုမှ မြန်မာအက္ခရာပြန် ကွန်ပျူတာစာမူသို့ ပြန်လည်ရိုက်နှိပ်)　　(၁၃၆၈– ၂၀၀၇)

၄၀။ ၆။ ပခုက္ကူအရှင်ကေလာသ၏ ပင်းယသာသနာဝင်ကျမ်း (ကွန်ပျူတာစာစီ ထုတ်ဝေလွှဲဒါန်း)　　(၁၃၆၈ – ၂၀၀၇)

၄၁။ ၇။ ဝိမုတ္တိမဂ္ဂပါဠိ၊ နိဿယကျမ်းစာအုပ်　　(၁၃၇၀ – ၂၀၀၈)

၄၂။ ၈။ တိပိဋကသုတ္တသူစိ ဝိဘာဝိနီကျမ်း(ပ–တွဲ)(၁၃၇၀ – ၂၀၀၈) (ကိုယ်တိုင် ရေးသားပြုစု)

◆ ◆ ◆ ◆ ◆

၁၃၇၁– (၂၀၀၉) ခုနှစ်အတွင်း
ရှားပါးစာအုပ်ဖြစ်သော
စာမူဟောင်းများကို ပြန်လည် ရိုက်နှိပ်ဖော်ထုတ်၍
ဝယ်ယူဖြန့် လျှောဒါန်းပြီးသော စာအုပ်များ

၄၃။ ၁။ မင်္ဂလသုတ် (လယ်တီဆရာတော်) (၁၃၇၁ – ၂၀၀၉)

၄၄။ ၂။ ရှင်ဥပဂုတ် (မင်္ဂလာဦးအောင်မြင့်) (၁၃၇၁ – ၂၀၀၉)

ဝင်(၉)ဝင် စာမူဟောင်းများ

၄၅။ ၃။ ဗုဒ္ဓဝင်ဝတ္ထု (၁၃၇၁ – ၂၀၀၉)
၄၆။ ၄။ အနာဂတဝင်နှင့်နလာဠဂါတုဝင်ဝတ္ထု (၁၃၇၁ – ၂၀၀၉)
၄၇။ ၅။ ဒီပဝင်ဝတ္ထု (၁၃၇၁ – ၂၀၀၉)
၄၈။ ၆။ မဟာဝင်ဝတ္ထု (၁၃၇၁ – ၂၀၀၉)
၄၉။ ၇။ ဗောဓိဝင်ဝတ္ထု (၁၃၇၁ – ၂၀၀၉)
၅၀။ ၈။ ဒါဋ္ဌာဓာတုဝင်ဝတ္ထု (၁၃၇၁ – ၂၀၀၉)
၅၁။၁၀။ ထူပဝင်ဝတ္ထု (၁၃၇၁ – ၂၀၀၉)
၅၂။၁၁။ ရွှေပြည်ဝင်ဝတ္ထု (၁၃၇၁ – ၂၀၀၉)

သာသနာတော်အတွက် မသိမဖြစ်/
မရှိမဖြစ်လိုအပ်သော

၅၃။၁၂။ ကံကြိုးကံငယ်ဆိုင်ရာ ကမ္မာကမ္မဘာသာ (၁၃၇၁ – ၂၀၀၉)

♦ ♦ ♦ ♦ ♦

ကွန်ပျူတာစာစီ ----- ဆရာတပည့် . (မြစ်ကျိုး)
၂၅၊ ၉၊ ၂၀၀၉ (စနေနေ့)

ရဇ္ဇသုခါယ ဝါယာမော၊
နာယံ မမ ကဒါစိ ဝိ။
သမ္မဒ္ဓေ သာသနေသေဝ၊
ဌာပနာယ အယံ မမ။

ငါ ယခု စစ်တိုက်ခြင်းသည် မင်းစည်းစိမ်ဟူသော
ငါ၏ ကိုယ်ကျိုးစီးပွါးကို ရလိုသော လုံ့လ ဘယ်အခါမှ
မရှိခဲ့ဘူးပါ။ မြတ်စွာဘုရားရှင် သာသနာတော်
စည်ပင်ပြန့်ပွါး၍ သတ္တဝါအများ ချမ်းသာရန်
အလို့ငါဘော ဖြစ်ပါသည်။

(ဒုဋ္ဌဂါမဏိမင်းကြီးသစ္စာ)

GRAPHIC DESIGN : SHWEMYAY-NANDA

ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး။
ဗုဒ္ဓမြတ်စွာ၊ သာသနာ၏
ရည်ကြာထွန်းကား၊ စည်ပင်ပွါးလျက်
တရားရောင်ခြည်၊ ကမ္ဘာတည်အောင်
ယုံကြည်လေးနက်၊ ငါဆောင်ရွက်သည်
တိုးတက်သာသနာ တည်စေသော်ငြား - -။

GRAPHIC DESIGN : SHWEMYAY-NANDA

ဤစာအုပ်သည် ...

သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းရွက်ကာပျော် ရဟန်းတော်တို့ဆိုင်ရာ ကံကြီး ကံငယ် အသွယ်သွယ်နှင့် သာသနာတော် သက်တမ်းတစ်လျှောက် မပျောက်မပျက် သာသနာတော်အသက် အဆက်ဆက် သန့်ရှင်း တည်တံ့ ပြန့်ပွါးစေရန် ဟောကြားတော်မူသော ဥဘတောဝိဘင်္ဂ်, နှစ်ဆယ့်နှစ်ပါးသော မဟာဝဂ္ဂ, စူဠဝဂ္ဂခန္ဓက၊ တစ်ဆယ့်ခြောက်ပါးသော ပရိဝါရဟူသော ဝိနယ ပိဋကတ်၊ ငါးပါးသော ပါတိမောက္ခုဒ္ဒေသ, ပါရာဇိကအစရှိသော အာပတ္တိက္ခန္ဓက, မာတိကာဝိဘင်္ဂ်အစရှိသော အထူးထူးသောနည်း, ဒဋ္ဌိကမ္မ, သီထိလကရဏာ, ပယောဇန, အနုပညတ္တိ- ဟူသော ထူးခြားသောနည်း, ကိုယ် နှုတ် နှစ်ဖြာ လွန်ကျူးဖွယ်ရာတို့ကို ပယ်ခွါမြစ်တား လေးစားကြည်ညို နှစ်လိုဖွယ်ရှိအောင် ဝိနည်းတရားတော်မြတ်များကို စုစည်း ထုတ်နုတ် ရေးသား တင်ပြထားသော သာသနာ့သမိုင်းဝင် ကျမ်းစာအုပ်ကောင်း တစ်အုပ် ဖြစ်ပါသည်။

ဘဒ္ဒန္တကုမာရ
အဂ္ဂမဟာပဏ္ဍိတ

GRAPHIC DESIGN : SHWEMYAY-NANDA